ကမ္ဘာ့ရေးရာ

Global Affairs

အမှတ် (၂၅) ဧပြီလ၊ ၂၀၂၄

ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှုတွင် နယ်ပယ်ပေါင်းစုံ အသုံးချနိုင်သော ဉာဏ်ရည်တု(AI)နည်းပညာ၏ အနာဂတ်အလားအလာ

urnça&;&m

t rsvf(25) {lyD 2024

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving Information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

urÇma&;&m

t rsSvf(25) {lyD? 2024

jrefma&;&mavhvma&; tzUH

---

jrefma&;&m
t rsSvf- (22^24)?yxrxyfyefqkwvefvrf?
ausmufvwWm;rdU, f&efukdfrdU
zkf01- 8387568
Email: myanmaaffairs@gmail.com

jrefrma&;&ma vlvma&; tzU xwa0on/	
wefzl	5500 u;yf
tkyfa&	1000
vlkSHtzkHZ	jrefrma&;&ma vlvma&; tzU
xwfa0ol	0pD;vufxef;wk(02506)
ykef;ol	0pD;aZmfrifxef;(00241)
	atZufykef;wkef
	trsKd;(118)?(4)vrf?
	ykodkjr&yfuufa'gykef;U,f
	&efukefrdU

rmwum

t ,fZmpum;

ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှုတွင် နယ်ပယ်ပေါင်းစုံ အသုံးချနိုင်သော ဉာဏ်ရည်တု (AI) နည်းပညာ၏ အနာဂတ်အလားအလာ ၉

t xJaqmifyg;

၁။ မြန်မာနိုင်ငံနှင့် တီထွင်ဉာဏ် (AI) ၁၄
ausmfausmfvdkif(SMART)

၂။ ဉာဏ်ရည်တုနည်းပညာ (AI) စည်းမျဉ်းအတွက် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှု ၂၆
armifarmifjrifhoef(pufwuóHk)f

၃။ ဉာဏ်ရည်တု (AI) နှင့် ကမ္ဘာ့နိုင်ငံရေး ၃၃
oefxe*D[aoe*F

၄။ ဉာဏ်ရည်တုနည်းပညာက လူသားတို့အား အမှန်တကယ် အကျိုးပြုမည်လော ၄၇
axGHkHe*

EkHfaq;

၅။ စိတ်ဓာတ်ဖြင့် တိုင်းပြည်တည်ဆောက်ခြင်း ၅၆
ukHkHvdif

၆။ အမေရိကန်သမ္မတရွေးကောက်ပွဲဟူသည် ၆၄
wuóHkjrwfol

၇။ စံနမူနာယူသင့်သည့် အစ္စရေးနှင့် ဆွစ်ဇာလန်တို့၏ စစ်ဘက်ရေးရာနှင့် စစ်မှုထမ်းစနစ် ၇၂
a'¡ufwmatmifs¡d

၈။ လုံခြုံရေးကောင်စီ ပြုပြင်ဖွဲ့စည်းရေး ၇၈
at;xe*rif

၉။ ပါဝါနှစ်ခုကြားက ဖိလစ်ပိုင်နိုင်ငံခြားရေးမူဝါဒ နောက်ခံသမိုင်း ၈၈
ausmEkHwifh

၁၀။ ဒီမိုကရေစီလား၊ နိုင်ငံရေးမင်းဆက်တစ်ခု တည်ဆောက်ခြင်းလား ၉၆
xe*rifoef

pl;yGJ&Ha&;

၁၁။ ၂၀၂၄ ခုနှစ် အာဆီယံဒေသ၏ စီးပွားရေးအလားအလာ ၁၀၂
ouf&xe,fwD

၁၂။ နိုင်ငံတကာကုန်သွယ်မှုကို မည်သို့ ပြန်လည်အားဖြည့်နိုင်မည်နည်း ၁၁၀
oef;rif&D

၁၃။ အာရှ-ပစိဖိတ်ဒေသနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ၏ ၁၁၆
ပစ္စုပ္ပန်၊ အနာဂတ်
apmEikd(t ok,kdabm*aA')

ppfa&;

၁၄။ သတင်းစစ်နှင့် မီဒီယာ ၁၂၃
&Sifwifaq G

၁၅။ နှစ်နှစ်တာ ယူကရိန်းစစ် ဘယ်သူ ဗျူဟာမှားခဲ့သလဲ ၁၃၁
aeZifvwf

၁၆။ နျူကလီးယားလက်နက်များနှင့် အဏုမြူတစ္ဆေခြောက်နေခြင်း ၁၃၈
pefeDm0if

၁၇။ ရုရှား-ယူကရိန်းစစ်ပွဲနှင့် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့၏ ၁၄၈
အခန်းကဏ္ဍအား လေ့လာခြင်း
a'¡ufwmEikdaqGEpfa,oe*F[mAL [mavkvma&; tzJB

၁၈။ ဂါဇာနှင့် စည်းမျဉ်းစည်းကမ်းများကို အခြေခံသည့် ၁၅၉
အစဉ်အလာ၏ နိဂုံး
pkHkyefawmif

vlrpl;yGJ

၁၉။ ဂျပန်နိုင်ငံတွင် ရေသန့်စင်ခြင်းနှင့် ရေအရည်အသွေး စီမံခန့်ခွဲခြင်း ၁၆၈
a'¡ufwmjrifbef,xef(ynfbl;ef,rma&;)

u,efrma&;

၂၀။ ဆန်းသစ်လာမည့် စက်ပစ္စည်းပါ ဆေးတောင့်များ ၁၇၅
a'¡ufwmjrifbef,

ekifiHwumq ufqha&;

၂၁။ ဂျပန်-ဗဟိုအာရှဆက်ဆံရေး၏ အနာဂတ် ၁၈၃
a tmif,rwfpnfbl

၂၂။ အင်ဒိုနီးရှားနိုင်ငံခြားဆက်ဆံရေးများကို လေ့လာခြင်း ၁၉၀

qi,fZLulefoefxef

enf;ynm

၂၃။ အင်တာနက်၏ ကန့်သတ်နယ်မြေ ၂၀၀

UAC

၂၄။ အလိုအလျောက်သုံးစက်များနှင့် အိန္ဒိယ၏ အနာဂတ်လုပ်ငန်းခွင် ၂၀၅

pk&PÖ

o bm0ywf0ef;usif

၂၅။ ရာသီဥတုပြောင်းလဲမှုကို တားဆီးနိုင်ဖို့ ဘယ်လိုဆောင်ရွက်ကြမလဲ ၂၁၀

a&Tef;ar

urf;p&y&ufpGufvrf;rsm;

၂၆။ ရှရှား–ယူကရိန်းစစ်ပွဲ ရက်စွဲမှတ်တမ်းများ ၂၁၇

jrefma&;&m avhvma&; tzGJ

၂၇။ အစ္စရေး–ဟားမားစ် ပဋိပက္ခ ရက်စွဲမှတ်တမ်းများ ၂၂၆

jrefma&;&m avhvma&; tzGJ

အယ်ဒီတာ့စကား

urQ;vkeqkd&m ydifqkdrwGef,f,fayifpkt okEkd&o m
ÓPf&nfwk(AI) enfynm\ tem*wft vm;t vm
t,fDmtzUG

“ဉာဏ်ရည်တု (AI) ဟူသည် လူသားများပြုလုပ်သော
လုပ်ငန်းတာဝန်များကို ပြုလုပ်ရန်
ကွန်ပျူတာဖြင့် ထိန်းချုပ်ထားသော
စက်ရုပ် သို့မဟုတ် ကွန်ပျူတာတစ်ခု၏
စွမ်းဆောင်ရည်ပင်ဖြစ်သည်။”

နည်းပညာခေတ်ဟု ခေါ်ဝေါ်နေကြသော ၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံအတော်များများမှာ ခေတ်အစားဆုံး နည်းပညာသစ်ကို ညွှန်းပါဟုဆိုလျှင် ဉာဏ်ရည်တု (AI) (Artificial Intelligence) ဟု ဆိုရပေမည်။ ဉာဏ်ရည်တု (AI) ဟူသည် လူသားများပြုလုပ်သော လုပ်ငန်းတာဝန်များကို ပြုလုပ်ရန် ကွန်ပျူတာဖြင့် ထိန်းချုပ်ထားသော စက်ရုပ် သို့မဟုတ် ကွန်ပျူတာတစ်ခု၏ စွမ်းဆောင်ရည်ပင်ဖြစ်သည်။ စင်စစ် AI သည် လူသားတို့၏ ဉာဏ်ရည်ကို ပုံစံတကျလိုအပ်သော လုပ်ငန်းတာဝန်များအား စွမ်းဆောင်ခြင်းအတွက် လက်တွေ့လုပ်နိုင် စွမ်းသော၊ စမတ်ကျသောစက်များ တည်ဆောက်ခြင်းနှင့်ပတ်သက်သော ကွန်ပျူတာသိပ္ပံ၏ ကျယ်ပြန့်သော ပညာရပ်နယ်ပယ်ခွဲတစ်ခုဖြစ်သည်။ ၁၉၄၀ ပြည့်နှစ် နောင်းပိုင်းကာလများတွင် ဒစ်ဂျစ်တယ်ကွန်ပျူတာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ဤတွင် ရှုပ်ထွေးသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ကွန်ပျူတာများက ပရိုဂရမ် ပြုလုပ်ပေးနိုင်ကြောင်း ဉာဏ်ရည်တုက သရုပ်ပြခဲ့ပြီးဖြစ်သည်။ ထင်ရှားသော ဥပမာများအနေဖြင့် စစ်တုရင်ကစားခြင်း သို့မဟုတ် သင်္ချာသီအိုရီများအတွက် သက်သေပြချက်များ ရှာဖွေတွေ့ရှိခြင်းတို့ဖြစ်သည်။ ထို့ပြင် AI ကို ဆေးပညာဆိုင်ရာ ရောဂါရှာဖွေမှု၊ ကွန်ပျူတာရှာဖွေရေး အင်ဂျင်များနှင့် အသံ သို့မဟုတ် လက်ရေးမှတ်မိခြင်းကဲ့သို့သော ကွဲပြားခြားနားသည့် အသုံးချမှုများ ရှိလာခဲ့သည်။

ဉာဏ်ရည်တု (Artificial Intelligence) စာအုပ်ရေးသားသူ ပါမောက္ခဘီဂျေကုတ်ပ် လင်ဒ် (B.J Cope Land) က ဉာဏ်ရည်များနှင့်ပတ်သက်သော တွေ့မြင်နေကျ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဒစ်ဂျစ်တယ်ကွန်ပျူတာ သို့မဟုတ် ထိန်းချုပ်ထားသော စက်ရုပ်၏ စွမ်းရည်ဖြစ်သည်ဟု ဆိုသည်။ ဉာဏ်ရည်တုနှင့်ပတ်သက်၍ ဉာဏ်ရည်တုစွမ်းရည်ကို သုတေသနများ ပြုလုပ်ခဲ့ကြသည်။ ယင်းသုတေသနများ၏ ရည်မှန်းချက်များတွင် ကျိုးကြောင်းဆင်ခြင်ခြင်း၊ အသိပညာကို ကိုယ်စားပြုခြင်း၊ စီစဉ်ခြင်း၊ သင်ယူခြင်း၊ သဘာဝ ဘာသာစကားဖြင့် လုပ်ဆောင်ခြင်း၊ သိမြင်နားလည်ခြင်း၊ အရာဝတ္ထုများကို ရွှေ့လျားခြင်းနှင့် ခြယ်လှယ်နိုင်စွမ်းတို့ ပါဝင်သည်။ ဉာဏ်ရည်တုသုတေသနတွင် သင်္ကေတပြသော နည်းလမ်းနှင့် ဆက်သွယ်မှုဆိုင်ရာနည်းလမ်းတို့ ပါဝင်သည်။ ယင်းနည်းလမ်းများ အသုံးပြုလျက် AI ဆိုင်ရာ ရည်မှန်းချက် (၃) ခုဖြစ်သည့် အားကောင်းသောဉာဏ်ရည်တု (Strong AI)၊ လက်တွေ့ အသုံးချဉာဏ်ရည်တု (Applied AI) နှင့် သိမြင်တတ်သော သရုပ်သကန်ဖန်တီးမှု (Cognitive Simulation) တို့ ရရှိရန် ပညာရှင်များက ကြိုးပမ်းခဲ့ကြသည်။

ဗြိတိသျှအတွေးအခေါ်ပညာရှင်နှင့် ကွန်ပျူတာပညာ ရှေ့ဆောင်ဖန်တီးသူ အလန် မက်သီဆန်တာရင်း (Alan Mathison Turing) သည် AI နယ်ပယ်တွင် အစောဆုံးဖြစ်သည့် အဓိကကျသောအလုပ်ကို ၂၀ ရာစုအလယ်ပိုင်းတွင် ဖန်တီးခဲ့သည်။ တာရင်းသည် ၁၉၃၅ ခုနှစ်တွင် အကန့်အသတ်မရှိသော မှတ်ဉာဏ်နှင့် စကင်နာပါရှိသော အတွက်အချက်စက်ကို ဖော်ပြခဲ့သည်။ ဒုတိယကမ္ဘာစစ်အတောအတွင်း တာရင်းသည် စက်၏ ဉာဏ်ရည်ဆိုင်ရာ ပြဿနာကို စဉ်းစားတွေးတောခဲ့သည်။ ခေတ်မီစွမ်းရည်များကို ဉာဏ်ရည်တုအနေဖြင့် ယေဘုယျ သတ်မှတ်လာကြသည်။ ဥပမာ – လူမပါသောကားများ မောင်းနှင်မှုတွင် AI ကို အသုံးပြုလာခဲ့ကြသည်။ ဤသို့ဖြင့် ဉာဏ်ရည်တုကို ၁၉၅၅ ခုနှစ်တွင် ဘာသာရပ်ဆိုင်ရာ နည်းလမ်းအနေဖြင့် တွေ့ရှိလာခဲ့ကြသည်။ ဉာဏ်ရည်တုနယ်ပယ်များ သည် ကွန်ပျူတာသိပ္ပံ၊

သတင်းအချက်အလက်ဆိုင်ရာ အင်ဂျင်နီယာပညာရပ်၊ သင်္ချာ၊ စိတ်ပညာ၊ ဘာသာဗေဒ၊ ဒဿနိကဗေဒနှင့် အခြားနယ်ပယ်များဖြစ်ကြသည်။ သို့ဖြစ်ရာ ဉာဏ်ရည်တုအသုံးချမှုများတွင် အဆင့်မြင့်ဝက်ဘ်ဆိုက်ရှာဖွေရေး အင်ဂျင်များ (ဥပမာ – Google၊ YouTube၊ Amazon)က အသုံးပြုသော အကြံပြုစနစ်များ၊ လူတို့၏ စကားပြောဆိုမှုကို နားလည်ခြင်း (ဥပမာ – Siri နှင့် Alexa)၊ မဟာဗျူဟာမြောက် အဆင့်မြင့်ဂိမ်းစနစ်များ (ဥပမာ – စစ်တုရင်) တွင် အလိုအလျောက် ဆုံးဖြတ်ချက်ချခြင်းနှင့် ယှဉ်ပြိုင်ခြင်းတို့ ပါဝင်သည်။

အသိဉာဏ်မြင့်မားသော လူသားတို့၏ တီထွင်ဖန်တီးမှုဖြင့် AI ၏ လုပ်ဆောင်နိုင်စွမ်းနှင့် အရေးပါမှုတို့သည် ယနေ့ကမ္ဘာကြီးတွင် ကျယ်ပြန့်စွာ နေရာယူလာပြီဖြစ်သည်။ AI ၏ စွမ်းဆောင်ရည်သည် နယ်ပယ်စုံ၊ ကဏ္ဍစုံသို့ ဖြန့်ကြက်နိုင်ခဲ့သည်။ AI လုပ်ငန်းစဉ်များသည် လူသားတို့အား အကျိုးပြုနိုင်သလို မမျှော်မှန်းနိုင်သော ဆိုးကျိုးများကိုလည်း ဆန်းစစ်သုံးသပ်လာကြသည်။ AI အနေဖြင့် လူသားတို့၏ ဉာဏ်ရည်သုံးစွဲရန်လိုအပ်သည့် အလုပ်များကို ကိုယ်စားလုပ်ဆောင်ပေးနိုင်သည်။ လူသားတို့၏ အသိပညာဆိုင်ရာ လုပ်ဆောင်ချက်များကို အတုယူရန် AI ကို ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ဤသို့ဖြင့် AI အသုံးချမှုများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲမှုနှင့် ဖျော်ဖြေရေးကဏ္ဍများအထိ နေရာယူလာကြပြီဖြစ်သည်။

AI ၏ ရည်မှန်းချက်များကို လေ့လာကြည့်လျှင် အလိုအလျောက် ဆောင်ရွက်ခြင်းဖြင့် စွမ်းဆောင်ရည်များ မြင့်တက်ရုံမျှမက ကုန်ကျစရိတ်များ လျှော့ချပေးနိုင်သည်။ AI ၏ ပံ့ပိုးကူညီမှုဖြင့် လူသားတို့၏စွမ်းရည် မြင့်တက်စေနိုင်သည်။ AI သည် ထိုးထွင်းဉာဏ်အသစ်များ မှသည် ဆန်းသစ်ဖန်တီးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့အတွက် တွန်းအားပေးသည်။ လူတစ်ဦးချင်းစီ၏ စိတ်ကြိုက်ပြုလုပ်နိုင်ခြင်းဖြင့် e–commerce ကဲ့သို့သော ကဏ္ဍတွင် စားသုံးသူ နှစ်သက်ကျေနပ်မှုကို ရရှိစေနိုင်သည်။ ထို့ပြင် AI ၏ Algorithm သည် သမိုင်းအချက်အလက်နှင့် လက်ရှိခေတ်ရေစီးကြောင်းများအပေါ် အခြေခံ၍ကြိုတင်ခန့်မှန်းနိုင်သည်။ ထို့ပြင် လူသားတို့ ဝင်ရောက်စွက်ဖက်မှု အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်သည့်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို AI က ကူညီပေးနိုင်သည်။

AI သည် လူသားတို့၏ အားနည်းချက်များကို ဖြည့်စွမ်းပေးရာတွင် လွန်စွာ အသုံးတည့်သဖြင့် အားသာချက်တွေ့နိုင်သည်။ လူသားတို့အတွက် ကောင်းကျိုးများ ပေးစွမ်းနိုင်သည်။ သို့ရာတွင် AI တွင် ထောက်ပြစရာ အားနည်းချက်များ ရှိနေပြန်သည်။ AI မှ ထိန်းချုပ်ထားသော Automation စနစ်ကြောင့် လူသားတို့၏ အလုပ်နေရာပျောက်ဆုံးစေမှု ဖြစ်ပေါ်စေနိုင်သည်။ ဘက်လိုက်ရေးဆွဲထားသော AI Alogorithm များရှိခဲ့ပါလျှင် ဘက်လိုက်မှုနှင့် တရားမဲ့မှု ရှိနိုင်သည်။ AI စနစ်များသည် အချက်အလက် စုဆောင်းခြင်း၊ အသုံးပြုခြင်းများ ရှိနေသဖြင့် ပုဂ္ဂလိကဆိုင်ရာ စိုးရိမ်မှုများ ရှိနိုင်သည်။ ထို့ပြင် AI ၏ ထိန်းချုပ်နိုင်စွမ်းများကြောင့် ကျင့်ဝတ်ဆိုင်ရာ အကျပ်အတည်းများ တွေ့နိုင်သည်။ AI စနစ်တွင် မမျှော်မှန်းနိုင်သော ချို့ယွင်းချက်နှင့် အမှားအယွင်းများရှိခဲ့လျှင် ယုံကြည်စိတ်ချမှုနှင့် အားထားရမှုသည် စိုးရိမ်ဖွယ်ရာရှိနိုင်သည်။ အချက်အလက်နှင့် အခြေခံအဆောက်အအုံသည်လည်း စိုးရိမ်ဖွယ်ရာရှိနိုင်သည်။ တစ်ဖန် ဆုံးဖြတ်ချက်ချခြင်းနှင့် ပြဿနာဖြေရှင်းရေးအတွက် AI ကို မှီခိုရပါက လူသားစွမ်းရည်

ဆုံးရှုံးမှု ရှိနိုင်သည်။

ကမ္ဘာ့နိုင်ငံရေးနယ်ပယ်တွင် AI ၏ ဝင်ရောက်စွက်ဖက်မှုများကို ထင်ဟပ်ပြကြရာတွင် AI Algorithm များသည် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများတွင် သတင်းမှားများ၊ သတင်းတုများဖြင့် ဝါဒဖြန့်ချိနိုင်သည်။ နိုင်ငံရေးမဲဆွယ်မှုများတွင် AI ဖြင့် ပစ်မှတ်များ ရှာဖွေတိုက်တွန်းနိုင်သည်။ AI သည် ရွေးကောက်ပွဲရလဒ်များကို ခန့်မှန်းခြင်း၊ မဲနိုင်သူများကို ခွဲခြားစိစစ်ခြင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုများ၏ ထိရောက်မှုကို အကဲဖြတ်ခြင်းတို့ ပြုလုပ်နိုင်သည်။ AI Alogrithm များတွင် ဘက်လိုက်မှုများအတွက် ဖန်တီးပြုလုပ်နိုင်သည်။ AI မှ ထုတ်လုပ်ဖန်တီးထားသော မီဒီယာများက လူထု၏အမြင်ကို လှည့်စားနိုင်သည်။ AI ဖြင့် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှုများ ပြုလုပ်နိုင်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများရှိ မူဝါဒချမှတ်သူများ၊ ရွေးကောက်ပွဲ တာဝန်ရှိသူများနှင့် နည်းပညာကုမ္ပဏီများသည် AI နှင့်ပတ်သက်သည့် ခိုင်မာသော စည်းမျဉ်းများ၊ ပွင့်လင်းမြင်သာသော အစီအမံများနှင့် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များ အကောင်အထည်ဖော်ရန် လိုအပ်လာပြီဖြစ်သည်။

ယခုအခါ အမေရိကန်၊ အီးယူနှင့် တရုတ်နိုင်ငံတို့သည် ဉာဏ်ရည်တု (AI) နည်းပညာ စည်းမျဉ်းသစ်များတွင် ကွဲပြားသော ဦးဆောင်မှုများ ပြုလုပ်လာပြီဖြစ်သည်။ AI သည် ကမ္ဘာလုံးဆိုင်ရာ နည်းပညာပြိုင်ဆိုင်မှုတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လာပြီဖြစ်သည်။ အင်တာနက်နှင့် ဆိုရှယ်မီဒီယာကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းညှိရန် ကြွေးကြော်ခဲ့ပြီဖြစ်သည်။ ကမ္ဘာအနှံ့လုပ်ဆောင်နေသော AIနှင့်ပတ်သက်သော စည်းမျဉ်းသတ်မှတ်ခြင်းသည် ရှုပ်ထွေးသိမ်မွေ့ပြီး ကိုင်တွယ်ရမလွယ်ကူသော လုပ်ငန်းတာဝန်များ ဖြစ်လာသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်က အောက်တိုဘာ ၁၀ ရက်နေ့တွင် AI ဆိုင်ရာ စီမံအုပ်ချုပ်မှုအမိန့်ကို ကြေညာခဲ့သည်။ ၎င်းအမိန့်တွင် အထင်ရှားဆုံးအပိုင်းမှာ AI နည်းပညာဆိုင်ရာ "ဘေးကင်းရေးနှင့် လုံခြုံရေးကို အာမခံခြင်း"ဖြစ်သည်။ ထို့ပြင် တီထွင်ခြင်းနှင့် ယှဉ်ပြိုင်မှုကို မြှင့်တင်ခြင်းစသည့် အခြားလုပ်ဆောင်ချက်များပါဝင်သည်။

ဥရောပသမဂ္ဂ (EU) သည် အချက်အလက်၊ ကိုယ်ရေးကိုယ်တာနှင့် နည်းပညာတို့ကို စံနှုန်းများအဖြစ် ကြာရှည်စွာ ရှုမြင်ထားသည်။ ထို့ပြင် EU အနေဖြင့် အဖွဲ့ဝင် ၂၇ နိုင်ငံကြား စေ့စပ်ညှိနှိုင်းခြင်းကို နှစ်နှစ်ကျော် လုပ်ဆောင်ခဲ့သည်။ EU သည် လူ့အခွင့်အရေးနှင့် စားသုံးသူ အကာအကွယ်ပေးခြင်းကဲ့သို့သော အခြေခံမူများ ထိန်းသိမ်းခြင်းအပေါ် အာရုံစိုက်သည်။ EU ၏ AI စည်းမျဉ်းများသည် အမျိုးအစားခွဲခြားထားသော စနစ်များနှင့်အတူ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် လိုက်နာမှုများအလိုက် ပြုမူဆောင်ရွက်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှု ပဏာမခြေလှမ်း (Global AI Governance Initiative) ကို ၎င်း၏ BRI (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ပေကျင်း၌ ကျင်းပခဲ့သော Belt and Road Forum တွင် ကြေညာခဲ့သည်။ တရုတ်နိုင်ငံ၏ အခြေခံမူများတွင် AI ဖွံ့ဖြိုးတိုးတက်မှုကို လိုက်နာခြင်း၊ AI အန္တရာယ်များကို ကာကွယ်ရန်၊ AI နည်းပညာ အသုံးပြုမှုများကို အားပေးရန်၊ ကျယ်ပြန့်သော ပါဝင်ဆောင်ရွက်ခြင်း၊ အများဆန္ဒကို အခြေခံသော ဆုံးဖြတ်ချက်ချခြင်း၊ တရားမျှတခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း စသည်တို့ ပါဝင်သည်။

၂၀၂၃ ခုနှစ် ဇွန်လတွင် ဗြိတိန်အစိုးရမှ AI လုံခြုံရေးဆိုင်ရာ ပထမဆုံး ကမ္ဘာလုံးဆိုင်ရာ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ တရုတ်၊ အမေရိကန်နှင့် အီးယူအပါအဝင် Bletchley ကြေညာစာတမ်းကို ၂၇ နိုင်ငံက သဘောတူညီခဲ့ကြရာ တိုးတက်မှု ရရှိခဲ့သည်။ ၎င်းသည် AI စီမံအုပ်ချုပ်မှုအတွက် နိုင်ငံတကာ စည်းမျဉ်းမူဘောင်တစ်ရပ် ရေးဆွဲရန် ပထမခြေလှမ်းပင်ဖြစ်သည်။

အမှန်စင်စစ် ဉာဏ်ရည်တုနည်းပညာသည် ယနေ့ကမ္ဘာကြီးတွင် နယ်ပယ်ကဏ္ဍအလိုက် အသုံးပြုရာမှ အကျိုးကျေးဇူးများ ရရှိလာခဲ့ပြီဖြစ်သည်။ သို့ရာတွင် AI နှင့်ပတ်သက်၍ ဝေဖန်မှုများလည်း ရှိလာသည်။ AI က ထိခိုက်ပျက်စီးစေနိုင်သည်ဟု ဆိုကြသည်။ လူ့အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည်ဟု ဆိုကြပြန်သည်။ လူမှုကွန်ရက်တွင် သတင်းတု သတင်းမှားများ၊ အမုန်းစကားများ၊ အလိမ်အညာစကားများဖြင့် AI က ဖန်တီးနေသည်ဟု ဆိုကြသည်။ AI နည်းပညာကြောင့် လူသားများ အလုပ်လက်မဲ့ဖြစ်လာမည်ကို စိုးရိမ်ကြသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် နည်းပညာပြိုင်ဆိုင်မှုများ မြင့်တက်လာရာ နယ်ပယ်ပေါင်းစုံ အသုံးချနိုင်သော ဉာဏ်ရည်တု (AI) နည်းပညာ၏ အနာဂတ်အလားအလာကို လေ့လာသိရှိနိုင်ရန် အထူးဆောင်းပါးများဖြင့် စုစည်းတင်ပြလိုက်ပါသည်။

အယ်ဒီတာအဖွဲ့

jrefrmEkdifESifwvDxGufOPf(AI)
ausmfausmfvdkif(SMART)

“ တီထွင်ဉာဏ်(AI) ကို အခြေခံထားသော
ကျန်းမာရေးစောင့်ရှောက်မှု Application များကို
မြန်မာဘာသာဖြင့် ရေးသားနိုင်လျှင်
မြန်မာပြည်သူများ၏ ကျန်းမာရေးမှာ
ပိုမိုကောင်းမွန်လာပါမည်။ ”

ဓာတ်ပုံ-အင်တာနက်

နိဒါန်း

AI ခေါ် Artificial Intelligence ကို ဉာဏ်ရည်တုဟု ခေါ်ဝေါ်သုံးစွဲနေကြပါသည်။ အတုကို အင်္ဂလိပ်လို Fake ဟု ခေါ်ပြီး အတုသည် မရိုးသားသော အဓိပ္ပာယ်ကိုဆောင်ပါသည်။ Artificial အဓိပ္ပာယ်သည် ကောင်းမွန်သောစိတ်ဖြင့် အစစ်ကဲ့သို့ စွမ်းဆောင်နိုင်အောင် လူက တီထွင်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် AI ခေါ် Artificial Intelligence ကို တီထွင်ဉာဏ် (AI) ဟု ဤဆောင်းပါးတွင် သုံးစွဲပါမည်။ တီထွင်ဉာဏ်(AI) သည် စတုတ္ထစက်မှုပြောင်းလဲခြင်း (4th Industrial Revolution) နှင့်အတူ ကမ္ဘာပေါ်ရှိ လူသားများ၏ နေ့စဉ် လူမှုဘဝ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် ဝင်ရောက်နေရာယူလာပါသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တည်ထောင်ခဲ့သူ ဂျာမန်လူမျိုး Klaus Schwab က ၂၀၁၆ ခုနှစ်တွင် စတုတ္ထစက်မှုပြောင်းလဲခြင်းဆိုသည့် ဝေါဟာရကို စတင်သုံးစွဲခဲ့ပါသည်။ စတုတ္ထစက်မှုပြောင်းလဲခြင်း၏အောက်တွင် တီထွင်ဉာဏ် (AI) ၊ IoT (Internet of Things) ၊ Big Data၊ Cloud Computing ၊ စက်ရုပ်များ (Robots) ၊ 3D Printing စသည်တို့သည် စတုတ္ထစက်မှုပြောင်းလဲခြင်း၏ အရေးပါသောဒေါက်တိုင်များ ဖြစ်ပါသည်။ ပုံ(၁) သည် စတုတ္ထစက်မှုပြောင်းလဲခြင်း၏ အရေးပါသောဒေါက်တိုင်များကို ဖော်ပြပါသည်။

ပုံ (၁)

တီထွင်ဉာဏ်(AI) သည် မှတ်တမ်းများအရ ၁၉၅၀ ပြည့်နှစ်တွင် Alan Turing က "Computer Machinery and Intelligence" စာအုပ်ကို ထုတ်ဝေခဲ့ရာမှ တီထွင်ဉာဏ်(AI) စတင်ခဲ့သည်ဟု ဆိုရပါမည်။ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွင် တီထွင်ဉာဏ်(AI) သည် လျင်မြန်စွာ တိုးတက်လာခဲ့ပါသည်။ ယနေ့ တွင်တွင်ကျယ်ကျယ် အသုံးပြုနေသော တီထွင်ဉာဏ်(AI) သည် ၂၀၁၂ ခုနှစ်မှစ၍ အဆင့်ဆင့် လျင်မြန်စွာ ပြောင်းလဲတိုးတက်ခြင်း၏ ရလဒ် ဖြစ်ပါသည်။ Open AI ကုမ္ပဏီ မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ChatGPT (Chat Generative Pre–trained Transformer) ကို ကမ္ဘာအား မိတ်ဆက်ခဲ့ပါသည်။ ChatGPT သည် မေးလာသည့် မေးခွန်းများကို လူသားတစ်ယောက်ကဲ့သို့ ပြန်လည်ဖြေနိုင်စွမ်းရှိပါသည်။ ChatGPT သည် တီထွင်ဉာဏ် (AI) ပေါ်တွင် တည်ဆောက်ထားပါသည်။ တီထွင်ဉာဏ်(AI) ကို အသုံးပြုသည့် ကုမ္ပဏီများသည် ကုန်ကျစရိတ်များကို လျှော့ချနိုင်မည်ဖြစ်ပြီး ကုန်ထုတ်စွမ်းအားကိုလည်း တိုးတက်စေနိုင်ပါမည်။ စွမ်းဆောင်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ဆွဲဆောင်နိုင်ပါမည်။ NVIDIA ကုမ္ပဏီ၏ CEO ဖြစ်သူ Jensen Huang က **"တီထွင်ဉာဏ် (AI) သည် ၂၁ ရာစု၏ အကောင်းဆုံးနည်းပညာ ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ လုပ်ငန်းအားလုံးနှင့် လူသားအားလုံးတို့၏ ဘဝများပေါ်တွင် တစ်နည်းမဟုတ်တစ်နည်း ပါဝင်သက်ရောက်ပါလိမ့်မည်"** ဟု ပြောခဲ့ပါသည်။

တီထွင်ဉာဏ် (AI) ၏ အကျိုးပြုပုံများ

ကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်း နေ့စဉ်ဆောင်ရွက်ပုံ၊ လုပ်ငန်းသစ်များ တီထွင်ဖော်ထုတ်ပုံ၊ မိမိနှင့် လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများ၊ မိမိ၏ ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်ပုံများသည် တီထွင်ဉာဏ်(AI) ကြောင့် ဘက်ပေါင်းစုံမှ အနာဂတ်တွင် ပြောင်းလဲလာမည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ နေ့စဉ်လုပ်ကိုင်ဆောင်ရွက်ပုံကို တီထွင်ဉာဏ်(AI) က ပြောင်းလဲပစ်နိုင်သည့် အချက်အချို့ကို ဖော်ပြရမည်ဆိုလျှင် –

(၁) ထပ်တလဲလဲလုပ်ရသော အလုပ်များကို တီထွင်ဉာဏ်(AI) ဖြင့် အစားထိုးခြင်း (Automation of Routine Tasks)

အချိန်ကုန်ပြီး ထပ်တလဲလဲလုပ်ရသော အလုပ်များကို တီထွင်ဉာဏ်(AI) ဖြင့် အစားထိုးလျှင် အချိန်ကုန်သက်သာလာပါမည်၊ကုန်ထုတ်စွမ်းအားလည်းတိုးတက်လာပါမည်။ ဥပမာပြောရလျှင် အချက်အလက်များကို ကွန်ပျူတာထဲသို့ ရိုက်ထည့်ခြင်းနှင့် ဆုံးဖြတ်ချက်ချရန်အတွက် အချက်အလက်များကို စိစစ်ခြင်းတို့ဖြစ်ပါသည်။ ဝန်ထမ်းများလုပ်ရသော အလုပ်ကို တီထွင်ဉာဏ်(AI) က အစားထိုးလုပ်ကိုင်သွားသဖြင့် ဝန်ထမ်းတို့အတွက် အချိန်ပိုများရလာပြီး တီထွင်ဆန်းသစ်ခြင်း၊လေ့လာသင်ယူခြင်းများကို ပိုမိုလုပ်ဆောင်လာနိုင်ပါသည်။

(၂) ဆုံးဖြတ်ချက်ချရာတွင် ကူညီခြင်း (Enhanced Decision Making)

များပြားလှသော အချက်အလက်များကို တီထွင်ဉာဏ်(AI) က အချိန်တိုအတွင်း လေ့လာနိုင်သည်။ ခက်ခဲသောဆုံးဖြတ်ချက်များကို လျင်လျင်မြန်မြန်ချနိုင်ရန် တီထွင်ဉာဏ်(AI) က အကူအညီပေးနိုင်ပါသည်။

(၃) ခန့်မှန်းတွက်ချက်ခြင်း (Predictive Analytic)

တီထွင်ဉာဏ်(AI) သည် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးပုံစံများကို ခန့်မှန်းတွက်ချက်နိုင်သည်။ ပြောင်းလဲသွားသည့် စျေးကွက်အခြေအနေများ၊ စျေးဝယ်သူများ၏ အမူအကျင့်များနှင့် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို ကြိုတင်ခန့်မှန်းပေးနိုင်သည်။ ဥပမာအားဖြင့် အဝတ်အထည်ရောင်းချသော ကုမ္ပဏီတစ်ခုသည် တီထွင်ဉာဏ် (AI) ကို အသုံးပြု၍ ယခင်ရောင်းချခဲ့သော အရောင်းမှတ်တမ်းများ၊ တွေ့ကြုံရမည့် ရာသီဥတုပြောင်းလဲခြင်းများ၊ ကျင်းပခဲ့သော အရောင်းမြှင့်တင်ရေးပွဲများ နှင့် စီးပွားရေးညွှန်းကိန်းများကို အသုံးပြု၍ ရှေ့လာမည့်ရာသီတွင် ရောင်းကောင်းမည့် အဝတ်အထည်လိုအပ်ချက်ကို ခန့်မှန်းနိုင်ပါသည်။ တီထွင်ဉာဏ် (AI) က ကြိုတင်မှာရမည့် အရေအတွက်၊ သိုလှောင်ထားရမည့် အရေအတွက်နှင့် ဂိုဒေါင်ထဲမှ ရှင်းထုတ်ရမည့် ကုန်ပစ္စည်းများကိုလည်း ခန့်မှန်းတွက်ချက်ပေးနိုင်ပါသည်။

(၄) စျေးဝယ်သူများစိတ်ကြိုက် ဝန်ဆောင်မှုပေးခြင်း (Personalization and Customer Experience)

စျေးဝယ်သူများ နှစ်သက်သော ကုန်ပစ္စည်းများနှင့် စျေးဝယ်သူ၏ အမူအကျင့်များကို တီထွင်ဉာဏ် (AI) က လေ့လာဆန်းစစ်ပြီး စျေးဝယ်သူများအကြိုက် ကုန်ပစ္စည်းများကို မိတ်ဆက်ပေးခြင်း၊ သီးသန့်ဝန်ဆောင်မှုပေးခြင်းတို့ကို လုပ်ပေးနိုင်သဖြင့် စျေးဝယ်သူများ ကျေနပ်နှစ်သက်မှု အပြည့်အဝ ရရှိစေနိုင်ပါသည်။ တီထွင်ဉာဏ် (AI) သည် အွန်လိုင်းပေါ်မှ စျေးရောင်းသူနှင့် တိုက်ရိုက်ဆက်သွယ်ပြီး Chatbots မှတစ်ဆင့် စျေးဝယ်သူကို ၂၄ နာရီ ပတ်လုံး ဝန်ဆောင်မှုပေးနိုင်ပါသည်။ စျေးဝယ်သူများ၏ သိလိုသည့်အချက်များနှင့် အခက်အခဲများကို လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးပါသည်။ ဥပမာအားဖြင့် အလီဘာဘာကဲ့သို့သော အီးကောမတ်စ် (e-commerce) အွန်လိုင်းပလက်ဖောင်းများတွင် စျေးဝယ်သည့်အခါ Chatbots (အွန်လိုင်းပေါ်မှ ဆက်သွယ်ခြင်း) မှတစ်ဆင့် တီထွင်ဉာဏ် (AI) နှင့် ဆက်ဆံ

ပြောဆိုရပါသည်။ တီထွင်ဉာဏ် (AI) က အွန်လိုင်းပေါ်တွင် ဈေးဝယ်သူ ပစ္စည်းရှာဖွေခဲ့သည့် မှတ်တမ်းများ၊ ဈေးဝယ်ခဲ့သည့် မှတ်တမ်းများကို အခြေခံပြီး ဈေးဝယ်သူ နှစ်သက်သဘောကျမည့် ကုန်ပစ္စည်းကို လမ်းညွှန်အကြံပေးပါသည်။ ဈေးရောင်းပြီးသည့်အခါတွင်လည်း ဝယ်သူ၏ ကုန်ပစ္စည်းအပေါ် သဘောကျနှစ်ကြိုက်မှုနှင့် အွန်လိုင်းမှ ဈေးဝယ်ရသည့် အတွေ့အကြုံကို တီထွင်ဉာဏ်(AI) က ဈေးဝယ်သူနှင့်ဆက်သွယ်၍ အကြံဉာဏ်များ၊ မှတ်ချက်များကို ရယူပါသည်။ အကြံဉာဏ်များ၊ မှတ်ချက်များပေါ် မူတည်၍ ဝန်ဆောင်မှုကို ပိုမိုကောင်းမွန်သည်ထက်ကောင်းမွန်အောင် အဆင့်မြှင့်တင်ခြင်း၊ အနာဂတ်တွင် ဈေးဝယ်သူ အလိုရှိသည့်အရာများကို အလွယ်တကူ ဝယ်ယူနိုင်ရန် မှတ်သားထားခြင်းတို့ ပြုလုပ်ပါသည်။ တီထွင်ဉာဏ် (AI) ကြောင့် ဈေးဝယ်သူက အွန်လိုင်းပလက်ဖောင်းကို အသုံးပြု၍ မကြာခဏ လိုအပ်သည့် ပစ္စည်းများကို ဝယ်ယူသည့် အကျိုးကျေးဇူးကို ရရှိပါသည်။

(၅) စီးပွားရေး အခွင့်အလမ်းအသစ်များ ဖန်တီးခြင်း (Innovation and New Business Models)

တီထွင်ဉာဏ် (AI) သည် စီးပွားရေး အခွင့်အလမ်းအသစ်များကို ရှာဖွေပေးခြင်း၊ ကုန်ပစ္စည်းအသစ်များကို စရိတ်အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်ရန် စီစဉ်ပေးခြင်းနှင့် ယခင်က မရှိခဲ့သော ဝန်ဆောင်မှုအသစ်များကို ဖော်ထုတ်ပေးနိုင်ပါသည်။

(၆) အွန်လိုင်းလုံခြုံရေးအဆင့် မြှင့်တင်ခြင်း (Enhanced Security)

အွန်လိုင်းပေါ်တွင် အန္တရာယ်ရှိသော ခြိမ်းခြောက်မှုများကို အချိန်နှင့်တစ်ပြေးညီ တီထွင်ဉာဏ် (AI) က ရှာဖွေပေးခြင်း၊ အားနည်းချက်များကို ကြိုတင်ခန့်မှန်းခြင်းဖြင့် ဆိုက်ဘာလုံခြုံရေးကို မြှင့်တင်ပေးပါသည်။ အွန်လိုင်း ငွေပေးငွေယူပုံစံများကို ခွဲခြမ်းစိတ်ဖြာပြီး အတုအယောင်များကို သမားရိုးကျနည်းများထက် တီထွင်ဉာဏ် (AI) က ထိထိရောက်ရောက် ရှာဖွေနိုင်ပါသည်။

(၇) စွမ်းရည်စီမံခန့်ခွဲခြင်း (Talent Management)

လုပ်ငန်းခွင်အတွက် စွမ်းဆောင်ရည်ပြည့်ဝသူများကို ခေါ်ယူရာတွင် တီထွင်ဉာဏ် (AI) က အလုပ်ခေါ်ယူသည့် အဆင့်အနည်းဆုံးဖြင့် စွမ်းရည်အထက်မြက်ဆုံးသူကို ရှာဖွေပေးနိုင်ခြင်း၊ ဘက်လိုက်မှုများကို လျှော့ချပေးခြင်း၊ တစ်ဦးချင်းစီ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုအစီအစဉ်များကို ဆွဲပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ တီထွင်ဉာဏ် (AI) ကို အသုံးပြုထားသော သင်ကြားရေးပလက်ဖောင်းများသည် လူတစ်ဦးချင်းအတွက် လိုအပ်သော ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို ရေးဆွဲပေးပါသည်။ ပြောင်းလဲနေသည့် လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီသည့် စွမ်းရည်အသစ်များကို လေ့လာသင်ယူရန် တီထွင်ဉာဏ် (AI) က အကူအညီပေးပါသည်။

(၈) စိန်ခေါ်မှုများနှင့် ကျင့်ဝတ်ဆိုင်ရာများ (Challenges and Ethical Consideration)

တီထွင်ဉာဏ် (AI) သည် စီးပွားရေးလုပ်ငန်းများကို ထူးထူးခြားခြား အကျိုးပြုသည်မှာ သေချာသော်လည်း စိန်ခေါ်မှုများစွာလည်း ရှိနေပါသေးသည်။ ကျင့်ဝတ်ဆိုင်ရာများကို စဉ်းစားလျှင် ကိုယ်ရေးကိုယ်တာ အချက်အလက်များ၏ လုံခြုံရေး၊ ဘက်လိုက်မှုနှင့် တီထွင်

ဉာဏ်(AI)ကြောင့် အလုပ်ခွင်များ ပျောက်ဆုံးမှုတို့ ဖြစ်ပါသည်။ တီထွင်ဉာဏ် (AI) သုံးစွဲသူများသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းဖြင့် တီထွင်ဉာဏ် (AI) မှ ရရှိလာသော အကျိုးကျေးဇူးများကို လူ့အဖွဲ့အစည်းအတွင်း မျှတစွာ သုံးစွဲနိုင်မှုအတွက် ခိုင်မာသောမူဘောင်များ လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

“ တီထွင်ဉာဏ်(AI) ကို အခြေခံထားသော Application များနှင့် ဝန်ဆောင်မှုများက အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းသော သီးနှံများရရန် တောင်သူများကို ကူညီနိုင်ပါသည်။ ”

မြန်မာ့စီးပွားရေးနှင့် တီထွင်ဉာဏ်(AI)

ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းအားလုံးကို တီထွင်ဉာဏ် (AI) က ပိုမိုထိရောက်မြန်ဆန်သည့် လုပ်ငန်း၊ အကျိုးအမြတ်တိုးလာသည့် လုပ်ငန်းများဖြစ်အောင် ကူညီပေးနိုင်ပါသည်။ မြန်မာနိုင်ငံ စီးပွားရေးအတွက် အရေးပါသော စိုက်ပျိုးရေး၊ ငါးမွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ လူမှုဘဝအတွက် အရေးပါသော ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် တီထွင်ဉာဏ် (AI) က စီးပွားရေးနှင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာရန် စွမ်းဆောင်နိုင်သည့်အချက်များ၊ မြန်မာနိုင်ငံအတွက် လုပ်ဆောင်သင့်သည့်အချက်များကို စုစည်းတင်ပြပါမည်။

(၁) စိုက်ပျိုးရေး

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် တိုင်းပြည် GDP ၏ ၆၀ ရာခိုင်နှုန်း ရှိပါသည်။ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်၏ ၅၀ ရာခိုင်နှုန်းကျော်ကို စိုက်ပျိုးရေးအတွက် အသုံးပြု နေရပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်၊ စီးပွားရေး ၂ (က) တွင် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကို လည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး” ဟု ပါရှိပါသည်။ နိုင်ငံတော်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အလေးထားပါသည်။ နိုင်ငံ၏စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ

ဖွံ့ဖြိုးတိုးတက်မှသာ စီးပွားရေးကောင်းမွန်မည်ဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း သာယာပါမည်။

စိုက်ပျိုးရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ရာတွင် တီထွင်ဉာဏ် (AI) အသုံးပြုနိုင်သည့် နည်းလမ်းများကို တင်ပြလိုက်ပါသည်။ ကျန်းမာသန်စွမ်းသော သီးနှံများရရှိရန်၊ ပိုးမွှားများကို ကာကွယ်ရန်၊ မြေဆီလွှာ၏ အရည်အသွေးနှင့် သီးနှံဖွံ့ဖြိုးမှုအခြေအနေကို စောင့်ကြည့်ရန် တီထွင်ဉာဏ်(AI) နည်းပညာ သုံးနိုင်ပါသည်။ ကမ္ဘာကြီးပူနွေးမှုကြောင့် ရာသီဥတုများ မကြာခဏပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ကြောင့် လယ်သမားများသည် မျိုးစေ့ချစိုက်ပျိုးရမည့်အချိန်ကိုရွေးချယ်ရန် အခက်အခဲနှင့် ရင်ဆိုင်နေရပါသည်။ တီထွင်ဉာဏ်(AI) သည် ဖြစ်ပေါ်မည့် ရာသီဥတု အခြေအနေများကို ခန့်မှန်းနိုင်ပါသည်။ မည်သည့်သီးနှံအမျိုးအစားကို မည်သည့်အချိန်တွင် စိုက်ပျိုးသင့်သည်၊ မည်သည့်အချိန်တွင် မျိုးစေ့ချသင့်သည်ကို တီထွင်ဉာဏ်(AI) က ဆုံးဖြတ်နိုင်ပါသည်။ မြေဆီလွှာအမျိုးအစားနှင့် မြေဆီလွှာ၏ အရည်အသွေးသည် စိုက်ပျိုးသည့်သီးနှံ အောင်မြင်ဖြစ်ထွန်းမှုအတွက် အလွန်အရေးကြီးပါသည်။ သစ်တောများ ပြုန်းတီးခြင်းသည် နေ့စဉ်တိုးလာနေသည်နှင့်အမျှ မြေဆီလွှာ၏အရည်အသွေး လျော့ကျလာသဖြင့် မြေဆီလွှာ၏ အရည်အသွေးကိုသိရန် စိန်ခေါ်မှုများစွာ ရှိနေပါသည်။

ဂျာမနီနိုင်ငံတွင် အခြေစိုက်သော နည်းပညာကုမ္ပဏီ PEAK က တီထွင်ဉာဏ်(AI) ကို အသုံးပြုသည့် Plantix Application ကို တီထွင်ခဲ့ပါသည်။ Plantix သည် မြေဆီလွှာတွင် လျော့ကျနေသောအာဟာရများကို ရှာဖွေဖော်ထုတ်နိုင်ပြီး သီးနှံတွင်းကျရောက်နေသည့်ရောဂါများနှင့် ရောဂါပိုးအမျိုးအစားတို့ကိုလည်း ဖော်ထုတ်ပေးပါသည်။ ဓာတ်ပုံမှတစ်ဆင့် အချက်အလက်ကို ဖော်ထုတ်သောနည်းပညာကို Plantix Application က အသုံးပြုထားပါသည်။ တောင်သူများသည် စမတ်ဖုန်းကိုအသုံးပြုပြီး သီးနှံ၏ဓာတ်ပုံကို ရိုက်ယူခြင်းဖြင့် သီးနှံ၏အခြေအနေကို သိရှိနိုင်ပါသည်။ Application တွင် မြေဆီလွှာ အရည်အသွေးကို ပြန်လည်ကောင်းမွန်လာအောင် ပြုလုပ်သည့်နည်းများနှင့် အခြားစိုက်ပျိုးရေးဆိုင်ရာ သိမှတ်ဖွယ်ရာ ဗီဒီယိုများလည်း ပါရှိပါသည်။ Plantix နည်းတူ Trace Genomics ကုမ္ပဏီသည်လည်း မြေဆီလွှာအရည်အသွေးထိန်းသိမ်းရန် တောင်သူများကို အကူအညီပေးပါသည်။ တီထွင်ဉာဏ်(AI) ကို အခြေခံထားသော Application များကို သုံးခြင်းဖြင့် တောင်သူများသည် သီးနှံများ၏ ကျန်းမာသန်စွမ်းမှုနှင့် မြေဆီလွှာအရည်အသွေးကို အမြဲစောင့်ကြည့် ပြုပြင်နိုင်သောကြောင့် ကျန်းမာသန်စွမ်းသော သီးနှံများရရှိပြီး တစ်ဧကအထွက်နှုန်းများလည်း တိုးလာပါမည်။

နည်းပညာကုမ္ပဏီ SkySquirrel Technologies က ဒရုန်းအသုံးပြု၍ စိုက်ခင်းများကို ကောင်းကင်ဓာတ်ပုံများရိုက်ပြီး၊ ကျွမ်းကျင်ပညာရှင်များထံသို့ စိုက်ခင်းပုံများပို့ပါသည်။ ကျွမ်းကျင်ပညာရှင်များက ကွန်ပျူတာများ ၊ တီထွင်ဉာဏ်(AI) များသုံးကာ သီးနှံများ၏ အခြေအနေကို ဖော်ထုတ်ပါသည်။ သီးနှံများတွင် ကျရောက်နေသော ပိုးအမျိုးအစားနှင့် သုံးရမည့် ပိုးသတ်ဆေးကို ညွှန်ပေးပါသည်။ တောင်သူများက အချိန်မီ ပိုးသတ်နိုင်သဖြင့် အထွက်နှုန်းများ တိုးလာပါသည်။

စိုက်ပျိုးရေးတွင် အလိုအလျောက်လုပ်နိုင်သော စက်ရုပ်များဖြင့် တောင်သူများကို ကူညီခြင်းထက် တီထွင်ဉာဏ်(AI)၏ စွမ်းဆောင်ရည်က ပိုပါသည်။ တီထွင်ဉာဏ်(AI) ကို အခြေခံထားသော Application များနှင့် ဝန်ဆောင်မှုများက အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းသော သီးနှံများရရန် တောင်သူများကို ကူညီနိုင်ပါသည်။

(၂) ငါးမွေးမြူရေး

မြန်မာနိုင်ငံတွင် ရေချိုနှင့်ရေငန် ငါးမွေးမြူရေးမှ ငါးထုတ်လုပ်မှုသည် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း နှစ်စဉ် မက်ထရစ်တန် (ထောင်ပေါင်း) ၆,၀၀၀ ခန့်ရှိသော်လည်း ၂၀၂၂ ခုနှစ် –၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် (ထောင်ပေါင်း) ၁၅၀၀ ခန့်အထိ သိသိသာသာ ကျဆင်းခဲ့သည်။ ငါးထုတ်လုပ်မှု၏ ၅၄ ရာခိုင်နှုန်းမှာ ပင်လယ်ငါးဖမ်းလုပ်ငန်းမှဖြစ်သည်။ ယခင်က ပင်လယ်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သောနိုင်ငံများတွင် မြန်မာနိုင်ငံသည် အဆင့် (၁၀) ခန့်တွင်ရှိသော်လည်း ၂၀၂၃ ခုနှစ်တွင် အဆင့် (၁၀) အောက် ကျသွားခဲ့သည်။ ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေတိုးပွားလာသည်နှင့်အမျှ ငါးစားသုံးမှု မြင့်မားလာကာ ငါးထုတ်လုပ်မှု တိုးမြှင့်ထုတ်လုပ်ရန် လိုအပ်လာသည်။ တီထွင်ဉာဏ်(AI) သည် ခေတ်မီမွေးမြူရေးတွင် မရှိမဖြစ်အရေးပါသည့် နည်းပညာတစ်ရပ်ဖြစ်လာပြီး SMART Livestock Farm နည်းပညာ ဖြင့် ပြီးပြည့်စုံသော မွေးမြူရေးလုပ်ငန်းများအဖြစ် ပြောင်းလဲလာကြသည်။ မြန်မာနိုင်ငံတွင်လည်း ခေတ်မီနည်းပညာသုံး ငါးမွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူထုတ်လုပ်ရန် လိုအပ်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် တီထွင်ဉာဏ်(AI) အထောက်အကူဖြင့် SMART Aquaculture ဖန်တီးပြီး ရေ၏အပူချိန်၊ ရေတွင် အောက်ဆီဂျင်ပျော်ဝင်မှု စသည်တို့ကို သိရှိနိုင်ခြင်း၊ တီထွင်ဉာဏ်(AI) က ရောဂါကျရောက်မှုအခြေအနေကို သိရှိနိုင်ခြင်း၊ အစာအလေအလွင့်ကို သိရှိနိုင်ပြီး အစာလိုအပ်ချက် အတိအကျကျွေးမွေးကာ အကျိုးအမြတ်များအောင် စီမံနိုင်သည်။ တီထွင်ဉာဏ် (AI) သည် ငါးများ၏ ကြီးထွားနှုန်း၊ အစာကူးပြောင်းမှုအချိုးများနှင့် ငါးများ၏ ကျန်းမာရေးကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် အစာကျွေးသည့် နည်းဗျူဟာများကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနိုင်ပါသည်။ ငါးမွေးမြူထုတ်လုပ်ရေးတွင် ကုန်ကျစရိတ်၏ ၆၀ ရာခိုင်နှုန်းသည် အစာအတွက် ကုန်ကျခြင်းဖြစ်သည်။ ထို့ကြောင့် လိုအပ်သော အစာပမာဏကို လိုအပ်သည့်အချိန်တွင် မှန်ကန်စွာ ကျွေးမွေးနိုင်မှသာ ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များနိုင်ပါမည်။ တီထွင်ဉာဏ် (AI) သည် ငါးမွေးကန်၏ အပူချိန်၊ pH၊ ပျော်ဝင်အောက်ဆီဂျင်နှင့် အမိုးနီးယားများကို စောင့်ကြည့်သည့် အာရုံခံကိရိယာ (IoT) များမှရသော အချက်အလက်များကို ခွဲစိတ်ဆန်းစစ်ခြင်းဖြင့် ရေအရည်အသွေးပြောင်းလဲမှုကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲမှုများကို ပြုလုပ်နိုင်သည်။ ထို့အပြင် တီထွင်ဉာဏ်(AI)သည် ငါးများအား ရိုက်ကူးထားသော ဓာတ်ပုံများ သို့မဟုတ် ဗီဒီယိုများမှတစ်ဆင့် ရောဂါများနှင့် ကပ်ပါးပိုးများကို ရှာဖွေဖော်ထုတ်နိုင်သဖြင့် ကုသမှုကို ပိုမိုမြန်ဆန်စေပြီး သေဆုံးမှုနှုန်းကို လျှော့ချပေးနိုင်ပါသည်။

AquaTracker–Viz ၊ Picture Fish Application များသည် တီထွင်ဉာဏ်(AI) ကို အခြေခံထားပြီး ငါးမွေးမြူရေးလုပ်ငန်းများအတွက် သုံးနိုင်ပါသည်။

(၃) ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးနိုင်သော အရေးကြီးသည့် စီးပွားရေးကဏ္ဍ ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြည်ပမှ လာရောက်

လည်ပတ်သူ တစ်သန်းခန့်ရှိသည်ဟု ထုတ်ပြန်ထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် တစ်သန်းဆိုသော နိုင်ငံခြားခရီးသွားအရေအတွက်မှာ နည်းသည့်အနေအထားတွင် ရှိပါသည်။ ၂၀၂၃ ခုနှစ်တွင် အိမ်နီးချင်းထိုင်းနိုင်ငံတွင် လာရောက်လည်ပတ်သူ ၂၈ သန်းခန့် ရှိပါသည်။ ထိုင်းနိုင်ငံသို့ လာရောက်သော ခရီးသွားများ၏ ၁၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်အောင် ဆွဲဆောင်နိုင်လျှင်ပင် တစ်နှစ် ခရီးသွားသုံးသန်းခန့် ဖြစ်လာပါမည်။ နည်းပညာခေတ်တွင် ခရီးသွားများသည် တီထွင်ဉာဏ် (AI) သုံးထားသော Application များကိုသုံး၍ လေယာဉ်ပျံ လက်မှတ်ဝယ်ခြင်း၊ ဟိုတယ် ဘွတ်ကင်တင်ခြင်း၊ ခရီးသွားအစီအစဉ် ရေးဆွဲခြင်းတို့ ပြုလုပ်လေ့ရှိပါသည်။ မြန်မာနိုင်ငံလေကြောင်းလိုင်းများ ၊ ဟိုတယ်များသည် ခရီးသွားများနှင့် အလွယ်တကူချိတ်ဆက်ပြီး ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးစားရပါမည်။ ဥပမာအနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဟိုတယ်နှင့်တည်းခိုခန်း ၁၅၀ ကျော် ရှိသော်လည်း Expedia ကဲ့သို့သော ခရီးသွားဝက်ဘ်ဆိုက်များပေါ်တွင် ချိတ်ဆက်ထားသော ဟိုတယ်အရေအတွက်မှာ ၄၀ ခန့်သာရှိပါသည်။ နိုင်ငံတကာ ခရီးသွားအေဂျင်စီများဖြစ်သော Airbnb၊ Expedia၊ Booking.com နှင့် TripAdvisor ကဲ့သို့သော နာမည်ကြီးဝက်ဘ်ဆိုက်များနှင့် မြန်မာနိုင်ငံမှ ဟိုတယ်များ ၊ ပြည်တွင်းလေကြောင်းလိုင်းတို့ ချိတ်ဆက်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ပံ့ပိုးကူညီရန်လိုပါသည်။ နိုင်ငံတကာတွင် လေကြောင်းလိုင်းများနှင့် ဟိုတယ်များက တီထွင်ဉာဏ် (AI) သုံး Chatbots (အွန်လိုင်းပေါ်မှ ဆက်သွယ်ခြင်း) များဖြင့် ခရီးသွားများ သိလိုသည်များ၊ အခက်အခဲများကို ၂၄ နာရီပတ်လုံး ဖြေရှင်းပေးနေပါသည်။ ဥပမာ အဲအေးရှား (Air Asia) သည် အလိုအလျောက် စကားပြောနိုင်သော ပလက်ဖောင်း Ada ကို သုံးခဲ့ပြီး လေးပတ်အတွင်း ဝန်ဆောင်မှုအရည်အသွေးကို သိသိသာသာ မြှင့်တင်နိုင်ခဲ့ပါသည်။ Ada မသုံးမီက လေကြောင်းလိုင်းကို ဆက်သွယ်လျှင် ၄၅ မိနစ် စောင့်ဆိုင်းရသော်လည်း Ada သုံးပြီးနောက် တစ်မိနစ်အတွင်း စုံစမ်းမှုကို အဖြေပေးနိုင်ပါသည်။ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍတွင် တီထွင်ဉာဏ် (AI) သုံးရန် လိုအပ်နေပါပြီ။

(၄) ပညာရေး

ပညာရေးကဏ္ဍတွင် တီထွင်ဉာဏ် (AI) ၏ အကျိုးပြုပုံများကို ရေးသားရာတွင် နာမည်ကြီးသူ မက်သူးလင့်ချ် (Mathew Lynch) က "စာသင်ခန်းတွင် တီထွင်ဉာဏ် (AI) က စာသင်ကြားခြင်းကို မထိခိုက်ပါ။ ပိုမိုရှုသာ သင်ကြားခြင်းကို အထောက်အကူပြုပါသည်" ဟု ဆိုပါသည်။ ပညာရေးကဏ္ဍတွင် တီထွင်ဉာဏ် (AI) ပေါင်းစပ်ခြင်းဖြင့် ရနိုင်သောအချက်များကို အကျဉ်းချုပ်ဖော်ပြပါမည်။

ကျောင်းသားတစ်ဦးချင်းအလိုက် စီစဉ်နိုင်ခြင်း

စာသင်ခန်းရှိ ကျောင်းသားတိုင်း၏ လိုအပ်ချက်များကို မည်သို့ဖြည့်ဆည်းရမည်ကို သိရန် ဆရာတစ်ဦးအတွက် အလွန်ခက်ခဲနိုင်ပါသည်။ တီထွင်ဉာဏ်(AI) စနစ်များသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ယူမှုလိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပေးပြီး ကျောင်းသားတိုင်း၏ အားသာချက်များနှင့် အားနည်းချက်များကိုအခြေခံ၍ သင်ကြားရမည့် သင်ခန်းစာများကို စီစဉ်ပေးနိုင်ပါသည်။

တစ်ဦးချင်းကို ဆန်းစစ်အကဲဖြတ်ခြင်း

ကျောင်းသားတစ်ဦးချင်း၏ ရရှိထားသော အသိပညာနှင့် သင်ကြားလေ့လာယူသည့် ပုံစံကို တီထွင်ဉာဏ် (AI) က ဆန်းစစ်အကဲဖြတ်ပြီး ကူညီပံ့ပိုးရမည့် အချက်များနှင့် သင်ယူရမည့် သင်ခန်းစာများကို စီစဉ်ပေးပါသည်။

စာမေးပွဲ စစ်ဆေးပေးခြင်း

တီထွင်ဉာဏ် (AI) သည် ပေးထားသောအဖြေသုံးပြီး စာမေးပွဲများကို စစ်ဆေးပေးနိုင်ပါသည်။ ကျောင်းသားများ၏ စာမေးပွဲအဖြေအချက်အလက်များကို စုစည်းပြီး ယင်းအချက်အလက်ပေါ် အခြေခံ၍ စာစီစာကုံးကဲ့သို့သော စစ်ဆေးရန်ခက်ခဲသည်များကိုပင် စစ်ပေးနိုင်ပါသည်။

သင်ရိုးစာအုပ်နှင့် သင်ကြားပုံနည်းစနစ်များကို ပြင်ဆင်ရန် အကြံပြုခြင်း

သင်ရိုးစာအုပ်နှင့် သင်ကြားပုံနည်းစနစ်များကို ပြင်ဆင်ရန် လိုအပ်သည့်အခါ တီထွင်ဉာဏ် (AI) က ဆရာများကို အကူအညီပေးပါသည်။ ဥပမာ မေးခွန်းတစ်ခုကို ကျောင်းသားအများစုက မှားရှာဖြေဆိုပါက တီထွင်ဉာဏ် (AI) သည် ကျောင်းသားများ သတိမထားမိသော ထူးခြားသည့်အချက်အလက်များ သို့မဟုတ် နားလည်မှုမှားနေသော သဘောတရားများကို ရှာပေးခြင်းဖြင့် ဆရာများကိုကူညီပါသည်။

ကျောင်းသားများကို ကူညီခြင်း

တချို့ကျောင်းသားများသည် စာသင်ခန်းထဲတွင် မေးခွန်းမေးရန်၊ အဖြေကို မှားဖြေမိ၍ ဆရာ၏ဝေဖန်ချက်ကို အများရှေ့တွင်နားထောင်ရန် ရှက်နေတတ်ပါသည်။ မေးခွန်းမေးခြင်း၊ မှားသည့်အဖြေကို ဖြေမိခြင်း၊ ဝေဖန်ခြင်းတို့ကို တီထွင်ဉာဏ် (AI)နှင့်ဆိုလျှင် ကျောင်းသားများက စိတ်လက်သက်သာစွာဖြင့် ဆောင်ရွက်ကြပါသည်။

မည်သည့်နေရာမှမဆို သင်ယူနိုင်ခြင်း

တီထွင်ဉာဏ် (AI) အခြေခံထားသော သင်ကြားရေးပလက်ဖောင်းများကိုသုံး၍ ကမ္ဘာပေါ်ရှိ နာမည်ကြီးတက္ကသိုလ်များမှ ဘာသာရပ်များကို အွန်လိုင်းမှ သင်ယူနိုင်ပါ သည်။ ၂၀၂၄ ခုနှစ်အတွက် ပညာသင်ကြားနိုင်သော ကမ္ဘာပေါ်ရှိ အကောင်းဆုံးပလက်ဖောင်းများတွင် LearnWorlds, Coursera, Skillshare, Udemy, Docebo, Edx, Moodle, Teachable, နှင့် Thinkific.တို့ ပါဝင်ပါသည်။

(၅) ကျန်းမာရေး

ကျန်းမာရေးစောင့်ရှောက်မှု စျေးကွက်တွင် ၂၀၂၁ ခုနှစ်အတွင်း တီထွင်ဉာဏ်(AI) သည် ဒေါ်လာ ၁၁ ဘီလီယံတန်ဖိုးရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ၁၈၇ ဘီလီယံတန်ဖိုးရှိမည်ဟု Statista က ခန့်မှန်းထားပါသည်။ (Statista သည် ဂျာမန်ကုမ္ဏီဖြစ်ပြီး ကိန်းဂဏန်းများကို စုဆောင်း၍ အထူးလေ့လာသောကုမ္ဏီ ဖြစ်ပါသည်) ဤကဲ့သို့ လျင်မြန်စွာ တိုးမြင့်လာမှုသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးရုံများအတွက် အလားအလာကောင်းတစ်ခု ဖြစ်ပါသည်။ ယခင်က ဆေးရုံများတွင် စာရွက်စာတမ်းများနှင့် အခြားသော စီမံခန့်ခွဲရေးတာဝန်များအတွက် အချိန်များစွာ သုံးစွဲခဲ့ကြရပါသည်။ ယခုအခါ တီထွင်ဉာဏ်(AI)၏

အလိုအလျောက် လုပ်ဆောင်မှုများကြောင့် ဝန်ထမ်းများသည် အခြားအလုပ်များနှင့် လူနာများအတွက် အချိန်ပိုပေးလာနိုင်ပါသည်။ ဥပမာအားဖြင့် Generative AI သည် ဆေးမှတ်တမ်းများကို စေ့စေ့စပ်စပ် ထိန်းသိမ်းထားနိုင်သည့်အပြင် လူနာများ၏အကြောင်းအရာ အကျဉ်းချုပ်အားလည်း မိနစ်ပိုင်းအတွင်း ရှာဖွေပေးနိုင်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်များ မြင့်တက်လာသဖြင့် ကိုင်တွယ်ဖြေရှင်းရန်နည်းလမ်းများကို ရှာဖွေခဲ့ကြပါသည်။ ယခုအခါ တီထွင်ဉာဏ်(AI) ဖြင့် သက်ကြီးရွယ်အိုများအား ဆေးသောက်ရန် သတိပေးခြင်း၊ နေ့စဉ် အသက်ရှင်လှုပ်ရှားရာတွင် ကူညီပေးခြင်းများလည်း ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း လူနာများအတွက် ဆေးဝါးများနှင့်ပတ်သက်သည့် မေးခွန်းများကို ဖြေကြားရန်၊ ဆရာဝန်များ သို့မဟုတ် ခွဲစိတ်ဆရာဝန်များထံ အစီရင်ခံစာများပေးပို့ရန်နှင့် လူနာများအား သမားတော်ထံ သွားရောက်ရာတွင် ရက်ချိန်းများ အကူအညီပေးနိုင်ရန်အတွက် အချို့ဆေးရုံကြီးများတွင် Chatbots များနှင့် Application များသုံးနေသော်လည်း တီထွင်ဉာဏ်(AI) သုံးစွဲနိုင်ခြင်း မရှိသေးပါ။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းနီးပါးသည် ကျေးလက်ဒေသများတွင် နေထိုင်ပါသည်။ ကျေးလက်ဒေသတွင် နေထိုင်သူများကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်ပါသည်။ အထူးကုဆရာဝန်များထိုင်သည့် ဆေးရုံများသည် မြို့ကြီးများတွင်သာရှိခြင်း၊ ကျေးလက်နေပြည်သူများ ကျန်းမာရေးအသိနည်းခြင်းတို့သည် စိန်ခေါ်မှုအချို့ ဖြစ်ပါသည်။ တီထွင်ဉာဏ်(AI)ကို သုံးခြင်းဖြင့် ဤစိန်ခေါ်မှုကို ကျော်လွှားနိုင်ပါသည်။ ကျန်းမာရေးလက်ပတ်မှရရှိသော အချက်အလက်များ၊ ဖြစ်ခဲ့သောရောဂါရာဇဝင်နှင့် ခံစားနေရသော ရောဂါလက္ခဏာတို့ကို သိရှိပါက တီထွင်ဉာဏ်(AI)က ခွဲခြမ်းစိတ်ဖြာဆန်းစစ်ပြီး လိုအပ်သည့်ဆေးကို လက်ကိုင်ဖုန်းမှတစ်ဆင့် ပေးပို့နိုင်ပါသည်။ တီထွင်ဉာဏ်(AI)ကို အခြေခံထားသော ကျန်းမာရေး စောင့်ရှောက်မှု Application များကို မြန်မာဘာသာဖြင့် ရေးသားနိုင်လျှင် မြန်မာပြည်သူများ၏ ကျန်းမာရေးများ ပိုမိုကောင်းမွန်လာပါမည်။

နိဂုံးချုပ်

တီထွင်ဉာဏ်(AI) သည် ၂၀၂၂ ခုနှစ်တွင် ဈေးကွက်အရွယ်အစား အမေရိကန်ဒေါ်လာ လေးဘီလီယံရှိသော ဈေးကွက်သည် Google's Bard နှင့် OpenAI's ChatGPT တို့ကြောင့် ၁၀နှစ်အကြာ ၂၀၃၂ ခုနှစ်ရောက်လျှင် အမေရိကန် ဒေါ်လာ ၁၃၀၀ ဘီလီယံထိ ကြီးထွားလာမည်ဟု ပညာရှင်များက ခန့်မှန်းထားပါသည်။ အဆပေါင်း ၃၀၀ ကျော် တိုးလာခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ကုမ္ပဏီ ၁၈၄၃ ခုကို မက်ကင်ဆီ (Mckinsey) က တီထွင်ဉာဏ်(AI) သုံးစွဲမှုနှင့်ပတ်သက်ပြီး စစ်တမ်းကောက်ယူခဲ့ရာ ဒေသအလိုက်သုံးစွဲမှုကို ပုံ (၂) က ပြသပါသည်။

ပုံ (၂)

ပျမ်းမျှအားဖြင့် စစ်တမ်းကောက်ယူသော ကုမ္ဏီများ၏ ၄၉ ရာခိုင်နှုန်းက တီထွင်ဉာဏ်(AI) ကို သုံးနေပြီဖြစ်ပါသည်။ တဖြည်းဖြည်းနှင့် တီထွင်ဉာဏ်(AI)ကို သုံးစွဲသည့်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ ကုမ္ဏီများသည် တိုးလာမည်သာ ဖြစ်ပါသည်။ တီထွင်ဉာဏ်(AI)ကို မြန်မာနိုင်ငံရှိ ကဏ္ဍပေါင်းစုံတွင် စတင်သုံးစွဲနိုင်မှသာ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာကို အမီလိုက်နိုင်မည်ဖြစ်ကြောင်း ရေးသားအသိပေးလိုပါသည်။

ကျော်ကျော်လှိုင် (SMART)

OmPf&nfwkn;ynm (AI) pnfr;Of;twGuf
urQ;vkqkd&m;ydkifqkdif;l
armifarmif;rif;oef;(pufwuóef;)

“ နိုင်ငံအတော်များများသည်
AI နှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများနှင့်
ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများပေါ်တွင်
ကွဲပြားခြားနားသော အမြင်များနှင့်
ပန်းတိုင်များကို နည်းလမ်းအမျိုးမျိုးနှင့် ဆောင်ရွက်နေသည်။ ”

ဓာတ်ပုံ-အင်တာနက်

အမေရိကန်၊ အီးယူနှင့် တရုတ်နိုင်ငံတို့သည် ဉာဏ်ရည်တုနည်းပညာ (AI) စည်းမျဉ်းသစ်များတွင် ကွဲပြားသော ဦးဆောင်မှုများပြုလုပ်နေ၍ AI သံခင်းတမန်ခင်းဆိုင်ရာ မူဘောင်အသစ်တစ်ခုသည် မဟာဗျူဟာမြောက် နည်းပညာဆိုင်ရာ ပြိုင်ဆိုင်မှု၏ အရိပ်အောက်တွင် ပေါ်ထွက်လာနေပြီ ဖြစ်သည်။

ယခုအခါ ဉာဏ်ရည်တုနည်းပညာသည် ယနေ့ကမ္ဘာလုံးဆိုင်ရာ နည်းပညာပြိုင်ဆိုင်မှုတွင် အဓိကနေရာမှ ရပ်တည်နေပြီဖြစ်သည်။ အထူးသဖြင့် Open AI ၏ ChatGPT ကို လွန်ခဲ့သောတစ်နှစ်က စတင်ရောင်းချခဲ့ကတည်းက ဖြစ်သည်။ ယခုအခါ ကုမ္ပဏီများနှင့် နိုင်ငံများအကြား နည်းပညာဆိုင်ရာ ခေါင်းဆောင်မှုပြိုင်ပွဲကို စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ တိုးချဲ့ခဲ့သည်။ အင်တာနက်နှင့် ဆိုရှယ်မီဒီယာကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းညှိရန် အမှားများကို ထပ်ခါထပ်ခါ မလုပ်ချင်ကြောင်း နိုင်ငံခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများက ကြွေးကြော်ခဲ့ကြသည်။

AI နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုမှ ကြေညာချက်များ၊ Belt and Road Initiative အတွက် ဆယ်နှစ်မြောက် ထိပ်သီးအစည်းအဝေးမှ ပေါ်ထွက်လာသော AI အုပ်ချုပ်ရေးဆိုင်ရာ တရုတ်နိုင်ငံမှ ထောက်ခံအားပေးမှုမူဘောင်နှင့် ဗြိတိန်နိုင်ငံတွင်ကျင်းပသော AI ဘေးကင်းမှု ထိပ်သီးအစည်းအဝေးတို့ကို လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်အတွင်းတွင် မြင်တွေ့ခဲ့ရသည်။ ကမ္ဘာအနှံ့လုပ်ဆောင်နေသော AI နှင့်ပတ်သက်သော စည်းမျဉ်းသတ်မှတ်ခြင်းများသည် ရှုပ်ထွေးသိမ်မွေ့ပြီး ကိုင်တွယ်ရမလွယ်ကူသော လုပ်ငန်းတာဝန်များ ဖြစ်လာသည်။ သို့ရာတွင် နိုင်ငံအတော်များများသည် AI နှင့်ပတ်သက်သော

စည်းမျဉ်းစည်းကမ်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများပေါ်တွင် ကွဲပြားခြားနားသော အမြင်များနှင့် ပန်းတိုင်များကို နည်းလမ်းအမျိုးမျိုးနှင့် ဆောင်ရွက်နေသည်။ ဤသို့ဖြင့် AI သံခင်းတမန်ခင်းအတွက် မူဘောင်အသစ်တစ်ခု ပုံဖော်လာပုံရသည်။

အမေရိကန်ပြည်ထောင်စု၏ AI နှင့်ဆိုင်သော စီမံအုပ်ချုပ်မှုအမိန့်

အောက်တိုဘာ ၁၀ ရက်နေ့တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ডန်သည် AI ဆိုင်ရာ စီမံအုပ်ချုပ်မှုအမိန့်ကို ကြေညာခဲ့သည်။ ဝါရှင်တန်သည် ၎င်း၏ ပြည့်စုံသော ဥပဒေပြုမှုကို ပြုလုပ်ရန် ကာလအတော်ကြာ ဝေဖန်ခံခဲ့ရသည်။ ဤသို့ ပြုလုပ်ရန်မှာ အချက်အလက်နှင့် ကိုယ်ရေးကိုယ်တာကာကွယ်မှုမှအစ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများ၏ တာဝန်အထိ ပြဿနာကိစ္စရပ်များပေါ်တွင် နည်းပညာကုမ္ပဏီကြီးများကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းရန်ဖြစ်သည်။

ဥရောပသမဂ္ဂ (EU) သည် အချက်အလက်၊ ကိုယ်ရေးကိုယ်တာနှင့် နည်းပညာတို့ကို စံနှုန်းများအဖြစ် ကြာမြင့်စွာ ရှုမြင်ထားသည်။ ၎င်းကို လူ့အခွင့်အရေးနှင့် စားသုံးသူ အကာအကွယ်ပေးခြင်းကဲ့သို့သော အခြေခံမူများ ထိန်းသိမ်းခြင်းအပေါ် အာရုံစိုက်ခြင်းနှင့်အတူ ရှုမြင်ထားသည်။ EU သည် ၎င်း၏ အဖွဲ့ဝင် ၂၇ နိုင်ငံအကြား စေ့စပ်ညှိနှိုင်းခြင်းကို နှစ်နှစ်ကျော် လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် ၎င်း၏ AI အက်ဥပဒေအတွက် နောက်ဆုံးသဘောတူညီချက် တစ်ခုရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။ EU ၏ AI စည်းမျဉ်းများသည် ဥပဒေအရ တင်းတင်း ကျပ်ကျပ် ထိန်းချုပ်ရမည့် ကြီးမားသောအန္တရာယ်များအဖြစ် အမျိုးအစားခွဲခြားထားသော စနစ်များနှင့်အတူ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် လိုက်နာမှုများအလိုက် ပြုမူ ဆောင်ရွက်သည်။ အမေရိကန်၏ စီမံအုပ်ချုပ်မှုဆိုင်ရာအမိန့်တွင် သတ်မှတ်ထားသော လုပ်ဆောင်မှု ရှစ်ခုအနက် တစ်ခုတည်းသော လုပ်ဆောင်ချက်မှာ စည်းမျဉ်းသတ်မှတ်ခြင်း ဖြစ်သည်။ ၎င်းစည်းမျဉ်းသတ်မှတ်ခြင်းသည် အဓိက အနှစ်သာရကျသောအပိုင်းဖြစ်သည်။ ၎င်းနှင့်အတူ ဖက်ဒရယ်အစိုးရ၏ AI အသုံးချမှုတွင် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများနှင့်ပတ်သက်၍ လုပ်ဆောင်သော အခြားလုပ်ဆောင်မှု ခုနစ်ခုလည်း ပါရှိပါသည်။

စီမံအုပ်ချုပ်မှုအမိန့်၏ အထင်ရှားဆုံးအပိုင်းတွင် AI နည်းပညာဆိုင်ရာ "ဘေးကင်းရေးနှင့် လုံခြုံရေးကို အာမခံခြင်း" ပါဝင်သည်။ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများပေါ်တွင် စည်းမျဉ်းသတ်မှတ်ခြင်းလည်း ပါဝင်သည်။ ဤအပိုင်းတွင် AI မော်ဒယ်များကို စီးပွားဖြစ် ဆောင်ရွက်နေသော developer များ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် အောင်မြင်မှုကို အဓိကထားဆောင်ရွက်နေသည်။ ၎င်းပူးပေါင်းဆောင်ရွက်မှုကို အိမ်ဖြူတော်နှင့် အဆိုပါ ကုမ္ပဏီများအကြား ပြုလုပ်ခဲ့ရာ "ထိပ်တန်း AI ကုမ္ပဏီများ" ထံမှ ရရှိသော "ဆန္ဒအလျောက် ကတိကဝတ်များ"ပေါ်တွင် အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ ၎င်းမှာ အာရုံစိုက်မှု အများဆုံးလည်း ရရှိခဲ့သည်။ စီမံအုပ်ချုပ်မှုအမိန့်၏ တခြားသော လုပ်ဆောင်ချက်များသည် အများအားဖြင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။ ထိုသို့ စီမံအုပ်ချုပ်မှုအမိန့် ကြေညာခဲ့သည်မှာ အမေရိကန်အနေဖြင့် ၎င်း၏ ဦးဆောင်မှုကို ထိန်းသိမ်းထားရန်အတွက် လည်း ဖြစ်သည်။ စီမံအုပ်ချုပ်မှုအမိန့်၏ တခြားသောလုပ်ဆောင်ချက်များတွင် အောက်ပါတို့ ပါဝင်သည်။ ၎င်းတွင် အမျိုးသား AI သုတေသနအရင်းအမြစ် (NAIRR) အတွက် ရှေ့ပြေး အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းတို့ ပါဝင်သည်။

တီထွင်ခြင်းနှင့် ယှဉ်ပြိုင်မှုကို မြှင့်တင်ခြင်း

ဤကဏ္ဍတွင် ဉာဏ်ပစ္စည်းမူပိုင်ခွင့် (IP) မြှင့်တင်ခြင်း၊ IP ခိုးယူမှုကို ကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရာသီဥတုအတွက် AI အသုံးပြုမှုကို မြှင့်တင်ပေးခြင်း၊ AI စျေးကွက်ယှဉ်ပြိုင်မှုကို ပိုမိုသေချာစေရန်နှင့် ၎င်း၏ စည်းမျဉ်းချမှတ်ပိုင်ခွင့် အာဏာကျင့်သုံးခြင်းကို ဆောင်ရွက်ရန် ဖက်ဒရယ်ကုန်သွယ်မှုကော်မရှင် (FTC) ကို တောင်းဆိုခြင်းတို့ ပါဝင်သည်။

အလုပ်သမားများကို ပံ့ပိုးပေးခြင်း

ဤကဏ္ဍတွင် AI ကျွမ်းကျင်သော လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်စီစဉ်ခြင်းများ ဆောင်ရွက်ခြင်း သို့မဟုတ် ၎င်းတို့၏ သုခချမ်းသာအပါအဝင် အလုပ်သမားများအပေါ် AI ၏ အကျိုးသက်ရောက်မှုများကို ပိုမိုနားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

သာတူညီမျှမှုနှင့် နိုင်ငံသားအခွင့်အရေးများကို မြှင့်တင်ခြင်း

၎င်းတွင် တရားစီရင်ရေးစနစ်၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု လူမှုအကျိုးခံစားခွင့်များ စသောနယ်ပယ်များနှင့် ဌာနရမ်းမှု အိမ်ရာနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော စီးပွားရေး လုပ်ငန်းများတွင် AI ဖြင့် ပိုမိုဆိုးရွားလာစေနိုင်သော ဥပဒေမဲ့ ခွဲခြားဆက်ဆံမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ ပါဝင်သည်။

စားသုံးသူများ၊ လူနာများ၊ ခရီးသည်များနှင့် ကျောင်းသားများကို အကာအကွယ်ပေးခြင်း

ဤလုပ်ဆောင်ချက်တွင် လိမ်လည်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှုမှ လူများကို ကာကွယ်ပေးရေး ကြိုးပမ်းလုပ်ဆောင်ရန် ကဏ္ဍအလိုက်ချဉ်းကပ်မှုကို အသုံးပြုသည်။ ကျန်းမာရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ပညာရေးကဏ္ဍများတွင် AI ကြောင့် သက်ရောက်မှုရှိသော "ဘေးကင်းရေး၊ ကိုယ်ရေးကိုယ်တာနှင့် လုံခြုံရေးစံနှုန်းများ ပေါင်းစပ်ထည့်သွင်းခြင်း" တို့ကို ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

ကိုယ်ရေးကိုယ်တာအချက်အလက်များ ကာကွယ်ခြင်း

ဤလုပ်ဆောင်ချက်သည် လူတစ်ဦးချင်းအတွက် ကိုယ်ရေးကိုယ်တာ စည်းမျဉ်းစည်းကမ်းစနစ်အတွက် စည်းမျဉ်းသတ်မှတ်ခြင်းနှင့် မပတ်သက်ချေ။ အစိုးရအေဂျင်စီများမှ ဝယ်ယူထားသော စီးပွားရေးအရ ရရှိနိုင်သော အချက်အလက်များကို အသုံးပြုခြင်းကို ပြန်လည်အကဲဖြတ်ခြင်းသာ ဖြစ်သည်။ ထို့အပြင် ကိုယ်ရေးကိုယ်တာ မြှင့်တင်ခြင်းနည်းပညာများ (PETS) အတွက် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးခြင်းလည်းဖြစ်သည်။

ဖက်ဒရယ်အစိုးရ၏ AI အသုံးပြုမှုကို မြှင့်တင်ခြင်း

ဖက်ဒရယ်အစိုးရ အေဂျင်စီများအတွင်း AI စီမံခန့်ခွဲမှု လမ်းညွှန်ချက်ကို သတ်မှတ်ခြင်းဖြစ်သည်။ အေဂျင်စီတစ်ခုစီတွင် AI အရာရှိချုပ်တစ်ဦး ခန့်အပ်ခြင်းလည်း ပါဝင်သည်။

ပြည်ပတွင် အမေရိကန် ခေါင်းဆောင်မှုကို အားကောင်းစေခြင်း

အမေရိကန် AI သံခင်းတမန်ခင်းအတွက် ဖွဲ့စည်းဆောင်ရွက်လျက် AI စံချိန်စံညွှန်းများ မြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းအပြင် အခြားသော အစီအမံများပေါ်တွင် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခု ချမှတ်ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်အစိုးရက

လက်ခံကျင့်သုံးသော စံနှုန်းများနှင့် လမ်းညွှန်ချက်များ စတင်ခြင်းနှင့်အတူ US AI Soft Power ၏ သရုပ်သဏ္ဌာန်အနေဖြင့် စီမံအုပ်ချုပ်မှုအမိန့်သည် ကမ္ဘာကိုလွှမ်းမိုးရန် အမေရိကန်ပြည်ထောင်စု၏ ပြည်တွင်း AI စီမံအုပ်ချုပ်မှုကို အားကိုးရန် ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှု ပဏာမခြေလှမ်း

အမေရိကန်၏ စီမံအုပ်ချုပ်မှုအမိန့် ထုတ်ပြန်ကြေညာသည့်အချိန်မတိုင်ခင် နှစ်ပတ်အချိန်ကာလတွင် တရုတ်နိုင်ငံကလည်း ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှု ပဏာမခြေလှမ်း (Global AI Governance Initiative) ကို ကြေညာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ Belt and Road Initiative ၏ (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ပေကျင်း၌ ကျင်းပခဲ့သော Belt and Road ဖိုရမ်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

စကားလုံး ၂၀,၀၀၀ နီးပါးရှည်လျားသော အမေရိကန် စီမံအုပ်ချုပ်မှုအမိန့်နှင့် မတူသည်မှာ တရုတ်ကြေညာချက်တွင် စာလုံးရေ ၁၅၀၀ ခန့်သာပါဝင်ပြီး အဆင့်မြင့် အခြေခံမူအများအပြားသာ ပါရှိခဲ့သည်။ ယင်းအခြေခံမူများတွင် AI ဖွံ့ဖြိုးတိုးတက်မှုကို လိုက်နာခြင်း၊ AI အန္တရာယ်များကို ကာကွယ်ရန်၊ AI နည်းပညာများ အသုံးပြုမှုကို အားပေးရန် ကျယ်ပြန့်သော ပါဝင်ဆောင်ရွက်ခြင်းနှင့် အများဆန္ဒကို အခြေခံသော ဆုံးဖြတ်ချက်ချခြင်းတို့နှင့်အတူ တရားမျှတခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း စသည်တို့ပါဝင်သည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ စစ်မှန်သော ရည်မှန်းချက်များအကြောင်း ပိုမိုသရုပ်ပေါ်စေနိုင်သော သိမ်မွေ့သော ဘာသာစကားအချို့ရှိသည်။ ၎င်းသည် အခြားနိုင်ငံများ၏ ဥပဒေများကို လုံးဝလိုက်နာရန်နှင့် အခြားနိုင်ငံများ၏ နိုင်ငံတော်အချုပ်အခြာအာဏာကို လေးစားလိုက်နာရန် လိုအပ်ကြောင်း ထပ်လောင်းဖော်ပြခဲ့သည်။ ၎င်းသည် ပြည်သူလူထု ထင်မြင်ယူဆချက်များကို ကြိုးကိုင်ခြယ်လှယ်ခြင်း၊ မဟုတ်မမှန် လုပ်ကြံဖြန့်ဝေခြင်း၊ အခြားနိုင်ငံများ၏ ပြည်တွင်းတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကို ထိခိုက်စေခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် AI နည်းပညာများ အသုံးပြုခြင်းကို ဆန့်ကျင်သည်။ ၎င်းသည် “ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်ရေးတွင် ဖွံ့ဖြိုးရေးနိုင်ငံများကို ကိုယ်စားပြုမှုနှင့် ၎င်းနိုင်ငံများ၏ စကားသံများ” အတွက် ရပ်တည်ကာကွယ်ပေးသည်။ သို့သော်လည်း “ ၎င်းတို့အနေဖြင့် သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းများနှင့် နည်းဥပဒေများကို တဖြည်းဖြည်းဖော်ဆောင်ပြီး မြှင့်တင်သင့်သည်”ဟု ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ထားသည်။

အမှန်စင်စစ် တရုတ်ရည်မှန်းချက်များကို အောက်တိုဘာလ ၁၉ ရက်နေ့ထုတ် People’s Daily ထင်မြင်သုံးသပ်ချက် ဆောင်းပါးတွင် ပိုမိုရှင်းလင်းစွာ ဖော်ပြခဲ့သည်။ မေလတွင် G–7 AI စီမံအုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းကြေညာချက်ကို ဝေဖန်ရေးသား ဖော်ပြခဲ့သည်။ ထို့ကြောင့် AI နည်းပညာစံနှုန်းများ သတ်မှတ်ရေးတွင် တရုတ်နိုင်ငံ၏ ပါဝင်မှုကို မချန်လှပ်ရန် “နည်းပညာစက်ဝိုင်းငယ်”ကို ဗီသုကာပြုခြင်း ဖြစ်ကြောင်းလည်း ဖော်ပြခဲ့သည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဝန်ကြီးဌာန ခုနစ်ခုနှင့် အေဂျင်စီများက ပူးပေါင်းအတည်ပြုထားသော မျိုးဆက်သစ် AI ဝန်ဆောင်မှုများ၏

စီမံခန့်ခွဲမှုအတွက် ကြားဖြတ်အစီအမံများကို မြင်တွေ့ရသည်။ အမှန်အားဖြင့် AI စည်းမျဉ်းစည်းကမ်းများ ချမှတ်ရန် တရုတ်နိုင်ငံ၏ ချဉ်းကပ်နည်းသည် တဖြည်းဖြည်း ခဲယဉ်းလျက်ရှိသည်။ ယင်းဥပဒေများကို မကြာခဏ တိုးတက်အောင် ပြုလုပ်ပေးသော်လည်း အတန်ငယ်မြန်ဆန်ပြီး ပြတ်သားသည်။ ယေဘုယျအားဖြင့် ၎င်းဥပဒေများသည် ကျယ်ပြန့်ပြီး မရေရာသော မြင့်မားသောအဆင့်ရှိ အခြေခံမူများနှင့် ယေဘုယျ အသုံးနှုန်းများကို မကြာခဏ ရည်ညွှန်းလေ့ရှိသည်။

ဗြိတိန် AI ထိပ်သီးအစည်းအဝေးမှ AI သံတမန်ရေးရာ အထိ

အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် အီးယူ တို့သည် AI စည်းမျဉ်းစည်းကမ်းများအတွက် ယှဉ်ပြိုင်ရန် ဦးဆောင်ထားသောကြောင့် ၂၀၂၃ ခုနှစ် ဇွန်လတွင် ဗြိတိန်အစိုးရမှ AI လုံခြုံရေးဆိုင်ရာ ပထမဆုံး ကမ္ဘာလုံးဆိုင်ရာ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကြေညာခဲ့သည်။ ထိုသို့ကြေညာခဲ့ခြင်းမှာ အနည်းငယ် အံ့သြစရာဖြစ်ခဲ့သည်။ အမှန်စင်စစ် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rishi Sunak က “AI ကို စည်းမျဉ်းတကျ ထိန်းသိမ်းရန် အလျဉ်စလိုလုပ်မှာ မဟုတ်ဘူး” ဟူသော ဖော်ပြချက်နှင့်အတူ ဗြိတိန်နိုင်ငံသည် AI စည်းမျဉ်းတွင် နောက်ကျကျန်နေခဲ့သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘာတစ်ဝန်းမှ အစိုးရ၊ စီးပွားရေးလုပ်ငန်းနှင့် ပညာရေးခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ နိုင်ငံရေးအရ အမေရိကန် ဒုတိယသမ္မတ Kamala Harris တက်ရောက်ခြင်း သည် ထွန်းသစ်စနည်းပညာပေါ်တွင် အမေရိကန် အာဏာကို အကြွင်းမဲ့ပြသခြင်းအတွက် ပလက်ဖောင်းတစ်ခု ဖြစ်သည်။

တရုတ်၊ အမေရိကန်ပြည်ထောင်စုနှင့် အီးယူ အပါအဝင် Bletchley ကြေညာစာတမ်းကို ၂၇ နိုင်ငံက သဘောတူညီခဲ့ပြီး လက်မှတ်ရေးထိုးခြင်းနှင့်အတူ ထိပ်သီးအစည်းအဝေးတွင် တိုးတက်မှုရရှိခဲ့သည်။ တရားဝင် သတင်းထုတ်ပြန်ကြေညာချက်သည် “သိပ္ပံ နည်းကျပြီး အထောက်အထားကို အခြေခံသော

“ ၂၀၂၃ ခုနှစ် ဇွန်လတွင် ဗြိတိန်အစိုးရမှ AI လုံခြုံရေးဆိုင်ရာ ပထမဆုံး ကမ္ဘာလုံးဆိုင်ရာ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကြေညာခဲ့သည်။ ”

နားလည်မှုကို တည်ဆောက်ခြင်း၊ ဘေးကင်းလုံခြုံမှု ရှိစေရန် နိုင်ငံများအကြား သက်ဆိုင်ရာ အခြေခံမူဝါဒများ တည်ဆောက်ခြင်း၊ AI ဘေးကင်းမှု အန္တရာယ်များကို ခွဲခြားသတ်မှတ်ရန်နှင့် AI ၏ အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်”တို့အပေါ်တွင် အာရုံစိုက်သည်။

သို့ရာတွင် အမေရိကန်အစိုးရသည် ၎င်း၏ AI စီမံဆောင်ရွက်မှုအမိန့်အတွက် ၎င်း၏ ကြေညာချက်တွင် နိုင်ငံတကာမူဘောင် တည်ဆောက်ရန် နိုင်ငံပေါင်း ၂၀ နှင့် အီးယူတို့နှင့် ထိတွေ့ဆက်ဆံခဲ့ပြီး ၎င်း၏ ကြိုးပမ်းမှုများ ကြွေးကြော်ခဲ့သည်ကိုလည်း လျစ်လျူမရှုသင့်ချေ။ ဤကြွေးကြော်မှုက Beltchley ကြေညာစာတမ်းကို လက်မှတ်ရေးထိုးသူ အများစုနှင့် တက်ရောက်လာသော နိုင်ငံများကို လွှမ်းခြုံထားသည်။ သို့သော်လည်း ကမ္ဘာလုံးဆိုင်ရာ AI သံခင်းတမန်ခင်းနှင့် အနာဂတ်မူဘောင်တို့အတွက် အခြေခံကိုဖော်ဆောင်လျက် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုကိုလည်း လက်ခံယုံကြည်ကြသည်။

အမှန်စင်စစ် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ဆင်တူသော အေဂျင်စီအသစ်အတွက် ထောက်ခံအားပေးသော ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းခေါင်းဆောင်များက AI စီမံအုပ်ချုပ်မှုအတွက် နိုင်ငံတကာ စည်းမျဉ်းမူဘောင်တစ်ရပ်ရေးဆွဲရန် မကြာခဏ တောင်းဆိုမှုများရှိခဲ့သည်။ ဗြိတိန်တွင် ကျင်းပသော AI ဘေးကင်းလုံခြုံမှု ထိပ်သီးအစည်းအဝေးသည် ယင်းဦးတည်ချက်အတွက် ပထမခြေလှမ်းဖြစ်သည်။

ထို့ပြင် Chips များနှင့် အခြားထိပ်တန်းနည်းပညာများပေါ်တွင် ပို့ကုန်ထိန်းချုပ်မှုနှင့်ပတ်သက်၍ တရုတ်၏ AI ဖွံ့ဖြိုး တိုးတက်မှုအတွက် အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ မဟာမိတ်များက တည်ဆောက်ထားသော အတားအဆီးများကို သွယ်ဝိုက်၍ ကန့်ကွက်ခဲ့သည်။ အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များက လွှမ်းမိုးထားမှုကို ဖွင့်ဟဖော်ပြခဲ့သော်လည်း နိုင်ငံများသည် AI အန္တရာယ်များကို မြင့်မားသောအဆင့်တွင် အမြင်များမျှဝေရန် အနည်းဆုံး စုစည်းနိုင်ခဲ့ကြသည်။ ဤသဘောတရားအရ တရုတ်၏ လက်ရှိပါဝင်မှုသည် ၎င်းတို့၏ ဆန္ဒများအပေါ် အနည်းဆုံး ထင်ဟပ်သင့်သည်။ ထို့အပြင် ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှုသို့ ရှေးရှုသော ဤအထူးတွန်းအားပေးမှုအပေါ် ၎င်းတို့၏ “စောင့် ကြည့်” သဘောထားကိုလည်း ထင်ဟပ်သင့်သည်။

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

Ref: Global Competition for AI Regulations or a Framework for AI Diplomacy by Charles Mok]

ÓPf&nfwk(AI) ESufu rnQ;kd&d;
oefxef;DIaoe*F

“ ၁၉၈၀ ပြည့်နှစ် နောင်းပိုင်းကာလများတွင်
AI စနစ်သည် ပြန်လည်ပေါ်ထွန်းလာခဲ့ကာ
ဗဟုသုတများ သိုမှီးထားပြီး မေးခွန်းဖော်ထုတ်ခြင်းနှင့်
အကြံဉာဏ်ပေးခြင်း ပြုလုပ်နိုင်သော စနစ်များ၊ အာရုံခံကွန်ရက်စနစ်များ၊
သင်ယူနိုင်စွမ်းရှိသည့် စက်ပစ္စည်းများ စသည်တို့ကိုပါ
တစ်ပါတည်း ခေါ်ဆောင်လာခဲ့သည်။ ”

ဓာတ်ပုံ-အင်တာနက်

လူသားများသည် ကမ္ဘာတွင် အသိဉာဏ်အမြင့်မားဆုံး သတ္တဝါများ ဖြစ်ကြသည့် အလျောက် ထိုးထွင်းကြံဆခြင်း၊ တီထွင်ဆန်းသစ်ခြင်း အစရှိသည့် ပြောင်းလဲမှုများဖြင့် လူနေမှုဘဝများကို တိုးတက်စေခဲ့သည်မှာ ကျောက်ခေတ်မှစ၍ ယနေ့ခေတ်အထိပင် ဖြစ်သည်။ ယနေ့ကမ္ဘာကြီးသည် နည်းပညာပိုင်းတွင် အရှိန်အဟုန် ဖြင့် ပြောင်းလဲလျက်ရှိပြီး ခေတ်မီမှုကို ဖော်ညွှန်းနေသော စကားရပ်တစ်ခုသည် နည်းပညာနယ်ပယ်တွင် ကျယ်ကျယ် ပြန့်ပြန့် နေရာယူလျက် ရှိနေသည်ကို တွေ့မြင်နိုင်သည်။ အဆိုပါစကားရပ်မှာ ဉာဏ်ရည်တု (Artificial Intelligence) AI ဖြစ်သည်။ AI ၏ အရေးပါမှုနှင့် လုပ်ဆောင်နိုင်စွမ်းများ ပိုမို မြင့်မားစွာ တိုးတက်လာသည့်အလျောက် လူသားတို့၏ လုပ်ငန်းဆောင်တာများထဲသို့ ပို၍ ပို၍ ပေါင်းစပ်ဝင်ရောက်လျက် ရှိသည်။

နည်းပညာပိုင်း အဆင့်မြင့်လာသည့်အပြင် သင်ယူလေ့လာနိုင်စွမ်းရှိသော AI လုပ်ငန်းစဉ်များကြောင့် လူသားထုအတွက် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပွားလာနိုင်ပြီး မမျှော်မှန်းနိုင်သော အန္တရာယ်များကိုပါ သယ်ဆောင်လာနိုင်ကြောင်း တွက်ဆမှုများလည်း ပေါ်ထွက်လာခဲ့သည်။ AI ၏ စွမ်းဆောင်ရည်နှင့် သုံးစွဲရလွယ်ကူမှုများကြောင့် နယ်ပယ်စုံ၊ ကဏ္ဍစုံသို့ ခြေဆန့်နိုင်ခဲ့ပြီး အစိုးရလုပ်ငန်းဆောင်တာများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် ကဲ့သို့သော အရေးကြီးသည့် နိုင်ငံရေးနယ်ပယ်များတွင်လည်း ထိုးဖောက်ဝင်ရောက်နိုင်စွမ်း ရှိလာပါသည်။ လူသားတို့ကိုယ်တိုင် တီထွင်ခဲ့သော အသုံးချနည်းပညာတစ်ရပ်သည် လူသား တို့အပေါ်၌ လွှမ်းမိုးချုပ်ကိုင်သွားမည်လား သို့မဟုတ် လူသားထုအတွက် အကျိုးရှိစွာ

ခိုင်းစေအသုံးချနိုင်မည်လား ဆိုသည်မှာလည်း အဖြေရှာရန် မလွယ်ကူသေးသော ပုစ္ဆာတစ်ရပ် အဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။

AI ၏ ကောက်ကြောင်းများ

AI၏သမိုင်းကြောင်းကိုပြန်လည်ခြေရာကောက်ရပါလျှင် ရှေးခေတ်များစွာကတည်းက စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ပါလိမ့်မည်။ ရှေးဟောင်းဒဏ္ဍာရီများ၊ ပုံပြင်များနှင့် ကောလာဟလများတွင် တွေ့ရနိုင်သော လက်မှုအနုပညာဖန်တီးရှင်တစ်ဦးဦးမှ ဖန်တီးတီထွင်လိုက်သည့် အသိဉာဏ်ရှိနေသည့် လူတူသတ္တဝါ အမျိုးမျိုးတို့အကြောင်းသည် AI ၏ မူလရင်းမြစ်ဟု ကောက်ချက်ချနိုင်ပါသည်။ သို့သော် ခေတ်ပေါ် AI ၏ ခြေလှမ်းအစသည် ၂၀ ရာစုအတွင်း၌ ပေါ်ထွန်းလာခဲ့သည်။ အယူအဆပိုင်းအရ အရစ္စတိုတယ်ကဲ့သို့သော ခေတ်ဟောင်းမှတွေးခေါ်ပညာရှင်များသည် ဉာဏ်ရည်နှင့် အလိုအလျောက်လုပ်ဆောင်ခြင်း၏ သဘောသဘာဝကို စဉ်းစားသုံးသပ်ခြင်းများ ရှိခဲ့ပြီးဖြစ်သည်။ AI ၏ စတင်ပေါ်ထွန်းခြင်းအဖြစ် ၁၉၅၀ ပြည့်နှစ်များတွင် ကွန်ပျူတာပညာရှင် John McCarthy က ဉာဏ်ရည်တု (Artificial Intelligence) ဟူသော အသုံးအနှုန်းကို စတင်မိတ်ဆက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် McCarthy က Dartmouth Conference ကို စတင်ကျင်းပခဲ့ပြီး AI နယ်ပယ်ကို တရားဝင်တည်ထောင်ခဲ့သည်။ အဆိုပါကွန်ဖရင့်သည် AI ကို စူးစမ်းလေ့လာမှု ခြေလှမ်းတစ်ခုအဖြစ် မွေးဖွားလိုက်ခြင်းလည်း ဖြစ်သည်။

AI ၏ အစောပိုင်းကာလ သုတေသနများကို ၁၉၅၀ မှ ၁၉၇၀ ပြည့်နှစ်များအတွင်း ပြုလုပ်ခဲ့ကြပြီး သုတေသီများက "good old-fashioned AI" (GOFAI) ဟု လူသိများသော သင်္ကေတဖြင့် သရုပ်ဖော်သည့် AI ကို ဗဟိုပြုလေ့လာခဲ့ကြသည်။ သူတို့သည် ယုတ္တိဗေဒဆိုင်ရာ ကျိုးကြောင်းဆင်ခြင်မှုနှင့် သင်္ကေတဆိုင်ရာ ကိုင်တွယ်မှုများကို အသုံးပြုပြီး သီးခြားပြဿနာများကို ဖြေရှင်းနိုင်သည့် ပရိုဂရမ်များကို တီထွင်ခဲ့သည်။ ထင်ရှားသော အောင်မြင်မှုများတွင် Logic Theorist (1956)၊ General Problem Solver (1957) နှင့် LISP Programming Language ကို မိတ်ဆက်ခြင်းတို့ ပါဝင်သည်။ စဦးကာလများတွင် အကောင်းမြင်မှုများ ရှိခဲ့သော်လည်း AI ၏ တိုးတက်မှုသည် မျှော်လင့်ထားသည်ထက် နှေးကွေးသွားကာ ၁၉၇၀ မှ ၁၉၈၀ ပြည့်နှစ်များအတွင်း "AI Winter" (AI ဆောင်းရာသီ) ဟု သတ်မှတ်ခေါ်ဆိုသော ကာလတစ်ခုသို့ ဦးတည်သွားခဲ့သည်။ AI သုတေသနအတွက် ရန်ပုံငွေထောက်ပံ့မှုများ လျော့နည်းသွားကာ AI စနစ်များ၏ စွမ်းဆောင်နိုင်ရည်အပေါ် အလွန်အကျွံ အာမခံထားသလောက် တကယ်တမ်း အလုပ်လုပ်ဆောင်နိုင်စွမ်း နည်းပါးခြင်းတို့ကြောင့်လည်း စိတ်ဝင်စားမှုတို့ လျော့ကျသွားခဲ့သည်။

၁၉၈၀ ပြည့်နှစ် နောင်းပိုင်းကာလများတွင် AI စနစ်သည် ပြန်လည်ပေါ်ထွန်းလာခဲ့ကာ ဗဟုသုတများ သိုမှီးထားပြီး မေးခွန်းဖော်ထုတ်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း ပြုလုပ်နိုင်သော စနစ်များ၊ အာရုံခံကွန်ရက်စနစ်များ၊ သင်ယူနိုင်စွမ်းရှိသည့် စက်ပစ္စည်းများ စသည်တို့ကိုပါ တစ်ပါတည်း ခေါ်ဆောင်လာခဲ့သည်။ ဆေးပညာနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲခြင်းကဲ့သို့သော နယ်ပယ်များတွင် လူသားဆိုင်ရာ အသိပညာများကို အမှတ်သင်္ကေတများဖြင့် ပြောင်းလဲ

ထည့်သွင်းထားသော စည်းမျဉ်းသတ်မှတ်ထားရှိသည့် ပုံစံများ၊ အသုံးချညွှန်ကြားချက် ပရိုဂရမ်များကို သုံးစွဲလာကြသည်။ လူသား ဦးနှောက်ကဲ့သို့ ပုံစံတူလှုံ့ဆော်မှု (စဉ်းစားတွက်ချက်ခြင်းကဲ့သို့သော လုပ်ငန်းစဉ်များ) ပေးနိုင်သော အာရုံခံကွန်ရက်အစုအဝေးများကို အသုံးချပြီး စီမံကိန်းပုံစံချမှတ်သည့် ကိစ္စရပ်များက ရေပန်းစားလာခဲ့သည်။ အထူးသဖြင့် ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များကို အခြေခံထားသော စက်ပစ္စည်းတစ်ခု၏ ပြဿနာဖြေရှင်းခြင်းနှင့် အလုပ်လုပ်ဆောင်ခြင်းစနစ် (Algorithm)သည် အချက်အလက်များပေါ်မှ ထပ်ဆင့်လေ့လာသင်ယူနိုင်စွမ်းကို ရရှိလာစေခြင်းဖြင့် AI ၏ ခေတ်ပြောင်းတော်လှန်ရေး စတင်ခဲ့သည်။

“နည်းပညာ၏ နှစ်လိုဖွယ်ရာ ကောင်းခြင်းတစ်ဖက်နှင့် မမြင်နိုင်သော ဆိုးခြင်းတစ်ဖက်ကြား အားပြိုင်လျက်ရှိနေပြီး AI ၏ အနာဂတ် အလားအလာနှင့် လုပ်ဆောင်နိုင်စွမ်းကို ဆက်လက် စောင့်ကြည့် လေ့လာရန် ဖြစ်လာပါသည်။”

၁၉၉၀ ပြည့်နှစ်များမှစ၍ တွက်ချက်အဖြေထုတ်နိုင်သည့် စွမ်းအား၊ အချက်အလက် စုဆောင်းရယူနိုင်စွမ်းနှင့် စက်မှု Algorithm ဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ တိုးတက်မှုများကြောင့် AI ၏ သိသာထင်ရှားသော ခြေလှမ်းများကို မြင်တွေ့လာခဲ့ရသည်။ နက်ရှိုင်းစွာ သင်ယူနိုင်စွမ်းရှိသော AI နည်းပညာများကြောင့် ပုံရိပ်ဖတ်စစ်ဆေးအတည်ပြုခြင်း၊ ကိုယ်ပိုင်သင်္ကေတ အခြေခံလုပ်ငန်းစဉ်များနှင့် အမှီအခိုကင်းသော စနစ်များကဲ့သို့သော တိုးတက်မှုများ ပေါ်ထွက် လာခဲ့သည်။ AI ၏ အသုံးချပရိုဂရမ်များသည် ကျန်းမာရေး စောင့်ရှောက်မှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ သယံဇာတ ပို့ဆောင်ရေးနှင့် ဖျော်ဖြေရေးကဏ္ဍများတွင် လျင်မြန်သည့် ကြီးထွားမှုဖြင့် နေရာယူလာကြသည်။ AI နည်းပညာများသည် ပိုမိုအားကောင်းပြီး ပျံ့နှံ့လာသည်နှင့်အမျှ ဘက်လိုက်မှုများ၊ ကိုယ်ရေးကိုယ်တာ ချိုးဖောက်ခံရမှုများ၊ အလုပ်အကိုင် နေရာပျောက်ဆုံးမှုများနှင့် အလွဲသုံးစားမှု အလားအလာများ အပါအဝင် ကျင့်ဝတ်ဆိုင်ရာ ဂယက်ရိုက်ခတ်မှုများနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများလည်း တိုးမြင့်လာပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခြင်းသည် သုတေသီများ၊ မူဝါဒချမှတ်သူများနှင့် စီးပွားရေးကဏ္ဍမှ အစုရှယ်ယာရှင်များအတွက် အဓိကအာရုံစိုက်ရမည့် ကိစ္စရပ်တစ်ခု ဖြစ်လာခဲ့သည်။

AI ၏ သမိုင်းကြောင်းတစ်လျှောက်တွင် စိတ်လှုပ်ရှားဖွယ်ရာ အချိန်ကာလများ၊ စိတ်ပျက်အားငယ်ရသော ကာလများ၊ ပြန်လည်ရှင်သန်နိုးထလာခဲ့သောကာလများနှင့် ၎င်း၏လားရာကို ထုဆစ်ပုံဖော်လျက်ရှိနေပြီး လူအဖွဲ့အစည်းအတွင်း ရိုက်ခတ်မှုများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း တွေ့မြင်နိုင်သည်။ နည်းပညာ၏ နှစ်လိုဖွယ်ရာ ကောင်းခြင်း တစ်ဖက်နှင့် မမြင်နိုင်သော ဆိုးခြင်းတစ်ဖက်ကြား အားပြိုင်လျက်ရှိနေပြီး AI ၏ အနာဂတ် အလားအလာနှင့် လုပ်ဆောင်နိုင်စွမ်းကို ဆက်လက်စောင့်ကြည့်လေ့လာရန် ဖြစ်လာပါသည်။

AI ၏ အလင်းနှင့် အမှောင်ဘက်ခြမ်း

AI ၏ အဓိကရည်ရွယ်ချက်မှာ ပုံမှန်အားဖြင့် လူသားဉာဏ်ရည် သုံးစွဲရန်လိုအပ်သည့် အလုပ်များကို ကိုယ်စားလုပ်ဆောင်နိုင်သော ဉာဏ်ရည်ဉာဏ်သွေးစနစ်တစ်ခုကို ဖန်တီးရန် ဖြစ်သည်။ ဤစနစ်ပေါ်တွင် သင်ယူခြင်း၊ ကျိုးကြောင်းဆင်ခြင်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ သိမြင်နားလည်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း စသည့် လူသားတို့၏ အသိပညာဆိုင်ရာ လုပ်ဆောင်ချက်များကို အတုယူရန် ဒီဇိုင်းထုတ်ထားသည်။ AI ၏ ရည်မှန်းချက်ပန်းတိုင်များတွင် အလိုအလျောက်ဆောင်ရွက်ခြင်း (Automation)၊ စွမ်းရည်မြင့်မားစေခြင်း (Augmentation)၊ ထိုးထွင်းဉာဏ် မျိုးဆက်ဆင့်ပွားခြင်း (Insight Generation)၊ ပုဂ္ဂလိကဆိုင်ရာ လိုက်ပါပြောင်းလဲနိုင်ခြင်း (Personalization)၊ ဟောကိန်းထုတ်ခြင်းနှင့် ကြိုတင်ခန့်မှန်းခြင်း (Prediction and Forecasting)၊ ကိုယ်တိုင်လွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်း (Autonomy) စသည့် ကဏ္ဍများ ပါဝင်လျက်ရှိကြောင်း တွေ့မြင်ရသည်။

Automation ကဏ္ဍတွင် လူသားများ လက်ရှိလုပ်ဆောင်နေသော အလုပ်များနှင့် လုပ်ငန်းစဉ်များကို AI မှ အလိုအလျောက်လုပ်ဆောင်စေပြီး စွမ်းဆောင်ရည်တိုးမြင့်စေကာ ကုန်ကျစရိတ်များကို လျှော့ချရန်နှင့် အမှားအယွင်းများကို လျှော့ချရန် ရည်ရွယ်ထားသည်။ ၎င်းတွင် အချက်အလက်များ ထည့်သွင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းမှသည် ရှုပ်ထွေးသော ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များအထိ ပါဝင်နေသည်။

Augmentation ကဏ္ဍတွင် လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်စွာလုပ်ဆောင်ရန် လူသားများကို ကူညီပေးသည့် ကိရိယာများနှင့် စနစ်များကို AI မှ ပံ့ပိုးပေးခြင်းဖြင့် လူသားစွမ်းရည်များကို တိုးတက်ကြီးထွားလာစေသည်။ ဆရာဝန်များကို ပိုမိုတိကျသော ရောဂါရှာဖွေမှုများ ပြုလုပ်နိုင်စေခြင်းနှင့် အင်ဂျင်နီယာများကို ထိရောက်သည့်စနစ်များ ဒီဇိုင်းထုတ်ခြင်းတို့တွင် ကူညီပေးနိုင်သည်။

Insight Generation ကဏ္ဍတွင် လူသားတို့ မရှာဖွေနိုင်သေးသည့် ပုံစံများ၊ အလားအလာများ၊ ထိုးထွင်းသိမြင်မှုများကို ဖော်ထုတ်ရန် များပြားလှသော အချက်အလက်များကို ပိုင်းခြားစိတ်ဖြာခြင်းဖြင့် ထိုးထွင်းဉာဏ်မျိုးဆက်ကို ဆင့်ပွားစေနိုင်သည်။ ထိုသို့ ဆင့်ပွားခြင်းဖြင့် ထိုးထွင်းဉာဏ်အသစ်များမှသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဆန်းသစ်တီထွင်ခြင်းများကို တွန်းအားပေးပြီး နယ်ပယ်အသီးသီးမှ ရှာဖွေတွေ့ရှိမှုအသစ်များဆီသို့ ဦးတည်သွားစေနိုင်သည်။

Personalization ကဏ္ဍတွင် တစ်ဦးချင်း ကြိုက်နှစ်သက်မှုနှင့် အပြုအမူများအပေါ် အခြေခံ၍ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် တွေ့ကြုံခံစားရမှုများကို စိတ်ကြိုက်ပြုလုပ်နိုင်စေပါသည်။ အဆိုပါအချက်သည် e-commerce နှင့် ကျန်းမာရေးဝန်ဆောင်မှုကဲ့သို့သော ကဏ္ဍများတွင် သုံးစွဲသူ၏ စိတ်ကျေနပ်မှုနှင့် ဆက်ဆံရေးများကို တိုးတက်စေပါသည်။ Prediction and Forecasting ကဏ္ဍတွင် AI ၏ Algorithm များသည် သမိုင်းအချက်အလက်နှင့် လက်ရှိခေတ်ရေစီးကြောင်းများအပေါ် အခြေခံပြီး ဟောကိန်းထုတ်ခြင်းနှင့် ကြိုတင်ခန့်မှန်းခြင်းများကို ပြုလုပ်နိုင်စွမ်းရှိသည်။ ဝယ်လိုအား ကြိုတင်ခန့်မှန်းခြင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပုံစံပြုခြင်း၊ အန္တရာယ်ကို အကဲဖြတ်ခြင်းနှင့် ရာသီဥတုခန့်မှန်းခြင်းစသည့် ရည်ရွယ်ချက်များ အတွက် အသုံးပြုနိုင်သည်။

Autonomy ကဏ္ဍတွင် လူသားများ၏ ဝင်ရောက်စွက်ဖက်မှု အနည်းဆုံးဖြင့် လည်ပတ်နိုင်သည့် ကိုယ်တိုင်ဆောင်ရွက်နိုင်သည့်စနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ထောက်ပံ့ပေးသည်။ လူမဲ့ယာဉ်များ၊ ဒရုန်းများ၊ စက်ရုပ်များနှင့် လှုပ်ရှားပြောင်းလဲနေသော ပတ်ဝန်းကျင် (အန္တရာယ်ရှိသော ပတ်ဝန်းကျင်) တွင် တာဝန်ထမ်းဆောင်နိုင်သည့် ပုံရိပ်ယောင်ကြားခံ ပစ္စည်းများသည် Autonomy ကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

အားသာချက် သို့မဟုတ် အလင်းရောင်

AI ကို စတင်တီထွင်စဉ်ကတည်းကပင် လူသားတို့၏ ဉာဏ်ရည်ကို တုပလုပ်ဆောင်နိုင်ရန် ဦးတည်ထားခဲ့သည့်အတွက် လူသားတို့၏ အားနည်းချက်များကို ဖြည့်စွမ်းပေးရာတွင် လွန်စွာမှ အသုံးတည့်လာခဲ့ပါသည်။ အားသာချက်များကို လေ့လာကြည့်ပါက -

(၁) အလိုအလျောက် လုပ်ဆောင်မှု - AI သည် ငြီးငွေ့ဖွယ်ရာ သာမန်လုပ်ငန်းစဉ်များကို ထပ်ပြန်တလဲလဲ အလိုအလျောက် လုပ်ဆောင်နိုင်စွမ်းရှိသည်။ ထို့ကြောင့် အမှားများကို လျှော့ချပေးနိုင်ပြီး စွမ်းဆောင်ရည်ကို တိုးတက်လာစေကာ ပို၍တန်ဖိုးကြီးပြီး ဖန်တီးမှုလိုအပ်သော လုပ်ငန်းစဉ်များတွင် လူသားများအနေဖြင့် ပိုမိုအာရုံစူးစိုက်နိုင်စေသည်။

(၂) တိကျမှု - AI စနစ်များသည် ကြီးမားသော အချက်အလက်ပမာဏကို လျင်မြန်တိကျစွာ ကိုင်တွယ်နိုင်စွမ်းရှိပြီး ပိုမိုတိကျသော ခွဲခြမ်းစိတ်ဖြာမှု၊ ခန့်မှန်းချက်များနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ပေးစွမ်းနိုင်သည်။

(၃) ၂၄ နာရီ လည်ပတ်နိုင်မှု - AI စွမ်းအင်သုံးစနစ်များသည် စားသုံးသူဝန်ဆောင်မှုနှင့် ဆိုက်ဘာလုံခြုံရေးကဲ့သို့သော နယ်ပယ်အမျိုးမျိုးတွင် အချိန်ပြည့် အသင့်အနေအထားနှင့် တုံ့ပြန်မှုတို့ကို ဆက်တိုက်လုပ်ဆောင်နိုင်သဖြင့် လူသားများကဲ့သို့ ပင်ပန်းမှုမရှိဘဲ စွမ်းအားပြည့် လည်ပတ်နိုင်သည်။

(၄) ချဲ့ထွင်နိုင်မှု - AI နည်းပညာများသည် ကြီးမားသော အချက်အလက်အစုံလိုက်များနှင့် ရှုပ်ထွေးသောပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် အသုံးချလုပ်ငန်းစဉ် ပရိုဂရမ်များကို

ဖော်ထုတ်ပေးနိုင်ပြီး ၎င်းတို့၏ ပင်ကိုဗီဇအရ သီးသန့်အကြံပြုချက်များဖြင့် အလိုအလျောက် စက်မှုလုပ်ငန်းစဉ်များကို လုပ်ဆောင်စေရန် အသုံးပြုနိုင်သည်။

(၅) ပုဂ္ဂလိကပိုင် ဖြစ်စေမှု – AI သည် တစ်ဦးချင်း စိတ်ကြိုက်ရွေးချယ်မှုများ၊ အပြုအမူများနှင့် အံဝင်ခွင်ကျ ဖြစ်စေသော စိတ်ကြိုက်ခံစားမှုများကို ပံ့ပိုးပေးနိုင်သည်။ စျေးကွက်ရှာဖွေမှု၊ စားသုံးသူ အကြံပြုချက်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော နယ်ပယ်များတွင် သုံးစွဲသူ၏ စိတ်ကျေနပ်မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို မြှင့်တင်ပေးသည်။

(၆) ဆန်းသစ်တီထွင်မှု – ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဖျော်ဖြေရေး စသည့် နယ်ပယ်အသီးသီးတွင် သစ်လွင်သော အသုံးချပရိုဂရမ်များနှင့် အဖြေထုတ်ပေးခြင်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ပေးပါသည်။ AI သည် လူသားတို့၏ အားနည်းချက်ဖြစ်သည့် ပင်ပန်းနွမ်းနယ်ခြင်း၊ အမှားပါနိုင်ခြေရှိခြင်း၊ စိတ်ပျံ့လွင့်နိုင်ခြေရှိခြင်းတို့ကို ဖယ်ရှားပေးနိုင်ပြီး ထပ်ကျော့လုပ်ငန်းစဉ်များကို အတိအကျ လုပ်ဆောင်နိုင်စွမ်းရှိသည့်အတွက် စက်မှုလုပ်ငန်းစဉ်၊ စောင့်ကြည့်ထိန်းချုပ်ရေး လုပ်ငန်းစဉ်နှင့် ဝန်ဆောင်မှုလုပ်ငန်းစဉ်များတွင် အကျိုးရှိစွာ ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ပါသည်။

အားနည်းချက် သို့မဟုတ် အမှောင်ထု

AI တွင် အားသာချက်များစွာ ရှိသော်လည်း ထောက်ပြဝေဖန်စရာ အားနည်းချက်များ လည်း ရှိနေပါသေးသည်။ ၎င်းတို့မှာ –

(၁) အလုပ်နေရာ ပျောက်ဆုံးစေမှု – AI မှ ထိန်းချုပ်ထား သော အလိုအလျောက်စနစ်သည် အချို့သော လုပ်ငန်းနေရာများ တွင် အလုပ်အကိုင်နေရာပျောက်ဆုံးမှုကို ဖြစ်ပေါ်စေနိုင်သည်။ အလားအလာရှိသော အလုပ်သမားများအတွက် ပြန်လည်လေ့ကျင့်ရေးနှင့် ပံ့ပိုးမှုတို့ မပါဝင်တော့ဘဲ အလုပ်လက်မဲ့ဖြစ်စေခြင်း၊ ဝင်ငွေမညီမျှခြင်းများကို ဆိုးရွားစွာ ဖြစ်ပေါ်လာစေနိုင်သည်။

(၂) ဘက်လိုက်မှုနှင့် တရားမဲ့မှု – AI Algorithm များသည် ဘက်လိုက်ရေးဆွဲထားသော အချက်အလက်များပေါ်တွင် အလုပ်လုပ်ဆောင်နေပါက အထူးသဖြင့် အလုပ်ခန့်ထားခြင်း၊ ချေးငွေရယူခြင်းနှင့် ရာဇဝတ်ကြောင်းဆိုင်ရာ တရားမျှတမှုလိုအပ်သော အရေးကြီးနယ်ပယ်များတွင် တရားမျှတမှုမရှိသော သို့မဟုတ် ခွဲခြားဆက်ဆံသော ရလဒ်များကို ထွက်ပေါ်စေနိုင်သည်။

(၃) ပုဂ္ဂလိကဆိုင်ရာ စိုးရိမ်မှု – AI စနစ်များသည် ကိုယ်ရေးကိုယ်တာအချက်အလက် အများအပြားကို မကြာခဏ မှီခိုနေရပြီး ဤသို့ အချက်အလက်များကို စုဆောင်းခြင်း၊ အသုံးပြုခြင်း၊ ကာကွယ်ခြင်းတို့နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ အထူးသဖြင့် စောင့်ကြည့်ခံရခြင်း၊ မျက်နှာသွင်ပြင် မှတ်တမ်းတင်ခြင်းနှင့် ကြော်ငြာများ၊ သတင်းစကားများကို ပစ်မှတ်ထားပေးပို့ခြင်းစသည့် အခြေအနေများကြောင့် စိုးရိမ်ပူပန်မှုများကို ပိုမိုတိုးပွားစေသည်။

(၄) ကျင့်ဝတ်ဆိုင်ရာ အကျပ်အတည်း – AI ၏ ထိန်းချုပ်နိုင်စွမ်းများကြောင့် ကိုယ်တိုင်မောင်းနှင်ထိန်းကျောင်းသည့် လက်နက်စနစ်များ၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ကျန်းမာရေး

စောင့်ရှောက်မှုတွင် အဆုံးအဖြတ်ပေးခြင်းနှင့် ထိရှလွယ်သော အသုံးချပရိုဂရမ်များ ထုတ်လုပ်ခြင်းတို့တွင် ကျင့်ဝတ်များနှင့်အညီ လုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိကို သံသယဖြင့် မေးခွန်းထုတ်ခြင်းများ ဖြစ်ပေါ်လာပါသည်။

(၅) ယုံကြည်အားထားရမှုနှင့် စိတ်ချရမှု – AI စနစ်သည် မမျှော်မှန်းနိုင်သော ချို့ယွင်းချက်များ၊ အမှားအယွင်းများ၊ ထိုးဖောက်တိုက်ခိုက်ခံရခြင်းများတွင် မည်မျှအထိယုံကြည်ရနိုင်မည်ဆိုသည်ကို စိုးရိမ်မှုများရှိနေပြီး လူမဲ့ယာဉ်များ၊ ရောဂါရှာဖွေရေးစက်ပစ္စည်းများ စသည်ကဲ့သို့သော ဘေးအန္တရာယ်ပိုင်းတွင် အထိခိုက်မခံနိုင်သည့် အသုံးချလုပ်ငန်းစဉ်များအတွက် ယုံကြည်အားထားရမှုနှင့် စိတ်ချရမှုများကို လျော့ပါးစေသည်။

(၆) အချက်အလက်နှင့် အခြေခံအဆောက်အအုံများပေါ် မှီခိုနေရမှု – AI စနစ်သည် ပမာဏများပြားလှသော အချက်အလက်များနှင့် ခိုင်မာသည့် အခြေခံအဆောက်အအုံများပေါ် မှီခိုထားရသည့်အတွက် အချက်အလက်ပေါ် အားပြုထားရမှု၊ အချက်အလက်၏ အရည်အသွေး၊ ပင်မအချက်အလက်များနှင့် တွက်ချက်မှု အရင်းအမြစ်များ၏ သက်ဆိုင်ရာပတ်ဝန်းကျင်ကို အကျိုးသက်ရောက်စေမှုများအပေါ် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေသည်။

(၇) လူသားစွမ်းရည် ဆုံးရှုံးမှု – ဆုံးဖြတ်ချက်ချခြင်းနှင့် ပြဿနာဖြေရှင်းခြင်းအတွက် AI ကို မှီခိုခြင်းက ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ တီထွင်ဖန်တီးမှုနှင့် စာနာထောက်ထားမှုကဲ့သို့သော လူသားစွမ်းရည်များကို ပျက်ပြားစေကာ လူသားတို့၏ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်နှင့် တာဝန်ယူနိုင်စွမ်းကို လျော့နည်းသွားစေနိုင်သည်။ ယေဘုယျအားဖြင့် AI သည် အလိုအလျောက်စနစ်များ၊ တိကျမှု၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အကျိုးကျေးဇူးများကို သိသိသာသာ ပေးစွမ်းနိုင်သော်လည်း ၎င်းကို အလွန်အကျွံ သုံးစွဲခြင်းသည် ဘက်လိုက်မှု၊ ကျင့်ဝတ်၊ ယုံကြည်စိတ်ချရမှုနှင့် လူသားနှင့်စက်တို့အကြား အပြန်အလှန်ဆက်ဆံရေးနှင့်သက်ဆိုင်သည့် အရေးကြီးသော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ AI နည်းပညာများကို ဖြန့်ကြက်ခြင်း၊ တိုးတက်စေခြင်းနှင့် ထိန်းချုပ်ကွပ်ကဲခြင်းတို့တွင် တာဝန်သိခြင်း၏ အရေးပါမှုကို အလေးဂရုပြု ဆောင်ရွက်သင့်ကြောင်း တွေ့မြင်ရသည်။

AI နှင့် နိုင်ငံရေး အတွဲအစပ်

AI ၏ စွမ်းဆောင်နိုင်ရည်များ တိုးတက်လာသည်နှင့်အမျှ နေ့စဉ်လူမှုဘဝများထဲသို့ ကျယ်ပြန့်စွာ ဝင်ရောက်နေရာယူလာကြပြီး နယ်ပယ်စုံတို့တွင် အသုံးတော်ခံလာကြသည်။ အထူးသဖြင့် နိုင်ငံတစ်ခု၏ အုပ်ချုပ်ရေးကဏ္ဍများတွင် ရုံးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်လွယ်ကူစေရန် အသုံးချခြင်းမှသည် နိုင်ငံရေးနှင့် ဆက်စပ်နေသော နယ်ပယ်များအထိ ခြေဆန့်နိုင်ခဲ့သည်။ ထိုမှတစ်ဆင့် နိုင်ငံတစ်ခု၏ ဦးဆောင်ခေါင်းရွက်ဖြစ်သော နိုင်ငံ့ခေါင်းဆောင်များကို ပြည်သူလူထုက ရွေးချယ်တင်မြှောက်ကြသော ရွေးကောက်ပွဲရလဒ်များကို ပြောင်းလဲစေနိုင်သည်အထိ အကျိုးသက်ရောက်မှုက ကြီးမားလာခဲ့သည်။ ထို့အတွက် နိုင်ငံများ၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် မူဝါဒများ ချမှတ်

လုပ်ဆောင်ကြရမည့် အရေးကြီးပုဂ္ဂိုလ်များကို ရွေးချယ်ရာတွင် မှားယွင်းမှုများ၊ အားနည်းချက်များ ဖြစ်လာစေပြီး အဆိုပါနိုင်ငံ၏ အနာဂတ်အတွက် ခြိမ်းခြောက်မှုများကိုပါ တစ်ပါတည်း ယူဆောင်လာခြင်းများ ဖြစ်ပေါ်လာသည်။ AI ကို စတင်ရေးဆွဲ ပုံစံပြုစဉ်ကပင် နိုင်ငံတစ်ခုကို အားနည်းပျော့ညံ့သွားစေရန် ၎င်းနိုင်ငံနှင့် ဆန့်ကျင်ဘက် အင်အားကြီးနိုင်ငံတစ်ခုခုက ကြိုတင်စီစဉ်နိုင်သည့် အားသာချက်များ ရှိနေခဲ့ပြီးဖြစ်သည်။ အဆိုပါပြဿနာများကြောင့် AI ကို ထိန်းချုပ်ကွပ်ကဲနိုင်မည့် အုပ်ချုပ်ရေးစနစ်မျိုးလိုအပ်ကြောင်း ပညာရှင်အသိုင်းအဝိုင်းမှ ဝေဖန်ထောက်ပြလာခဲ့ကြသည်။

AI အုပ်ချုပ်မှု၏ ကျင့်ဝတ်ဆိုင်ရာ ကဏ္ဍများကို သုတေသနပြုခြင်းသည် တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ ပုဂ္ဂလိကလုံခြုံမှုနှင့် တာဝန်ခံမှုတို့အပြင် AI အခြေခံ Automation စနစ်များကြောင့် အလုပ်အကိုင်များ ပျောက်ဆုံးမှုနှင့် ကြီးမားသော ခွဲခြားဆက်ဆံမှုများအပေါ် တုံ့ပြန်ခြင်းကဲ့သို့သော ကိစ္စရပ်များအပေါ် အာရုံ စိုက်လျက်ရှိပါသည်။ အဆိုပါ ပြဿနာများကို ဖြေရှင်းရန်အတွက် သုတေသီများစွာရှိပြီး AI ၏ ကျင့်ဝတ်ဆိုင်ရာ အုပ်ချုပ်ရေးတွင် အသုံးပြုနိုင်ရန် မူဘောင်များနှင့် လမ်းညွှန်ချက်များစွာကို အကြံပြုခဲ့သည်။ ပညာရှင်များဖြစ်ကြသော Alan Winfield နှင့် Marina Jirotka တို့သည် ကျင့်ဝတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ်၏ အမြင့်ဆုံးစံနှုန်းများကို သေချာစေရန် ဒီဇိုင်းထုတ်ထားသော လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ယဉ်ကျေးမှုများနှင့် တန်ဖိုးများကို သတ်မှတ်ဖော်ပြခဲ့ကြသည်။ ထို့ကြောင့် Ethical Gover–nance ပုံစံဖြစ်ပေါ်လာပြီး ၎င်းသည် ရိုးရှင်းကောင်းမွန်၍ ထိရောက်သော အုပ်ချုပ်မှုပုံစံထက် ကျော်လွန်သွားကာ AI ၏ ဒီဇိုင်နာတစ်ဦးချင်းစီနှင့် AI လုပ်ငန်းများနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများတွင် ကျင့်ဝတ်ဆိုင်ရာ အပြုအမူများကို ပျိုးထောင်ပေးခဲ့သည်။ Ethical Governance ကို တာဝန်ယူမှုရှိသော သုတေသနနှင့် ဆန်းသစ်တီထွင်မှု၏ အရေးကြီးသော ပင်မဒေါက်တိုင်တစ်ခုအဖြစ် ရှုမြင်ထားကြသည်။

ဩဇာကြီးမားသော အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအရ "တာဝန်ရှိသည့် ဆန်းသစ်တီထွင်မှုဆိုသည်မှာ ပစ္စုပ္ပန်ကာလရှိ သိပ္ပံပညာနှင့် ဆန်းသစ်တီထွင်မှုတို့ကို ပေါင်းစပ်လုပ်ဆောင်ခြင်းမှသည် လာမည့်အနာဂတ်ကို စောင့်ရှောက်ခြင်းဖြစ်သည်" ဟု ဖော်ပြထားပြီး ရှုထောင့်လေးခုဖြစ်သည့် မျှော်မှန်းချက်၊ တုံ့ပြန်နိုင်စွမ်း၊ ပေါင်းစည်းပါဝင်မှုနှင့် တာဝန်ရှိမှုဆိုင်ရာတို့အပေါ် အခြေခံထားသည်။ ထိရောက်ပြီး ပွင့်လင်းမြင်သာသော ကျင့်ဝတ်ဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းစဉ်ကို နားလည်သဘောပေါက်နိုင်ရေးတွင် လွယ်ကူချောမွေ့စေရန် Winfield နှင့် Jirotka တို့က မဏ္ဍိုင် (၅) ရပ်ကို အဆိုပြုခဲ့သည်။ ပထမအနေဖြင့် ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်တစ်ခု ထုတ်ပြန်ခြင်း၊ ဒုတိယအနေဖြင့် ကျင့်ဝတ်သိက္ခာနှင့် တာဝန်ယူမှုရှိသော ဆန်းသစ်တီထွင်မှုဆိုင်ရာ သင်တန်းများပို့ချခြင်း၊ တတိယအနေဖြင့် ထုတ်ကုန်အသစ်များ၏ ကျင့်ဝတ်ဆိုင်ရာ အန္တရာယ်အကဲဖြတ်မှုကို ပါဝင်ပတ်သက်နေသူအားလုံးနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအပါအဝင် တာဝန်သိသော ဆန်းသစ်တီထွင်မှုများကို လက်တွေ့လုပ်ဆောင်ခြင်း၊ စတုတ္ထအနေဖြင့် ကျင့်ဝတ်ဆိုင်ရာ အုပ်ချုပ်မှုနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု တည်ဆောက်ခြင်းနှင့် ပဉ္စမအချက်မှာ ကျင့်ဝတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ်ကို ဝေဝါး

မှန်မှိုင်းမနေစေဘဲ စံတန်ဖိုးများထဲမှ တစ်ခုအဖြစ် အမှန်တကယ် တန်ဖိုးထားခြင်းတို့ ဖြစ်ကြသည်။

နိုင်ငံရေးရှုထောင့်ဘက်မှနေ၍ AI ကို သုံးသပ်ဝေဖန်ရလျှင် နိုင်ငံရေးလှုပ်ရှားမှုများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း နည်းလမ်းများစွာဖြင့် ကြိုးကိုင်ခြယ်လှယ်နိုင်သည်ကို တွေ့ရှိနိုင်သည်။ အောက်ဖော်ပြပါအချက်များသည် နိုင်ငံရေးနယ်ပယ်တွင် AI အနေဖြင့် ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်သော နည်းလမ်းများဖြစ်သည်–

(၁) သတင်းမှားများနှင့် သတင်းတုများ – AI Algorithm များသည် ဆိုရှယ်မီဒီယာပလက်ဖောင်းများတွင် သတင်းမှားများ၊ ဝါဒဖြန့်ချိခြင်းနှင့် သတင်းအတုများကို ဆက်တိုက်ဖန်တီးကာ ဖြန့်ဝေနိုင်သည်။ အဆိုပါ Algorithm များသည် စိတ်ပိုင်းဆိုင်ရာ ဘက်လိုက်မှုများကိုအသုံးချပြီး လူထုအမြင် ပြောင်းလဲသွားရန် သွေးဆောင်ဖြားယောင်းခြင်း၊ရွေးကောက်ပွဲများကို သြဇာလွှမ်းမိုးရန် လုပ်ဆောင်ခြင်းနှင့် ဒီမိုကရေစီအဖွဲ့အစည်းများအပေါ် ယုံကြည်မှုပျက်ပြားစေရန် သီးခြားလူဦးရေရှိသည့် မျိုးနွယ်စုများ၊ အုပ်စုများကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းတို့ ပြုလုပ်နိုင်သည်။

(၂) သေးငယ်သော ပစ်မှတ်များ ရှာဖွေခြင်းနှင့် ဖျောင်းဖျတိုက်တွန်းခြင်း – AI သည် နိုင်ငံရေးမဲဆွယ်လှုပ်ရှားမှုများတွင် ဆန်းပြားရှုပ်ထွေးသော ပစ်မှတ်ငယ်များ ရှာဖွေခြင်းနှင့် ဖျောင်းဖျတိုက်တွန်းခြင်း နည်းလမ်းများကို အသုံးပြုပြီး မဲဆန္ဒရှင်တစ်ဦးချင်းထံသို့ ၎င်းတို့၏ ဒေသအခြေအနေ၊ အကျိုးစီးပွား၊ အွန်လိုင်းသုံးစွဲမှု အလေ့အထများပေါ် မူတည်လျက် အံကိုက်ဖြစ်စေမည့် သတင်းစကားနှင့် ကြော်ငြာများကို ပေးပို့နိုင်သည်။ ဤနည်းလမ်းဖြင့် လူတစ်ဦးချင်းစီသို့ နိုင်ငံရေးသတင်းစကား ပေးပို့ခြင်းကြောင့် မဲဆန္ဒရှင်များပေါ် သြဇာသက်ရောက်မှု အရှိန်အဟုန်ကို ချဲ့ထွင်နိုင်ပါသည်။

(၃) ထင်မြင်ချက် ထုတ်ယူခြင်းနှင့် ခံယူချက် ခွဲခြမ်းစိတ်ဖြာခြင်း – AI Algorithm များသည် ဆိုရှယ်မီဒီယာမှ ရေးသားချက်များ၊ သတင်းဆောင်းပါးများနှင့် အွန်လိုင်းမှ မှတ်ချက်များကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များနှင့် ကိုယ်စားလှယ်လောင်းများအပေါ် လူထု၏ ထင်မြင်ယူဆချက်များ၊ ခံစားချက်များ၊ အလားအလာများကို ထုတ်ယူနိုင်ပါသည်။ ထိုအချက်အလက်များအား အများပြည်သူ ထင်မြင်ယူဆချက်များကို အကဲဖြတ်ရန်၊ နိုင်ငံရေးနည်းဗျူဟာများကို ပုံဖော်ရန်နှင့် သီးသန့်ရည်ရွယ်ထားသော ပရိသတ်များထံ သတင်းတိုပေးပို့ခြင်းများတွင် အသုံးပြုသည်။

(၄) ကြိုတင်ခန့်မှန်း စိစစ်ခြင်း – AI သည် ရွေးကောက်ပွဲရလဒ်များကို ခန့်မှန်းခြင်း၊ မဲယိမ်းနိုင်သူများကို ခွဲခြားစိစစ်ခြင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုများ၏ ထိရောက်မှုကို အကဲဖြတ်ခြင်းတို့ ပြုလုပ်နိုင်သည်။ ထိုသို့ ကြိုတင်ခန့်မှန်းနိုင်ခြင်းကြောင့် ကိုယ်စားလှယ်လောင်းများနှင့် ပါတီများသည် မိမိတို့၏ အရင်းအမြစ်များကို ဗျူဟာမြောက် ခွဲဝေသုံးစွဲနိုင်ပြီး အဓိကရင်ဆိုင်ရမည့် နေရာများတွင် ပိုမိုအာရုံစူးစိုက်စေနိုင်ခြင်းနှင့် ရွေးကောက်ပွဲအောင်မြင်မှုကို အမြင့်မားဆုံး ရရှိနိုင်စေရန် အံကိုက်ဖြစ်မည့် သတင်းများက ထုတ်လွှင့်နိုင်သည်။

(၅) Algorithm ဘက်လိုက်ခြင်း – နိုင်ငံရေးကိစ္စရပ်များတွင် အသုံးပြုသည့် AI Algorithm များသည် ထည့်သွင်းလက်ခံထားသည့် အချက်အလက်များပေါ် အခြေခံ၍ ဘက်လိုက်မှုများကို

ဖြစ်စေနိုင်ပြီး ခန့်မှန်းချက်များကို လှည့်စားခြင်း၊ တရားမျှတမှုမရှိသော သဘောထားအမြင်နှင့် ခွဲခြားဆက်ဆံခြင်းဆိုင်ရာ ရလဒ်များကို ဖြစ်ပေါ်စေသည်။ မဲဆန္ဒရှင် စာရင်းသွင်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ရာဇဝတ်ကြောင်းဆိုင်ရာ တရားမျှတမှုအတွက် အသုံးပြုသည့် Algorithm များတွင် ဘက်လိုက်မှုများသည် ရှိပြီးသား မညီမျှမှုများကို ပိုမိုဆိုးရွားစေပြီး အပယ်ခံအသိုင်းအဝိုင်းများကို အဆုံးစွန်သို့ တွန်းပို့နိုင်သည်။

(၆) မြုပ်နေသည့် ဟန်ဆောင်မှုများနှင့် ဖန်တီးထားသော မီဒီယာများ – AI မှ ထုတ်လုပ်လိုက်သော ဟန် ဆောင်မှုများနှင့် ဖန်တီးထားသော မီဒီယာများက လူအများ၏အမြင်အာရုံကို လှည့်စားနိုင်ပြီး မဲဆန္ဒရှင်များကို အထင်မှားစေသော အသံ၊ ဗီဒီယိုနှင့် စာသားများကို ဖန်တီးနိုင်သည်။ မြုပ်နေသည့် ဟန်ဆောင်မှု (Deepfake) နည်းပညာကို မိန့်ခွန်းများ၊ အင်တာဗျူးများနှင့် ထောက်ခံချက်များကို ဖန်တီးရန်၊ ရှုပ်ထွေးမှုများနှင့် နိုင်ငံရေးဟောပြောချက်တွင် မယုံကြည်မှုများ ပေါက်ဖွားလာစေရန် အသုံးပြုနိုင်သည်။

(၇) ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်မှု – AI သည် ဆိုက်ဘာတိုက်ခိုက်မှုများ၊ မဲပေးခြင်းစနစ်များကို ထိုးဖောက်ဝင်ရောက်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဝင်ရောက်စွက်ဖက်ရန် လက်နက်ကိရိယာများ တပ်ဆင်ထားနိုင်သည်။ AI စနစ်သုံး Malware များ၊ ဖြားယောင်းတိုက်ခိုက်မှုများနှင့် လူမှုအင်ဂျင်နီယာ နည်းပရိယာယ်များသည် ဒီမိုကရေစီ ရွေးကောက်ပွဲများ၏ ဂုဏ်သိက္ခာနှင့် လုံခြုံရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုဖြစ်စေသည်။

နိုင်ငံရေးတွင် AI ဝင်ရောက်ခြယ်လှယ်ခြင်း၏ ဆိုးကျိုးများကို လျော့ပါးသက်သာစေရန် မူဝါဒချမှတ်သူများ၊ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများနှင့် နည်းပညာကုမ္ဗဏီများသည် ခိုင်မာသောစည်းမျဉ်းများ၊ ပွင့်လင်းမြင်သာမှု အစီအမံများနှင့် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိပါသည်။ ဆိုက်ဘာလုံခြုံရေးကာကွယ်မှုကို အားကောင်းစေခြင်း၊ မီဒီယာပိုင်း နားလည်တတ်ကျွမ်းမှု မြှင့်တင်ခြင်းနှင့် အများပြည်သူကြားနိုးကြားတက်ကြွမှု မြှင့်တင်ပေးခြင်းတို့သည် AI စနစ်သုံး ခြယ်လှယ်ခြင်းကို ကာကွယ်ရန်နှင့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို သတင်းအမှားများ၏ နှောင့်ယှက်မှုရန်မှ ကာကွယ်ရန်တို့အတွက် မရှိမဖြစ် လိုအပ်ပါသည်။

ပညာရှင်ရှုထောင့်များနှင့် AI

AI ၏ နိုင်ငံရေးဆိုင်ရာအလားအလာများနှင့်ပတ်သက်ပြီး ပညာရှင်များ၏ ရှုမြင်သုံးသပ်ချက်မျိုးစုံတို့လည်း ထွက်ပေါ်လာပါသည်။ ၎င်းတို့အထဲမှ အချို့ကို ကောက်နှုတ်ဖော်ပြရပါလျှင် –

European Parliamentary Research Service (EPRS) မှ ထုတ်ပြန်ခဲ့သော Artificial intelligence, democracy and elections စာတမ်းတွင် "Artificial Intelligence (AI) သည် နည်းပညာတိုးတက်မှုများ၊ အချက်အလက် အများအပြားကို ရယူသုံးစွဲနိုင်မှု၊ စက်၏ သင်ယူနိုင်စွမ်းနှင့် ကွန်ပျူတာစွမ်းအား တိုးမြင့်လာမှုကြောင့် အားကောင်းသည့် ကိရိယာတစ်ခု ဖြစ်လာသည်။ ၂၀၂၂ ခုနှစ်ကုန်တွင် ChatGPT ထွက်ပေါ်လာမှုသည် AI

အတွက် အောင်မြင်မှု အသစ်တစ်ခုဖြစ်သည်။ AI သည် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီ လုပ်ငန်းစဉ်များကို မြှင့်တင်ရန် အခွင့်အလမ်းတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် ၎င်းသည် နိုင်ငံသားများအား နိုင်ငံရေးကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်စေရန်နှင့် ဒီမိုကရေစီ နည်းကျ စကားရည်လုပ်ငွေများတွင် ပိုမိုလွယ်ကူစွာ ပါဝင်လာအောင် ကူညီပေးနိုင်ပါသည်။ အလားတူပင် နိုင်ငံရေးသမားများသည် နိုင်ငံသားများနှင့် ပိုမိုနီးစပ်နိုင်ပြီး နောက်ဆုံးတွင် ပြည်သူတို့အား ပိုမိုထိရောက်စွာ ကိုယ်စားပြုနိုင်သည်။ နိုင်ငံသားများနှင့် နိုင်ငံရေးသမားများ ကြားတွင် ထိုသို့သောညီညွတ်မှုသည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ၏ မျက်နှာစာအား ပြောင်းလဲစေပြီး မူဝါဒချမှတ်ခြင်း လုပ်ငန်းစဉ်ကို သိသိသာသာ တိုးတက်စေလျက် တိကျမှုနှင့် ထိရောက်မှုတို့ကို ပေးစွမ်းနိုင်သည်။ နိုင်ငံရေးတွင် AI အသုံးပြုမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများမှာ ၂၀၁၈ ပြည့်နှစ် နှောင်းပိုင်းကတည်းက ရှိနေခဲ့သော်လည်း အထူးသဖြင့် ဒီမိုကရေစီရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ဆက်စပ်မှုများသည် AI ၏ ဆင့်ကဲဖြစ်စဉ်နှင့်အတူ ကြီးထွားလာခဲ့သည်။ ပေါ်ထွက်လာသော ဤနည်းပညာသည် ဒီမိုကရေစီနိုင်ငံများ အတွက် များစွာသောအန္တရာယ်ကို ဖြစ်ပေါ်စေသည်။ ၎င်းသည် သတင်းမှားများနှင့် လုပ်ကြံသတင်း များထုတ်လွှင့်ရန် အစွမ်းထက်သည့် ကိရိယာတစ်ခုလည်းဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများနှင့် အကြမ်းဖက်သည်အထိ တင်းမာမှုများကို ဖြစ်ပေါ်စေနိုင်သည်။

ဥပမာအားဖြင့် AI သည် မှားယွင်းသော အချက်အလက်များကို ဖန်တီးနိုင်သည် သို့မဟုတ် အများသူငှာ ခံစားချက်ကို ကိုယ်စားပြုခြင်းမရှိသော ဘက်လိုက်မှု သို့မဟုတ် ထင်မြင်ယူဆချက်များကို ဖြန့်ဝေနိုင်သည်။ AI ၏အကျိုးကျေးဇူးများ ရှိနေသော်လည်း AI သည် ဒီမိုကရေစီလုပ်ငန်းစဉ်ကို အပျက်သဘောဆောင်သည့်နည်းလမ်းဖြင့် သက်ရောက်မှု ရှိစေမည့် အလားအလာရှိသည်။ အထက်ပါ အန္တရာယ်များကြားမှ AI ကို သင့်လျော်သော အကာအကွယ်များနှင့် အသုံးပြုမည်ဆိုပါက ဒီမိုကရေစီနိုင်ငံများအတွက် အသုံးဝင်ကြောင်း သက်သေပြနိုင်မည်ဖြစ်သည်။"

Cicero Foundation မှ ထုတ်ဝေခဲ့သော HOW WILL AI INFLUENCE POLITICS? စာတမ်းတွင် "AI နည်းပညာသည် လူမှုဘဝလုပ်ငန်းစဉ်များအတွက် တာဝန်ခံမှုရှိပြီး ယုံကြည်စိတ်ချရသော စနစ်များကို ထုတ်လုပ်ရန် လိုအပ်ပါသည်။ AI စွမ်းအင်သုံးစနစ်များ အရည်အသွေး ပြည့်စုံလုံလောက်မှုမရှိခြင်းနှင့် အချိန်မီ ထိန်းချုပ်ကွပ်ကဲမှုမရှိခြင်းသည် AI နည်းပညာကို အသုံးပြုသည့် အစိုးရတိုင်းအတွက် သိသာထင်ရှားသော တာဝန်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ AI Algorithm များမှတစ်ဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ရလဒ်များအပေါ် ထိန်းချုပ်နိုင်စေရန် AI ကိုယ်စားလှယ်များနှင့် လူထု၏ ကိုယ်စားလှယ်များ နှစ်ဦးနှစ်ဖက် စလုံးကို အခွင့်အာဏာ ပေးအပ်ထားသည့် ရည်ရွယ်ချက်မျိုး ဒီမိုကရေစီမူဘောင်တွင် မြှုပ်နှံထားသရွေ့ AI သည် ဒီမိုကရေစီနှင့် ပိုမိုကောင်းမွန်သော နိုင်ငံရေးကို ဆောင်ကြဉ်းပေးမည် ဖြစ်ပါသည်။"

Dan McQuillan ရေးသားသော The Political Affinities of AI စာတမ်းတွင် "AI သည် နည်းပညာဆိုင်ရာ အထက်တန်းလွှာအသစ်များ၏ လက်သုံးကိရိယာဖြစ်သည်။ AI ကို ပြန်လည်ဖွဲ့စည်းခြင်းအတွက် မဟာဗျူဟာများ မည်သို့ပင်ရှိစေကာမူ ကျယ်ပြန့်၍

တိုးတက်သော နိုင်ငံရေးနယ်ပယ်နှင့် ထိတွေ့ဆက်ဆံမှုမရှိဘဲ ထွက်ပေါ်လာမည် မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းသိရမည်။ AI သည် အာရုံခံကွန်ရက်များပုံစံဖြင့် တည်ဆောက်ထားပြီး ပင်ကိုဗီဇအားဖြင့် နိုင်ငံရေးနည်းပညာတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုရမည်ဖြစ်သည်။ ကန့်သတ်ချက်များမရှိဘဲ လက်ခံကျင့်သုံးပါက လက်ရှိအခြေအနေ၏ မတရားမှုများ ကျယ်ပြန့်လာနိုင်သည် သို့မဟုတ် လက်ယာစွန်းဝါဒ၏ ရန်လိုသော ပတ်ဝန်းကျင်အောက်တွင် ပိုမိုမှောင်မိုက်သော စံနှုန်းအဖြစ်သို့ ကူးပြောင်းခြင်း တစ်စိတ်တစ်ပိုင်း ဖြစ်လာလိမ့်မည်။ သို့သော်လည်း လူမှုဆိုင်ရာ တရားမျှတမှုနှင့် သာတူညီမျှ ဝါဒဆိုင်ရာစံနှုန်းများကို AI ၏ အသိစိတ်ဖြင့် လိုက်လျောညီထွေလုပ်ဆောင်နိုင်မည့် ဖြစ်နိုင်ခြေလည်း ရှိနေပါသည်။"

အထက်ပါစာစုများကို သက်ဆိုင်ရာ ပညာရပ်စာတမ်းများမှ ကောက်နုတ်ထားခြင်း ဖြစ်ပြီးပညာရှင်များကိုယ်တိုင်အားသာချက်နှင့် အားနည်းချက်များကို ထောက်ပြထားကြောင်း တွေ့မြင်ရသည်။ AI သည် ဖွံ့ဖြိုးတိုးတက်နေဆဲအခြေအနေတွင်သာရှိနေပြီး လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ၊ မွမ်းမံမှုများ လိုအပ်နေကြောင်း အဆိုပြုထားကြသည်။ မဝေးလှသည့် အနာဂတ်တွင် လူသားတို့ကို ဉာဏ်ရည်တု ထိန်းချုပ်ကွပ်ကဲသည့်စက်များက အုပ်စိုးသွားမည်လော ဟူသည့် စိုးရိမ်ပူပန်မှုများအတွက်မူ ပညာရှင်အများစုက ထူးခြားသောမှတ်ချက်မျိုး မပေးထားကြချေ။ အနီးစပ်ဆုံးဖြစ်သည့် နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍများတွင် ရှုပ်ထွေးမှုများ ဖြစ်လာနိုင်မည်ကို ကာကွယ်ကြရန်သာ လိုအပ်ကြောင်း သုံးသပ်ထားကြသည်။

AI အနာဂတ်

မျက်မှောက်ကာလတွင် အဆင့်မြင့်နည်းပညာများ သုံးစွဲနိုင်ကြသည့် အင်အားကြီးနိုင်ငံများသည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးကဏ္ဍများတွင် AI အသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာစေရေးကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ လူသားတို့၏ကောင်းကျိုးများနှင့် ကမ္ဘာကြီး၏ အနာဂတ်သာယာလှပရေးအတွက် AI မှ ပေးစွမ်းနိုင်သော အရာများစွာ ရှိနေသော်လည်း လွဲမှားသော အသုံးချမှုများနှင့် ကျင့်ဝတ်ဖောက်ဖျက်သော အသုံးပြုမှုများက ဤကမ္ဘာကြီးအတွက် အရှုပ်ဆိုးအကျည်းတန်စေမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အရေးကြီးသော အချက်အလက်များကို အလိုအလျောက် ဖောက်ထွင်းခိုးယူစေခြင်း၊ ပုဂ္ဂလိကဆိုင်ရာ အချက်အလက်များကို အလွဲသုံးစားပြုခြင်း၊ နိုင်ငံရေးရွေးကောက်ပွဲများကို ဝင်ရောက်စွက်ဖက်ခြင်းစသည့် အန္တရာယ်ကြီးမားသည့် လုပ်ဆောင်နိုင်စွမ်းများကို ပိုင်ဆိုင်ထားသည်ဖြစ်ရာ အင်အားကြီးနိုင်ငံများအကြား AI စစ်ပွဲများ ဖြစ်ပွားလာနိုင်သည့် အနေအထားကိုပင် စောင့်ကြည့်လေ့လာရန် လိုအပ်လျက်ရှိသည်။

မည်သို့ပင်ဆိုစေကာမူ လူသားမျိုးနွယ်တို့ တည်ရှိနေသမျှကာလပတ်လုံး တိုးတက်ထွန်းကားခြင်းနှင့် ဆန်းသစ်တီထွင်ခြင်းတို့မှာ ဒွန်တွဲပါရှိနေမည်ဖြစ်ရာ AI ၏ ကောင်းမွန်ခြင်းများကိုသာ အသုံးပြုကြပြီး ဆိုးရွားခြင်းများကို ပြင်ဆင်ကုစားနိုင်ရန် အခွင့်အလမ်းများ မျှော်လင့်နိုင်ပါသည်။ ထိလွယ်ရှလွယ်သော ကိစ္စရပ်များတွင် AI ၏ ပါဝင်ပတ်သက်မှုများကို အနိမ့်ဆုံးသို့ လျှော့ချခြင်းဖြင့် မလိုလားအပ်သော ပြဿနာများကို ရှောင်လွှဲနိုင်ပါလိမ့်မည်။

မဖြစ်မနေသုံးစွဲရန် လိုအပ်သောနေရာများတွင်လည်း AI ကို ကောင်းစွာထိန်းချုပ် ကွပ်ကဲနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားရန် လိုအပ်မည်ဖြစ်သည်။ AI ဆိုင်ရာမူဝါဒများနှင့် ကျင့်ဝတ်ဆိုင်ရာ အသိပညာပေးမှုများ၊ အဆင့်မြင့်တင်မှုများက ခက်ခဲသောကိစ္စရပ်များကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

AI က ပေးအပ်လာသော အားသာချက်များကို လက်တွေ့အသုံးချခြင်းဖြင့် နိုင်ငံများ၏ တိုးတက်မှုကို ဖော်ဆောင်နိုင်သကဲ့သို့ အလွဲသုံးစားပြုမှုများကြောင့်လည်း ဘေးအန္တရာယ်များကို တိုးပွားလာစေနိုင်ပါသည်။ အထူးသဖြင့် နည်းပညာပိုင်းအားနည်းကြသည့် နိုင်ငံငယ်များအတွက် AI ကို သုံးစွဲရန်မှာ အခွင့်အလမ်းနှင့် စိန်ခေါ်မှုနှစ်ခုစလုံးကို တစ်ပြိုင်နက်တည်း လက်ခံရသကဲ့သို့ ဖြစ်နိုင်ပါသည်။ လည်ပတ်နေသော အချိန်ကာလများက တရွေ့ရွေ့ ရှေ့သို့ ချီလျက်ရှိနေကြပြီး လူသားမျိုးနွယ်တို့၏ ကြံဆမှုများနှင့် တီထွင်ဖန်တီးမှုများသည်လည်း ရပ်တန့်နေမည်မဟုတ်ပေ။ အားသာချက်နှင့် အားနည်းချက်တို့ ဒွန်တွဲလျက်ရှိသော လူသားတို့ ကိုယ်တိုင် တီထွင်ဖန်တီးခဲ့သည့် ဉာဏ်ရည်တု (Artificial Intelligence) ၏ အနာဂတ်ကာလ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် သက်ရောက်မှုများကိုကား လက်ရှိအနေအထားအရ မည်သူ တစ်ဦးတစ်ယောက်ကမျှ ကြိုတင်ဟောကိန်းထုတ် မှန်းဆနိုင်ရန် လွယ်ကူလိမ့်ဦးမည် မဟုတ်ချေ။ ထို့အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် လုံခြုံရေးဆိုင်ရာ ရှုထောင့်များမှနေ၍ လိုအပ်သော ပြင်ဆင်ကာကွယ်မှုများ ကြိုတင်လုပ်ဆောင်ထားနိုင်ရန် လိုအပ်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပေသည်။

သိန်းထွန်းဦး (သေနင်)

Ref: – The Global Politics of Artificial Intelligence (Maurizio Tinnirello)
– Artificial intelligence, democracy and elections (Michael Adam with Clotilde Hocquard)
– How WILL AI INFLUENCE POLITICS? (GEORGIOS I. ZEKOS)
– The Political Affinities of AI (Dan McQuillan)

ÓPf&nfwkn,fynmu
vlbm;wkwm; trSwu ,ftusif;yrnfavm
axmifhvkef

“ ဥာဏ်ရည်တုနည်းပညာက ကလေးသူငယ်တွေကစလို့
လူငယ်လူရွယ်တွေအတွက်
သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို
အဓိက အထောက်အကူပြုနေတဲ့ နည်းပြဆရာတစ်ဦးသဖွယ်
ဖြစ်လာနိုင်တာ တွေ့ရပါတယ်။ ”

ဓာတ်ပုံ-အင်တာနက်

လူသားတို့နေထိုင်ရာ ကမ္ဘာကြီးသည်ကား နှစ်ဆယ်ရာစုအတွင်းမှစပြီး တစ်စတစ်စ တိုးတက်လာတဲ့ နည်းပညာတွေကြောင့် နယ်ပယ်အသီးသီးမှာ ဆန်းသစ်တီထွင်မှုတွေကို သိသိသာသာပဲ တွေ့မြင်လာခဲ့ကြပါတယ်။ နယ်ပယ်အသီးသီးမှ တိုးတက်လာတဲ့ နည်းပညာတွေကြောင့် ယနေ့လူသားတို့ရဲ့ နေ့စဉ်နေထိုင်လှုပ်ရှားမှုဘဝကို များစွာဆန်းသစ်ပြောင်းလဲစေခဲ့တာက ငြင်းလို့မရနိုင်ပါဘူး။

လူ့အဖွဲ့အစည်းကို လျင်မြန်စွာ ပြောင်းလဲတိုးတက်စေခဲ့တဲ့ နည်းပညာတွေကြောင့်လည်း ဒီနေ့ခေတ်ကို နည်းပညာခေတ် (Technological Era) ရယ်လို့တောင် ခေါ်ဝေါ်လာချိန်မှာ ၂၁ ရာစုအတွင်း ကမ္ဘာ့နိုင်ငံအတော်များများမှာ AI (Artificial Intelligence) လို့ သိလာကြတဲ့ ဉာဏ်ရည်တုနည်းပညာကတော့ လူသိများ ခေတ်အစားဆုံးလို့ ဆိုရမှာပါ။ ဒီမှာ ဉာဏ်ရည်တုနည်းပညာကိုလည်း မကြာမီကမှ လူသားတို့ စတွေ့လာတဲ့ နည်းပညာတိုးတက်မှုတစ်ရပ်အနေနဲ့ ယူဆကြသူတွေ များပါတယ်။ အမှန်တကယ်ကတော့ ၁၉၅၀ ပြည့်လွန်နှစ်တွေမှာ ကွန်ပျူတာနဲ့ ခိုင်းစေအသုံးချနိုင်တဲ့ အသိဉာဏ်ကို စာအုပ်များထုတ်ဝေ၊ နည်းပညာပရိုဂရမ်များ တီထွင်လာနိုင်ကြချိန်မှာထဲက ဉာဏ်ရည်တုနည်းပညာဆိုတာ စတင်လာခဲ့တာပါပဲ။ ဒါပေမဲ့ ဒီနည်းပညာကို အသုံးချမှုနယ်ပယ်ကတော့ ၂၁ ရာစုအတွင်းမှာ မြင့်မားလာခဲ့တာလို့ ဆိုရမှာပါ။

ဒီလို လူသိများ ရေပန်းစားလာတဲ့ ဉာဏ်ရည်တုနည်းပညာကို လူသားတို့အတွက် နယ်ပယ်အများအပြားမှာ အသုံးချနိုင်တာကို တွေ့ရှိလာကြတာ၊ ဉာဏ်ရည်တုနည်းပညာကို လူသားတို့ကိုယ်စား အသုံးပြုလာနိုင်တာကို တွေ့ရှိလာကြတာတို့ကြောင့် လူသားတို့အတွက်

အမှန်တကယ် အကျိုးရှိစေနိုင်မယ်လို့ ယူဆလာကြပါတယ်။ တစ်ဖက်မှာ မြင့်မားလာတဲ့ ဉာဏ်ရည်တုနည်းပညာကြောင့် ရုပ်ရောအသံပါ ထပ်တူဖန်တီးနိုင်လာခြင်းသည် လူမှု အသိုင်းအဝိုင်းအတွက် အကောင်းထက် အဆိုးဘက်ကို ဖြစ်စေမလားဆိုတဲ့ ယူဆချက်တွေ လည်း ရှိလာပြန်ပါတယ်။ ဒီလို အကောင်းနဲ့အဆိုး ထင်မြင်ယူဆချက်တွေ ဒွန်တွဲရှိနေပေမယ့် တကယ့်တကယ်မှာတော့ ဉာဏ်ရည်တုနည်းပညာက လူသားတို့ အလေးထား ဂရုစိုက်ရမယ့် အရာအားလုံးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်တယ်ဆိုတာ ဦးစွာဆိုချင်ပါတယ်။

လူသားတို့ အလေးထား ဂရုစိုက်ရမယ့် အရာအားလုံးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှု

ဆယ်စုနှစ်ပေါင်းများစွာကပဲ လူမှုသိပ္ပံဘာသာရပ်မှာ ကျိုးကြောင်းဆီလျော်တဲ့ အဓိကကောက်ချက် ထောင်နဲ့ချီတဲ့ လေ့လာမှုတွေက လူသားတို့ရဲ့ အသိဉာဏ်ကြောင့် လူသားတို့ရဲ့ဘဝမှာ အလွန်ကျယ်ပြန့်တဲ့ အကျိုးကျေးဇူးတွေကို ရစေမယ်လို့ ဆိုကြပါတယ်။ အသိဉာဏ် ပိုမိုထက်မြက်ကြသူတွေက ပညာရေးတိုးတက်အောင်မြင်မှု၊ အလုပ်အကိုင် စွမ်းဆောင်နိုင်မှု၊ လုပ်ငန်းခွင်ဆိုင်ရာအဆင့်အတန်း၊ ဝင်ငွေရရှိမှု၊ ဖန်တီးနိုင်စွမ်းအား၊ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းစေမှု၊ အသက်ရှည်မှု၊ ကျွမ်းကျင်မှုအသစ်တွေကို လေ့လာ တတ်မြောက်မှု၊ ရှုပ်ထွေးတဲ့လုပ်ငန်းတွေကို စီမံခန့်ခွဲနိုင်မှု၊ ဦးဆောင်နိုင်မှုစွမ်းအား၊ တီထွင် ကြံဆအောင်မြင်နိုင်မှု၊ ပဋ္ဌိပက္ခတွေကို ဖြေရှင်းနိုင်မှု၊ စာဖတ်ရှု သဘောပေါက်နားလည်နိုင်စွမ်း ရှိမှု၊ ငွေကြေးဆိုင်ရာဆုံးဖြတ်ချက် ချမှတ်နိုင်မှု၊ အခြားသူတို့၏ သဘောထားအမြင်တွေကို နားလည်မှု၊ ဖန်တီးမှုအနုပညာတွေ လုပ်ဆောင်နိုင်မှု၊ မိဘဖြစ်သူတွေရဲ့ ဟန်ပန်နည်း လုပ်ဆောင်မှုတွေမှ အကျိုးကျေးဇူးတွေရယူကာ ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးတွေ ရယူနိုင်ကြတာကို တွေ့ရမှာပါ။

ဒါပြင် လူသားတို့ရဲ့အသိဉာဏ်က ယနေ့ လူသားတို့နေထိုင်ရာ ကမ္ဘာကြီးကိုဖြစ်လာ စေတဲ့ မောင်းတံသဖွယ်ဖြစ်တယ်လို့လည်း ဆိုရမှာပါ။ လူသားတို့ရဲ့ အသိဉာဏ်နဲ့ သိပ္ပံ၊ နည်းပညာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ သယံဇာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ အနုပညာ၊ ဂီတ၊ ယဉ်ကျေးမှု၊ ဒဿနိကဗေဒ၊ လူ့ကျင့်ဝတ်နဲ့ အကျင့်သိက္ခာ စတဲ့ ဘာသာရပ်အမျိုးမျိုး၊ ကဏ္ဍအမျိုးမျိုးမှာ ယနေ့ခေတ်ကမ္ဘာလို တိုးတက် ပြောင်းလဲလာဖို့ ဆောင်ရွက်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ လူသားတို့ရဲ့ အသိဉာဏ်နဲ့သာ ဖန်တီးတီထွင်မှုတွေ မပြုလုပ်နိုင်ခဲ့ကြရင် လူသားတို့အဖို့ ဒီနေ့အထိ တဲစုတ်တွေမှာသာ နေထိုင်နေကြရဆဲ ဖြစ်မှာပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၄,၀၀၀ လောက်ကထက် လူသားတို့ရဲ့ လူနေမှုဘဝအဆင့်အတန်းများစွာ မြင့်တက်လာခဲ့တာကလည်း လူသားတို့ရဲ့ အသိဉာဏ် ကြောင့်သာဖြစ်တာကို ရှင်းရှင်းကြီး တွေ့မြင်နိုင်ပါတယ်။

ဒါကြောင့်လည်း လူသားတို့ရဲ့ အသိဉာဏ်ကိုတုပပြီး ထပ်တူဆောင်ရွက်မှုတွေပြုနိုင် ဖို့ တီထွင်ခဲ့တဲ့ ဉာဏ်ရည်တုနည်းပညာဟာလည်း လူသားတို့ရဲ့အသိဉာဏ်ကြောင့် ဖြစ်ပေါ် ခံစားနေရတဲ့ အကျိုးကျေးဇူးတွေကို လေးလေးနက်နက် တိုးတက်ကြီးထွားလာစေမယ့် အခွင့်အလမ်းကို လူသားတို့ထံ အရောက်ပို့ပေးခြင်းလို့ ယူဆရမှာပါ။ ဉာဏ်ရည်တုနည်းပညာ အကူအညီကိုရယူပြီး လူသားတို့အနေနဲ့ တီထွင်ဖန်တီးမှုများစွာကို ထပ်မံပြုလုပ်နိုင်ကြလိမ့်

မယ်လို့လည်း ယူဆရပါတယ်။ ဒီထဲမှာ လူသားတို့ကျန်းမာရေးအတွက် ဆေးဝါးသစ်တွေ ဖန်တီးတွေ့ရှိမှုတွေကနေ ရာသီဥတု ပြောင်းလဲမှုပြဿနာကို ဖြေရှင်းဖို့ နည်းပညာတွေ အပါအဝင် လူသားတွေ စကြဝဠာထဲက ကြယ်တွေဆီ အရောက်သွားနိုင်ဖို့ နည်းလမ်းတွေအထိ အမျိုးမျိုးသော လူသားတို့ အလေးထားရမယ့် အကြောင်းအရာတွေအားလုံး ပါဝင်မယ်လို့ ဆိုချင်ပါတယ်။

ဉာဏ်ရည်တုနည်းပညာကို နယ်ပယ်ကဏ္ဍအလိုက် လူသားတို့ အသုံးချလာနိုင်မှု

ဒီနေ့ခေတ်အခါမှာ ဉာဏ်ရည်တုနည်းပညာက ကလေးသူငယ်တွေကစလို့ လူငယ်လူရွယ်တွေအတွက် သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အဓိက အထောက်အကူပြုနေတဲ့ နည်းပြ ဆရာတစ်ဦးသဖွယ် ဖြစ်လာနိုင်တာ တွေ့ရပါတယ်။ သူတို့ရဲ့ ပညာရေးလေ့လာမှုမှာ ဖွံ့ဖြိုးတိုးတက်မှုအဆင့်တိုင်းအတွက် AI က နည်းပြအဖြစ် ရှိနေမှာပါ။

လူတိုင်းလူတိုင်းအတွက်လည်း ဉာဏ်ရည်တုနည်းပညာကို မိမိရဲ့ လက်ထောက်တစ်ယောက်လို၊ နည်းပြဆရာတစ်ယောက်လို၊ လမ်းညွှန်ကူညီမယ့် ဆရာသမားတစ်ယောက်လို၊ သင်တန်းနည်းပြတစ်ယောက်လို၊ အကြံပေးပုဂ္ဂိုလ်တစ်ယောက်လို၊ ကုထုံးပညာရှင်တစ်ယောက်လို အသုံးပြု အားကိုးနိုင်မှာဖြစ်ပြီး အတိုင်းအဆမရှိ စိတ်ရှည်စွာ၊ မေတ္တာတရားကြီးမားစွာ၊ အသိဉာဏ်ကြွယ်ဝစွာ ကူညီမှုပြုတတ်စွာနဲ့ အထောက်အကူပေးမှုကို ရယူနိုင်မှာပါ။ ဉာဏ်ရည်တုနည်းပညာရဲ့ အထောက်အကူပေးမှုက လူတိုင်းအတွက် ဘဝမှာ အခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေတစ်လျှောက် ပြန်လည်ရင်ဆိုင်နိုင်ဖို့ ရှိနေမှာဖြစ်ပြီး လူတိုင်းကိုလည်း အကျိုးဖြစ်ထွန်းစေမှာပါ။

သိပ္ပံပညာရှင်တွေကလည်း ဉာဏ်ရည်တုနည်းပညာကို အထောက်အကူပြုသူ၊ ပူးပေါင်းဆောင်ရွက်သူနဲ့ မိတ်ဖက်တစ်ဦးလိုသဘောထား အကူအညီရယူနိုင်သလို အနုပညာရှင်တွေ၊ အင်ဂျင်နီယာတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ဆရာဝန်တွေ၊ မိသားစုကျန်းမာရေးစောင့်ရှောက်ပေးနေသူတွေအဖို့လည်း ဒီလိုပါပဲ။ အမှုဆောင်အရာရှိချုပ်တွေ၊ အစိုးရအရာရှိတွေ၊ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေ၊ ပြေးခုန်ပစ်နည်းပြတွေ၊ ကျောင်းဆရာတွေဆိုရင်လည်း ထပ်တူထပ်မျှပဲ ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလို့ အကျိုးကျေးဇူးတွေ ရနိုင်ကြမှာပါ။ ဒီလို လူ့အဖွဲ့အစည်းကို ခေါင်းဆောင်နေသူတွေမှာ ဉာဏ်ရည်တုနည်းပညာရဲ့ အကူအညီနဲ့ အသိဉာဏ် ပိုမိုမြင့်မားကာ ပိုမိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ကြခြင်းက လူသားအားလုံးကို အကျိုးပြုမှုပါပဲ။

ဒါ့ပြင် ဉာဏ်ရည်တုနည်းပညာအကူအညီကြောင့်ပဲ ထုတ်လုပ်နိုင်မှုစွမ်းအား တိုးတက်စေမှုကြောင့် စီးပွားရေးတိုးတက်မှုမှာလည်း အရှိန်အဟုန်ရကာ လုပ်ငန်းသစ်တွေ၊ အလုပ်အကိုင်သစ်တွေ ဖန်တီးနိုင်မှု၊ လစာကောင်းမွန်လာမှုဆိုတဲ့ ရလဒ်ကောင်းတွေ ဖြစ်စေမှာပါ။ သိပ္ပံဆိုင်ရာ တိုးတက်ကျော်လွှားနိုင်မှုတွေ၊ နည်းပညာသစ်၊ ဆေးဝါးသစ်ဖန်တီးနိုင်မှုတွေလည်း ရှိလာမှာပါ။ AI ကြောင့် အနုပညာရှင်တွေ၊ တေးဂီတပညာရှင်တွေ၊ စာရေးဆရာတွေ၊ ရုပ်ရှင်ထုတ်လုပ်သူတွေလည်း အရင်က မစွမ်းဆောင်နိုင်ခဲ့ကြတဲ့ ပိုမိုမြန်ဆန်မြင့်မားတဲ့ ဆောင်ရွက်ဖန်တီးနိုင်မှုတွေ ရှိလာနိုင်ပါတယ်။

နောက်ဆုံးပြောရရင် စစ်ရေးကဏ္ဍတွေမှာ ဉာဏ်ရည်တုနည်းပညာအကူအညီနဲ့ တိုးတက်ပြောင်းလဲမှုတွေ ရရှိလာနိုင်တယ်လို့လည်း ယူဆရပြန်ပါတယ်။ ဒါက စစ်မက်တွေ

ဖြစ်ပွားရလို့ လူသားတို့ သေကျေပျက်စီးရမှုတွေကို သိသိသာသာကြီး လျော့ကျသွားစေမှာပါ။ ကြောက်မက်ဖွယ် ဆုံးဖြတ်ချက်တွေနဲ့ အသွင်လက္ခဏာဆောင်တဲ့ စစ်ပွဲဆိုတာ ခေါင်းဆောင်နေရာယူထားတဲ့ လူသားတစ်စုရဲ့ တင်းကျပ်တဲ့ ဖိအားတွေအောက်မှာ ဖြစ်ပွားရတာပါ။ ဉာဏ်ရည်တုနည်းပညာခေတ်ကို ရောက်ရှိလာရင်တော့ တပ်မှူးတွေနဲ့အတူ နိုင်ငံရေးခေါင်းဆောင်တွေဟာ AI အကူအညီကိုရယူပြီး ပိုမိုပြီး မဟာဗျူဟာနဲ့ နည်းဗျူဟာ မြောက်တဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ကြမှာပါ။ ဒါက စစ်ပွဲတွေကြောင့် မလိုအပ်တဲ့ စွန့်စားမှုတွေ လျော့ကျစေကာ အမှားအယွင်းတွေလည်း နည်းစေမှာမို့ လူသားတို့အတွက် မလိုလားအပ်တဲ့ အသက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေမှာ မဟုတ်တော့ဘူးလို့ ယုံကြည်ရပါတယ်။

အထက်ပါအချက်တွေဟာ ဉာဏ်ရည်တုနည်းပညာက လူသားတို့အပေါ် အကျိုးပြုလာနိုင်တဲ့ သိသာထင်ရှားတဲ့ အချက်တွေလို့ ဆိုရမှာဖြစ်ပါတယ်။တစ်ပြိုင်တည်းမှာပဲ ဉာဏ်ရည်တု နည်းပညာအသုံးချမှု မြင့်မားလာခြင်းအပေါ် အဆိုးဘက်မှ ဝေဖန်သုံးသပ်မှုတို့လည်း ပေါ်ပေါက်လာခဲ့ပါတယ်။ ဉာဏ်ရည်တုနည်းပညာထွန်းကားလာမှုက လူသားတို့ကို အမှန်တကယ်အကျိုးပြုမယ့် လူသားတို့ကို ကယ်တင်နိုင်မယ့် နည်းပညာသစ်တစ်ခုပေါ်ထွန်းလာမှုအပေါ် နယ်ပယ်တိုင်းမှာ ဖြစ်နိုင်ပါမည်လားဟု သံသယရှိကာ ဆန့်ကျင်ဘက်မြင်သူတွေလည်း ရှိလာပါတယ်။ သို့ဆိုလျှင် ထိုယူဆချက်၊ ထင်မြင်ချက်တွေက မှန်ကန်မှုရှိနိုင်၊ မရှိနိုင်ဆိုတာကိုလည်း တစ်ဆက်တည်းမှာပဲ သုံးသပ်သွားလိုပါတယ်။

ဉာဏ်ရည်တုနည်းပညာအပေါ် ဆန့်ကျင်ဝေဖန်နေမှုများမှာ မှန်ကန်မှု ရှိ မရှိ

ဉာဏ်ရည်တုနည်းပညာအပေါ် ဆန့်ကျင်ဘက်ပြောကြားမှုတွေထဲမှာ ပထမဆုံးတွေ့ရှိရတာကတော့ ဒီနည်းပညာ တိုးတက်ထွန်းကားလာတာက လူသားတို့ရဲ့ သဘောသဘာဝတွေကို ထိခိုက်ကာ လူသားတို့ကိုပါ သေကျေပျက်စီးအောင် ပြုလုပ်လာနိုင်စေတယ်လို့ ပြောကြတာပါပဲ။ ဉာဏ်ရည်တုနည်းပညာက လူသားတို့ရဲ့ကျင့်ဝတ်နဲ့ ယဉ်ကျေးမှုတွေကို ထိခိုက်ပျက်စီးစေမယ်ဆိုတဲ့ ထိတ်လန့်ကြောက်ရွံ့မှုတွေတောင် ရှိလာခဲ့ကြပါတယ်။

ထိုယူဆချက်အပေါ် စာရေးသူအနေနဲ့ သုံးသပ်ရမယ်ဆိုရင် လုံးဝမှားယွင်းတယ်လို့သာ ဆိုရမှာဖြစ်ပါတယ်။ ဉာဏ်ရည်တုနည်းပညာဆိုတာက သက်ရှိသတ္တဝါတစ်ဦးလည်း မဟုတ်ပါ။ လူသားတို့နဲ့ တိရစ္ဆာန်တွေ အသက်ရှင် နေထိုင်နိုင်မှုဘဝအတွက် အံကိုက်အဖြစ် ဆုံးလို့ဆိုရမယ့် သက်မဲ့နည်းပညာကို နှစ်သန်းပေါင်းထောင်နဲ့ချီလို့ လူသားတွေ တရွေ့ရွေ့ တိုးတက်ပြောင်းလဲ အသုံးပြုလာနိုင်မှုက နောက်ဆုံး ယနေ့ခေတ်မှာ ဒီအခြေအနေကို ရောက်လာခဲ့တာလို့ ဆိုရမှာပါ။ သက်မဲ့နည်းပညာဖြစ်သော ဉာဏ်ရည်တုနည်းပညာကို သန်ဘာစကားဝှက်တွေ၊ ကွန်ပျူတာတွေနဲ့ လူသားတို့က တည်ဆောက်ပြီး လူသားတို့ပဲ ပိုင်ဆိုင်လို့ လူသားတို့ကသာ ထိန်းချုပ်အသုံးပြုကြမှာ ဖြစ်ပါတယ်။ ဒီလို လူသားတို့ကသာ တီထွင်၊ ထိန်းချုပ် အသုံးချမယ့် ဉာဏ်ရည်တုနည်းပညာက လူသားတို့ရဲ့ကျင့်ဝတ် သဘောသဘာဝတွေကို ထိခိုက်ကာ လူသားတို့ကိုပါ သေကျေပျက်စီးအောင် လုပ်ဆောင်လာနိုင်တယ်လို့ ဆိုတာက အယူသီးလွန်းရာ၊ တစ်ဖက်စွန်းရောက်လွန်းရာ ကျတယ်လို့ပဲ ဆိုရမှာပါ။

ဥာဏ်ရည်တုနည်းပညာအပေါ် ဒုတိယအများဆုံး စောဒကတက်ကြသည့်အချက်က သူ့အနေနဲ့ လူ့အဖွဲ့အစည်းကို ချွတ်ခြုံကျ ပျက်စီးစေနိုင်တယ်ဆိုတဲ့ ယူဆချက်ပါပဲ။ ဒီနည်းပညာက လူ့အဖွဲ့အစည်းကို အန္တရာယ်ဖြစ်စေတဲ့ ကွန်ပျူတာသတင်းအချက်အလက်တွေကို ဖြစ်ပေါ်စေမယ်လို့ ယူဆကြတာပါပဲ။ ဒါကြောင့်လည်း လူသားတို့အနေနဲ့ တိုက်ရိုက်သေဆုံးမှုတွေမရှိခဲ့ရင်တောင် လူသားမျိုးနွယ်သဘာဝအပေါ် ကြီးမားစွာ ထိခိုက်မှုတွေ ဖြစ်စေမယ်လို့ ယူဆကြပြန်တယ်။

ယနေ့အချိန်မှာ ဥာဏ်ရည်တုနည်းပညာ အသုံးပြုမှုက လူ့အဖွဲ့အစည်းကို ထိခိုက်လာနိုင်တယ်ဆိုနေပေမယ့် လုံးဝ အခိုင်အမာ သက်သေမပြဆိုနိုင်သေးပါဘူး။ AI အသုံးပြုမှုက မည်သူတွေရဲ့ လူ့အဖွဲ့အစည်းတန်ဖိုးတွေကို ထိခိုက်စေမှာလည်း မပြောနိုင်သေးဘဲ စိုးရိမ်ပြောကြားနေမှုက လှည့်စားမှုတစ်ရပ်လိုတောင် ဖြစ်နေရတယ်လို့ ဆိုရမှာပါ။ လက်ရှိအခါမှာ လူသားတို့ ကျယ်ပြန့်စွာအသုံးပြုနေကြတဲ့ လူမှုကွန်ရက်တွေမှာဆိုရင် အမုန်းစကားတွေ၊ မှန်ကန်မှုမရှိတဲ့အလိမ်အညာစကားတွေ ရောထွေးနေတာကြောင့် နိုင်ငံတိုင်းမှာ လူမှုကွန်ရက်တွေနဲ့ပတ်သက်လို့ အခက်အခဲတွေ ဖြစ်ရတာပါ။ ဒီတော့ ဥာဏ်ရည်တုနည်းပညာ အသုံးပြုမှုက လူ့အဖွဲ့အစည်းအတွက် အကျိုးရှိစေဖို့ရာ ကောင်းမွန်တဲ့ ပြောကြားမှုတွေနဲ့ အတွေးအခေါ်တွေ ဖြစ်ပေါ်စေဖို့ AI ကို ထိန်းချုပ်ပါ။ AI အသုံးပြုမှုက လူ့အဖွဲ့အစည်းကို ဆိုးရွားပျက်စီးစေမယ့်ပြောကြားမှုတွေနဲ့ အတွေးအခေါ်တွေ ဖြစ်ပေါ်မလာအောင် ပိတ်ပင်ကြခြင်းဖြင့် ဒီစိုးရိမ်ချက်ကို ကောင်းစွာပယောက်စေမှာလို့ ဆိုချင်ပါတယ်။

တစ်ခါ ဥာဏ်ရည်တုနည်းပညာ တိုးတက်လာတာနဲ့အမျှ စက်ယန္တရားတွေ ပိုမိုအသုံးပြုမှု၊ လူသားတို့အစား အလိုအလျောက်ဆောင်ရွက်နိုင်မယ့် စက်ရုပ်လိုပစ္စည်းတွေ အသုံးချမှု၊ ကွန်ပျူတာအသုံးချမှု၊ နည်းပညာတိုးတက်လာမှုတို့ကြောင့် လူသားတွေအတွက် အလုပ်အကိုင်တွေ တစ်စတစ်စ လျော့နည်းပျောက်လာလေမလားဆိုတဲ့ တတိယစိုးရိမ်မှုလည်း ရှိလာကြပါတယ်။ နည်းပညာတွေ အမျိုးမျိုးတိုးတက်လာခဲ့မှုသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် အဓိက နည်းပညာသစ်တစ်ရပ် တိုးတက်လာခဲ့တာနဲ့ အလုပ်အကိုင်တွေ ပိုမိုဖွံ့ဖြိုးလာပြီး လစာဝင်ငွေတွေ ပိုကောင်းလာတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ဒီလိုပဲ နည်းပညာတိုးတက်မှုတွေကြောင့် လူသားတို့ အလုပ်လက်မဲ့ ဖြစ်ကြရတော့မှာလားဆိုတဲ့ ကြောက်ရွံ့မှုကလည်း ဖြစ်လာစမြဲပါ။

ဒီမှာ လူသားတွေအစား အလိုအလျောက်ဆောင်ရွက်ပေးမယ့် စက်ရုပ်တွေလိုမျိုးပေါ်ပေါက်လာမှာကို စိုးရွံ့နေကြတာက Lump of Labour Fallacy လို့ခေါ်ကြတဲ့ စီးပွားရေးတစ်ရပ်မှာ လူသားတို့အတွက် အလုပ်အကိုင် အရေအတွက်က ပုံသေပဲရှိနိုင်တယ်ဆိုတဲ့ မှားယွင်းတဲ့ ယုံကြည်မှုကြောင့်ပါ။ ဒီနေရာမှာ Lump of Labour Fallacy ခေါ်တဲ့ သဘာဝအားဖြင့် ဝမ်းတွင်းအသိ ယုံကြည်မှုက ဘယ်လိုလွဲနေသလဲ။ ရှင်းပြချင်ပါတယ်။

နည်းပညာတွေ တိုးတက်လာမှုက ထုတ်လုပ်မှု တိုးတက်လာနိုင်စွမ်းအားကို ဖြစ်လာစေပါတယ်။ ပိုမိုထုတ်လုပ်နိုင်စွမ်း တိုးမြင့်လာခြင်းက တစ်ဖက်မှာ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုနဲ့ နောက်ဆုံး မိသားစုတစ်စုပင်ဖြစ်စေ လိုအပ်တဲ့သွင်းအားစုကို လျော့ကျစေပါတယ်။ ဒီမှာ အကျိုးရလဒ်အနေနဲ့ ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် ကုန်ကျစရိတ်တွေ နိမ့်ကျလာစေပါတယ်။ ဒီလို ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ

အတွက် ကုန်ကျစရိတ်တွေ နိမ့်ကျလာတာက ဘာကို ဖြစ်စေလဲဆိုရင် အခြားအပိုကုန်ကျနိုင်စွမ်းအား၊ အပို အသုံးစရိတ်တွေ ဖြစ်လာစေပါတယ်။

ဒီလို အပိုအသုံးပြုနိုင်စွမ်းအားများလာတာနဲ့ အမျှ အခြားအသုံးပြုစရာ ထုတ်ကုန်ပစ္စည်းတွေ ပိုမို ဝယ်ယူလာနိုင်ပါတယ်။ ဒါနဲ့အတူ စီးပွားရေးမှာ ထုတ်လုပ်မှု လုပ်ငန်းအသစ်တွေ၊ ထုတ်ကုန်အသစ် တွေ ဖြစ်ပေါ်လာစေတာပါပဲ။ ဒီလိုဖြစ်ပေါ်လာခြင်းဖြင့် လူသားတို့အတွက် စက်ပစ္စည်းနဲ့ အစားထိုးခံရတဲ့ အလုပ်တွေနေရာမှာ အလုပ်အသစ်တွေ ပြန်လည် ပေါ်ပေါက်လာရပြန်တာ တွေ့ရမှာပါ။

ဒါကြောင့်လည်း ဥာဏ်ရည်တုနည်းပညာ ကြောင့် လူသားတို့အတွက် အလုပ်တွေ ပျောက်ဆုံးရှိုး စေမယ်ဆိုတာ မဟုတ်နိုင်ပါဘူးလို့ ဆိုပါရစေ။

ဒ့ါပြင် ဥာဏ်ရည်တုနည်းပညာ ထွန်းကားလာ ခြင်းအပေါ် အခြားသော စိုးရိမ်မှုတစ်ရပ်က ဒီနည်းပညာ တိုးတက်မှုကို ပိုင်ဆိုင်အသုံးချနိုင်သူတွေက စီးပွားရေး အရ အကျိုးခံစားမှုတွေ ရှိကြပြီး သာမန်ရိုးရိုးလူတွေအဖို့ နည်းပညာတိုးတက်မှုမှ ဘာအကျိုးအမြတ်မှ မရစေဘဲ ရှိလေမလား ဆိုတာပါပဲ။ ဒါကလည်း တကယ်တမ်း အားဖြင့် လွဲမှားသော ယုံကြည်မှုတစ်ရပ်လို့ ဆိုပါရစေ။

ဒီမှာထုတ်ကုန်ပစ္စည်းတစ်ရပ်ကို နည်းပညာတွေ အသုံးချပြီး ထုတ်လုပ်ခဲ့ပြီးတဲ့အခါမှာ ပိုင်ရှင်အနေနဲ့ ဖြစ်နိုင်သမျှ သုံးစွဲသူ အများအပြားကို ရောင်းချနိုင်ရ မှာပါ။ ဘယ်ထုတ်ကုန်အတွက်မဆို ဒီကမ္ဘာမှာ အကြီးမားဆုံးဈေးကွက်က ကမ္ဘာကြီးတစ်ခုလုံးပါပဲ။ သန်းပေါင်း ၈,၀၀၀ ကျော်သော လူသားတွေအားလုံးပါ။ ဒါကြောင့် အမှန်တကယ်မှာ ဘယ်နည်းပညာနဲ့မဆို ထုတ်လုပ်ထားတဲ့ပစ္စည်းကို တန်ဖိုးကြီးကြီးပေးနိုင်တဲ့ ကုမ္ဏီကြီးတွေ ဒါမှမဟုတ် ချမ်းသာကြွယ်ဝသူတွေ အတွက် အရင်ပစ်မှတ်ထား ရောင်းချကြပါတယ်။ ပြီးမှ ထုတ်လုပ်မှုကို တစ်ဟုန်ထိုး တိုးတက်လာစေကာ ကြီးမားလှတဲ့ သုံးစွဲသူ ဈေးကွက်ကိုရောက်အောင် ဖြန့်ချိကြပါတယ်။ နောက်ဆုံးမှာတော့ ကမ္ဘာပေါ်ရှိ လူတိုင်းလက်ထဲကို ရောက်အောင်ကြိုးစားမှာပါ။

"ဥာဏ်ရည်တု နည်းပညာကို အသုံးပြုပြီး မကောင်းမှုတွေကို ကျူးလွန်လာကြမယ်ဆိုရင် ဒီလိုကျူးလွန်မှုဟာ ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး အရေးယူခံရမယ်ဆိုတာ ဥပဒေတွေ ရေးဆွဲထုတ်ပြန် ထားရမှာပါ။"

ဒီလိုနည်းလမ်းနဲ့အညီ ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးတစ်ဦးဖြစ်တဲ့ အီလွန်မတ်စ်ရဲ့ သူ့ကုမ္ပဏီက Tesla ကား ကို ၂၀၀၆ ခုနှစ်က ထုတ်လုပ်မှုအတွက် စီမံချက်ကို ဥပမာပြချင်ပါတယ်။

အဆင့် (၁) မှာတော့ တန်ဖိုးအားဖြင့် ကြီးမားတဲ့ပြိုင်ကားတွေကို ကုမ္ပဏီကြီးတွေ၊ စျေးကြီးပေးဝယ်ယူမယ့် ကားပြိုင်ပွဲဝင်တွေအတွက် ရည်မှန်းထုတ်လုပ်ခဲ့ပါတယ်။

အဆင့် (၂) မှာတော့ စျေးသက်သာတဲ့ကားတွေ ထုတ်ခဲ့ပါတယ်။

အဆင့် (၃) မှာတော့ ပိုလို့စျေးသက်သာတဲ့ကားကို ထုတ်ခဲ့ပါတယ်။

ယနေ့အချိန်မှာ ကားထုတ်လုပ်မှုမှာလည်း အောင်မြင်နေတာက အီလွန်မတ်စ်အနေနဲ့ တန်ဖိုးကြီးတဲ့ကားတွေ ရောင်းနေရလို့မဟုတ်ပါဘူး။ ကမ္ဘာတစ်ဝန်း ကမ္ဘာ့ပြည်သူ အများအပြားပါဝင်တဲ့ ကြီးမားတဲ့စျေးကွက်ကြီးအတွက် စျေးသက်သာတဲ့ ဒါမှမဟုတ် စျေးအလွန်အလွန်သက်သာတဲ့ကားတွေကို ရောင်းချနေရလို့ပါ။ ဒီနေရာမှာ နည်းပညာထွန်းကားလာတိုင်း အသာစီးယူ တစ်ဖက်သတ် အမြတ်ထုတ်ဖို့ဆိုတာ မဖြစ်နိုင်တာ တွေ့ရမှာပါ။ ဒါကြောင့်လည်း ဉာဏ်ရည်တုနည်းပညာထွန်းကားလာခြင်းက မည်မျှမှုကို ဖြစ်စေနိုင်တယ်ဆိုတာ မမှန်ကန်ဘူးလို့ပဲ ပြောပါရစေ။

ဉာဏ်ရည်တုနည်းပညာ ပေါ်ပေါက်လာတဲ့အပေါ် ဒီနည်းပညာနဲ့ မကောင်းတဲ့ လူဆိုးသူဆိုးတွေက မကောင်းတဲ့လုပ်ရပ်တွေကို ပြုလုပ်လာကြမလားလို့လည်း လူသားတွေကြား စိုးရိမ်လာကြပါတယ်။ နည်းပညာဆိုတာ တကယ်တော့ လူသားတို့အတွက် ကိရိယာတစ်ခုဖြစ်တယ်လို့ပဲ ဆိုရမှာပါ။ ကိရိယာတွေက ကောင်းတဲ့ရည်ရွယ်ချက်တွေအတွက် အသုံးချပြုလုပ်နိုင်သလို ဆိုးတဲ့အရာတွေပြုလုပ်ဖို့လည်း အသုံးချနိုင်ပါတယ်။ ဘယ်နည်းပညာမဆို အကောင်းနဲ့အဆိုးဆိုတာတော့ တွဲဖက်ရှိကြတာပါပဲ။ ဒါကြောင့်လည်း AI ကို မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ အသုံးချပြီး အကြမ်းဖက်မှုတွေ၊ ဒုစရိုက်မှုတွေ၊ ရန်လိုမှုတွေ ပြုလာနိုင်တယ်ဆိုတာ မှန်ပါတယ်။

ဒါကြောင့်လည်း ဉာဏ်ရည်တုနည်းပညာကို အသုံးချပြီး လူဆိုးသူဆိုးတွေက မကောင်းတဲ့အရာတွေ လုပ်လာနိုင်မှုကိုတော့ နည်းလမ်းနှစ်သွယ်နဲ့ တားဆီးကြရမှာ ဖြစ်ပါတယ်။ ပထမအနေနဲ့ မည်သူမဆို ဉာဏ်ရည်တုနည်းပညာကို အသုံးပြုပြီး မကောင်းမှုတွေကို ကျူးလွန်လာကြမယ်ဆိုရင် ဒီလိုကျူးလွန်မှုဟာ ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး အရေးယူခံရမယ်ဆိုတာ ဥပဒေတွေ ရေးဆွဲထုတ်ပြန်ထားရမှာပါ။

ဒုတိယနည်းလမ်းအနေနဲ့ ဉာဏ်ရည်တုနည်းပညာကို လူသားတို့အတွက် ကောင်းတဲ့၊ အကျိုးရှိစေတဲ့၊ တရားဝင်ဖြစ်တဲ့၊ ခုခံကာကွယ်မှုအတွက် စတဲ့ ရည်ရွယ်ချက်တွေနဲ့သာ အသုံးပြုဖို့ အဓိကအားထုတ်မှုတွေကို တိုးတက်ပြုလုပ်ကြရမှာပါ။ ဒါ့ပြင် ဉာဏ်ရည်တုနည်းပညာကို ဆိုက်ဘာကာကွယ်ရေး၊ ဇီဝဗေဒဆိုင်ရာကာကွယ်ရေး၊ အကြမ်းဖက်သမားတို့အား ခြေရာခံခြင်းနဲ့ ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းဖို့ ကိုယ့်ရဲ့ လူမှုအဖွဲ့အစည်းကို ထိန်းသိမ်းဖို့နဲ့ ကိုယ့်နိုင်ငံကာကွယ်ဖို့အတွက် ဒီနည်းပညာအသုံးပြုခြင်းကို လမ်းမှားသို့မရောက်အောင် ပြုလုပ်ကြရမှာဖြစ်ပါတယ်။

သုံးသပ်ချက်

ဒါကြောင့်လည်း ဉာဏ်ရည်တုနည်းပညာ တိုးတက်အဆင့်မြင့်လာခြင်းအပေါ် သေချာစွာ လေ့လာမယ်ဆိုရင် လူသားတို့အကျိုးရှိစေတဲ့ အရာတွေကို လူသားတို့နည်းတူ ဆောင်ရွက်ပေးနိုင်လာမှာတွေ တွေ့ရပါမယ်။ ဉာဏ်ရည်တုနည်းပညာကြောင့် လူသားတို့အတွက် အခက်အခဲတွေ ဖြစ်စေမယ်လို့ ယူဆချက်တွေကလည်း တကယ်တမ်းမှာ မဖြစ်နိုင်တဲ့ စိုးရိမ်မှုတွေက အများစုဆိုတာ အထက်မှာရှင်းပြခဲ့သလို သိရှိနိုင်ပါတယ်။ ဒါကြောင့်လည်း ဉာဏ်ရည်တုနည်းပညာက လူသားတို့ကို မလွဲမသွေ အကျိုးပြုမှာပါလို့သာ နောက်ဆုံးအနေနဲ့ ကောက်ချက်ချလိုပါတယ်။

ထွေးကိုထွန်း

(ဆောင်းပါးရှင် Marc Andreessen ရေးသားသော Why AI Will Save the World ဆောင်းပါးအား မှီငြမ်းဘာသာပြန်ဆိုပါသည်။)

pvd/f'mwjZifwvkdfynfwnfaqmujcif;

ukwkwvdf

“ လူအဖွဲ့အစည်းတစ်ရပ်လုံးကို
အမျိုးသားစုတစ်ခုတည်းဟူသောအမြင်ဖြင့်
စုစည်းညီညွတ်စွာ စုပေါင်းဆောင်ရွက်လိုသော
ကောင်းမွန်သည့် အမျိုးသားရေးစိတ်ဓာတ်ကိုသာ
ဆိုလိုခြင်းဖြစ်ပါ၏။ ”

ဓာတ်ပုံ-အင်တာနက်

ပထမဦးစွာ ဤဆောင်းပါးကို ဆရာဝီလျှံအောင်၏ "ငွေကြေးဖြင့် နိုင်ငံထူထောင်ခြင်း" စာအုပ်ကို ဖတ်ရှုရပြီးနောက် စိတ်ကူးရလာခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။ ဤဆောင်းပါးရေးသားရန် အတွေးဝမ်းစာ Food for Thought ကို လမ်းစဖော်ပေးခဲ့သည့် ဆရာဝီလျှံအောင်အား ကျေးဇူးတင်ပါသည်။

ဆရာဝီလျှံအောင်က နိုင်ငံတစ်နိုင်ငံ၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်သော ငွေကြေးနှင့် စီးပွားရေးကဏ္ဍကို သူ၏စာအုပ်တွင် မီးမောင်းထိုးပြသွားခဲ့သည်။ ကျွန်တော်က တိုင်းပြည်တစ်ပြည် တည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ်သော စိတ်ပိုင်းဆိုင်ရာ ကိစ္စအချို့ကို ဤဆောင်းပါးတွင် အကျဉ်းမျှ တင်ပြလိုပါ၏။

တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်သော အမျိုသားတည်ဆောက်ရေးနှင့် အမျိုးသားရေး စိတ်ဓာတ်

ဤနေရာ၌ နိုင်ငံဟူသောအသုံးကို မသုံးဘဲ တိုင်းပြည်ဟူသော စကားလုံးကို ရွေးချယ်အသုံးပြုရခြင်းအကြောင်းကို ဦးစွာရှင်းပြလိုပါသည်။ နိုင်ငံဟူသောအသုံးသည် အင်္ဂလိပ်ဘာသာဖြင့် State ဟူသော အဓိပ္ပာယ်ကို ပို၍ ထင်ဟပ်နေသည်ဟု ခံစားမိပြီး ပြည်သူလူထု၊ ပိုင်နက်နယ်မြေတို့အပြင် အစိုးရနှင့် အာဏာပိုင်စိုးမှု သဘောကိုပါ အထူးပြုနေသည်ဟု ယူဆမိသောကြောင့် တိုင်းသူပြည်သား လူအများတို့၏ မှီတင်းနေထိုင်ရာဟူသည့် သဘောထားပါရှိသည့် တိုင်းပြည်ဆိုသော စကားလုံးကိုသာ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါ၏။

ယခုအခါ ကမ္ဘာပေါ်၌ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်၏ အကျိုးဆက်အဖြစ် တိုင်းပြည်နိုင်ငံတို့၏ နယ်နိမိတ် အကန့်အသတ်များကို ကျော်ဖြတ်ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး

ချိတ်ဆက်ယှက်နွယ် ဆက်သွယ်မှုများ ကြီးမားကျယ်ပြန့်လာသည့်အလျောက် ကမ္ဘာလုံးဆိုင်ရာဝါဒ(Globalism) ၊ ကမ္ဘာသား(Global Citizen)၊ ကမ္ဘာ့ရွာ (Global Village)ဟူသော အယူအဆများလည်း ခေတ်စားလျက်ရှိကြောင်းတွေ့ရသည်။ အလွန်အကျွံ ဆန္ဒစောသူများက ကမ္ဘာပြားပြီ၊ ကမ္ဘာ့သမိုင်း နိဂုံးချုပ်ပြီ၊ ကမ္ဘာတစ်လွှား လူမျိုးဘာသာ အသားအရောင် မခွဲမခြား တန်းတူရှိသော၊ နိုင်ငံနယ်နိမိတ်တို့ကိုကျော်၍ တစ်သားတည်းဖြစ်သော ခေတ်ကြီးကို ရောက်တော့မည် စသည်ဖြင့် ယူဆရေးသားခဲ့ကြသည်များကိုလည်း တွေ့ရပါ၏။

သို့ရာတွင် ထိုအယူအဆများနှင့် ဆန့်ကျင်ကွဲပြားစွာ လက်တွေ့ မြေပြင်၌ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်တို့ တရားဝင် ခိုင်ခိုင်မာမာ ဆက်လက်တည်ရှိနေပြီး ထပ်မံ၍လည်း တရားမဝင်နိုင်ငံအဖြစ်မှ တရားဝင်နိုင်ငံဖြစ်အောင် ကျားကုပ်ကျားခဲ ကြိုးပမ်းနေကြသော ပါလက်စတိုင်း၊ တရုတ်–တိုင်ဝေ၊ ကိုဆိုဗိုစသည့် ပြည်ထောင်များလည်း ရှိနေဆဲဖြစ်ကြောင်း တွေ့မြင်ရပါသည်။

ထိုသို့ စိတ်ကူးအယူအဆနှင့် လက်တွေ့ဖြစ်ရပ်တို့ ကွာဟဆန့်ကျင်နေရသည့် အကြောင်းတရားမှာ လူတို့၏ စိတ်ဓာတ်ပင်ဖြစ်၏။ စိတ်ပညာသဘောအရ လူသည် အတ္တဗဟိုပြု (Ego Centric)တွေးခေါ် ခံစားတတ်သူဖြစ်၏။ မိမိကိုယ်ကိုယ်သာ ဗဟိုပြု၍ ပြောဆိုလုပ်ကိုင်၏။ မိမိအကျိုးစီးပွားကို ထာဝစဉ် ရှေးရှုတတ်၏။ မိမိကိုယ်တိုင်ပြီးလျှင် မိမိ၏ မိသားစု၊ ဆွေမျိုးသားချင်း၊ လူမျိုးစု၊ လူမျိုး စသည့် မိမိ၏ လူ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ထိုလူ့အဖွဲ့အစည်းတို့ မှီတင်းနေထိုင်ရာ နေအိမ်၊ ရပ်ကွက်၊ မြို့ရွာ၊ ဒေသ၊ တိုင်းပြည်တို့ကို ချစ်မြတ်နိုးသောစိတ်ရှိ၏။ မိမိတို့ လူ့အဖွဲ့အစည်း၏ အမှတ်သရုပ်လက္ခဏာများ၊ ယဉ်ကျေးမှု စံနှုန်းတန်ဖိုးများကို ထိန်းသိမ်းလိုသောစိတ်ရှိ၏။ ပြင်ပနှင့် ထိတွေ့ဆက်ဆံရာတွင် မိမိကိုယ်တိုင် မိမိနှင့် မိမိပါဝင်သည့် လူ့အဖွဲ့အစည်းကို ကိုယ်စားပြုသည့် အမှတ်သရုပ်လက္ခဏာများကို ပိုင်ဆိုင်ရယူလို၏။

ဤစိတ်ဓာတ်ကပင် စုစည်းထားသော လူ့အဖွဲ့အစည်းနှင့် ယင်းတို့ မှီတင်းနေထိုင်ရာ တိုင်းပြည် နိုင်ငံတို့ကို တည်ထောင်ထားခြင်း ဖြစ်ပေသည်။ အသိဉာဏ်မြင့်မားသော လူသားတို့ကို မဆိုထားဘိ၊ အဟိတ်တိရစ္ဆာန်တို့သည်ပင် မိမိတို့ အသိုက်အဝန်းနှင့် နေထိုင်ရာနေရာတို့ကို ခင်တွယ်မှုရှိကြသည်။ ကာကွယ်စောင့်ရှောက်လိုစိတ် ရှိကြသည်။ လမ်းဘေးခွေးတို့ ၌ပင် ပိုင်နက်နယ်မြေအသီးသီးရှိကြသည်။ ဤကား သဘာဝကျသော ဖြစ်တည်မှုပင်တည်း။

လူတို့တွင်လည်း ရှေးပဝေသဏီကပင် ဘိုးစဉ်ဘောင်ဆက် မှီတင်းနေထိုင် လုပ်ကိုင်စားသောက်နေခဲ့ကြသော နယ်မြေတို့ကို ခင်တွယ်မြတ်နိုးကြသည်။ ဤနယ်မြေနှင့် ဤလူ့အဖွဲ့အစည်း ရေရှည်တည်တံ့မှုကို လိုလားကြသည်။ မိမိတို့နှင့် အခြား ပြင်ပလူ့အဖွဲ့အစည်းတို့ မတူကွဲပြားမှုတို့အပေါ်မူတည်၍ ကိုယ်ပိုင်အမှတ်သရုပ်လက္ခဏာ၊ အပြုအမူ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ကို တန်ဖိုးထားကြသည်။ ဤသို့ဖြင့် သမိုင်းတစ်လျှောက်၌ ကိုယ်ပိုင်အမျိုးသားရေး အမှတ်သရုပ်လက္ခဏာရှိသော ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံရှိသော တိုင်းပြည် နိုင်ငံများ ပေါ်ထွန်းလာခဲ့ကြခြင်း ဖြစ်လေသည်။

တစ်ဖက်တွင် နည်းပညာတိုးတက်မှုကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာအနှံ့ ဖြန့်ကြက်ထိုးဖောက်လာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များနှင့် တည်ဆဲလူ့အဖွဲ့အစည်း၊

ယဉ်ကျေးမှု၊ တိုင်းပြည်နိုင်ငံများ၏ အကျိုးစီးပွား၊ စံနှုန်းတန်ဖိုးတို့ ထိပ်တိုက်တွေ့ကြုံ ရင်ဆိုင်လာရသောအခါ လူ့အဖွဲ့အစည်း ယဉ်ကျေးမှုအချင်းချင်း ပွတ်တိုက်မှုပဋိပက္ခများ လည်း ဖြစ်ပေါ်လာလေသည်။ ထိုအခါ သမိုင်းနိဂုံးချုပ်ပြီဟု ရေးသားခဲ့ကြသော ပညာရှင်များ သည်ပင် အမှတ်သရုပ်နိုင်ငံရေး (Identity Politics) ဆိုသည်ကို ဖော်ထုတ်လာကြပြန်တော့ သည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာပေါ်ရှိ လူ့အဖွဲ့အစည်းများအားလုံး ဟင်းလေးအိုးကြီးသဖွယ် (Melting Pot) ပျံ့နှံ့စွာ ရောနှောသွား၍ ကိုယ်ပိုင်အမှတ်သရုပ်များ ရှာမရရလောက်အောင် ပျောက်ကွယ်သွားခြင်း မရှိသေးသရွေ့ သီးခြားအမှတ်သရုပ်ရှိသော လူ့အဖွဲ့အစည်း၊ အမျိုးသားစု၊ တိုင်းပြည်၊ နိုင်ငံဟူသည် ရှိနေပေဦးမည်။

စင်စစ်၌ ကိုယ်ပိုင်အမှတ်သရုပ်လက္ခဏာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုစံနှုန်းနှင့် ကိုယ်ပိုင် အကျိုးစီးပွားရှိသောလူ့အဖွဲ့အစည်း၊ အမျိုးသားစု၊ ယင်းတို့၏ မိုတင်းနေထိုင်ရာဖြစ်သော တိုင်းပြည်နိုင်ငံတို့ကို ချစ်မြတ်နိုးကာ စုစုစည်းစည်းနေထိုင်လိုစိတ်၊ ကာကွယ်စောင့်ရှောက် လိုစိတ်၊ တိုးတက်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြံဆောင်လိုစိတ် ဟူသည့် "အမျိုးသားရေးစိတ်ဓာတ်" သည်ပင် တိုင်းပြည်၊ နိုင်ငံ၊ အမျိုးသားစုတို့ကို မပြိုမကွဲ မယိုင်လဲရအောင် စုစည်းကြံ့ခိုင်စေ သည့် အင်္ဂါတေကော်စေးသဖွယ် ဖြစ်တော့သည်။

တိုင်းပြည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်

ကမ္ဘာပေါ်၌ ကာလကြာရှည်စွာ တည်တံ့နေခဲ့ကြသော တိုင်းပြည်များကို လေ့လာ ပါက အမျိုးသားစုကြီးတစ်ခုအပေါ်အခြေခံ၍ တည်ထောင်ထားသော နိုင်ငံဖြစ်သည်ကို တွေ့ရပေမည်။ (ဥပမာ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊) မျက်မှောက်ကာလတွင် မည်သည့်နိုင်ငံမျှ လူမျိုးကြီး တစ်မျိုးတည်းဖြင့် သီးခြားစုဖွဲ့ထားနိုင်ခြင်း မရှိတော့ဘဲ လူမျိုးပေါင်းစုံရောပြွမ်း၍ နေထိုင်ကြ သည် မှန်၏။ သို့သော် အမျိုးသားစုကြီးတစ်ခုအပေါ် အခြေခံ၍ တည်ထောင်သည့် အမျိုးသား နိုင်ငံ Nation State တို့တွင်မူ ပမာဏကြီးမားသော အမျိုးသားစုကြီးက အမာခံအင်အားစု အဖြစ် တည်ရှိနေသည်ကို တွေ့ရပေလိမ့်မည်။ ဥပမာ ဂျပန်နိုင်ငံတွင် ဂျပန်လူမျိုးတို့က စုစုပေါင်းလူဦးရေ၏ ၉၇ ဒသမ ၆ ရာခိုင်နှုန်း ရှိနေသည်။ တရုတ်နိုင်ငံတွင် ဟန်တရုတ်လူမျိုးက ၉၂ ရာခိုင်နှုန်း ရှိသည်။ လူမျိုးစု ကွဲပြားမှုများပြားသော အိန္ဒိယနိုင်ငံ၌ပင် ဟိန္ဒူဘာသာဝင် (ဟင်ဒီစကားပြော ၄၃ ဒသမ ၆ ရာခိုင်နှုန်း အပါအဝင်၊ မာရသီ၊ တေလဂူ၊ တမီလ်၊ ဂုဂျာရတီ စသော မျိုးနွယ်စုများ) ၈၀ ရာခိုင်နှုန်းခန့်ရှိသည့် မနုဿဗေဒအရ အင်ဒိုအာရီယန် ၆၅ ရာခိုင်နှုန်းရှိသည်။ ဂျာမနီ၌ ဂျာမန်လူမျိုး ၈၅ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။

ထိုသို့ အစဉ်အလာအရ အမျိုးသားနိုင်ငံအဖြစ် တည်ရှိနေသော တိုင်းပြည်များတွင် လူမျိုး၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံကွဲပြားမှု နည်းပါး သည့်အတွက် စုစည်းညီညွတ်မှု အားကောင်းသည်။ အရေးကြီးလျှင် သွေးနီးကြသည်။ တစ် လျှောတည်းစီး၊ တစ်ခရီးတည်းသွား၊ တစ်မျိုးသားတည်းဟူသော အမျိုးသားရေးစိတ်ဓာတ် ရှိကြသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပင် တိုင်းပြည်ကို ထူထောင်ခဲ့ကြသည်၊ ကာကွယ် စောင့်ရှောက်ခဲ့ကြသည်၊ ဖွံ့ဖြိုးတိုးတက်စည်ပင်အောင် ဆောင်ရွက်ခဲ့ကြသည်။ ဥပမာအားဖြင့်

ဒုတိယကမ္ဘာစစ်အပြီး၌ စစ်ရှုံး၍ပြာပုံဖြစ်ခဲ့ကြသော ဂျပန်၊ ဂျာမနီ စသည့် နိုင်ငံများသည် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံ၍ ပြန်လည်ရုန်းထကာ နှစ်ကာလ အနည်းငယ်အတွင်း စက်မှုဖွံ့ဖြိုးသော နိုင်ငံကြီးများ ပြန်ဖြစ်လာခဲ့ကြသည်။ ထိုမှ နောက်ပိုင်းတွင်လည်း ဂျပန်၊ ကိုရီးယားစသော အာရှနိုင်ငံများသည် စီးပွားရေး အမျိုးသားစိတ်ဓာတ် (Economic Nationalism) ဖြင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ဂျပန်ကုမ္ပဏီကြီးများသည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပေါင်းစပ်ညှိနှိုင်းကာ ပူးပေါင်းလုပ်ကိုင်ခဲ့ကြသဖြင့် ဂျပန်စုပေါင်းကုမ္ပဏီကြီး(Japan Inc.)ဟုပင် ဂျပန်နိုင်ငံကို အမည်ပေးခဲ့ကြသည်။

ကိုရီးယားပြည်သူများသည်လည်း ကိုရီးယားအစိုးရ ၁၉၉၇ ခုနှစ် အာရှစီးပွားရေး အကျပ်အတည်းကာလ၌ နိုင်ငံခြားကြွေးမြီများပြားသောကြောင့် ဒုက္ခရောက်နေချိန်တွင် မိမိတို့ပိုင်ဆိုင်သော လက်ဝတ်လက်စား ရွှေထည်များကိုရွှေတော်၍ အစိုးရကို ဝိုင်းဝန်းလှူဒါန်းကာ နိုင်ငံကို အကျပ်အတည်းမှ ကယ်တင်ခဲ့ကြသည်။ ထိုသို့ လှူဒါန်းခဲ့သော ရွှေပမာဏမှာ ၂၂၅ တန် ရှိသည်ဆို၏။

ကောင်းမွန်သောစိတ်ဓာတ်ဖြင့်သာ ကောင်းမွန်သော တိုင်းပြည်ကို တည်ဆောက်နိုင်သည်

အမျိုးသားရေးစိတ်ဓာတ်ဟုဆိုရာ၌ ကိုယ့်လူမျိုးသာအဓိကဟူသည့် အစွဲကြီးမှုဖြင့် ခွဲခြားနှိမ့်ချ ဖိနှိပ်လိုသောစိတ်ဓာတ်၊ အခြားလူမျိုးများကို ရန်လိုတိုက်ခိုက်လိုသော အစွန်းရောက် လူမျိုးရေးစိတ်ဓာတ်ကို ဆိုလိုခြင်းမဟုတ်ပေ။ လူအဖွဲ့အစည်းတစ်ရပ်လုံးကို အမျိုးသားစု တစ်ခုတည်းဟူသောအမြင်ဖြင့် စုစည်းညီညွတ်စွာ စုပေါင်းဆောင်ရွက်လိုသော ကောင်းမွန်သည့် အမျိုးသားရေးစိတ်ဓာတ်ကို သာဆိုလိုခြင်းဖြစ်ပါ၏။

ရှေးကပင် သဘာဝကျကျ တည်ရှိလာခဲ့သော အမျိုးသားနိုင်ငံများသာမက ရွှေ့ပြောင်းဝင်ရောက် အခြေချလာသူ အာဂန္တုများဖြင့် တည်ဆောက်ထားရသော လူလုပ်နိုင်ငံများတွင်ပင် ထိုသို့ တစ်လေတည်းစီး၊ တစ်ခရီးတည်းသွား၊ တစ်မျိုးသားတည်း၊ တစ်သွေးတစ်သားတည်း ဟူသော စိတ်ဓာတ်ကို ဖန်တီးနိုင်ရန်အတွက် အမျိုးသားတည်ဆောက်မှု(Nation Building) ကို အားသွန်၍ ဆောင်ရွက်ကြရသည်။

ဥပမာ ၁၉၆၅ ခုနှစ်ကမှ နိုင်ငံဟူ၍ ဖြစ်တည်လာသော စင်ကာပူမြို့ပြနိုင်ငံငယ် ကလေးတွင် လူမျိုးကလည်း တရုတ်၊ တမီလ်၊ မလေးနှင့် အခြား အာဂန္တုလူမျိုးများစွာဖြင့် ဖွဲ့စည်းထားရသည်။ ထို့ကြောင့် စင်ကာပူဟူသောနိုင်ငံ၏ အမှတ်သရုပ်နှင့် စင်ကာပူသားဟူသည့် အမျိုးသားရေးစိတ်ဓာတ်ကို ခိုင်မာအောင် အဘက်ဘက်မှ ကြိုးပမ်းတည်ဆောက်ရသည်။ သိသာထင်ရှားသည့် လတ်တလော အန္တရာယ်မရှိသည့်တိုင် နိုင်ငံကာကွယ်ရေးအတွက် စစ်မှုမထမ်းမနေရပြည်သူ့စစ်မှုထမ်းစနစ်ကို ထူထောင်ထားပြီး၊ လူမျိုးမရွေး နိုင်ငံသားမှန်သမျှ စုပေါင်း၍ စစ်မှုထမ်းဆောင်ကြရသည်။ ပြည်သူ့အိမ်ရာစီမံကိန်းများတွင်လည်း လူမျိုးပေါင်းစုံကို အတူတကွပေါင်းစပ်၍ နေရာချထားပေးသည်။ ထိုအိမ်ရာများ စိမ်းလန်းစိုပြည်သာယာရေးအတွက် အစိုးရထောက်ပံ့မှုဖြင့် စုပေါင်းလုပ်ဆောင်ကြရသည်။ သဘာဝဘေးကယ်ဆယ်ရေးအတွက် မြို့ပြကာကွယ်ရေးတပ်ဖွဲ့ (Civil Defence Force) ကို ထူထောင်၍

စေတနှဝန်ထမ်း စုပေါင်းဆောင်ရွက်စေသည်။ ဘာသာရေး၊ လူမျိုးရေး အစွန်းမထွက်စေရန် အထူးသတိထား ကာကွယ်လျက်ရှိသည်။ စင်ကာပူ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စင်ကာပူနိုင်ငံသားအားလုံး၏ စင်ကာပူသားဟူသည့် အသိစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြမှုအပေါ်တွင် မူတည်နေကြောင်း အစဉ်တစိုက် လှုံ့ဆော်စည်းရုံးလျက်ရှိသည်ကို တွေ့မြင်ရပေသည်။

ကောင်းမွန်အောင် ပြုပြင်တည်ဆောက်ကြရမည့် အမျိုးသားရေးစရိုက်လက္ခဏာ၊ အမူအကျင့်များ

တိုးတက်ဖွံ့ဖြိုးသည့် အမျိုးသားနိုင်ငံများတွင် မိမိတို့၏ ဘိုးစဉ်ဘောင်ဆက်မှ ဆက်ခံထိန်းသိမ်းလာခဲ့သည့် ကောင်းမွန်သော အမျိုးသားရေးစရိုက် လက္ခဏာ အမူအကျင့်များ ရှိကြသည်။ ဥပမာအားဖြင့် ကွန်ဖြူးရှပ် အဆုံးအမအောက်ရှိ ဂျပန်လူမျိုးတို့သည် အလုပ်ကြိုးစားသည်၊ ပညာရေးကို လိုလားသည်၊ ချွေတာစုဆောင်းသည်၊ စည်းကမ်းရှိသည်၊ အထက်အောက် နာခံမှုရှိသည်၊ ကျေးဇူးသိတတ်သည်၊ မိမိကြောင့် သူတစ်ပါး မထိခိုက်စေရန် အလေးထားသည်။ ကိုရီးယားလူမျိုးများလည်း အလားတူပင် ချွေတာခြိုးခြံကာ အလုပ်ကြိုးစား၍ စည်းကမ်းကြီးသူများဖြစ်သည်။ အနောက်တိုင်းမှ ဂျာမန်လူမျိုးတို့သည်လည်း သယံဇာတနည်းပါးသောနိုင်ငံတွင် လူလုပ်အားကို အခြေပြုရသောကြောင့် မနားမနေ အလုပ်ကြိုးစားကြသည်။ လူဦးရေများ၍ သယံဇာတ ကန့်သတ်ချက်ရှိပြီး ရာသီဥတုပြင်းထန်သော တရုတ်နိုင်ငံရှိ တရုတ်လူမျိုးများသည်လည်း ရှင်သန်ရပ်တည်နိုင်မှုအတွက် အပြင်းအထန် အလုပ်ကြိုးစားကြသည်။ ကြီးပွားလိုစိတ်ပြင်းထန်ကြသည်။ အထက်အောက် ရိုသေကြသည်။ ပင်လယ်ရပ်ခြားရောက်သည့်တိုင် အမျိုးသားချင်းစောင့်ရှောက်ကာကွယ် ရိုင်းပင်းကြသည်။ ဤသို့ ကောင်းမွန်သောအမျိုးသားရေးစရိုက်လက္ခဏာများကို စိတ်ပိုင်းဆိုင်ရာ အရည်အသွေးတစ်ရပ်အဖြစ် အတုယူသင့်လှပေသည်။

“ တိုးတက်ဖွံ့ဖြိုးသည့် အမျိုးသားနိုင်ငံများတွင် မိမိတို့၏ ဘိုးစဉ်ဘောင်ဆက်မှ ဆက်ခံထိန်းသိမ်း လာခဲ့သည့် ကောင်းမွန်သော အမျိုးသားရေးစရိုက် လက္ခဏာအမူအကျင့်များ ရှိကြသည်။”

ဆင်းရဲမွဲတေမှု၊ ပဋ္ဌိပက္ခပြဿနာများနှင့် ဒုက္ခရောက်နေကြသော နိုင်ငံများကို လေ့လာပါက စည်းကမ်းမရှိ ထင်သလိုနေထိုင်လုပ်ကိုင်ခြင်း၊ အလုပ်ကို ကောင်းစွာမလုပ်ဘဲ အချောင်ရနိုင်သည့် ဖြတ်လမ်းများကိုသာ ရှာကြံတတ်ခြင်း၊ ရသမျှထက်ပို၍ သုံးဖြုန်းလိုခြင်း၊ ရသာလျှင် ဘနဖူးသိုက်တူးမည့်စရိုက်၊ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား စိတ်ဓာတ်၊ ကိုယ်ကျိုးစီးပွားသာ ဦးစားပေးသည့် အတ္တကြီးမားမှု၊ မနာလိုဝန်တိုစိတ် ကြီးမား၍ မည်သည့်အခါမျှ အချင်းချင်း မသင့်မြတ်သည့် စိတ်ဓာတ်ညံ့ဖျင်းမှုများကို တွေ့ရပေလိမ့်မည်။

မြန်မာနိုင်ငံ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားစရိုက်လက္ခဏာ တည်ဆောက်ရေး

အချို့သောသူများက မြန်မာနိုင်ငံတွင် လူမျိုးစုများ ကွဲပြားမှုကြောင့် အမျိုးသားရေး အမှတ်သရုပ်မရှိ၊ အမျိုးသားရေးစိတ်ဓာတ်ဖော်ဆောင်ရန် ခက်ခဲသည်ဟုဆိုကြသည်။ ယင်းအဆိုမှာ လုံးဝဌသုံ မှားသည်ဟု မဆိုနိုင်သော်လည်း အပြည့်အဝမှန်ကန်ခြင်းမရှိပါဟု ဆိုချင်သည်။ တိုင်းရင်းသားလူမျိုးစုများ ကွဲပြားသည်မှန်သော်လည်း ရင်ကြားစေ့မရအောင် ကွဲပြားနေခြင်းမဟုတ်ပေ။ မူလဘူတအားဖြင့် မျိုးရိုးဗီဇနီးစပ်သော မနုဿဗေဒ မျိုးနွယ်စုကြီး သုံးခုမှ ပေါက်ဖွားဆင်းသက်လာကြသူများသာဖြစ်ပြီး နှစ်ပေါင်းထောင်ချီ၍ အတူတကွ ငြိမ်းချမ်းစွာ ပေါင်းစည်းနေထိုင်လာခဲ့သူများသာ ဖြစ်ပေသည်။ ဘာသာကိုးကွယ် ယုံကြည်မှု၌ လည်း ထေရဝါဒဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်သူ(၈၇ ဒသမ ၉ ရာခိုင်နှုန်း)ရှိပြီး ကျန်ဘာသာ ကြီးများဖြစ်သော ခရစ်ယာန် (၆ ဒသမ ၂ ရာခိုင်နှုန်း)၊ အစ္စလာမ် (၄ ဒသမ ၃ ရာခိုင်နှုန်း) ဘာသာဝင်များနှင့် သမိုင်းတစ်လျှောက်လုံး ပဋ္ဌိပက္ခနည်းပါးစွာ ချစ်ချစ်ခင်ခင် အတူတကွ နေထိုင်သည့် အစဉ်အလာရှိခဲ့သည်။ မြန်မာနိုင်ငံ၌ လူဦးရေအများဆုံးနှင့် အသိပ်သည်း အထူထပ်ဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၌ တိုင်းရင်းသားမျိုးနွယ်စု အများအပြား စုပေါင်းနေထိုင်လျက်ရှိကြသကဲ့သို့ ဘာသာပေါင်းစုံမှ ဘာသာဝင်များလည်း ရှိကြသည်။ သို့သော် လူမျိုးရေး၊ ဘာသာရေး အခြေခံသော ပဋ္ဌိပက္ခ၊ အဓိကရုဏ်းများ ဖြစ်ခဲလှသည်ကို ထောက်ချင့်၍ သဘာဝအားဖြင့် မြန်မာနိုင်ငံ၌ လူမျိုးရေး၊ ဘာသာရေးအခြေခံသည့် စိတ်ဝမ်း ကွဲပြားမှုအကြောင်း ခိုင်ခိုင်လုံလုံမရှိဟု ဆိုချင်ပါသည်။ ဖြစ်ပွားခဲ့သည့်၊ ဖြစ်ပွားနေဆဲ ပဋ္ဌိပက္ခ များမှာ စင်စစ်အားဖြင့် ပြင်ပပယောဂ သွေးထိုးမှုများ၊ နိုင်ငံရေး၊ စီးပွားရေး အခွင့်အလမ်း မတူမျှမှုများမှ မြစ်ဖျားခံသည့် မကျေနပ်မှုများ၊ ဦးဆောင်သူ လူတစ်စု၏ ကိုယ်ကျိုးစီးပွားနှင့် တမင်လုပ်ကြံဖန်တီးထားသော အမုန်းစကားများ စသည့် အမျိုးမျိုးသော အခြားအကြောင်း တရားများ၏ အကျိုးဆက်များသာ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာအမျိုးသားစု၏ အမျိုးသားတည်ဆောက်ရေး လုပ်ငန်းစဉ်တွင် အားနည်းချက် လိုအပ်ချက်များ ရှိနေသေးသည်ကိုလည်း လက်ခံရမည်ဖြစ်ပေသည်။ အဓိကအချက်မှာ ကွဲပြားမှုများကို အေးချမ်းစွာလက်ခံ၍ ကောင်းမွန်သည့်အရာများကို အတူတကွ သုံးစွဲကာ အချင်းချင်းအကြား အကျိုးစီးပွားများ မလွန်ကျူးစေဘဲ ငြိမ်းငြိမ်း ချမ်းချမ်း အတူယှဉ်တွဲနေထိုင်ကြခြင်းဖြင့် စုစည်းမှုအင်အားကို ရရှိနိုင်မည်ဖြစ်ပြီး စုစည်း ပေါင်းစပ် ဖြစ်ပေါ်လာသော အမျိုးသားအမှတ်သရုပ်လက္ခဏာကို အားလုံးက လက်ခံကိုင်စွဲ

၍ အသုံးပြုကြခြင်းဖြင့် ကမ္ဘာ့အလယ်တွင် သီးခြားထင်ရှားသည့် အမှတ်တံဆိပ်ကို ရယူနိုင်မည် ဖြစ်ပေသည်။

ထပ်မံ၍ အရေးကြီးသည့်အချက်မှာ မိမိတို့၏ အမျိုးသားစရိုက်လက္ခဏာတွင် အားနည်းချက်ရှိသော စုစည်းညီညွတ်မှု နည်းပါးခြင်း၊ စည်းကမ်းလိုက်နာမှု အားနည်းခြင်း၊ အလုပ်ကြိုးစားလုပ်ကိုင်လိုမှု နည်းပါးလာခြင်း၊ အပျော်အပါးကြိုက်ခြင်း၊ ချွေတာစုဆောင်းမှု အားနည်းခြင်း စသည်တို့ကို အမျိုးသားရေးအမြင်ဖြင့် ထိန်းကျောင်းပြုပြင်ကာ ကောင်းမြတ်သော စရိုက်လက္ခဏာများဖြစ်သည့် စိတ်ထားနူးညံ့ခြင်း၊ ကူညီတတ်ခြင်း၊ မျှဝေပေးကမ်းတတ်ခြင်း၊ အေးချမ်းစွာ နေထိုင်တတ်ခြင်း၊ အရေးကြုံလျှင် ရဲစွမ်းသတ္တိရှိခြင်း စသည်တို့ကို အားဖြည့်ပျိုးထောင် ပိုမိုခိုင်မာအောင် လုပ်ဆောင်ခြင်းဖြင့် “ကမ္ဘာမှာ မြန်မာဟေ့” ဟူ၍ ဝင့်ဝင့်ထည်ထည် ဂုဏ်ယူဝင့်ကြွားနိုင်သည့် အမျိုးသားစရိုက်လက္ခဏာ တည်ဆောက်မှုကို မိမိတို့မျိုးဆက်သာမက နောင်လာနောက်သား မျိုးဆက်များသို့တိုင် လက်ဆင့်ကမ်း တာဝန်အဖြစ် မြန်မာတစ်မျိုးသားလုံးက ညီညာဖြဖြ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါသတည်း။

ကိုကိုလှိုင်

t ar&dlefbr®a&;@umufyGbnf

wuóldrwfbl

“ တစ်နည်းအားဖြင့်
အမေရိကန်သမ္မတဟူသည်
အမေရိကန်နယ်ချဲ့မူဝါဒတည်းဟူသော မြင်းကြီးကို
လေးနှစ်တာမျှစီးကာ
ပန်းဝင်အောင် ပြေးပေးနေရသည့်
ကျော်ကီမျှားသာ ဖြစ်ပေသည်။ ”

ဓာတ်ပုံ-အင်တာနက်

လာမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ရီပတ်ဘလစ်ကန်ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် ပြန်လည်အရွေးခံတော့မည်။ ဒီမိုကရက်တစ်ပါတီမှ လက်ရှိသမ္မတ ဂျိုးဘိုင်ဒန်ကလည်း ၎င်း၏ ဒုတိယသက်တမ်းအတွက် အရွေးခံလိမ့်မည်ဟူသော သတင်းများကြောင့် မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်များစွာက ချဲတွက်သလို တွက်နေကြသံများ ကြားနေရပေသည်။ ဂျိုးဘိုင်ဒန်အား ပြည်သူတို့က အကြိုက်နည်းနေပြီ။ ဂျိုးဘိုင်ဒန်လက်ထက် ယူကရိန်း-ရုရှားစစ်ပွဲ ဖန်တီးပြီး ယူကရိန်းဘက်မှ လက်နက်ငွေကြေး ပံ့ပိုးပေးနေခဲ့သည့်အတွက် အမေရိကန် စီးပွားရေးကျပြီး ဘဏ္ဍာငွေကြေး လျော့နည်းကာ ကြွေးမြီများ လည်ပင်းနစ်အောင် တက်လာခဲ့သည်။ ထို့ကြောင့် ဂျိုးဘိုင်ဒန် ရှုံးနိမ့်ဖို့များ သည်ဟုလည်း ဝေဖန်ဆန်းစစ်နေကြသည်။

အမေရိကန် လက်ရှိသမ္မတလက်ထက် စွက်ဖက်ရေး၊ ကျူးကျော်ရေး၊ ပိတ်ဆို့ရေး၊ ပြည်တွင်းဆူပူရန်၊ တိုက်ခိုက်ကြရန် သွေးထိုးပေးနေသဖြင့် ထိုသမ္မတမလိုချင်၊ ပြိုင်ဘက်ပါတီမှ သမ္မတတက်လာလျှင် တော်လိမ့်ဦးမည်ဟု မြင်းပြိုင်ပွဲတွက်သလို၊ ချဲတွက်သလို တွက်နေတတ်ကြသည်။ သိထားသင့်သည်မှာ မည်သည့်ပါတီက မည်သည့်သမ္မတတက်တက် သူတို့ သမ္မတသက်တမ်းအတွင်း နိုင်ငံများစွာကို စီးပွားရေးပိတ်ဆို့သောအလုပ်၊ ပြည်တွင်းရေး ဝင်စွက်သောအလုပ်၊ ကျူးကျော်တိုက်ခိုက်သောအလုပ် လုပ်ကြရမြဲဖြစ်သည်။ သမ္မတ သက်တမ်းအတွင်း နှစ်နိုင်ငံ၊ သုံးနိုင်ငံလောက်ကို ကျူးကျော်တိုက်ခိုက်သော သမ္မတများလည်း ဖြစ်သည်။ ပြည်တွင်း၌ သွေးကွဲ တိုက်ခိုက်အောင် အဓိကရုဏ်းဆူပူမှု၊ တိုက်ပွဲ၊ စစ်ပွဲဖြစ်အောင်

လုပ်မည့်သူချည်းဖြစ်၍ ဘယ်သမ္မတတက်တက် ကိုယ့်နိုင်ငံကိုယ် အားကောင်းအောင် ပြင်ဆင်ဖို့သာ လိုအပ်ပေလိမ့်မည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲအကြောင်း တင်ပြပါဦးမည်။ လေးနှစ်တစ်ကြိမ် သမ္မတရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်ရာ ရွေးကောက်ပွဲကျင်းပမည့်နှစ် နိုဝင်ဘာလ၏ ပထမဆုံးသော အင်္ဂါနေ့တွင် ရွေးကောက်ပွဲ မဲပေးခြင်းပြုလုပ်မည်။ အမေရိကန်တွင် ရီပတ်ဘလစ်ကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းများက အဓိကယှဉ်ပြိုင်ကြသည်။ အမေရိကန်တွင် ပြည်သူ့ပါတီ၊ တော်လှန်ရေးပါတီ စသည်ဖြင့် ပါတီငယ်ပေါင်း ငါးခုရှိသော်လည်း ရွေးကောက်ပွဲဝင်လျှင် ဘဲဥမကွဲ (မဲမရ – ဈေးဦးပေါက် မဲလေးပင်မရဟုပြောနေကြ)သော ပါတီများ၊ ဒီမိုကရေစီ အာသာပြေဖွဲ့ထားသော ပါတီသေး ပါတီနုတ်များသာ ဖြစ်သည်။

အမေရိကန်တွင် အဆိုပါ ရီပတ်ဘလစ်ကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီ နှစ်ခုသာ တန်းတူရည်တူ အရွေးခံကြ၊ သူတစ်လှည့် ကိုယ်တစ်လှည့် အရွေးခံအာဏာရကြသဖြင့် နှစ်ပါတီစနစ် Bi–party System ပင်ဖြစ်သည်။ နိုင်ငံတော်မူဝါဒမှာလည်း သိသာ မြင်သာလှပါသည်။ အမေရိကန်နိုင်ငံသည် အရင်းရှင်စီးပွားရေးစနစ် ကျင့်သုံးပြီး ထိုစနစ်ဖြင့်သာ အမေရိကန်သည် ကမ္ဘာတွင် အရာရာပထမတန်းနေရာ (ထိပ်ဆုံး) တွင်ရှိရမည်။ လက်ရှိချမ်းသာကြွယ်ဝသည်ထက် အတောမသတ် တိုး၍တိုး၍ ချမ်းသာရမည်။ ထိုသို့ ကမ္ဘာပေါ်တွင် အချမ်းသာဆုံး၊ အင်အားအကြီးဆုံးနိုင်ငံ ဖြစ်ရမည်။ ထိုသို့ဖြစ်ရမည်ဆိုသော ရည်မှန်းချက်သည် ပင် အမေရိကန်ပြည်ထောင်စု၏ မူဝါဒ (ရည်မှန်းချက်၊ ပန်းတိုင်) ဖြစ်လေသည်။ နိုင်ငံတွင် အရင်းရှင်ဝါဒဖြင့် ထိပ်ဆုံးနိုင်ငံဖြစ်ရေးအတွက် လုပ်သင့်သည်ထင်သမျှ (မည်သူ့ကိုမျှ ဂရုမစိုက်၊ မဟာမိတ်နိုင်ငံရော၊ ကုလသမဂ္ဂရော မည်သူကိုမျှ ဂရုမစိုက်) လုပ်မည်။ လိုအပ်လျှင် နယ်ချဲ့မည်။ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်စွက်မည်။ ကျူးကျော်မည်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသတွင်းတည်ငြိမ်ရေး၊ လူသားချင်း စာနာထောက်ထားရေး၊ အမေရိကန်နိုင်ငံ၏ လုံခြုံရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး စသည့် အကြောင်းပြချက်များဖြင့် တိုက်လိုသောနိုင်ငံကို ဝင်တိုက်မည်။ ဤသို့ဖြင့် အမေရိကန်နိုင်ငံသည် ကမ္ဘာတွင် ပြိုင်ဘက်မရှိ၊ တစ်နိုင်ငံတည်း စစ်အင်အား၊ လက်နက်အင်အား၊ ဓနအင်အား အကြီးဆုံးနိုင်ငံ၊ သာမန်စူပါပါဝါခေါ် အင်အားကြီးနိုင်ငံအဆင့်ကို ကျော်လွန်ပြီး ဝါဒရေးပြိုင်ဘက်၊ အင်အားပြိုင်ဘက် ဆိုရှယ်လစ်၊ ကွန်မြူနစ် နိုင်ငံကြီး နိုင်ငံငယ်များအုပ်စုကို စစ်အေးတိုက်ပွဲဖြင့် တိုက်ခိုက်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် သူ့သဘောသူဆောင်ပြီး ဆိုဗီယက်ပြည်ထောင်စု၊ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံ ရှစ်နိုင်ငံနှင့် လက်တင်အမေရိကမှ ချီလီ၊ တောင်အာရှမှ အာဖဂန်နစ္စတန်ရှိ ဆိုရှယ်လစ် (ကွန်မြူနစ်အစိုးရ) နိုင်ငံများ ပြိုကျသွားသော အခါ အမေရိကန်သည် မဟာအင်အားကြီးနိုင်ငံ၊ ကမ္ဘာ့တောင်ထိပ် Summit နိုင်ငံအဆုံးမှ ပခုံးချင်းယှဉ်ဘက် ဆိုဗီယက်အင်အားကြီး ပြိုင်ဘက်နိုင်ငံမရှိတော့သဖြင့် အမေရိကန်သည် လက်ရဲဇက်ရဲဖြင့်ပင် မဟာအင်အားလွန်နိုင်ငံ hyper power ဖြစ်လာခဲ့သည်။ ထိုအခါ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ ဂရုမစိုက်၊ ကုလသမဂ္ဂကိုပင် ခါးပိုက်ထဲထည့်သွင်းနိုင်ခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့်ပင် အမေရိကန်တို့သည် ကမ္ဘာ့အာဏာရှင်၊ ကမ္ဘာ့အစိုးရတို့၏ အထက်က အစိုးရဟု တလွဲမာနတံခွန်ထူလာပေသည်။ ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် ဥရောပ (အလားတူ နယ်ချဲ့အရှင်းရှင်နိုင်ငံများ)မှ သိပ္ပံနည်းပညာ၊ အဆင့်မြင့်ပညာ ထူးချွန်သူများကို ဒေါ်လာပြ လက်ရခေါ်ယူပြီး အမေရိကန်နိုင်ငံသား ပေးခဲ့သည်။ ထို့ကြောင့် နှစ်စဉ် ဆွီဒင်နှင့် နော်ဝေ နိုင်ငံတို့မှ ရွေးချယ်ပေးအပ်နေသော နိုဘယ်ဆုများတွင် အမေရိကန်က အများဆုံးရနေခြင်း ဖြစ်သည်။ ထိုသို့သော နိုင်ငံစုံမှ လူမျိုးစုံ လူရည်ချွန်၊ လူရည်ထက်တို့သည် အမေရိကန် နယ်ချဲ့စနစ်အတွက် လက်နက်အသစ်အဆန်းများ၊ နည်းပညာသစ်များ၊ ပစ္စည်းသစ်များ တီထွင်ထုတ်လုပ်ပေးသူ၊ တီထွင်ပေးသူ (ကြေးစားပညာရှင်) များ ဖြစ်လာသည်။

အဏုမြူ၊ နျူကလီးယား စသည့် အင်အားအာနိသင် ကြီးမားလှသောအရာများကို ငြိမ်းချမ်းစွာ(လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ဓာတ်ရောင်ခြည်ဆေးကုသရေးစသည်)သုံး မည့်အစား အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး၊ နျူကလီးယားဗုံးများ ထုတ်လုပ်လာတော့သည်။ ဤသို့ လောဘ၊ ဒေါသ၊ မာန၊ မောဟ ထူပြောသော အမေရိကန်သည် ယနေ့ကမ္ဘာတွင် လက်နက်မျိုးစုံ ထုတ်လုပ်ရောင်းချရာ၌ ကမ္ဘာ့လက်နက်ကုန်သည် နံပါတ် (၁) အဆင့်တွင်ရှိ သည်။ မိမိတို့တွင် မရှိသေးသောလက်နက်များကို ထုတ်လုပ်သောနိုင်ငံများမှ ဝယ်ယူရာတွင် ကမ္ဘာပေါ်၌ အမေရိကန်သည် ပဉ္စမနေရာ၌ရှိသည်။

အမေရိကန်တွင် စစ်လက်နက်၊ စစ်သုံးယာဉ်၊ တင့်ကား၊ စစ်လေယာဉ်မျိုးစုံ၊ စစ် သင်္ဘော စစ်ရေယာဉ်မျိုးစုံကို အချိုကြီးထုတ်လုပ်သော ကော်ပိုရေးရှင်းအဆင့် လုပ်ငန်းကြီး ၁၀၀ ကျော်ရှိပြီး ၎င်းလုပ်ငန်းများ၏ လက်ဝေခံ လက်အောက်ခံ အစိတ်အပိုင်းများ ထုတ်လုပ် သော ကုမ္ပဏီပေါင်း တစ်သောင်းကျော်ရှိသည်။ အမေရိကန်စစ်ဌာနချုပ် (ပင်တဂွန်) က အလိုရှိသော လက်နက်အသစ်အဆန်းများကို အဆိုပါ လက်နက်၊ စစ်သုံးယာဉ် ကုမ္ပဏီကြီး များက တီထွင်ထုတ်လုပ်ပေးသည်။ အလွန်အလွန် များပြားလှစွာသော အမေရိကန်ကာကွယ် ရေး (စစ်ဘတ်ဂျက်) ၏ ၆၀ ရာခိုင်နှုန်းသည် လက်နက်ကုမ္ပဏီကြီးများထံ စီးဝင်သွားသည်။

အမေရိကန်စီးပွားရေးလုပ်ငန်းရှင် (ဧရာမအရင်းရှင်) ကြီးများက မည်သည့်နိုင်ငံမှ ရေနံ စသည့် စက်ရုံသုံးလောင်စာလိုချင်သည်၊ မည်သည့်စက်မှုကုန်ကြမ်း၊ ဓာတ်သတ္တုများ လိုချင်သည်ဆိုလျှင် ပင်တဂွန်စစ်ဌာနချုပ်က ကျူးကျော်စစ် ဖန်တီးပေးရသည်။ သို့သော် ပင်တဂွန်က ပထမစစ်ဖန်တီးသူအဖြစ် အဖြစ်မခံ။ အမေရိကန်သမ္မတများက ကာကွယ်ရေး ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ စီအိုင်အေ၊ ဒီအိုင်အေ၊ နိုင်ငံတကာရှိ အမေရိကန်သံရုံးများကို လက်ကိုင်ပြုပြီး စစ်ဖန်တီးပေးရသည်။ ကျူးကျော်တိုက်ခိုက်ပေးရသည်။ အမေရိကန်အရင်းရှင် ကြီးများ၏ လုပ်ငန်းများသည် သာမန် ကုမ္ပဏီအဆင့်မျိုး မကတော့ဘဲ ကော်ပိုရေးရှင်း၊ ထရပ်၊ ကာတဲလ်အဆင့်ရောက်နေပေပြီ။ အရင်းရှင်ကြီးတို့၏ အလိုဆန္ဒကို ပင်တဂွန် စစ် ဌာနချုပ်က အကောင်အထည်ဖော် ဖြည့်ဆည်းပေးရသည်။ သမ္မတဆိုသူများက လူမြင် သူမြင်ခံပြီး မိမိတို့ ကျူးကျော်မည့်နိုင်ငံကို စွပ်စွဲချက်မျိုးစုံတပ် စွပ်စွဲကာ ကျူးကျော်စစ်၊ စွက်ဖက်မှုများ ဗြောင်ကျကျလုပ်ပေးရသည်။ ထို့ကြောင့် အတွင်းကျကျ အသေးစိတ် လေ့လာ သုံးသပ် ခွဲခြမ်းစိတ်ဖြာ လေ့လာသူများက အမေရိကန်မူဝါဒဆိုသည်မှာ ပင်တဂွန်စစ်ဌာနချုပ်

မူဝါဒဟု ဆိုကြသည်။ ပင်တဂွန်မှ လက်နက်ရေးရာကျွမ်းကျင်သော ဗိုလ်မှူးကြီးများစွာသည် လက်နက်ကုမ္ဗဏီကြီးများတွင် ဒါရိုက်တာဖြစ်နေကြသည်။ အလားတူ လက်နက်ကုမ္ဗဏီကြီးများမှ အမှုဆောင်အရာရှိ၊ ဒါရိုက်တာအချို့သည် ပင်တဂွန်တွင် အတွင်းဝန်များ ဖြစ်နေကြရသည်။

ရီပတ်ဘလစ်ကန်သမ္မတ ဂျော့ဒဗလျူဟားဘတ်ဘုရှ် ခေါ် စီနီယာဘုရှ်လက်ထက် ကာကွယ်ရေးဝန်ကြီး ဒစ်ချေနီသည် ဟယ်လီဘာတန် ရေနံကုမ္ဗဏီကြီး၏ ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ သားဂျော့ဘုရှ် (ဂျူနီယာ) သမ္မတဖြစ်လာသောအခါ ဒစ်ချေနီသည် ဒုတိယသမ္မတ ပင် ဖြစ်လာခဲ့သည်။ ရေနံကုမ္ဗဏီမှ ဒုတိယဥက္ကဋ္ဌလစာ၊ ဒုတိယသမ္မတလစာ နှစ်သီးစားရသည်။ ဂျူနီယာဘုရှ်လက်ထက် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသော ကွန်ဒိုလီဇာရိုက်(စ်)ဆိုသော အမျိုးသမီးသည် ရေနံကုမ္ဗဏီကြီးတစ်ခုမှ အမှုဆောင်အရာရှိဖြစ်သည်။ ထိုရေနံကုမ္ဗဏီကြီးက ကွန်ဒိုလီဇာရိုက်(စ်)ကို သဘောကျ၍ ဧရာမ ရေနံတင်သင်္ဘောကြီး၏ နာမည်ကိုပင် ကွန်ဒိုလီဇာရိုက်(စ်)ဟူ၍ နာမည်ပေးလာခဲ့သည်။ ဂျော့ဘုရှ်သမ္မတသားအဖနှစ်ယောက်လည်း ရေနံကုမ္ဗဏီထောင်ခဲ့ဖူးသည်။ အတိုချုံး၍ တင်ပြရလျှင် အမေရိကန်သမ္မတဟူသည် အမေရိကန်အရင်းရှင်ကြီးများ၏ အလိုဆန္ဒ၊ ယင်းဆန္ဒ အကောင်အထည်ဖော်ပေးရသော ပင်တဂွန်စစ်ဌာနချုပ်တို့ ဖန်တီးထားသော အမေရိကန်နယ်ချဲ့မူဝါဒ (ဝါ) ကျူးကျော်တိုက်ခိုက်ခြင်း၊ စွက်ဖက်ခြင်းတို့ဖြင့် နိုင်ငံများစွာမှ ၎င်းတို့အလိုရှိသော လောင်စာစွမ်းအင် သယံဇာတ စက်မှုကုန်ကြမ်းများကို လုယူသောလုပ်ရပ်အတွက် လူမြင်သူမြင်ခံပြီး ကျူးကျော်တိုက်ခိုက် (လုယက်) ပေးနေရသောသူများသာ ဖြစ်သည်။ အရင်းရှင်ကြီးများသည်လည်းကောင်း၊ ပင်တဂွန်မှ စစ်ဗိုလ်ချုပ်ကြီးများ (အသက် ၆၀ ကျော် ၇၀ ကျော်များသည်လည်းကောင်း) ထာဝရတည်ရှိနေကြပြီး သမ္မတများက လေးနှစ်တစ်ကြိမ်သာ အိမ်ဖြူတော်၌ စံစားနေကြရသူများဖြစ်သည်။ **တစ်နည်းအားဖြင့် အမေရိကန်သမ္မတဟူသည် အမေရိကန်နယ်ချဲ့မူဝါဒတည်းဟူသော မြင်းကြီးကို လေးနှစ်တာမျှစီးကာ ပန်းဝင်အောင် ပြေးပေးနေရသည့် ကျော်ကီများသာ ဖြစ်ပေသည်။** ဤအသုံးအနှုန်းမှာ ဤစာရေးသူ၏ ကိုယ်ပိုင်စကားလုံးမဟုတ်ပါ။ အမေရိကန်မူဝါဒကို ပင်တဂွန်မူဝါဒ (Pentagonism) အကြောင်း စာအုပ်ရေးသူ ဒိုမီနီကန် ဒုသမ္မတ ထရူမ်ဂိုးလိုက စတင်သုံးနှုန်းသော စကားလုံးဖြစ်ပါသည်။ (မြန်မာနိုင်ငံတွင် ဘာသာပြန်စာရေးဆရာ မောင်ပေါ်ထွန်း၊ ရဲတင့်တို့ကလည်း ပင်တဂွန်ဝါဒစာအုပ်များ မြန်မာဘာသာပြန်ဆိုထုတ်ဝေထားကြပြီးဖြစ်၍ ဖတ်ရှုကြည့်ကြပါကုန်။)

အမေရိကန်သမ္မတရွေးကောက်ပွဲ ကျင်းပမည့်နေ့ (နိုဝင်ဘာလ၏ ပထမဆုံးသော အင်္ဂါနေ့) မတိုင်မီ တစ်နှစ်ခန့်ကပင် ရီပတ်ဘလစ်ကန်ပါတီ၊ ဒီမိုကရက်တစ်ပါတီများတွင် သူ သမ္မတလောင်းလုပ်မည်၊ ငါ သမ္မတလောင်းလုပ်မည်ကို လူလုံးထွက်ပြလာကြသည်။ ပါတီဝင် အမာခံအင်အားများပြားသော ပြည်နယ်များသို့ ပါတီတစ်ခုတည်းမှ သမ္မတလောင်းဖြစ်လိုသူများ သွားရောက်မဲဆွယ်ကြ၏။ ပါတီဝင်များက အကြိုလူရွေးပွဲ မဲဆန္ဒပေးကြ၏။ ပြည်နယ်ကြီး သုံး လေး ငါးခုတွင် ပါတီဝင်ထု အကြိုက်ဆုံးပုဂ္ဂိုလ်က သမ္မတလောင်းဖြစ်ရန် နီးစပ်သွားကာ ထောက်ခံမဲမရလွန်းသောသူများက တဖြည်းဖြည်း နောက်ဆုတ်နုတ်ထွက်

ကုန်ကြရာ နောက်ဆုံး တစ်ယောက်တည်းကျန်လျှင် ထိုပုဂ္ဂိုလ်သေချာ၏။ နှစ်ယောက် သုံးယောက် ဖြစ်နေပြီး မည်သူကမျှ အလျှော့မပေးလျှင် ရွေးကောက်ပွဲနှစ်ဧလိုင်လ၊ ဩဂုတ်လတို့တွင် အဆိုပါ ပါတီကြီးနှစ်ခု၏ ပြည်လုံးကျွတ် ညီလာခံကျင်းပကာ ညီလာခံ ကိုယ်စားလှယ် အများစုကြိုက်သောသူသည် ပါတီ ကိုယ်စားပြုသမ္မတ ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် သမ္မတလောင်းသေချာသူ၊ လက်ရှိ သမ္မတသည်လည်း ဒုတိယသက်တမ်းကျန်သေး၍ အရွေးခံဦးမည်ဆိုလျှင် ထိုပြိုင်ဘက် သမ္မတလောင်းများ မဲဆွယ်ကြ၏။ ရွေးကောက်ပွဲ ရန်ပုံငွေစုဆောင်း (အလှူခံ) ကြသည်။ သမ္မတလောင်းများသည် ရွေးကောက်ပွဲ ရန်ပုံငွေစုရာ၌ ငွေရှင်ကြေးရှင် လုပ်ငန်းရှင်ကြီးများထံမှ အလှူငွေ အလွန်အမင်းယူ၊ သမ္မတဖြစ်လာသောအခါ ထိုအလှူငွေရှင် (ကျေးဇူးရှင်) အလိုရှိသမျှ ဥပဒေ ပြင်၊ ဥပဒေသစ်ပြဋ္ဌာန်း ကျေးဇူးရှင် လိုချင်သမျှ လိုက်လျောဖြည့်ဆည်းပေးနေရမည်စိုး၍ ဆိုကာ သမ္မတလောင်းသည် မိမိ၏မိသားစုထဲမှ အလှူငွေ ဒေါ်လာငါးသောင်း၊ ကျန်အလှူရှင်များထံမှ ဒေါ်လာတစ်ထောင်သာ အလှူခံရသည်။ သမ္မတလောင်း အဓိကပုဂ္ဂိုလ်နှစ်ဦးအတွက် အမေရိကန်ပြည်သူများ တစ်နှစ်တာပေးဆောင်သော အခွန်ငွေထဲမှ တစ်ရာခိုင်နှုန်း သီးသန့်ဖယ်ထားကာ သမ္မတ ရွေးကောက်ပွဲ ကာလတွင် တစ်ဦးလျှင် ၂ဖ သန်းခန့် အစိုးရက ထုတ်ပေးသည်။ သို့သော်လည်း မဲဆွယ်ရာ၌ တစ်ဖက် နှင့်တစ်ဖက် ပုတ်ခတ်ကြသည်။ **ရွေးကောက်ပွဲရန်ပုံငွေ ကို ဒေါ်လာသန်းရာချီရှာကြသည်။ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း အိုဘားမားသည် မဲဆွယ်စရိတ် ဒေါ်လာ သန်းပေါင်း ၄၆၀ ကျော် သုံးခဲ့သည်။**

“ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း အိုဘားမားသည် မဲဆွယ်စရိတ် ဒေါ်လာသန်းပေါင်း ၄၆၀ ကျော် သုံးခဲ့သည်။ ”

အမေရိကန်တွင် အသက် ၁၈ နှစ်ပြည့်သူတိုင်း မဲပေးနိုင်သည်ဆိုသော်လည်း သတ်မှတ် ကြေညာသော နေ့ရက်အတွင်း မိမိအနေဖြင့် သမ္မတရွေးကောက်ပွဲတွင် မဲပေးလိုပါသည်ဟု ကြိုတင်စာရင်းပေး မှတ်ပုံတင် ထားသူသာလျှင် ရွေးကောက်ပွဲနေ့တွင် မဲပေးကြသည်။

မဲဆန္ဒရှင် စာရင်း သန်း ၂၀၀ ကျော် စာရင်းပေါက်ပါစေ သန်း ၈၀၊ ၉၀၊ ၁၀၀ လောက်ကသာ မဲပေးမည်ဟု ကြိုတင်စာရင်းပေးသူသာ မဲပေးရသော ရွေးကောက်ပွဲဖြစ်လေသည်။

ရွေးကောက်ပွဲမတိုင်မီ သမ္မတများ နယ်စုံဆင်း မဲဆွယ်ရန် သက်ဆိုင်ရာပါတီက လေယာဉ်ပျံစင်းလုံးငှားပေးတတ်သည်။ မိမိမဲဆွယ်နေသော ဓာတ်ပုံ TV လိုင်းတစ်ခုတွင် တစ်မိနစ်၊ နှစ်မိနစ်ပါရှိရန် သမ္မတလောင်းက TV ကုမ္ပဏီသို့ (တစ်မိနစ်) ဒေါ်လာ သုံးသိန်း ပေးရသည်။ ထိုနှုန်းထားမှာ ၁၉၇၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ လေ့လာရန် အမေရိကန်အစိုးရက ဖိတ်၊ မြန်မာအစိုးရက ရွေးချယ်စေလွှတ်ခံရ၍ တစ်လခွဲကြာမျှ ကျွန်တော်(ကြေးမုံ)နှင့် မင်းယုဝေ (မြဝတီမဂ္ဂဇင်း) တို့ သွားရောက်လေ့လာစဉ်က သိရှိခဲ့ ရသောနှုန်း ဖြစ်ပါသည်။

ရွေးကောက်ပွဲအကြိုရက်များတွင် ပါတီအလိုက် အောင်နိုင်ရေးကော်မတီများဖွဲ့ကာ မဲဆွယ်ကြသည်။ ဦးထုပ်၊ တီရှပ်၊ အလှပြင်ပစ္စည်းများတွင် မိမိရဲ့ သမ္မတလောင်းအမည် ပုံနှိပ်ကာ လက်ဆောင်ပေးကြသည်။ သမ္မတလောင်းနှစ်ဦးသည် စင်မြင့်ပေါ်တွင်ရပ်ကာ အောက်မှ သတင်းစာဆရာများ၏ မေးခွန်းများဖြေဆိုရင်း မိမိတို့၏ မူဝါဒများကို တင်ပြ မဲဆွယ်ကြသည်။ သမ္မတအရှုံးအနိုင် လောင်းကြေးများလည်း ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းများ၌ ကြော်ငြာပြီး စိန်ခေါ်ကြသည်။ ထိုနေ့တွင် သမ္မတလောင်းနှင့် သူ့တွဲဖက် ဒုတိယသမ္မတလောင်းတို့ကို လူထုက တိုက်ရိုက်မဲပေးရွေးရခြင်း မဟုတ်ပေ။ အမေရိကန် ပြည်နယ် ၅၀ တွင် လူဦးရေအလိုက် မဲဆန္ဒနယ်များ သတ်မှတ်ရာ မဲဆန္ဒနယ်ပေါင်း ၅၃၈ နယ် ရှိသည်။ သမ္မတလောင်းက မိမိပါတီဘက်မှ မဲဆန္ဒနယ်တစ်ခုလျှင် သမ္မတရွေးချယ်ရေး ကိုယ်စားလှယ် (Electoral College) တစ်ယောက် အရွေးခံစေသည်။ သမ္မတလောင်းတစ်ဦး လျှင် ထိုကိုယ်စားလှယ် ၅၃၈ ယောက်က ပါဝင်အရွေးခံရသည်။ လူထုက ထိုသမ္မတ ရွေးကောက်ပွဲကိုယ်စားလှယ်ကို မဲပေးရွေးချယ်ရခြင်းဖြစ်သည်။ သမ္မတလောင်းတစ်ဦးဦး ဘက်မှ သမ္မတရွေးကောက်ပွဲကိုယ်စားလှယ် ၂၇၀ အရွေးခံရပြီဆိုလျှင် ထိုသမ္မတလောင်းသည် သမ္မတဖြစ်နိုင်သွားပေပြီ။ ၂၇၀ သည် မဲဆန္ဒ ၅၃၈ နယ်၏ ထက်ဝက်ကျော်သွားသောကြောင့် ဖြစ်၏။

ခေတ်မီမဲပေးစက် (ကွန်ပျူတာစနစ်) ဖြင့် မဲပေးကြသဖြင့် မြန်သည်။ ထိုနေ့တွင် သမ္မတကိုသာမက အချို့၌ အလှည့်ကျရွေးရမည့် အထက်ဆီးနိတ်လွှတ်တော်အမတ်၊ အောက်လွှတ်တော်အမတ်၊ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဌာနအကြီးအကဲ၊ရဲမှူးကြီးရာထူးကအစ မဲပေးရွေးကြရသည်။ နိုင်ငံက အရှေ့ဘက်ကမ်းခြေမှ အနောက်ဘက်ကမ်းခြေအထိ မိုင် သုံးလေးထောင်ကျယ်သဖြင့် အရှေ့ဘက်ခြမ်းမှ မြို့များတွင် မဲပေးပြီး၍ မဲစာရင်း (ပေါက် ကောင်) ထွက်နေပြီး အနောက်ဘက်ခြမ်းတွင် မဲပေးကြဆဲ၊ ပစိဖိတ်သမုဒ္ဒရာအလယ်မှ ၅၀ ခုမြောက် ဟာဝိုင်ယီပြည်နယ်တွင် မဲရုံဖွင့်စပင်ရှိသေးသည်။

အနောက်ဘက်ကမ်းခြေ ကယ်လီဖိုးနီးယားပြည်နယ်မှ မဲစာရင်းရလဒ် ကြေညာပြီး ချိန်တွင် သမ္မတအရွေးခံရသူက မိသားစုလိုက် သူ၏အမာခံ မဲဆန္ဒနယ်ရှိ ဇာတ်ခုံပေါ်မှ ပြုံးပျော်ရွှင်စွာ ကျေးဇူးတင်စကားပြောသည်။ ထိုအချိန် ရှုံးသွားသော သမ္မတလောင်းကလည်း

အလားတူ အမာခံမဲဆန္ဒနယ်မှ ဇာတ်ခုံပေါ်တွင် မျက်ရည်စက်လက်ဖြင့် ပရိသတ်ကို ကျေးဇူး စကားဆို နူတ်ဆက်နေကြပေသည်။

နိုဝင်ဘာလတွင် မဲပေးပြီးသော်လည်း ထိုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် ဝါရှင်တန်၌ နှစ်ဖက်သော သမ္မတရွေးချယ်ရေးကိုယ်စားလှယ် အရွေးခံကြသူအားလုံး (ရှုံးသူရော အောင်နိုင်သူပါ) စုံညီအစည်းအဝေးကျင်းပပြီး မိမိတို့ သမ္မတလောင်းများကို သမ္မတအဖြစ် အဆိုတင်ကြသည်။ ထိုအခါ အချို့အကြိမ်များ၌ ဟိုဘက်က အရွေးခံရသူက ယခုပွဲတွင် တစ်ဖက်ကိုပြောင်း၍ မဲပေးခြင်းများ ရှိတတ်သည်။ ထိုနေ့ မဲပေးပွဲတွင် မဲ ၂၇၀ နှင့်အထက် ထောက်ခံမဲရသူသည် သမ္မတဖြစ်ပါပြီဟု ရဲရဲပြောနိုင်ပေသည်။ သို့သော် ထိုနှစ်ကုန်ဆုံးပြီး နောက်နှစ် ဇန်နဝါရီ ၂၀ ရက်နေ့တွင်မှ သမ္မတသစ်က ကျမ်းသစ္စာဆိုပြီး သမ္မတ (တကယ်) ဖြစ်ကာ အိမ်ဖြူတော်သို့ဝင်၊သမ္မတဟောင်းက အသစ်အား အိမ်ဖြူတော်လွှဲအပ်ကာ ကိုယ့်အိမ်ကိုယ်ပြန်ရတော့သည်။

အမေရိကန်ကဲ့သို့ ဒီမိုကရေစီချန်ပီယံနိုင်ငံကြီးတွင် မဟာလူချမ်းသာ လူမျိုးကြီးများ၏ ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ အရွေးခံကြလေသလောဟု မေးလျှင်တော့ (နိုး) ပါဟု ဖြေပါမည်။ သမ္မတနစ်ဆင်၏ ဝါးတားဂိတ်၊ သမ္မတရော်နယ်ရီဂင်၏ အီရန်ဂိတ်၊ သမ္မတဂျော့ဘုရှ် (ဂျူနီယာ)၏ ဖလော်ရီဒါဂိတ်၊ ယခုသမ္မတ ဂျိုးဘိုင်ဒန်၏ ပို့စတယ်ဂိတ် ခေါ် စာတိုက်မှပို့သော မဲများဟု အိတ်ကြီး၊ အိတ်ငယ်များဖြင့် ဘိုင်ဒန်နိုင်ရန် မသေချာသော မဲရေတွက်ရာသို့ ရောက်လာကာ အနိုင်ယူသွားမှုကို အကြောင်းပြု၍ စာနယ်ဇင်းများက အမည်ပေးသော ပို့စတယ်ဂိတ်များ ရှိခဲ့ပါသည်။ လေ့လာကြည့်ကြပါကုန်။ မည်သည့် ပါတီသမ္မတနိုင်နိုင် သူ့သက်တမ်းအတွင်း နှစ်နိုင်ငံ သုံးနိုင်ငံကို ကျူးကျော်သည်။

တက္ကသိုလ်မြတ်သူ

pe-tem , bifonft pö&;ESHqpGmvefwY
ppfouf&;&mESHpfrxrfpepf

a'ufvmatmifSpd

“ အစ္စရေးနှင့် ဆွစ်ဇာလန်မှာ
ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးသော
စစ်မှုမထမ်းမနေရစနစ်ကို
ကျင့်သုံးနေသူများဖြစ်သည်။ ”

ဓာတ်ပုံ-အင်တာနက်

ယနေ့ကမ္ဘာတွင် မဝင်မနေရစစ်မှုထမ်းစနစ်ကို ကျင့်သုံးနေသည့် နိုင်ငံများစွာရှိပါသည်။ ထိုနိုင်ငံများထဲတွင် ထူးခြားမှုအရှိဆုံးနိုင်ငံ နှစ်ခုကို ရွေးချယ်ပါဟုဆိုသော် အစ္စရေးနှင့် ဆွစ်ဇာလန်တို့ကို ရွေးချယ်လိုပါသည်။ အစ္စရေးတပ်မတော်သည် ပတ်ဝန်းကျင်ရှိ အာရပ်နိုင်ငံများစွာကို အနံ့တုကာ ရပ်တည်လျက်ရှိပါသည်။ ထို့အတူ ဆွစ်ဇာလန်သည်လည်း အင်အားကြီးနိုင်ငံများ၏ အလယ်တွင် ကြံ့ကြံ့ခံကာ ရပ်တည်ခဲ့သောသမိုင်းရှိပါသည်။ စာဖတ်သူများအား အစ္စရေးနိုင်ငံမှ စတင်ကာ တင်ပြလိုပါသည်။ အစ္စရေးနိုင်ငံ၏ စစ်မှုရေးရာနှင့် စစ်မှုထမ်းစနစ်ကို တင်ပြရသော် ပထမဦးစွာ နိုင်ငံ၏ပထဝီအခြေအနေနှင့် လူဦးရေ စသည်တို့ကို အကျဉ်းတင်ပြရပါမည်။

အစ္စရေးသည် စတုရန်းမိုင်အားဖြင့် ၈,၅၂၂ မိုင်သာရှိပြီး လူဦးရေအားဖြင့် ကိုးသန်းကျော်သာရှိသည်။ ပတ်ဝန်းကျင်တွင်လည်း ရန်လိုသည့် အာရပ်နိုင်ငံများက ဝိုင်းရံလျက်ရှိသည်။ သမိုင်းအရလည်း နိုင်ငံပျောက်ခဲ့ရပြီးမှ ယခုပြန်လည်စုစည်းရသော နိုင်ငံဖြစ်သည်။ နိုင်ငံ၏ လွတ်လပ်ရေးအစဦးကာလတွင် အာရပ်တို့က ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ဟာဂါနာခေါ် ကာကွယ်ရေးတပ်ဖွဲ့များဖြင့် တွန်းလှန်ရာမှာ အစ္စရေးတပ်မတော် ပေါ်ပေါက်လာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်သူ့စစ်အဖွဲ့များမှ စုစည်းကာကွယ်ခဲ့ရခြင်းဖြစ်သည်။ သို့ပါ၍ ပြည်သူ့စစ်သင်္ဘောမှာ လွတ်လပ်ရေးနှင့်အတူ ပါဝင်လာခဲ့သည်။

နိုင်ငံမှာ သေးငယ်သည့်နည်းတူ လူဦးရေမှာလည်း နည်းပါးသဖြင့် နိုင်ငံသားအားလုံးမှာ စစ်မှုထမ်းကြရသည်။ ထို့ပြင် တပ်မတော်အတွင်း ကျား/မ ခွဲခြားမှုမရှိဘဲ မိန်းကလေးများ၏ ပါဝင်မှုနယ်ပယ်မှာလည်း ကျယ်ဝန်းရသည်။ ထို့ပြင် ဘေးပတ်လည်၌လည်း ဆန့်ကျင်ဘက်

နိုင်ငံများသာဖြစ်သဖြင့် အမြဲတမ်းတပ်မတော်တစ်ရပ်ကလည်း ရှိရသေးသည်။ ထို့အပြင် အရေးပေါ်ပါက တိုင်းပြည်သို့ ပြန်လာကာ တိုက်ပွဲဝင်ရမည်ဖြစ်သော အရန်တပ်များကိုလည်း ဖွဲ့စည်းမှုရှိရသည်။ အရန်တပ်အမှုထမ်းများမှာလည်း ဖွဲ့စည်းပုံအတိုင်းရှိကြပြီး ဆင့်ခေါ်သည့် အခါ ရောက်သည့်ကမ္ဘာနေရာမှ ပြန်လာကြသည်။ သို့အတွက် အမျိုးသားများအတွက် မဝင်မနေရစစ်မှုထမ်းကာလမှာ သုံးနှစ်ဖြစ်ပြီး အမျိုးသမီးများမှာ နှစ်နှစ်ဖြစ်သည်။ တပ်မတော်အတွက် အမြဲတမ်းအသင့်ဖြင့် ဦးစီးဦးဆောင်လုပ်ရမည့် အရာရှိတပ်ဖွဲ့ (Officer Corps) မှာ စစ်မှုထမ်းဘဝကို နှစ်မြုပ်လုပ်ကိုင်နေသည့် အရာရှိ (Carrer Officers) များဖြစ်ရသည်။ သို့ပါ၍ အမြဲတမ်းအသင့် ဖြစ်နေရသည်။

အစ္စရေးတပ်မတော်ကို အမြဲတမ်းအရာရှိများ၊ မဝင်မနေရစစ်မှုထမ်းများနှင့် အလှည့်ကျသည့် အရန်စစ်မှုထမ်းများဖြင့် ဖွဲ့စည်းထားသည်။ သို့ပါ၍ အရန်တပ်ဖွဲ့တွင် စစ်မှုထမ်းရသည့် အသက်ကို အမျိုးသမီးများတွင် အသက် ၅၀၊ အမျိုးသားများအတွက် ၅၅ နှစ်ဟု သတ်မှတ်ထားသည်။ မဝင်မနေရ စစ်မှုထမ်းကာလပြီးနောက်အရန်စစ်မှုထမ်းဘဝသို့ ကူးပြောင်းရသည်။ အရန်တပ်ဖွဲ့ဝင်များသည် နှစ်စဉ်ပင် ရက် ၂၀ မှ ၅၀ အထိ မွမ်းမံသင်တန်းများ ဆင်းရသည်။ ထို့ပြင် စာသင်ကျောင်းများအလိုက်၊ တက္ကသိုလ်များအလိုက် စစ်ပညာသင်ခန်းစာများ သင်ကြားရသည်။ လူငယ်တပ်ရင်းများကိုလည်း ဖွဲ့စည်းထားသည်။ အာရပ်တို့နှင့် ဆက်စပ်သည့်နယ်မြေသစ် အခြေချသူများအတွက် Nehel ခေါ် စစ်ရေးနှင့် စိုက်ပျိုးရေးပေါင်းစပ်ထားသည့် နီဟယ်လ်(Nehel)တပ်ဖွဲ့ကို ဖွဲ့စည်းပြီး စစ်ရေးနှင့် ကုန်ထုတ်လုပ်မှုကို ပေါင်းစပ်ထားသည်။

အစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် စစ်မှန်သော ဒီမိုကရေစီရှိသည့် (အနောက်တိုင်း၏ စံအရ) အပြည့်ဝဆုံးနိုင်ငံဟု ဆိုနိုင်သည်။ စစ်ဘက်အရာရှိဘဝသည် အရပ်ဘက်နိုင်ငံရေး ဦးဆောင်မှုကို မလွှဲမသွေ ခံယူကျင့်သုံးရမည်ဟူသောမူကို ချမှတ်ထားရာ အစ္စရေးတပ်မတော်၏ အမြင့်မားဆုံးဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်မတော်အတွင်း ရွေးချယ်မှုကြီးစဉ်အရ မဟုတ်ဘဲ ကာကွယ်ရေးဝန်ကြီး (အရပ်သား)၏ ရွေးချယ်ထောက်ခံမှုဖြင့် သမ္မတမှ ခန့်အပ်ရခြင်းဖြစ်သည်။ ဤအချက်သည် အစ္စရေးတပ်မတော်တွင် မဝင်မနေရစစ်မှုထမ်းစနစ်ကို အကောင်အထည်ဖော်ရာတွင် ချောမွေ့စေသည်ဟု ယူဆသည်။ နိုင်ငံသားတို့၏ စစ်မှုထမ်းခြင်းဖြင့် နိုင်ငံအတွက် စွန့်လွှတ်မှုသည် ပုဂ္ဂလိကခေါင်းဆောင်မှုနှင့် မသက်ဆိုင်သော အဓိပ္ပာယ်နှင့် နိုင်ငံအတွက်သာ ဖြစ်သည်ဟူသော ခံယူချက်ကို ပိုမိုလေးနက်စေသည်။

ဤတွင် ထူးခြားမှုတစ်ခုကို မှတ်သားရမိသည်။ အစ္စရေးနိုင်ငံ၏ လူဦးရေ အမျိုးအစားဖြစ်သည်။ ထိုအထဲတွင် အစ္စရေးနိုင်ငံသား အာရပ်မွတ်စလင် အမျိုးသမီးများမှာ ဒုတိယအများဆုံးဖြစ်သည်။ ထိုသူတို့သည် အစ္စရေးနိုင်ငံသား အခွင့်အရေးအား အပြည့်အဝ ရရှိကြသည်။ သို့သော် စစ်မှုထမ်းဆောင်ခွင့်ကို မရရှိပေ။ သို့သော် ထိုအစ္စရေးနိုင်ငံသား အာရပ်မွတ်စလင် အမျိုးသမီးများအနေဖြင့် နိုင်ငံတော်ကိုကာကွယ်ရန် ဆန္ဒရှိကြောင်း တောင်းဆိုမှုများ ရှိနေသည်။

ဤသည်ကပင်လျှင် အစ္စရေးနိုင်ငံ၏ စစ်မှုမထမ်းမနေရစနစ်နှင့် ဥပဒေသည် နိုင်ငံတွင်းရှိ အန္တရာယ်ပေးနိုင်သော၊ အသွင်တူညီမှုမရှိသော၊ ဆန့်ကျင်ဘက်အသွင်သို့ ကူးပြောင်းကောင်း ကူးပြောင်းနိုင်သော လူထုလူတန်းစားတစ်ရပ်၏ ပါဝင်ခွင့်ကို ငြင်းဆိုထားကြောင်း တွေ့ရသည်။ သို့ပါ၍ ဤအချက်ကို ကောက်ချက်ချရသော် စစ်မှုမထမ်းမနေရ ဥပဒေသည်

နိုင်ငံသားအားလုံးအတွက် မရည်ရွယ်ဘဲ တိုင်း ပြည်/နိုင်ငံတော်နှင့် အစိုးရအတွက် အန္တရာယ် အလားအလာအရှိဆုံး လူထုလူတန်းစားများကို ချန်လှပ်ထားကြောင်း တွေ့ရှိရပေမည်။

ဆွစ်ဇာလန်နိုင်ငံ

ပြီးခဲ့သည့်အပိုင်းတွင် အစ္စရေးနိုင်ငံအား စံနမူနာယူစရာ နိုင်ငံတစ်ခုအဖြစ် တင်ပြခဲ့ပါသည်။ ယခုအပိုင်းတွင်မူ ပြည်သူ့စစ်တပ်ဖွဲ့သမိုင်း၌ အောင်မြင်မှုအရှိဆုံးအဖြစ် ကျင့်သုံးနေသည့် ပြည်သူ့စစ် အဝိပြင်ဆုံးနိုင်ငံဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံနှင့်ပတ်သက်၍ တင်ပြပါမည်။ ဆွစ်ဇာလန်နိုင်ငံတွင် အသက် ၁၈ နှစ်မှ ၃၀ နှစ်ကြား ကျန်းမာသန်စွမ်းသူ အမျိုးသားတိုင်း စစ်မှုထမ်းရသည်။ သို့မဟုတ် နိုင်ငံတော်မှ လိုအပ်ချက်အရ မြို့ပြဘက်ဆိုင်ရာတစ်ခုကို ထမ်းရွက်ရသည်။ ထိုအသက်အပိုင်းအခြားကာလအတွင်း မိမိမျှော်မှန်းထားသည့် စစ်ဘက်ဆိုင်ရာ အဆင့်တစ်ခုကို ရည်ရွယ်သည့်သင်တန်းများ ပြီးမြောက်အောင် တက်ရောက်ရသည်။ ဥပမာအားဖြင့် အရာရှိဖြစ်ရန် ရည်မှန်းသူ၊ အကြပ်အဖြစ် ရည်မှန်းသူနှင့် တပ်သားအဆင့်သာ မျှော်မှန်းသူတို့၏ အသီးသီးသင်တန်းကာလများမှာ မတူညီပေ။ သင်တန်းများမှာ အသက် ၁၈ နှစ် နှင့် ၂၅ နှစ်ကြားတွင် တက်ရောက်ရမည်ဖြစ်သည်။ မိမိ၏ ပညာသင်ယူဆဲ အချိန်ဖြစ်၍ ဟုဆိုကာ သင်တန်းနှင့် စစ်မှုထမ်းကာလကို ရွှေ့ဆိုင်းလိုပါကလည်း စာရေးသားတင်ပြပြီး ခွင့်ပြုချက်ရယူ၍ ရွှေ့ဆိုင်းနိုင်သည်။ သင်တန်းသားများအား အရွေးခံရသည်မှစပြီး သုံးလနှင့် တစ်နှစ် ကာလအတွင်း စစ်ပညာအခြေခံသင်တန်းကို ၁၈ပတ်ကြာ တက်ရောက်ရသည်။ အခြေခံသင်တန်းပြီးဆုံးသည်နှင့် ဆွစ်ဇာလန်နိုင်ငံ၏ ပြည်သူ့စစ် တပ်သားတစ်ယောက် ဖြစ်သွားပြီး ကိုးနှစ်ကြာ စစ်ဘက်တာဝန်ရှိသူ၊ စစ်သားတစ်ယောက်အဖြစ် ရှိနေရမည့်သူတစ်ဦး ဖြစ်သွားခဲ့သည်။ ထိုကိုးနှစ်အတွင်း မွမ်းမံသင်တန်းများကို ခြောက်ကြိမ်တိတိ တက်ရောက်ရသည်။ ထိုမွမ်းမံသင်တန်းများမှာ တစ်ကြိမ်လျှင် သုံးပတ်ဖြစ်သည်။ အခြေခံစစ်သင်တန်းစတက်သည်မှစ၍ ၁၀ နှစ်အကြာ၊ နောက်ဆုံးပတ်တွင် သင်တန်းအနေဖြင့်လည်း ခြောက်ကြိမ်တိတိ မွမ်းမံတက်ရောက်ပြီးပါက တပ်မတော်မှ သို့မဟုတ် စစ်ဘက်တာဝန်မှ နုတ်ထွက်ပြီးဖြစ်ပါသည်။ သို့ပါ၍ အသက် ၁၈ နှစ် မှ ၂၅ နှစ်အကြားတွင် စစ်မှုထမ်းကာလ စတင်သည်။ အချို့သောအခြေအနေတွင် အသက် ၃၀ နှစ်အထိဟု သတ်မှတ်ထားသည်။ ၁၀နှစ်ကြာ အမှုထမ်းရသည်မှာလည်း ပြည်သူ့စစ်တပ်ဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ရှိနေသူတစ်ဦးသာ ဖြစ်သည်။ လက်နက်ငယ်ဖြစ်သော ချေမှုန်းရေးရိုင်ဖယ်ကို ကိုယ်စီသေနတ်အဖြစ် ထုတ်ပေးထားပြီး စစ်ဘက်တာဝန်မပြီးဆုံးမီ နှစ်စဉ်စက်ပစ်ကွင်းတွင် သေနတ်ပစ်လေ့ကျင့်ခန်းကို ပြီးဆုံးစေရသည်။ လက်နက်ကြီးများ ၊ တင့်ကားများကို မြို့တော်ခန်းမတွင် ထားရှိသည်။ အချုပ်ပြောရသော် အသက် ၁၈နှစ်မှ ၃၀ နှစ်အတွင်း စတင်စစ်မှုထမ်းရမည့် အမျိုးသမီးများမှာမူ ဆန္ဒအလျောက်သာဖြစ်သည်။ သင်တန်းတွင် အရာရှိ/အကြပ်/တပ်သားအဆင့် ဆိုပြီးရှိသည်။ အခြေခံသင်တန်း ၁၈ ပတ်ပြီးသည့်နောက် ပြည်သူ့စစ် စစ်သည်အဖြစ် တစ်နှစ်ခွဲကြာလျှင် သုံးပတ်တစ်ကြိမ် မွမ်းမံတက်ရသည်။ မွမ်းမံကို ခြောက်ကြိမ်တက်ရသည်။ အမြဲတမ်းတပ်အနေဖြင့် ရှိနေသည်မှာ လေ့ကျင့်ရေးတပ်ကြီးသာဖြစ်သည်။ ကိုယ်စီသေနတ်နှင့်ယူနီဖောင်းမှာ အိမ်တွင်ထား ရှိသည်။ လက်နက်ကြီးများ၊ တင့်ကားများမှာ မြို့၏ ထင်ရှားသောနေရာ၌ ထားရှိသည်။ စစ်အခြေခံသင်တန်းကို မအောင်မြင်သူများအနေဖြင့် Military

Service Exemption Tax ခေါ် စစ်ဘက်တာဝန်မှ ခြွင်းချက်ခွင့် အခွန်တော်အား ပေးဆောင်ကြရသည်။ စစ်ဘက်တာဝန်ထမ်းဆောင်နေကြသူများအတွက် ၎င်းတို့၏ သင်တန်းကာလတွင် အလုပ်ရှင်မှ အလုပ်ထုတ်၍မရပေ။ ဥပဒေဖြင့် ကာကွယ်ပေးထားသည်။ ဆွစ်ဇာလန်အနေဖြင့် သင်တန်းကာလတစ်လျှောက်တွင် လည်း လစာအပါအဝင် လိုအပ်သော အခွင့်အရေးများကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသည်။

"အရန်တပ်ဖွဲ့ စစ်သည်အင်အား လေးသိန်းကျော်ရှိသော အစ္စရေးသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသော နိုင်ငံသားတပ်မတော် (Citizen Army) အဖြစ် သတ်မှတ်ထားကြသည်"

အစ္စရေးနှင့်ဆွစ်ဇာလန်မှာ ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးသော စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးနေသူများဖြစ်သည်။ ယင်းနှစ်နိုင်ငံတွင် တူညီသောအချက်များလည်းရှိသည်။ ၎င်းမှာ သေးငယ်၍ လူဦးရေနည်းပါးသော်လည်း ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများဖြစ်ခြင်းဟူသော အချက်ဖြစ်သည်။ နိုင်ငံနှစ်ခုလုံးမှာ လူဦးရေ ဆယ်သန်းဝန်းကျင်သာရှိပါသည်။

ဒုတိယအချက်မှာ ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သူများ ဖြစ်သည်။ အစ္စရေးသည် ၎င်း၏ မဝင်မနေရစစ်မှုထမ်းစနစ်၏ စွမ်းဆောင်ရည်ကို အာရပ်၊ အစ္စရေးစစ်ပွဲများတွင် ပြသခဲ့ပြီးဖြစ်သည်။ အရန်တပ်ဖွဲ့စစ်သည်အင်အား လေးသိန်းကျော်ရှိသော အစ္စရေးသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသော နိုင်ငံသားတပ်မတော် (Citizen Army) အဖြစ် သတ်မှတ်ထားကြသည်။ အရှေ့အုပ်စုနိုင်ငံများ၏ ကွန်မြူနစ်ဝေါဟာရအတိုင်းဆိုရသော် (Cadre Reserve Force) ဟုလည်း ခေါ်ဆိုနိုင်သည်။

ဆွစ်တို့၏ ပြည်သူ့စစ်တပ်မတော် (Militia Army) အား အဘယ်မျှလောက် စွမ်းဆောင်ရည်ရှိမည်ကို အကဲမခတ်နိုင်သေးပေ။ သို့သော် ကမ္ဘာစစ်ကြီးနှစ်ခု အတွင်း ကျူးကျော်သူများ မဝံ့ရဲခြင်းကိုတော့ အသိအမှတ်ပြုရမည်ဖြစ်သည်။ တစ်ပိုင်းမှာ နိုင်ငံရေးပထဝီ အနေအထားနှင့် ခေါင်းဆောင်များ၏ အသိပညာ ကြွယ်ဝမှု၊ စစ်ဖြစ်လာပါက ရေရှည်ရပ်တည်နိုင်ရန် ပြင်ဆင်ထားနိုင်မှုတို့ကြောင့်လည်း ဖြစ်ပါသည်။ သို့ပါ၍ လောလောဆယ်တွင် အကောင်းဆုံး သက်သေပြသနိုင်သည်မှာ အစ္စရေး၏ စစ်မှုထမ်းစနစ် ဖြစ်ပါသည်။ ထိုနိုင်ငံများ၏ စစ်မှုမထမ်းမနေရစနစ်များကိုကြည့်ပါက နိုင်ငံသားများ၏ လူမှုစီးပွားရေးအခြေအနေများနှင့်

လိုက်လျောညီထွေစွာ လုပ်ဆောင်ထားနိုင်ကြပါသည်။ အစ္စရေးတွင် လက်နက်မကိုင်ဆောင်ရသော ဘာသာရေး အစွန်းရောက် ဂျူးဘာသာခွဲဂိုဏ်းတစ်ခုရှိပြီး ထိုဂိုဏ်းဝင်များကို ခြွင်းချက်ပြုထားသည်။ အစ္စရေးတပ်မတော်တွင် အရာရှိများနှင့် အရာခံ(အကြပ်ကြီး)များ၊ ပညာသည်များမှာ အမြဲတမ်းစစ်သည်များသာ ဖြစ်သည်။ အမြဲတမ်းတပ်မတော်တွင် အမြဲတမ်းစစ်သည် အရာရှိများနှင့် အရာခံများကို စစ်မှုမထမ်းမနေရစနစ်၏ (အချိန်ပိုင်းစစ်သား) များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ထို့အပြင် အမြဲတမ်းစစ်မှုထမ်းဘဝ ပြီးဆုံးသော်လည်း အရန်တပ်တွင် တရားဝင်ရာထူးတာဝန်နှင့် ရှိနေသေးရာ တိုင်းပြည်အန္တရာယ်နှင့် ရင်ဆိုင်ရသည်နှင့် ရောက်ရာအရပ်မှ ပြန်လာကာ အရန်တပ်ဖွဲ့များမှာ တိုက်ပွဲဝင်အသင့်အနေအထားဖြင့် ပေါ်ထွက်ကြပေသည်။ ဆွစ်ဇာလန် ပုံစံမှာကား စစ်သင်တန်းပြီးဆုံးသည်နှင့် ဌာနေ ပြည်သူ့စစ်တပ်ရင်း/တပ်ဖွဲ့ ပုံစံအတိုင်း ရှိနေပေသည်။

ဆွစ်ဇာလန်နိုင်ငံ၏အမည်မှာ (Swiss Confederation) ဖြစ်သည်။ နိုင်ငံတွင် အဓိကလူမျိုးအုပ်စုဖြစ်သော ဂျာမန်၊ အီတလီနှင့် ပြင်သစ်ဟူ၍ သုံးမျိုးဖြစ်သည်။ ပတ်ဝန်းကျင်နိုင်ငံများမှာ ဂျာမနီ၊ အီတလီ၊ ပြင်သစ်နှင့် သြစတြီးယားဟူသော တစ်ချိန်က ဥရောပ၏ ထိတ်ထိတ်ကြဲနိုင်ငံကြီးများဖြစ်သည်။ Confederation ဟု ခေါ်ဆိုသော်လည်း ကာကွယ်ရေးနှင့် ဘဏ္ဍာရေးမှာ ပြည်ထောင်စုဗဟိုတွင်သာရှိသဖြင့် ပြည်ထောင်စုဟုသာ အဓိပ္ပာယ်ရှိနေပါသည်။ သို့သော် နိုင်ငံ၏ အဓိကအုပ်ချုပ်ရေးမှာ Canton ခေါ် ကိုယ်တိုင်အုပ်ချုပ်ခွင့်ရ မြို့နယ်အဆင့်ဖြစ်ပြီး မြို့နယ်တွင် နိုင်ငံသားတိုင်းမှ တိုက်ရိုက်ပါဝင်ရသော တိုက်ရိုက်ဒီမိုကရေစီစနစ်ကို ကျင့်သုံးပါသည်။ သို့ပါ၍ မဝင်မနေရ စစ်မှုထမ်းစနစ်အား လူထုနှင့်လိုက်လျောညီထွေပြီး အဖုအထစ်မဖြစ်စေရန် စစ်သင်တန်းတက်ရောက်ရမည့်အချိန်ကို မိမိ၏ မြို့နယ်အဆင့်မှ ဆုံးဖြတ်ပေးနိုင်ခွင့် ပြုထားခဲ့ပါသည်။

အချုပ်ဆိုရသော် မဝင်မနေရစစ်မှုထမ်းစနစ်အောင်မြင်ရေးတွင် အောက်ပါအချက်များမှာ အဓိကအနေဖြင့် ပါဝင်လျက်ရှိကြောင်း အစ္စရေးနှင့်ဆွစ်ဇာလန် နိုင်ငံနှစ်ခု၏ ဖြစ်စဉ်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည် –

(က) နိုင်ငံတွင်းဝါဒရေး / လူမျိုးရေးဆိုင်ရာ ပဋိပက္ခ (Conflicts) ကြီးထွားမှုမရှိခြင်း၊

(ခ) ဒီမိုကရေစီ ပီပြင်ခြင်း၊

(ဂ) စစ်ဘက်အာဏာပိုင်များအပေါ် ဒီမိုကရေစီအရပ်သား အုပ်ချုပ်ရေးစနစ်မှ ထိန်းညှိနိုင်စွမ်းရှိခြင်း၊

(ဃ) စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းတို့ ဖြစ်သည်။

ဒေါက်တာအောင်မျိုး

Ref: – ထုတ်ဝေပြီးသမျှ စစ်ပညာဂျာနယ်များမှ သက်ဆိုင်သည့် ဆောင်းပါးများ
– www.statista.com
– www.brittanica.com

vkH&;aumifDyifzDhf&;

at;xef;rif

“ အမေရိကန်က
အီရတ်ကို ဝင်ရောက်တိုက်ခိုက်ခြင်း၊
လစ်ဗျားတွင် နေတိုးအဖွဲ့ဝင်နိုင်ငံများ ဦးဆောင်လျက်
ဝင်ရောက်စွက်ဖက်ခြင်း၊
ဆီးရီးယားစစ်ပွဲတွင်
ကုလသမဂ္ဂ၏ အခန်းကဏ္ဍလျစ်လျူရှုခံရခြင်းတို့သည်
လုံခြုံရေးကောင်စီ အလုပ်မဖြစ်ခြင်း၏
ပြယုဂ်များ ဖြစ်ခဲ့ရသည်။”

ဓာတ်ပုံ-အင်တာနက်

ကုလသမဂ္ဂသည် ကမ္ဘာသူကမ္ဘာသားများ ကိုးစားအားထားရာ အဖွဲ့အစည်းဖြစ်သည်။ ကမ္ဘာစစ်နှစ်ကြိမ်တိုင် တွေ့ကြုံခံစားခဲ့ရပြီးနောက် ငြိမ်းချမ်းရေးသည်သာ လူသားအားလုံး၏ကောင်းကျိုးချမ်းသာကို ဖြစ်ထွန်းစေနိုင်မည်ကို သိမြင်လာကြသည့်အလျောက် ကုလသမဂ္ဂ အဖွဲ့ကြီးဟူ၍ ပေါ်ပေါက်လာရခြင်းဖြစ်သည်။သို့စဉ်တိုင် အဖွဲ့ကြီး၏ အရေးပါသော လုံခြုံရေးကောင်စီကို ဒုတိယကမ္ဘာစစ်အား အောင်နိုင်သူများက အပိုင်စားရထားသကဲ့သို့ လွှမ်းမိုးထားသည်။

နှစ်ပေါင်းရှစ်ဆယ် ကြာမြင့်လာပြီးနောက် အဖွဲ့ဝင်နိုင်ငံဦးရေမှာလည်း ၅၁ နိုင်ငံမှ ၁၉၃ နိုင်ငံအထိ တိုးပွားလာသည်။ သို့သော် အဓိကကျသည့် အဖွဲ့အစည်းဖြစ်သော လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံအရေအတွက်မှာ မပြောင်းမလဲ ဆက်လက်တည်ရှိနေသည်။ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင် အနည်းငယ်တိုးတက်လာသည်တော့ရှိသည်။

လုံခြုံရေးကောင်စီကို ပြုပြင်ဖွဲ့စည်းရန် ဆွေးနွေးငြင်းခုံခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သည်။ ယူကရိန်းစစ်ပွဲနှင့် ဂါဇာဒေသ တိုက်ခိုက်မှုများတွင် ကုလသမဂ္ဂက ဝင်ရောက်မဖြေရှင်းနိုင်ဘဲ ဖြစ်နေရသည်က လုံခြုံရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်းရန် အရေးတကြီးလိုအပ်နေပြီဖြစ်ကြောင်း ညွှန်ပြနေသည်။ ကျင်းပနေဆဲ ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိ ဒင်းနစ်ဖရန်ဆစ် က "လုံခြုံရေးကောင်စီကို ပြုပြင်ပြောင်းလဲမှု မလုပ်နိုင်သရွေ့ကာလပတ်လုံး ကောင်စီ၏ တရားဝင်မှုနှင့် တာဝန်ထမ်းဆောင်နိုင်စွမ်းတို့ မေးခွန်းအထုတ်ခံနေရမည်။ ကမ္ဘာတစ်လွှား အကြမ်းဖက်မှုနှင့် စစ်ပွဲများ ဖြစ်ပွားနေချိန်တွင် လုံခြုံရေးကောင်စီအတွင်း သဘောထားကွဲမှုများကြောင့် မလှုပ်နိုင်မရှားနိုင် ဖြစ်နေရသည်။ ကမ္ဘာ့လုံခြုံရေးနှင့်

ငြိမ်းချမ်းရေးအတွက် တာဝန်ယူထားရသည်ဆိုသော်လည်း ကောင်စီသည် လျင်မြန်စွာ ပြောင်းလဲနေသော ကမ္ဘာ့အခြေအနေနှင့်အညီ မဆောင်ရွက်နိုင်ဖြစ်နေရသည်" ဟု ပြောကြား သည်။

လုံခြုံရေးကောင်စီကို အချိုးညီစွာ ချဲ့ထွင်ဖွဲ့စည်းနိုင်ရေးကို အထွေထွေညီလာခံက ဆွေးနွေးနေခဲ့သည်မှာ ၁၉၇၉ ခုနှစ်ကတည်းက ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နှစ်ပေါင်းများစွာ အသားသေနေပြီဖြစ်သော ရပ်တည်ချက်များကို ပြောင်းလဲရန်လိုကြောင်း၊ ထွေပြားလာသော ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရာတွင်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများ ကို အမှန်တကယ် ကိုယ်စားပြုနိုင်ရန်လည်းကောင်း လုံခြုံရေးကောင်စီကို တိုးချဲ့ပြင်ဆင် ဖွဲ့စည်းမှသာလျှင် ဖြစ်နိုင်မည်ဖြစ်ကြောင်း သဘာပတိက ထောက်ပြခဲ့သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့၌ ကျင်းပသော အထွေထွေညီလာခံတွင် ဆွေးနွေး ကြရာ လုံခြုံရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်းရန် အရေးတကြီးလိုအပ်နေပြီဖြစ်ကြောင်း နိုင်ငံအများစုက ထောက်ပြကြသော်လည်း ဆွေးနွေးမှုမှာ ရှေ့မတိုးနိုင်ဖြစ်နေရသည်။ အာဖရိက၊ အာရှပစိဖိတ်၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံရှိ ဖွံ့ဖြိုးဆဲနိုင်ငံများကိုယ်စား စိန်ဗင်ဆင့်နှင့် ဂရမ်နေဒီးစ် ဒုတိယအမြဲတမ်းကိုယ်စားလှယ်က လုံခြုံရေးကောင်စီသည် တာဝန်များကို ကျေပွန်စွာ မထမ်းဆောင်နိုင်သည်မှာ ထင်ရှားကြောင်း၊ ကောင်စီတွင် အနောက်နိုင်ငံများ ကြီးစိုးနေခြင်းကြောင့် ကုလသမဂ္ဂ၏ လက်ရှိထွေပြားမြားမြောင် သောအခြေအနေနှင့် ပထဝီနိုင်ငံရေး ရှုပ်ထွေးမှုများကို မည်သို့မျှ မထင်ဟပ်နိုင် ဖြစ်နေရ ကြောင်း၊ ပြုပြင်ပြောင်းလဲရေးသည် အရေးတကြီး လိုအပ်နေရုံမျှမက ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက်လည်းကောင်း၊ နိုင်ငံချင်း ဆက်ဆံရေးချောမွေ့ရန် လည်းကောင်း ပြုပြင်ပြောင်းလဲရေး မဖြစ်မနေလိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အာရပ်အုပ်စုခေါင်းဆောင် ဘာရိန်း အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဂျမား ဖဲရီ အာလိုဝီက လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာကို စိတ်ထင်သလိုအသုံးချနေခြင်းသည် ကောင်စီအပေါ် ယုံကြည်မှုကို အားနည်းစေကြောင်း၊ ထိုအချက်က လုံခြုံရေးကောင်စီကို အဆောတလျင် ပြုပြင်ဖွဲ့စည်းရန် လိုအပ်နေသည်ကို ညွှန်ပြနေကြောင်းပြောဆိုသည်။ ၎င်းက ဆက်လက်၍ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးတို့ကို ကောင်စီသည် ထိန်းသိမ်းမြှင့်တင်ရန် တာဝန်ရှိလင့်ကစား ဖြစ်ပျက်နေသော ဂါဇာဒေသတိုက်ခိုက်မှုများ က လိုအပ်ချက်ကို ပြည့်မှီနေကြောင်း၊ ပဋိပက္ခများ တားဆီးကာကွယ်ရေး ကြိုးပမ်းချက် ကို အဖွဲ့ဝင်နိုင်ငံများက အားထည့်ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ဘက်မလိုက်မှုနှင့် ယုံကြည်ကိုးစားထိုက်မှုတို့ ပိုမိုလိုအပ် ကြောင်းပြောဆိုသည်။

လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာရန် ခြေလှမ်းပြင်နေသော နိုင်ငံများ ဖြစ်သည့် ဂျာမနီ၊ ဘရာဇီး၊ အိန္ဒိယနှင့် ဂျပန်တို့၏ကိုယ်စား ဂျာမနီ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး အော့ဂျေလင်ဒဆီးက ဖြစ်ပေါ်နေသော အရေးကိစ္စများကို ဖြေရှင်းရာတွင် ကောင်စီသည် ထိရောက်မှုမရှိကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုများ အား အချိန်မီ ထိရောက်စွာဖြေရှင်းနိုင်ရမည်ဟု မျှော်လင့်ထားခြင်းကို မဖြည့်ဆည်းပေး နိုင်ကြောင်း ပြောဆိုသည်။

လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များ တိုးချဲ့ရေးနှင့်ပတ်သက်၍ သဘောထား အမြင်အမျိုးမျိုး ကွဲပြားလျက်ရှိသည်။ ဂျပန်၊ အိန္ဒိယ၊ ဘရာဇီးနှင့် ဂျာမနီတို့ကို အမြဲတမ်း အဖွဲ့ဝင်အဖြစ် အမေရိကန်က လိုလားကြောင်း အစဉ်တစိုက် ပြောဆိုထားသည်။ နောက်ပိုင်း တွင် အာဖရိက၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတို့အတွက်ပါ အမြဲတမ်းအဖွဲ့ဝင် အဖြစ် ထည့်သွင်းသင့်သည်ဟု ပြောဆိုလာသည်။

လုံခြုံရေးကောင်စီကို ပြုပြင်ဖွဲ့စည်းမည်ဆိုလျှင် ကုလသမဂ္ဂ ပဋ္ဌိဌာဉ်ကို မဖြစ်မနေ ပြုပြင်ရေးဆွဲရမည်။ ထိုအပိုင်းသည် အခက်အခဲဆုံးဖြစ်မည်။ လုံခြုံရေးကောင်စီ တိုးချဲ့ ဖွဲ့စည်းရာတွင် ပါဝင်ရမည့်နိုင်ငံများနှင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးမှုအပေါ် တွင် နိုင်ငံအများအပြားက သဘောထားကွဲလွဲနေဆဲဖြစ်သည်။ ကောင်စီကို တိုးချဲ့ဖွဲ့စည်း ခြင်းဖြင့် ကိုယ်စားပြုပါဝင်မှု ပိုမိုပီပြင်လာပြီး ဆုံးဖြတ်ချက်များကိုလည်း လွယ်လွယ်ကူကူ အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ရသော်လည်း လက်တွေ့တွင် ထင်သလောက် မလွယ်ကူပေ။ ကောင်စီ၏ ဖွဲ့စည်းမှုအသစ်ကို လုံခြုံရေးကောင်စီ၏ လက်ရှိ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံများက သဘောတူရမည်ဖြစ်သလို အထွေထွေညီလာခံ၏ ထောက်ခံမဲ သုံးပုံ နှစ်ပုံလည်း လိုအပ်မည်ဖြစ်သည်။ ဘူမိနိုင်ငံရေးပြိုင်ဆိုင်မှု ပြင်းထန်နေပြီး အဖွဲ့ဝင်နိုင်ငံ များအတွင်း အယူအဆကွဲပြားမှု ကြီးမားနေသည့်အတွက် ပြင်ဆင်ဖွဲ့စည်းရေးမှာ အလှမ်းဝေး နေဆဲဟု ဆိုရမည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကို အသွင်အမျိုးမျိုးဖြင့် ခြိမ်းခြောက်နေမှုများသည် ၁၉၄၅ ခုနှစ် ကာလနှင့်မတူ များစွာကွဲပြားခြားနား အန္တရာယ်များလာသည့်အချက်က ကောင်စီ ပြင်ဆင် ဖွဲ့စည်းရေးကို တွန်းအားပေးနေသည်။ ယင်းသို့ အကျပ်အတည်းမှ ဖောက်ထွက်ရန် အတွေး သစ် အမြင်သစ်တို့ လိုအပ်နေသည်။ လုံခြုံရေးကောင်စီ၏ စွမ်းဆောင်နိုင်မှုသည် အားနည်း ယုတ်လျော့လာသည်မှာ မှန်သော်လည်း လုံးဝ ရပ်ဆိုင်းသွားသည်အထိတော့ မဖြစ်သေးဟု ပညာရှင်များက ဆိုသည်။

လုံခြုံရေးကောင်စီက ထိရောက်စွာဆောင်ရွက်နိုင်ရန် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ အတွင်း သဘောမျှရန်လိုအပ်သည်။ ဗီတိုအာဏာကို လက်လွတ်စပယ်မသုံးဘဲ ထိန်းထိန်း သိမ်းသိမ်း ဆောင်ရွက်ကြသည့်အခါ လုံခြုံရေးကောင်စီသည် ဆုံးဖြတ်ချက်များကို အတားအဆီးမရှိ ချမှတ်နိုင်မည်။ စစ်အေးတိုက်ပွဲ ပြီးဆုံးပြီးခါစ ၁၉၉၀ ပြည့်လွန်နှစ်များ တွင် ကောင်စီ၏ စွမ်းဆောင်နိုင်မှုအပေါ် အကောင်းမြင်လာသော်လည်း မကြာမီတွင် အကောင်းမြင်မှုများ လွင့်ပါးပျောက်ကွယ်ခဲ့ရသည်။

အမေရိကန်က အီရတ်ကို ဝင်ရောက်တိုက်ခိုက်ခြင်း၊ လစ်ဗျားတွင် နေတိုးအဖွဲ့ဝင် နိုင်ငံများ ဦးဆောင်လျက် ဝင်ရောက်စွက်ဖက်ခြင်း၊ ဆီးရီးယားစစ်ပွဲတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ လျစ်လျူရှုခံရခြင်းတို့သည် လုံခြုံရေးကောင်စီ အလုပ်မဖြစ်ခြင်း၏ ပြယုဂ်များ ဖြစ်ခဲ့ရသည်။

ကုလသမဂ္ဂအဖွဲ့ဝင်အားလုံးက လုံခြုံရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းရေးကို မူအားဖြင့် သဘောတူကြသော်လည်း ယင်းသို့ဖွဲ့စည်းခြင်းသည် အင်အားကြီးနိုင်ငံများ၏ ဗီတိုအခွင့်

အာဏာကို ထိန်းချုပ်ရန်လော၊ အဖွဲ့ဝင်များ ကိုယ်စားပြုပါဝင်နိုင်မှုကို ဦးစားပေးရေးလော ဆိုသည့်အချက်များတွင် ဝိဝါဒ ကွဲပြားနေဆဲပင်ဖြစ်သည်။ ယင်းသို့ကွဲပြားမှုတွင် အုပ်စုသုံးစု ပေါ်လာသည်။

ပထမအုပ်စုမှာ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဖြစ်လာရန် ရည်ရွယ်နေကြသည့် ဘရာဇီး၊ ဂျာမနီ၊ အိန္ဒိယနှင့် ဂျပန်တို့ဖြစ်သည်။ သူတို့သည် အမြဲတမ်းအဖွဲ့ဝင် ဖြစ်လိုကြသည်။ သို့သော် ဗီတိုအာဏာနှင့်ပတ်သက်၍ အလျော့အတင်းလုပ်ပေးနိုင်သည့် သဘောထားရှိသည်။ ထိုအုပ်စုက အာဖရိကတိုက်မှ နှစ်နိုင်ငံကို အမြဲတမ်းအဖွဲ့ဝင် ဖြစ်လာရေးကိုလည်း ထောက်ခံသည်။

ဒုတိယအုပ်စုတွင် အာဂျင်တီးနား၊ မက္ကဆီကို၊ အီတလီ၊ ပါကစ္စတန်၊ ပိုလန်၊ တောင်ကိုရီးယားနှင့် တူရကီယဲတို့ဖြစ်ပြီး ပထမအုပ်စု၏ ပြိုင်ဘက်ဟုလည်း ဆိုနိုင်သည်။ တတိယအုပ်စုတွင် အာဖရိကတိုက်မှ ၅၄ နိုင်ငံ ပါဝင်သည်။ ထိုအုပ်စုက အာဖရိကတိုက်အတွက် ဗီတိုအာဏာအပြည့်ရှိသော အမြဲတမ်းအဖွဲ့ဝင် နှစ်နေရာ လိုချင်သည်။ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံက ၎င်းတို့ရထားသော အမြဲတမ်းအဖွဲ့ဝင်နေရာနှင့် ဗီတိုအာဏာကို လက်ဝါးကြီးအုပ် ဆက်လက်စွဲကိုင်ထားလိုကြသည်။ သို့သော် ကောင်စီပြုပြင်ဖွဲ့စည်းရေးနှင့်ပတ်သက်၍မူ ရပ်တည်ချက်မတူကြပေ။

အမြဲတမ်းအဖွဲ့ဝင်ဦးရေ တိုးချဲ့မည်ကို ရုရှားက မလိုလားပေ။ အမြဲတမ်းအဖွဲ့ဝင်ဦးရေ တိုးချဲ့လိုက်ပါက ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ၎င်း၏အနေအထား ယုတ်လျော့သွားမည်ကို စိုးရိမ်ဟန်တူသည်။ တရုတ်ကလည်း ရုရှားကဲ့သို့ပင် အမြဲတမ်းအဖွဲ့ဝင်ဦးရေ တိုးချဲ့မည်ကို မလိုလားပေ။ အထူးသဖြင့် ဒေသတွင်း ပြိုင်ဘက်များဖြစ်သည့် ဂျပန်နှင့်အိန္ဒိယတို့ ပါဝင်လာမည်ကို လက်မခံနိုင်။ ပထဝီဒေသအသီးသီးမှ အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင်များဖြင့် ကောင်စီဝင်တိုးချဲ့ရန် တရုတ်က ထောက်ခံသည်။ ထို့ပြင် ကောင်စီပြုပြင်ပြောင်းလဲရေးကို ဆွေးနွေးရာတွင် မှတ်တမ်းမှတ်ရာပြုလျက် ဆွေးနွေးခြင်းကိုလည်း တရုတ်က မလိုလားပေ။

ဥရောပတိုက်မှ အမြဲတမ်းအဖွဲ့ဝင်များဖြစ်ကြသော ပြင်သစ်နှင့် ဗြိတိန်တို့သည် ပြုပြင်ပြောင်းလဲရေးတွင် သဘောထားပျော့ပျောင်းသူများဖြစ်သည်။ ဥရောပတိုက်မှ အမြဲတမ်းအဖွဲ့ဝင် ရုရှားအပါအဝင် သုံးနိုင်ငံရှိနေသဖြင့် အခြားဒေသများမှ အချိုးညီပါဝင်မှုမျှတမည်ဆိုသောအမြင် ရှိကြသည်။ ရွေးချယ်တင်မြှောက်ခံ အဖွဲ့ဝင်များအနက် အချို့သော ပထဝီဒေသမှ နိုင်ငံများကို အဖွဲ့ဝင်သက်တမ်းရှည်ပေးခြင်းဖြင့် နောင်တွင် အမြဲတမ်းအဖွဲ့ဝင်များဖြစ်လာမည့် အလားအလာဖန်တီးပေးရန် ပြင်သစ်နှင့်ဗြိတိန်တို့က အဆိုပြုထားသည်။ သို့သော် ထိုနိုင်ငံများသည် ဗီတိုအာဏာ ရရှိမည်မဟုတ်။ အမြဲတမ်းနှင့် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များ အရေအတွက်တိုးမြှင့်လျက် ကောင်စီကိုဖွဲ့စည်းရန် အမေရိကန်က အတန်ကြာပင် အဆိုပြုခဲ့သည်။ သို့သော် အသစ်ဖွဲ့စည်းမည့်ကောင်စီတွင် ကောင်စီဝင်စုစုပေါင်း ၂၁ ဦးထက် မပိုရဟု ကန့်သတ်ချက်ပေးထားသည်။

လုံခြုံရေးကောင်စီ၏ လက်ရှိဖွဲ့စည်းမှုအနေအထားသည် ခေတ်မမီတော့သည့်အပြင် တစ်ဖက်စောင်းနင်းဖြစ်လွန်းသည် ဟု အာဖရိကနိုင်ငံများက ရှုမြင်သည်။ လုံခြုံရေးကောင်စီ ၏ ဆွေးနွေးချက်အများစုမှာ အာဖရိကတိုက်နှင့် ပတ်သက်နေသည်။ ထို့ပြင် ကုလသမဂ္ဂ

ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ် အများဆုံးရှိနေသည်မှာ အာဖရိကတိုက်ဖြစ်သည်။ ထို့ကြောင့် အာဖရိကတိုက်သည် အမြဲတမ်းအဖွဲ့ဝင် အနည်းဆုံးတစ်နေရာ ရရှိသင့်သည်ဟု တောင်းဆိုမှုများ ရှိနေသည်။ သို့စဉ်တိုင် တောင်းဆိုထားသည့် နေရာတစ်နေရာ သို့မဟုတ် နှစ်နေရာကို မည်သည့်နိုင်ငံက ရရှိသင့်သည် ဆိုသည့်အချက်ကို အာဖရိကနိုင်ငံများအတွင်း မကျေလည်သေးပေ။ အာဖရိကနိုင်ငံများအတွင်း အကျေအလည်ညှိနှိုင်းရန် လိုအပ်နေသေးသည်။

အကျိုးသင့် အကြောင်းသင့် စဉ်းစားမည်ဆိုပါက နိုင်ဂျီးရီးယား နှင့် တောင်အာဖရိကတို့သည် ရှေ့ဆုံးတွင်ရှိနေသည်။ သို့သော် အယ်ဂျီးရီးယား၊ အီဂျစ်၊ အီသီယိုးပီးယား၊ ကင်ညာ နှင့် ဆီနီဂေါတို့ကပါ ထိုနှစ်နေရာအတွက် အပြိုင်အဆိုင်ဖြစ်နေကြသည်။ အာဖရိက၏ အမြဲတမ်းအဖွဲ့ဝင်နေရာသည် ဗီတိုပိုင်ဆိုင်ရမည်ဟု အာဖရိကအုပ်စုက အခိုင်အမာ တောင်းဆိုနေသည်မှာလည်း ရှေ့ဆက်ဆွေးနွေးရန် အခက်အခဲဖြစ်နေသည်။

ယူကရိန်းစစ်ပွဲတွင် လုံခြုံရေးကောင်စီက မည်သို့မျှ မဆောင်ရွက်နိုင်ဖြစ်နေသည်ကို ကုလသမဂ္ဂ အဖွဲ့ဝင်အများစုက မကျေနပ်ကြ။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများကို ပြစ်တင်ဝေဖန်ကြသည်။ လုံခြုံရေးကောင်စီအစား အထွေထွေညီလာခံက ဖြစ်နိုင်သမျှ ဝင်ရောက်ဆောင်ရွက်ရန် စိုင်းပြင်းလာကြသည်။ အထွေထွေညီလာခံက အရေးပေါ်ညီလာခံခေါ်ယူလျက် ''ငြိမ်းချမ်းရေးအတွက် စည်းလုံးခြင်း" (Uniting for Peace Resolution) ဆုံးဖြတ်ချက်ကို ချမှတ်လျက် ရုရှားကိုပြစ်တင်ရှုတ်ချခဲ့သည်။ ယင်းကဲ့သို့သော ဆောင်ရွက်မှုမျိုးကို ကိုရီးယားစစ်ပွဲကာလတွင် တစ်ကြိမ်တည်းသာ ပြုလုပ်ခဲ့ဖူးသည်။ ထိုမှတစ်ဆင့်တက်လျက် အထွေထွေညီလာခံက ဆုံးဖြတ်ချက်တစ်ရပ် ထပ်မံချမှတ်သည်။ ထိုဆုံးဖြတ်ချက်အရ လုံခြုံရေးကောင်စီတွင် ဗီတိုအသုံးပြုမှုရှိခဲ့ပါက ထိုချမှတ်ခဲ့သောအစည်းအဝေးအပြီး ဆယ်ရက်အတွင်း အထွေထွေညီလာခံ အထူးအစည်းအဝေးကို ကျင်းပရန်၊ ထိုအထွေထွေညီလာခံတွင် ဗီတိုအသုံးပြုခဲ့သော အမြဲတမ်းအဖွဲ့ဝင်နိုင်ငံသည် မည်သည့်အကြောင်းကြောင့် ဗီတိုကို အသုံးပြုခဲ့ကြောင်း ကျိုးကြောင်းခိုင်လုံစွာ ရှင်းလင်းတင်ပြရန်၊ ထိုရှင်းလင်းတင်ပြချက်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဝိုင်းဝန်းဆွေးနွေးရန်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်သည် ဗီတိုအာဏာကို စိတ်ထင်တိုင်းမသုံးရန် ဟန့်တားလိုက်ခြင်းဖြစ်သည်။ ကျိုးကြောင်းမခိုင်လုံဘဲ ဗီတိုအသုံးပြုခဲ့သည်ဆိုပါက နိုင်ငံများ၏ အပြင်းအထန်ဝေဖန်မှုကို ခံရမည် ဖြစ်သည်။

ကောင်စီအဖွဲ့ဝင်အရေအတွက်ကို တိုးချဲ့လိုက်မည်ဆိုပါက ကောင်စီသည် ပိုမိုအာဏာရှိလာပြီး တရားဝင်မှုလည်း ပိုမိုလာမည်ဖြစ်သော်လည်း စွမ်းဆောင်ရည်နှင့် ထိရောက်မှု လျော့ပါးသွားမည်ဖြစ်သည်။ လူများပြီး ပွဲမစည်ဖြစ်လာမည့်အရေးကို ထောက်ပြပြောဆိုမှုများရှိသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘာဝမှာ ဖွဲ့စည်းပြီးနောက် နှစ်ပေါင်းများစွာ ကြာသည့်တိုင် မပြောင်းမလဲဘဲ နေမြဲအတိုင်း ဆက်လက်တောင့်ခံနေခြင်းဖြစ်သည်။ အပြောင်းအလဲကို မနှစ်သက်ကြ။ အပြောင်းအလဲပြုလုပ်လိုက်ခြင်းဖြင့် ဆောင်ရွက်နေဆဲ

လုပ်ငန်းတာဝန်များနောင့်နှေးသွားမည်၊ပျက်ကွက်သွားမည်ဟု အကြောင်းပြကြသည်။ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း ကြီးမားစွာပြောင်းလဲမှသာ အဖွဲ့အစည်းကို ပြောင်းလဲရန် သင့်၊ မသင့် စဉ်းစားတတ်ကြသည်။ ထိုသို့ မဟုတ်ပါက အလုပ်ဖြစ်နေသားပဲဟုဆိုကာ မပြောင်းလဲ လိုကြပေ။

ကုလသမဂ္ဂသည်ပင်လျှင် ကြီးမားသောနိုင်ငံရေး အပြောင်းအလဲဖြစ်သည့် ဒုတိယကမ္ဘာစစ် အပြီးတွင် ပေါ်ပေါက်လာရသည်။ အချို့က စဉ်းစားသည်မှာ ယူကရိန်းကိစ္စသည် ဝိုက်မြည်းနေသော ကုလသမဂ္ဂကို အပြောင်းအလဲဖြစ်စေမည်လားဆိုသည့် အချက်ဖြစ်သည်။ သို့သော် ထိုသို့ဖြစ်လာရန် အလားအလာ နည်းပါးသည်ဟု ကျွမ်းကျင်သူများကဆိုသည်။ မည်သို့ ပင်ဆိုစေ လုံခြုံရေးကောင်စီသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အပြည့်အဝမဟုတ်သည့်တိုင် တစ်စိတ်တစ်ပိုင်း အထောက်အကူပြုနေသည်မှာ ထင်ရှားသည်။ အခြေအနေအရပ်ရပ်ကို ကုစားပေးနိုင်သည့် အနေအထား မရှိသည့်အတွက် အချို့သောနိုင်ငံများသည် ထွက်လမ်းရှာသည့်အနေဖြင့် ကုလသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းကို လျစ်လျူရှုလျက် ထင်ရာစိုင်းသည်များလည်း ရှိခဲ့သည်။

“ လုံခြုံရေးကောင်စီသာ မရှိပါက လက်ရှိ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေ လုံးဝပျက်ပြားပြီး သေကျေပျက်စီးမှုနှင့် အခြေခံအခွင့်အရေးများ ချိုးဖောက်ခံရမှုတို့ အန္ဒိအပြား ဖြစ်ပွားနေမည်ဖြစ်သည်။ ”

အကယ်၍ လုံခြုံရေးကောင်စီသာမရှိပါက လက်ရှိ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေ လုံးဝပျက်ပြားပြီး သေကျေပျက်စီးမှုနှင့် အခြေခံအခွင့်အရေးများ ချိုးဖောက်ခံရမှုတို့ အန္ဒိအပြား ဖြစ်ပွားနေမည်ဖြစ်သည်။ ၂၁ ရာစု ကမ္ဘာသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအပေါ် အခြေခံသော ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော လုံခြုံရေးကောင်စီကို အရေးတကြီး လိုအပ်နေပေသည်။ လုံခြုံရေးကောင်စီကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲမှသာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် အာမခံချက်ရှိပေမည်။

လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်အချို့တို့သည် လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေခြင်းက အဖွဲ့ဝင်များအဖို့ စိတ်မသက်သာဖွယ် ဖြစ်နေသည်။ ကောင်စီသည် ကမ္ဘာသူကမ္ဘာသားအားလုံးကို

အချိုးညီစွာ ကိုယ်စားမပြုနိုင်ခြင်းသည် အားနည်းချက် ဖြစ်နေသည်။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံသည် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ဖြစ်သည်။ သို့သော် ထိုနိုင်ငံများက လုံခြုံရေးကောင်စီတွင် ကိုယ်စားပြုနိုင်မှုသည် ရှစ်ရာခိုင်နှုန်းသာရှိသည်။ ကုလသမဂ္ဂကို တည်ထောင်သော ၁၉၄၅ ခုနှစ်က အာဖရိကနိုင်ငံ အများစုသည် ကိုလိုနီလက်အောက်ခံ နိုင်ငံများဖြစ်သဖြင့် လွတ်လပ်ရေးမရသေးပေ။ လုံခြုံရေးကောင်စီကို ပထမဆုံးအကြိမ် တိုးချဲ့ဖွဲ့စည်းသည့် ၁၉၆၅ ခုနှစ်တွင် အာဖရိကတိုက် နိုင်ငံအချို့တို့ လွတ်လပ်ရေး စတင်ရသည့်အချိန်ဖြစ်သည်။ အာဖရိကတွင်ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများကို လုံခြုံရေးကောင်စီ၏ အစည်းအဝေး ၅၀ ရာခိုင်နှုန်းတွင် ဆွေးနွေးခဲ့ရပြီး လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၇၀ ရာခိုင်နှုန်းသည် အာဖရိကတိုက်နှင့် ပတ်သက်သည်။ သို့သော် အာဖရိကတိုက်သည် လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဟူ၍မရှိ။ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နေရာ သုံးနေရာသာရရှိသည်။ ထိုသုံးနေရာမှာလည်း အာဖရိကသုံးနိုင်ငံက အလှည့်ကျ တာဝန်ထမ်းဆောင်ရသည်။ ထိုသို့ဖြစ်ပျက်နေခြင်းသည် သမိုင်းကြောင်းအရ မမျှမတဖြစ်နေခြင်းဟု အာဖရိကခေါင်းဆောင်အများစုကဆိုသည်။ ကမ္ဘာ့လူဦးရေနှင့် အချိုးညီသော လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်သင့်ပြီး လက်ရှိဘူမိနိုင်ငံရေးအခြေအနေကို ထင်ဟပ်နိုင်သောကောင်စီ ဖြစ်သင့်သည်ဟု ၎င်းတို့က ယူဆသည်။

အဖွဲ့ကြီးကိုတည်ထောင်ခဲ့သည့် ၁၉၄၅ ခုနှစ်ကာလတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုသည်မှာ စစ်မက်ဖြစ်ပွားခြင်းကိုသာ ရည်ညွှန်းခဲ့ကြသည်။ သို့သော် ၂၁ ရာစုတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုသည်မှာ များစွာပြောင်းလဲ ကျယ်ပြန့်လာသည်။ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ ကူးစက်ကပ်ရောဂါ၊ အကြမ်းဖက်ဝါဒ ထွန်းကားလာခြင်း၊ မူးယစ်ဆေးဝါးစသည်တို့သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ကြီးမားစွာ ခြိမ်းခြောက်နေသည်။ ဤသည်တို့ကို သမားရိုးကျမဟုတ်သော လုံခြုံရေးပြဿနာများဟု အမည်ပေးထားသည်။

လုံခြုံရေးကောင်စီသည် မဟာဗျူဟာမြောက်ကိစ္စများဖြစ်သော လက်နက်ကိုင်ပဋိပက္ခ မဖြစ်စေရန် ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့် အဏုမြူလက်နက် မပြန့်ပွားရေးကဲ့သို့ ကိစ္စရပ်များအပေါ် အလေးထားမည့်အစား ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် လက်နက်ငယ်များပျံ့နှံ့မှု တားဆီးရေးကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးကြီးသောကိစ္စရပ်များကို အလေးပေးဆောင်ရွက်ရန် အာဖရိကနိုင်ငံများက လိုလားသည်။

၂၀၀၄ ခုနှစ်တွင် လေးနိုင်ငံအုပ်စု (ဘရာဇီး၊ ဂျာမနီ၊ အိန္ဒိယ၊ ဂျပန်)က လုံခြုံရေးကောင်စီကို ၂၅ ဦးအထိ တိုးချဲ့ရန်နှင့် ၎င်းတို့အနေဖြင့် အသွင်ကူးပြောင်းနေသည့်ကာလတွင် ဗီတိုအာဏာယူမည်မဟုတ်ကြောင်း အဆိုပြုသည်။ အာဖရိကအုပ်စုကလည်း အထွေထွေညီလာခံတွင် ထောက်ခံမဲ သုံးပုံနှစ်ပုံရရှိရန် ညှိနှိုင်းကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။

လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေးဆွေးနွေးမှုမှာ ၂၀၀၅ ခုနှစ်ကတည်းက ရပ်တန့်သွားသည်။ အဓိကအားဖြင့် ဗြိတိန်နှင့်ပြင်သစ်မှအပ အခြားသော အမြဲတမ်းအဖွဲ့ဝင်များသည် ၎င်းတို့ လက်ဆုပ်လက်ကိုင်ရှိနေသော ဗီတိုအာဏာကို အခြားနိုင်ငံများနှင့် မျှဝေလိုခြင်းမရှိ။

အမြဲတမ်းအဖွဲ့ဝင်ဦးရေများလာလျှင် ဗီတိုအာဏာအရှိန်အဝါ လျော့ကျသွားမည်ကို ၎င်းတို့က မလိုလားကြ။ ဗြိတိန်နှင့်ပြင်သစ်တို့သည် တစ်ချိန်က ကိုလိုနီအရှင်သခင်နိုင်ငံများဖြစ်ခဲ့သည်။ ၎င်းတို့ ကိုလိုနီနိုင်ငံများလည်း လွတ်လပ်ရေးရကုန်ကြပြီဖြစ်သည်။ ထို့ကြောင့် ဗီတိုနှင့်ပတ်သက်လျှင် ဗြိတိန်နှင့်ပြင်သစ်တို့ ယခင်ကလောက် အလေးအနက်မရှိတော့။ ဗြိတိန်ဆိုလျှင် စစ်အေးပြီးဆုံးချိန်မှစလျက် ယခုအချိန်အထိ ဗီတိုကို လုံးဝ အသုံးမပြုတော့ပေ။ ပထဝီဒေသလိုက် ခွဲဝေရရှိမည့် အမြဲတမ်းအဖွဲ့ဝင်နေရာအတွက် အပြိုင်အဆိုင် ကြိုးပမ်းမှုများကလည်း ဆွေးနွေးမှုရှေ့မဆက်နိုင်ရန် အဟန့်အတားဖြစ်နေသည်။

အာဖရိကတိုက်ရရှိမည့်နေရာအတွက် အီဂျစ်၊ နိုင်ဂျီးရီးယားနှင့် တောင်အာဖရိကတို့က အပြိုင်အဆိုင်ဖြစ်နေသည်။ အီဂျစ်သည် ပထဝီအနေအထားအရ အာဖရိကတွင်ရှိသော်လည်း တစ်ချိန်တည်းမှာ အာရပ်နိုင်ငံဖြစ်နေသဖြင့် အာဖရိကတိုက်သားစစ်စစ် မဟုတ်ပေ။ အာဖရိကအတွက် ခွဲဝေချထားမှုကို အီဂျစ်မရသင့်ဟု နိုင်ဂျီးရီးယားနှင့် တောင်အာဖရိကတို့က စောဒကတက်ထားသည်။ အာဖရိကတွင် စီးပွားရေး အတောင့်တင်းဆုံးဖြစ်သော နိုင်ဂျီးရီးယားနှင့် တောင်အာဖရိကတို့ ဖြစ်သင့်သည်ဟု နိုင်ငံအများအပြားက ယူဆသည်။ ထို့ပြင် နိုင်ဂျီးရီးယားသည် လူဦးရေ သန်းနှစ်ရာကျော်ရှိသဖြင့် အာဖရိကတွင် လူဦးရေအများဆုံးဖြစ်သည်။ တောင်အာဖရိကမှာမူ အဆင့်မြင့် စီးပွားရေးနယ်ပယ်၌ တွင်ကျယ်အောင်မြင်နေသည်။ အလားအလာကောင်းနေသော ထိုနှစ်နိုင်ငံကို ကင်ညာ၊ အယ်ဂျီးရီးယား၊ ဆီနီဂေါနှင့် အီသီယိုးပီးယားတို့က စိန်ခေါ်နေပြန်သည်။ ကောင်စီတိုးချဲ့ဖွဲ့စည်းရေးအတွက် လက်တွေ့ကျကျ ပြောကြဆိုကြမည်ဆိုလျှင် အာဖရိကသမဂ္ဂက မည်သည့်နှစ်နိုင်ငံအား အဆိုပြုသည်ကို တိတိကျကျ ပြောနိုင်ရမည်။

ကောင်စီပြုပြင်ဖွဲ့စည်းရေးဆွေးနွေးမှုများ ရပ်တန့်နေချိန်၊ အမြဲတမ်းအဖွဲ့ဝင်များအတွင်း ယူကရိန်းနှင့် ဂါဇာအရေးအခင်းများကြောင့် တင်းမာမှုများ မြင့်တက်နေချိန်တွင် လုံခြုံရေးကောင်စီက ချမှတ်ရန်တင်ပြလာသော ဆုံးဖြတ်ချက်မှန်သမျှကို ဗီတိုဖြင့် ပယ်ချနေသည့်အတွက် ကောင်စီသည် မလှုပ်နိုင် မရှားနိုင် ဖြစ်နေရသည်။ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံများက ထိုအခြေအနေမှ ထွက်ပေါက်ရှာရန် စဉ်းစားကြသည်။ အာဖရိကအဖွဲ့ဝင်နိုင်ငံ သုံးနိုင်ငံက ကမကထပြုလျက် တူညီဆန္ဒဖြင့် ဆောင်ရွက်ကြရန် လှုပ်ရှားလာကြသည်။ အာဖရိကသမဂ္ဂအတွင်း သဘောတူညီချက်ရရှိထားသော ရပ်တည်ချက်ပေါ်တွင် မူတည်လျက် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော အာဖရိကသုံးနိုင်ငံသည် ဗြိတိန်၊ အမေရိကန်တို့နှင့် ညှိနှိုင်းကာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်း ရေးဆွဲလာကြသည်။ ကောင်စီအစည်းအဝေးတွင် ဆွေးနွေးခြင်းမဟုတ်ဘဲ ပြင်ပတွင် ညှိနှိုင်းခြင်းဖြစ်သဖြင့် ကောင်စီ၏ လုပ်ငန်းကို ပြင်ပသို့ ဆွဲထုတ်လိုက်ခြင်းဖြစ်သည်။ ဤသို့ ပြုလုပ်ဖန်များလာလျှင် ကောင်စီ၏ တရားဝင်မှုလျော့ပါးလာပြီး ပြုပြင်ပြောင်းလဲမှုကို မဆောင်ရွက်လျှင် မဖြစ်တော့သည့် အခြေအနေသို့ ဆိုက်ရောက်လာနိုင်သည်။

ကုလသမဂ္ဂနှင့်အတူ လုံခြုံရေးကောင်စီကို လွန်ခဲ့သောနှစ်ပေါင်း ၈၀ နီးပါးက ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးစ အခြေအနေပေါ်တွင်မူတည်၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုလက်ရှိအခြေအနေနှင့် မကိုက်ညီတော့သဖြင့် လုံခြုံရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်းရန်

လိုအပ်သည်ကို နိုင်ငံတိုင်းက လက်ခံကြသည်။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများက ၎င်းတို့ရရှိထားသော ဗီတိုအာဏာနှင့် သြဇာအနေအထားကို မစွန့်လွှတ်လိုကြသဖြင့် လိပ်ခဲတည်းလည်းဖြစ်နေရခြင်းဖြစ်သည်။ ကမ္ဘာ့အရေးကိစ္စတစ်ခု သို့မဟုတ် တစ်ခုထက်ပိုမိုသော အရေးကိစ္စများကြောင့် လုံခြုံရေးကောင်စီကို ပြင်ဆင်မဖွဲ့စည်းလျှင် မဖြစ်တော့သည့် အနေအထားရောက်မှသာလျှင် ပြုပြင်ပြောင်းလဲလိမ့်မည်ဟု ဟောကိန်းထုတ်ထားသည်များလည်းရှိသည်။

အေးထွန်းမင်း

Ref: – UN Security Council Reform: What the World Thinks

yOEpfckum;u zdvpfykdEkdifjeh;a&;rD' aemufcHrkd;f aumfEkdifwifh

“ ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏
တရုတ်နှင့် နီးကပ်ခဲ့သည့်
နိုင်ငံခြားရေးမူဝါဒသည်
သမ္မတ မာကို့စ်ဂျူနီယာ လက်ထက်တွင်
အမေရိကန်နှင့် နီးကပ်လာခဲ့သည်။”

ဓာတ်ပုံ-အင်တာနက်

နောက်ခံသမိုင်း

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်လက်အောက် ရောက်ရှိခဲ့သည့် ကိုလိုနီနိုင်ငံဟောင်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရပြီးချိန်မှစပြီး အမေရိကန်နှင့်နီးစပ်သည့်မဟာမိတ်အဖြစ် ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် အမေရိကန်၏ နိုင်ငံရေးနှင့်စီးပွားရေးလွှမ်းမိုးမှုမှာ အာရှဒေသတွင် ဆက်လက်မြင့်တက်ခဲ့သည်။ ပိုမိုတည်ငြိမ်သော နိုင်ငံတစ်နိုင်ငံဖြစ်စေရန်အတွက် အမေရိကန်၏စီးပွားရေးအကူအညီ ရရှိရန်အရေးကြီးသည်။ လွတ်လပ်လာသည့် ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်နှင့်ပင် ဆက်လက်ပူးပေါင်းဆောင်ရွက်ခဲ့ရာ အမေရိကန်ပြည်ထောင်စုနှင့် အထွေထွေကဏ္ဍ ဆက်ဆံရေးစာချုပ် (၁၉၄၆ ဇူလိုင် ၄)၊ စစ်အခြေစိုက်စခန်းများ သဘောတူညီချက်(၁၉၄၇ မတ်လ ၁၄)၊ စစ်ရေးအကူအညီပေးရေး သဘောတူညီချက် (၁၉၄၇ မတ် ၂၁)နှင့် အပြန်အလှန် ကာကွယ်ရေးစာချုပ် (၁၉၅၁ သြဂုတ် ၃၀) စသည့် စာချုပ်များကို ချုပ်ဆိုခဲ့ကြသည်။

တရုတ်တစ်နိုင်ငံတည်းမူဝါဒ အတိုးအလျော့

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်တပ်ဖွဲ့များ ထွက်ခွာသွားပြီးနောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်အကူအညီများ ပိုမိုရရှိရေးနှင့် လွတ်လပ်သည့်နိုင်ငံခြားရေးမူဝါဒကျင့်သုံးနိုင်ရေးအတွက် ၁၉၈၆ ခုနှစ်ကတည်းက တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ပြောင်းလဲကျင့်သုံးလာခဲ့သည်။ ထိုင်ဝမ် (တရုတ်-တိုင်ပေ) သည် အရှေ့တောင်အာရှနိုင်ငံ

များတွင် ကနဦးအများအပြားရင်းနှီးမြှုပ်နှံခဲ့သည်။ ထိုင်ဝမ်(တရုတ်–တိုင်ပေ)ကုမ္ပဏီများသည် ၁၉၈၉ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ အများအပြား ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ အကူအညီများ ထပ်မံပေးအပ်ဦးမည်ဖြစ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ဦးမည် ဆိုသည့် ကတိကဝတ်များပါ ပေးလာခဲ့ရာ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ပြန်လည်သုံးသပ်ရန်အထိ ဖြစ်လာခဲ့သည်။ တရားဝင်မဟုတ်သည့်တိုင် ဖိလစ်ပိုင် အစိုးရအဖွဲ့ဝင်များသည် ၎င်းတို့၏ သီးခြားခရီးစဉ်အဖြစ် ထိုင်ဝမ် (တရုတ်–တိုင်ပေ) သို့ သွားရောက်ခဲ့ကြသည်။ ယင်းအတွက် တရုတ်အစိုးရက ကန့်ကွက်မှုများ ပြုလုပ်လာခဲ့ရာ သမ္မတအာကွီနိုသည် အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ၎င်း၏ အစိုးရအဖွဲ့ဝင်များ ထိုင်ဝမ် (တရုတ်–တိုင်ပေ) သို့ သွားရောက်ခြင်းကို တားမြစ်ခဲ့သည်။ အလားတူ ထိုင်ဝမ် (တရုတ်–တိုင်ပေ) အရာရှိများလည်း ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ခြင်း နည်းပါးသွားခဲ့သည်။

ဒေသတွင်းတွင် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးလွှမ်းမိုးမှု မြင့်မားလာခြင်းနှင့်အတူ ထိုင်ဝမ် (တရုတ်–တိုင်ပေ) ၏ ရင်းနှီးမြှုပ်နှံမှုများမှာလည်း တိုက်တိုက်ဆိုင်ဆိုင် ဆိုသကဲ့သို့ ကျဆင်းသွားခဲ့သည်။ သို့ဖြစ်ရာ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုသာ ဆက်လက်ကိုင်စွဲရန် ဖြစ်လာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင်လည်း တရုတ်နွယ်ဖွား တစ်သန်းကျော်နေထိုင်ကြပြီး ၎င်းတို့၏ မူလဇာတိမှာ ဖူဂျန်ပြည်နယ်မှဖြစ်ရာ ယနေ့အထိ ဆွေမျိုးများရှိနေသေးသည်ဟု ဆိုပါသည်။ ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလကတည်းက ဖိလစ်ပိုင်ရှိ တရုတ်နွယ်ဖွားများက ၎င်းတို့၏ဇာတိ ဖူဂျန်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံခဲ့ကြသူများ ဖြစ်သည်။ ၎င်းတို့သည် တရုတ်နိုင်ငံရှိ အထူးစီးပွားရေးဇုန်များတွင် အဓိက ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ တရုတ်နွယ်ဖွား ဖိလစ်ပိုင်များအနေဖြင့် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးအမြတ်များလည်း များစွာရရှိခဲ့ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်လာကြသည်။ သို့သော်လည်း ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နွယ်ဖွား ဖိလစ်ပိုင်သူဌေးများအတွက် အမိမြေပင် ဖြစ်သည်။

Spratly ကျွန်းစု ပိုင်ဆိုင်မှု အငြင်းပွားခြင်း

ဖိလစ်ပိုင်တို့သည် တရုတ်လူမျိုးများနှင့် ယဉ်ကျေးမှုအရ ဆက်နွယ်နေပြီး ဖိလစ်ပိုင် ထုတ်ကုန်များအတွက် စျေးကွက်အသစ်များ ဖွင့်လှစ်ခြင်းဖြစ်သကဲ့သို့ တရုတ်နိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံရေးချဲ့ထွင်ရမည်ကို ဖိလစ်ပိုင်အရာရှိများက နားလည်ကြသည်။ ဖိလစ်ပိုင်တို့က ၎င်းတို့ ပိုင်ဆိုင်သည်ဟု ပြောဆိုနေသည့် Spratly ကျွန်းစု၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် Kalayaan Island group သည် ဖိလစ်ပိုင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် တွန်းအားတစ်ခုဖြစ်သည်။ အဆိုပါကျွန်းသည် ရေနံနှင့် အခြားသော အရင်းအမြစ်များ ကြွယ်ဝသည်ဟု ယူဆထားသည့်ကျွန်းဖြစ်ရာ ဖိလစ်ပိုင်နိုင်ငံအတွက် အလွန်အရေးပါသည့် ကျွန်းတစ်ကျွန်းဖြစ်သည်။ ဂျပန်တို့သည် ဒုတိယကမ္ဘာစစ်အတွင်းက ဖိလစ်ပိုင်အား ကျူးကျော်တိုက်ခိုက်ရန်အတွက် အဆိုပါကျွန်းကို ခြေကုပ်စခန်းအဖြစ် အသုံးပြုခဲ့ဖူးသည်။ ဗီယက်နမ်၊ မလေးရှား၊ ဘရူနိုင်း၊ ထိုင်ဝမ် (တရုတ်–တိုင်ပေ) နှင့် တရုတ်နိုင်ငံ တို့ကလည်း ကျွန်းများပိုင်ဆိုင်မှု အငြင်းပွားခြင်းတွင် ပါဝင်နေကြသည်။ ဖိလစ်ပိုင်နိုင်ငံ

Palawan ပြည်နယ်နှင့် အငြင်းပွား Spratly ကျွန်းစုများကြားတွင် မိုင် ၂၅၀ သာ ကွာဝေးသည်။ ဗီယက်နမ်နိုင်ငံနှင့် ၃၅၀ မိုင်၊ ထိုင်ဝမ် (တရုတ်–တိုင်ပေ) နှင့် ၉၅၀ မိုင်၊ ဟိုင်နန်ကျွန်းနှင့် ၅၅၀ မိုင်ကွာဝေးသည်။ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းအထိ ဖိလစ်ပိုင်တစ်နိုင်ငံတည်းသာ အဆိုပါကျွန်းစုအား ၎င်းတို့ပိုင်ဆိုင်ကြောင်း စိုက်လိုက်မတ်တတ် ပြောဆိုခဲ့ခြင်းဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းရောက်မှသာ အခြားနိုင်ငံများက ၎င်းတို့လည်း ပိုင်ဆိုင်ကြောင်း ပြောဆိုမှုများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားပဋိပက္ခ ဖြေလျှော့လာချိန်တွင် Spratly ကျွန်းစုများအရေးသည် ဒေသတွင်းတွင် နိုင်ငံတကာအာရုံစိုက်ရာနေရာ တစ်ခု ဖြစ်လာခဲ့သည်။ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် တရုတ်အစိုးရသည် တောင်တရုတ်ပင်လယ် ၏ ၈၀ ရာခိုင်နှုန်းကို ၎င်းတို့ပိုင်ဆိုင်ကြောင်း သမိုင်းကြောင်းဆိုင်ရာ အမှတ်အသားများဖြင့် တရားဝင်မြေပုံ ရေးဆွဲထုတ်ပြန်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါအချက်သည် ဖိလစ်ပိုင်အား စိုးရိမ်မှုများ မြင့်တက်စေခဲ့သည်။

သမ္မတဒူတာတေး၏ တရုတ်နှင့်နီးကပ်သည့် နိုင်ငံခြားရေးမူဝါဒ

ဖိလစ်ပိုင်သမ္မတ Benigno Aquino လက်ထက်ကလည်း တောင်တရုတ်ပင်လယ် အတွင်း သောင်ထွန်းနေသည့် Scarborough Shoal ကျွန်းငယ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ နိုင်ငံတကာ အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိရုံးအထိတက်ပြီး ဆုံးဖြတ်ချက်ယူခဲ့သည်။ သမိုင်းကြောင်းအရ အဆိုပါကျွန်းသည် တရုတ်တို့ပိုင်မဟုတ်ကြောင်း ၂၀၁၆ ခုနှစ်တွင် ခုံသမာဓိရုံးက အဆုံးအဖြတ်ပေးခဲ့သည်။ ထိုစဉ်က တရုတ်နှင့်ဖိလစ်ပိုင်ဆက်ဆံရေး အတော်လေး အဖုအထစ်ဖြစ်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်မှာပင် သမ္မတသစ် ဒူတာတေး တက်လာခဲ့ပြီးနောက် တရုတ်နှင့်ဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန် ကြိုးစားခဲ့သည်။ နှစ်နိုင်ငံပိုင်ဆိုင်မှု အငြင်းပွားနေသည့် Scarborough Shoal ကျွန်းတစ်ဝိုက်တွင် တရုတ်တို့က ၎င်းတို့လှုပ်ရှားမှုများကို လျှော့ချခဲ့သည့်အပြင် အဆိုပါနေရာတွင် ပူးတွဲရေနံရှာဖွေရေး လုပ်ရန်အထိ နှစ်ဖက်ဆွေးနွေးခဲ့ကြသည်။ အငြင်းပွားနေကြသည့် ရေနယ်နိမိတ်တွင် မတော်တဆမှုများကို ရှောင်ရှားနိုင်ရန် နှစ်နိုင်ငံကြား အဆက်အသွယ်တိုးမြှင့်ရန်လည်း သမ္မတဒူတာတေးနှင့် သမ္မတရှီကျင့်ဖျင်တို့ သဘောတူခဲ့ကြသည်အထိ တိုးတက်လာခဲ့သည်။

သမ္မတဒူတာတေး၏ တရုတ်နှင့် နီးစပ်ရေးမူဝါဒသည် ဖိလစ်ပိုင်ပြည်သူများကြားတွင် ရေပန်းမစားခဲ့ဟု ဆိုပါသည်။ သမ္မတဒူတာတေး မျှော်လင့်ထားသည့်အတိုင်းလည်း တရုတ် ရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းနှင့် ဝင်ရောက်လာခဲ့ခြင်း မရှိခဲ့ပါ။ နှစ်နိုင်ငံကြား နယ်မြေ အငြင်းပွားနေမှုများကိုလည်း မဖြေရှင်းနိုင်ခဲ့ပါ။ အမေရိကန်–ဖိလစ်ပိုင် ဆက်ဆံရေးသည် ၂၀၁၆ ခုနှစ် သမ္မတဒူတာတေး တက်လာချိန်တွင် ဝေးကွာသွားသကဲ့သို့ ဖြစ်ခဲ့ရသည်။ သမ္မတဒူတာတေး၏ မူးယစ်ဆေးဝါးနှိမ်နှင်းရေးဆောင်ရွက်ချက်များ၊ ရာဇဝတ်သားဟု သံသယရှိသူ ထောင်ပေါင်းများစွာကို အလွန်အကျွံသတ်ဖြတ်ခဲ့မှုများသည် ထိုစဉ်က အမေရိကန်သမ္မတ ဘာရက်အိုဘားမားအား ဖိလစ်ပိုင်အပေါ် မူဝါဒပြောင်းလဲရန် အချက်ပေး လိုက်သကဲ့သို့ ဖြစ်စေခဲ့သည်။ သမ္မတဒူတာတေးသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် တရုတ်နိုင်ငံသို့သွားရောက်ခဲ့ပြီး တရုတ်–ဖိလစ်ပိုင်ပူးပေါင်းဆောင်ရွက်ရေးခေတ်သစ်တစ်ခုကို စတင်ခဲ့သည်ဟု ကြွေးကြော်ခဲ့သူ ဖြစ်သည်။

အမေရိကန်–ဖိလစ်ပိုင်ယဉ်ကျေးမှုဆက်နွယ်မှုမှာလည်းခိုင်မာသည်။ ဖိလစ်ပိုင်–အမေရိကန် လေးသန်းကျော်မှာ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ကြသည်။ ပြည်သူ့သဘောထားစစ်တမ်းများအရလည်း ဖိလစ်ပိုင်ပြည်သူအများစုသည် တရုတ်နိုင်ငံထက် အမေရိကန်ကို ပို၍ယုံကြည်ကြသည်။ ၂၀၁၇ ခုနှစ် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် သမ္မတဒူတာတေးက "ကျွန်တော်တို့ ဖိလစ်ပိုင်စစ်သည်တွေကတော့ အမေရိကန်လိုလားသူတွေဖြစ်ပါတယ်၊ အဲဒီအချက်ကိုတော့ မငြင်းနိုင်ပါဘူး"ဟု ပြောဆိုခဲ့ဖူးသည်။ သမ္မတဒူတာတေးကငင်း၏သမ္မတသက်တမ်း အစောပိုင်းကာလတွင် ဖိလစ်ပိုင်ရေတပ်အား တရုတ်နှင့် အငြင်းပွားနေသည့် ရေပိုင်နက်တွင် ကင်းလှည့်ခြင်းမပြုရန် တားမြစ်ခဲ့သည်။ သို့သော် အဆိုပါညွှန်ကြားချက်ကို တပ်ဘက်ဆိုင်ရာ အကြီးတန်းအရာရှိများက လျစ်လျူရှုခဲ့ကြောင်း စစ်ဘက်အရာရှိနှစ်ဦးက ထုတ်ဖော်ပြောဆိုဖူးသည်။

မာကို့စ်ဂျူနီယာ၏ အမေရိကန်နှင့် နီးကပ်သည့် နိုင်ငံခြားရေးမူဝါဒ

ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ တရုတ်နှင့်နီးကပ်ခဲ့သည့်နိုင်ငံခြားရေးမူဝါဒသည် သမ္မတ မာကို့စ်ဂျူနီယာလက်ထက်တွင် အမေရိကန်နှင့်နီးကပ်လာခဲ့သည်။ မာကို့စ်ဂျူနီယာ သမ္မတအဖြစ် စတင်ထမ်းဆောင်ချိန်တွင် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပထမဆုံး ဖုန်းဆက်ပြောသူမှာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်ပင်ဖြစ်သည်။ သမ္မတဂျိုးဘိုင်ဒန်၏ နှုတ်ခွန်းဆက်စကားသည် သမ္မတသစ် မာကို့စ်ဂျူနီယာအား ကျေနပ်စေခဲ့သည်။ မာကို့စ်ဂျူနီယာသည် သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး တစ်နှစ်အတွင်းမှာပင် အမေရိကန်ပြည်ထောင်စုသို့ နှစ်ကြိမ်သွားရောက်ခဲ့သည်။ အမေရိကန်အစိုးရ အဆင့်မြင့်ကိုယ်စားလှယ်များလည်း ဖိလစ်ပိုင်နိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ခဲ့ကြသည်။ ထိုသို့ လာရောက်ခဲ့ကြသူများထဲတွင် ဒုတိယသမ္မတ ကမ်မာလာဟဲရစ်၊ နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ကာကွယ်ရေးဝန်ကြီး လွိုင်အော်စတင်တို့လည်း ပါဝင်ကြသည်။ အမေရိကန်တို့သည် အမေရိကန်–ဖိလစ်ပိုင်ဆက်ဆံရေးအသစ်က ပြန်စရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဖိလစ်ပိုင်အား ယခုကဲ့သို့ ချစ်မိုးကြီးသဲကြီးမဲကြီး ရွာချလိုက်ခြင်းဖြစ်သည်။

အမေရိကန်–ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာ မဟာမိတ်သဘောတူညီချက်အရ ဖိလစ်ပိုင်နိုင်ငံအား အခြားနိုင်ငံတစ်နိုင်ငံက စစ်ရေးအရတိုက်ခိုက်လာပါက အမေရိကန်အနေဖြင့် စစ်ရေးအရ တုံ့ပြန်ကာကွယ်သွားမည်ဟု သမ္မတဂျိုးဘိုင်ဒန်က ကြိမ်ဖန်များစွာ ထုတ်ဖော်ပြောဆိုခဲ့သည်။ တောင်တရုတ်ပင်လယ်အတွင်း တရုတ်–ဖိလစ်ပိုင် တင်းမာမှုသည် ၂၀၂၈ ခုနှစ် နှစ်လယ်ပိုင်းထိရှိနေမည့် မာကို့စ်ဂျူနီယာ၏ လက်ကျန်သက်တမ်းကာလအတွင်းမည်သို့ ဖြစ်ပေါ်ပြောင်းလဲသွားနိုင်သည်ဆိုသည်ကို မေးခွန်းထုတ်နေကြသည်။ အဆိုပါမေးခွန်းအတွက် ပြည်တွင်းရေးနှင့် ဒေသတွင်းအရေးဆိုသည့် အကြောင်းနှစ်ချက်ဖြင့် ချဉ်းကပ်ကြည့်နိုင်သည်။ ပြည်တွင်းရေးအဖြစ် သမ္မတ မာကို့စ်ဂျူနီယာသည် လူနေမှုစရိတ်မြင့်မားခြင်း ပြဿနာတို့ကို ကြုံတွေ့နေရပြီး မာကို့စ်မိသားစုအမည်ကို ပြန်လည်မှတ်ကျောက်

တင်ရန် ကြိုးစားမှုအချို့မှာလည်း အောင်မြင်မှုရရှိခြင်းမရှိပါ။ ဒေသတွင်းအရေးအဖြစ် တရုတ်နိုင်ငံနှင့် တင်းမာသည့်ဆက်ဆံရေးရှိနေရာ ဒီမိုကရေစီနိုင်ငံဖြစ်သည်နှင့်အညီ ဝေဖန်မှုမျိုးစုံနှင့် ရင်ဆိုင်ရသည်။

အမေရိကန်၏ အင်ဒို–ပစိဖိတ်မူဝါဒ

ဖြစ်နိုင်ခြေတစ်ခုမှာ တရုတ်တို့သည် ရံဖန်ရံခါတွင် ဖိလစ်ပိုင်တို့အား အင်အားသုံးခြင်းမျိုး ပြုလုပ်နိုင်သည်။ သို့သော် တရုတ်နိုင်ငံအနေဖြင့် ပဋိပက္ခအတွင်း အမေရိကန် တိုက်ရိုက်ပါဝင်လာနိုင်သည့် စစ်ရေးပဋိပက္ခမျိုးကို ဂရုစိုက်ရှောင်ရှားမည်ဖြစ်သည်။ စစ်ရေးအရ တရုတ်ထက် များစွာအားနည်းသည့် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တရုတ်ကို တန်ပြန်ထိန်းညှိနိုင်ရန်အတွက် အခြား စိတ်တူကိုယ်တူမိတ်ဖက်များဖြစ်သည့် ဩစတြေးလျ၊ ဂျပန်နှင့် အမေရိကန်တို့၏ အကူအညီကို ရှာဖွေမည်သာဖြစ်သည်။

ဟောဟောဒိုင်းဒိုင်းပြောတတ်သည့် သမ္မတဒူတာတေး၏ ခြောက်နှစ်သက်တမ်းကာလတွင် အမေရိကန်နှင့်ဆက်ဆံရေး ခပ်ချေချေဖြစ်ခဲ့ပြီး တရုတ်နိုင်ငံနှင့်နီးစပ်ရန် ကြိုးပမ်းခဲ့သည်။ အာရှ–ပစိဖိတ်ဒေသတွင် တရုတ်တို့ အင်အားကြီးမားလာခြင်းနှင့်အတူ တင်းမာမှုများရှိလာခဲ့ရာ အမေရိကန်အနေဖြင့် ဖိလစ်ပိုင်တွင် အခြေစိုက်စခန်းများထားရှိရန် အရေးတကြီး လိုအပ်လာခြင်းဖြစ်သည်။ သို့ဖြစ်ရာ ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်တို့အတွက် ထိုင်ဝမ် (တရုတ်–တိုင်ပေ) အား စစ်ရေးအကူအညီများပေးနိုင်ရေး ခြေကုပ်ယူရာနေရာဖြစ်လာခဲ့ခြင်းဖြစ်သည်ဟု စစ်ရေးလေ့လာသူများက သုံးသပ်ပြောဆိုကြသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံကြားအားပြိုင်မှုတွင် အဆင့်မြင့်နည်းပညာအသာစီးရသူက ယခုရာစု၏ စစ်ရေးနှင့်စီးပွားရေးတွင် မည်သူလွှမ်းမိုးထိန်းချုပ်နိုင်မည်ဆိုသည်ကို အဆုံးအဖြတ်ပေးသွားမည်ဟု ရိုက်တာ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ လေကြောင်းနှင့်ရေကြောင်းဆိုင်ရာ မောင်းသူမဲ့ဒရုန်းယာဉ်များ၊ ဥဃောရည်တုနည်းပညာ ထိန်းချုပ်သည့် လက်နက်များနှင့် နောက်ဆုံးပေါ် ထောက်လှမ်းရေးနည်းပညာတို့သည် စစ်ပွဲ၏ရလဒ်ကို ပြန်လည်ပုံဖော်ပေးမည် ဖြစ်သည်ဟု ဆိုသည်။ အမေရိကန်နိုင်ငံအတွက်မူ အာရှ–ပစိဖိတ်ဒေသတွင် ခိုင်မာသည့်မဟာမိတ်များ ရှိထားခြင်းသည် တရုတ်နိုင်ငံအား ထိန်းချုပ်ရာတွင် အရေးကြီးလုပ်ငန်းစဉ်ဖြစ်သည်။ အဆိုပါလိုအပ်ချက်အရ အမေရိကန်တို့အနေဖြင့် မာကို့စ်ဂျူနီယာအား ကြိုဆိုထွေးပွေ့လိုက်ခြင်းဖြစ်သည်။ မာကို့စ်ဂျူနီယာ၏ ဖခင် ဖာဒီနန်မာကို့စ်သည်လည်း အမေရိကန်၏ အခိုင်အမာမဟာမိတ်တစ်ဦး ဖြစ်ခဲ့သည်။

၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် တရုတ်နှင့် အရှေ့တောင်အာရှ ၁၀ နိုင်ငံတို့သည် ၎င်းတို့၏ ပထမဆုံး ပူးတွဲရေကြောင်းလေ့ကျင့်မှု ပြုလုပ်ခဲ့ကြသည်။ အဆိုပါလေ့ကျင့်ခန်းကို တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ် ကမ်းရိုးတန်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အခြားအာဆီယံနိုင်ငံများက ဖရီးဂိတ်များ၊ ဖျက်သင်္ဘောများ စေလွှတ်ခဲ့သော်လည်း ဖိလစ်ပိုင်ရေတပ်ကမူ တစ်ခုတည်းသော ထောက်ပို့ရေယာဉ်တစ်စီးကိုသာ စေလွှတ်ခဲ့သည်။ ဖိလစ်ပိုင်ရေတပ်အနေဖြင့် လေ့ကျင့်ရေးနှင့်ပတ်သက်၍ လုံလောက်သော သတင်းအချက်အလက်

ကြိုတင်မရရှိခဲ့ဟု အကြောင်းပြခဲ့သည်။ အမှန်မှာ တရုတ်နိုင်ငံ၏ စစ်ရေးမဟာမိတ်အဖြစ် အမြင်မခံလိုခြင်းကြောင့်ဖြစ်သည်။ စစ်သင်္ဘောတစ်စင်း စေလွှတ်ခဲ့ပါက နိုင်ငံတကာ အသိုင်းအဝိုင်းအား သတင်းစကားကောင်းမဖြစ်နိုင်ဟု ဖိလစ်ပိုင် စစ်ဘက်ဆိုင်ရာအရာရှိ နှစ်ဦးကလည်း ရိုက်တာသတင်းဌာနကို အတည်ပြုပြောဆိုခဲ့သည်ဟု ဆိုသည်။

သမ္မတဒူတာတေးအနေဖြင့် စစ်ရေးလေ့ကျင့်မှုများ ရပ်တန့်ထားမည်ဖြစ်ကြောင်း ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကြေညာထားသည့်တိုင် ဖိလစ်ပိုင်စစ်တပ်အနေဖြင့် အမေရိကန်စစ်တပ်နှင့် စစ်ရေးလေ့ကျင့်မှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ထိုစဉ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး အမေရိကန်အနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း ဖိလစ်ပိုင်အား တိုက်ခိုက်ခြင်းခံရပါက အကာအကွယ်ပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါခရီးစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် လှုပ်ရှားနေသည့် စစ်သွေးကြွများအား တိုက်ခိုက်ရာတွင် အသုံးပြုရန်အတွက် မောင်းသူမဲ့ ဒရုန်းယာဉ်များကိုလည်း ပေးအပ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း ပါဝင်လာသည့် အခြားနိုင်ငံတစ်နိုင်ငံနှင့် ပူးပေါင်းပြီး တရုတ်နိုင်ငံအား အပြစ်တင်မှုများ ဆက်လက်ပြုလုပ်နေပါက ဖိလစ်ပိုင်နိုင်ငံ၏အကျိုးစီးပွားနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေလိမ့်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးခဲ့ဖူးသည်။ တရုတ်နှင့်ဖိလစ်ပိုင်တို့သည် အငြင်းပွားရေပိုင်နက်အနီးတွင် သင်္ဘောတစ်စင်း တိုက်မိတိမ်းမှောက်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အပြန်အလှန် စွပ်စွဲခဲ့ကြပြီး တင်းမာမှုများလည်း မြင့်တက်ခဲ့သည်။

နီးချည်တစ်ခါ ဝေးချည်တစ်လှည့်

သမ္မတဒူတာတေးလက်ထက်တွင် ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နှင့် ပိုမိုနီးစပ်မှုရှိခဲ့သည်။ သမ္မတဒူတာတေးအနေဖြင့် တရုတ်၏ ပိုးလမ်းမစီမံကိန်းမှ ရရှိလာမည့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်များကို မျှော်လင့်ခဲ့သည်။ ရေပိုင်နက်အငြင်းပွားမှုကို ဘေးဖယ်ထားပြီး နှစ်နိုင်ငံဆက်ဆံရေး အဆင်ပြေခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဟု ယူဆခဲ့သည်။ သမ္မတ မာကို့စ်ဂျူနီယာလက်ထက်တွင်မူ အမေရိကန်နိုင်ငံနှင့် ပိုမိုနီးစပ်ခဲ့သည်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်လာခဲ့ပြီး အမေရိကန်စစ်အခြေစိုက်စခန်းချခွင့်များလည်း ခွင့်ပြုပေးခဲ့သည်။ တောင်တရုတ်ပင်လယ်ပြဿနာသည် ၂၀၂၄ ခုနှစ် အာဆီယံအာဂျင်ဒါတွင် နေရာယူလာမည်ကို ဖိလစ်ပိုင်နိုင်ငံအပါအဝင် အာဆီယံနိုင်ငံအချို့က စိုးရိမ်မှုများရှိသည်။ အာဆီယံအိမ်ရှင်အဖြစ် ၂၀၂၅ ခုနှစ်တွင် မလေးရှားနှင့် ၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတို့က လက်ခံကျင်းပကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလ အမေရိကန်ရွေးကောက်ပွဲအပြီးတွင် အမေရိကန်သမ္မတသစ်တစ်ယောက်တက်လာခဲ့ပါက အခြေခံအချက်များ မပြောင်းလဲသည့်တိုင် အမေရိကန်–ဖိလစ်ပိုင်ဆက်ဆံရေးနှင့် အင်ဒို–ပစိဖိတ်မူဝါဒအပေါ်တွင် အပြောင်းအလဲတစ်စုံတစ်ရာ ဖြစ်လာနိုင်သည်။ မည်သို့ပင်ဖြစ်စေ ဖိလစ်ပိုင်အစိုးရအနေဖြင့် တရုတ်နိုင်ငံအား ထိန်းညှိနိုင်

ရေးအတွက် အမေရိကန်နိုင်ငံနှင့် ကင်းကွာရန်မဖြစ်နိုင်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း တရုတ်နိုင်ငံနှင့် ထိစပ်မှု မဖြစ်မနေရှိနေရမည်ဖြစ်သည်။ ပါဝါနှစ်ခုကြား ကဖိလစ်ပိုင်နိုင်ငံခြားရေးမူဝါဒမှာ တက်လာသည့်ခေါင်းဆောင်၏ စဉ်းစားချက်အပေါ် မူတည်ပြီး တရုတ်နှင့်နီးစပ်မှု၊ အမေရိကန်နှင့်နီးစပ်မှု အနည်းအများ ကွာချင်ကွာနိုင်သည်။ မည်သို့ဆိုစေ အမေရိကန်နှင့်တရုတ်တို့ကို နီးချည်တစ်ခါ ဝေးချည်တစ်လှည့်ဖြင့် ခရီးဆက်နေသည့် ပါဝါနှစ်ခုခြားက ဖိလစ်ပိုင်နိုင်ငံခြားရေးမူဝါဒမှာ အောင်မြင်သည်ဟု ဆိုနိုင်သည်။

ကျော်နိုင်တင့်

Ref:
- Philippine–China relations in the post–cold war era by Theresa C. CARINO
- The Influence of China on Philippine Foreign Policy; the Case of Duterte's Independent Foreign Policy by Nathan Daniel V.Sison , December, 2017 Thammasat University
- The Foreign Policy of President Ferdinand Marcos: From Traditionalism to Realism by Archie Resos
- https://burmese.voanews.com/a/philippines–china–investment/4347409.html
- https://www.internationalaffairs.org.au/australianoutlook/strengthening–philippine–china–relations–rebuilding–economic–and–social–trust/
- https://www.gisreportsonline.com/r/beijing–south–china–sea/
- https://www.reuters.com/investigates/special–report/us–china–philippines–marcos/
- https://www.nationthailand.com/world/asean/40033962

'Dkd a&pD;m;? Ekd a&;rif;qufwpfckvnfaqmuf;cif;vm;
xef;rif;oef

“ နိုင်ငံရေးသုံးသပ်သူတချို့ကလည်း
ဒါဟာ အင်ဒိုနီးရှားမှာ ခက်ခက်ခဲခဲရရှိထားတဲ့
ဒီမိုကရေစီတိုးတက်မှုဟာ
သမ္မတကျိုကိုဝီလက်ထက်မှာ
နောက်ပြန်ဆုတ်သွားတယ်လို့
ဝေဖန်ကြပါတယ်။”

ဓာတ်ပုံ–အင်တာနက်

ပြီးခဲ့တဲ့ ဖေဖော်ဝါရီက အင်ဒိုနီးရှားနိုင်ငံမှာ (၅) ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မဲပေးပိုင်ခွင့်ရှိသူ ၂၀၄ သန်းထဲက ၈၂ ရာခိုင်နှုန်း ခန့် လာရောက်မဲပေးခဲ့ကြပါတယ်။

အထွေထွေရွေးကောက်ပွဲနဲ့အတူကျင်းပတဲ့ သမ္မတရွေးကောက်ပွဲမှာ လက်ရှိသမ္မတ ကျိုကို ဝီဒိုဒိုက ငါးနှစ်သက်တမ်း နှစ်ကြိမ်ပြည့်သွားပြီးဖြစ်တဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိတော့ပါ။ ၂၀၁၉ ခုနှစ် သမ္မတရွေးကောက်ပွဲတုန်းက သမ္မတကျိုကိုဝီဟာ အမျိုးသား ရင်ကြားစေ့ရေးအနေနဲ့ သူ့ကိုနှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝို ဆူဘီယံတို (Prabowo Subianto) ကို ကာကွယ်ရေးဝန်ကြီးအနေနဲ့ သူ့ရဲ့အစိုးရအဖွဲ့မှာ ရွေးချယ်ခဲ့ပါတယ်။

ဆူဘီယံတိုဟာ အာဏာရှင်ဟောင်းဆူဟာတိုရဲ့ သမက်ဖြစ်ပြီး ဆူဟာတို လက်ထက်က လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ အကြမ်းဖက်မှုတွေမှာ ပါဝင်ဦးဆောင်ခဲ့တဲ့အတွက် အမေရိကန်အစိုးရက ဆယ်စုနှစ်နဲ့ချီ ပြည်ဝင်ခွင့်ကန့်သတ်ခံထားရသူလည်း ဖြစ်ပါတယ်။

ဒီတစ်ကြိမ်မှာလည်း သူ့ရဲ့ပါတီဖြစ်တဲ့ Great Indonesia Movement Party (Gerindra) ကိုကိုယ်စားပြုပြီး သမ္မတရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆူဘီယံတိုနဲ့အတူ ဝင်ရောက်ယှဉ်ပြိုင်မယ့် ဒုသမ္မတလောင်းကတော့ လက်ရှိသမ္မတကျိုကိုဝီရဲ့ သားကြီး ဂီဘရန် (Gibran Rakabuming Raka) ပဲ ဖြစ်ပါတယ်။ ဂီဘရန်ဟာ လက်ရှိမှာ ဆူရာကာတာမြို့ရဲ့ မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်နေသူလည်း ဖြစ်ပါတယ်။ ဂီဘရန် ဟာ ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ သူ့အဖေပါတီဖြစ်တဲ့ PDI–P ပါတီဝင်ဖြစ်ပေမယ့် သမ္မတလောင်း

ဆူဘီယံတိုရဲ့ မဟာမိတ်ပါတီဖြစ်တဲ့ Golkar ပါတီ ကနေ ဒုသမ္မတလောင်းအဖြစ် အမည်တင်သွင်းခဲ့ပါတယ်။ ဆူဘီယံတိုအနေနဲ့ ဂီဘရန်ကို သူ့ရဲ့ ဒုသမ္မတရာထူး ပေးလိုက်ခြင်းဖြင့် ငယ်ရွယ်တဲ့ မဲဆန္ဒရှင်တွေရဲ့ မဲကို မျှော်လင့်နိုင်ပြီး သမ္မတ ကျိုကိုဝီကို ထောက်ခံသူတွေရဲ့ မဲကိုလည်း တစ်ပါတည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဂီဘရန်ကို ဒုသမ္မတလောင်းတင်သွင်းတာနဲ့ ပတ်သက်ပြီး ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေရှိခဲ့ပါတယ်။ အင်ဒိုနီးရှားရွေးကောက်ပွဲဆိုင်ရာ ဥပဒေအရ အသက် ၄၀ ပြည့်ပြီးသူဖြစ်မှသာ ဒုသမ္မတလောင်း အမည် တင်သွင်းခွင့်ရှိပါတယ်။ ဒါပေမဲ့ ၃၆ နှစ်သာရှိတဲ့ ဂီဘရန်က ဒုသမ္မတလောင်းအမည် တင်သွင်းခဲ့ပါတယ်။ သမ္မတကျိုကိုဝီရဲ့ ယောက်ဖ၊ ဂီဘရန်ရဲ့ ဦးလေးဖြစ်တဲ့ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအကြီးအကဲ အန်ဝါ အူဆမန် (Anwar Usman) ရဲ့အကူအညီနဲ့ ဒုသမ္မတလောင်းရဲ့ အသက်အရွယ် သတ်မှတ်ချက်ကို ၃၅ နှစ်လို့ ပြင်ဆင်ပြဋ္ဌာန်းလိုက်တာကြောင့် ဂီဘရန်ဟာ ဒုသမ္မတလောင်း အဖြစ် အမည်တင်သွင်းနိုင်ခဲ့ပါတယ်။ ဒီအမှုကြောင့် ခုံရုံးအကြီးအကဲဖြစ်တဲ့ အူဆမန်ဟာ ရာထူးချခြင်းခံရ ပေမယ့် ပြင်ဆင်ချက်က ပျက်ပြယ်မသွားတော့ပါ။

> **“ ကျိုကိုဝီဟာ သူ့သားကြီးကို သမ္မတဆူဘီယံတို လက်အောက်မှာ အလုပ်သင်လို သဘောထားပြီး ၂၀၂၉ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်စေဖို့ ရည်ရွယ်ထားပုံ ရပါတယ် လို့ သူက ဆိုပါတယ်။ ”**

နိုင်ငံရေးသုံးသပ်သူတချို့ကလည်း ဒါဟာ အင်ဒိုနီးရှားမှာ ခက်ခက်ခဲခဲရရှိထားတဲ့ ဒီမိုကရေစီ တိုးတက်မှုဟာ သမ္မတ ကျိုကိုဝီလက်ထက်မှာ နောက်ပြန်ဆုတ်သွားတယ်လို့ ဝေဖန်ကြပါတယ်။ "ကျိုကိုဝီဟာ နိုင်ငံရေးမင်းဆက်တစ်ခုကို တည်ဆောက်နေတယ်ဆိုတာ ရှင်းပါတယ်” လို့ ဂျကာတာမြို့ရှိ Atma Jaya တက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်တဲ့ Yoes C. Kenawas က ပြောကြားခဲ့ပါတယ်။ "တကယ်တော့ ဒုသမ္မတတောင်းမဟုတ်ပါဘူး၊ သမ္မတပါ။ ကျိုကိုဝီဟာ သူ့သားကြီးကို သမ္မတ ဆူဘီယံတိုလက်အောက်မှာ အလုပ်သင်လို သဘောထားပြီး ၂၀၂၉ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်စေဖို့ ရည်ရွယ်ထားပုံရပါတယ်" လို့ သူက ဆိုပါတယ်။

ပရိဘောဂလုပ်ငန်းရှင်ဟောင်းဖြစ်တဲ့ ကျိုကိုဝီဒိုဒို ဟာ မြို့တော်ဝန်၊ အုပ်ချုပ်ရေးမှူး စသဖြင့် တာဝန်

ထမ်းဆောင်ခဲ့ပြီး အင်ဒိုနီးရှားရဲ့ပထမဆုံးအရပ်သားစစ်စစ်သမ္မတဖြစ်လာခဲ့တာပါ။ သူ့ရဲ့သမ္မတပထမသက်တမ်းကို အနိုင်ရပြီးနောက်မှာ ဂျိုကိုဝီက "ကျွန်တော် သမ္မတဖြစ်လာတာဟာ ကျွန်တော့် သားသမီးတွေကို သမ္မတရာထူးလက်ဆင့်ကမ်းအမွေပေးဖို့ မဟုတ်ပါ" လို့ဆိုခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၉ ဒုတိယသက်တမ်း အနိုင်ရချိန်မှာတော့ သူ့ရဲ့ မိသားစုဝင်အချို့ဟာ အင်ဒိုနီးရှားရဲ့ နိုင်ငံရေးစင်မြင့်ပေါ်ကို ကိုယ်စီ တက်လှမ်းလာခဲ့ကြပါတယ်။ သမ္မတ ဂျိုကိုဝီရဲ့ သားကြီးဖြစ်တဲ့ ဂီဘရန်က Solo မြို့ရဲ့ မြို့တော်ဝန်ဖြစ်လာခဲ့ပြီး သမက်ဖြစ်သူ မိုဟာမက် နာဆူချန်း (Muhammad Bobby Afif Nasution) ကလည်း Medan မြို့ရဲ့ မြို့တော်ဝန်ဖြစ်လာခဲ့ပါတယ်။ အသက် ၂၈ နှစ်သာရှိတဲ့ သားငယ်ဖြစ်သူ ကေဆန် ပန်ဂါရပ် (Kaesang Pangarep) က အင်ဒိုနီးရှားသွေးစည်းညီညွတ်ရေးပါတီ (Indonesian Solidarity Party) ကို ၂၀၂၃ ခုနှစ်မှာဝင်ရောက်ခဲ့ပြီး နှစ်ရက်အကြာမှာ ပါတီခေါင်းဆောင်ဖြစ်လာခဲ့ပါတယ်။ သမ္မတဂျိုကိုဝီဟာ သမ္မတသက်တမ်း ကုန်ဆုံးချိန်အထိသူ့ရဲ့ ဩဇာလွှမ်းမိုးမှုကို ချဲ့ထွင်ဖို့ ကြိုးပမ်းနေပြီး နောက်ကွယ်ကနေ နှစ်အတော်ကြာအောင် ကြိုးကိုင်နေခဲ့တယ်လို့ သုံးသပ်သူ အများအပြားက စွပ်စွဲကြပါတယ်။ ကြည့်ရှုသူသန်းချီရှိခဲ့တဲ့ သတင်းထောက် Dandhy Laksono ရဲ့ Dirty Vote မှတ်တမ်းရုပ်ရှင်အရ ဂျိုကိုဝီဟာ ပရာဘိုဝိုရဲ့မဲဆွယ်စည်းရုံးမှုကို ကူညီဖို့ အစိုးရအရာရှိတွေနဲ့ ရန်ပုံငွေတွေကို အသုံးပြုခဲ့တယ်လို့ စွပ်စွဲထားပါတယ်။ ဂျိုကိုဝီက သူ့ကိုဝေဖန်သူတွေအပေါ် "ကျွန်တော်တို့နိုင်ငံရေးက ဒီမှာပေါ်ပြူလာဖြစ်တဲ့ ကိုရီးယား ဒရမ်မာတွေလိုလှည့်ဖြားမှုတွေ၊ ဇာတ်လမ်းဇာတ်ကွက်တွေ ပြည့်နှက်နေတယ်" လို့ မှတ်ချက် ပေးခဲ့ပါတယ်။ “ဒါက ဒရမ်မာ မဟုတ်ပါဘူး” လို့ အင်ဒိုနီးရှား တက္ကသိုလ်က ကထိက Titi Anggraini ကဆိုပါတယ်။ "ဒါက နောက်ကွယ်ကနေ စနစ်တကျ စီစဉ်ခဲ့တာ" လို့လည်း သူက သုံးသပ်ပါတယ်။ ဩစတြေးလျနိုင်ငံ Perth မှာရှိတဲ့ Murdoch တက္ကသိုလ်က အကြီးတန်းကထိက Ian Wilson ကလည်း ဒါကိုသဘောတူပါတယ်။ "ဘက်မလိုက်မှုက သူ့ကိုအထင်ကြီးစေပေမယ့် ဒါကသူ့ရဲ့နိုင်ငံရေးစတိုင်ပါ။ တကယ်တော့ နောက်ကွယ်မှာ သူ့ရဲ့ကြိုးကိုင်မှုက အများကြီးပါ" အင်ဒိုနီးရှားနိုင်ငံကို အချိန်အတော်ကြာ လေ့လာဆည်းပူးခဲ့သူ မစ္စတာ Wilson ဟာ ဂျိုကိုဝီရဲ့လှည့်ကွက်တွေကို အင်ဒိုနီးရှား နိုင်ငံရေးသမားများစွာ လက်ခံကျင့်သုံးလေ့ရှိတဲ့ ဒီမိုကရေစီ ဆန့်ကျင်ရေးလမ်းကြောင်းရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ ယူဆထားပါတယ်။ ဒီအထဲမှာ သမ္မတလောင်း ပရာဘိုဝိုလည်း ပါဝင်ပါတယ်။ ပရာဘိုဝိုက သူ့ရဲ့ယောကျ္ဍမဖြစ်တဲ့ သမ္မတဟောင်း ဆူဟာတိုနေရာကို ဆက်ခံဖို့မျှော်လင့်နေပြီး အင်ဒိုနီးရှားရဲ့ ခေါင်းကိုင်ဖခင်တစ်ယောက်လို ပြန်လည်ပုံဖော်ဖို့ ဆယ်စုနှစ်များစွာ ကြိုးပမ်းနေတာလည်း ဖြစ်ပါတယ်။ Wilson က "ဂျိုကိုဝီကို ဒီမိုကရက်တစ်တစ်ယောက် အနေနဲ့ လုံးဝမမြင်ပါဘူး၊ သူ့မှာ အာဏာရှင်ယိမ်းတဲ့သဘောတရားတွေရှိပြီး ပရာဘိုဝိုလည်း အလားတူပါပဲ" လို့ ဆိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားစီရင်ရေးအကြီးအကဲ မစ္စတာ အန်ဝါဟာ ၂၀၂၀ ပြည့်နှစ်မှာ သမ္မတဂျိုကိုဝီရဲ့ ညီမဖြစ်သူ အီဒါယာတီနဲ့လက်ထပ်ခဲ့ပါတယ်။ သူတို့ နှစ်ဦးစလုံးဟာ မုဆိုးဖို၊ မုဆိုးမတွေ ဖြစ်ကြပါတယ်။ ဒီအချိန်က ဥပဒေပညာရှင်တွေက

နောင်တစ်ချိန်မှာ အကျိုးစီးပွားပဋ္ဌိပက္ခတွေဖြစ်လာနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။ တချို့က တရားရုံးကနုတ်ထွက်ဖို့ တရားသူကြီးချုပ်အား တိုက်တွန်းတာ သို့မဟုတ် အနည်းဆုံး ယောက်ဖဖြစ်သူ သမ္မတနဲ့ပတ်သက်တဲ့အမှုတွေမှာ ရှောင်ရှားပေးဖို့ တောင်းဆိုကြပါတယ်။ ဒါပေမဲ့ မစ္စတာအန်ဝါဟာ တူဖြစ်သူ ဒုသမ္မတလောင်းဖြစ်ရေးမှာ ကူညီပံ့ပိုးပေးတဲ့ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ "ဒီဆုံးဖြတ်ချက်က ရွေးကောက်ပွဲရဲ့ စည်းမျဉ်းတွေကို ပြောင်းလဲပေးတဲ့အတွက် ကျင့်ဝတ်ပိုင်းဆိုင်ရာအရ အလွန်အရေးကြီးတယ်" လို့ တရားရုံး ဂုဏ်ထူးဆောင်ကောင်စီအကြီးအကဲ Jimly Asshiddiqie က ပြောကြားခဲ့ပါတယ်။ တရားရုံးရဲ့ ဆုံးဖြတ်ချက် ဘယ်လိုချမှတ်ခဲ့တာကို စုံစမ်းစစ်ဆေးပြီးနောက် ကောင်စီက မစ္စတာအန်ဝါကို တရားသူကြီးချုပ်အဖြစ်က ဖယ်ရှားခဲ့ပါတယ်။ အခြားတရားလွှတ်တော် အဖွဲ့ဝင်ရှစ်ဦးကို လည်း ဒီအမှုမှာ ပါဝင်ခွင့်ပေးခဲ့ခြင်းအတွက် ပြစ်တင်ဝေဖန်ခဲ့ပါတယ်။ ကောင်စီက မစ္စတာ အန်နဝါကို တရားမျှတမှုအဖြစ် ဆက်လက်ထားရှိဖို့ ခွင့်ပြုပေးခဲ့ပေမယ့် ရွေးကောက်ပွဲ ဆိုင်ရာကိစ္စရပ်တွေမှာ ပါဝင်ခြင်းမပြုဖို့ တားမြစ်ထားပါတယ်။ "ကျင့်ဝတ်ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးကျွန်တော်တို့မှာကြီးမားတဲ့ပြဿနာရှိပါတယ်"လို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးချုပ်ဟောင်း မစ္စတာဂျင်မ်လီက ဆိုပါတယ်။ "ပြည်သူ့အရာရှိအများစုက အကျိုးစီးပွားပဋ္ဌိပက္ခဟာ ကျင့်ဝတ်ပိုင်းဆိုင်ရာအရ မှားယွင်းတယ်လို့ မခံယူကြဘူး"လို့ သူက ဆိုပါတယ်။ မစ္စတာအန်ဝါက သူဟာ မလျော်ကန်တဲ့ ဘယ်အရာကိုမျှ မလုပ်ခဲ့ဘူးလို့ ငြင်းဆိုထားပြီး ကျင့်ဝတ်ပိုင်းဆိုင်ရာစီရင်ချက်ဟာ အချက်အလက် သို့မဟုတ် ဥပဒေအပေါ် အခြေမခံဘူးလို့ ငြင်းဆိုပါတယ်။ "အနှစ် ၄၀ နီးပါး အသက်မွေးဝမ်းကျောင်းပြုခဲ့တဲ့ တရားသူကြီးတစ်ဦးအနေနဲ့ ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာဟာ အလွန်ညစ်ပတ်တဲ့ လုပ်ကြံ အသရေဖျက်မှုတစ်ခုကြောင့် ပျက်စီးသွားခဲ့ပါတယ်"လို့ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

တရားရုံးစီရင်ချက်မချမီ ဂီဘရန်က မြို့တော်ဝန်အဖြစ် သုံးနှစ်အောက်သာ တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် အရည်အချင်းမပြည့်မီကြောင်းပြောကြားပြီး ဒုတိယသမ္မတအဖြစ် အရွေးခံမယ့် ကောလာဟာလတွေကို ပယ်ချခဲ့ပါတယ်။ "သင်ယူစရာတွေ အများကြီးရှိပါသေးတယ်။ မြို့တော်ဝန်ကနေ ဒုတိယသမ္မတရာထူးအထိဆိုတာ တကယ့်ခုနစ်ပျံကျော်လွှားမှုကြီး ပါပဲ" လို့သူကဆိုပါတယ်။ ဂီဘရန်ရဲ့ မဲဆွယ်စည်းရုံးမှုကမ်ပိန်းမှာလည်း အင်တာဗျူးလုပ်ဖို့ ငြင်းပယ်ခဲ့ပါတယ်။

အောက်တိုဘာလက သူ့ရဲ့သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကြေညာပြီး ကတည်းက ဂီဘရန်ကို "Nepo Baby" (ဆွေမျိုးကောင်းစားရေးဝါဒအရ မွေးလာတဲ့ ကလေးငယ်) စတဲ့ စွပ်စွဲချက်တွေနဲ့ အင်ဒိုနီးရှားနိုင်ငံရေးကို ထိခိုက်စေခဲ့တဲ့ မင်းဆက်နိုင်ငံရေး အပါအဝင် အငြင်းပွားမှုမုန်တိုင်းတွေ ရင်ဆိုင်ခဲ့ရပါတယ်။ Solo မြို့ရဲ့ မဲဆန္ဒရှင် ၅၅,၀၀၀ ကိုပြုလုပ်ထားတဲ့ စစ်တမ်းတစ်ခုမှာ ဂီဘရန်ဟာ အဆင့်မြင့်ရာထူးတစ်ခုအတွက် အထင်ကြီး လောက်စရာမရှိဘူးလို့ ဖော်ပြပါတယ်။ မြို့တော်ဝန်ရာထူးအတွက် ကျေနပ်ဖွယ်ဖြစ်ပေမယ့် အပေါ်ကိုတက်လှမ်းဖို့အတွက် အဆင်သင့်မဖြစ်သေးဘူးလို့ ယူဆကြပါတယ်။ "လူတိုင်းက

အောက်ခြေကနေစပြီး အတွေ့အကြုံနဲ့ ရင့်ကျက်မှုကို ယူရမှာပါ" လို့ လူစည်ကား တဲ့ Pasar Gede ဈေးက ၄က်ပျောသီးရောင်းတဲ့ အသက် ၄၃ နှစ်အရွယ် Paryani က ပြောပါတယ်။ "ဒါက မြို့တစ်မြို့မဟုတ်ဘဲ နိုင်ငံကို စီမံခန့်ခွဲတဲ့ကိစ္စပါ။" ဂျကာတာမှာ ပထမဆုံးအကြိမ် မဲပေးမယ့် အသက် ၁၇ နှစ်အရွယ် မဲဆန္ဒရှင်တစ်ဦးဖြစ်တဲ့ Neiva Kayla Hamzah က သမ္မတရဲ့သားဖြစ်သူ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ဖို့ အထူးအခွင့်အရေး အသုံးပြုမှာကို စိုးရိမ်ပူပန်မိတယ်လို့ ပြောကြားခဲ့ပါတယ်။ ဦးလေးဖြစ်သူက စည်းမျဉ်းစည်းကမ်းတွေ ချိုးဖောက်ပြီး ဒုသမ္မတလောင်းဖြစ်လာတဲ့ ဂီဘရန်ဟာ ဘယ်လို ဒုသမ္မတမျိုးဖြစ်မလဲဆိုတာ မေးခွန်းထုတ်စရာဖြစ်နေတယ်လို့သူမကပြောပါတယ်။ "ဒါက ဘာကိုပြသလဲဆိုရင် သူလိုအပ်သမျှ သူ့အကျိုးစီးပွားအတွက် ဘာမဆိုလုပ်မယ်ဆိုတာကိုပြတယ်"လို့ ဆိုပါတယ်။

အင်ဒိုနီးရှားသမ္မတဟောင်း မီဂါဝတီက "ကျွန်မတို့ရဲ့ ဒီမိုကရေစီဟာသမ္မတကျိုကိုဝီ လက်အောက်မှာ ကျဆင်းနေတယ်၊ ရွေးကောက်ပွဲဆိုတာ ပါဝါအီလစ်တွေ သူတို့ရဲ့အာဏာ တည်မြဲဖို့အသုံးချရမယ့် ကိရိယာမဟုတ်ပါဘူး၊ အထွေထွေရွေးကောက်ပွဲတွေမှာ စောင့်ထိန်းရမယ့် သိက္ခာနဲ့ကျင့်ဝတ်တွေရှိပါတယ်၊ အာဏာပါဝါဆိုတာ အမြဲတမ်း တည်မြဲတဲ့အရာ မဟုတ်ပါဘူး၊ မင်းဘယ်လိုနေရာမှာပဲရှိနေပါစေ၊ အာဏာပါဝါမှာ အဆုံးသတ်ရှိပါတယ်" လို့ ဝေဖန်ခဲ့ပါတယ်။

ထွန်းမင်းသိန်း

Ref: – Aljazeeda: Indonesian leader's son brushes off 'nepo baby' tag in feted debate showing

– Reuters: Indonesian judge found guilty of ethical violations over ruling that favoured president's son

– Wikipedia: 2024 Indonesian presidential election

– VOA : Indonesia's Popular President Accused of Undermining Democracy

– The guardian: Indonesia election: president criticised over alleged interference on behalf of Prabowo

– South China Morning Post: Indonesia's Jokowi stokes further controversy by declaring presidents 'can take sides' in elections

2024 ckESf t mqD,H o \ pyfa&; t vm; t vm

ouf xef;pD

“ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း
၂၀၃၅ ခုနှစ်တွင်
ကမ္ဘာ့အကြီးမားဆုံး
ထွန်းသစ်စ စျေးကွက်တစ်ခု
ဖြစ်လာမည်ဖြစ်သည်။”

ဓာတ်ပုံ-အင်တာနက်

အာဆီယံနိုင်ငံများ၏ ပြည်တွင်းဝယ်လိုအား ဆက်လက်မြင့်တက်နေမှုကြောင့် ၂၀၂၄ ခုနှစ်အတွင်း ကာလတို စီးပွားရေးအခြေအနေမှာ ဆက်လက်ခိုင်မာမည့် အနေအထားများ ရှိနေပါသည်။ နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများသည် ၎င်းတို့၏ ထုတ်လုပ်မှုကွင်းဆက်ကို ခွဲခြမ်းစိတ်ဖြာသည့်အနေဖြင့် အာဆီယံဒေသအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လာရောက် ဆောင်ရွက်ကြသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဝင်ရောက်မှု ဆက်လက် အားကောင်းနေမည်ဖြစ်သည်။

ခရီးသွားလာရေးလုပ်ငန်းသည် အာဆီယံနိုင်ငံအများစု၏ စီးပွားရေးအတွက် အရေးပါ သည့်နေရာမှ ရပ်တည်လျက်ရှိကာ ၂၀၂၄ ခုနှစ်တွင်လည်း ဆက်လက် အရေးပါနေဦးမည် ဖြစ်ပါသည်။ ယခုအခါ နိုင်ငံအချို့တွင် ကမ္ဘာလှည့်ခရီးသွားများအနေနှင့် ကိုဗစ်ကပ်ရောဂါ မတိုင်မီအဆင့်သို့ ပုံမှန်အတိုင်း ဆက်လက်ဝင်ရောက်နေပါသည်။ ထို့ကြောင့် လာမည့်ဆယ်စု နှစ်တွင်း အာဆီယံဒေသသည် ကမ္ဘာ့စီးပွားရေး အလျင်မြန်ဆုံး ကြီးထွားလာနေသည့် ဒေသ များထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး အာရှ-ပစိဖိတ် (APAC) အတွက် အရေးပါသော တိုးတက်မှုအင်ဂျင်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ပါသည်။

အာဆီယံ ၁၀ နိုင်ငံ၏ စုစုပေါင်း GDP သည် ၂၀၂၂ ခုနှစ်တွင် ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံရှိပြီး ၂၀၁၉ ခုနှစ်တွင် ရှိခဲ့သည့် စုစုပေါင်း GDP ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံ နှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော် တိုးတက်လာပါသည်။ ၂၀၂၂ ခုနှစ်တွင် အာဆီယံစီးပွားရေး၏ စုစုပေါင်းအရွယ်အစားသည် အိန္ဒိယနိုင်ငံထက် အနည်းငယ်ပိုကြီးကာ GDP အမေရိကန် ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံခန့် ရှိခဲ့ပါသည်။

အာဆီယံဒေသ၏ ကာလတို မျှော်မှန်းချက်မှာ ၂၀၂၄ ခုနှစ်အတွင်း ခိုင်မာသည့် တိုးတက်မှုနှုန်း ရရှိရေးဖြစ်ပြီး ၎င်းကို ခိုင်မာအားကောင်းသည့် ပြည်တွင်းဝယ်လိုအားနှင့် တိုးတက်လာသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ၊ ပြည်ပပို့ကုန်အားကောင်းလာမှုတို့က ထောက်ပံ့ပေးထားပါသည်။ အနောက်ဥရောပဒေသနှင့် တရုတ်ပြည်မကြီးတို့၏ အဓိက စားသုံးမှုကျဆင်းခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်အတွင်း အာရှစက်မှုနိုင်ငံအများစု၏ ပြည်ပပို့ကုန် သိသိသာသာကျဆင်းခဲ့သော်လည်း ၂၀၂၄ ခုနှစ်အတွင်း ပြည်ပပို့ကုန်တန်ဖိုးများ ပြန်လည်မြင့်တက်လာမည့် အခြေအနေရှိပါသည်။ အာဆီယံဘဏ်များသည်လည်း ၂၀၂၄ ခုနှစ်တွင် ပျော့ပျောင်းသည့် ငွေကြေးမူဝါဒကိုကျင့်သုံးကာ စီးပွားရေးကို နိုးထစေမည့် အစီအစဉ်များ ပြုလုပ်မည်ဟု မျှော်လင့်ရပါသည်။

အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ငါးရာခိုင်နှုန်းရှိခဲ့ကာ ၂၀၂၄ ခုနှစ် တိုးတက်မှုခန့်မှန်းချက်နှင့် ထပ်တူကျလျက်ရှိပါသည်။ ပုဂ္ဂလိက စားသုံးမှုနှုန်း မြင့်တက်လာခြင်းသည် စီးပွားရေးတိုးတက်မှု၏ အဓိကတွန်းအားတစ်ခုဖြစ်ပြီး နိုင်ငံ GDP ၏ ၅၃ ရာခိုင်နှုန်းရှိကာ ၂၀၂၃ ခုနှစ် တတိယသုံးလပတ် နှင့် ၂၀၂၂ ခုနှစ် ကာလတူ နှိုင်းယှဉ်ချက်အရ ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိက စားသုံးမှုနှင့် ပုံသေရင်းနှီးမြှုပ်နှံမှုများ ဆက်လက်မြင့်တက်နေဦးမည်ဖြစ်သဖြင့် ၂၀၂၄ ခုနှစ် အတွက် အလားအလာမှာ ဆက်လက် ခိုင်မာနေဦးမည်ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI ဝင်ရောက်မှု ဆက်လက်မြင့်တက်လာမည်ဖြစ်ပြီး အထူးသဖြင့် အခြေခံသတ္တုတူးဖေါ်ရေးလုပ်ငန်းများဖြစ်သည့် နီကယ်သန့်စင်လုပ်ငန်းနှင့် လျှပ်စစ်ကားများ အတွက် လိုအပ်သည့် ဘက်ထရီထုတ်လုပ်ရေးလုပ်ငန်းများတွင် ဖြစ်သည်။

S&P Global ၏ အင်ဒိုနီးရှား ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း (S&P Global Indonesia Manufacturing Purchasing Manager's Index) သည် ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ၅၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး နိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ ဆက်လက်၍ လျင်မြန်စွာ တိုးတက်နေဦးမည့် အနေအထားများ မြင်တွေ့နေရသည်။ ဤသည်က လက်ရှိ ကုန်ထုတ်လုပ်မှုကဏ္ဍကို နောက်ထပ် ၂၈ လအထိ ဆက်လက်တိုးတက်မည့် အဓိပ္ပာယ် ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ

ဗီယက်နမ်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ၂၀၂၃ ခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားပြီး အမေရိကန်၊ အီးယူနှင့် တရုတ်ပြည်မကြီးအပါအဝင် အဓိက ပို့ကုန်နိုင်ငံများ၏ ပို့ကုန်အားနည်းခြင်းက ဗီယက်နမ်၏ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးခဲ့သည်။ သို့သော်လည်း နိုင်ငံ၏ စီးပွားရေးတိုးတက်မှုလမ်းကြောင်းမှာ ဆက်လက် တိုးတက်မည့်အနေအထားတွေ့ရပြီး ၂၀၂၃ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ်ချင်း နှိုင်းယှဉ်ရာတွင် ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တတိယသုံးလပတ်ချင်း နှိုင်းယှဉ်ရာတွင်

၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရသည်။ ဤသည်မှာ နိုင်ငံ၏ တဖြည်းဖြည်းချင်း မြင့်တက်လာသည့် ပို့ကုန်များကြောင့်ဖြစ်ကြောင်း၊ ယခင်နှစ် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ကာလတူထက် ၆ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရသည်။

S&P Global ၏ ဗီယက်နမ် ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း (S&P Global Vietnam Manufacturing Purchasing Manager's Index) သည် ဒီဇင်ဘာလတွင် ၄၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး နိုဝင်ဘာလတွင် ၄၇ ဒသမ ၃ ရာခိုင်နှုန်း ရှိသည့်အတွက် တိုးတက်သည့်အနေအထားရှိသော်လည်း ၅၀ ရာခိုင်နှုန်းအောက်တွင် ပြောင်းလဲမှုမရှိဘဲ ပုံသေရှိနေသည့်အတွက် လေးလဆက်တိုက် ကျဆင်းသည့်လက္ခဏာများ ပြသလျက်ရှိသည်။ ၂၀၂၃ ခုနှစ်အစောပိုင်းတွင် ပို့ကုန်အမှာစာများ သိသိသာသာအားနည်းမှုကို ပြသခဲ့ပြီးနောက် ဒီဇင်ဘာလတွင် တည်ငြိမ်မှု ပြန်လည်ရရှိလာသည်။

စင်ကာပူနိုင်ငံ

စင်ကာပူနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ် ကာလတူ နှိုင်းယှဉ်ချက်အရ ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ကြိုတင်ခန့်မှန်း ထုတ်ပြန်ချက်အရ သိရှိရသည်။ ၂၀၂၃ ခုနှစ် တတိယသုံးလပတ် ကာလတူနှိုင်းယှဉ်ချက်အရကြည့်ပါက GDP တိုးတက်မှုနှုန်းမှာ ၁ ဒသမ ၀ ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။ ပြက္ခဒိန်နှစ်အရ နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်တွင် GDP တိုးတက်မှုနှုန်းမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းသာရှိခဲ့ပြီး ၂၀၂၂ ခုနှစ်၏ တိုးတက်မှုနှုန်း ၃ ဒသမ ၆ ရာခိုင်နှုန်းထက် ကျဆင်းခဲ့ပါသည်။ ကိုဗစ်အလွန်ကာလဖြစ်သည့် ၂၀၂၂ ခုနှစ်တွင် တိုးတက်မှုနှုန်း ပြန်လည်အားကောင်းခဲ့ကာ စံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

S&P Global ၏ စင်ကာပူ ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း (S&P Global Singapore Manufacturing Purchasing Manager's Index) သည် ဒီဇင်ဘာလတွင် ၅၅ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ကာ နိုဝင်ဘာလတွင် ရှိခဲ့သည့် ၅၅ ဒသမ ၈ ရာခိုင်နှုန်းထက် အနည်းငယ် နိမ့်ကျခဲ့ပါသည်။ နောက်ဆုံးလေ့လာချက်များအရ စင်ကာပူနိုင်ငံ ပုဂ္ဂလိကကဏ္ဍသည် ၁၀ လဆက်တိုက် တိုးတက်မှုရရှိနေပြီး နိုင်ငံ၏စီးပွားရေးမှာ ဆက်လက်ခိုင်မာအားကောင်းမည့်အလားအလာများ ရှိနေသည်။ ကုန်အမှာလွှာအသစ်များ ၂၀၂၃ ခုနှစ်အကုန်အထိ ဆက်လက်ဝင်ရောက်နေပြီး ဝယ်လိုအားများ ခုနစ်လဆက်တိုက် မြင့်တက်လာခဲ့သည်။

မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံ၏ စီးပွားရေးမှာ ခံနိုင်ရည်အားကောင်းသည့် တိုးတက်မှုရှိကြောင်း ပြသခဲ့ပြီး ၂၀၂၃ ခုနှစ်၏ GDP တိုးတက်မှုနှုန်း ၄ ရာခိုင်နှုန်း ရရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ် အတွင်းတွင် စံချိန်တင်တိုးတက်မှုနှုန်း ၈ ဒသမ ၇ ရာခိုင်နှုန်း ရရှိခဲ့သည်။ မလေးရှားနိုင်ငံ ၏ GDP တိုးတက်မှုနှုန်းမှာ ၂၀၂၃ခုနှစ် နှင့် ၂၀၂၂ ခုနှစ် တတိယသုံးလပတ်အတွင်း ကာလတူ နှိုင်းယှဉ်ချက်အရ ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဒုတိယသုံးလပတ် ကာလတူ

နှိုင်းယှဉ်ချက်အရ တိုးတက်မှုနှုန်း ၂ ဒသမ ၉ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။ သုံးလပတ်တစ်ခုချင်း နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် တတိယသုံးလပတ်တွင် ၂ ဒသမ ၆ ရာခိုင်နှုန်း ၊ ဒုတိယသုံးလပတ်တွင် ၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် ပထမသုံးလပတ်တွင် ၀ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း တွေ့ရသည်။

S&P Global ၏ မလေးရှား ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း (S&P Global Malaysia Manufacturing Purchasing Manager's Index) သည် ဒီဇင်ဘာလတွင် ၄၇ ဒသမ ၉ ရာခိုင်နှုန်းဖြင့် မပြောင်းလဲဘဲ ရှိခဲ့ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၏ စီးပွားရေးလုပ်ငန်းများမှာ စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ နိုင်ငံတကာဈေးကွက်များ၏ ဝယ်လိုအား ကျဆင်းလျက်ရှိပြီး ပို့ကုန်အမှာစာအသစ်များသည်လည်း ရှစ်လဆက်တိုက် ကျဆင်းခဲ့သော်လည်း မေလနောက်ပိုင်း ကျဆင်းမှုနှုန်း ညင်သာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ဆက်လက်ခိုင်မာဆဲဖြစ်ပြီး ၂၀၂၃ ခုနှစ် တတိယသုံးလပတ်၏ GDP တိုးတက်မှုနှုန်းမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကာ ၂၀၂၃ ခုနှစ် ဒုတိယသုံးလပတ်တွင် ရရှိခဲ့သည့် တိုးတက်မှုနှုန်း ၄ ဒသမ ၃ ရာခိုင်နှုန်းထက် မြင့်တက်ခဲ့သည်။ ၂၀၂၄ ခုနှစ်၏ စီးပွားရေးအလားအလာမှာ နှစ်စဉ်ပြုပြုတင်၍ ပျော့ပျောင်းသည့် ငွေကြေးမူဝါဒကို တဖြည်းဖြည်းချင်း ကျင့်သုံးခဲ့မှုကြောင့် လျင်မြန်သည့်အရှိန်ဖြင့် ဆက်လက်တိုးတက်နေမည်ဟု ခန့်မှန်းထားသည်။

S&P Global ၏ ဖိလစ်ပိုင် ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း (S&P Global Philippine Manufacturing Purchasing Manager's Index) သည် ဒီဇင်ဘာလတွင် ၅၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကာ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ဆက်လက်တိုးတက်နေမည်ဟု ခန့်မှန်းထားသည်။ အဆိုပါအညွှန်းကိန်းမှာ နိုဝင်ဘာလတွင် ၅၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ကာ ကိုးလအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံ၏ ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း PMI မှာ နိုဝင်ဘာလတွင် ၄၇ ဒသမ ၆ ရှိခဲ့ရာမှ ဒီဇင်ဘာလတွင် ၄၅ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ဤသည်မှာ ကုန်ထုတ်လုပ်မှုကဏ္ဍအတွင်း ငါးလဆက်တိုက် ကျဆင်းခဲ့သည်ကို အချက်ပြခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း လျင်မြန်သည့်အရှိန်ဖြင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ အားပျော့လျက်ရှိပြီး ၂၀၂၃ ခုနှစ် တတိယသုံးလပတ်၏ တိုးတက်မှုနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ဒုတိယသုံးလပတ်တွင်း ၁ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့သည်။ ထိုင်းဗဟိုဘဏ်၏ တင်းကျပ်သည့် ငွေကြေးမူဝါဒ ကျင့်သုံးမှုက နိုင်ငံစီးပွားရေးကို တရွတ်ဆွဲသွားစေခဲ့သည်။ ထိုင်းဗဟိုဘဏ်သည် ၂၀၂၂ သြဂုတ်လမှ စတင်ကာ အတိုးနှုန်းမြင့်တက်မှု ရှစ်ကြိမ်ဆောင်ရွက်ခဲ့ကာ အတိုးနှုန်းကို 200 basic point (နှစ်ရာခိုင်နှုန်း) အထိ မြင့်တက်ခဲ့သည်။

၂၀၂၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံစီးပွားရေး ပြန်လည်နာလန်ထူမှု နှေးကွေးခဲ့ခြင်းမှာ နိုင်ငံ၏ GDP တိုးတက်မှုနှုန်းကို အဓိကပံ့ပိုးပေးသည့် နိုင်ငံတကာခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်ရန် နှေးကွေးခဲ့ခြင်းကြောင့် ဖြစ်သော်လည်း ၂၀၂၂ ခုနှစ် ဒုတိယနှစ်ဝက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်အတွင်း တိုးတက်မှုနှုန်း ပြန်လည်မြင့်တက်ခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာခရီးသွားဦးရေ ၂၈ သန်းဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၁၁ ဒသမ ၅ သန်းသာ ဝင်ရောက်ခဲ့သည်။ ထိုင်းအစိုးရ၏ တရုတ်နှင့်အိန္ဒိယ ခရီးသွားများအပေါ် ဗီဇာကင်းလွတ်ခွင့်ပေးမှုကြောင့် ၂၀၂၄ ခုနှစ်အတွင်းတွင်လည်း ခရီးသွားဝင်ရောက်မှုဆက်လက်တိုးတက်နေဦးမည်ဖြစ်သည်။

အာဆီယံဒေသ ကာလလတ် စီးပွားရေး အလားအလာ

အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မလေးရှားတို့အပါအဝင် အရှေ့တောင်အာရှရှိ အကြီးဆုံး စားသုံးသူစျေးကွက်အချို့တွင် ပုဂ္ဂလိကစားသုံးမှု စဉ်ဆက်မပြတ် တိုးတက်နေမှုကြောင့် အာဆီယံဒေသအတွက် ကာလလတ် တိုးတက်မှုအလားအလာသည် အလွန်ကောင်းမွန်နေပါသည်။ အစိုးရတို့၏ ခိုင်မာသည့် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုက ပြည်တွင်းဝယ်လိုအား တိုးတက်စေရေးအတွက် တွန်းအားများ ဖြစ်စေပါသည်။ အာဆီယံဒေသတွင် ယှဉ်ပြိုင်မှုအားသာချက်များ အားကောင်းလာမှုနှင့် နိုင်ငံတကာလုပ်ငန်းများအနေနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် ခွဲခြမ်းစိတ်ဖြာမှုများကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာ အချက်အချာအကျဆုံးဒေသအဖြစ် အလျင်မြန်ဆုံး ရောက်ရှိလာသည်။

အာဆီယံဒေသသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အချက်အချာကျသည့်ဒေသအဖြစ် ရောက်ရှိလာခြင်းတွင် အကြောင်းရင်းများစွာရှိပါသည်။

အာရှနှင့်ပစိဖိတ်ဒေသ APAC အထူးသဖြင့် တရုတ်ပြည်မကြီးနှင့် အိန္ဒိယတို့တွင် ပြည်တွင်းစားသုံးသူစျေးကွက်များ ဆက်လက်အားကောင်းလာခြင်းသည် အာဆီယံ၏ ကုန်ကြမ်း၊ အလယ်အလတ် ကုန်စည်နှင့် ကုန်ချောထုတ်လုပ်သည့် ထုတ်ကုန်များ ဝယ်လိုအား တိုးမြင့်လာစေရေးအတွက် အရေးကြီးသောအချက်တစ်ခု ဖြစ်လာသည်။ စီးပွားရေးလုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုသည် အာရှ၏အကြီးဆုံး ထွန်းသစ်စျေးကွက်များ၏ တစ်ဦးကျ GDP ကို အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် တွန်းအားပေးလျက်ရှိပြီး အာဆီယံ၏ ကျယ်ပြန့်သော ပို့ကုန်လိုအပ်ချက်ကို မြှင့်တင်ရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ အာဆီယံဒေသတွင်းနိုင်ငံများအချင်းချင်း ကုန်သွယ်မှုသည်လည်း အရေးပါသည့် တွန်းအားတစ်ခုဖြစ်ပြီး လျင်မြန်စွာတိုးတက်လာသည့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဗီယက်နမ်တို့၏ ဝယ်လိုအားမြင့်တက်လာမှုတို့က အဓိကအကြောင်းရင်းဖြစ်လာသည်။

အီလက်ထရောနစ်ထုတ်လုပ်မှုသည် မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်တို့အပါအဝင် အာဆီယံနိုင်ငံအများအပြားအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ထို့အပြင် အရှေ့အာရှဒေသတွင်း မတူညီသည့် စီးပွားရေးစနစ်များအတွင်း အီလက်ထရောနစ် ထုတ်လုပ်ဖြန့်ချိရေးကွင်းဆက်

 က ခိုင်မာစွာ ဆက်စပ်ထားသည်။ ၎င်းတို့အထဲတွင် လာမည့်ငါးနှစ်အတွင်း 5G ထွက်ပေါ်လာခြင်းနှင့် 5G မိုဘိုင်းဖုန်း ဝယ်လိုအားမြင့်တက်လာခြင်းနှင့် ဥာဏ်ရည်တုနည်းပညာ AI ကို အထောက်အကူပြုမည့် အီလက်ထရောနစ်ကိရိယာများ ထုတ်လုပ်ရေးတို့ ပါဝင်မည်ဖြစ်သည်။ စက်မှုလုပ်ငန်းသုံး အီလက်ထရောနစ်ပစ္စည်း ဝယ်လိုအား ကာလလတ်အတွင်း လျင်မြန်စွာ တိုးမြင့်လာသောကြောင့် Industry 4.0 ၏ အကူအညီဖြင့် စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်နှင့် အင်တာနက် ဆက်စပ်ပစ္စည်းထုတ်လုပ်မှု လျင်မြန်စွာ ကြီးထွားလာမည်ဟု မျှော်လင့်ရသည်။

> **“အာဆီယံဒေသသည် လာမည့် ဆယ်စုနှစ်တစ်ခုအတွင်း ကမ္ဘာပေါ်တွင် တိုးတက်မှု အမြန်ဆန်ဆုံး ဒေသတစ်ခုအဖြစ် ရပ်တည်မည်ဖြစ်သည်။”**

အာဆီယံမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ကားများ (EV) အသွင်ကူးပြောင်းမှု၏ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် အစောပိုင်းတွင် Hyundai သည် စင်ကာပူရှိ ၎င်း၏ Hyundai Motor Group Innovation Center တွင် Ioniq 5 EVs များကို စတင်ထုတ်လုပ်ခဲ့သည်။ အင်ဒိုနီးရှားသည် အာရှ၏ အဓိကမော်တော်ကား ထုတ်လုပ်မှု အချက်အချာဖြစ်နေပြီဖြစ်ပြီး နိကယ်သန့်စင်လုပ်ငန်းနှင့် လျှပ်စစ်ကားဘက်ထရီစက်ရုံများ တည်ဆောက်ရန်အတွက် နိုင်ငံစုံမှ အားကောင်းသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများမှလည်း အကျိုးအမြတ်များ ရရှိခဲ့သည်။ ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့မှ ဘတ် ၄၀ ဘီလီယံခန့်တန်ဖိုးရှိ လျှပ်စစ်မော်တော်ကား ထုတ်လုပ်မှုလုပ်ငန်း ၁၆ ခုကို လုပ်ပိုင်ခွင့်ပြုခဲ့သည်။

ကိုဗစ်- ၁၉ကပ်ရောဂါ ဖြစ်ပွားပြီး နောက်ပိုင်း နိုင်ငံတကာခရီးသွားများ အားကောင်းစွာ ပြန်လည်ဝင်ရောက်လာသဖြင့် ခရီးသွားလုပ်ငန်းသည် အာဆီယံ၏ ကာလလတ်အတွက် နောက်ထပ်အရေးကြီးသည့် တွန်းအားတစ်ရပ် ဖြစ်လာမည်ဟု မျှော်လင့်ထားသည်။ နိုင်ငံတကာခရီးသွားများ အာဆီယံဒေသသို့ဝင်ရောက်မှုသည် အိမ်ထောင်စုများ၏ဝင်ငွေ တိုးတက်လာရေးအတွက် ခိုင်မာသည့် တွန်းအားတစ်ခုဖြစ်လာပြီး ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့၏ စုစုပေါင်း GDP ၏ သိသာထင်ရှားသောဝေစုကို ပံ့ပိုးပေးမည့်အရာ ဖြစ်လာပါသည်။

အာရှ-ပစိဖိတ်ဒေသကြီးအတွင်း ကုန်သွယ်ရေးဖြေလျှော့ပေးမှုများကြောင့် အာဆီယံဒေသ၏ ပို့ကုန်များ လျင်မြန်သည့်အရှိန်အဟုန်ဖြင့် တိုးတက်လာဖွယ်ရှိပါသည်။ ယင်းတွင် အာဆီယံ ၁၀ နိုင်ငံစလုံးပါဝင်သည့် "ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု သဘောတူညီချက်" (RCEP) နှင့် အာဆီယံအဖွဲ့ဝင် အများအပြားပါရှိသော "ဘက်စုံတိုးတက်သော ပစိဖိတ် ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်" (CPTPP) တို့က အဓိကတွန်းအားများ ဖြစ်ပါသည်။ အာဆီယံဒေသသည် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (AFTA) နှင့် အာရှပစိဖိတ် စီးပွားရေးများပါဝင်သည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (FTAs) ကွန်ရက်များ တိုးပွားလာမှုမှလည်း အကျိုးခံစားခွင့်များ ရရှိခဲ့သည်။

သို့အတွက် အာဆီယံဒေသသည် လာမည့် ဆယ်စုနှစ်တစ်ခုအတွင်း ကမ္ဘာပေါ်တွင် တိုးတက်မှုအမြန်ဆန်ဆုံး ဒေသတစ်ခုအဖြစ် ရပ်တည်မည်ဖြစ်သည်။ အာဆီယံ၏ အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားသည် လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာ့ထိပ်တန်း ထွန်းသစ်စဈေးကွက်များထဲမှ တစ်ခုဖြစ်လာမည်ဖြစ်ပြီး ၎င်း၏ GDP အရွယ်အစားသည် ၂၀၂၂ ခုနှစ်တွင် ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံမှ ၂၀၃၅ ခုနှစ်တွင် ဒေါ်လာ ၄ ဒသမ ၁ ထရီလီယံအထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း ၂၀၃၅ ခုနှစ်တွင် ကမ္ဘာ့အကြီးမားဆုံး ထွန်းသစ်စ စျေးကွက်တစ်ခု ဖြစ်လာမည်ဖြစ်သည်။ ထိုအချိန်မှာပင် မလေးရှားသည် APAC ဒေသ၏ အဆင့်မြင့် စီးပွားရေးနိုင်ငံများထဲမှ တစ်ခုဖြစ်လာရန် ရည်မှန်းထားပြီး ၎င်း၏ တစ်ဦးကျထုတ်လုပ်မှုတန်ဖိုး Per-capita-GDP သည် ၂၀၃၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၆,၀၀၀ ဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားသည်။ ထိုအကြောင်းရင်းများက အာဆီယံသည် တရုတ်ပြည်မကြီး၊ အိန္ဒိယတို့နှင့်အတူ လာမည့် ဆယ်စုနှစ်အတွင်း အာရှပစိဖိတ် APAC စီးပွားရေးအတွက် အဓိကတိုးတက်မှုအင်ဂျင် သုံးရပ်ထဲမှ တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

သက်ထွန်းဦး

Ref: – https://www.spglobal.com/

– https://en.macromicro.me/collections/

Ekdifwumukd0Gufukd
rnfolyefvnftm;jznfEkdifnfenf;

oefjrif;t0

“ ထိုပြင် ကုန်သွယ်မှုနှင့်
ရင်းနှီးမြှုပ်နှံမှုအားနည်းခြင်း၊
အတိုးနှုန်း မြင့်မားခြင်းနှင့်
ကြွေးမြီအဆင့် မြင့်မားခြင်း စသည်တို့ကြောင့်
ဖွံ့ဖြိုးဆဲနိုင်ငံများ၏
၂၀၂၄ ခုနှစ် စီးပွားရေးတိုးတက်မှုသည်
တတိယနှစ်အဖြစ်
ဆက်တိုက်နှေးကွေးမည်ဟု မျှော်လင့်ရသည်။ ”

ဓာတ်ပုံ-အင်တာနက်

ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုဖြစ်စဉ်ဟူသော ဂလိုဘယ်လိုက်ဇေးရှင်း(Globalization) သည် ဆယ်စုနှစ်ပေါင်းများစွာ အရှိန်မြင့်တက်ခဲ့သည်။ ထို့နောက် ၂၀၀၈ ခုနှစ်မှစတင်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးလုပ်ဆောင်ချက်များ တိုးတက်သည့်အရှိန်အဟုန်အတိုင်း နိုင်ငံတကာကုန်သွယ်မှုသည်လည်း ကြီးထွားတိုးတက်လာခဲ့သည်။ ကုန်သွယ်မှု နှေးကွေးခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုဖြစ်စဉ် ယုတ်လျော့သွားခြင်း မဟုတ်ပေ။ သို့သော်လည်း ကုန်သွယ်မှု နှေးကွေးခြင်းအပေါ် ထိတ်လန့်တကြားဖြင့် စောင့်ကြည့်နေကြသည်ကို တွေ့ရှိရသည်။

ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှု အရှိန်မြင့်ခဲ့သည့် ဆယ်စုနှစ်များအတွင်း နိုင်ငံတကာကုန်သွယ်မှု ထူးထူးခြားခြား တိုးတက်ခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတကာကုန်သွယ်မှုသည် ကြီးပွားတိုးတက်ရေး၏ အင်ဂျင်စက် (Engine of prosperity) အဖြစ် သက်သေပြနိုင်ခဲ့သည်။ ဂလိုဘယ်လိုက်ဇေးရှင်းကို လက်ခံကျင့်သုံးသော ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နိုင်ငံတကာကုန်သွယ်မှုသည် တစ်ဦးချင်းဝင်ငွေ တိုးတက်ရေး (Per capita income growth) နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး (Poverty reduction) ကို များစွာအထောက်အကူပြုခဲ့သည်။

သို့သော်လည်း ပထဝီဝင်နိုင်ငံရေး တင်းမာမှုများ ကြီးထွားလာခြင်း၊ စီးပွားရေး မလုံခြုံခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက် ခံနိုင်ရည်ရှိမှု (Supply chain resilience) တို့အပေါ် စိုးရိမ်မှုများ ရှိလာခဲ့သည်။ ထို့ကြောင့် နိုင်ငံအချို့သည် ၎င်းတို့၏ ထောက်ပံ့ရေးကွင်းဆက် သို့မဟုတ် ထုတ်လုပ်မှုကွင်းဆက် ပြောင်းလဲခြင်းအားဖြင့် ဆုံးရှုံးနိုင်ခြေ သို့မဟုတ် စွန့်စားရမှုကို လျော့ချခဲ့ကြသည်။

ထို့ပြင် ပြည်တွင်းကုန်သွယ်မှုအပေါ် ရိုက်ခတ်လျက်ရှိသော ဆိုးကျိုးသက်ရောက်မှုများ ဖြေရှင်းရန်နှင့် ကမ္ဘာတစ်ဝန်း အစိမ်းရောင်အသွင်ကူးပြောင်းမှု (Green transition globally) ကို ပံ့ပိုးပေးရန်ရည်ရွယ်သည့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးနှင့် ထောက်ပံ့မှုများ (Trade barriers and subsidies) တိုးပွားလာခြင်းကို မြင်တွေ့ခဲ့ရသည်။ အဆိုပါ ကုန်သွယ်မှု အတားအဆီးနှင့် ငွေကြေးထောက်ပံ့ခြင်းတို့သည် သက်ဆိုင်ရာနိုင်ငံ၏ သဘာဝကျသော၊ တရားဝင်သော အစီအမံများ ဖြစ်ပါသည်။ သို့သော်လည်း အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဤချဉ်းကပ်မှုနည်းလမ်း သို့မဟုတ် အစီအမံများ၏ မလိုလားအပ်သော အကျိုးဆက်များကို ရှောင်ရှားရမည် ဖြစ်ပါသည်။

အကျပ်အတည်းကာလအတွင်း နိုင်ငံတကာကုန်သွယ်မှု ပြန်လည်အားကောင်းစေမည့် အဆိုပြုချက် သုံးချက်ကို ဤဆောင်းပါး၌ ဖော်ပြထားပါသည်။ အသေးစိတ်အချက်အလက်များ မဖော်ပြမီ အချို့သော အကြောင်းအရာများကို ဦးစွာဖော်ပြလိုပါသည်။

ပြီးခဲ့သော ဆယ်စုနှစ် ငါးခုအတွင်း ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု ပြန်လည်ဦးမော့လာခြင်းနှင့် နှိုင်းယှဉ်ပါက ကုန်စည်နှင့်ဝန်ဆောင်မှု ကုန်သွယ်ရေးသည် အနိမ့်ဆုံးတိုးတက်မှု အဆင့်သို့ ရောက်ရှိနေပါသည်။ ကမ္ဘာ့ကုန်သွယ်မှုပမာဏသည် ၂၀၁၉ ခုနှစ်အဆင့်ထက် ကျော်လွန်နေသော်လည်း ၂၀၂၃ ခုနှစ်၏ ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းသွားပါသည်။ ထို့ပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားနည်းခြင်း၊ အတိုးနှုန်း မြင့်မားခြင်းနှင့် ကြွေးမြီအဆင့် မြင့်မားခြင်း စသည်တို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ၂၀၂၄ ခုနှစ် စီးပွားရေးတိုးတက်မှုသည် တတိယနှစ်အဖြစ် ဆက်တိုက်နှေးကွေးမည်ဟု မျှော်လင့်ရသည်။

မည်သို့ပင်ဖြစ်စေ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်သွယ်မှုသည် ခေတ်မီသော စီးပွားရေးနှင့် ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထက် နောက်ကျကျန်ရစ်နေပါသည်။ ဤအချက်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိုးရိမ်စရာလမ်းကြောင်းများ ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း (Global financial crisis) မတိုင်မီကာလအထိ ပို့ကုန်သည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အထူးသဖြင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများ၌ အလုပ်အကိုင်ဖန်တီးရေးနှင့် ဝင်ငွေတိုးတက်လာစေရေးတို့အတွက် အထောက်အကူပြုကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။ နိုင်ငံတကာစျေးကွက်များ၌ ပါဝင်ဆောင်ရွက်ခြင်းသည် ကိုယ်ပိုင်လုပ်ငန်းများ၏ လစာနှင့် အလုပ်အကိုင်ဝေစု တိုးတက်စေပြီး တရားဝင်အလုပ်အကိုင်ရရှိရေးကို မြှင့်တင်ပေးပါသည်။

မက်ခရိုစီးပွားရေးကျဆင်းခြင်းအပြင် နိုင်ငံတကာကုန်သွယ်မှု နှေးကွေးခြင်းနှင့် ကုန်သွယ်မှုပုံစံ ပြန်လည်ဖွဲ့စည်းခြင်းတို့သည် မူဝါဒရွေးချယ်မှုအပေါ် များစွာသက်ရောက်မှု ရှိသည်။ ပို့ကုန်တားမြစ်ပိတ်ပင်ခြင်း (Export bans) နှင့် ကုန်သွယ်မှုကန့်သတ်သည့် အခြားသော အစီအမံအရေအတွက်သည် ၂၀၂၀ ပြည့်နှစ်မှစတင်၍ လေးဆတိုးလာခဲ့သည်။ ပထဝီဝင် နိုင်ငံရေးအရ ပိုမိုနီးကပ်သော နိုင်ငံအချင်းချင်းကုန်သွယ်မှု (Near–shoring) သိသိသာသာ တိုးတက်လုပ်ဆောင်လာပါသည်။

အဆိုပါအစီအမံများက ကမ္ဘာ့စီးပွားရေးစွမ်းဆောင်ရည် (Global economic efficiency) လျော့နည်းကျဆင်းစေပါသည်။ ရုရှား–ယူကရိန်း စစ်ပွဲအစတွင် အဓိကကျသည့်

ကောက်ပဲသီးနှံနှင့် စိုက်ပျိုးရေးသွင်းအားစုတင်ပို့မှုအား တားမြစ်ခြင်း အပါအဝင် ကုန်သွယ်ရေးကန့်သတ်ချက်များ ပိုမိုချမှတ်ကျင့်သုံးခဲ့သောကြောင့် အစားအသောက်ဈေးနှုန်း မြင့်တက်ခြင်း၊ ၎င်းတို့၏ ထုတ်လုပ်မှုနှင့် ဈေးနှုန်း မတည်မငြိမ်ဖြစ်ခြင်းအပြင် စားနပ်ရိက္ခာ မလုံခြုံခြင်းကို ပိုမိုဆိုးရွားလာစေပါသည်။

ထောက်ပံ့ကြေးပိုမိုပေးအပ်ခြင်း (Proliferating subsidies) သည် အခွန်စည်းကြပ်ခြင်းထက်ပင် ကုန်သွယ်မှုကို ကမောက်ကမ ဖြစ်စေနိုင်ပါသည်။ ယနေ့လက်ရှိအချိန်တွင် ရောင်းဝယ်ကုန်သွယ်သော ကုန်ပစ္စည်းများ၏ထက်ဝက်နီးပါးကို ထောက်ပံ့ကြေးပေးထားခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် အဆိုပါကုန်ပစ္စည်းများအား ၂၀ ရာခိုင်နှုန်း ထောက်ပံ့ကြေးပေးခဲ့ရာမှ ယခုအခါ ၂၀ ရာခိုင်နှုန်းကျော် ထောက်ပံ့ကြေးပေးလျက်ရှိပါသည်။ ထောက်ပံ့ကြေးကို စိုက်ပျိုးရေးထုတ်ကုန်အတွက် ပျမ်းမျှ ၁၅ ရာခိုင်နှုန်းနှင့် စက်မှုကုန်ချောထုတ်လုပ်မှုအတွက် ပျမ်းမျှ ၈ ရာခိုင်နှုန်းအထိ ပေးအပ်ပါသည်။ ထိုကဲ့သို့တိုးမြင့်လာသော ထောက်ပံ့ကြေးများသည် ယင်းထုတ်ကုန်များအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းနှင့် ညီမျှကြောင်း တွေ့ရှိရသည်။

ရာသီဥတုဖောက်ပြန်မှုနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ လျော့ပါးသက်သာရေးမူဝါဒ (Mitigation policies) မတူညီခြင်း၊ စည်းကမ်းလိုက်နာမှု ကွဲပြားခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ကုန်သွယ်မှုသည် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတနည်းသောနေရာများ (Less environmentally–friendly places) သို့ ပြောင်းရွှေ့စေပါသည်။ ဤကဲ့သို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံတကာကုန်သွယ်မှုအတွက် စိုးရိမ်ပူပန်စရာဖြစ်ပါသည်။ ဤအန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းရန်အလို့ငှာ သွင်းကုန်အတွက် ရေရှည်တည်တံ့ခိုင်မြဲသော စံချိန်စံညွှန်းများ (Sustainability standards) ပိုမိုလိုအပ်လာပါသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်း နိမ့်ကျသောနိုင်ငံများ၏ တရားမျှတမှုမရှိသော ပြိုင်ဆိုင်မှု (Unfair competition) မှ ပြည်တွင်းထုတ်လုပ်သူများအား ကာကွယ်ရန်အတွက် နယ်စပ်ကာဗွန်ချိန်ညှိမှုအစီအစဉ် (Carbon border adjustment mechanisms) ပိုမိုလိုအပ်လာပါသည်။

သို့သော်လည်း ရည်ရွယ်ချက်ကောင်းမွန်သော မူဝါဒများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကြီးမားသည့်ဆိုးကျိုးများ ဖြစ်စေနိုင်ပါသည်။ ဥပမာအားဖြင့် လိုက်နာကျင့်သုံးမှုကုန်ကျစရိတ်များပြားသည့် ရေရှည်တည်တံ့ခိုင်မြဲသော စံချိန်စံညွှန်းများသည် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် (Institutional capacity) အားနည်းသည့် နိုင်ငံအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သည်။ အလားတူပင် နယ်စပ်ဒေသ ကာဗွန်အခွန် ပြုပြင်ပြောင်းလဲမှုများ (Carbon tax adjustments) ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးထုတ်လုပ်သူများအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သည်။

ဤအစီအမံအားလုံးပေါင်းစပ်ခြင်းက နိုင်ငံတကာကုန်သွယ်မှုအပေါ် သိသာထင်ရှားသော သက်ရောက်မှုရှိနိုင်သည့်အပြင် စီးပွားရေးလုပ်ဆောင်ချက်များအပေါ်လည်း သက်ရောက်မှုရှိနိုင်သည်။ ရရှိနိုင်သော ခန့်မှန်းသုံးသပ်ချက်များအရ ဤအစီအမံများနှင့် ဆက်စပ်ဖြစ်ပေါ်နိုင်သော ရေရှည်ဆုံးရှုံးမှုသည် ကမ္ဘာလုံးဆိုင်ရာ စုစုပေါင်းပြည်တွင်းထုတ်ကုန်

(Global gross domestic product) ၏ တစ်ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းအတွင်း ဖြစ်နိုင်ကြောင်း သိရှိရပါသည်။ အဓိပ္ပာယ်ရှိသော ရည်မှန်းချက်ပန်းတိုင်နှင့် လက်တွေ့ အကျိုးဆက်များကြား ပိုမိုကောင်းမွန်သည့် ချိန်ခွင်လျှာ တစ်ခုလိုအပ်ပါသည်။ထိုကဲ့သို့လုပ်ဆောင်နိုင်ရန်အလို့ငှာ ဖွံ့ဖြိုးဆဲနိုင်ငံများအား ပံ့ပိုးရန်နှင့် ၎င်းတို့၏ အသွင်ကူးပြောင်းမှုအတွက် မျှတသောလမ်းကြောင်း ရှာဖွေရန် ပေါင်းစပ်ညှိနှိုင်းသည့် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်များ (Coordinated set of strategic actions) ရှိရပါမည်။

“ထို့ကြောင့် ဤဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်များကို တူညီသောအခြေခံမူနှင့် လုပ်ငန်း လည်ပတ်မှုဆိုင်ရာ စံနှုန်းများ သတ်မှတ်ထားရှိပြီး လက်တွေ့ အသုံးချနိုင်စေရန် ကြိုးပမ်း အားထုတ်သင့်သည်။”

ဤအချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လုပ်ဆောင်ချက်သုံးခုမှာ ထင်ရှားပါသည်။ ပထမအချက်မှာ ကမ္ဘာ့အဆင့်၌ စည်းမျဉ်းအခြေခံ ကုန်သွယ်မှုစနစ် (Rules-based trading system) ၏ အခြေခံ လုပ်ဆောင်ချက်များ ပြန်လည်ရယူရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများအား တူညီသော လုပ်ငန်း လုပ်ကိုင်ခွင့် (Level playing field) ဖန်တီးပေးခြင်းနှင့် ယုံကြည်စိတ်ချရသော အငြင်းပွားမှုဖြေရှင်းရေးယန္တရား (Dispute resolution mechanisms) တည်ဆောက်ပေးခြင်းသည် အလွန်အရေးကြီးပါသည်။ Level playing field နှင့် Dispute resolution mechanism တို့သည် ကမ္ဘာလုံးဆိုင်ရာ အများပြည်သူနှင့် သက်ဆိုင်သော ကုန်စည် (Global public goods) ဖြစ်သည်။

ဒုတိယအချက်မှာ ဒေသတွင်းအဆင့်၌ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များ (Bilateral or Plurilateral trade agreements) သည် စျေးကွက်ဝင်ရောက်ရန် သေချာစေခြင်း၊ အရောင်းအဝယ်ပြုလုပ်သည့် ကုန်ကျစရိတ် လျှော့ချနိုင်ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း စသည့်ကောင်းကျိုးများ ဖြစ်ထွန်းလာစေနိုင်သည်။ ထို့ပြင် အဆိုပါသဘောတူညီချက်များသည် ကုန်သွယ်မှုအတွက် အရေးပါသည့် အကောက်ခွန် မဟုတ်သော အဟန့်အတားများ (Non-Tariff Barriers) နှင့် နယ်စပ်ပြဿနာများကို အာရုံစိုက်သောကြောင့် အထူးအသုံးဝင်ပါသည်။ အဆိုပါ နက်ရှိုင်းသော သဘောတူညီချက်များသည် ပြည်တွင်းစျေးကွက်အတွင်း တရားမျှတသောယှဉ်ပြိုင်မှု၊ နိုင်ငံပိုင် စီးပွားရေး

လုပ်ငန်းများအတွက် တူညီသော လုပ်ငန်းလုပ်ကိုင်ခွင့်၊ အလုပ်သမားနှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာစံနှုန်းများကို အလေးထားအာရုံစိုက်ပါသည်။ ထို့ကြောင့် ဤဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်များကို တူညီသောအခြေခံမူနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံနှုန်းများ သတ်မှတ်ထားရှိပြီး လက်တွေ့ အသုံးချနိုင်စေရန် ကြိုးပမ်းအားထုတ်သင့်သည်။

တတိယအချက်မှာ လက်ရှိ ပထဝီနိုင်ငံရေးတင်းမာမှုများ (Geopolitical tensions) နှင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဖိအားများ (Protectionist pressures) ရှိနေသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးသည် ကမ္ဘာ့စီးပွားရေး၌ ပိုမိုပေါင်းစည်းရန် ကြိုးပမ်းသင့်သည်။

မကြာသေးမီနှစ်များအတွင်း တိုးတက်မှုနှေးကွေးခြင်းမရှိခဲ့သည့် နယ်ပယ်တစ်ခုမှာ ဒစ်ဂျစ်တယ် ဝန်ဆောင်မှုလုပ်ငန်းများ (Digital services) ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ကုန်သွယ်ရေးတိုးတက်မှု (Global goods trade growth) ကျဆင်းသွားခဲ့ပါသည်။ သို့သော်လည်း ၎င်းတို့၏ အွန်လိုင်းမှတစ်ဆင့် ရောင်းချသည့် ဝန်ဆောင်မှုများသည် ၂၀၀၅ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြားတွင် ၂၅၀ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ဒစ်ဂျစ်တယ်စနစ်ဖြင့်ဆောင်ရွက်သော အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများသည် အမျိုးသမီး၊ လူငယ်နှင့် အခြားသော ချို့တဲ့အုပ်စုများ (Disadvantaged groups) အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် အလားအလာကောင်းများ ရှိနေပါသည်။ သို့သော် လူဦးရေအများစု လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်နှင့် အင်တာနက်သုံးစွဲခွင့် လုံလုံလောက်လောက် မရှိခြင်းသည် အွန်လိုင်းမှတစ်ဆင့် ရောင်းချသူ သို့မဟုတ် ဒစ်ဂျစ်တယ်ပို့ကုန်လုပ်ငန်းရှင် (Digital exporter) ဖြစ်လာရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ဒစ်ဂျစ်တယ်စနစ် အဆင့်မြှင့်တင်ခြင်းအပြင် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ပိုမိုချိတ်ဆက်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းရေးအစီအစဉ် (Global integration agenda) ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သင့်သည်။

ဖော်ပြပါအကြောင်းအရာများနှင့် အလားအလာရှိသော ဖြေရှင်းနည်းများကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှ မတ်လ ၂ ရက်နေ့ထိ ယူအေအီးနိုင်ငံ၏မြို့တော် အဘူဒါဘီ၌ ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် ကုန်သွယ်ရေးဝန်ကြီးများ ညီလာခံ (13th Ministerial Conference on Trade) ၌ အကျယ်တဝင့် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

သိန်းမြင့်ဝေ

Ref: worldbank.org.

t m&=Sypzdvf'o a&&Sifl;wkdvufyef;wkdf sm;\
ypöef t em*wf
apmEkdif t ok,kdabm*aA')

“ အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊
ကျေးလက်နေပြည်သူများအတွက်
အလုပ်အကိုင် အခွင့်အလမ်း
ပိတ်လှောင်ခံရသည့် မည်မျှမှုများကို
ကိုင်တွယ်ဖြေရှင်းရန်
အရေးတကြီး လုပ်ဆောင်ရန်လည်း
လိုအပ်နေသည်။ ”

ဓာတ်ပုံ-အင်တာနက်

ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ်ပန်းတိုင်များ(Millenniun Development Goals–MDGs)အကောင်အထည်ဖော်မှုသည် ၂၀၁၅ခုနှစ်တွင် အဆုံးသတ်ခဲ့ပြီးသည့်နောက်တွင် ကမ္ဘာ့ခေါင်းဆောင်များသည် နောက်ထပ် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များကို သဘောတူခဲ့ကြသည်။ ထိုရည်မှန်းချက်များကို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Development Goals –SDGs) ၁၇ ခုအဖြစ် တစ်ကမ္ဘာလုံးက သိရှိလိုက်နာနိုင်ရေး အားထုတ်ခဲ့ကြပြီး အကောင်အထည်ဖော်မည့်အချိန်ကာလကို ၂၀၃၀ ပြည့်နှစ်အထိ သတ်မှတ်ခဲ့ကြသည်။ ပန်းတိုင်များတွင် အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ သန့်ရှင်းသောရေနှင့် စနစ်ကျသော မိလ္လာစနစ်ကိုရရှိရေး၊ အရည်အသွေးပြည့်မီသော ပညာရေးကို အားလုံးရရှိနိုင်ရန် ထောက်ပံ့ပေးရေး အပါအဝင် ကမ္ဘာကြီးနှင့် ကမ္ဘာသူ ကမ္ဘာသားများ အားလုံးအတွက် ရေရှည်အကျိုးဖြစ်စေမည့် အကြောင်းကိစ္စများပါဝင်သည်။

ယခု ၂၀၂၄ခုနှစ်ဆိုလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(Sustainable Development Goals– SDGs) အကောင်အထည်ဖော်မှုမှာ ရှစ်နှစ်ကျော်ကာလပင် ရောက်ရှိခဲ့ပြီ။ အခက်အခဲ၊ စိန်ခေါ်မှုများ ပြည့်နှက်နေသော ကမ္ဘာကြီးတွင် အကောင်အထည်ဖော်မှု မည်သို့ရှိမည်နည်း။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အာရှနှင့်ပစိဖိတ်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့်ပတ်သက်သည့် အစီရင်ခံစာ (Aisa and Pacific SDG Progress Report) ထွက်ပေါ် လာခဲ့သည်။ ကုလသမဂ္ဂ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (United Nations Economic and Social Commission for Asia

and the Pacific–UNESCAP)က အာရှနှင့်ပစိဖိတ်ဒေသအတွင်း ကမ္ဘာလုံးဆိုင်ရာ SDGs ပန်းတိုင်များ တိုးတက်အကောင်အထည်ဖော်မှုများကို ခြုံငုံသုံးသပ်ပေးထားသည့် အစီရင်ခံစာ ဖြစ်သည်။ အစီရင်ခံစာထဲတွင် တိုးတက်မှုရှိသည့် နယ်ပယ်များအပြင် ဆက်လက်ဖြစ်ပေါ်နေဆဲ အခက်အခဲများ၊ ပိုမိုကြီးထွားလာနေသည့် စိန်ခေါ်မှုများကိုလည်း အလေးထား ဖော်ပြထား၏။

အာရှ–ပစိဖိတ်ဒေသဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာဝန်းကျင်တွင် တည်ရှိနေသည့် ဒေသများ၊နိုင်ငံများကို ဆိုလိုခြင်းဖြစ်သည်။ထိုဒေသတွင် အရှေ့အာရှဒေသ၊ တောင်အာရှဒေသ၊ အရှေ့တောင်အာရှဒေသနှင့် ပင်လယ်သမုဒ္ဒရာထဲတွင် ပြန့်ကျဲတည်ရှိသော ကျွန်းကြီး ကျွန်းငယ် အစုအဝေးဒေသများ (အိုရှန်းနီးယား (Oceania) ဟုခေါ်ကြသည်) ပါဝင်သည်။ အဆိုပါဒေသရှိ နိုင်ငံများသည် ကွဲပြားခြားနားမှု အများအပြားရှိသော ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ နိုင်ငံရေးအခြေအနေများ၊ စီးပွားရေးအခြေအနေများဖြင့် တည်ရှိနေသည်။

အစီရင်ခံစာသည် အဆိုပါဒေသတွင်းရှိ ထူးခြားသောအခြေအနေများဖြင့် တည်ရှိနေသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (Least Developed Countries–LDCs)၊ ကုန်းတွင်းပိတ် ဖွံ့ဖြိုးဆဲနိုင်ငံများ (Landlocked Developing Countries–LLDCs) နှင့် ဖွံ့ဖြိုးဆဲ ကျွန်းငယ် နိုင်ငံများ (Small Island Developing States– SIDS) ၏ SDGs ပန်းတိုင်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ စိုးရိမ်စရာကောင်းသည့် ခန့်မှန်းပုံကြမ်းတစ်ပုံကို ဖော်ပြထားသကဲ့သို့ ဖြစ်သည်ဟုလည်းဆိုသည်။ အာရှ–ပစိဖိတ်ဒေသရှိ နိုင်ငံများသည် တည်ရှိမှုအခြေအနေအရ ပထဝီအနေအထားအရ အထီးကျန်မှု၊ အရင်းအမြစ်များ အကန့်အသတ်ဖြင့်သာ ရရှိနိုင်မှု၊ ရာသီဥတု အပြောင်းအလဲ၏ သက်ရောက်မှုများကို အခြားသောနိုင်ငံများထက် ပိုမိုခံစားရမှုတို့ဖြင့် အခြားသောနိုင်ငံများထက် ထိခိုက်မှုများ ရှိနေကြသည်။

ကိန်းဂဏန်းများအရဆိုရလျှင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) နှင့် ကုန်းတွင်းပိတ် ဖွံ့ဖြိုးဆဲနိုင်ငံများ (LLDCs) များသည် တိုးတက်မှုနှုန်း ၁၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၁၃ ရာခိုင်နှုန်း အသီးသီးရှိသဖြင့် ဖွံ့ဖြိုးဆဲ ကျွန်းငယ်နိုင်ငံများ (SIDS) ထက် နှိုင်းယှဉ်ပါက အနည်းငယ် ပို၍ကောင်းမွန်သည်ဟု သုံးသပ်ထားကြသည်။ ထို့ကြောင့် အာရှ–ပစိဖိတ်နိုင်ငံများအနက် ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများ (SIDS) သည် ပံ့ပိုးထောက်ပံ့မှု အလိုအပ်ဆုံးဖြစ်သည်ဟု ဆိုကြသည်။ သို့သော် ခြုံငုံဆိုရလျှင် နိုင်ငံများအားလုံး ၂၀၃၀ ပြည့်နှစ်အမီ SDG ပန်းတိုင်များဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနိုင်ရေးမှာ လိုအပ်ချက်များစွာဖြင့် ခက်ခဲမှုများ ရှိနေသည်။

အစီရင်ခံစာထဲတွင် ထိုနိုင်ငံများ၏ ဖြစ်ထွန်းအောင်မြင်မှုများအပြင် လက်ရှိ ပစ္စုပ္ပန်ကာလအခြေအနေများ၊ ကြုံတွေ့နေရဆဲ ထူးထူးခြားခြား စိန်ခေါ်မှုများကို ဖော်ပြထားသည်။ ကျားမအခြေအနေ (sex)၊ မြို့ပြအသွင်ကူးပြောင်းမှု (urbanization)၊ ပညာရေးအဆင့်အတန်း (education level)၊ အသက်အရွယ်၊ ဝင်ငွေတို့နှင့်ပတ်သက်၍ ပါဝင်မှု (age and income contribution)၊ ပိုမိုဆိုးရွားလာနေသော ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် (development gap) တို့ကို မီးမောင်းထိုးပြထားသည်။

တစ်နိုင်ငံချင်းစီ၏ အောင်မြင်မှုအခြေအနေများမှာ ဧီဝမျိုးစုံ မျိုးကွဲများနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုများအတွက် ခိုင်မာသော မဟာဗျူဟာများ ချမှတ်ထားခြင်း၊ အများပြည်သူ့တို့နှင့်သက်ဆိုင်သည့် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ ဖြည့်ဆည်း ခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပညာသင်ကြားခွင့်ရရှိရေးတို့ကို မြှင့်တင်ရန် ရည်ရွယ်လျက် ကိန်းဂဏန်းဒေတာဆိုင်ရာ စနစ်များနှင့် မူဝါဒများကို အားကောင်းစေရန် မဟာဗျူဟာများ ချမှတ်လုပ်ဆောင်ခြင်းတို့ ဖြစ်သည်။

တာဂျစ်ကစ္စတန်၊ ကာဂျစ်စတန်၊ တာ့ဇ်မင်နစ္စတန်နှင့် ဥဇဘေကစ္စတန်နိုင်ငံများတွင် အမျိုးသားစာရင်းအင်းစနစ်များကို အဆင့်မြှင့်တင်မှုပြုလုပ်ထားခြင်းသည် ဗဟိုအာရှဒေသနှင့် အာရှမြောက်ပိုင်းဒေသတို့တွင် နိုင်ငံမဲ့ဖြစ်နေသူများကို ပိုမိုကောင်းမွန်သောထောက်ပံ့မှု များ ပြုလုပ်ပေးနိုင်ရန် အထောက်အကူဖြစ်စေသည်ဟု ဆိုသည်။ ဗီယက်နမ်တွင် လုပ်ဆောင် နေသည့် နိုင်ငံတစ်ဝန်း ဒစ်ဂျစ်တယ်လေ့ကျင့်ရေးအစီအစဉ်များသည်လည်း ဒစ်ဂျစ်တယ် အသွင်ပြောင်းမှုကို အရှိန်မြှင့်ရေးတွင် အထောက်အကူဖြစ်စေကြောင်း၊ လူငယ်များနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်ကွာဟမှုကို ပေါင်းကူးပေးရာ၌ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ၏ တန်ဖိုးများဖြစ်ကြောင်းကိုလည်း သုံးသပ် ဖော်ပြထားသည်။ မသန်စွမ်းကလေးငယ်များအတွက် ထောက်ပံ့ကြေး၊ ကုန်ကျစရိတ်တို့ကို ခန့်မှန်းနိုင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံတွင်ပြုလုပ်သည့် သုတေသနနှင့် စိစစ်လေ့လာသုံးသပ် မှုတို့သည် မသန်စွမ်းကလေးများကို ထောက်ပံ့မှု တိုးချဲ့နိုင်ရေး လုပ်ဆောင်ရာတွင် များစွာ အထောက်အကူဖြစ်စေခဲ့သည်ဟုလည်း ဖော်ပြထားသည်။

ဖြစ်ထွန်းအောင်မြင်မှုများ သိသိသာသာတွေ့ရသည့် ပန်းတိုင်-၁ (SDG-1) ဆင်းရဲ နွမ်းပါးမှုပပျောက်ရေးနှင့် ပန်းတိုင်-၉ (SDG-9) ရေရှည်တည်တံ့သော စက်မှုလုပ်ငန်း၊ ဆန်းသစ်တီထွင်မှုနှင့် အခြေခံအဆောက်အအုံဆိုင်ရာတို့တွင် အပြုသဘောဆောင်သည့် ခြေလှမ်းများ တွေ့နေရသော်လည်း အချိန်ကာလသတ်မှတ်ချက် ၂၀၃၀ ပြည့်နှစ်တွင် ပန်းတိုင်များ၏ ရည်မှန်းချက်ပြည့်မီရေးအတွက်မှာ လုံလောက်သောအခြေအနေ မရှိသေး ဟု သုံးသပ်ထားသည်။ ထို့ပြင် အခြားသောပန်းတိုင်များဖြစ်သည့် ပန်းတိုင်-၂ (SDG-2) ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး၊ ပန်းတိုင်-၃ (SDG-3) ကျန်းမာရေးနှင့် ကောင်းကျိုး ချမ်းသာရရှိရေး၊ ပန်းတိုင်-၆ (SDG- 6) သန့်ရှင်းသောရေနှင့် စနစ်ကျသော မိလ္လာစနစ်ရရှိမှု သေချာစေရေး၊ ပန်းတိုင်-၇ (SDG-7) တတ်နိုင်စွမ်းရှိသည့် သန့်ရှင်းသောစွမ်းအင်ကို တိုးချဲ့ ရရှိစေရေး၊ ပန်းတိုင်-၁၁ (SDG-11) ရေရှည်တည်တံ့သော မြို့များနှင့် လူမှုအသိုင်းအဝိုင်းများ တည်ဆောက်ရေးတို့တွင်မူ အလေးထားမှု နည်းပါးနေသေးသဖြင့် ပိုမိုအာရုံစူးစိုက်မှု လုပ်ဆောင်ရန် လိုအပ်လျက်ရှိနေသည်။ ပန်းတိုင်-၁၃ (SDG-13)ဖြစ်သည့် ရာသီဥတုနှင့် သက်ဆိုင်သည့် တုံ့ပြန်လုပ်ဆောင်မှုများကိုလည်း အရေးပေါ် ချက်ချင်းဆောင်ရွက်ရန်လို ကြောင်း အလေးထား အကြံပြုထားသည်။

မီးမှောင်းထိုးပြထားသည့်အာရှ-ပစိဖိတ်ဒေသတွင်း အခက်အခဲများ၊ စိန်ခေါ်မှုများ ထဲတွင် ကျားမကွဲပြားမှု၊ နေထိုင်ရာဒေသများ၏ အရေးပါမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုများ သည် အဓိက အဟန့်အတား အကြောင်းအရင်းများအဖြစ် ဆက်လက်ဖြစ်ပေါ်နေကြောင်း တွေ့ရသည်။

> **"မြို့ပြ-ကျေးလက် ကွဲပြားမှုအခြေအနေများ၌ ကျေးလက်ဒေသတွင် နေထိုင်ကြသူများသည် သောက်သုံးရေနှင့် မိလ္လာဆိုင်ရာ အထောက်အပံ့များ ရရှိရေးအတွက် သိသာသော ကန့်သတ်ချက် ရှိနေခြင်းလည်း ပါဝင်သည်။"**

မြို့ပြရှိ ဆင်းရဲနွမ်းပါးသူများ အပါအဝင် အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ ကျေးလက်နေပြည်သူများသည် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ မညီမျှမှုများ ဆက်လက်ကြုံတွေ့နေရသည်။ မြို့ပြဒေသများတွင် ပညာရေးနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သောအခြေအနေများကို ဖော်ပြထားသော်လည်း ကျေးလက်တောရွာများရှိ ဆင်းရဲနွမ်းပါးမှုကို အဆိုးဆုံးရင်ဆိုင်နေရသည့် အမျိုးသားငယ်များနှင့် အမျိုးသမီးငယ်များ သည် အထက်တန်းပညာရေးကို ပြီးမြောက်ရေးအတွက်ကြီးမားသော အခက်အခဲများနှင့် ရင်ဆိုင်နေကြရဆဲဖြစ်သည်။ အမျိုးသမီးငယ်အများစု သည် ကျောင်းတက်ရောက်မှုနှုန်းနည်းပါးပြီး စာတတ်မြောက်ရေးအတွက် ရုန်းကန်နေရသည်။ အကျိုးဆက်အားဖြင့် ၎င်းတို့ လုပ်သားစျေးကွက်ထဲ ရောက်ရှိသည့် အခါတွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး အတွက် အခက်အခဲများ ကြုံတွေ့နေရခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် မတူညီသော လူမှုရေးစိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ ကျေးလက်နေပြည်သူများ အတွက်အလုပ်အကိုင် အခွင့်အလမ်း ပိတ်လှောင်ခံရသည့် မညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းရန် အရေးတကြီးလုပ်ဆောင်ရန်လည်း လိုအပ်လျက်ရှိသည်။

အမျိုးသားများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများတွင် အိတ်ချ်အိုင်ဗွီ (HIV) ထပ်မံကူးစက်မှုများ၊ ရောဂါများကြောင့် သေဆုံးမှုများ၊ မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုများ၊ အရက်သေစာသောက်သုံးမှု မြင့်မားလာမှု၊ ယာဉ်မတော်တဆမှုဖြင့် သေဆုံးမှုများ၊ အဆိပ်သင့်သေဆုံးမှုများနှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ဝေဒနာရှင် များပြားလာမှု အပါအဝင် ကျန်းမာရေး၊ ပုဂ္ဂိုလ်ရေးလုံခြုံမှုတို့နှင့် ပိုမိုဆက်စပ်နေသော စိန်ခေါ်မှုများကို မြင်တွေ့လာနေရသည်။

မြို့ပြ-ကျေးလက် ကွဲပြားမှုအခြေအနေများ၌ ကျေးလက်ဒေသတွင် နေထိုင်ကြသူများသည် သောက်သုံးရေနှင့် မိလ္လာဆိုင်ရာ အထောက်အပံ့များ

ရရှိရေးအတွက် သိသာသော ကန့်သတ်ချက်ရှိနေခြင်းလည်း ပါဝင်သည်။ ထို့ပြင် အဆိုပါ ဒေသများတွင် နေ့စဉ်ချက်ပြုတ် စားသောက်ရန်လိုအပ်သည့် လောင်စာအတွက် သန့်ရှင်းသောလောင်စာစွမ်းအင် မရရှိသောကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် မီးဖိုချောင်မှထွက်သည့် မသန့်ရှင်းသောလေကို နာရီပေါင်းများစွာ ရှူရှိုက်နေကြရကာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားလျက်ရှိနေသည်။

တစ်ကမ္ဘာလုံး ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့သော ကိုဗစ်ကပ်ရောဂါကြီးကြောင့် SDG ပန်းတိုင်များ၏ အကောင်အထည်ဖော်မှုရလဒ်များကို တိုက်စားဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ရရှိခဲ့ပြီးဖြစ်သော အောင်မြင်မှုများမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်ဟု ဆိုထားသည်။ လက်ရှိအခြေအနေတွင် ရည်မှန်းချက်များ အားလုံးနီးပါးသည် လမ်းကြောင်းလွဲချော်လျက်ရှိနေပြီး အချို့ဆိုလျှင် ဦးတည်ရာပင် ပြောင်းပြန်ဖြစ်နေပြီဟု သတိပေးရသည့် အခြေအနေမျိုးဟု သုံးသပ်နေကြသည်။ ကိန်းဂဏန်း အချက်အလက် အနေအထား ရှုထောင့်မှ ဆိုရလျှင် SDG ပန်းတိုင်ညွှန်းကိန်းများ၏ ထက်ဝက်သည် လုံလောက်သောအချက်အလက် ပြည့်စုံမှုမရှိကြဟုလည်း ရှုမြင်ကြသည်။ နိုင်ငံများကြား ပိုမိုကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်ခြင်း၊ SDG ပန်းတိုင်ဆိုင်ရာ အချက်အလက်များကို ထိထိရောက်ရောက် မျှဝေပေးခြင်း၊ အသုံးပြုခြင်းတို့ဖြင့် နိုင်ငံတကာမိတ်ဖက်များနှင့်အတူ ကိန်းဂဏန်း အချက်အလက်ကွာဟမှုကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပေသည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအနက် အရေးကြီးဆုံးဟုဆိုရမည့် ရာသီဥတုဆိုင်ရာ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာနိုင်ငံများသည် ၎င်းတို့၏ အမျိုးသားရေးမူဝါဒများနှင့် ပေါင်းစည်းလုပ်ကိုင်နိုင်ရန် လိုအပ်သည်။ ရာသီဥတုပြောင်းလဲမှုများနှင့် ဆက်စပ်ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ခံနိုင်ရည်အားကောင်းလာစေရန်အတွက် အခြေအနေနှင့်လျော်ညီသည့် စွမ်းရည်မြှင့်တင်ထားရန် လိုအပ်ကြောင်း၊ ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်လုပ်ဆောင်ရန် လိုအပ်ကြောင်းတို့ကိုလည်း အစီရင်ခံစာထဲတွင် အလေးထား အကြံပြုထားသည်။

အထူးသဖြင့် အာရှ–ပစိဖိတ်ဒေသတွင်း ထူးခြားသောအခြေအနေရှိသည့် နိုင်ငံများ အထူးသဖြင့် ပစိဖိတ်ကျွန်းစု ဖွံ့ဖြိုးဆဲနိုင်ငံများအကြားတွင် ဖြစ်ပေါ်လာနေသော ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များ လျော့ကျလာစေရန် နိုင်ငံတကာ၊ ဒေသတွင်းနှင့် သက်ဆိုင်ရာ နိုင်ငံများ၏ မိတ်ဖက်များ ဟန်ချက်ညီညီ စုပေါင်းတို့ပြန်မှုကိုလည်း ကုလသမဂ္ဂ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) ၏အမှုဆောင်အတွင်းရေးမှူး ဖြစ်သူ အာမီဒါ ဆာလ် ဆီယက် အာလီရှာဘာနာ (Armida Salsiah Alisjahbana) အစီရင်ခံစာ၏ ဥယျောဇဉ်ထဲတွင် တောင်းဆိုထားသည်။

ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (Sustainable Development Goals) ဆီသို့ ဦးတည်နေသော လုပ်ဆောင်မှုများသည် ဒေသများကြားဌ် မညီမမျှဖြစ်ပေါ်

လျက်ရှိပြီး အောင်မြင်မှုရရှိစေမည့် လုံလောက်သောအခြေအနေလည်း မရှိသောအချိန်တွင် သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ကတိကဝတ် မယိမ်းမယိုင် ထိန်းထားနိုင်ခြင်းသည် အရေးကြီးကြောင်းကိုလည်း ၎င်းက အစီရင်ခံစာ၏ဥယျောဇဉ်မှာပင် အလေးအနက် ထည့်သွင်းပြောကြားထားသေးသည်။

ပန်းတိုင်များကို ဦးတည်လျှောက်လှမ်းရာ၌ မည်မျှမှုနှင့် မလုံလောက်မှုတို့ ဆက်လက်ရှိနေခြင်းကြောင့် အာရှ-ပစိဖိတ်ဒေသသည် ဦးတည်ချီတက်နေသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (SDGs) ၁၇ ခုကို မူလရည်မှန်းထားသည့် ၂၀၃၀ ပြည့်နှစ်တွင် အောင်မြင်မှုရလိမ့်မည်ဟု မျှော်လင့်မရနိုင်တော့။ ၂၀၆၂ ခုနှစ်မတိုင်ခင်အထိပင် အောင်မြင်စွာ ရောက်ရှိနိုင်မည်မဟုတ်ကြောင်း သတိပေးထားသည်ကိုပါ တွေ့ရသည်။ ကနဦးသတ်မှတ်ကာလအလွန် နောက်ထပ် ၃၂ နှစ်တာအထိ ရည်မှန်းချက်ဆီသို့ ဒယီးဒယိုင်ဖြင့် သွားနေရလိမ့်မည်ကို သက်ဆိုင်ရာနိုင်ငံအစိုးရတို့အနေဖြင့် သတိပြုရန် လိုအပ်သည်။ ကျန်ရှိသောအချိန်တွင် အခြေအနေများကို ပြန်လည်လေ့လာသုံးသပ်၍ ပြင်ဆင်လုပ်ဆောင်ကြရပေလိမ့်မည်။ ။

စောနိုင် (အသုံးချဘောဂဗေဒ)

Ref: – https://www.eurasiareview.com

owif;ppfESifhDD,m

&&Sifwifaq G

“ သတင်းစစ်ပွဲသဏ္ဌာန်၌ လူထု၏အင်အား
တိုက်ရိုက်ပါဝင်မှုမရှိသော်လည်း
စစ်ပွဲအပေါ် လူထုက
လိုလားစွာအတည်ပြုလက်ခံနိုင်ရေးမှာ
အဓိကကျသည့်
အချက်တစ်ချက် ဖြစ်သည်။”

ဓာတ်ပုံ-အင်တာနက်

အသစ် အသစ်သော စစ်ပွဲများနှင့် ပြည့်နှက်နေသည့် မျက်မှောက်ကမ္ဘာကြီးတွင် ကျွန်ုပ်တို့ နေထိုင်ကြလျက်ရှိသည်။ စစ်အေးစစ်ပွဲပြီးဆုံးသွားခြင်း၊ လွတ်လပ်သော စီးပွားရေး စျေးကွက်မှ ကြီးမားသောအောင်မြင်မှုများ ရရှိလာခြင်း၊ ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုအစဉ် (Globalization) နှင့်အတူ အချိန်နှင့်နေရာ ကန့်သတ်ထိန်းချုပ်မှုများ လျော့ကျလာခြင်း အစရှိသည့် အကြောင်းအရင်းများကြောင့် ကမ္ဘာ၌ ပြောင်းလဲဖြစ်ပေါ် လာသည့် ပဋ္ဌိပက္ခများမှာ အသစ် အသစ်သော စစ်ပွဲများသဏ္ဌာန်ဖြစ်ပေါ်လာလျက်ရှိ သည်ဟုဆိုသည်။ ထို့အပြင် စစ်ပွဲများကိုယ်တိုင်သည်လည်း သတင်း (Information) နှင့် ဆက်သွယ်မှုဆိုင်ရာနည်းပညာများ (Communication Technologies – ICTs) ကျယ်ပြန့် စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့် ယင်းတို့ကို ဆက်စပ်အသုံးပြုလာသည့် မီဒီယာ (Media) ကဏ္ဍကြောင့် သတင်းစစ်ပွဲသဏ္ဌာန် (Information Warfare) ဟု ခေါ်ဆိုရသည့်တိုင် ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။

ကမ္ဘာ၏လက်ရှိလူမှုပတ်ဝန်းကျင်၌ စစ်ပွဲစတင်နေချိန်ဖြစ်စေ၊ စစ်ပွဲအတွင်းဖြစ်စေ အခြေအနေနှစ်ခုစလုံးတွင် မီဒီယာသည် အဓိကအခန်းကဏ္ဍမှ ပေါင်းစပ်ပါဝင်လျက်ရှိသည်။ မီဒီယာနှင့် စစ်ပွဲသဏ္ဌာန် (Warfare) များသည် ယခင်ကတည်းက အလွန်နီးကပ်စွာရှိနေခဲ့ကြပြီး မီဒီယာအနေဖြင့် စစ်ပွဲ၏အကျိုးဆက်များကို အနီးကပ်ဖော်ထုတ်ပြသနိုင်သကဲ့သို့ အမိမြေ (Mother Land) ၏ ရုန်းကန်လှုပ်ရှားနေရမှုများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုပေးနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်ပေးသည့်သဘောရှိသည်။ သို့သော် မျက်မှောက် အခြေအနေ၌မူ အသစ် အသစ်သော စစ်ပွဲများနှင့် သတင်းစစ်ပွဲသဏ္ဌာန် အခြေအနေများက မီဒီယာ၏ ပါဝင်ဆောင်ရွက်နိုင်မှုအပေါ် ယခင်ကထက် ပိုမိုရှိ မသေချာ မရေရာမှုများ

ဖြစ်လာစေခြင်း၊ ရောထွေးနေသည့် ခံစားချက်မျိုးကို ဖြစ်ပေါ်စေခြင်း စသည့်အခြေအနေများသို့ ဆိုက်ရောက်လာရန် အကြောင်းဖြစ်ပေါ်နေသည်ဟု ဆိုရပါလိမ့်မည်။

ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအစဉ် (Globalization)

ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအစဉ် (Globalization) အကြောင်းပြောမည်ဆိုလျှင် အထူးသဖြင့် စီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာ အခြေအနေနှင့် အကြောင်းအရာများအပေါ် များစွာ ဆွေးနွေးငြင်းခုံကြရပါလိမ့်မည်။ သို့သော်လည်း ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအစဉ်၏ တစ်စထက်တစ်စ ပြန့်ပွားဖြစ်တည်လာမှုကိုမူ မည်သို့မျှလျော့တွက်၍ မဖြစ်ပြန်ပေ။ ကမ္ဘာ့နိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာများနှင့် ပတ်သက်၍လည်း ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအစဉ်ကြောင့် ကွဲလွဲသည့်အမြင်နှင့် အလေ့အထများကို များစွာဖြစ်ပေါ်စေလျက်ရှိသည်။ ယင်းပြောင်းလဲမှုဖြစ်စဉ်တွင် မီဒီယာသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း၌ အနောက်နိုင်ငံများ၏ ၂၄ နာရီ သတင်းလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ ရေဒီယို၊ စကားပြောပွဲများနှင့် အင်တာနက်စာမျက်နှာများမှတစ်ဆင့် သတင်းပေါင်းများစွာကို ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့စေခဲ့သည်။

အထက်ပါအခြေအနေများထဲ၌ စစ်ပွဲသဏ္ဌာန်များနှင့်ပတ်သက်သည့် သတင်းရယူမှု (Media Coverage of Warfare) သည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့ပြီး ယင်းသို့ သတင်းရယူမှုအတွက် အဓိကလက္ခဏာ နှစ်ချက်ရှိသည်။ ပထမလက္ခဏာမှာ – စစ်ပွဲသည် သတင်းပေါင်းများစွာကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ မီဒီယာအပေါ် လူထုစိတ်ဝင်စားမှု မြင့်မားလာအောင်လည်း ဆောင်ရွက်ပေးနိုင်သည်။ စစ်ပွဲများသည် သတင်းကိုဖန်တီးပြုလုပ်မည့်သူများအတွက် စိတ်ကူးယဉ်ဆန်စွာ ပြောင်းလဲမှုမြန်ဆန်ခြင်း၊ လူထု၏ အလေးဂရုပြုမှုကို ရရှိစေခြင်းနှင့် ကြီးစွာသော ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ရခြင်းစသည့် အခြင်းအရာများကို ဆောင်ရွက်နိုင်သည်။ သို့သော်လည်း စစ်ပွဲဟူသည်နှင့် မီဒီယာ၏ အလေးဂရုပြုမှုကို ရရှိမည်ဟုတော့မဆိုလိုပေ။ အဘယ်ကြောင့်ဆိုသော် စစ်ပွဲတစ်ခုအနေဖြင့် ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းအရင်းနှင့် ကျယ်ပြန့်မှုပမာဏ (Scale and Intensity of the Conflict)၊ စစ်ဖြစ်ပွားသည့်နေရာ (Location) ၊ စစ်ပွဲတွင် မည်သူတွေပါဝင်သည် (Participants)၊ စသော မဟာဗျူဟာဆိုင်ရာ အခြားသောအကြောင်းအရာများသည်လည်း ယင်းစစ်ပွဲအပေါ် လူထုစိတ်ဝင်စားနိုင်မှုအတွက် ဆက်စပ်ပါဝင်နေ၍ဖြစ်သည်။

မီဒီယာနှင့် စစ်ပွဲသဏ္ဌာန်တို့၏ ဒုတိယလက္ခဏာမှာ – ဝိရောဓိဖြစ်ပေါ်စေခြင်း (Paradoxical) ပင်ဖြစ်သည်။ စစ်ပွဲအတွင်း သတင်းသမား (Journalist) တစ်ဦးသည် ၎င်းတို့၏ ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်အရ လိုက်နာဆောင်ရွက်ရသကဲ့သို့ တစ်ဖက်၌လည်း ပဋိပက္ခနှင့်သက်ဆိုင်သော သတင်းရင်းမြစ်များမှသတင်းကို ရယူချိန်၌ ၎င်းတို့အနေဖြင့် မယုံကြည်မှုများလည်း ဖြစ်ပေါ်နေတတ်သည်။ သတင်းသမားများသည် စစ်ပွဲအတွင်းတွင် အမှန်တရားကိုရှာဖွေရန် ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် ဆောင်ရွက်လိုကြခြင်းဖြစ်သော်လည်း အခြားသော မနှစ်မြို့စရာကောင်းသည့် အခြေအနေများစွာလည်း ရှိနေတတ်ပါသည်။ Philip Knightley ရေးသားသည့် “The First Casualty” စာအုပ်၌ ၁၉၇၀ ပြည့်နှစ်များအတွင်း စစ်ပွဲများ၌ သတင်းရယူခြင်းနှင့်ပတ်သက်၍ “အနိုင် အရှုံးကို သေချာစွာမဖော်ပြနိုင်သေးသည့်

စစ်ပွဲအခြေအနေမျိုးတွင် အမှန်တရားကို ရှင်းလင်းစွာ တွေ့မြင်နိုင်မှုမရှိကြောင်း” ဖွင့်ဆိုခဲ့သည်။ အလားတူ Robert Elegant ၏ “How to Lose a War” ဆောင်းပါးတွင်လည်း စစ်ပွဲအတွက် မီဒီယာသည် အရေးကြီးသည်မှန်သော်လည်း နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အစီအမံများကို ဖော်ပြခြင်းနှင့်ပတ်သက်၍မူ မီဒီယာဆိုသည့်အပေါ် တထစ်ချယုံကြည်၍မရနိုင်ကြောင်း ဖွင့်ဆိုခဲ့သည်။

စစ်ပွဲသတင်းရယူခြင်းနှင့်ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူက ၎င်းတို့ပြင်ဆင်ထားသည့် သတင်းကို ထိန်းသိမ်းကိုင်တွယ်နိုင်သော သတင်းထောက်မျိုးကိုသာ အဓိကရွေးချယ်၍ သတင်းပေးပြီး စစ်ပွဲတစ်ခုလုံး၏ အခြေအနေနှင့်ပတ်သက်၍ အမှန်တရားဟု ထင်မြင်ယူဆစေမှု (Truth Projection)၊ စစ်ဆင်ရေးလုံခြုံမှု (Operations Security)၊ လှည့်စားမှု (Deception)၊ စိတ်ဓာတ်စစ်ဆင်ရေး (Psychological Operations) စသည့် အကြောင်းအရာများကို ပေါင်းစပ်ထားသည့် “သဘောထားအသိအမြင်ကို စီမံထိန်းချုပ်မှု (Perception Management)”ကို ဖော်ဆောင်ကြခြင်းဖြစ်သည်။ စစ်ပွဲသတင်းများကို စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက သတ်မှတ်ပေးသောနေရာတွင် သက်ဆိုင်ရာကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဝေပေးသောသတင်းကို ဖြန့်ဝေပေးလိုက်သည့် သတင်းထောက်များမှတစ်ဆင့်သာ ရယူဖော်ပြခဲ့ကြသည့်ပုံစံမှ နောက်ပိုင်းတွင်မူ ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအစဉ်အရ စစ်ဖြစ်ပွားသည့်နေရာအထိ သတင်းသမားများရောက်ရှိ သတင်းယူလာသောအခါ ထိန်းချုပ်ဆောင်ရွက်ရန်ကိစ္စများမှာ လွန်စွာရှုပ်ထွေးခက်ခဲသည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအစဉ်နှင့်ပတ်သက်၍ Anthony Giddens က ရန်သူမရှိသောနိုင်ငံများ (States without enemies) ဟူသော စကားရပ်ကို ၁၉၉၄ ခုနှစ်က ဖွင့်ဆိုခဲ့သည်။ ဆိုလိုသည်မှာ နိုင်ငံအလိုက်ပိုင်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ တရားဝင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများအား အချိန်ကိုက်၊ နေရာကိုက် အပြန်အလှန်ဆောင်ရွက်လာကြခြင်း၊ ပွင့်လင်းသော စျေးကွက်များ ပိုမိုတိုးမြှင့်ဖြစ်ပေါ်လာပြီး ကမ္ဘာတစ်ဝန်းကုန်သွယ်မှုကို ဖွံ့ဖြိုးလာစေခြင်း အစရှိသည့်အချက်များက တစ်ချိန်က နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်မြေအငြင်းပွားမှုကို အကြောင်းပြု၍ စစ်ပွဲဖြစ်ပွားရခြင်းများအား အထူးလျော့ကျစေသည်။ Stockholm International Peace Research Institute ၏ လေ့လာချက်အရ ၂၀၀၁ ခုနှစ်အတွင်းတွင် အဓိကလက်နက်ကိုင်ပဋိပက္ခ ၂၄ ခု ဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံအချင်းချင်းဖြစ်သည့်စစ်ပွဲမှာ အိန္ဒိယနှင့်ပါကစ္စတန်အကြားဖြစ်ခဲ့သည့် စစ်ပွဲတစ်ပွဲသာရှိသည်ဟု ဆိုသည်။

ထို့အပြင် Anthony Giddens က နိုင်ငံမရှိသောရန်သူများ (Enemies without states) ဟူသော စကားရပ်ကိုလည်း ဖွင့်ဆိုခဲ့ပြီး အခြေခံဝါဒီများ (Fundamentalists) စုပေါင်း၍ ခုခံတိုက်ခိုက်သည့်စစ်ပွဲများကို အနာဂတ်တွင် ကြုံတွေ့လာရမည်ဟုလည်းဆိုသည်။ ပထဝီနိုင်ငံရေးအခြေအနေများအပေါ် ဗဟိုပြု၍ အခြေခံဝါဒီများအနေဖြင့် နိုင်ငံ၏လူထုအပါအဝင် လူနေထူထပ်သော နေရာဒေသများကို စစ်ဆင်တိုက်ခိုက်သည့်စစ်ပွဲ (Degenerate wars) အမျိုးအစား (ဥပမာ – ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်ဖြစ်စဉ်) မျိုးကို ဆောင်ရွက်လာကြလိမ့်မည်ဟု ဆိုသည်။ ထို့ကြောင့် ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု

အစဉ်၏ သက်ရောက်မှုများနှင့် ယင်းသို့သော အခြေအနေများကို ပိုမိုကောင်းမွန်စွာ လေ့လာသုံးသပ်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုစစ်ပွဲသဏ္ဌာန် (Industrial Warfare) နှင့် သတင်းစစ်ပွဲသဏ္ဌာန် (Information Warfare) တို့၏ အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲလာမှုများကို ဆက်လက်လေ့လာသွားပါမည်။

စက်မှုဆိုင်ရာစစ်ပွဲသဏ္ဌာန်များ (Industrial Warfare)

စက်မှုဆိုင်ရာစစ်ပွဲသဏ္ဌာန်များကို ယန္တရားများဖြင့် စစ်ဆင်ရေး (Mechanized Warfare) ဟု လည်းခေါ်ဝေါ်ကြသည်။ ဤစစ်ပွဲပုံသဏ္ဌာန်ကို ကမ္ဘာ၌ ၁၉၁၄ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်း တွေ့ရှိခဲ့ကြရပြီး သွင်ပြင်လက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်သည် –

- စက်မှုဆိုင်ရာစစ်ပွဲသဏ္ဌာန်များသည် အများအားဖြင့် နိုင်ငံအချင်းချင်းအကြား တိုက်ခိုက်သောစစ်ပွဲများဖြစ်ပြီး နယ်မြေအငြင်းပွားမှုများ (Disputes over territory) အတွက် တိုက်ခိုက်ကြခြင်းဖြစ်သည်။
- စစ်ပွဲအတွင်း ကြီးစွာသော စစ်စည်းရုံးမှုများ (Military Mobilisation) ကို ပြုလုပ်၍ သက်ဆိုင်ရာ နိုင်ငံလူထုတစ်ရပ်လုံးက စစ်ပွဲကို ထောက်ကူပံ့ပိုးပါဝင်ပေးကြရသည်။
- နိုင်ငံ၏ အမျိုးသားရေးအပါအဝင် စစ်ရေးဆိုင်ရာ ရုန်းကန်ရင်ဆိုင်မှုများ၊ စက်မှုဆိုင်ရာ ထုတ်ကုန်များကို စစ်ပွဲအတွက်ရေရှည်ထိန်းသိမ်းထုတ်လုပ်နိုင်ရန် လူထုတစ်ရပ်လုံးကို စစ်စည်းရုံးခြင်း (Military Mobilisation) ပြုလုပ်ပြီး အကြွင်းမဲ့စစ် (Total War) ကို ပုံဖော်သည့် မဟာဗျူဟာများအတိုင်း ဆောင်ရွက်ကြသည်။
- နိုင်ငံ၏ သယံဇာတပို့ဆောင်ရေးအပါအဝင် စွမ်းအင်ဆိုင်ရာ စက်မှုကဏ္ဌအားလုံးကို အစိုးရက လွှဲပြောင်းရယူ၍ စစ်ပွဲအတွက် မဟာဗျူဟာနှင့် စီမံချက်များကို ရေးဆွဲပုံဖော် ဆောင်ရွက်ကြသည်။
- နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား (National Interest) ဆိုသည်ကို အကြောင်းပြု၍ မီဒီယာကိုချုပ်ကိုင်ပြီး လတ်တလောဖြစ်ပေါ်နေသည့် စစ်ပွဲအပေါ် အထောက်အကူပြုစေသည့် သတင်းများ ရေးသားထုတ်လုပ်ဖြန့်ဝေခြင်း၊ လိုအပ်ပါက အချို့ကိုလည်း တည်းဖြတ်ပိတ်ပင်ဆောင်ရွက်ခြင်း (Censor) စသည်တို့အား ဆောင်ရွက်ကြသည်။

သတင်းစစ်ပွဲသဏ္ဌာန်များ (Information Warfare)

ပြီးခဲ့သည့်မျိုးဆက်များကို ဖြတ်ကျော်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် သတင်းစစ်ပွဲသဏ္ဌာန်သည် စက်မှုဆိုင်ရာစစ်ပွဲသဏ္ဌာန်များနေရာသို့ လျင်မြန်စွာအစားထိုးဝင်ရောက်လာခဲ့သည်။ တစ်နည်းအားဖြင့် တော်လှန်သောစစ်မှုရေးရာ (Revolution in Military Affairs – RMA) ကိုပါ ပြောင်းလဲဖြစ်ပေါ်လာစေခဲ့သည်။ စစ်ဘက်ဆိုင်ရာနည်းပညာများတွင် Digital Soldiers ဆိုသည်မှ ဒရုန်း (Drone) ၊ ဂြိုဟ်တု (Satellites) နှင့် ကွန်ပျူတာနှင့် တွဲဖက်အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ရသည့်လက်နက်များ (Computer – drenched weapons) ပေါ်ပေါက်လာသည်အထိ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထို့ကြောင့်ပင် နည်းပညာဆိုင်ရာဆိုသည်ထက် ပိုမိုကျယ်ပြန့်သော အသုံးအနှုန်းဖြစ်သည့် သတင်းစစ်ပွဲသဏ္ဌာန် (Information Warfare) ဟု ခေါ်ဝေါ်သုံးစွဲလာကြခြင်း ဖြစ်သည်။ သတင်းစစ်ပွဲသဏ္ဌာန်များ၏ သွင်ပြင်လက္ခဏာအချို့မှာ အောက်ပါအတိုင်းဖြစ်သည် –

- သတင်းစစ်ပွဲသဏ္ဌာန်၌ လူထုကို များပြားစွာ စစ်စည်းရုံးမှုပြုလုပ်ရန် မလိုအပ်တော့ပေ။ စစ်၏ သဘောသဘာဝကပင် စွမ်းရည်ပြည့်ဝသည့် အနည်းငယ်မျှသော စစ်သည်နှင့် အထောက်အကူပြုအဖွဲ့အပေါ်အားပြုဆောင်ရွက်ရသည်။ ယင်းစစ်သည်များကို တစ်နည်းအားဖြင့် knowledge warriors ဟုခေါ်ဆိုပြီး ၎င်းတို့သည် ကွန်ပျူတာနှင့် တွဲဖက်အသုံးပြုသည့် ကိရိယာပစ္စည်းများအပါအဝင် စစ်လက်နက်များဖြစ်သော အဆင့်မြင့်တိုက်ခိုက်ရေးလေယာဉ်၊ ကင်းထောက်စနစ်နှင့် နည်းပညာနှင့်ထိန်းကျောင်းရသည့် စနစ်တို့ကို ကျွမ်းကျင်စွာကိုင်တွယ်၍ တိုက်ပွဲဝင်ကြရခြင်းဖြစ်သည်။
- အနာဂတ်ပဋ္ဌိပက္ခများ၌ တွေ့ကြုံရမည့်စစ်ပွဲပုံစံသည် Instant Wars အမျိုးအစားသာဖြစ်လာမည်ဟု မျှော်လင့်ရပြီး စစ်ဆင်ရေးများသည်လည်း အမြင့်မားဆုံးသော နည်းပညာသုံးလက်နက်များကြောင့် ကာလအားဖြင့် ရက်ပိုင်းမှ ရက်သတ္တပတ် အနည်းငယ်ခန့်သာ ကြာမြင့်ကြောင်းတွေ့ရှိရသည်။ ဥပမာအားဖြင့် ပါရှန်ပင်လယ်ကွေ့စစ်ပွဲ (၁၉၉၁ ခုနှစ်) ၊ ဘော်လကန်စစ်ပွဲ (၁၉၉၉ ခုနှစ်) ၊ အာဖဂန်နစ္စတန်တိုက်ပွဲများ (၂၀၀၁ ခုနှစ်)နှင့် အီရတ်လွတ်မြောက်ရေးစစ်ပွဲ (၂၀၀၃ ခုနှစ်) စသည့် စစ်ပွဲများသည် အများဆုံး သုံးလခန့်သာ ကြာမြင့်ခဲ့ကြောင်း တွေ့ရှိရသည်။
- သတင်းစစ်ပွဲသဏ္ဌာန်တွင် လွန်စွာသတိထားပြီး အသေအချာ အလေးဂရုပြုရေးဆွဲထားသည့် အသေးစိတ်စီမံချက် (Meticulous planning) မျိုး ရှိရန်လိုအပ်သည်။ အဓိကအားဖြင့် လျင်မြန်စွာ ရွှေ့ပြောင်းနိုင်မှု (Mobility) ၊ ပြောင်းလွယ်ပြင်လွယ်ရှိမှု (Flexibility)၊ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်မှု (Rapid reaction) စသည်တို့ ပါဝင်မည်ဖြစ်ပြီး ပစ်မှတ်ကို တိကျစွာပစ်ခတ်နိုင်သောလက်နက်များနှင့် ပစ်ခတ်နိုင်မှုစွမ်းပကားကို ပေါင်းစပ်၍ အသုံးပြုတိုက်ခိုက်ခြင်းဖြစ်သည်။ သတင်းစစ်ပွဲတွင် နေ့စဉ်ထိတွေ့လှုပ်ရှားဆောင်ရွက်ရမှုများ၌ လူထုအင်အား မလိုအပ်ဘဲ ကျွမ်းကျင်သော (Knowledge warriors) များ၏ စွမ်းရည်ဖြင့်သာ စစ်ကိုဆင်နွှဲခြင်းဖြစ်သည်။ သို့သော်လည်း ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအစဉ်၏ အကျိုးသက်ရောက်မှုနှင့် မီဒီယာ၏ သတင်းရယူ ထုတ်လွှင့်မှုများမှတစ်ဆင့် လူထုအနေဖြင့်စစ်ပွဲ သို့မဟုတ် ပဋ္ဌိပက္ခ၏ အခြေအနေကို ကျယ်ပြန့်စွာ သိရှိနေမည်ဖြစ်သည်။
- သတင်းစစ်ပွဲသဏ္ဌာန်၌ လူထု၏အင်အား တိုက်ရိုက်ပါဝင်မှုမရှိသော်လည်း စစ်ပွဲအပေါ် လူထုက လိုလားစွာအတည်ပြုလက်ခံနိုင်ရေးမှာ အဓိကကျသည့် အချက်တစ်ချက်ဖြစ်သည်။ ဒီမိုကရက်တစ်နိုင်ငံများတွင် နေထိုင်ကြသော လူထုအနေဖြင့်သော်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းမှ အခြားသော လူထုအနေဖြင့်သော်လည်းကောင်း၊ စစ်ပွဲကိုလက်ခံနိုင်ရေး အမြင် (Public Opinion) သည် လွန်စွာ အရေးပါသည့်အတွက် စစ်ပွဲသတင်းရယူမှုအပေါ် သဘောထားအသိအမြင်ကို စီမံထိန်းချုပ်နိုင်မှု (Perception Management) လုပ်ဆောင်နိုင်ရန်လည်း လိုအပ်မည်ဖြစ်သည်။ အလားတူ ဒီမိုကရက်တစ်နိုင်ငံများ၌ လွတ်လပ်သော မီဒီယာ (Free media) များလည်း ရှိနေသည်ဖြစ်ရာ နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များအနေဖြင့် ယင်းမီဒီယာများမှ မှားယွင်းသောစစ်သတင်းများ

ထုတ်လွှင့်မှုမရှိစေရေးအတွက် စစ်ပွဲ၏ သတင်းများကို မှန်ကန်စွာ ထုတ်ပြန်ပေး နေရန် လိုအပ်သကဲ့သို့ တစ်ဖက်၌လည်း သတင်းများအား ပိတ်ပင်တားမြစ်ခြင်း (The charge of censorship) မျိုးကို ရှောင်ရှား ရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် Perception Management ကို ကိုင်တွယ် ဆောင်ရွက်ရာတွင် စစ်ပွဲနှင့်ပတ်သက်၍ မှန်ကန်မှုရှိပြီး လွတ်လပ်စွာ စုစည်းရရှိထား သည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေထုတ်ပြန်ပေးနိုင်ရန် အထူးလိုအပ် မည်ဟု ဆိုသည်။

“ပဋ္ဌိပက္ခတစ်ခု သို့မဟုတ် စစ်ပွဲအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် လူထုက ကျယ်ပြန့်စွာ လက်ခံလာရန် မီဒီယာအနေဖြင့်လည်း လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရေး အရေးကြီးသည်။”

သတင်းစစ်ပွဲသဏ္ဌာန်၊ လူ့အခွင့်အရေးနှင့် မီဒီယာ (Information warfare, Human rights and media)

ပဋ္ဌိပက္ခတစ်ခု သို့မဟုတ် စစ်ပွဲအတွင်း ဖြစ်ပေါ် နေသည့်အခြေအနေများအပေါ် လူထုက ကျယ်ပြန့်စွာ လက်ခံလာရန် မီဒီယာအနေဖြင့်လည်း လိုက်လျော ညီထွေ ဆောင်ရွက်နိုင်ရေး အရေးကြီးသည်။ စစ်ပွဲနှင့် ပတ်သက်သော သတင်းများကို Perception Management နည်းလမ်းနှင့် ကြိုးပမ်းဆောင်ရွက်ရန် ရည်မှန်းသည် မှန်သော်လည်း ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုအစဉ်နှင့်အတူ လက်ရှိအရေ အတွက်ထောင်ချီရှိနေသော သတင်းသမားများ (Journalists) များကို တင်းကျပ်စွာ ကိုင်တွယ်ထိန်းချုပ် နိုင်ရန်မှာ မဖြစ်နိုင်သည့် အခြေအနေတစ်ရပ်ပင်ဖြစ် သည်။ အလားတူ နည်းပညာဖွံ့ဖြိုးတိုးတက်မှုအရ ပေါ်ထွန်းလာသည့် မီဒီယာပုံစံသစ် (New Media) နှင့် ဓာတ်ပုံများ၊ သတင်းများအပါအဝင် လူထု၏ ထင်မြင် ချက်များကို အင်တာနက်ပေါ်၌ ဆက်သွယ်စုဆောင်း ရယူနိုင်ရန်မှာလည်း လွန်စွာ လွယ်ကူလာလျက်ရှိသည်။ ယင်းသို့သော အချိန်အခါတွင် မီဒီယာသည် တိုက်ပွဲ နယ်မြေမှ သတင်းများကိုရေးသားဖြန့်ဝေပေးရုံသာမက စစ်ပွဲတစ်ခုလုံးသည်လည်း မှန်ကန်ကြောင်း၊ တရား မျှတကြောင်းကို သက်သေပြနိုင်သည့် ပလက်ဖောင်း တစ်ခုအနေမျိုးဖြင့် ဆောင်ရွက်ပေးရန် အထူးလိုအပ်

သည်။ တစ်ချိန် စက်မှုစစ်ပွဲသဏ္ဌာန်များခေတ်ကကဲ့သို့ မီဒီယာအား အမျိုးသားရေးကိစ္စ တစ်ခုအတွက်သာ တိုက်ရိုက်ဖိအားပေးဆောင်ရွက်ခြင်းထက် လက်ရှိအချိန်တွင် လူထု ထောက်ခံမှုရရှိနိုင်ရေးအတွက် လိုအပ်သလို ဝေဖန်ပိုင်းခြားပြသနိုင်ရန် လိုအပ်လာလျက် ရှိသည်။ ထိုအခါ လူ့အခွင့်အရေး (Human Rights) သည်လည်း အရေးပါလာပြန်သည်။ မီဒီယာသည် စစ်ပွဲအတွင်း သတင်းရယူရေးသားရန် တစ်ခုတည်းသာ မဟုတ်တော့ဘဲ ဒီမိုကရက်တစ်စံနှုန်းများကိုပါ အခြေခံ၍ ဆက်စပ်ဖော်ထုတ်ရေးသားလာမည်ကို သတိပြု မိရန်လိုသည်။

တစ်နည်းအားဖြင့် စစ်ပွဲမစတင်မီကပင် မီဒီယာသည် ရှိနေပြီးဖြစ်သည့်အတွက် လူ့အခွင့်အရေးနှင့်ပတ်သက်သော မှတ်တမ်းမှတ်ရာများကို ကိုးကား၍လည်း ဆောင်ရွက် တတ်ကြသည့်သဘောရှိသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်လျှင် မီဒီယာကဲ့သို့ အဖွဲ့အစည်း သာမက နိုင်ငံတကာရှိ ကမ္ဘာ့အဖွဲ့အစည်းများဖြစ်သော Amnesty International ၊ UNICEF၊ Human Rights Watch ၊ The Red Cross နှင့် Medecins Sans Frontieres အစရှိသော အဖွဲ့အစည်းများမှလည်းကောင်း၊ ပြည်တွင်းနိုင်ငံခြားခရီးသွားများထံမှလည်းကောင်း သတင်းများ ကျယ်ပြန့်စွာ ဖြန့်ဝေရောက်ရှိနိုင်သည်။ အခြားသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs) အနေဖြင့်လည်း ကမ္ဘာ၌ အရေအတွက်သောင်းနှင့်ချီ၍ ဖွဲ့စည်း လှုပ်ရှားလျက်ရှိရာ ယင်းသို့သောအဖွဲ့အစည်းများမှတစ်ဆင့် စစ်ပွဲအတွင်း လူ့အခွင့်အရေး ဆိုင်ရာ စောင့်ကြည့်လေ့လာ အစီရင်ခံမှုများကိုပါ သတိပြုမိကြရမည်ဖြစ်သည်။ ထို့ကြောင့် သတင်းစစ်ပွဲသဏ္ဌာန်အတွင်း စစ်ပွဲသတင်းများနှင့်ပတ်သက်၍ မီဒီယာ ကိုထိန်းချုပ်နိုင်ရန်မှာ လွန်စွာခက်ခဲလာလျက်ရှိသကဲ့သို့ ဒီမိုကရက်တစ်စံနှုန်းဆိုင်ရာ အခြေအနေများဖြစ်သော လူ့အခွင့်အရေးအပါအဝင် အခြားအမျိုးမျိုးသော အကြောင်းအရာများကိုလည်း မီဒီယာ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက လေ့လာစောင့်ကြည့် ဖော်ထုတ်ဖြန့်ဝေကြမည် ဖြစ်သည့်အတွက် မျက်မှောက်ခေတ်စစ်ပွဲများ၌ လူတို့၏ သဘောထားအသိအမြင်ကို စီမံ ထိန်းချုပ်ရန်ဆိုသည်မှာ လွန်စွာ ခဲယဉ်းလိမ့်မည်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ရဲရင့်တင့်ဆွေ

Ref: – INFORMATION WARFARE IN AN AGE OF GLOBALISATION by GLOBALISATION by Frank Webster

Ef,lef;vm , lu&ef,ppf
b , folA,L [mrnf;cJ vJ

aeZifvwf

“ခြံငုံရရင်တော့ ခေါင်းဆောင်တွေရဲ့
အဆုံးအဖြတ်မှားမှု၊
ဘေးထွက်ဆိုးကျိုး အကုန်အစင်မတွက်နိုင်မှု၊
ဗျူဟာအမှားအယွင်းတွေဟာ စစ်ပွဲတစ်ခု၊
သမိုင်းတစ်ခုရဲ့ အဆုံးအဖြတ်
ဖြစ်လာစေပါတယ်။”

ဓာတ်ပုံ–အင်တာနက်

နိဒါန်း

ခေတ်သစ်စစ်ပွဲတွေထဲမှာ ယူကရိန်းစစ်ဟာ ဒုတိယကမ္ဘာစစ်ကြီးအပြီး အကြီးဆုံး၊ ဆုံးရှုံးမှုအများဆုံးနဲ့ ကမ္ဘာကြီးအပေါ် ရိုက်ခတ်မှုအကြီးဆုံးစစ် ဖြစ်ခဲ့တယ်။ စစ်ပွဲအစပိုင်းမှာ သူတစ်ပြန်၊ ကိုယ်တစ်ပြန်လို့ ထင်ယောင်ထင်မှား ရှိခဲ့ပေမယ့် "လ" အနည်းငယ်ကြာလာတော့ စစ်ပွဲအခြေအနေက သိသာလာတယ်။ ကမ္ဘာ့ရေးရာတွေအပေါ် ရိုက်ခတ်မှု၊ Nord Stream ဓာတ်ငွေ့ပိုက်လိုင်းဖောက်ခွဲမှုတွေအရ ဘယ်ဘက်က အထက်စီးရလာတယ်ဆိုတာ မြင်သာလာပါတယ်။ ၂၀၂၃ ခုနှစ်ထဲမှာ ယူကရိန်းဘက်က အထွေထွေတန်ပြန်ထိုးစစ် (Counter Offensive) က ကြီးကြီးမားမား စတင်ခဲ့တယ်။

အမေရိကန်ရော၊ နေတိုးကပါ အဲဒီ တန်ပြန်ထိုးစစ်ကို အများကြီးမျှော်လင့်ခဲ့ပါတယ်။ လက်တွေ့မှာ ယူကရိန်းဘက်က တပ်ပြန်လန်ကျသွားတယ်။ ဗြိတိသျှတွေရဲ့ သုံးသပ်ချက်အရ ရှုရှား ပြင်ဆင်ထားတဲ့ ခံစစ်က ကမ္ဘာ့အကောင်းဆုံးခံစစ်ဖြစ်ပြီး ယူကရိန်းဘက်က အထိနာသွားတယ်လို့ သုံးသပ်တယ်။ အဲဒီ Counter Offensive မှာ ယူကရိန်းဘက်က ကျရှုံးပြီးတဲ့ နောက်ပိုင်း နေတိုး၊ အီးယူနဲ့ အမေရိကန်ဘက်ကအသံတွေ ကွဲပြားစွာ ထွက်ပေါ်လာပါတော့တယ်။

ရည်ရွယ်ချက်နဲ့ မဟာဗျူဟာ

စစ်အေးကာလအတွင်း ဆိုဗီယက်ယူနီယံ ပြိုကျသွားပြီး အမေရိကန်ဟာ ပြိုင်ဘက်ကင်း ဖြစ်လာတယ်။ ကမ္ဘာကြီးဟာလည်း Unipolar World ဆိုတဲ့ ဝင်ရိုးတစ်ချောင်း (ဇက

ဝင်ရိုးကမ္ဘာ) ဖြစ်လာခဲ့တယ်။ ဘောရစ်ယဲလ်ဆင်နောက် ဗလာဒီမာပူတင်ဟာ ရုရှားသမ္မတ ဖြစ်လာတယ်။ ပူတင်လက်ထက် နှစ်ပေါင်း ၂၀ ကျော်မှာ ရုရှားဟာ အုံ့ဩဖွယ်ရာ အင်အားပြန်လည် ပြည့်ဖြိုးလာခဲ့ပြီး စစ်ရေးနည်းပညာ အချို့သောကဏ္ဍတွေမှာ အမေရိကန်ကိုတောင် ခြိမ်းခြောက်နိုင်တဲ့အဆင့်ကို ရောက်လာခဲ့တယ်။

တရုတ်က စီးပွားရေးမျက်နှာစာမှာ အမေရိကန်ကို စိန်ခေါ်နိုင်ခဲ့သလို စစ်ရေးဘက်မှာလည်း ရုရှားက အမေရိကန်ကို စိန်ခေါ်နိုင်တဲ့အဆင့်ထက်တောင် ကျော်နေတာ တွေ့ရတယ်။ ဇကဝင်ရိုးအဖြစ် အမြဲနေချင်တဲ့ ရုရှားကို ဒုတိယအကြိမ် ထပ်ပြိုကွဲဖို့ ဖြစ်လာရတယ်။ ဒါက အမေရိကန်ဦးဆောင်တဲ့ အနောက်ကမ္ဘာရဲ့ ရည်ရွယ်ချက်ပါပဲ။

ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ မဟာဗျူဟာ ရေးဆွဲရပါတယ်။ နေတိုး–ရုရှား ထိပ်တိုက်တွေ့မလား။ အဏုမြူပိုင်နိုင်ငံတွေမို့ အင်မတန် အန္တရာယ်ကြီးတယ်။ တစ်ဖက်က တိုက်ခိုက်လာမည့် အဏုမြူအားလုံးကို ဘယ်ဘက်ကမှ "အလုံးစုံ" ကြားဖြတ်မဖျက်ဆီးနိုင်ဘူး။ ကိုယ့်နိုင်ငံမှာလည်း စစ်မဖြစ်ချင်ဘူး။ ရုရှားကိုလည်း ဆက်ပြီး အင်အားမတောင့်တင်းစေချင်တော့ဘူး။ ဒီတော့ စစ်မြေပြင်အဖြစ် ရုရှားနဲ့ကပ်လျက် ယူကရိန်းကို ရွေးရပါတော့တယ်။

- ယူကရိန်းစစ်ပွဲမှာ ရုရှားကို နစ်ဖို့၊
- စစ်ကြောင့်ရုရှားစီးပွားရေးကျဆင်းစေဖို့၊
- လူမှုစီးပွားရေးမငြိမ်မသက်ဖြစ်ရင် ပူတင်ပြုတ်ကျဖို့၊
- အခြေအနေပေးရင် ရုရှားနယ်ထဲ ယူကရိန်းကိုချဲ့ထွင်စေဖို့ အခြေခံရည်ရွယ်ချက်နဲ့ မဟာဗျူဟာက အဲဒီလိုဖြစ်လာတယ်။

အစပျိုးစနက်တံ

မူလအကြောင်းရင်းက ရှိထားနှင့်ပြီးသားပါ။ ဒါပေမဲ့ စစ်ပွဲဖြစ်ဖို့ အစပျိုးပြဿနာဆိုတာ ရှိကြရတယ်။ အဲဒီ Triggering Cause ကတော့ ယူကရိန်းကို နေတိုးအဖွဲ့ဝင်အဖြစ် လက်ခံကြဖို့ စီစဉ်ကြတာပါပဲ။ ရုရှားဘက်က မနေနိုင်တော့ဘူး။ အကြောင်းတွေက ရှိနေတယ်လေ။

– ယူကရိန်းက ရုရှားရဲ့ အိမ်နီးချင်း၊ တစ်ချိန်က "မောင်နှမနိုင်ငံ"

– ယူကရိန်းသာ နေတိုးအဖွဲ့ဝင်ဖြစ်ခဲ့ရင် မတော်တဆ ယူကရိန်းနဲ့ရုရှားတို့ ထိပ်တိုက်တွေ့ကြတဲ့အခါ နေတိုးက မပါ–မနေရ ပါလာရတော့မယ်။ နေတိုးသဘောတူညီချက်တစ်ရပ်ထဲမှာ အဖွဲ့ဝင်နိုင်ငံတစ်ခုခုနဲ့ အခြားနိုင်ငံ စစ်ဖြစ်ခဲ့မယ်ဆိုရင် ကျန်နေတိုးနိုင်ငံတွေက အဖွဲ့ဝင်နိုင်ငံဘက်က စစ်ဝင်တိုက်ရမယ်ဆိုတဲ့အချက်က ရုရှား လုံးဝလက်မခံနိုင်တဲ့ အချက်ပဲ။

ဒီတော့ရုရှားက ဘာလုပ်ရမလဲ။

လောလောဆယ် စစ်ကိုရှောင်ရင် အနာဂတ်မှာ နေတိုးနဲ့ ထိပ်တိုက်တွေ့ရမယ်။ ဒီတော့ ယူကရိန်းက နေတိုးထဲမဝင်မီ စစ်တိုက်ရတော့မယ်။ ဒီအချက်ကိုလည်း အမေရိကန်နဲ့ နေတိုးက သိထားတယ်။ ဒါကြောင့် ယူကရိန်းကို အထူးအခွင့်အရေးပေးပြီး နေတိုးဘက်က လက်ခံမယ်ဆိုပြီး ရုရှားစစ်ထဲဝင်လာအောင် ထောင်ချောက်ဆင်လိုက်တာ ဘုမသိဘမသိက ဇဲလန်စကီးပဲ။ နေတိုးကလည်း ရုရှားနဲ့ ထိပ်တိုက်မတွေ့ချင်လို့ ယူကရိန်းကို စစ်မြေပြင်အဖြစ်

ဖန်တီးလိုက်ပြီး နောက်ကွယ်က အကူအညီပေး၊ ရုရှားကိုစစ်နွံနစ်ဖို့ ဗျူဟာကို ဖန်တီးခဲ့ကြတာပါ။ နေတိုးအဖွဲ့ဝင်ဖြစ်ရေး ယူကရိန်းရဲ့ကြိုးပမ်းမှုက ယူကရိန်းစစ်ဖြစ်ဖို့ Triggering Cause/ Immediate Cause ဖြစ်လာခဲ့တော့တယ်။

ဘေးထွက်ဆိုးကျိုးကြီးတဲ့ခေတ်

ခေတ်သစ်မှာ နိုင်ငံတွေဟာ ရှေးကထက်ပိုပြီး ဆက်ဆံရေး၊ ကုန်သွယ်ရေး အမှီသဟဲပြုမှုတွေ ပိုကြီးမားလာတယ်။ နိုင်ငံတစ်ခုမှာ အရေးကြီးဆုံး နှစ်ချက်က အစားအသောက်နဲ့ လောင်စာပဲ ဖြစ်ပါတယ်။ အအေးလွန်တဲ့ အနောက်နိုင်ငံအုပ်စု အတော်များများက ဓာတ်ငွေ့လိုအပ်ချက်ကြီးတယ်။ အနာဂတ်ကာလ အမေရိကန်ရဲ့ရန်ကို မျှော်မှန်းပြီး အနောက်အုပ်စုကို ရုရှားက စျေးချိုချိုနဲ့ ဓာတ်ငွေ့တွေပေးပြီး သူ့အပေါ်မှီခိုလာအောင် စီမံထားတယ်။

ကြီးမားတဲ့ စစ်ပွဲတစ်ပွဲအတွက် နှစ်ဖက်လုံးက အကြောင်းပေါင်းစုံကို စစ်မဖြစ်ခင်တည်းက တွက်ချက်ကြရပါတယ်။ အမေရိကန်တွေဟာ ရှေးသမ္မတတွေလို ဘေးထွက်ဆိုးကျိုးကို အကုန်အစင် မတွက်နိုင်ကြသလိုပဲ အဲဒီဘေးထွက်ဆိုးကျိုးတွေကပဲ အမေရိကန်ကို ပြန်ပြီး ဒုက္ခပေးရင်း အမေရိကန် တဖြည်းဖြည်း ကျဆင်းလာတာကို သတိထားမိပါတယ်။ တစ်ကမ္ဘာလုံးကို လွှမ်းမိုးချုပ်ကိုင်ထားတဲ့ အမေရိကန်ရဲ့လက်နက်ကတော့ Sanction ပါပဲ။ Sanction ထဲမှာ ဒေါ်လာ၊ ဘဏ်စနစ်၊ ကုန်စည်ပိတ်ပင်မှုတွေကအစ အားလုံး ပါဝင်နေပါတယ်။

ဒါပေမဲ့ အမေရိကန်ရဲ့လွှမ်းမိုးမှုကို တွန်းလှန်နိုင်ဖို့ ရုရှား၊ တရုတ် ဦးဆောင်ပြီး ကမ္ဘာ့ငွေကြေးစနစ်၊ ဘဏ်စနစ်တွေကအစ ပြင်ဆင်ထားတာကို အမေရိကန်က လျော့တွက်ထားဟန်ရှိတယ်။ စစ်ဖြစ်ဖြစ်ခြင်း အမေရိကန်က ယူကရိန်းကို စစ်လက်နက်ပို့ပြီး စစ်ရေးနဲ့ ဖိအားပေးသလို အပြင်ဘက်ကလည်း Sanction ဖိအားပေးတယ်။ ရုရှားပိုင်ဆိုင်တဲ့ငွေတွေ၊ ရုရှား Tycoon တွေ ပိုင်ဆိုင်တဲ့ Assets တွေကို ချက်ချင်းသိမ်းတယ်။ အဲဒီအကွက်မှာတော့ ရုရှား အထိနာခဲ့တာ အမှန်ပါ။

ရုရှားဘက်ကလည်း စွမ်းအင်စျေးနှုန်း၊ စားသောက်ကုန်စျေးနှုန်းမြှင့်ပြီး ပြန်တုံ့ပြန်ခဲ့တယ်။ အနောက်အုပ်စုဘက်က အသံတွေထွက်လာရတော့တယ်။ အမေရိကန် Sanction မထိရောက်ဘူး မဟုတ်ပါဘူး။ ဒါပေမဲ့ ကြိုတင်ပြင်ဆင်ထားတဲ့အတွက် ရုရှားက ဒဏ်ရာနည်းနည်းနဲ့ ဖောက်ထွက်နိုင်ခဲ့တယ်။ အနောက်အုပ်စုဘက်မှာ ငွေကြေးဖောင်းပွမှုဒဏ်၊ စွမ်းအင်မြင့်တက်မှုဒဏ်ကို ကြီးကြီးမားမား ခံလိုက်ကြပြီး အစိုးရအပေါ် ပြည်သူတွေ မကျေနပ်မှုတွေ ပြသလာတယ်။

ကြီးမားတဲ့ ဘေးထွက်ဆိုးကျိုးကို မျှော်လင့်ထားတာထက် အနောက်အုပ်စုက ပိုခံလာရတာ တွေ့ရတယ်။ ဒီဒဏ်ကြောင့်ပဲ ယူကရိန်းစစ်ကို ရေရှည်ဘယ်လောက်အထိ ကူညီနိုင်မလဲဆိုတာ အမေရိကန်ရော နေတိုးနိုင်ငံတွေမှာပါ မေးခွန်းအကြီးကြီး ဖြစ်လာပါတော့တယ်။

အနိုင်အရှုံးပြင်းလို့မရပါ

စစ်ပွဲက တအိအိနဲ့ "လ" ကနေ "နှစ်ချီ" လာပါတယ်။ ရုရှားဘက်က စစ်ပွဲဟာ (လေး – ငါး) နှစ် အထိ ကြာသွားနိုင်တယ်။ အဲဒီအတွက်လည်း ရုရှား ဘက်က ပြင်ဆင်ထားတယ်လို့

ထုတ်ပြောလာတယ်။ အမေရိကန်နဲ့ နေတိုးက ဧလန်စကီးကို (လေး – ငါး) နှစ်ကာလအထိ ကူညီနိုင်ပါ့မလား။ အမေရိကန်မှာ ယူကရိန်းကို စစ်ကူနေရလို့ အကြွေးတက်ပြီး ဥပဒေပြုရေးနဲ့ သမ္မတစကားများ နေရတဲ့ အခြေအနေရောက်လာခဲ့ပြီ။

နောက် အဓိကအချက်က နယ်မြေထိန်းချုပ်နိုင်ရေးပါပဲ။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့သတင်းအရ ယူကရိန်းနယ်မြေ ၁၁ ရာခိုင်နှုန်းကျော်ကို ရုရှားတွေ ထိန်းချုပ်သွားပါပြီ။ ဒီအချက်က ယူကရိန်းတွေ စစ်ရှုံးနေတယ်ဆိုတဲ့ လက္ခဏာပါပဲ။ ၂၀၂၃ ခုနှစ်ထဲမှာ ယူကရိန်းရဲ့ အထွေထွေတန်ပြန်ထိုးစစ် ကျဆုံးခဲ့ပြီးတဲ့ နောက်ပိုင်း ယူကရိန်းဘက်က တိုက်စွမ်းရည် အတော်ကျသွားခဲ့တယ်။ ယူကရိန်းစစ်နွံထဲမှာ ရုရှားကို အပြီးနှစ်မြုပ်ဖို့ ကြိုးစားခဲ့တာက အမေရိကန်နှင့် နေတိုးဖြစ်ပြီး လက်တွေ့မှာ ယူကရိန်းစစ်နွံထဲ မထွက်နိုင်အောင် နစ်သွားတာက အမေရိကန် ဖြစ်နေပါတယ်။ အခြားတစ်ဖက်မှာလည်း အစ္စရေးစစ်က အရှိန်တက်လာခဲ့ပြီမို့ ဘိုင်ডန်အနေနဲ့ ယူကရိန်းစစ်ကို အပြည့်အဝ ကူညီနိုင်ဖို့ မမြင်တော့ဘူး။

"အမေရိကန်အခက် – ရုရှားအချက်" ကို ကောင်းကောင်းသိတဲ့ ပူတင်က Summer Offensive ဆိုတဲ့ နွေဦးအထွေထွေထိုးစစ်အတွက် ပြင်ဆင်နေပြီလို့ ထုတ်ပြောလိုက်ပါတော့တယ်။ ပင်လယ်နဲ့ထိစပ်တဲ့ နေရာတွေကို ရုရှားကသိမ်းထားပြီး Kherson အထိ ရောက်နေပါပြီ။ အထွေထွေ ထိုးစစ်မှာ ကျန်တဲ့ အိုဒက်ဆာနဲ့ ကိယက်ဗ်ကို အဓိက တိုက်လိမ့်မယ်လို့ သုံးသပ်ပါတယ်။

အိုဒက်ဆာသာ ရုရှားဘက်ပေးလိုက်ရင် ယူကရိန်းဟာ ပင်လယ်ထွက်ပေါက်ပိတ်သွားပြီး ရုရှားပြုသမျှ "နု" ရပါတော့မယ်။ ကိယက်ဗ်မြို့တော် ကျသွားရင် ဧလန်စကီး ထွက်ပြေးရပြီး ယူကရိန်းကို နိုင်ငံရေးအရ ရုရှားက သူ့လူတင်ပြီး ထိန်းချုပ်သွားပါ လိမ့်မယ်။

ယူကရိန်းစစ်ပွဲ အနိုင်အရှုံးက ငြင်းမရတော့ ပါဘူး။ လောလောဆယ် ရုရှားစီပွဲပါသွားတဲ့ ၁၁ ရာခိုင်နှုန်းဆိုတဲ့ နယ်မြေဟာ ဘယ်တော့မှ ပြန်ရစရာ

"အမေရိကန်အခက် – ရုရှားအချက်" ကို ကောင်းကောင်းသိတဲ့ ပူတင်က Summer Offensive ဆိုတဲ့ နွေဦးအထွေထွေ ထိုးစစ်အတွက် ပြင်ဆင်နေပြီလို့ ထုတ်ပြော လိုက်ပါတော့တယ်။"

မရှိတော့ပါဘူး။ အခြေအနေအမှန်ကို မှန်မှန်ကန်ကန် သုံးသပ်နိုင်တဲ့ နေတိုးနိုင်ငံတချို့က ငြိမ်းချမ်းရေးကို ဆွေးနွေးပြီး ပါသွားတာကို ပြန်မတောင်းဘဲ ကျန်တဲ့မြေ ထပ်မပါအောင် လုပ်ကိုင်ဖို့ အဆိုပြုတာတွေ ရှိလာခဲ့ပါတယ်။

ယူကရိန်းသမ္မတ ဇဲလန်စကီးကလည်း "အမေရိကန်အကူအညီသာ ဆက်မရရင် ယူကရိန်း စစ်ရှုံးမယ်" လို့ ထုတ်ပြောရတဲ့အဆင့်လည်း ရောက်လာခဲ့ပါပြီ။

နှစ်နှစ်တာ ဆုံးရှုံးမှုများ

ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြီးမားဆုံးစစ်ဖြစ်လိမ့်မယ်လို့ ဗြိတိန်ဘက်က သုံးသပ်ပေးခဲ့တဲ့အတိုင်း အမှန်တကယ်လည်း စစ်က ကြီးမားခဲ့ပါတယ်။ ဆုံးရှုံးမှုကလည်း အတော်ကို ကြီးမားခဲ့ပါတယ်။ စစ်လက်နက်၊ ယာဉ်၊ ယန္တရား၊ တင့်ကား စတာတွေကို ကိုးကားရေးမယ်ဆိုပြီး လေ့လာလိုက်တော့ ရှစ်နေရာက ရှစ်မျိုး မတူကွဲပြားစွာ ထွက်လာတာတွေ့ရတယ်။ အနောက်အုပ်စု Statistics အရဆိုတော့ ယူကရိန်းဆုံးရှုံးမှုကိုလျှော့ပြီး ရုရှားဆုံးရှုံးမှုကို မြှင့်ထားတာတွေ့ရတယ်။

အဓိကကျတဲ့လူ (သေဆုံး/ ဒဏ်ရာ)စာရင်းမှာ ဗြိတိန်သတင်းရင်းမြစ်တစ်ခုက ၅၀၅,၀၀၀ လောက် ရုရှားဘက်က ဆုံးရှုံးတယ်လို့ ရေးထားတာတွေ့ရတယ်။ အမေရိကန် ထောက်လှမ်းရေးရဲ့ စာရင်းဇယားအရကတော့ ရုရှားဘက်က ၃၁၅,၀၀၀ ဟာ သေဆုံး/ ဒဏ်ရာရထားတယ်လို့ ဆိုပါတယ်။ ဒီကိန်းဂဏန်းကတော့ နီးစပ်မယ်လို့ ယူဆပါတယ်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ရုရှားကာကွယ်ရေးဝန်ကြီးရဲ့ သတင်းထုတ်ပြန်ချက်အရ ယူကရိန်းဘက်က ဆုံးရှုံးတဲ့လူ သေဆုံး/ ဒဏ်ရာ အရေအတွက်က ၄၄၀,၀၀၀ ရှိတယ်လို့ ဆိုတယ်။ ဒီကိန်းဂဏန်းကလည်း နီးစပ်ဖွယ်ရာရှိတယ်လို့ ယူဆပါတယ်။ ယူကရိန်းဘက်က စစ်ပြေးဒုက္ခသည်တွေ ပြည်ပထွက်ပြေးသူအရေအတွက်က ၁၁ သန်းကျော်သွားပါပြီ။ အတော်ထိတ်လန့်ဖွယ်ရာကောင်းတဲ့ ကိန်းဂဏန်းတွေပါပဲ။

ဒီနေရာမှာ အဓိကကျတဲ့ ယူကရိန်းကို ထောက်ပံ့တဲ့အခြေအနေကို လေ့လာဖို့ လိုပါလိမ့်မယ်။ ရှေ့တန်းမှာ သေနတ်ကိုင်တိုက်နိုင်အောင်လို့ နောက်တန်းက Logistics က အရေးပါလှပါတယ်။ ယူကရိန်းအပေါ် အထောက်အပံ့ကို (၃) မျိုးခွဲခြားထားပါတယ် –

– Military

– Humanitarian

– Financial ဆိုပြီး ဖြစ်ပါတယ်။

နိုင်ငံအနေနဲ့လည်း (၃) မျိုးခွဲထားပါတယ်–

– EU

– US

– UK ဆိုပြီး တွေ့ရတယ်။

EU က လောလောဆယ်အထိ ယူကရိန်းကို ပေါင် ၈၀ ဘီလီယံကျော်အထိ ကူညီခဲ့ပြီးပါပြီ။ စစ်ရေးအကူအညီက ပေါင် သုံးဘီလီယံ လောက်ပဲရှိပြီး Financial Aid က ပေါင် ၈၀ ဘီလီယံလောက် ဖြစ်ပါတယ်။ ပြောရရင် ဝိနည်းလွတ် ကူညီတဲ့ပုံစံပါ။ အမေရိကန်က

လောလောဆယ်အထိ ပေါင် ၆၀ ဘီလီယံအထိ ကူညီထားပြီး Military Aid က ပေါင် ၄၀ ဘီလီယံကျော် ဖြစ်ပါတယ်။ ဘိုင်ဒင်က ပေါင် ၆၀ ဘီလီယံ အကူအညီထပ်ပေးမယ်လို့ ဆိုထားလေတော့ အမေရိကန်ရဲ့အကူအညီဟာ ပေါင်၁၀၀ ဘီလီယံကျော်ဖြစ်မှာမို့ အများဆုံး ဖြစ်လာပါလိမ့်မယ်။ ဗြိတိန်ရဲ့အကူအညီက ပေါင် ၁၈ ဘီလီယံလောက်ရှိပြီး စစ်ရေး အကူအညီက ပေါင် ၁၀ ဘီလီယံကျော် ဖြစ်ပါတယ်။

ဒီနေရာမှာ Aid လို့ သုံးမထားပါဘူး။ Assistance လို့ သုံးထားလေတော့ တစ်ချိန်ချိန်မှာ ယူကရိန်း ပြန်ဆပ်ရမည့်ငွေတွေ ဖြစ်လာပါတယ်။

ခြုံငုံသုံးသပ်ခြင်း

အမှန်တကယ်က Research Paper တစ်ခုအနေနဲ့ ရေးဖို့ကောင်းပါတယ်။ ဆောင်းပါး အနေနဲ့ရေးရလေတော့ အပြည့်အစုံကို မခြုံငုံမိနိုင်ပါ။

ယူကရိန်းစစ်ကို ခြုံငုံသုံးသပ်ရရင် ခေတ်သစ်စစ်ပွဲတွေမှာ အလွန်ကျယ်ပြန့်စွာ ရှေးကထက်ပိုပြီး တွက်ချက်နိုင်ဖို့လိုတာ တွေ့ရတယ်။ “လ” ပေါင်းများစွာ “နှစ်ချီ” ပြီး ပြင်ဆင်ရပါလိမ့်မယ်။ အစိုးရတွေနဲ့ နိုင်ငံရေးစနစ်ကို ပြန်ကြည့်ဖို့လိုပါလိမ့်မယ်။ ကိုယ်ပြန် အထိုးခံရရင် ကိုယ့်နိုင်ငံရေးစနစ်က ဘယ်လောက်အထိ ကြံ့ကြံ့ခံနိုင်မလဲဆိုတာကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ဖို့လိုပါမယ်။

ခေါင်းဆောင်တွေ အမြင်ဘယ်လောက်ကျယ်ပြန့်သလဲဆိုတာလည်း အဓိက အရေးပါ လာပါတယ်။ ဇဲလန်စကီးဟာ အသုံးချခံသက်သက်ဖြစ်ပြီး သူများအားကိုးနဲ့ စစ်တိုက်နေရသူ ဖြစ်တဲ့အတွက် သမိုင်းနိဂုံး မလှမပဖြစ်ရတော့မယ့် အခြေအနေပါ။ အလွန် အရေးကြီးတဲ့အချက် ကတော့ မဟာဗျူဟာပိုင်းပါ။ ယူကရိန်းစစ်မှာ ပထမပိုင်း ပူတင်က ကိယက်ဗ်ကို စောစောတိုက်ပြီး အမြစ်ဖြတ်ဖို့ ကြိုးစားခဲ့တယ်။ ပြင်းပြင်းထန်ထန် ခုခံမှုနဲ့ကြုံပြီး ရှုံးနိမ့်တပ်လန်သွားပါတယ်။ နောက်ပိုင်း စစ်ကိုဆွဲတိုက်ပြီး ကမ်းရိုးတန်းတွေကို အပိုင်သိမ်းတယ်။ ၂၀၂၄ ခုနှစ် အမေရိကန် ရွေးကောက်ပွဲနဲ့ အချိန်ကိုက်ဗျူဟာချသွားတာ တွေ့ရတယ်။ အဲဒီမှာ “အမေရိကန်အခက်” ဆိုတဲ့ အခွင့်အလမ်း ပေါ်လာပါတော့တယ်။

ခြုံငုံရရင်တော့ ခေါင်းဆောင်တွေရဲ့ အဆုံးအဖြတ်မှားမှု၊ ဘေးထွက်ဆိုးကျိုး အကုန် အစင်မတွက်နိုင်မှု၊ ဗျူဟာအမှားအယွင်းတွေဟာ စစ်ပွဲတစ်ခု၊ သမိုင်းတစ်ခုရဲ့ အဆုံးအဖြတ် ဖြစ်လာစေပါတယ်။

နေဇင်လတ်

EsLuvD,m;vufeufsm;EsSft PjkLwapäcmufaejcif;

pefeDmOif;

“ SCO အဖွဲ့ဝင်နိုင်ငံများသည်
စစ်ရေးပူးပေါင်းဆောင်ရွက်မှုအရ စစ်ရေးလေ့ကျင့်မှုများ
ပြုလုပ်ကာ ပြိုင်ဘက် (NATO) အဖွဲ့ကြီး၏
ခြိမ်းခြောက်မှုများကို တန်ပြန်
ဆောင်ရွက်လျက်ရှိသည်။”

ဓာတ်ပုံ–အင်တာနက်

ကမ္ဘာပျက်အောင်ဖျက်ဆီးနိုင်သော အဆိုးရွားဆုံး နျူကလီးယားလက်နက်များ

ယူရေနီယမ်သတ္တုသည် အဏုမြူစွမ်းအင်ထုတ်ပေးသော ဒြပ်စင် တစ်မျိုးဖြစ်သည်။ ၎င်းကို နျူထရွန်များ ပစ်လွှတ်၍ ရေဒီယိုအိုင်ဆိုတုပ် ပြုလုပ်သည့်အခါ ပိုမိုထူးခြားသည့် ဂုဏ်သတ္တိများ ထွက်ပေါ်လာကြောင်းတွေ့ရသည်။ သဘာဝအားဖြင့် ယူရေနီယမ်သတ္တုတွင် အိုင်ဆိုတုပ် နှစ်မျိုးနှစ်စားရှိသည်။ ယင်းတို့မှာ ယူရေနီယမ် ၂၃၅ အမျိုးအစားနှင့် ယူရေနီယမ် ၂၃၈ အမျိုးအစားတို့ ဖြစ်ကြသည်။

အကြမ်းအားဖြင့် ယူရေနီယမ်သတ္တုတိုင်း၌ ယူရေနီယမ် ၂၃၅ အမျိုးအစား တစ်ရာခိုင်နှုန်း အမြဲပါဝင်လေ့ရှိသည်။ ယူရေနီယမ် အဏုမြူအတွင်းသို့ နျူထရွန်များ ပစ်သွင်းပေးသည့်အခါ ယူရေနီယမ် ၂၃၅ အဏုမြူသည် နှစ်ပိုင်းကွဲသွားပြီး နျူထရွန်တစ်ခုမှ သုံးခုအထိ ထုတ်လွှတ်ပေးသည်။ ထိုနျူထရွန်များသည် အဏုမြူများကို ထပ်မံ ထိမှန်ကွဲထွက်စေပြန်သည်။ သို့ဖြစ်၍ နျူထရွန်အသစ်များထွက်ပေါ်လိုက်၊ အဏုမြူများ ကွဲလိုက်၊ နျူထရွန်အသစ်များ ထွက်ပေါ်လိုက်နှင့် ယူရေနီယမ် ၂၃၅ အဏုမြူသည် ဆင့်ကဲ ဆင့်ကဲ ကွဲထွက်သွားကြသည်။ ထိုကဲ့သို့ ဆင့်ကဲ ဆင့်ကဲ ကွဲထွက်သွားရာတွင် အထိန်းအကွပ် မရှိပါ။ နောက်ဆုံး အလွန်အင်အားကြီးမားသော အဏုမြူစွမ်းအင် ဖြစ်ပေါ်လာပြီးလျှင် ပြင်းထန်စွာ ပေါက်ကွဲသွားနိုင်သည်။

နျူကလီးယားလက်နက်များအကြောင်းကို ပြောမည်ဆိုလျှင် အဏုမြူဗုံးကို ပထမဦးဆုံး စတင်ထုတ်လုပ်ခဲ့သည့် အမေရိကန်ပြည်ထောင်စုကစ၍ နိဒါန်းပျိုးရမည် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ၁၉၄၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် နယူးမက္ကဆီကို

ပြည်နယ် လော့စ်ကလာဖို့စ်၏တောင်ပိုင်း ၂၁၀ မိုင်အကွာ၌ အဏုမြူဗုံးကို စမ်းသပ်ဖောက်ခွဲခဲ့သည်။

ထို့နောက် ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၄၉ ခုနှစ် သြဂုတ်လ ၂၉ ရက်နေ့တွင် ပထမဆုံး အဏုမြူဗုံးကို စမ်းသပ်ဖောက်ခွဲခဲ့သည်။ ထိုအချိန်မှစ၍ နျူကလီးယားလက်နက် အပြိုင်အဆိုင်ထုတ်လုပ်မှုများ ဖြစ်ပေါ်လာခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးတွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များပေါ်သို့ အဏုမြူဗုံးနှစ်လုံး ကြဲချခဲ့သော အမေရိကန်

ဒုတိယကမ္ဘာစစ်ကြီးတွင် ထိုစဉ်က အမေရိကန်ပြည်ထောင်စု၏ (၃၃) ဦးမြောက် သမ္မတ ဟာရီအက်စ်ထရူးမင်း (Harry S. Truman) က အဏုမြူဗုံးကြဲချရန် အမိန့်ပေးလိုက်သောအခါ ၁၉၄၅ ခုနှစ် သြဂုတ်လ ၆ ရက်နေ့ ဂျပန်ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်အချိန်၌ ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ အင်နိုလာဂေးလေယာဉ်ဖြင့် လစ်တဲလ်ဘွိုင်းအမည်ရှိ အဏုမြူဗုံးတစ်လုံး ကြဲချခဲ့ရာ ဂျပန်အရပ်သားဦးရေ ၁၂၆,၀၀၀ ကျော်နှင့် ဂျပန်တပ်ဖွဲ့ဝင်နှင့် အခြားဦးရေ (၂၀,၀၀၀) ကျော် အသက်ဆုံးရှုံးခဲ့ကြရရှာသည်။

ထို့နောက် သြဂုတ်လ ၆ ရက်နေ့တွင် နာဂါဆာကီမြို့ပေါ်သို့ ဘက်ဆာလေယာဉ်ဖြင့် ဖက်မင်း (Fat Man) အမည်ရှိ အဏုမြူဗုံးကိုကြဲချခဲ့ပြန်ရာ အရပ်သားဦးရေ ၈၀,၀၀၀ ကျော်နှင့် တပ်ဖွဲ့ဝင် ၁၅၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရရှာသည်။ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့နှစ်မြို့စလုံး၏ အသက်ဆုံးရှုံးရသည့် လူဦးရေမှာ ၂၂၆,၀၀၀ ကျော်ရှိခဲ့ရာ ထိုအရေအတွက်ထဲတွင် အဏုမြူဒဏ်သင့်၍ ရောဂါခံစားရပြီး အသက်ဆုံးရှုံးရသည့်လူဦးရေ မပါဝင်သေးပါ။

ဒုတိယကမ္ဘာစစ်ကြီးတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ကမ္ဘာ့နိုင်ငံများရှိ လူအင်အားဆုံးရှုံးမှုမှာ ၉,၆၀၈,၁၈၇ ဦးကျော်ရှိပြီး အရပ်သား ၁,၅၀၀,၀၀၀ ကျော် ရှိခဲ့သည်ဟုသိရသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း လူအင်အား ဆုံးရှုံးရမှုအခြေအနေ

စဉ်	မဟာမိတ်နိုင်ငံများ		ဝင်ရိုးတန်းနိုင်ငံများ	
	နိုင်ငံအမည်	အသေအပျောက် ဦးရေ	နိုင်ငံအမည်	အသေအပျောက် ဦးရေ
၁။	အမေရိကန် ပြည်ထောင်စု	၃၅၃,၁၈၇	ဂျာမနီ	၃,၂၅၀,၀၀၀
၂။	ဗြိတိန်	၄၀၀,၀၀၀	အီတလီ	၂၀၀,၀၀၀
၃။	ဆိုဗီယက်ရုရှား	၃,၀၀၀,၀၀၀	ဂျပန်	၁,၅၀၀,၀၀၀

စဉ်	မဟာမိတ်နိုင်ငံများ		ဝင်ရိုးတန်းနိုင်ငံများ	
	နိုင်ငံအမည်	အသေအပျောက် ဦးရေ	နိုင်ငံအမည်	အသေအပျောက် ဦးရေ
၄။	ပြင်သစ်	၁၆၇,၀၀၀	အခြားဝင်ရိုးတန်း နိုင်ငံများ	၂၂၅,၀၀၀
၅။	တရုတ်	၂၅၀,၀၀၀		
၆။	ပိုလန်	၁၂၅,၀၀၀		
၇။	အခြားမဟာ မိတ်နိုင်ငံများ	၁၃၈,၀၀၀		
	စုစုပေါင်း	၄၄၃,၃၁၈၇	စုစုပေါင်း	၅,၁၇၅,၀၀၀

ဒုတိယကမ္ဘာစစ်ကြီးတွင် အမေရိကန်ပြည်ထောင်စုက ဂျပန်ကို အဏုမြူဗုံး နှစ်လုံးကြဲချကာ စစ်ပွဲကို အနိုင်ယူခဲ့ခြင်းကြောင့် ဂျပန်သည် လက်နက်ချခဲ့ရသည့်အပြင် လွန်ခဲ့သည့် ၁၉၄၅ ခုနှစ်ကစပြီး ဂျပန်နိုင်ငံရှိ အိုကီနာဝါကျွန်း၌ အမေရိကန်တပ်ဖွဲ့များဖြင့် စစ်စခန်းချခွင့် ပေးခဲ့ရသည်။

ထိုအချိန်ကစပြီး နျူကလီးယားလက်နက်များကို ကန့်သတ်ရေး၊ လျှော့ချရေး၊ အဏုမြူလက်နက်များကို စမ်းသပ်ဖောက်ခွဲမှုမပြုရေးဆိုင်ရာ စာချုပ်များ ချုပ်ဆိုကြပြီး နျူကလီးယားလက်နက်များ၏ အန္တရာယ်ကို ကာကွယ်လာခဲ့ကြသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် အဖျက်စွမ်းအင် အကြီးမားဆုံးလက်နက်ဖြစ်သည့် နျူကလီယား အဏုမြူလက်နက်အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် (Non–Proliferation Treaty) ကို ချုပ်ဆိုလာခဲ့ကြသည်။

နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ်၏ အဓိကအချက်များ

၁၉၆၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ချုပ်ဆိုထားခဲ့သော နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်၏ အဓိကအချက်များမှာ –

(၁) စာချုပ်တွင် သဘောတူလက်မှတ်ရေးထိုးထားခဲ့ကြသည့် နျူကလီးယားလက်နက်ပိုင်ရှင်နိုင်ငံများသည်အခြားနိုင်ငံများသို့နျူကလီးယားလက်နက်များ ပေးပို့ခြင်းမပြုရန်၊ ထိုနိုင်ငံများကလည်း နျူကလီးယားလက်နက်များ ထုတ်လုပ်နိုင်အောင် ကူညီခြင်းမပြုရန်၊ နျူကလီးယား လက်နက်မဲ့နိုင်ငံများ သည်လည်း နျူကလီးယား လက်နက်များကို လက်ခံခြင်းမပြုလုပ်ရန်နှင့် နျူကလီးယားလက်နက်များ မပြုလုပ်ရန်၊

(၂) နိုင်ငံတကာစစ်ဆေးရေးအဖွဲ့စနစ် ပေါ်ပေါက်အောင်ဆောင်ရွက်ပြီး နျူကလီးယားလက်နက်များ မပြန့်ပွားအောင် ဆောင်ရွက်ရန်၊

(၃) နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ်ကို လက်မှတ်မထိုးထားသော နျူကလီးယားလက်နက်ပိုင်ရှင် နိုင်ငံတစ်နိုင်ငံက နျူကလီးယားလက်နက်မဲ့

နိုင်ငံတစ်နိုင်ငံအား နျူကလီးယားလက်နက်ဖြင့် အန္တရာယ်ပြုလာလျှင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တာဝန်ယူဆောင်ရွက်ပေးရန်နှင့် နျူကလီးယားလက်နက်မဲ့နိုင်ငံများအား အကာအကွယ်ပေးရန်တို့ ဖြစ်ကြသည်။

ဖော်ပြပါ နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် (Nuclear Proliferation Treaty–NPT) ၏ လက်တွေ့အကျိုးသက်ရောက်မှုမှာ နျူကလီးယားလက်နက်များ စမ်းသပ်မှုတစ်စိတ်တစ်ဒေသကို ဟန့်တားပိတ်ပင်နိုင်ခဲ့သည်။ သို့ရာတွင် ထိုစာချုပ်၏ အားနည်းချက်မှာ နျူကလီးယားလက်နက်များကို ပိုင်ဆိုင်ထားကြသည့် နိုင်ငံအားလုံး ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသည့်အချက်ပင် ဖြစ်သည်။

လွန်ခဲ့သည့် ၁၉၈၇ ခုနှစ်က ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုသမ္မတ မီးခေးလ်ဂေါ်ဗာချော့ဖ်နှင့် အမေရိကန်သမ္မတ ရော်နယ်ရေဂင်တို့သည် တာလတ်ပစ် နျူကလီးယားလက်နက်များဆိုင်ရာစာချုပ်(Intermediate–Range Nuclear Forces Treaty–INF) ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်အရ အမေရိကန်ပြည်ထောင်စုရော၊ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံပါ နှစ်နိုင်ငံစလုံး မိုင် ၃,၀၀၀ နှင့် ၃,၄၀၀ အကြား အကွာအဝေး အထိ ပစ်နိုင်သည့် နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်လက်နက်များအပါအဝင် မြေပြင်ပစ် ဒုံးကျည်လက်နက်များကိုပါ ဖျက်သိမ်းခဲ့ကြသည်။ ထိုစာချုပ်အရ ၁၉၉၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စု နှစ်နိုင်ငံစလုံး ဒုံးကျည်လက်နက် ၂,၇၀၀ စီ ဖျက်ဆီးခဲ့ကြပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

နေတိုး (NATO) စစ်အုပ်စုနှင့် ယှဉ်ပြိုင်ဖွဲ့စည်းထားသည့် စုပေါင်းလုံခြုံရေးဆိုင်ရာ စစ်အုပ်စုနှင့် ရှန်ဟဲပူးပေါင်းဆောင်ရွက်ရေးအုပ်စု

နေတိုးစစ်အုပ်စုကို ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် ၁၉၄၉ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (North Atlantic Treaty Organization–NATO) အဖြစ် ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံအားလုံး၏ လုံခြုံရေး၊ စစ်ရေး၊ ကာကွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများ လွတ်လပ်မှု၊ ဒီမိုကရေစီ ကျင့်သုံးမှုတို့ကို အားပေးဆောင်ရွက်ရန်တို့ ဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စုက ဦးဆောင်သည်။

အဖွဲ့ဝင်နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ တူရကီယဲ၊ အယ်လ်ဘေးနီးယား၊ ဘူဂေးရီးယား၊ ဟန်ဂေရီ၊ ပိုလန်၊ ချက်သမ္မတနိုင်ငံ၊ ဆလိုဗက်ကီးယား၊ ရိုမေးနီးယား၊ လစ်သူယေးနီးယား၊ လတ်ဗီးယား၊ ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ ဒိန်းမတ်၊ ဂရိ၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ အိုက်စလန်၊ လူဇင်ဘတ်၊ မွန်တီနီဂရိုး၊ နယ်သာလန်၊ နော်ဝေ၊ ပေါ်တူဂီ၊မြောက်မက်ဆီဒိုးနီးယား၊ ဆလိုဗေးနီးယားနှင့် ဆွီဒင်နိုင်ငံတို့ပါဝင်ကြသည်။

ဝါဆောစစ်အုပ်စုအဖွဲ့ (Warsaw Treaty Organization–WTO) သည် နေတိုးစစ်အုပ်စုအဖွဲ့ကဲ့သို့ ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုကဦးဆောင်ပြီး အဖွဲ့ဝင်နိုင်ငံအားလုံး၏

ကာကွယ်ရေးကို ပူးပေါင်းဆောင်ရွက်ရန် ၁၉၅၅ ခုနှစ် မေလ ၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများမှာ ဆိုဗီယက်ပြည်ထောင်စုက ဦးဆောင်ပြီး အယ်ဘေးနီးယား၊ ဘူဂေးရီးယား၊ ချက်ကိုစလိုဗက်ကီးယား၊ အရှေ့ဂျာမနီ၊ ဟန်ဂေရီ၊ ပိုလန်၊ ရိုမေးနီးယားတို့ ပါဝင်ကြသည်။ ဆိုဗီယက်သမ္မတ မီးခေးလ် ဂေါ်ဗာချေ့ဗ်ဗ်က ဆိုဗီယက်အဖွဲ့ဝင်နိုင်ငံများကို ခွဲထွက်ခွင့်ပေးလိုက်သောအခါ ၁၅ နိုင်ငံ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသော ဆိုဗီယက်ပြည်ထောင်စုကြီးမှာ ၁၉၉၁ ခုနှစ်တွင် ပြိုကွဲသွားခဲ့ရာ ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဝါဆောစစ်အုပ်စုလည်း ဆုံးခန်းတိုင်ခဲ့ရသည်။

ထိုဝါဆောစစ်အုပ်စုအစား ရုရှားဖက်ဒရေးရှင်းနိုင်ငံက ဦးဆောင်၍ စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့ (Collective Security Treaty Organization–CSTO) ကို ၁၉၉၂ ခုနှစ် မေလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများမှာ ဘီလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်နိုင်ငံတို့ ဖြစ်ကြသည်။

ထိုစာချုပ်အဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ မြောက်အတ္တလန္တိတ်စစ်အုပ်စုကဲ့သို့ပင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ခြိမ်းခြောက်တိုက်ခိုက်လာလျှင် ပြန်လည်ကာကွယ်တိုက်ခိုက်ရန်ဖွဲ့စည်းထားသည့် စစ်ရေးဆိုင်ရာ စာချုပ်အဖွဲ့ကြီးပင်ဖြစ်သည်။

စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့ (CSTO) သည် ရုရှားနိုင်ငံ တောင်ပိုင်းဒေသတွင် ကြည်း၊ ရေ၊ လေ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် စုပေါင်းတန်ပြန်အထူးချေမှုန်းရေးအဖွဲ့ (Collective Rapid Reaction Force) ကို ထပ်မံဖွဲ့စည်းကာ စစ်ရေးကျူးကျော်မှုများ၊ အကြမ်းဖက်အန္တရာယ်များကို တန်ပြန်စစ်ဆင်ရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ်များကို ကာကွယ်ကယ်ဆယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် CSTO စာချုပ်အဖွဲ့ကို ယခင် ဆိုဗီယက်ပြည်ထောင်စုခေတ်က ဝါဆောစစ်အုပ်စုစာချုပ်အဖွဲ့ (Warsaw Pact) ၏ အမွေခံ စစ်အုပ်စုအဖွဲ့ကြီးဖြစ်သည်ဟု အနောက်အုပ်စုနိုင်ငံများက သတ်မှတ်ထားကြသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လတွင် အာမေးနီးယား၊ ဘီလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ရုရှားဖက်ဒရေးရှင်းနှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့မှ အထူးလက်ရွေးစင် တပ်ဖွဲ့ဝင်တို့သည် စိတ်ဓာတ်စစ်ဆင်ရေး၊ ဆိုက်ဘာစစ်ဆင်ရေး လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် CSTO စစ်အုပ်စု၏ အတွင်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီး နီကိုလိုင် ဘော်ဒိုင်ယုဇာကယူကရိန်းနိုင်ငံသို့ငြိမ်းချမ်းရေးတပ်ဖွဲ့များ စေလွှတ်ခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ အဆုံးအဖြတ်ကိုရယူရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အာမေးနီးယန်းနယ်စပ်သို့ အဇာဘိုင်ဂျန်တပ်များကဝင်ရောက်ကျူးကျော်၍ ပဋိပက္ခဖြစ်ပွားခဲ့ရာ အတွင်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီး စတန်အစ်လက်ဇက်ကဝင်ရောက်ညှိနှိုင်းစေ့စပ်ပေးခဲ့ရသည်။ထို့အတူ တာဂျစ်ကစ္စတန်နိုင်ငံသို့ အာဖဂန်နစ္စတန်နိုင်ငံမှတာလီဘန်သူပုန်များကဝင်ရောက်ကျူးကျော်ခဲ့သဖြင့်အတွင်းရေးမှူးချုပ်ကပင် ဖြေရှင်းညှိနှိုင်းပေးခဲ့ရသည်။

လက်ရှိ CSTO စစ်အုပ်စုဝင်နိုင်ငံများ၏ တပ်ဖွဲ့ဝင်ပါဝင်မှုအင်အားမှာ အာမေးနီးယား နိုင်ငံက ၂၈၄,၉၀၀ ဦး၊ ဘီလာရုစ်နိုင်ငံက ၇၇၅,၇၅၀ ဦး၊ ကာဇက်စတန်နိုင်ငံက ၂၇၀,၀၀၀ ဦး၊ ကာဂျစ်စတန်နိုင်ငံက ၃၃၃,၀၀၀ ဦး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံက ၃,၈၇၄,၀၀၀ ဦး၊ တာဂျစ်ကစ္စတန်နိုင်ငံက ၆၁၇,၀၀၀ ဦး ပါဝင်ဖွဲ့စည်းထားရှိပြီး စုစုပေါင်းတပ်ဖွဲ့ဝင်အင်အား ၆,၁၅၄,၆၅၀ ဦး ရှိနေသည်။

ထို့ပြင် အီရန်၊ မြောက်ကိုရီးယား၊ ဆီးရီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ သမ္မတနိုင်ငံတို့ကလည်း မဟာမိတ်အဖွဲ့ဝင်နိုင်ငံများအဖြစ် ပူးပေါင်းပါဝင်ထားကြသည်။ ဗီယက်နမ်၊ ဟန်ဂေရီ၊ ဆာဘီးယား၊ တူရကီယဲ၊ ကာတာ၊ အီဂျစ်၊ ဆော်ဒီအာရေဗျ၊ အာရပ် စော်ဘွားပြည်ထောင်စုနိုင်ငံတို့ကိုလည်း ရုရှားကဦးဆောင်၍ မဟာမိတ်အင်အားဖြစ်ရန် စီစဉ်လျက်ရှိသည်။

ရှန်ဟဲပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization – SCO)

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဦးဆောင်ဖွဲ့စည်းထားသော ရှန်ဟဲပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) သည်လည်း အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ဒေသငြိမ်းချမ်းရေး၊ အကြမ်းဖက်မှုနှင့်သမ္ပ တိုက်ဖျက်ရေး၊ လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေး၊ ရာဇဝတ်မှုများနှင့် တရားမဝင် ခိုးဝင်လာသူများကို ကာကွယ်တားဆီးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ ထို့ပြင် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ရေးလေ့ကျင့်မှုများဖြင့် နေတိုးအဖွဲ့၏ ခြိမ်းခြောက်မှုများကို တန်ပြန်ကာကွယ်ရန်လည်း ဆုံးဖြတ်ချက်ချမှတ်ထားသည်။

အဖွဲ့ဝင်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်း၊ တာဂျစ်ကစ္စတန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ကာဇက်စတန်နှင့် ကာဂျစ်စတန်နိုင်ငံတို့ ပါဝင်ကြသည်။

SCO အဖွဲ့ကြီး၏ ပူးတွဲညှိနှိုင်းရေး အဖွဲ့ဝင်နိုင်ငံများအဖြစ် အာမေးနီးယား၊ အဇာဘိုင်ဂျန်၊ ကမ္ဘောဒီးယား၊ နီပေါ၊ သီရိလင်္ကာနှင့် တူရကီယဲနိုင်ငံတို့ ပါဝင်ကြသည်။

SCO အဖွဲ့ကြီး၏ လေ့လာသူအဆင့်ရှိသည့် အဖွဲ့ဝင်နိုင်ငံများအဖြစ် အာဖဂန်နစ္စတန်၊ ဘီလာရုစ်၊ အီရန်နှင့် မွန်ဂိုလီးယားနိုင်ငံတို့ ပါဝင်ကြသည်။ မကြာသေးမီက အီဂျစ်၊ ကာတာနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ညှိနှိုင်းရေးအဖွဲ့ဝင်နိုင်ငံများ ဖြစ်လာကြသည်။

SCO အဖွဲ့ကြီးသည် ကုလသမဂ္ဂအထွေထွေညီလာခံတွင် လေ့လာသူအဖြစ် တက်ရောက်ခွင့်ရရှိပြီးဖြစ်သည်။ ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် (WTO)၊ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးအဖွဲ့၊ ကုလသမဂ္ဂ အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

SCO အဖွဲ့ဝင်နိုင်ငံများသည် စစ်ရေး ပူးပေါင်းဆောင်ရွက်မှုအရ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ကာ ပြိုင်ဘက်နေတိုး (NATO) အဖွဲ့ကြီး၏ ခြိမ်းခြောက်မှုများကို တန်ပြန်ဆောင်ရွက်လျက်ရှိသည်။

နျူကလီးယားလက်နက်များနှင့် အဏုမြူတစ္ဆေ

ယခုအခါ အမေရိကန်ဦးဆောင်သော နေတိုး (NATO) စစ်အုပ်စုက နျူကလီးယား လက်နက်ကင်းမဲ့ရေး အတွက် နျူကလီးယား ဟန့်တားရေး မူဝါဒ (NATO's Nuclear Deterrence Policy) ကို ကျင့်သုံးသွားမည်ဟု ပြိုင်ဘက်အုပ်စုများဖြစ်ကြသော ရုရှားဖက်ဒရေးရှင်း ဦးဆောင်လျက်ရှိသည့် စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့ (CSTO) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းတို့ ဦးဆောင်ဖွဲ့စည်းထားသည့် ရှန်ဟဲပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ဝင်နိုင်ငံများအား ရည်ညွှန်းကြေညာလိုက်သည်။ သို့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပစိဖိတ်အနောက်ခြမ်းကိုလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းက ဘောလ်တစ်ဒေသကိုလည်းကောင်း စိုးမိုးလာမည်ကို စိုးရိမ်နေရသဖြင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် မဟာဗျူဟာအရ ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ထပ်ဆင့်ထုတ်ပြန်ကြေညာလိုက်သည်။

> **"မကြာသေးမီက အမေရိကန်ပြည်ထောင်စုသည် F-35 ဂျက်တိုက်လေယာဉ်များတွင် နျူကလီးယားဗုံးများ တပ်ဆင်ထားခဲ့ပြီး နေတိုးအဖွဲ့ဝင်နိုင်ငံများကို ပံ့ပိုးပေးသွားမည်ဟု ဆိုပြန်သည်။"**

မပြေးသော်လည်း ကန်ရာရှိဆိုသကဲ့သို့ လွန်ခဲ့သည့် ၁၉၉၃ ခုနှစ်က နေတိုးစစ်အုပ်စုက ဆာဘီးယားရှိ ကိုဆိုဗိုတပ်ဖွဲ့များကို ဒုံးကျည်များ၊ ဗုံးများချကာ ကျူးကျော် ဝင်ရောက်စွက်ဖက်တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်မှန်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းမှ တာဝန်ရှိသူများက ထောက်ပြဝေဖန်ခဲ့ကြသည်။

ထို့ပြင်နေတိုးစစ်အုပ်စုခေါင်းဆောင် အမေရိကန်ပြည်ထောင်စုသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အဏုမြူဗုံး နှစ်လုံးကို ပထမဦးဆုံး စတင်အသုံးပြုခဲ့သည့်အပြင် နျူကလီးယားလက်နက်များ စမ်းသပ်မှုပိတ်ပင်ရေးစာချုပ် (The Comprehensive Nuclear-Test-Ban Treaty) ကို အခြားနိုင်ငံများ ပါဝင်လက်မှတ်ရေးထိုးရန် အတင်းအကျပ် ဖိအားပေးတိုက်တွန်းနေခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုအနေဖြင့် ထိုစာချုပ်ကို လက်မှတ်ရေးထိုးရန် တစ်ဖက်သတ် ငြင်းဆန်လျက်ရှိသည်။

နေတိုးအဖွဲ့အနေဖြင့် နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်ခြင်းမပြုပါဟု ဝန်ခံကတိပြုရန် ငြင်းဆိုထားပြီး ဓာတုလက်နက်၊ ဇီဝလက်နက်များဖြင့် တိုက်ခိုက်ရန် အသင့်စီစဉ်ထားပြီး ဖြစ်နေသည်။

မကြာသေးမီက အမေရိကန်ပြည်ထောင်စုသည် F–35 ဂျက်တိုက်လေယာဉ်များတွင် နျူကလီးယားဗုံးများ တပ်ဆင်ထားခဲ့ပြီး နေတိုးအဖွဲ့ဝင်နိုင်ငံများကို ပံ့ပိုးပေးသွားမည်ဟု ဆိုပြန်သည်။

ရုရှားဖက်ဒရေးရှင်းသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းစစ်ပွဲတွင် အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုနိုင်ငံများက ကြိုးကိုင်ခြယ်လှယ်နေခြင်းကို မရပ်တန့်လျှင် ရုရှားအနေဖြင့် နျူကလီးယားစစ်ပွဲ ဆင်နွှဲရန် အဆင်သင့်ရှိနေကြောင်း၊ ယခုအခါ TU–160 အမျိုးအစား မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်ဖြင့် လေယာဉ်တစ်စင်းလျှင် တာတိုပစ် နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည် ၁၂ စင်းကို သယ်ဆောင်၍ မိုင်ပေါင်း ၇,၅၀၀ ကို လောင်စာဆီမဖြည့်ဘဲ ပျံသန်းတိုက်ခိုက်နိုင်ကြောင်း စသည်ဖြင့် တုံ့ပြန်ထိုးနှက်ပြောကြားခဲ့သည်။

မကြာမီကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျိုးဘိုင်ဒန် (Joe Biden) နှင့် ယှဉ်ပြိုင်၍ ဒုတိယအကြိမ် သမ္မတအဖြစ် ပြန်လည်အရွေးချယ်ခံမည့် ရီပတ်ဘလစ်ကန်ပါတီ ကိုယ်စားပြု ဒေါ်နယ်ထရမ့် (Donald Trump) က နေတိုးစစ်အုပ်စုနှင့် စပ်လျဉ်း၍ ပြင်းထန်စွာ ဝေဖန်ပြောကြားချက်များမှာ အနောက်အုပ်စုနိုင်ငံများအတွက် အံ့သြစရာသတင်းကြီးတစ်ပုဒ် ဖြစ်သွားခဲ့သည်။

ဒေါ်နယ်ထရမ့်က နေတိုး (NATO) စစ်အုပ်စုတစ်ဖွဲ့လုံး၏ ကာကွယ်ရေးအသုံးစရိတ်ရန်ပုံငွေများကို အမေရိကန်ပြည်ထောင်စုအပေါ်၌သာ မှီခိုနေသည်ကိုတွေ့ရကြောင်း၊ မိမိအနေဖြင့်သာမက အမေရိကန်ပြည်ထောင်စုအနေဖြင့်ပါ နေတိုးစစ်အုပ်စုမှ နုတ်ထွက်လိုကြောင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းကြောင့်ပင်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ဒေါ်နယ်ထရမ့် သမ္မတတာဝန်ယူခဲ့စဉ်က ၎င်း၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျွန်ဘောလ်တွန် (John Bolton) က အမေရိကန်အနေဖြင့် နေတိုးစစ်အုပ်စုမှ နုတ်ထွက်သင့်ကြောင်း အကြံပေးခဲ့သည်။ နေတိုးစစ်အုပ်စု၏ ကာကွယ်ရေးအသုံးစရိတ်ရန်ပုံငွေထည့်ဝင်မှုအခြေအနေမှာ အမေရိကန်ပြည်ထောင်စုက GDP ၏ လေးရာခိုင်နှုန်း၊ အခြားအဖွဲ့ဝင် ဥရောပနိုင်ငံများ၏ ရန်ပုံငွေထည့်ဝင်မှုမှာ အနည်းဆုံး GDP ၏ တစ်ရာခိုင်နှုန်းမှာ အများဆုံး သုံးရာခိုင်နှုန်းသာ ရှိသောကြောင့်ဖြစ်သည်ဟု ဆိုသည်။

လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပင် လွန်ခဲ့သည့် ၁၉၈၇ ခုနှစ်က အမေရိကန်သမ္မတ ရော်နယ်ရေဂင် (Ronald Reagon) နှင့် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုသမ္မတ မီခေးလ်ဂေါ်ဗာချော့ဖ်ဗ်တို့ သဘောတူချုပ်ဆိုခဲ့သည့် တာလတ်ပစ် နျူကလီးယားလက်နက်ဆိုင်ရာစာချုပ်က နုတ်ထွက်မည်ဟု ကမ္ဘာသိ ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုအခါ ရုရှားဖယ်ဒရေးရှင်းသမ္မတ ဗလာဒီမာပူတင်က အမေရိကန်က တာလတ်ပစ် နျူကလီးယားလက်နက်ဆိုင်ရာအဖွဲ့က နုတ်ထွက်မည်ဆိုပါက ရုရှားအစိုးရအနေဖြင့်

ဒုံးကျည်စနစ်သစ်ဖြင့် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ရုရှားနှင့်အမေရိကန်တို့ ချုပ်ဆိုထားခဲ့သော မဟာဗျူဟာလက်နက်များလျှော့ချရေးစာချုပ် (Strategic Arms Reduction Treaty – START I) ကို သက်တမ်းတိုးမြှင့်သွားရန် အခက်အခဲများ ဖြစ်ပေါ်လာမည်ဟု တို့ပြန်ပြောကြားခဲ့သည်။

ယခုအခါ နျူကလီးယားလက်နက်ပိုင်ရှင်နိုင်ငံများသည် မြွေမြွေချင်းခြေမြင် ဆိုသကဲ့သို့ နျူကလီးယားလက်နက်များ၏ အန္တရာယ်ဆိုးကြီးကို ကြိုတင်တားဆီးနိုင်ရေးအတွက် နျူကလီးယားလက်နက်ကို လက်ဦးမှုရယူပြီး အသုံးမပြုရေးစာချုပ် ချုပ်ဆိုထားရန်ပင် လိုလားစွာတောင်းဆိုလာကြပြီဖြစ်သည်။ လက်ရှိအချိန်တွင် နျူကလီးယားလက်နက် လက်ဦးမှုရယူပြီး အသုံးပြုမှု ပိတ်ပင်ရေးမူဝါဒကို အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က လက်တွေ့ကျင့်သုံးနေပြီဟု ဆိုသည်။ နျူကလီးယားလက်နက်များ လက်ဦးမှုမရယူရေးစာချုပ်တစ်ရပ် ချုပ်ဆိုကြရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက နျူကလီးယားလက်နက်ပိုင်ရှင်နိုင်ငံများအား ကမ်းလှမ်းတောင်းဆိုထားသည်ဟု သိရသည်။ ကမ္ဘာပေါ်တွင် နျူကလီးယားလက်နက် အများဆုံးပိုင်ဆိုင်ထားကြသည့် နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ဖြစ်ကြပြီး ထိုနှစ်နိုင်ငံပိုင်ဆိုင်ထားသော နျူကလီးယားလက်နက်အရေအတွက်မှာ ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားလက်နက် အရေအတွက်စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့စဉ်အတွင်း အမေရိကန်ပြည်ထောင်စုက ဂျပန်နိုင်ငံရှိ ဟီရိုရှီးမားမြို့နှင့် နာဂါဆာကီ မြို့ပေါ်သို့ ကြဲချခဲ့သည့် အဏုမြူဗုံးနှစ်လုံးကြောင့် ရရှိခဲ့သော အနိဋ္ဌာရုံဆိုးကျိုးများမှာ သမိုင်းရေးသင်ခန်းစာအဖြစ် တစ်ကမ္ဘာလုံးအား ရှောင်ကြဉ်စေခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် အဏုမြူလက်နက်ပိုင်ရှင်နိုင်ငံများသည် မိမိတို့ပိုင်ဆိုင်ထားသော အဏုမြူလက်နက်များ ကြောင့် အဏုမြူတစ္ဆေခြောက်မခံရစေအောင် နျူကလီးယားလက်နက်များ မပြန့်ပွားရေး စာချုပ်များသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လူသားတို့၏ လုံခြုံစိတ်ချရေးအတွက် ထိရောက်စွာ အကာအကွယ်ပေးလျက်ရှိသည့် စာချုပ်များဖြစ်နေရေးသည်သာ အဓိက ကျနေမည်ဖြစ်ပါသတည်း။

စန်းနီလာဝင်း

Ref: – NATO: Its Past, Present, and Future (HOOVE INSTITVTION PRESS)
– NATO's nuclear detorrence policy and forces (30.11.2023)
– A Dictionary Of Politics (Penguie Books)

&kS- , lu&ef;ppfyGJ;jrmuft wåwEÅvppfpmcsyft zGJU
t cef;u@ t m;avhvmjcif;
a'gufvmEkdifaqGJ;D
(aoe*F[mAsL [mavhvma&; t zGJU)

“ဥရောပတိုက်ရှိ မည်သည့်နိုင်ငံမဆို
နေတိုးအဖွဲ့ဝင်ဖြစ်ခြင်းဆိုင်ရာ စံနှုန်းများနှင့်
တာဝန်ဝတ္တရားများပြည့်မီရန်
ပြင်ဆင်ထားပါက
လွတ်လပ်စွာပါဝင်ခွင့်ရှိသည်။”

ဓာတ်ပုံ–အင်တာနက်

နိဒါန်း

ယူကရိန်းတွင် ဖြစ်ပွားနေသော စစ်ပွဲသည် ယနေ့အချိန်အခါ၌ အနောက်တိုင်း သတင်းမီဒီယာများတွင် စစ်ပွဲအစောပိုင်းကကဲ့သို့ ထင်ထင်ရှားရှား ပေါ်လွင်ခြင်းမရှိတော့ပေ။ သို့သော်လည်း ရုရှား – ယူကရိန်းစစ်ပွဲသည် ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး နှစ်ဖက်စလုံးသည် သိသာထင်ရှားသော ဆုံးရှုံးမှုများကို ခံစားနေကြရပါသည်။ ရုရှားသည် စစ်မြေပြင်နှင့် စစ်မြေပြင်ပြင်ပတွင် တဖြည်းဖြည်းနှင့် အောင်မြင်မှုများဖြင့် ခိုင်မာစွာ ရပ်တည်လာနေပြီ ဖြစ်ပါသည်။ မကြာသေးမီက ယူကရိန်းတပ်များသည် Avdiivka ရှိ အခိုင်အမာခြေကုပ်နယ်မြေမှ ဆုတ်ခွာသွားခြင်းမှာ ခေါင်းကြီးပိုင်း သတင်းများ ဖြစ်ခဲ့သည်။ Donetsk မြို့အနီးရှိ ထိုရှေ့တန်းနယ်မြေတွင် ရုရှားတပ်များသည် ယူကရိန်းတပ်များအား Avdiivka ၏ နောက်ဘက်သို့ ဆုတ်ခွာသွားစေနိုင်ခဲ့ပြီး ဆက်လက်အောင်မြေချဲ့ သိမ်းပိုက်နိုင်ခဲ့သည်။ ဤသည်မှာ ဖြစ်ပွားနေဆဲ ရုရှား–ယူကရိန်းစစ်ပွဲ၏ လတ်တလော ဖြစ်ပေါ်တိုးတက်မှုများ ဖြစ်ပါသည်။

ရုရှား – ယူကရိန်းစစ်ပွဲမှ လေ့လာသင့်သည့်အချက်များ

ယခုဖြစ်ပွားနေသော ရုရှား – ယူကရိန်းစစ်ပွဲ၏ အရေးကြီးဆုံး အလှည့်အပြောင်းမှာ ရုရှားသည် စစ်ပွဲအား စတင်ဆင်နွှဲစဉ်က အထူးစစ်ဆင်ရေး (Special Military Operation) အဖြစ် မိမိထက် အင်အားနည်းပါးသော ရန်သူကို ကာလတိုအတွက် စီမံချက်ရေးဆွဲ ဆင်နွှဲခဲ့ခြင်းဖြစ်သော်လည်း တိုက်ပွဲများမှာ ပြင်းထန်လာပြီး နယ်မြေအရလည်း ကျယ်ပြန့်လာကာ

စစ်ပွဲသည် ပိုမိုကြီးမားလာကြောင်း တွေ့ရှိလာရပါသည်။ အမေရိကန်က ၂၀၀၁ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်များတွင် တာလီဘန်နှင့် အီရတ်တို့အပေါ်ဆင်နွှဲခဲ့သော စစ်ဆင်ရေးများနှင့် နှိုင်းယှဉ်ပါက ယခုစစ်ပွဲသည် အောင်မြင်မှု ရရှိရန် ပိုမိုခက်ခဲကြောင်း နှစ်ဖက်လုံးက တွေ့ရှိလာကြပါသည်။ ဖော်ပြပါစစ်ပွဲများတွင် အမေရိကန်အနေဖြင့် ဆန့်ကျင်ဘက်အစိုးရ တစ်ရပ် ပြုတ်ကျသွားစေရန် တစ်လခန့်မျှသာ အချိန်ယူခဲ့ကြောင်း တွေ့နိုင်သည်။ ယခု ရုရှား–ယူကရိန်း စစ်ပွဲသည် ကိုရီးယားစစ်ပွဲ (၁၉၅၀ – ၅၃)၊ ဗီယက်နမ်းယားစစ်ပွဲ (၁၉၆၂ – ၉၅) နှင့် အီရန်–အီရတ်စစ်ပွဲ (၁၉၈၀ – ၈၈) တို့နှင့် ပိုမိုဆင်တူနေပါသည်။ ယခုစစ်ပွဲ၏ ရလဒ် အနေဖြင့် ထွက်ပေါ်လာမည့် စစ်ပွဲ၏ အရွေ့ဒိုင်းနမစ်များနှင့် သင်ခန်းစာများသည် ကမ္ဘာလုံး ဆိုင်ရာ စစ်ဘက်အတွေးအမြင်နှင့် တပ်မတော်များက အနာဂတ်တွင် ဖြစ်ပွားလာနိုင်သည့် စစ်ပွဲများအတွက် စစ်ဆင်ရေးစီမံချက်များရေးဆွဲရန် စဉ်းစားရာတွင် လွှမ်းမိုးနိုင်မှု ကြီးမား လာမည်ဖြစ်သည်။

ယခုအခါ ရုရှားတပ်များသည် ရှေ့တန်းစစ်မျက်နှာများတွင် အကန့်အသတ်ဖြင့် အမြတ်ထုတ် အောင်မြင်မှုများ ရယူနိုင်ပြီ ဖြစ်သည်။ တစ်ချိန်တည်းတွင် ရုရှားစီးပွားရေးသည် လည်း စစ်ပွဲအတွင်းမှာပင် ပိုမို တိုးတက်လာပါသည်။ အစိုးရသည် အခြားသောနိုင်ငံများမှ စစ်ဘက်ဆိုင်ရာ အရင်းအမြစ်များ ပံ့ပိုးမှုကိုလည်း ရယူနိုင်ခဲ့ပြီး အနောက်နိုင်ငံများ၏ ပိတ်ဆို့ အရေးယူမှုများကို ရှောင်လွှဲနိုင်ခဲ့သည်။ ဤအရာအားလုံးကို သုံးသပ်ကြည့်မည်ဆိုပါက စစ်ပွဲ၏ တတိယနှစ်သို့ ရောက်ရှိလာသည်နှင့်အမျှ ရုရှားသည် ယူကရိန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုအားကောင်းသည့် အနေအထားတွင် ရှိနေသည်ကို ဆိုလိုပါသည်။ အရေးကြီးသည့် အချက်မှာ ရုရှားအနေဖြင့် ယူကရိန်းတစ်နိုင်ငံတည်းဖြင့်သာ ရင်ဆိုင် တိုက်ခိုက်နေရခြင်း မဟုတ်ဘဲ အမေရိကန်အပါအဝင် နေတိုးအဖွဲ့ဝင်နိုင်ငံများဖြင့်ပါ ကိုယ်ပွားစစ်ပွဲ (Proxy War) တစ်ရပ်အား ပြင်းပြင်းထန်ထန် ရင်ဆိုင်ဆင်နွှဲနေရခြင်းလည်း ဖြစ်ပါသည်။ ထို့အတွက် နေတိုးအဖွဲ့က ယူကရိန်းအား မည်သို့မည်ပုံ ထောက်ပံ့ကူညီမှုများ ပေးအပ်နေသည်ကို သေချာစွာ လေ့လာသုတေသနပြုရန် လိုအပ်နေပါသည်။

မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့၏ သမိုင်းကြောင်းအား ပြန်လည်စေ့ငုကြည့်ခြင်း

နေတိုးဟူ၍ အတိုကောက်ခေါ်လေ့ရှိသည့် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ (North Atlantic Treaty Organization – NATO) အား အမေရိကန်၊ ကနေဒါနှင့် အနောက်ဥရောပနိုင်ငံ အများအပြားဖြင့် ၁၉၄၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ စစ်ပြီး ကာလ ငြိမ်းချမ်းချိန်တွင် ဖွဲ့စည်းသည့် ထိုအဖွဲ့အစည်းသည် ဆိုဗီယက်ပြည်ထောင်စုနှင့် ၎င်းဦးဆောင်သည့် ဝါဆောစစ်စာချုပ်အဖွဲ့အား ရင်ဆိုင်ရန် အဓိကဦးတည်ထားခြင်း ဖြစ် သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ နိုင်ငံရေးနှင့် စစ်ရေးနည်းလမ်းများကို အသုံးပြု၍ အဖွဲ့ဝင် နိုင်ငံများ၏ လွတ်လပ်ရေးကို အာမခံချက်ပေးရန်ဖြစ်ပါသည်။

(က) နေတိုးအဖွဲ့ဝင်နိုင်ငံများ

နေတိုးအဖွဲ့အား ၁၉၄၉ ခုနှစ်တွင် စတင်ဖွဲ့စည်းစဉ်က စတင်တည်ထောင်သည့် နိုင်ငံ ၁၂ နိုင်ငံရှိပါသည်။ ၎င်းတို့မှာ ဘယ်လ်ဂျီယမ်၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုက်စ်လန်၊ အီတလီ၊ လူဇင်ဘာဂ်၊ နယ်သာလန်၊ နော်ဝေ၊ ပေါ်တူဂီ၊ ယူကေနှင့် အမေရိကန်တို့ ဖြစ်ပါသည်။ လက်ရှိတွင် နေတိုးအဖွဲ့ဝင် ၃၂ နိုင်ငံအထိ ရှိနေပါသည်။ နှစ်ပေါင်း (၇၀) ကျော်အတွင်း ထပ်မံဝင်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှာ ဂရိ၊ တူကီယဲ၊ ဂျာမနီ၊ စပိန်၊ ချက်သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ ပိုလန်၊ ဖင်လန်၊ ဆွီဒင်၊ ဘူဂေးရီးယား၊ အက်စ်တိုးနီးယား၊ လတ်ဗီးယား၊ လစ်သူရေးနီးယား၊ ရိုမေးနီးယား၊ ဆလိုဗက်ကီးယားနှင့် ဆလိုဗေးနီးယား၊ အယ်လ်ဘေးနီးယားနှင့် ခရိုအေးရှား၊ မွန်တီနီဂရိုးနှင့် မြောက်မက်ဆီဒိုးနီးယားတို့ ဖြစ်သည်။

(ခ) နေတိုးအဖွဲ့၏ ကွပ်ကဲမှု ဖွဲ့စည်းပုံ

မတူညီသော တပ်မတော်များစွာ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရသည်ဖြစ်ရာ တိကျ ရှင်းလင်းပြတ်သားသော ကွပ်ကဲမှု ကွင်းဆက်ရှိရန် အရေးကြီးပါသည်။ အဖွဲ့ဝင်နိုင်ငံ အားလုံးမှ စစ်ဘက်နှင့် အရပ်ဘက်ဝန်ထမ်းများသည် နေတိုး၏ ကွပ်ကဲမှုဖွဲ့စည်းပုံ (Command Structure) အရ နေ့စဉ်အတူတကွ ပူးတွဲလုပ်ဆောင်ကြသည်။ ၎င်းတွင် ထိပ်ပိုင်းအားဖြင့် မဟာဗျူဟာအဆင့် ကွပ်ကဲမှုဌာနချုပ်နှစ်ခု ပါဝင်သည်။ တစ်ခုမှာ ဘယ်လ်ဂျီယမ်နိုင်ငံ Mons အခြေစိုက် Allied Command Operations နှင့် အမေရိကန်နိုင်ငံ Norfolk တွင် အခြေစိုက်သော Allied Command Transformation တို့ဖြစ်သည်။

(ဂ) နေတိုး၏ ကာကွယ်ရေးအသုံးစရိတ်

၂၀၁၄ ခုနှစ် ဝေးလ်ထိပ်သီးအစည်းအဝေးတွင် နေတိုးအဖွဲ့ဝင်နိုင်ငံများက ကာကွယ်ရေးဘတ်ဂျက် ဖြတ်တောက်မှုများကို ရပ်တန့်ရန်၊ ၂၀၂၄ ခုနှစ်အရောက်တွင် ကာကွယ်ရေးအတွက် GDP ၏ နှစ်ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲရန်နှင့် ၎င်းမှ ၂၀ ရာခိုင်နှုန်း အား အရေးကြီးလက်နက်ပစ္စည်းများ တပ်ဆင်ရာတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် ကတိကဝတ်ပြု ခဲ့ကြသည်။ ၂၀၂၄ ခုနှစ်သည် နေတိုးအဖွဲ့ဝင် ဥရောပနိုင်ငံများနှင့် ကနေဒါနိုင်ငံတို့၏ ဆယ်နှစ်ဆက်တိုက် ကာကွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ဖြစ်လာပါမည်။ ၂၀၂၃ ခုနှစ်အတွင်းက အဖွဲ့ဝင် ၁၂ နိုင်ငံသည် ၎င်းတို့ GDP ၏ အနည်းဆုံး နှစ်ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် သုံးစွဲခဲ့ကြသည်။

(ဃ) နေတိုးအဖွဲ့၏ ရန်ပုံငွေ

နေတိုးအဖွဲ့ဝင်နိုင်ငံတိုင်းသည် Gross National Income (GNI) ၏ ကုန်ကျစရိတ်ခွဲဝေမှုပုံသေနည်းကို အခြေခံ၍ အဖွဲ့အား လည်ပတ်ရန် လိုအပ်သော ကုန်ကျစရိတ်များကို ပံ့ပိုးပေးရပါသည်။ ၎င်းတွင် နေတိုး၏ စစ်ဆင်ရေးနှင့် လုပ်ဆောင်ရမည့် တာဝန်များ၊ အဆောက်အဦများ၊ ကွပ်ကဲမှုအဖွဲ့ဆောင်ရွက်ရန် တာဝန်ဝတ္တရားများနှင့် ထောက်လှမ်းရေးသုံး မောင်းသူမဲ့လေယာဉ်များကဲ့သို့ နေတိုးက ပူးတွဲပိုင်ဆိုင်သည့် စက်ယန္တရား၏ ကုန်ကျစရိတ်များ အကျုံးဝင်ပါသည်။ နေတိုး၏ ဘုံရန်ပုံငွေသည် နှစ်စဉ် ယူရို သုံးဘီလီယံခန့် သို့မဟုတ် မဟာမိတ်ကာကွယ်ရေးအသုံးစရိတ် စုစုပေါင်း၏ ၀ ဒသမ ၃ ရာခိုင်နှုန်း ဝန်းကျင် ဖြစ်ပါသည်။

(c) နေတိုးသို့ အဖွဲ့ဝင်အဖြစ် ပေါင်းစည်းဝင်ရောက်ခြင်း

တံခါးဖွင့်မူဝါဒသည် နေတိုး၏ထူထောင်ရေးမူဖြစ်သည်။ ဆိုလိုသည်မှာ ဥရောပတိုက်ရှိ မည်သည့်နိုင်ငံမဆို နေတိုးအဖွဲ့ဝင်ဖြစ်ခြင်းဆိုင်ရာ စံနှုန်းများနှင့် တာဝန်ဝတ္တရားများ ပြည့်မီရန် ပြင်ဆင်ထားပါက လွတ်လပ်စွာ ပါဝင်ခွင့်ရှိသည်။ စတင်ဖွဲ့စည်းသည့် ၁၉၄၉ ခုနှစ်ကတည်းက နေတိုးအဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံရှိခဲ့ရာမှ ယနေ့ခေတ်တွင် ၃၂ နိုင်ငံသို့ တိုးတက်လာခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် ဖင်လန်ကို ၃၁ နိုင်ငံမြောက် အဖွဲ့ဝင်သစ်အဖြစ် လက်ခံခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လတွင် ဆွီဒင်သည် ၃၂ နိုင်ငံမြောက် အဖွဲ့ဝင် ဖြစ်လာပါသည်။

(စ) နေတိုးအဖွဲ့၏ အားသာချက်နှင့် အားနည်းချက်များ

အားသာချက်များအနေဖြင့် အဖွဲ့အား လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် လစ်ဘရယ် အခွင့်အရေးတို့၏ တန်ဖိုးများဖြင့် ချည်နှောင်ထားသည်။ သမိုင်းကြောင်းအရ အဖွဲ့ဝင်နိုင်ငံများသည် ဆိုဗီယက်အား ဟန့်တားမည့် ရည်ရွယ်ချက် အောင်မြင်ခဲ့သည်။ အဖွဲ့သည် အချိန်နှင့်အမျှ ပြောင်းလဲခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားကို ထမ်းဆောင်ရန် ၎င်း၏ အခန်းကဏ္ဍအသစ်များကို တွေ့ရှိခဲ့သည်။ နေတိုးအဖွဲ့သည် ကမ္ဘာ့စစ်အသုံးစရိတ် စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်ကို သုံးစွဲနေပါသည်။ သမိုင်းအရ စစ်ရေးလှုပ်ရှားမှုတွင် စွမ်းရည်မြင့်မားကြောင်း သက်သေပြသနိုင်ခဲ့သည်။ တိုးတက်လာသော နည်းပညာများအား တိုးတက်သုံးစွဲနိုင်သော အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။

အားနည်းချက်များမှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် တိုက်ခိုက်ခံရပါက အခြားအဖွဲ့ဝင်နိုင်ငံများက အမှန်တကယ် ဝင်ရောက်ကူညီနိုင်မည်လားဟူသည်မှာ မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။ အဖွဲ့ဝင်နိုင်ငံတိုင်းတွင် နိုင်ငံအလိုက် အမျိုးသားအကျိုးစီးပွားများ ကွဲပြားခြားနားစွာ ရှိနေကြပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံအားလုံးသည် နေတိုးအဖွဲ့ဝင်မဟုတ်ပေ။ နေတိုးအဖွဲ့အနေဖြင့် ဆုံးဖြတ်ချက်များချရန်အတွက် အဖွဲ့ဝင်အားလုံး တညီတညွတ်တည်း စုပေါင်းချမှတ်ရန် လိုအပ်သည်။ နေတိုးသည် အမေရိကန်၏ စစ်အင်အားကို အလွန်အမင်း အားကိုးနေပါသည်။ နေတိုးအဖွဲ့အား အမေရိကန်က ကြီးစိုးနေလျက်ရှိနေကြောင်း တွေ့နိုင်သည်။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဖွဲ့ရန်ပုံငွေအတွက် သဘောတူညီထားသည့် ၎င်းတို့ GDP ၏ နှစ်ရာခိုင်နှုန်းအား ထည့်ဝင်နိုင်ခြင်း မရှိချေ။

ယူကရိန်းနှင့် နေတိုးတို့၏ ဆက်ဆံရေး

ယူကရိန်းအနေဖြင့် နေတိုးအဖွဲ့ဝင်ဖြစ်လာရန် ကြိမ်ဖန်များစွာ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် NATO Membership Action Plan (MAP) အား လျှောက်ထားခဲ့ပါသည်။ သို့သော် ၂၀၁၀ ပြည့်နှစ်တွင် ရုရှားလိုလားသူ ဗစ်တာယာနယူကိုဗစ်ချ်အား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်တွင် ထိုအစီအစဉ်အား ပယ်ဖျက်ခဲ့ပါသည်။ ၎င်းက နိုင်ငံအား ဘက်မလိုက်နိုင်ငံအဖြစ် ရပ်တည်လိုခြင်းဖြစ်ကြောင်း မှတ်ချက်ပြုပါသည်။

၂၀၁၄ ခုနှစ် ပြည်တွင်းမငြိမ်မသက်မှုများ ဖြစ်ပွားပြီးနောက် ယာနယူကိုဗစ်ချ်သည် တိုင်းပြည်မှ ထွက်ပြေးသွားခဲ့ရပါသည်။ ၂၀၁၄ ခုနှစ်တွင် ရုရှားသည် ခရိုင်းမီးယားကျွန်းဆွယ်အား ပြန်လည်သိမ်းပိုက်ပေါင်းစည်းပေးနိုင်ခဲ့ပါသည်။ ထိုဖြစ်စဉ်က ယူကရိန်းအား မဟာမိတ်

ဖွဲ့စည်းရန် ဦးစားပေးအခြေအနေသို့ ရောက်ရှိသွားစေပါသည်။ ၂၀၁၇ ခုနှစ်တွင် ယူကရိန်းသည် မဟာဗျူဟာမြောက် နိုင်ငံခြားရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒဦးတည်ချက်အဖြစ် နေတိုးအဖွဲ့သို့ ဝင်ရောက်ရန် ကြိုးပမ်းမှုဥပဒေအား ပြန်လည်အတည်ပြုခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အရောက်တွင် ထိုအချက်မှာ ယူကရိန်းဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တစ်ခုအဖြစ် ပါဝင်လာခဲ့သည်။

၂၀၁၈ ခုနှစ်က နေတိုးအဖွဲ့သည် ယူကရိန်းအား အနာဂတ်တွင် ဝင်ရောက်ခွင့်ပေးမည်ဟူသော ကတိပေးခဲ့ပါသည်။ သို့သော်လည်း ၎င်း၏ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် ကြိုးပမ်းမှုသည် အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးငြင်းခုံနေကြဆဲဖြစ်သည်။

နေတိုးတွင် ပါဝင်ခြင်းဖြင့် ယူကရိန်းအနေဖြင့် ခံစစ်အင်အား လွန်စွာ တိုးတက်လာမည်ဖြစ်ရာ ရုရှားသည် ၎င်း၏ အိမ်နီးချင်းအား နေတိုးမဟာမိတ်အဖွဲ့ဝင်ဖြစ်ခွင့်ကို မည်သည့်အခါမျှ လက်ခံမည်မဟုတ်ပေ။ နေတိုး၏ စုပေါင်းကာကွယ်ရေးမူအရ မဟာမိတ်အဖွဲ့တွင် ပါဝင်ခြင်းသည် ယူကရိန်း၏ ခံစစ်အင်အားကို တိုးမြင့်စေမည်ဖြစ်သည်။ နေတိုးတည်ထောင်ခြင်းသဘောတူစာချုပ် အပိုဒ် ၅ တွင် ပြဋ္ဌာန်းထားသောမူအရ မဟာမိတ် တစ်ဦးကို တိုက်ခိုက်ခြင်းသည် မဟာမိတ်အားလုံးကို တိုက်ခိုက်ခြင်းဟု ယူဆကာ အချင်းချင်းကာကွယ်ရန် ကတိကဝတ်ပြုခြင်းကို ဆိုလိုပါသည်။ ထို့အပြင် ရုရှားအနေဖြင့် နေတိုးနှင့် အနောက်နိုင်ငံများကို ထိုဒေသတွင် ၎င်းတို့၏ ဩဇာချဲ့ထွင်ရန် မလိုလားပေ။ သမ္မတပူတင်က နေတိုးသည် တိုးချဲ့မှုကို ဟန့်တားသည့် သဘောတူညီချက်ကို ချိုးဖောက်ခဲ့သည်ဟု ပူတင်က အခိုင်အမာဆိုသော်လည်း နေတိုးက ယင်းပြောဆိုချက်များကို ပယ်ချခဲ့ပါသည်။

မိမိနိုင်ငံ၏ အိမ်နောက်တံခါးဝတွင် တစ်ချိန်က တတိယကမ္ဘာစစ် ဖြစ်လုနီးနီး မိမိနှင့် ပြင်းပြင်းထန်ထန် ရင်ဆိုင်ခဲ့ရသော ရန်သူ့အုပ်စုကြီးတစ်ခုက အခြေစိုက်ကာ အင်အားဖြန့်ကြက်လာမည်ကို မည်သည့်နိုင်ငံကမျှ လိုလားမည် မဟုတ်ချေ။

နေတိုးက ယူကရိန်းအား ထောက်ပံ့ကူညီမှုများ

၂၀၂၂ ခုနှစ်တွင် Forbes မဂ္ဂဇင်းက နိုင်ငံပေါင်း ၂၀ ပါဝင်သော ယူကရိန်း၏ စစ်မှန်သော မိတ်ဆွေများစာရင်းအား ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါစာရင်းတွင် ပိုလန်၊ အက်စ်တိုးနီးယား၊ လတ်ဗီးယား၊ အမေရိကန်၊ လစ်သူယေးနီးယား၊ ပေါ်တူဂီ၊ ဗြိတိန်၊ အီတလီ၊ စပိန်၊ ဆလိုဗက်ကီးယား၊ ချက်သမ္မတနိုင်ငံ၊ ပြင်သစ်၊ ကနေဒါ၊ နယ်သာလန်၊ ဘူဂေးရီးယား၊ ဒိန်းမတ်၊ ဂျာမနီ၊ နော်ဝေနှင့် ရိုမေးနီးယားတို့ ပါဝင်သည်။ နိုင်ငံအများစုသည် အနောက် အုပ်စုဝင်များဖြစ်ပြီး မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ဝင် နိုင်ငံများလည်း ပါဝင်နေကြောင်း တွေ့နိုင်သည်။ ထိုစာရင်းအရ ရုရှားသည် ယူကရိန်း တစ်နိုင်ငံတည်းနှင့် စစ်တိုက်နေရသည် မဟုတ်ဘဲ အနောက်အုပ်စုတစ်ခုလုံးနှင့် ရင်ဆိုင်နေရသည်ကို တွေ့နိုင်သည်။

အထက်ပါ နိုင်ငံအများစုသည် ယူကရိန်းကို ထောက်ခံသည့်အနေဖြင့် ရုရှားသံတမန်များအား ၎င်းတို့နိုင်ငံများမှ နှင်ထုတ်ခဲ့သည်။ ပိုလန်၊ ပြင်သစ် နှင့် ဂျာမနီတို့က ရုရှားသံတမန် ၄၀ ခန့်အား သက်ဆိုင်ရာနိုင်ငံများမှ နှင်ထုတ်ခဲ့ပြီး ဘူဂေးရီးယားသည်လည်း ရုရှားသံတမန်

ဈေးဦးအား နှင်ထုတ်ခဲ့ကြောင်း တွေ့ရသည်။ အချို့သော နိုင်ငံခေါင်းဆောင်များသည် ယူကရိန်းသို့ ကြိမ်ဖန်များစွာသွားရောက်ခဲ့ရာ ဗြိတိန်နှင့်ပိုလန် ခေါင်းဆောင်များသည် စစ်ပွဲအတွင်း ယူကရိန်းသို့ အကြိမ်အများဆုံး သွားရောက်လည်ပတ်ခဲ့ပြီး တစ်ဦးလျှင် သုံးကြိမ်စီဖြစ်သည်။ လတ်ဗီးယား၊ လစ်သူယေးနီးယားနှင့် ကနေဒါ နိုင်ငံတို့မှ ခေါင်းဆောင်များသည် ယူကရိန်းထံသို့ နှစ်ကြိမ်စီ သွားရောက်လည်ပတ်ဖူးကြသည်။

“အနောက်တိုင်း ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီကာလ အတန်ကြာကတည်းက ယူကရိန်းတွင် အခြေပြုလှုပ်ရှားနေကြောင်း ခိုင်မာသော သက်သေ အထောက်အထားများ ရှိပါသည်။”

ယူကရိန်းသည် စစ်ရေး၊ ငွေကြေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးကူညီမှုအမျိုးမျိုးကိုလည်း လက်ခံရရှိနေသည်။ Kiel Institute ၏ လေ့လာချက်အရ ဥရောပသမဂ္ဂသည် ယူကရိန်းအား စစ်ရေး၊ ဘဏ္ဍာရေးနှင့် လူသားချင်းစာနာထောက်ထားမှုတို့အပါအဝင် စုစုပေါင်း ကူညီထောက်ပံ့မှုအများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ စစ်ရေးအကူအညီတွင်မူ အမေရိကန်က ထိပ်ဆုံးဖြစ်သည်။ ဂျာမနီကဲ့သို့ နေတိုးအဖွဲ့ဝင်နိုင်ငံနှင့် ဆွီဒင်ကဲ့သို့ မဟာမိတ်များအနေဖြင့် ယူကရိန်းအား ထောက်ပံ့ကူညီမှုများ ပြုလုပ်ရန်အတွက် ထိုးစစ်လက်နက်များ တင်ပို့ ခြင်းမပြုရဟူသော ယခင်က ချမှတ်ထားသည့် မူဝါဒများအား ပြောင်းလဲခဲ့သည်။ ဥရောပသမဂ္ဂသည် သမိုင်းတွင် ပထမဆုံးအဖြစ် သေစေနိုင်သောလက်နက်များ (Lethal Weapons) အား ထောက်ပံ့မှုပေးခဲ့ကြောင်း တွေ့ရှိရသည်။

စစ်ပွဲဆိုင်ရာထောက်ပံ့ကူညီမှုများအတွက် နိုင်ငံ ၅၄ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် The Ukraine Defence Contact Group ၏ လစဉ်အစည်းအဝေးများတွင် ညှိနှိုင်းဆွေးနွေးကြသည်။ ၎င်းအဖွဲ့တွင် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ (NATO) အဖွဲ့ဝင်အားလုံးနှင့် အခြားနိုင်ငံ ၂၄ နိုင်ငံတို့ ပါဝင်သည်။ ဥရောပသမဂ္ဂသည် တစ်နိုင်ငံချင်းစီအလိုက်သော်လည်းကောင်း၊ အီးယူ အင်စတီကျူးရှင်းများမှတစ်ဆင့် စုပေါင်း၍သော်လည်းကောင်း ထောက်ပံ့ကူညီကြောင်း တွေ့ရသည်။

နေတိုးသည် အဖွဲ့အစည်းတစ်ခုအနေဖြင့် လောင်စာဆီ၊ ဆောင်းရာသီအဝတ်အစားများနှင့်

မီးစက်များ အပါအဝင် လူသေစေနိုင်ခြင်းမရှိသော အထောက်အပံ့များကို ပံ့ပိုးပေးလျက်ရှိသည်။ တစ်နိုင်ငံချင်းစီအနေဖြင့်မူ လက်နက်၊ ခဲယမ်း၊ ယာဉ်ယန္တရားများနှင့် အခြားစစ်ဘက်ဆိုင်ရာ အကူအညီများ ထောက်ပံ့ကူညီပေးနေသည်။ နေတိုးသည် ယူကရိန်းအားရေရှည်တွင် ဆိုဗီယက်ခေတ် စစ်လက်နက်ပစ္စည်းများ သုံးစွဲနေရာမှ ခေတ်မီနေတိုးစံပြုလက်နက်ကိရိယာများဆီသို့ ကူးပြောင်းရန် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

အနောက်တိုင်း ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီ ကာလအတန်ကြာကတည်းက ယူကရိန်းတွင် အခြေပြုလှုပ်ရှားနေကြောင်း ခိုင်မာသော သက်သေအထောက်အထားများ ရှိပါသည်။ နေတိုး၏ သိသာထင်ရှားသော စစ်ရေးအထောက်အပံ့များကြောင့် ယူကရိန်းစစ်ပွဲသည် နေတိုးနှင့် ရုရှားတို့အကြားဖြစ်ပွားသော ကြားခံ (Proxy War) စစ်ပွဲဖြစ်သည်ဟူသော အချက်မှာလည်း ပိုမိုပေါ်လွင်လာပါသည်။

ယူကရိန်းအတွက် ကြီးထွားလာနေသော စိန်ခေါ်မှုမှာ စစ်ရေးအကူအညီအတွက် အနောက်နိုင်ငံများတွင် လူထုထောက်ခံမှု လျော့ကျလာခြင်း ဖြစ်သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလက အမေရိကန်တွင် ပြုလုပ်ခဲ့သော Gallup စစ်တမ်းတွင် ဖြေဆိုသူ ၄၁ ရာခိုင်နှုန်းက အမေရိကန်သည် ယူကရိန်းကို ထောက်ပံ့မှုများ အလွန်အကျွံ လုပ်ဆောင်နေကြောင်း ဖြေဆိုခဲ့ကြသည်။ ဤသည်မှာ ရီပတ်ဘလစ်ကန် မဲဆန္ဒရှင်များကြားတွင် ၆၂ ရာခိုင်နှုန်းအထိ မြင့်တက်လာသော သဘောထားတစ်ခု ဖြစ်သည်။ ၂၀၂၂ ခုနှစ် သြဂုတ်လက ထိုကိန်းဂဏန်းများမှာ ၂၄ နှင့် ၄၃ ရာခိုင်နှုန်းအသီးသီး ဖြစ်ကြသည်။ မကြာသေးမီက ပြုလုပ်ခဲ့သည် Pew ကဲ့သို့သော စစ်တမ်းများတွင်လည်း အလားတူပင် မြင့်တက်လာကြောင်း ထင်ရှားစွာ မီးမောင်းထိုးပြနေပါသည်။

ယူကရိန်းအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန်အတွက် ဥရောပသမဂ္ဂအတွင်း ခိုင်မာသော အားပေးထောက်ခံမှုများရှိနေသော်လည်း စစ်တမ်းများအရ စစ်ရေးအကူအညီအတွက် အထောက်အပံ့များမှာမူ လျော့နည်းလာကြောင်း လေ့လာတွေ့ရှိရပါသည်။

ယူကရိန်းအစိုးရအနေဖြင့် ၎င်း၏ စစ်ရေးဆိုင်ရာ ပြဿနာများအား အနောက်တိုင်း လက်နက်များနှင့် ခဲယမ်းမီးကျောက်များဖြင့် ဖြေရှင်းနိုင်မည်ဟု ထုတ်ဖော်ပြောဆိုဖူးသည်။ သေချာသည့်အချက်မှာ အဆိုပါ နှစ်မျိုးလုံးသည် ယူကရိန်း၏ အခြေအနေအား တိုးတက်စေမည်ဖြစ်သည်။ သို့သော် ထိုအနောက်တိုင်းက ထောက်ပံ့သည့် လက်နက်ကိရိယာများသည် ယူကရိန်းပြဿနာများအတွက် ၉၆ ပါးသော ရောဂါပျောက်ဆေးကြီးတော့ မဟုတ်ပါ။ ရုရှားတပ်ဖွဲ့များသည် Avdiivka စစ်မြေပြင်တွင် ယူကရိန်းအား အမေရိကန်က ထောက်ပံ့ပေးထားသည့် M–1 Abrams တင့်ကားအများအပြားကို ဖျက်ဆီးပစ်နိုင်ခဲ့သည်ဖြစ်ရာ အနောက်တိုင်းလုပ် လက်နက်ကိရိယာများသည် အမှားအယွင်းမရှိနိုင်ဟု ကြွားဝါမှုမှ သွေဖည်နေသည်မှာ အံ့သြစရာတော့မဟုတ်ပေ။

ယူကရိန်းအား ထပ်မံထောက်ပံ့ပေးအပ်ရန် အမေရိကန် ကွန်ဂရက်လွှတ်တော်အတွင်း အချေအတင် ဆွေးနွေးနေကြဆဲ ဖြစ်သော်လည်း နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယူကရိန်း

အား စစ်ရေးအကူအညီများ ထပ်ဆောင်းပေးအပ်သွားရန် ကတိကဝတ် ပြုထားကြပါ သည်။ မကြာသေးမီက ထွက်ပေါ်လာသော ကောလာဟလ သတင်းများအရ ဂျာမနီက ယူကရိန်းအား Taurus ဒုံးလိမ္မာများ ထောက်ပံ့ပေးရန် စဉ်းစားနေခြင်းကို ကြည့်ခြင်းအားဖြင့် နေတိုးအပါအဝင် အနောက်နိုင်ငံများက ယူကရိန်းအား ဆက်လက်အထောက်အပံ့ပေးရန် ဟူသော ကတိကဝတ်သည် လေထဲတွင် ပျောက်သွားသည် မဟုတ်ကြောင်း ပြသနေပါသည်။

သို့သော် နေတိုးအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ၎င်းတို့စစ်သည်များအား ယူကရိန်း စစ်မြေပြင်သို့ တပ်ဖြန့်ချထားကာ စစ်ပွဲအတွင်း ထဲထဲဝင်ဝင်ပါဝင်နိုင်သည်ဟူသောအချက် မှာမူ ရှင်းလင်းရေရာခြင်း မရှိသေးပေ။ ပြင်သစ်သမ္မတ မက်ခရွန်းက ၎င်း၏စစ်သည်များအား ယူကရိန်းသို့ စေလွှတ်ခြင်းသည် ရွေးချယ်စရာတစ်ခုအဖြစ် ကျန်နေသေးကြောင်း မကြာသေးမီ က ပြောကြားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ နေတိုးခေါင်းဆောင်အများစုက တိုက်ခိုက်ရေး တပ်များအား ယူကရိန်းသို့ တပ်ဖြန့်စေလွှတ်ခြင်းသည် မဖြစ်သင့်ဟူသော အချက်အား ပြတ်သားစွာ ရှုမြင်ကြသည်။ သို့သော် မက်ခရွန်းသည် ထိုစကားအား ၎င်းဘက်မှ ထောက်ခံသူ မရှိဘဲ ပြောခြင်းမဟုတ်ချေ။ ရုရှားနှင့်နေတိုး တိုက်ရိုက်ထိတွေ့မှု ဖြစ်လာလျှင်လည်းကောင်း၊ နျူကလီးယားလက်နက် အသုံးပြုလာလျှင်လည်းကောင်း ထိုအချက်အား ထည့်သွင်းစဉ်းစား ရတော့မည်ဖြစ်သည်။

နေတိုးက မည်သည့်အတွက်ကြောင့် ယူကရိန်းထံ ၎င်း၏ တပ်များ တပ်ဖြန့်ချထားခြင်း မပြုသနည်း

နေတိုးအား ပဋိပက္ခကို နှိုးဆွရန်မဟုတ်ဘဲ ပဋိပက္ခကို တားဆီးရန်ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည်။ ဤစစ်ပွဲသည် ယူကရိန်းအား ကျော်လွန်၍ မပြန့်ပွားစေရန် နေတိုးတွင် တာဝန်ရှိသည်ဟု အဖွဲ့ဝင်နိုင်ငံများက ခံယူကြောင်း တွေ့ရသည်။ လေယာဉ်မပျံသန်းရဇုန်ကို ပြဋ္ဌာန်းခြင်း ပြုလုပ်မည်ဆိုပါက နေတိုးတပ်ဖွဲ့များအနေဖြင့် ရုရှားနှင့် တိုက်ရိုက် ပဋိပက္ခဖြစ်ပွားစေမည် ဖြစ်သည်။ ယင်းက စစ်ပွဲကို သိသိသာသာ အရှိန်တိုးမြင့်လာစေပြီး ပါဝင်သည့် နိုင်ငံအားလုံးမှ လူသားများအတွက် ဒုက္ခနှင့် ပျက်သုဉ်းခြင်း တို့ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ထို့ကြောင့် လက်ရှိအချိန်ထိ နေတိုးတပ်ဖွဲ့များအား ယူကရိန်းစစ်မြေပြင်တွင် တိုက်ရိုက် တပ်ဖြန့်ချမှုမပြုလုပ်ခြင်းဟု သုံးသပ်ရပါသည်။

ယူကရိန်း လတ်တလော ရင်ဆိုင်နေရသည့် ပြဿနာများ

စစ်သည်အင်အား စုဆောင်းရရှိမှု နည်းပါးလာခြင်းသည် ယူကရိန်းအတွက် ပြဿနာကြီးတစ်ခု ဖြစ်ပါသည်။ နေတိုးအပါအဝင် အနောက်နိုင်ငံများက မည်မျှ ထောက်ပံ့ သည်ဖြစ်စေ ထိုထောက်ပံ့ပေးထားသော ယာဉ်ယန္တရား၊ လေယာဉ်နှင့် ရဟတ်ယာဉ်များအား ကိုင်တွယ်မောင်းနှင်ရန် လေ့ကျင့်ပေးထားသည့် လူသားအရင်းအမြစ် အမြောက်အမြား လိုအပ်နေပါသည်။ သမ္မတဇဲလန်စကီးက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ယခုအချိန်အထိ ယူကရိန်းစစ်သည် ၃၁,၀၀၀ ကျဆုံးခဲ့ကြောင်း မကြာသေးမီက ပြောကြားခဲ့ပါသည်။ ထို ကိန်းဂဏန်းသည် အမေရိကန်၏ ခန့်မှန်းချက်ထက် ထက်ဝက်ခန့် နည်းပါးနေပြီး စစ်ဆင်ရေး

အတွင်း ပျောက်ဆုံးနေသူများ၊ ရုရှားက ဖမ်းဆီးထားသည့် စစ်အကျဉ်းသားများနှင့် ဒဏ်ရာရသူ ထောင်ပေါင်းများစွာ ပါဝင်ခြင်းမရှိပါ။ ထိုသို့သော ဆုံးရှုံးမှုများကို အစားထိုးရန်မှာ အလွန်ခက်ခဲသောအခြေအနေသို့ ရောက်ရှိလာပါသည်။

ဇူလိုင်စကီးသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက စစ်မှုမထမ်းမနေရစနစ်ဖြင့် တာဝန်ထမ်းဆောင်နေသော စစ်သည်များအား တန်းပြည့်စစ်မှုထမ်းများအဖြစ် စစ်မြေပြင်သို့ ပြန်လည်ခေါ်ယူခြင်းမပြုဘဲ အရန်တပ်ဖွဲ့များသို့ အနည်းဆုံး ၁၂လကြာ ပြောင်းရွှေ့ခွင့်အား မကြာသေးမီက ခွင့်ပြုခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် စစ်သည်များနှင့် မိသားစုများ၏ စိတ်ဓာတ်မြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သော်လည်း စစ်သားစုဆောင်းရေး အကျပ်အတည်းအား ပြေလည်သွားစေမည် မဟုတ်ပေ။ မည်သို့ပင် ခေတ်မီသော လက်နက်ကိရိယာများ ပိုင်ဆိုင်ထားသည်ဖြစ်စေ၊ လူစွမ်းအားအရင်းအမြစ်သည်သာ အရေးအကြီးဆုံးဖြစ်ကြောင်း ဤဖြစ်စဉ်က ညွှန်းဆိုနေပါသည်။

စစ်ပွဲ၏ အနာဂတ်

ဖြစ်နိုင်ခြေအရှိဆုံးရလဒ်မှာ ကာလရှည်ကြာစွာနှင့် ငွေကြေးအကုန်အကျ များပြားစွာ အသုံးပြုပြီးနောက် ရုရှားအနေဖြင့် အောင်ပွဲဆင်နိုင်လိမ့်မည် ဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်း ပြုလုပ်မည့် အမေရိကန်ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီ အနိုင်ရရှိမည်ဆိုပါက ယူကရိန်းသို့ ၎င်း၏ စစ်ရေးအကူအညီများ ရပ်ဆိုင်းသွားမည်ဟု သုံးသပ်ရပြီး ရုရှားအနေဖြင့် အောင်မြင်မှုဆီသို့ ပိုမိုနီးကပ်သွားပါမည်။ နေတိုးအဖွဲ့ဝင် အခြားနိုင်ငံများအနေဖြင့် ယူကရိန်းဆိုင်ရာမူဝါဒများအား အနာဂတ်တွင် မည်သို့ ဆက်လက်ချမှတ်မည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း အမေရိကန်၏ လက်နက်ခဲယမ်းထောက်ပံ့မှုပမာဏကို အစားထိုးရန်မှာမူ မဖြစ်နိုင်ပေ။

ဒုတိယဖြစ်နိုင်ခြေမှာ အမေရိကန်နှင့် နေတိုးအဖွဲ့ဝင်နိုင်ငံများသည် ပြည်တွင်းမှ အတိုက်အခံပြုမှုများကို ကျော်လွှားနိုင်ပြီး ယူကရိန်းထံ လက်နက်ခဲယမ်း ထောက်ပံ့မှုများ ဆက်လက် ပြုလုပ်ပေးခြင်း ဖြစ်သည်။ ဤသို့ လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ယူကရိန်းအား ပျက်စီးဆုံးရှုံးသွားခြင်းမှ ကယ်တင်ရန် လုံလောက်နိုင်သော်လည်း ယူကရိန်းအနေဖြင့် ရုရှားအပေါ် အနိုင်ရရှိရန် လုံလောက်ခြင်းမရှိဟူသည်ကို ပြီးခဲ့သည့် နှစ်နှစ်ကြာ စစ်ပွဲရလဒ်များက ပြသနေပါသည်။

နိဂုံး

ပင်လယ်နက်တွင် Sergei Kotov ကဲ့သို့သော ရုရှား စစ်ရေယာဉ်ကြီးများသည် ယူကရိန်း၏ လူမဲ့ရေယာဉ်နှင့် လူမဲ့လေယာဉ်များ၏ တိုက်ခိုက်ခံရမှုကြောင့် နစ်မြုပ်သွားရခြင်းမှာ ရုရှားရေတပ်အတွက် ဆုံးရှုံးမှုကြီးများ ဖြစ်သော်လည်း ယူကရိန်းအတွက် မဟာဗျူဟာ အကျိုးအမြတ်များစွာရခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဒွန်းဘာ့စ်အတွက် စစ်ပွဲသည်

ကုန်းမြေပေါ်တွင်သာ အဓိကတိုက်ခိုက်နေပြီး ယင်းကဲ့သို့ အောင်ပွဲများသည် မြေပြင်စစ်ပွဲ အပေါ် အဓိပ္ပာယ်များစွာ သက်ရောက်မှုရှိမည် မဟုတ်ပေ။ ရုရှားတပ်မတော်၏ ထိုးစစ်သည် ရှေ့သို့ တဖြည်းဖြည်းချင်း တိုးလာနိုင်သည်ဖြစ်သော်လည်း အထောက်အထားများအရ ရုရှားနှင့်ယူကရိန်း နှစ်ဖက်စလုံးသည် ကြံ့ကြံ့ခံ ခိုင်မာစွာတိုက်ခိုက်နေကြဆဲဖြစ်ကြောင်း ပြသနေသည်။ အပြင်ပန်းအားဖြင့် နေတိုးအဖွဲ့ဝင် နိုင်ငံခေါင်းဆောင် အများစုသည် ယူကရိန်းကို ထောက်ပံ့ရန် ကတိကဝတ်များကို ဆက်လက်ထိန်းသိမ်းထားကြပါသည်။ သို့သော် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ထောက်ပံ့မှုများ လျော့နည်းလာပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ အနာဂတ်တွင် နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယူကရိန်းအား မည်သည့် အချိန်အထိ ဆက်လက် ထောက်ပံ့နေနိုင်မည်ဆိုသည်မှာ ဆွေးနွေးငြင်းခုံဖွယ်ရာ အခြေအနေ တစ်ခုသို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ဒေါက်တာနိုင်ဆွေဦး
(သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့)

Ref: – NATO and the Ukraine–Russia crisis: Five key things to know, Al Jazeera, 15 Feb 2022.
– NATO's response to Russia's invasion of Ukraine, Official Website of North Atlantic Treaty Organization, 22 Feb 2024.
– Recent gains point to a growing Russian advantage in the Ukraine war, The Conversation, 11 Mar 2024.
– Strengths and weaknesses of NATO, Get Revising, 10 Dec 2021.
– Success or Failure in Ukraine? Ambassador Thomas Graham Jr. and David Bernell, Just Security, 12 January 2024.

*ygZmEÅSpnfrsOfpnfurfrsm;ukt ajccHnfh t pOft vm\ eckH

pkykyefawmif

“ အာဖဂန်နစ္စတန်၊ အီရတ်၊ ပါကစ္စတန်၊
ဆိုမာလီယာနှင့် ဆီးရီးယားနိုင်ငံတို့တွင်
အမေရိကန်လေကြောင်းတိုက်ခိုက်မှုများသည်
အရပ်သား လူအမြောက်အများကို
ထိခိုက်သေကျေစေခဲ့သည်။”

ဓာတ်ပုံ-အင်တာနက်

အစ္စရေးနှင့်ဟားမားစ်တို့၏ စစ်ပွဲသည် လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေတို့၏ အနာဂတ်ကို မည်သို့မည်ပုံ အကျိုးသက်ရောက်စေပါမည်နည်း။

တိုက်ပွဲများ လေးလကျော်ကြာ ဖြစ်ပွားခဲ့ပြီးနောက် အစ္စရေး၏ ဟားမားစ်တို့အပေါ် လက်တုံ့ပြန် တိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှုပုံစံနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်မှု အသွင်သဏ္ဌာန်များ ရှိလာနေသည်။ အစ္စရေးတို့က ဂါဇာတွင် တိုက်ခိုက်နေသည့် စစ်ပွဲနှင့် ပတ်သက်၍ အောက်တိုဘာလ ၇ ရက်နေ့က အစ္စရေးနိုင်ငံအား ဟားမားစ်တို့ ကျူးကျော်တိုက်ခိုက်ခဲ့ပြီး အစ္စရေးအရပ်သား အများစုပါဝင်သည့် လူပေါင်း ၁,၁၃၉ ယောက်ကို သတ်ဖြတ်ခဲ့ကာ လူထောင်ပေါင်းများစွာကို ထိခိုက်ဒဏ်ရာရရှိစေခြင်း၊ ယခုထက်တိုင် အရေအတွက်အတိအကျ မသိရှိနိုင်သေးသော အမျိုးသမီးများနှင့် မိန်းကလေးများကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားခြင်းနှင့် ဟားမားစ်တို့၏လက်ဦးကျန်ရှိနေသေးသည့်သူများ အပါအဝင် လူပေါင်း ၂၄၀ ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း စသည့် ကြောက်မက်ဖွယ်ရာ ရာဇဝတ်မှုများအတွက် ဟားမားစ်တို့ကို တိုက်ခိုက်ဖယ်ရှားနေခြင်း ဖြစ်သည်ဟု ဆိုသည်။

လက်တုံ့ပြန်ရာတွင် ရာပေါင်းထောင်ပေါင်းများစွာသော ပါလက်စတိုင်းတို့ကို လူသားတို့၏ အခြေခံလိုအပ်ချက်များ မရှိနိုင်သည့်အခြေအနေ၊ အိုးပစ်အိမ်ပစ် ထွက်ပြေးသွားရသည် အထိ အစ္စရေးတို့က အတင်းအကျပ် တိုက်ခိုက်မောင်းထုတ်ခဲ့ကြသည်။ အစ္စရေးတို့၏ တိုက်ခိုက်မှုသည် ဟားမားစ်တို့ကိုသာ တိုက်ခိုက်ခြင်း၊ နှိုင်းနှိုင်းချိန်ချိန်နှင့် အချိုးအဆမျှတစွာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ အရပ်သားများနှင့် ဆေးရုံများ၊ စာသင်ကျောင်းများ အပါအဝင် အရပ်ဘက်ပစ်မှတ်များကိုပါ တိုက်ရိုက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်း ၂၈,၀၀၀

မျှ သေဆုံးခဲ့ရပြီး အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်သည်။ ဂါဇာဒေသ၏ ကြီးမားကျယ်ပြန့်သော နေရာများမှာ မုန့်မုန့်ညက်ညက် ကြေနေပြီဖြစ်သည်။ ယခုအခါ ဂါဇာရှိ အခြေခံအဆောက်အအုံများ၏ ငါးပုံတစ်ပုံခန့်နှင့် အိုးအိမ်အများစုတို့မှာ ပျက်စီးသို့မဟုတ် ဖျက်ဆီးခြင်းခံခဲ့ရပြီးဖြစ်ရာ ထိုဒေသရှိ နေရာအများစုမှာ လူနေထိုင်ရန် မဖြစ်နိုင်သောအခြေအနေသို့ ရောက်ရှိနေသည်။ အစ္စရေးတို့က ပါလက်စတိုင်းတို့ကို အစုလိုက်အပြုံလိုက် ပြစ်ဒဏ်ခတ်သည့်အနေဖြင့် အစားအစာ၊ သောက်သုံးရေ၊ စွမ်းအင်၊ အင်တာနက်သုံးစွဲဆက်သွယ်မှု၊ နေထိုင်စရာနှင့် ဆေးဝါးတို့ လုံလောက်စွာ မရရှိနိုင်စေရန် အချိန်ကြာမြင့်စွာ ဝိုင်းဝန်းပိတ်ဆို့ထားမှုများ ချမှတ်လုပ်ဆောင်ခဲ့သည်။ ယင်းသို့ လုပ်ဆောင်မှုများကြောင့် အချို့သောသူများ သေဆုံးခဲ့ရမှုများရှိခဲ့သည်ဟု အစ္စရေးတို့ကိုယ်တိုင်က ဝန်ခံပြောကြားခဲ့သည်။ ထိုစဉ်ကာလအတွင်း အနောက်ဘက်ကမ်းခြေဒေသ (West Bank) ၌ အစ္စရေးတပ်များနှင့် ထိုဒေသတွင် အခြေချနေထိုင်ကြသူများက ပါလက်စတိုင်းတို့အပေါ် အကြမ်းဖက်မှုလုပ်ရပ်များမှာ သိသိသာသာ များပြားလာခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် အနောက်အုပ်စုနိုင်ငံအများအပြားတို့က အစ္စရေးကို ထောက်ခံခဲ့ပြီး စစ်ရေးဆိုင်ရာအထောက်အပံ့များ ပေးခဲ့ကြသည်။ ကုလသမဂ္ဂတွင် အပစ်အခတ်ရပ်စဲရေး တောင်းဆိုမှုကို ဆန့်ကျင်ကြလျက် ပါလက်စတိုင်းဒုက္ခသည်များကို ထောက်ပံ့နေသည့် ကုလသမဂ္ဂအဖွဲ့များနှင့် လုပ်ငန်းများအတွက် ငွေကြေးထည့်ဝင်ခြင်းကိုလည်း ရပ်တန့်ခဲ့သည်။ ထို့အပြင် နိုင်ငံတကာတရားရုံး၌ လူမျိုးတုံးသတ်ဖြတ်မှုဖြင့် အစ္စရေးနိုင်ငံကို တောင်အာဖရိကနိုင်ငံက တရားစွဲဆိုခြင်းကိုလည်း ပယ်ချခဲ့ကြသည်။ တစ်ပြိုင်တည်းမှာပင် ထိုအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအား ဖော်ထုတ်ပြောဆိုမှုကိုလည်း ပယ်ချခဲ့သည်။

ဂါဇာဒေသတွင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုကိစ္စများတွင် ယနေ့ခေတ်သံတမန်လောက၏ ကြီးမားများပြားစွာ ပါဝင်ကျူးလွန်မှု၊ ကြံရာပါဖြစ်မှုများသည် နှစ်ပေါင်းများစွာအတွင်း နိုင်ငံတကာဥပဒေစိုးမိုးမှုနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးစနစ်တို့ တစ်စတစ်စ ဆုတ်ယုတ်လျော့ပါးလာမှု အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့မှုတို့ကြောင့် ဖြစ်သည်။ ထိုကဲ့သို့ အစဉ်အဆက် တန်ဖိုးထားခဲ့သည့်အရာများ တစ်စစီ ပျက်စီးဆုတ်ယုတ်လာခဲ့ခြင်းများသည် အမေရိကန်ပြည်ထောင်စုတွင် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့၌ ကြုံတွေ့ခဲ့ရသော အရေးအခင်းအပြီး အမေရိကန်ပြည်ထောင်စုက "အကြမ်းဖက်သမားများကို လိုက်လံရှာဖွေ ချေမှုန်းတိုက်ခိုက်သည့်စစ်ပွဲ"တွင် မည်သည့်ကိစ္စမဆို (အရာရာတိုင်း) ကို ခွင့်ပြုနိုင်သည်ဟူသော အယူအဆကို ပုံမှန်လုပ်ရိုးလုပ်စဉ်ကိစ္စကဲ့သို့ သဘောထားသည့် လှုံ့ဆော်ချက်ကို စတင်လုပ်ခဲ့သောအချိန်မှ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဂါဇာတွင် စစ်ပွဲကို ဆက်လက်ဆင့်နွှဲရန် အစ္စရေးတို့က အမေရိကန်တို့၏ ထိုခလေ့စရိုက်များ၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို အတုယူ၍ အမေရိကန်တို့၏ အားပေးထောက်ခံမှုဖြင့်ပင် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

ယင်းလုပ်ရပ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖြစ်ပျက်ခဲ့ပြီး အားလုံးမေ့ပျောက်သွားခဲ့ကြပြီးဖြစ်သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၏ လေးနက်သည့် သင်ခန်းစာပမာ ကဲ့သို့ပင်ဖြစ်သည်။ ထိုသင်ခန်းစာများနှင့်အတူ အဓိကအချက်ဖြစ်သော ဆယ်စုနှစ်ပေါင်းများစွာ

ကြာမြင့်ခဲ့ပြီးဖြစ်သည့် "နောက်ထပ်တစ်ဖန် ပြန်မဖြစ်စေရ" ဟူသော အခြေခံသဘောတရား ကိုလည်း မေ့ပျောက်သွားခဲ့ကြပြီဖြစ်သည်။ ယင်းသဘောတရား၏ အကြွင်းမဲ့ဖြစ်သော ကမ္ဘာလုံးဆိုင်ရာ အခြေခံတရားမှာ ကျွန်ုပ်တို့အားလုံးကို ကာကွယ်သော သို့မဟုတ် ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ကိုမျှ မကာကွယ်သော အယူအဆပင်ဖြစ်သည်။ ဤအစဉ်အဆက် တန်ဖိုးထားခဲ့သည့်အရာများ (အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးမှုနှင့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး စနစ်) တစ်စတစ်စ ပျက်စီးဆုတ်ယုတ်လာခြင်းသည်ဂါဇာဒေသကို တိုက်ခိုက်ဖျက်ဆီးခြင်းနှင့် ထိုသို့ တိုက်ခိုက်ဖျက်ဆီးခြင်းအပေါ် အနောက်အုပ်စုနိုင်ငံများ၏ တုံ့ပြန်မှု တို့တွင် အလွန်သိသာထင်ရှားစွာပေါ်လွင်လာရာ ထိုအခြေအနေများသည် စည်းမျဉ်းစည်းကမ်း များကို ဖော်ဆောင်နေသော အစဉ်အလာ၏ နိုဂုံးအဆုံးသတ်ခြင်းနှင့် ခေတ်သစ်တစ်ခု၏အစကို အချက်ပြနေခြင်းပင်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာအခြေခံတရား

ကမ္ဘာလုံးဆိုင်ရာ အခြေခံတရားဟူသည်မှာ ကျွန်ုပ်တို့အားလုံး မည်သူမည်ဝါဖြစ်စေ၊ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ တစ်ဦးတစ်ယောက်မျှမကျန် လူ့အခွင့်အရေးကို အညီအမျှ အပြည့်အဝရရှိစေသောစနစ်၊ နိုင်ငံတိုင်းမှ လူသားတိုင်း၏ နှလုံးအိမ်၌ လူ့ အခွင့်အရေးများ တည်ရှိနေစေသောစနစ်ဖြစ်သည်။ ယင်းအချက်သည် ၁၉၄၈ ခုနှစ်တွင် သဘောတူလက်ခံ ချမှတ်ထားခဲ့ကြပြီးဖြစ်သော လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ ညီလာခံ သဘောတူညီချက်များနှင့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာချက်တို့၏ အခြေခံပင် ဖြစ်သည်။ ထို့ပြင် ယင်းသည် ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် အပြည်ပြည် ဆိုင်ရာ ရာဇဝတ်တရားရုံးအပါအဝင် တာဝန်ယူမှု၊ တာဝန်ခံမှု နည်းလမ်းအသစ်များကို နှစ်ပေါင်းများစွာ ဆက်လက်သတင်းပေးပို့ခဲ့သည်။ နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အတည်ပြု ထိန်းသိမ်းထားရန် ဥပဒေဆိုင်ရာ အခြေခံအဆောက်အအုံ များက ရာစုနှစ်ပေါင်းများစွာကြာအောင် ကူညီပေးခဲ့သည်။ ထိုဥပဒေဆိုင်ရာ အခြေခံ အဆောက်အအုံများက ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးလှုပ်ရှားလုပ်ဆောင်မှုများကို သတ်မှတ်ပြဋ္ဌာန်းထားပေသည်။ ထို့ပြင် ၂၀ ရာစုနှစ်၏ လူ့အခွင့်အရေးဆိုင်ရာ အကြီးမားဆုံး သော အောင်မြင်မှုများကိုလည်း ကျောထောက်နောက်ခံပြုပေးထားခဲ့သည်။

၂၀ ရာစုကာလတွင် လူသားအားလုံးတို့၏ ဂုဏ်သိက္ခာ ညီတူညီမျှရှိမှုနှင့်ပတ်သက်၍ ထိန်းသိမ်းရန် မအောင်မြင်ဘဲ ကျဆုံးခဲ့သည့်သာဓကများ များပြားစွာ ရှိနေခဲ့သည်။ ကိုလိုနီ နိုင်ငံတစ်ခုကို လွတ်လပ်ရေးပေးရန်အတွက် ဆန့်ကျင်၍ အကြမ်းဖက်ပြုမူမှုများ၊ ဗီယက်နမ် စစ်ပွဲ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့တွင် လူမျိုးတုံးသတ်ဖြတ်မှုများ၊ ယူဂိုစလာဗီးယား နိုင်ငံပြိုကွဲပြီးနောက် ဖြစ်ပွားခဲ့သည့် စစ်ပွဲများအပြင် များပြားလှသော ဖြစ်ရပ်များလည်း ရှိနေခဲ့သည်။ ထိုအဖြစ်အပျက်များက ကမ္ဘာလုံးဆိုင်ရာ အခြေခံတရားထက် လူတန်းစား ခွဲခြားဆက်ဆံမှုနှင့် နိုင်ငံတကာတွင် စနစ်တကျလုပ်ဆောင်သည့် မညီမျှမှုများ အမြစ်တွယ် နေပြီဖြစ်ကြောင်း သက်သေခံလျက် ရှိပေသည်။ တစ်ကမ္ဘာလုံးနှင့်ဆိုင်သော အခြေခံတရား သည် မည်သည့်အခါတွင်မျှ ပါလက်စတိုင်းတို့အတွက် ဖြစ်မလာဘူးဟု အခိုင်အမာ ပြောနိုင်ခဲ့ သည်။ ပါလက်စတိုင်း အမေရိကန်ပညာရှင်တစ်ဦးဖြစ်သူ "အက်ဒွပ်ဆက်" က ၁၉၄၈ ခုနှစ်

ကတည်းကစ၍ ပါလက်စတိုင်းတို့သည် “ဖိနှိပ်ခံရသူများနှင့် ဒုက္ခသည်များ ဖြစ်ခဲ့ကြရသည်”ဟု ဖော်ပြခဲ့သည်။

သို့တိုင်အောင် တစ်ကမ္ဘာလုံးနှင့်ဆိုင်သော အခြေခံတရား၏ ကံကြမ္မာသည် ထိုအခြေခံတရားကို သွေဖည်ကြသောသူများ၏လက်တွင် မတည်ရှိချေ။ လူသားတို့အတွက် အမြဲထာဝရ ရည်မှန်းချက်ကြီးသော စီမံကိန်းတစ်ခုပမာ ယင်း၏ စွမ်းအားများသည် ယင်း၏ ထပ်တလဲလဲ ထုတ်ဖော်ပြောကြားချက်များ၊ ထပ်တလဲလဲ ကာကွယ်မှုများတွင် ရပ်တည်နေသည်။ ၂၀ ရာစုနှစ်တစ်လျှောက်လုံး တစ်ကမ္ဘာလုံးနှင့်ဆိုင်သော အခြေခံတရားဥပဒေသည် မရေမတွက်နိုင်အောင်များပြားလှသော အနှောင့်အယှက်များရှိနေခဲ့သည်။ သို့သော် ဆက်စပ်လွှမ်းမိုးနေသော ရှေးရှုရာလမ်းကြောင်းများမှာ လူသိရှင်ကြား ထုတ်ဖော်ကြေညာခြင်း၊ အခိုင်အမာ အတည်ပြုပြောကြားခြင်းနှင့် ခုခံကာကွယ်ပြောကြားခြင်းတို့ ဖြစ်ကြသည်။ သို့ရာတွင် ၂၁ ရာစုနှစ် အစောပိုင်းနှစ်များအတွင်း၌ပင် စက်တင်ဘာ ၁၁ ရက် ဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်နောက်ပိုင်းမှစ၍ “အကြမ်းဖက်ဝါဒကို တန်ပြန်သည့်စစ်ပွဲ” ဟူသည့် ပွင့်အန်ချက်နှင့်အတူ ပြောင်းလဲသွားခဲ့သည်။

စိန်ခေါ်ခြင်း

လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်း၌ “အကြမ်းဖက်သမားများကို လိုက်လံချေမှုန်းသည့် စစ်ပွဲ” ဟူသည့် အယူဝါဒနှင့် တိုက်ခိုက်ချေမှုန်းသည့် နည်းစနစ်များကို ရွေးချယ်ခံယူခဲ့ကြပြီး တစ်ကမ္ဘာလုံးရှိ အစိုးရများကလည်း အတုယူလုပ်ကိုင်လာခဲ့ကြသည်။ ထိုအစိုးရတို့က မိမိကိုယ်မိမိ ကာကွယ်ခြင်း စီမံဆောင်ရွက်မှုဟူသော အခြေအနေမျိုးသို့ရောက်အောင် ချဲ့ထွင်အသုံးချခဲ့ကြသည်။ ထို့ပြင် မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းကိုမဆို အကြောင်းပြချက် ခိုင်လုံစေရန် မရေမရာ ခုခံကာကွယ်ပြောကြားပြီး မတွေ့တွေ့အောင် လိုက်လံရှာဖွေ ဖမ်းဆီးကြသည်။ သို့သော် “အကြမ်းဖက်ခြိမ်းခြောက်မှုကြောင့်” ဟု ကျယ်ကျယ်ပြန့်ပြန့် သုံးနှုန်းကြသည်။

ဂါဇာဒေသတွင် အရပ်သားများ သာမန်ထက်လွန်ကဲစွာ သတ်ဖြတ်ခံနေရမှုများကို မိမိကိုယ်မိမိ ကာကွယ်ခြင်းနှင့် အကြမ်းဖက်ဝါဒကို တန်ပြန်ချေမှုန်းခြင်းဟူသော အမည်များဖြင့် ကျူးလွန်နေခြင်းသည် ကျိုးကြောင်းဆီလျော်သော အကျိုးဆက်ဖြစ်ရာ နိုင်ငံတကာဥပဒေကို သွေဖည်ခြင်း၊ တစ်စစီ ဖြိုဖျက်ချနေခြင်းကို ဖြစ်စေသည်။ ထို့အတူ တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံတရား၏ဥပဒေသကိုလည်း သွေဖည်ခြင်း၊ တစ်စစီ ဖြိုဖျက်ချနေခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်၊ အီရတ်၊ ပါကစ္စတန်၊ ဆိုမာလီယာနှင့် ဆီးရီးယားနိုင်ငံတို့တွင် အမေရိကန် လေကြောင်းတိုက်ခိုက်မှုများသည် အရပ်သား လူအမြောက်အမြားကို ထိခိုက်သေကျေစေခဲ့သည်။ အမေရိကန်စစ်ဘက်က အရပ်သားများကို မထိခိုက်စေရန် လိုအပ်သော လုပ်ဆောင်မှုများကို ဆောင်ရွက်ခဲ့သည်ဟု အမြဲသဖြင့် ကြွေးကြော်လေ့ရှိကြသည်။ သို့သော် အမေရိကန်စစ်တပ်က အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များကို မည်သို့မည်ပုံ ခွဲခြားတိုက်ခိုက်ခဲ့ပါသည်ဆိုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားမှု အနည်းငယ်မျှသာ ပေးခဲ့ပါသည်။ အကယ်၍သာ အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များကို သေသေချာချာ ခွဲခြားတိုက်ခိုက်သည်ဟုဆိုပါလျှင် အဘယ်ကြောင့် အရပ်သားများသေဆုံးမှု များပြားနေခဲ့ရပါ

သနည်း။ ယင်းသည် ဒုတိယကမ္ဘာစစ်ကြီး၌ ဖြစ်ပျက်ခဲ့ပြီး အားလုံး မေ့ပျောက်ထားခဲ့ပြီး ဖြစ်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း၏ သင်ခန်းစာပမာကဲ့သို့ပင်ဖြစ်သည်။

လွန်ခဲ့သော နှစ် ၂၀ ကျော်ကာလက တစ်ကမ္ဘာလုံးရှိ အစိုးရအဖွဲ့များသည် အလားတူ နည်းစနစ်များကို ရွေးချယ်ခံယူခဲ့ကြသည်။ ဆီးရီးယားနိုင်ငံတွင် အရပ်ဘက်ဆိုင်ရာ အခြေခံ အဆောက်အအုံများကို ရုရှားတို့၏ မရပ်မနား ဗုံးကြဲတိုက်ခိုက်ခြင်းက အရပ်သားထောင်ပေါင်း များစွာတို့ကို သေကျေစေခဲ့သည်။ သို့တိုင်အောင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီး က မှတ်တမ်းတင်ထားသည့် အမှုတွဲများထဲတွင်မူ ရုရှားတို့က ဆေးရုံများ၊ စာသင်ကျောင်းများ၊ စျေးများကို ပစ်ခတ်တိုက်ခိုက်ရာတွင်ပင် သူတို့တပ်ဖွဲ့များသည် အကြမ်းဖက်ဝါဒီ ပစ်မှတ် များကိုသာ ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ရုရှားတာဝန်ရှိသူများက ကြွေးကြော်ခဲ့ ထားကြသည်။ ၂၀၂၂ ခုနှစ်တွင် ရုရှား၏ ယူကရိန်းနိုင်ငံအပေါ် တိုက်ခိုက်ခြင်းကိုလည်း မိမိ ကိုယ်မိမိ ကာကွယ်ရေးနှင့် စစ်အင်အားအသုံးပြုမှုဆိုင်ရာ တားမြစ်ချက်ကင်းလွတ်ခွင့် စသည့် အလိမ်အညာအထောက်အထားများဖြင့် တရားမျှတကြောင်း အကြောင်းပြထားသည်။

အစ္စရေးတို့၏ဂါဇာဒေသတွင် အလွန်အမင်း ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်မှုသည် "နက်ဘာ"ဟု လူသိများသော ရုတ်တရက်ဖြစ်ပေါ်လာသည့် ကပ်ဘေးဟုခေါ်သော ၁၉၄၈ ခုနှစ်က ပါလက်စတိုင်း ခုနစ်သိန်းခွဲခန့်တို့ကို သူတို့၏ နေအိမ်များမှ နှင်ထုတ်ခဲ့ခြင်းအပါအဝင် နှစ်ကာလကြာရှည်စွာ ဆောင်ရွက်ခဲ့ကြသော အကြမ်းဖက်ဝါဒကို တန်ပြန်သည့် စစ်ပွဲဆိုသည် ထက် သမိုင်းတွင် ပို၍နက်နဲစွာ အမြစ်တွယ်ခဲ့ပြီးဖြစ်သည်။ သို့သော် ယင်းဖြစ်ရပ်သည် ၂၁ ရာစု၏ သရုပ်သဏ္ဌာန်ဖြစ်သော နိုင်ငံတကာဥပဒေ၏ လျော့ပါးလာမှုသည် သိသိသာသာကြီး ဖြစ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်လွန်ကာလက သတ်မှတ်ထားခဲ့သော ထိန်းချုပ်တားမြစ်ချက် များကို ကုလသမဂ္ဂပဋ္ဌာဉ်စာတမ်းတွင်လည်းကောင်း၊ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေတွင်လည်းကောင်း၊ တောင်အာဖရိကနိုင်ငံက ကန့်ကွက်သကဲ့သို့ လူမျိုးတုံးသတ်ဖြတ် ခြင်းဆိုင်ရာ သဘောတူညီချက်များအောက်တွင်ပင်လည်းကောင်း နည်းနည်းချင်းစီမှ လုံးဝ ထိန်းချုပ်တားမြစ်မှုများ မရှိတော့သည်အထိ လေးစားလိုက်နာမှု မရှိကြတော့ချေ။

ဆူဆူညံညံ သောင်းသောင်းသဲသဲ ကန့်ကွက်သံတွေဘယ်မှာလဲ

အောက်တိုဘာလ ၇ ရက်နေ့နောက် မကြာမီ ချက်ချင်း ဆိုသလိုပင် အနောက်အုပ်စု အစိုးရများက ဟားမားစ်တို့၏ ပြစ်မှုများကို ဝေဖန်ပြစ်တင်ခဲ့ကြပြီး သူတို့၏ မဟာမိတ် အစ္စရေးတို့၏ လူဦးရေအပေါ် ဒဏ်ရာအနာတရဖြစ်စေမှုအတွက် နာလည်သဘောပေါက် နိုင်သော ကြိုတင်ခန့်မှန်းနိုင်သော တုံ့ပြန်မှုအတွက် အစ္စရေးအား အကြွင်းမဲ့ထောက်ခံ ကြောင်း ဖော်ပြခဲ့ကြသည်။ သို့သော် အစ္စရေး၏ ဂါဇာဒေသအပေါ် လျင်လျင်မြန်မြန် ဗုံးကြဲ တိုက်ခိုက်ခြင်းသည်အရပ်သားထောင်ပေါင်းများစွာတို့ကိုသေကျေစေခဲ့ကြောင်းသိသိသာသာ ဖြစ်ပေါ်လာသောအခါ သူတို့၏လေသံကို ပြောင်းလဲလာသင့်ပေသည်။ အထူးသဖြင့် အစ္စရေး နိုင်ငံအပေါ် သြဇာလွှမ်းမိုးမှုရှိသော အစိုးရအားလုံးတို့သည် အစ္စရေး၏ ဥပဒေနှင့် မည်ညွှတ် သော လုပ်ရပ်များကို ပြတ်ပြတ်သားသားနှင့် လူသိရှင်ကြား ရှုတ်ချသင့်ပေသည်။ ဖမ်းဆီးခံ ဓားစာခံများအားလုံး လွတ်မြောက်ရေးနှင့် နှစ်ဖက်စလုံးမှ ကျူးလွန်သောရာဇဝတ်မှုများနှင့် ဥပဒေမဲ့ လုပ်ဆောင်မှုများအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုပြုနိုင်ရေးတို့အတွက် အပစ်အခတ် ရပ်စဲရေး တောင်းဆိုသင့်ပေသည်။

ထိုကိစ္စများ ဖြစ်ပေါ်မလာပေ။ စစ်ပွဲစတင်ဖြစ်ပွားပြီး ပထမနှစ်လတာအချိန်အတွင်း၌ ဘိုင်ဒန်အစိုးရက ဂါဇာဒေသတွင် အသက်ဆုံးရှုံးခဲ့ကြသူများ အရေးကို ဘေးချိတ်ထားရန် ကြိုးပမ်းခဲ့သည်။ အစ္စရေးတို့၏ မရပ်မနားဗုံးကြဲတိုက်ခိုက်နေမှုနှင့် နယ်မြေတစ်ခုလုံးကို ဖွတ်ဖွတ်ညက်ညက်ကြေအောင် ဝန်းရံတိုက်ခိုက်ခြင်းတို့ကို ရှုတ်ချခြင်း မပြုခဲ့ပေ။ ဘိုင်ဒန်အစိုးရသည် ၅၆ နှစ်ကြာ အစ္စရေးတို့၏ စစ်ရေးဆိုင်ရာ တိုက်ခိုက်သိမ်းပိုက်ထားမှု အပါအဝင် ပါလက်စတိုင်းနှင့် အစ္စရေးပဋိပက္ခ၌ ဆက်စပ်စဉ်းစားရမည့် အခြေအနေများကို အသိအမှတ်မပြုခဲ့ချေ။ အစ္စရေးတို့၏ အကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ချေမှုန်းရေး ဘောင်ခတ်ကန့်သတ်မှု၌ ပင် ပါဝင်နေခဲ့သည်။

ထိုစစ်ပွဲဆက်လက်ဖြစ်ပွားနေစဉ်တွင်လည်း ဘိုင်ဒန်အစိုးရသည် အစ္စရေးတို့၏ စစ်ရေး နည်းဗျူဟာများကို ကာကွယ်ပြောကြားခဲ့သည်။ ဘိုင်ဒန်အစိုးရသည် အစ္စရေးတို့၏အတည်မပြုနိုင်သော ပြောဆိုချက်များနှင့် နောက်ပိုင်းတွင် ဟားမားစ်တို့က အခိုင်အမာ ငြင်းဆိုထားသည့် ဟားမားစ်တို့၏ ရက်စက်ယုတ်မာသော လုပ်ရပ်များ အကြောင်းကို သံယောင်လိုက်ပြောခဲ့သည်။ နောက်ဆုံးတွင် အမေရိကန်ပြည်ထောင်စုက ပါလက်စတိုင်းအရပ်သားများကို အကာအကွယ်ပေးရန် နှုတ်အားဖြင့် ပိုမိုပြောကြားလာခဲ့သော်လည်း ပါလက်စတိုင်းအရပ်သားတို့ကိုလူသိရှင်ကြားအထောက်အပံ့ပေးရေးကို မူ ငြင်းပယ်ခဲ့သည်။ ထို့ပြင် လူသားချင်း စာနာထောက်ထားသောအားဖြင့် စစ်ပွဲကိုရပ်နားရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့သို့ ရောက်သောအခါတွင်မှ ဂါဇာဒေသတွင်လုံခြုံပြီးလူသားချင်းစာနာထောက်ထားမှုနည်းလမ်းများ အလျင်အမြန်ရရှိရန် ချက်ချင်းလုပ်ဆောင်ရေးနှင့် စစ်မက်ဖြစ်ပွားမှု ရပ်နားခြင်းကို ထိန်းထားနိုင်သော အခြေအနေများ ရရှိရေးကို တောင်းဆိုရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချမှတ်ရန် အမေရိကန်က ခွင့်ပြုခဲ့သည်။

“အထူးသဖြင့် အစ္စရေးနိုင်ငံအပေါ် ဩဇာလွှမ်းမိုးမှုရှိသော အစိုးရအားလုံးတို့သည် အစ္စရေး၏ ဥပဒေနှင့် မညီညွတ်သော လုပ်ရပ်များကို ပြတ်ပြတ်သားသားနှင့် လူသိရှင်ကြား ရှုတ်ချသင့်ပေသည်။”

ဘိုင်ဒန်အစိုးရက သူ၏ စစ်လက်နက်ပစ္စည်းများ အစ္စရေးနိုင်ငံသို့ လွှဲပြောင်းပေးပို့ခြင်း ရပ်ဆိုင်းရေးကို လူသိရှင်ကြား လက်သင့်မခံခဲ့ပေ။

နိုင်ငံတကာတရားရုံးက ဂါဇာဒေသတွင် လူမျိုးတုံးသတ်ဖြတ်မှုကိုကာကွယ်ရန် ယာယီဆောင်ရွက်ရေး တောင်းဆိုခြင်းနှင့် စီရင်ထုံးချမှတ်ပြီး ရက်ပိုင်းအတွင်း၌ပင် အမေရိကန်နှင့် အနောက်အုပ်စုအစိုးရအချို့က ဂါဇာဒေသနေပြည်သူများအား အသက်သွေးကြောပမာ ထောက်ပံ့နေသည့် ကုလသမဂ္ဂ၏ ပါလက်စတိုင်းဒုက္ခသည်များ သက်သာရေးလုပ်ငန်း အေဂျင်စီသို့ ရန်ပုံငွေထည့်ဝင်ခြင်းများကို ဖျက်သိမ်းခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်သည် လူမျိုးတုံးသတ်ဖြတ်ခြင်း၏ ထင်ရှားမြင်သာသော အန္တရာယ်များကို မသိကျိုးကျွန်ပြုခြင်း သက်သက်သာမဟုတ်ချေ။ ထိုသို့ဆုံးဖြတ်လိုက်ခြင်းသည် ထိုသူများသေဆုံးစေခြင်းကို အရှိန်မြှင့်စေခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံက ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်မှုနှင့် အစ္စရေးနိုင်ငံအပေါ် သူ၏ လွှမ်းမိုးနိုင်မှုတို့အရ အမေရိကန်နိုင်ငံသည် ဂါဇာဒေသနယ်မြေတွင် ဖြစ်ပေါ်နေသည့် တကယ့်အခြေအနေများကို ပြောင်းလဲပစ်နိုင်သော ထူးထူးခြားခြား အခြေအနေရှိနေသည်။ အမေရိကန်သည် သူ၏ ရင်းနှီးသော မဟာမိတ်အစ္စရေးနိုင်ငံအား ကြမ်းကြုတ် ရက်စက်သည့်လုပ်ရပ်များကို ဆက်လက်ကျူးလွန်နေခြင်းမှ ရပ်ဆိုင်းရန် အခြား မည်သည့်နိုင်ငံထက်မဆို ပိုမိုရှိ တားဆီးနိုင်ပေသည်။ သို့သော် အမေရိကန်က ယခုအချိန်အထိ ထိုသို့မပြုလုပ်ခဲ့ပေ။

အစ္စရေး၏ယခုကဲ့သို့စီမံဆောင်ရွက်မှုပုံစံသည် ကုန်ကျစရိတ်အလွန်ကြီးမား များပြားလှပေသည်။ G–7 အဖွဲ့ဝင်နိုင်ငံတစ်ခုမှ သံတမန်တစ်ဦးက “တို့တွေကတော့ Global South နိုင်ငံတွေမှာဖြစ်တဲ့ စစ်ပွဲတွေမှာ ကျိန်းသေပေါက်ရှုံးနိမ့်ခဲ့ကြတာပဲ။ Global South နိုင်ငံတွေနဲ့အတူ ယူကရိန်းနိုင်ငံအပေါ် တို့တွေလုပ်ပေးခဲ့သမျှတွေဟာ ဆုံးရှုံးကုန်ပါပြီ။ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေတွေကို မေ့လိုက်တော့၊ ကမ္ဘာ့အစဉ်အလာ စည်းစနစ်တွေကို မေ့လိုက်တော့။ သူတို့က တို့ပြောတာတွေကို ဘယ်တော့မှ နားထောင်ကြတော့မှာ မဟုတ်တော့ဘူး” ဟုဆိုခဲ့သည်။

ခေတ်များပြောင်းလဲခြင်း

နိုင်ငံတကာဥပဒေကို အလွန်အမင်းဂရုမစိုက် ဥပေက္ခာပြုနေကြောင်းပြသနေသည့် ဂါဇာတွင်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များအတွက် ဇာတ်တိုက်လေ့ကျင့်မှု များစွာရှိခဲ့သော်လည်း ထိုဒေသတွင် ဖြစ်သည့်စစ်ပွဲသည် အဆုံးသတ်ပြည်ဖုံးကားချမှုကို အချက်ပြနေပေလိမ့်မည်။ လူမျိုးတုံးသတ်ဖြတ်ခြင်း၏ အန္တရာယ်၊ ကျူးလွန်ခဲ့သော ဥပဒေချိုးဖောက်မှုများ၏ လေးနက်မှုနှင့် အနောက်နိုင်ငံဒီမိုကရေစီ (စနစ်) များမှ ရွေးချယ်ခံအရာရှိကြီးများ၏ မခိုင်လုံ၊ ယုတ္တိမတန်သော ကျိုးကြောင်းပြချက်များက ခေတ်ပြောင်းလဲမှုတစ်ခုကို သတိပေးနေပေသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်မှစတင်၍ နိုင်ငံတကာရေးရာကိစ္စများတွင် လွှမ်းခြုံခဲ့သော စည်းမျဉ်းစည်းကမ်းကို အခြေစိုက်သည့် အစဉ်အလာသည် ခေတ်ကုန်သွားခဲ့ပေပြီ။ ယင်းအစဉ်အလာသည် နောက်တစ်ကျော့ ပြန်လာတော့မည်မဟုတ်ပေ။

သို့သော် ဤဆိုးရွားသော ဖြစ်နိုင်ခြေအခြေအနေကို ရှောင်လွှဲရန်လုပ်ငန်းများ လုပ်ဆောင်နိုင်ပါသည်။ ထိုသို့လုပ်ဆောင်နိုင်ရန် အစ္စရေးနှင့်ဟားမားစ်နှစ်ဖက်စလုံးမှ စစ်ဆင်ရေးလုပ်ငန်းများကို ချက်ချင်းရပ်နားခြင်းဖြင့် စတင်ရပါမည်။ ဟားမားစ်တို့ ဖမ်းဆီး

ထားသော ကျန်ရှိနေသေးသည့် အစ္စရေးအရပ်သား ဓားစားခံများအားလုံးနှင့် အစ္စရေးတို့ ဥပဒေနှင့်မညီဘဲ ဖမ်းဆီးထားသော ပါလက်စတိုင်းများအားလုံးတို့ကို ချက်ချင်းလွှတ်ပေးရပါမည်။ အစ္စရေးတို့က ဂါဇာဒေသကို ဝန်းရံပိတ်ဆို့ထားမှုကို ရုပ်သိမ်းပေးရပါမည်။ ဂါဇာဒေသတွင် လူမျိုးတုံးသတ်ဖြတ်မှုမှ တားဆီးရန် နိုင်ငံတကာတရားရုံး၏ ယာယီဆောင်ရွက်မှုများကို အပြည့်အဝ ဆောင်ရွက်ခွင့်ပေးရပါမည်။

ဟားမားစ်တို့အား ချေမှုန်းရန် အစ္စရေးတို့၏ စစ်ရေးရည်မှန်းချက်သည် ပါလက်စတိုင်းအရပ်သားများ၏အသက်အိုးအိမ်များစွာတို့ကို ထိခိုက်သေကျေမှုဖြစ်စေမည်ဖြစ်ရာ ယင်းသည် အပြည်ပြည်ဆိုင်ရာဥပဒေအရ မည်သို့မျှတရားမျှတမှုရှိနိုင်မည် မဟုတ်သည်ကို အစ္စရေးနှင့် အမေရိကန်တို့က လက်ခံကြရပေမည်။ ထို့ပြင် ပဋ္ဌိပက္ခတွင် ပါဝင်ပတ်သက်နေကြသူများက ကျူးလွန်ထားသည့်ရာဇဝတ်မှုများအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးမှ တရားလိုရှေ့နေက ပြတ်ပြတ်သားသားအရေးယူ ဆောင်ရွက်နေမှုသည် ယခုအခါတွင် ခါတိုင်းအချိန်ကထက် ပို၍အရေးကြီးပေသည်။

မည်သို့ဆိုစေ သမိုင်းကြောင်းဆိုင်ရာ နာကြည်းချက်များရော၊ အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးအတွက် ကာလရှည်ကြာ မျှော်လင့်ထားချက်များပါ နိုင်ငံတကာပါဝင်ပတ်သက်မှု လုပ်ငန်းစဉ်မပါရှိဘဲ မဖြေရှင်းနိုင်ပေ။ ယင်းသည် အစ္စရေးတို့၏လူမျိုးရေးခွဲခြားမှုစနစ်ကို တစ်စစီဖြစ်အောင် စနစ်တကျဖြိုခွဲရေးနှင့် လူအပေါင်းတို့၏ အခွင့်အရေးနှင့်လုံခြုံရေးကိုခွင့်ပြုရန် သတ်မှတ်ပြဋ္ဌာန်းထားသည်။ မကြာသေးမီကာလကရော၊ လွန်ခဲ့ပြီးသောအခါကပါ မှားယွင်းခဲ့မှုများကြောင့် နာကျင်ခံစားခဲ့ရသည့် အမှတ်တရသတိရမှုများက ယနေ့ရော နောင်အနာဂတ်တွင်ပါ အစ္စရေးနိုင်ငံအတွင်း၌လည်းကောင်း၊ ပါလက်စတိုင်းနယ်မြေများအတွင်းတွင်လည်းကောင်း၊ အခြားသောဒေသများတွင်လည်းကောင်း ရှိနေကြမည့် လူသားများ၏အသက်ကို ကယ်တင်ရာတွင် အကူအညီပေးနိုင်ပါသည်။ သို့ရာတွင် အချိန်မှာ လျင်မြန်စွာကုန်ဆုံးနေသည်ဖြစ်ရာ ထိုကယ်ဆယ်ရေးလုပ်ငန်းများကို ယခုချက်ချင်းပင် စတင်ဆောင်ရွက်ကြရပေမည်။ ကျွန်ုပ်တို့ မကြာခဏ ပြောနေခဲ့ကြသည့်အတိုင်း သမိုင်းသည် အမှန်တကယ်ပင် သူ့အလိုအလျောက် တစ်ပတ်လည်ခဲ့ပါသည်ဆိုလျှင် ထိုသဘောတရားကို ကျွန်ုပ်တို့ ကောင်းကောင်းသတိထား၍ စဉ်းစားသင့်ပေသည်။

စိုးစိုး (ပန်းတောင်း)

Ref: – Gaza and the End of the Rules–Based Order by Agnes Callamard

*syeEkdifwGif;a&oeyfMujcif;EdkifiHa&t&nftaoG,fpDrHcsufMuif;
a'guf,lvmjrifhbef;xGufcJhjynfhMunfhrnfa&;)

“ ဂျပန်နိုင်ငံ၏ ရေပေးဝေမှုစနစ်တွင်
ပိုးသန့်စင်စေရန်
ကလိုရင်း Chlorine ဆေးရည်ခပ်ရမည့်အပြင်
သောက်သုံးရေတွင် ကလိုရင်းမကျန်ပါက
တရားစွဲအရေးယူနိုင်သည့် ဥပဒေကို
ထုတ်ပြန်ထားပါသည်။ ”

ဓာတ်ပုံ-အင်တာနက်

ဂျပန်နိုင်ငံသည် ကျွန်းကြီးလေးကျွန်းနှင့် အခြားကျွန်းငယ်များစွာဖြင့် ပြုလုပ်ထားသည့် ကျွန်းစုတစ်စု ဖြစ်ပါသည်။ ၎င်းတို့အနက် ကျွန်းပေါင်း ၆,၈၅၂ တွင် ကမ်းရိုးတန်းမီတာ ၁၀၀ ကျော်ရှိပြီး ကျွန်းပေါင်း ၄၀၀ ခန့် ရှိကြပါသည်။ ဂျပန်ကျွန်းစု၏ အရှည်မှာ ကီလိုမီတာ ၃,၀၀၀ ကျော်ရှိပါသည်။ အမြင့်ဆုံးတောင်သည် ဖူဂျီတောင်ဖြစ်ပြီး ရှီဆူအိုကာစီရင်စုနှင့် ယာမာနာရှီစီရင်စု နယ်နိမိတ်တွင် တည်ရှိပြီး ၃,၇၇၆ မီတာ မြင့်ပါသည်။ အရှည်ဆုံးမြစ်မှာ ရှီနာနိုမြစ်ဖြစ်ပြီး ဂမ်မာစီရင်စု၊ နာဂါနိုစီရင်စုမှ နီဂါတာစီရင်စုသို့ ကွေ့ကောက်ကာ အရှည်မှာ ၃၆၇ ကီလိုမီတာ ဖြစ်ပါသည်။ အကြီးဆုံးရေကန်သည် ဘီဝါကန်ဖြစ်ပြီး ရှိဂါစီရင်စုတွင်တည်ရှိ၍ ၆၇၁ ကီလိုမီတာ ကျယ်ဝန်းပါသည်။

ရေပေးဝေမှုအခြေအနေ

အိမ်တွင်းသုံးရေအများစုသည် မြေပြင်မှရေ (Surface Water) မှ ရရှိကြပါသည်။ စုစုပေါင်း၏ ၄၅ ရာခိုင်နှုန်းခန့်သည် ဆည်များမှ ထိန်းညှိပေးသော ရေလှောင်ကန်များမှဖြစ်ပြီး ၂၇ ရာခိုင်နှုန်းသည် မြစ်များမှတိုက်ရိုက်ရရှိပါသည်။ တစ်ရာခိုင်နှုန်းသည် ကန်များမှရရှိပြီး လေး ရာခိုင်နှုန်းသည် မြစ်ကြမ်းပြင်များမှ ရရှိပါသည်။ စုစုပေါင်း ၇၇ ရာခိုင်နှုန်းသည် ရေမျက်နှာပြင်မှ ထွက်လာပါသည်။ လူဦးရေ၏ ၉၇ ရာခိုင်နှုန်းသည် ရေပိုက်များမှရရှိပြီး သုံး ရာခိုင်နှုန်းသည် ကိုယ်ပိုင်ရေတွင်းများမှ ရေကိုရရှိကြပါသည်။ အဓိကအားဖြင့် ကျေးလက်ဒေသများတွင်ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော မိလ္လာစနစ်ကို ဆောင်ရွက်ထားပါသည်။

ဂျပန်နိုင်ငံသည် စစ်ပြီးကာလတွင် ဆင်းရဲခဲ့ပြီး ရေကောင်းရေသန့်လည်း ရှားပါးခဲ့ပါသည်။ သို့ရာတွင် ကြိုးစားခဲ့ခြင်းကြောင့် စီးပွားရေးတိုးတက်လာပါသည်။ စစ်ပြီး ကာလတွင် ရေဆုံးရှုံးမှုသည် ၈၀ ရာခိုင်နှုန်းအထိ များပြားခဲ့ပြီး ယနေ့အချိန်အခါတွင် နှစ် ရာခိုင်နှုန်းသာ ရှိပါသည်။ ဂျပန်နိုင်ငံသည် ရေပေးဝေရေးလုပ်ငန်းနှင့်ပတ်သက်၍ အခြားနိုင်ငံများကိုလည်း ငွေချေးရုံတင်မက မည်ကဲ့သို့ အကျိုးရှိရှိ အသုံးချမည်ကိုပါ သင်ကြားပေးပါသည်။ ကျန်းမာရေးနှင့် ပညာရေးကို အဓိကထားပြီး ထောက်ပံ့ပေးလျက် ရှိပါသည်။

ဂျပန်နိုင်ငံ၏ ရေပေးဝေရေးစနစ်၏ထူးခြားချက်မှာ တစ်နှစ်တွင် ၃ဖြာရက်၊ ၂၄ နာရီ ရေပေးဝေနိုင်ပါသည်။ တစ်နိုင်ငံလုံးရှိ မည်သည့်ရေပိုက်ခေါင်းမှ ရေကိုမဆို စိတ်ချလက်ချ သောက်သုံးနိုင်ပါသည်။ ရေပေးဝေရေးအတွက် ကုန်ကျစရိတ်သည် ရေသုံးစွဲသူများမှ ပေးဆောင်သော ရေဖိုးရေခကို လည်ပတ်၍နေခြင်း ဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ မြို့တော် တိုကျိုသည် လူဦးရေ ၁၃ ဒသမ ၉၉ သန်းရှိသည့် နိုင်ငံအတွင်း အကြီးဆုံး မြို့ဖြစ်ပြီး နိုင်ငံ၏လူဦးရေတစ်ခုလုံး၏ ၁၁ ရာခိုင်နှုန်း (၂၀၂၂ ခုနှစ် ဧနှစ်ဝါရီလ ၁ ရက်နေ့အထိ) ဖြစ်ပါသည်။ တိုကျိုသည် အမျိုးသားနိုင်ငံရေးနှင့် ကော်ပိုရေးရှင်းကြီးများ စုစည်းထားသည့် နိုင်ငံရေးနှင့် စီးပွားရေးဗဟိုချက်ဖြစ်ရုံသာမက ကမ္ဘာ့အရေးပါသောမြို့လည်း ဖြစ်ပါသည်။ တည်ငြိမ်သော ရေပေးဝေမှုကို သေချာစေရန်အတွက် ကောင်းမွန်ပြီး ထိရောက်သော ရေပေးဝေမှုလုပ်ငန်းကို ဆောင်ရွက်ပေးပါသည်။ ပြည်သူလူထုဘဝနှင့် မြို့ပြလုပ်ငန်း ဆောင်တာများ အားလုံးအတွက် တစ်နေ့လျှင် ကုဗမီတာသန်းပေါင်း ၆ ဒသမ ၈၄ သန်း ပေးဝေလျက်ရှိပါသည်။

ရေအရင်းအမြစ်

ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရေပေးဝေသည့်အရင်းအမြစ်မှာ မြစ်များ ဖြစ်ပါသည်။ တိုနီ (Tone)၊ အာရာ (Ara) ၊ တိုမာ (Toma)၊ ဆာဂမ် (Sagam) မြစ်တို့ ဖြစ်ပါသည်။ မြေအောက်ရေ Ground Water မှ နှစ်ရာခိုင်နှုန်း ရေရယူပါသည်။ သဲအနှေးရေသန့်စင်နည်းစနစ် (Slow Sand Filtration Method) တစ်ခု၊ သဲအမြန်ရေသန့်စင်နည်းစနစ် (Rapid Sand Filtration Method) ရှစ်ခုနှင့် အမြှေးပါးရေသန့်စင်နည်းစနစ် (Membrane Filtration Method) နှစ်ခု၊ အသုံးပြုထားသော ရေသန့်စင်စက်ရုံ (Purification Plant) ၁၁ ခု တို့ဖြင့် ရေသန့်စင်မှု ပြုလုပ်လျက်ရှိပါသည်။

ဂျပန်နိုင်ငံ၏ ရေပေးဝေမှုသမိုင်းကြောင်းပြတိုက်

ဂျပန်နိုင်ငံ တိုကျိုမြို့ ရေပေးဝေမှုသမိုင်းကြောင်းပြတိုက်ကို ၁၉၉၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါသည်။ ပြတိုက်အတွင်း၌ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ခန့်က အဲဒိုရေဖြန့်ဝေခြင်း (Edo Water Supply) စနစ်တွင် အသုံးပြုခဲ့သည့် သစ်သားပိုက်လိုင်းများ၊ သစ်သားပိုက် အဆက်များ၊ မြေပုံများ၊ ရေပေးဝေမှုနမူနာပုံစံများ၊ ဂျိုစု (Josui) ရိုးရာအိမ်နှင့် ရေတွင်းပုံစံ ငယ်များ၊ ရှေးဟောင်းရိုးရာ အသုံးအဆောင်ပစ္စည်းများ၊ ရှေးဟောင်း မီးသတ်ပိုက်ခေါင်းများ၊

အထောက်အထားမှတ်တမ်းစာအုပ်များ စသည့် ရေးဟောင်းရေပေးဝေမှု အခြေအနေများ အပြင် ခေတ်သစ်ရေပေးဝေရေးစနစ် တိုးတက်မှုအခြေအနေ၊ ခေတ်သစ်ရေပေးဝေရေးစနစ် ပေါ်ပေါက်လာစေရန် ရေပေးဝေမှုဗျူရို (Waterworks Bureau) ၏ ကြိုးစားဆောင်ရွက်ခဲ့မှု အခြေအနေ၊ ရေလေလွင့်မှု တိုင်းတာမှတ်တမ်းများ၊ ရေဖြန့်ဖြူးပေးနိုင်သည့်ပမာဏ၊ ရေပေးဝေမှုစနစ် ပြောင်းလဲလာမှုနှင့် လူနေမှုစနစ် ပြောင်းလဲလာမှုအခြေအနေများအား ပြသထားပါသည်။ ပြတိုက်တွင်ပစ္စည်းများကို စနစ်တကျစုဆောင်းပြီး စိတ်ဝင်စားဖွယ်ရာ ပြသထားသည်ကို တွေ့ရှိရပါသည်။

ရေပေးဝေမှုထိန်းချုပ်ခြင်း

တိုကျိုရေပေးဝေမှုစီမံခန့်ခွဲမှု ဗဟိုဌာန (Tokyo Waterwork Water Supply Operation Center) တွင် ထိန်းချုပ်အခန်း (Control Room) နှင့် ကွန်ပျူတာအခန်း (Com–puter Room) ဟူ၍ နှစ်ပိုင်းခွဲထားပါသည်။ ရေအရင်းအမြစ်များမှ မိုးရေချိန်တိုင်းတာမှုများ၊ ရေလှောင်ကန်များမှ ကန်ရေအနိမ့်အမြင့်၊ မြစ်များမှ မြစ်ရေအမြင့် (Level) နှင့် ရေစီးနှုန်း၊ ရေသန့်စင်စက်ရုံများ၏ ရေကြမ်း (Raw Water) နှင့် ရေဖြန့်ဖြူးခြင်း (Distribution Water) ပမာဏ၊ ရေပေးဝေရေးစခန်းများတွင် ရေစုပ်စက် (Pump) များ၏ လည်ပတ်မှုအခြေအနေနှင့် ရေ (Level) များ၊ တယ်လီမီတာ (Telemeter) မှ ရေဖိအား၊ ရေပေးဝေနှုန်းနှင့် ရေအရည်အသွေး စသည်တို့ကို ထိန်းချုပ်ကိရိယာမျက်နှာပြင် (Monitor Screen) ပေါ်တွင် အချက်အလက်များစုဆောင်း၍ နေ့စဉ် ၂၄ နာရီ စောင့်ကြည့်သည့်စနစ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဌင်းစင်တာ (Center) တွင် ရေလုပ်ငန်းအတွက် အဓိကလုပ်ငန်းစဉ် နှစ်ရပ်ကို ဆောင်ရွက်လျက်ရှိရာ၌ ပထမလုပ်ငန်းစဉ်မှာ တည်ငြိမ်သော သောက်သုံးရေပေးဝေမှုအတွက် ရေစီးနှုန်းကို ထိန်းချုပ်ခြင်းဖြစ်ပါသည်။ ဒုတိယလုပ်ငန်းစဉ်မှာ တိုကျိုမြို့ဧရိယာရှိ ရေပေးဝေရေးစခန်းများ၏ လုပ်ဆောင်မှုများကို ထိန်းချုပ်ခြင်းဖြစ်ပါသည်။ ရေသန့်စင်စက်ရုံများ၊ ရေပေးဝေရေးစခန်းများ၊ ရေပို့ပိုက်လိုင်းများမှ ရရှိသောအချက်အလက်များအရ နေ့စဉ် ရေပေးဝေမှုနှုန်းကို တွက်ချက်၍ ရာသီဥတုနှင့် နေ့အပူချိန်တို့အပေါ်မူတည်ပြီး ဌင်းရေပေးဝေသည့် နေရာများသို့ မည်သို့ရေပေးဝေရန် ညွှန်ကြားနိုင်ပါသည်။ ရေဖိအား၊ ရေစီးနှုန်းများ ရုတ်တရက် ပြောင်းလဲလာပါက ဖြစ်ပေါ်သည့် နေရာပြပုံစံတွင် အချက်ပေးသည့် (Warning Sign) ပေါ်လာ၍ ချက်ချင်းသိရှိပြုပြင်မှုများ ပြုလုပ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ရေသုံးစွဲသူ၏ မကျေနပ်မှု၊ တိုင်ကြားမှု (Customer Complaint) များကို လက်ခံဖြေရှင်းပေးသော နေရာဖြစ်ပါသည်။ ငလျင်လှုပ်မှုကြောင့် (Water Supply Operation Center) တွင် ပျက်စီးမှုများဖြစ်ပေါ်ပါက အလားတူ လုပ်ဆောင်မှုမျိုးရှိသည့် (Back–up Center) အကူအညီဖြင့် ဆက်လက်ထိန်းချုပ်ဆောင်ရွက်ကြပါသည်။

ရေသန့်စင်ခြင်း

အာဆကာ ရေသန့်စင်စက်ရုံ (Asaka Purification Plant) တွင် တိုနီ (Tone) နှင့်

အာရာ (Ara) မြစ်များမှနေ၍ ပိုက်ဖြင့်သွယ်ယူကာ သယ်ဆောင်လာသောမြစ်ရေကို သောက်သုံးရေဖြစ်အောင် အဆင့်ဆင့်လုပ်ဆောင်နည်းစနစ်ကို အသုံးပြုပါသည်။ နေ့စဉ် လူဦးရေ ၂ ဒသမ ၈ သန်းအတွက် ရေ ၁ ဒသမ ၇ ကုဗမီတာသန်း ဖြန့်ဖြူးပေးလျက်ရှိပြီး တိုကျို (Tokyo) မြို့ရေပေးဝေရေး၏ ၂၄ ဒသမ ၈ ရာခိုင်နှုန်း ထုတ်လုပ်ပေးလျက်ရှိပါသည်။

ကင်နျူတာ ရေသန့်စင်စက်ရုံ (Kinuta Purification Plant) ကို ၁၉၂၈ ခုနှစ်တွင် ရေပေးဝေပြီး သဲအနှေးရေသန့်စင်နည်းစနစ်ကို အသုံးပြုခဲ့ပါသည်။ နှစ်ပေါင်း ၈၀ ကျော် အသုံးပြုပြီးနောက် ၂၀၀၇ ခုနှစ်မှစ၍ အဏုဇီဝစုပ်ယူမှု MF (Micro Filter)၊ အမြှေးပါးစနစ် (Membrane System) ကို အသုံးပြုထားပါသည်။ ၎င်းစက်ရုံ၏ ရေအရင်းအမြစ်မှာ အချင်း ၆ မီတာ၊ အနက် ၁၅ မီတာ မှ ၁၈ မီတာရှိသော ရေစုဆောင်းသောတွင်း (Collecting Well) သုံးခုမှ ရယူခြင်းဖြစ်ပါသည်။ Collecting Well လုပ်ဆောင်ပုံမှာ မြစ်ရေကို သဘာဝနည်းဖြင့် စုပ်ယူမှု (Filtration) ပြုလုပ်ပြီး တစ်လွှာလျှင် အချင်း ၆၅ ဒသမ ၁ မီတာ၊ အရှည် ၁၀ ဒသမ ၅ မီတာရှိသော ရေစုဆောင်းပိုက် (Collecting Pipe) ၆၀ လုံးဖြင့် စုဆောင်းပြီး Collecting Well (၃)ခုမှ ရေသန့်စင်စက်ရုံသို့ ပို့ပေးပါသည်။

Kinuta Purification Plant မှ တစ်နေ့လျှင် ရေ ၁၁၄,၅၀၀ ကုဗမီတာကို သန့်စင်ပြီး ရေပေးဝေရာတွင် တိုကျိုမြို့ရေပေးဝေမှုစနစ်တစ်ခုလုံး၏ ၁ ဒသမ ၇ ရာခိုင်နှုန်းကို ပေးဝေလျက် ရှိပါသည်။ အဆိုပါ ရေသန့်စင်စနစ်တွင် အသုံးပြုသော Raw Water မှ ရေနောက်ကျိမှု (Turbidity) ကောင်းမွန်သော ရေအရင်းအမြစ်ကိုရရှိမှသာ အသုံးပြုနိုင်သော စနစ်ဖြစ်ပါသည်။ လျှပ်စစ်စွမ်းအင်ပါဝါကိုလည်း အပြည့်အဝ အသုံးပြုရပါသည်။

ဆာကိုင်ရေသန့်စင်စက်ရုံ (Sakai Water Purification Plant) သည် Slow Sand Filtration နည်းကို အသုံးပြုပါသည်။ တာမ (Tama) မြစ်မှရေကို တာတမံ (Weir) နှစ်ခုဖြင့် ရေယူပေါက်မှ ရေလှောင်ကန်တို့တွင် စုဆောင်း၍ ဆိုဒီယမ်ဟိုက်ပိုကလိုရိုဒ် (Sodium Hypochloride) နှင့် ပီအေစီ (PAC) ဆေးခပ်ပြီး သဲဘေစင် (Sand Basin) များတွင် သန့်စင်စေပါသည်။ ၎င်းနောက် အိုဇုန်း (Ozone) နှင့် ဇီဝဗေဒဆိုင်ရာ အသက်သွင်းထားသော ကာဗွန် (Biological Activated Carbon) များကို ဖြတ်သန်းစေ၍ ကလိုရင်းထပ်မံခပ်ပြီး ရေပေးဝေရေးစခန်း (Water Station) ရှိ ရေဖြန့်ဝေသော ရေကန်သို့ ပို့ပေးပါသည်။ ဆာကိုင် ရေသန့်စင်စက်ရုံ၏ နေ့စဉ် ရေပေးဝေနိုင်စွမ်းအားသည် တစ်ရက်လျှင် ၃၁၅,၀၀၀ ကုဗမီတာ ဖြစ်ပြီး Tokyo Bureau Waterwork မှ ရေပေးဝေမှုစွမ်းအား၏ ၁၁ ရာခိုင်နှုန်းကို ထိန်းချုပ် ဆောင်ရွက်ထားပါသည်။

ဂျပန်နိုင်ငံတွင် ရေအရည်အသွေး (Water Quality) စစ်ဆေးခြင်း

ဂျပန်နိုင်ငံတွင် ရေအရည်အသွေး (Water Quality) နှင့်ပတ်သက်ပြီး ဥပဒေကို ၁၉၅၇ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး နှစ်ပေါင်း ၆၀ ရှိခဲ့ပြီး ဖြစ်ပါသည်။ ဂျပန်နိုင်ငံရှိ ဥပဒေသည် သန့်ရှင်းသောရေကိုပေးနိုင်ပြီး အများပြည်သူတို့၏ ကျန်းမာရေးကို တိုးတက်မှု (Improve –ment) ဖြစ်ရမည်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၆၀ တွင် ရေအရည်အသွေးစစ်ဆေးရ မည့်အမျိုးအစား ၂၇ မျိုးရှိပြီး ၁၉၉၂ ခုနှစ်တွင် ၄၆ မျိုးရှိ၍ ၂၀၁၀ ပြည့်နှစ်တွင် အမျိုးပေါင်း

၅၀ မျိုး၊ ယနေ့အချိန်အခါတွင် ၅၁မျိုးဖြင့် ရပ်တည်နေပါသည်။

ရေအရည်အသွေးတွင် သန့်စင်သောရေရရှိရန်အတွက် ခြောက်လှန့်စေသော အဓိက အကြောင်းအရာသုံးချက်ရှိပါသည်။ ၎င်းတို့မှာ ပါရာဆိုက် (Parasites)၊ ဘက်တီးရီးယား (Bacteria) နှင့် ဗိုင်းရပ်စ် (Virus) ဖြစ်ပါသည်။ ပါရာဆိုက်တွင် (Giardia Lambla) နှင့် (Cryptospodium Parvum) ပါဝင်ပြီး ကလိုရင်းဒဏ်ကို ခံနိုင်ရည်ရှိပါသည်။ ပါရာဆိုက်များသည် အစာအိမ်အူလမ်းကြောင်းတစ်လျှောက်ကို ဒုက္ခပေးပါသည်။ ဘက်တီးရီးယားတွင် ကာလဝမ်းရောဂါကို ဖြစ်စေသော Vibrio Cholerae ၊ အူရောင်ငန်းဖျားရောဂါကိုဖြစ်စေသော Salmonella Typhi ၊ ဝမ်းပျက်ခြင်းကို ဖြစ်စေသော Shigella နှင့် အစာအဆိပ်သင့်စေခြင်းကို ဖြစ်စေသော Escherichia Coli (E–Coli) ပိုးများပါရှိပြီး စနစ်တကျ ပိုးသတ်ပါက ကာကွယ်နိုင်ပါသည်။ Norwalk Virus ကြောင့် အစာအဆိပ်သင့်ခြင်းကို ဖြစ်စေပါသည်။ ဂျပန်နိုင်ငံသည် စက်မှုဖွံ့ဖြိုးသောနိုင်ငံဖြစ်သော်လည်း ဓာတ်သတ္တုများ၏ ညစ်ညမ်းမှုနှင့် မသန့်စင်မှုကြောင့် ရောဂါများဖြစ်ပွားလျက် ရှိပါသည်။

ဂျပန်နိုင်ငံတွင် သန့်ရှင်းသောရေရရှိရန်အတွက် ဓာတ်ခွဲခန်းများတွင် ပုံမှန်စစ်ဆေးလျက် ရှိပါသည်။ Jar Test စစ်ဆေးခြင်း၊ PH Test စစ်ဆေးခြင်းနှင့် Alkalinity Test စစ်ဆေးခြင်းများ ပြုလုပ်ပါသည်။ ရေအရည်အသွေးစံနှုန်း (Water Quality Standard) သတ်မှတ်ရာတွင် လူ သက်တမ်း ၇၀နှစ်၏ ဆီးများကို စစ်ဆေးခြင်း ပြုလုပ်ပါသည်။ ထူးခြားသည်မှာ ရေဒီယိုသတ္တိကြွမှုကို စစ်ဆေးသော စက်များဖြင့်လည်း ရေဒီယိုသတ္တိကြွမှု ရှိမရှိ စစ်ဆေးထားကြောင်း တွေ့ရှိရပါသည်။

ဂျပန်နိုင်ငံ၏ ရေပေးဝေမှုစနစ်တွင် ပိုးသန့်စင်စေရန် ကလိုရင်း (Chlorine) ဆေး ရည်ခပ်ရမည့်အပြင် သောက်သုံးရေတွင် ကလိုရင်းမကျန်ပါက တရားစွဲအရေးယူနိုင်သည့် ဥပဒေကို ထုတ်ပြန်ထားပါသည်။ ကလိုရင်းမကျန်သော ရေဖြစ်ပါက ရေပေးဝေမှုလုပ်ငန်း

“ တိုကျိုအရည်အသွေးမြင့် စီမံခန့်ခွဲမှုပရိုဂရမ် (ရေအန္တရာယ်ကင်းရှင်းရေး အစီအစဉ်၏ တိုကျိုဗားရှင်း)သည် ရေကို ထိန်းချုပ်ပြီး စီမံခန့်ခွဲသည့် ပြည့်စုံသော ရေအရည်အသွေး ထိန်းချုပ်မှု အတိုင်းအတာကို ဆုံးဖြတ်ပေးပါသည်။”

(Waterwork) မှ ပေးသည့်ရေ မဟုတ်ကြောင်း သိရှိရပါသည်။ ရေစစ်ဆေးရာတွင် စံနှုန်း (Standard) မမီပါက ရေပေးဝေမှုကို ချက်ချင်းရပ်ဆိုင်းရပါသည်။ ရေစစ်ဆေးပြီးပါက Home Page၊ Internet တွင် လွှင့်ပေးရသော ဥပဒေကို သတ်မှတ်ထားပါသည်။ ရေပေးဝေမှုနှင့်ပတ်သက်သည့် တည်ဆောက်ပြုပြင်မှုများ ပြုလုပ်မည်ဆိုပါက မပြုလုပ်မီ ကြိုတင်အကြောင်းကြားရပါမည်။ ရေနှင့်ပတ်သက်၍ မကျေနပ်မှုနှင့် ရေသုံးစွဲသူမှဌာနကို ရေစစ်ပေးပါရန် တောင်းဆိုပါက ရေအရည်အသွေးကို အခမဲ့စစ်ဆေးပေးရပါသည်။ တိုကျိုတွင် (Complaint) စစ်ဆေးချက်များကို တစ်နှစ်လျှင် အိမ်ခြေ ၃၀၀ မှ ၄၀၀ အထိ စစ်ဆေးပေးလျက် ရှိပါသည်။

အကြံပြုချက်

ဂျပန်သည် ဘုံပိုင်ရေကို သောက်သုံးနိုင်သော နိုင်ငံအနည်းငယ်ထဲမှ တစ်နိုင်ငံဖြစ်ပါသည်။ တိုကျိုရေလုပ်ငန်းဗျူရိုသည် ကြိုးပမ်းအားထုတ်မှုအမျိုးမျိုးဖြင့် ကမ္ဘာ့အမြင့်ဆုံးအဆင့်ဘေးကင်းရေးနှင့် သန့်စင်မှုကို ဆောင်ရွက်နေပါသည်။ သုံးစွဲသူများ၏ဘေးကင်းရေးနှင့် ယုံကြည်စိတ်ချမှု မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားအဆင့် ရေအရည်အသွေးစံနှုန်းများထက် ပိုမိုတင်းကျပ်သည့် သန့်စင်ပြီး အရည်အသွေးမြင့်ရေများ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုကျိုအရည်အသွေးမြင့်စီမံခန့်ခွဲမှုပရိုဂရမ် (ရေအန္တရာယ်ကင်းရှင်းရေးအစီအစဉ်၏တိုကျိုဗားရှင်း)သည် ရေကို ထိန်းချုပ်ပြီး စီမံခန့်ခွဲသည့် ပြည့်စုံသော ရေအရည်အသွေးထိန်းချုပ်မှုအတိုင်းအတာကို ဆုံးဖြတ်ပေးပါသည်။ ရေအရင်းအမြစ်များမှ ရေပိုက်ခေါင်းများအထိ ရေဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် ရေအရည်အသွေး စီမံခန့်ခွဲမှုနည်းလမ်းရှိပါသည်။ သန့်စင်သည့်စက်ရုံ များတွင် ISO 9001 အရ အရည်အသွေးထိန်းချုပ်မှုနည်းလမ်းရှိပါသည်။ ISO/IEC 17025 တို့ကို အသိအမှတ်ပြုသော၊ ရေစစ်ဆေးခြင်းကို ပြုလုပ်ထားပါသည်။ ရေအရည်အသွေးနှင့်ပတ်သက်၍ သုတေသနလေ့လာမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါ သည်။ ဘေးကင်းပြီး သန့်ရှင်းသော ရေကို ပေးဝေရန်အတွက် ရေ၏အရည်အသွေးကို စေ့စေ့စပ်စပ် ထိန်းချုပ် ထားပါသည်။ ရေအရင်းအမြစ်များတွင် ရေအရည်အသွေး ကို ပုံမှန်စစ်ဆေးခြင်း ဆောင်ရွက်ပါသည်။ သန့်စင်သော စက်ရုံများတွင် သင့်လျော်သော ရေသန့်စင်မှုအတွက် ရေအရည်အသွေး စစ်ဆေးခြင်း၊ တိုကျိုတွင် အလိုအလျောက် ရေအရည်အသွေးမီတာများကို အသုံးပြု၍ စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ပါသည်။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းသာယာဝပြောရေး၊ ရေကဏ္ဍကို မြှင့်တင်စေရန် ဂျပန်နိုင်ငံ၏ရေသန့်စင်ခြင်းနှင့် ရေအရည်အသွေး စီမံခန့်ခွဲခြင်းဆောင်ရွက်နေမှုကို အတုယူလိုက်နာဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

Ref: – https://www.nationsencyclopedia.com
– Asia–and–Oceania
– Japan–LOCATION–SIZE–AND–EXTENT.
– www.waterworks.metro.tokyo.lg.jp/eng/waterprofessionals/

qefopfvmrnfpufypönfyg aq;awmifhm;
a'guf vmjrifbef

“ ဒါကြောင့် ပညာရှင်တွေဟာ
သောက်ဆေးအဖြစ် အသုံးပြုနိုင်ဖို့
နည်းစနစ်ပစ္စည်းများကို ကြံဆတီထွင်ကြရတယ်။
အက်ဆစ်ဒဏ်ခံနိုင်တဲ့
ဆေးတောင့်အခွံကို ဖန်တီးကြရတယ်။ ”

ဓာတ်ပုံ–အင်တာနက်

ရောဂါကုသရာမှာ သောက်ဆေး၊ ထိုးဆေး၊ ဆေးသွင်းခြင်း စတာတွေ အသုံးပြုကြရတယ်။ နောက်ပိုင်းတိုးတက်လာတဲ့အခါ ဓာတ်ရောင်ခြည်သုံးကုသတာတွေ၊ ဝတ်ဆင်လို့ရတဲ့ ကိရိယာတွေနဲ့ ဦးနှောက်တွင်းထည့်ပစ္စည်းတွေ အသုံးပြု ကုသလာကြတယ်။ ကုသမှု အများစုမှာ အပ် အသုံးပြုကြရတဲ့အတွက် နာကျင်မှုမပြင်းထန်ပေမယ့် စိတ်မသက်သာမှုတော့ အနည်းဆုံး ဖြစ်တတ်ကြပါတယ်။ နေ့စဉ် အပ်အထိုးခံရတဲ့ ကုသမှုမျိုးဆို ပိုဆိုးကြပါတယ်။ အထူးသဖြင့် ဆီးချိုရောဂါပါ။ ဆီးချိုဆေးကို ၁၉၂၂ ခုနှစ်မှာ ထိုးဆေးအဖြစ် ပထမဆုံး သုံးခဲ့ကြတယ်။ အသက်ကယ်ဆေးတစ်မျိုးသဖွယ် ချက်ချင်း အသုံးပြုခဲ့ကြတယ်။ ဒါပေမဲ့ လေ့လာမှုတစ်ခုအရ ထိရောက်မှုမရှိလှတဲ့ သောက်ဆေးတွေကို ပိုနှစ်သက်နေကြလို့ အင်ဆူလင်ထိုးဆေးနဲ့ ကုသဖို့ ပျမ်းမျှအားဖြင့် ခုနစ်နှစ်ခွဲကျော် နောက်ကျခဲ့ကြတယ်လို့ ဆိုပါတယ်။

ဆီးချိုရောဂါကုသရာမှာ အင်ဆူလင်ဆေးကို နေ့စဉ် လိုသလို ထိုးကြရတယ်။ သွေးအချိုဓာတ်သိဖို့ လက်ထိပ်ဖောက်ပြီး တိုင်းတာကြရတယ်။ ခဏာခဏာ အပ်အထိုးခံရတဲ့ စိတ်ဒုက္ခမှ ကင်းဝေးလိုကြပါတယ်။ မိမိဘာသာ ဆေးထိုးတတ်ဖို့ လေ့ကျင့်ရာမှာလည်း အခက်အခဲရှိနေတတ်ကြတယ်။ ဒါကြောင့် သွေးချိုဓာတ်တိုင်းကိရိယာရော သွေးချိန်ကိုတွက်ချက်ပြီး လိုအပ်သလို ဆေးထိုးပေးတဲ့ ကိရိယာပါဝင်တဲ့ ဝတ်ဆင်လို့ရတဲ့ပစ္စည်းအဖြစ် တီထွင်အသုံးပြုလာကြတယ်။ ဒီပစ္စည်းသုံးရာမှာလည်း လူကိုယ်တိုင် အပ်မသုံးရတာကလွဲလို့ အပ်ပါဝင်တာပါပဲ။ ကုသနည်းများအနက် အပ်မပါတာဆိုလို့ ဓာတ်ရောင်ခြည်သုံးကုသတာနဲ့ သောက်ဆေးတွေသာရှိပါတယ်။ ဒါကြောင့် ထိုးဆေးအစား သောက်ဆေးကို အသုံးပြုနိုင်ဖို့ ကြိုးစားလာကြတယ်။

သောက်ဆေးတွေဟာ ဓာတုပစ္စည်းများဖြစ်ပေမယ့် သဘာဝတွေ ကွဲပြားပါတယ်။ အများစုက သက်ရှိနဲ့မပတ်သက်တဲ့ ဓာတ်ပေါင်းတွေပါ။ အချို့ကတော့ သက်ရှိနဲ့ပတ်သက်တဲ့ အသားဓာတ်တွေ၊ ဗီဇအစိတ်အပိုင်းတွေ ဖြစ်ကြပါတယ်။ ဒီလိုဆေးဝါးမျိုးတွေကျတော့ သောက်ဆေးအနေနဲ့ အဆင်မပြေပါဘူး။ သောက်ဆေးဖြတ်သန်းရမယ့်ခရီးတစ်လျှောက် အခက်အခဲတွေ ရှိနေကြလို့ ဖြစ်ပါတယ်။ ပထမဆုံး အစာအိမ်ရဲ့ ပြင်းထန်တဲ့အက်ဆစ်ဒဏ်ကို ခံနိုင်ရည်ရှိရပါမယ်။ အူထဲရောက်ရင်လည်း ဆေးတွေ စိမ့်ဝင်ရမယ့်အူနံရံမှာ အချွဲလွှာဟာ အဟန့်အတား ဖြစ်စေပြန်ပါတယ်။ အူထဲရှိ အစာခြေဓာတ်တွေရဲ့ ချေဖျက်ပစ်ခံရမယ့် အနေအထားကလည်း ရှိနေပါသေးတယ်။ အထူးသဖြင့် အသားဓာတ် အခြေပြုဆေးတွေဟာ အူရှိ အစာခြေဓာတ်တွေရဲ့ ချေဖျက်မှုကို ခံကြရပါတယ်။ ဆီးချိုဆေး (အင်ဆူလင်) ဟာ အသားဓာတ်ဖြစ်တဲ့အတွက် ဖော်ပြပါ အဟန့်အတားတွေကြောင့် သောက်ဆေးပမာဏရဲ့ တစ်ရာခိုင်နှုန်းထက်နည်းသော ဆေးဟာ အူအတွင်း စိမ့်ဝင်နိုင်တယ်လို့ ဆိုပါတယ်။

ဒါကြောင့် ပညာရှင်တွေဟာ သောက်ဆေးအဖြစ် အသုံးပြုနိုင်ဖို့ နည်းစနစ်ပစ္စည်းများကို ကြံဆတီထွင်ကြရတယ်။ အက်ဆစ်ဒဏ်ခံနိုင်တဲ့ ဆေးတောင့်အခွံကို ဖန်တီးကြရတယ်။ အစာလမ်းကြောင်းမှာ တစ်နေရာနဲ့တစ်နေရာ အက်ဆစ်သဘာဝ မတူကြပါဘူး။ အစာအိမ်မှာ အက်ဆစ်ပြင်းပြင်း ရှိနေပါတယ်။ ပြင်းအားအနေနဲ့ ဘက်ထရီအက်ဆစ်ထက် နည်းနည်းသာလျော့ပါတယ်။ ဒါကြောင့် စားလိုက်တဲ့အစာတွေ နူးပျော့သွားစေတယ်။ အသားနဲ့အရိုးတွေ ပြိုကွဲပျက်စီးစေပါတယ်။ အစာခြေချက်ရာမှာ လွယ်ကူအဆင်ပြေစေပါတယ်။ အူလမ်းကြောင်းထဲ ဝင်သွားတဲ့အခါ အက်ဆစ်ဓာတ်ပျော့သွားရာမှ အက်ဆစ်ဆန့်ကျင်ဓာတ် (အယ်ကာလီ)ဘက် ရောက်သွားပါတယ်။ အစာခြေဓာတ်တွေဟာ အက်ဆစ်သဘာဝမှာ အလုပ်မလုပ်နိုင်ကြလို့ပါ။ ဒီလို အစာလမ်းကြောင်းတစ်လျှောက် အက်ဆစ်သဘာဝ မတူညီတဲ့အချက်ကိုအသုံးပြုပြီး ဆေးတွေ ဘယ်နေရာဆီရောက်ရှိကာ စိမ့်ဝင်သွားလိုမှုအပေါ် မူတည်ပြီး သောက်ဆေးအခွံကို တီထွင်ဖန်တီးကြပါတယ်။

သောက်လိုက်တဲ့ဆေးတွေ အာနိသင်ကောင်းစွာရစေဖို့ အစာလမ်းကြောင်းနံရံကို ဖြတ်ကာ စိမ့်ဝင်သွားဖို့လိုပါတယ်။ အစာလမ်းကြောင်းနံရံရှိ အချွဲလွှာက ဆေးတွေကို ကပ်ငြိတင်ကျန်စေကာ ဆေးစိမ့်ဝင်မှုကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒီပြဿနာကိုဖြေရှင်းဖို့ အချွဲမြှေးကို ဖယ်ရှားပစ်နိုင်ဖို့လိုပါတယ်။ တစ်နည်းအားဖြင့် အချွဲလွှာကို တွင်းတူးသလိုဖယ်ရှားပြီး အစာလမ်းကြောင်းနံရံရောက်မှ ဆေးတွေ ချထားပေးရမှာဖြစ်ပါတယ်။ ဆေးတောင့်မှာ အချွဲပျော်ပျက်စေတဲ့ ဓာတ်ပစ္စည်းတွေ သုတ်လိမ်းထားဖို့ စဉ်းစားကြပေမယ့် ပါးစပ်မှစလို့ အစာလမ်းကြောင်းတစ်လျှောက်မှာ အချွဲတွေ ရှိနေတဲ့အတွက် လိုတဲ့နေရာရောက်ဖို့က မလွယ်ပါဘူး။ ဆေးရောက်စေလိုတဲ့နေရာရှိ အချွဲကိုသာ ဖယ်ရှားရမှာဖြစ်ပါတယ်။ ချိန်သားကိုက်ရမှာဖြစ်လို့ အတော်လေး ကြိုးစားကြရတယ်။

ပထမဆုံး အချွဲလွှာကိုတူးဝင်ဖို့ လိုဏ်ခေါင်းတူးတဲ့နည်းပညာကို သတိရခဲ့ကြတယ်။ မြေသားကို ကြီးမားတဲ့ ဝက်အူရစ်ကဲ့သို့သော လွန်နဲ့တူးကာ မြေစာများအား နောက်သို့ပို့ပေးတဲ့ သဘောတရားကို အသုံးပြုမှာဖြစ်ပါတယ်။ ဒါကြောင့် ဆေးတောင့်မျက်နှာပြင်မှာ ဝက်အူရစ်လို မြောင်းများဖော်ကာ တီထွင်ခဲ့ကြတယ်။ ဒုံပြင် ဆေးတောင့်မျက်နှာပြင်ကို

ကြမ်းနေအောင်ဖန်တီးကာ အချွဲများကို တိုက်ချွတ်သက့ဲသို့ ပြုမူရာမှာ ပိုထိရောက်စေပါတယ်။ အချွဲများ ဖယ်ရှားလိုက်တဲ့အခါ အချွဲထက်ပိုလေးတဲ့ ဆေးတောင့်ဟာ အူနံရံအထိ နစ်ဝင်လာမှာဖြစ်ပါတယ်။ အကြမ်းအားဖြင့် ဆယ်မိနစ်မှ မိနစ်နှစ်ဆယ်အတွင်း ဆေးများကို ထုတ်လွှတ်ပေးကြလို့ အူနံရံထဲစိမ့်ဝင်ကာ သွေးထဲရောက်ရှိကြပါလိမ့်မယ်။

အဆိုပါနည်းပညာကို Massachusetts Institute of Technology မှ ဇီဝဆေးပညာဆိုင်ရာ စက်မှုပညာရှင်နဲ့အဖွဲ့က တီထွင်ခဲ့ကြတယ်။ သူတို့တီထွင်ထားတဲ့ဆေးတောင့်ကို စက်ပစ္စည်းပါဆေးတောင့် (Robo Cap) လို့အမည်ပေးထားကြတယ်။ ဆေးတောင့်အရွယ်အစားက ဗီတာမင်အများအပြားပါဝင်တဲ့ ဆေးတောင့်အရွယ်ပါ။ အလျှား တစ်လက်မခန့်နဲ့ အကျယ် တစ်လက်မရဲ့ ငါးပုံနှစ်ပုံခန့် ရှိပါတယ်။ ဆေးတောင့်ထဲမှာ လည်ပတ်စေတဲ့ အစိတ်အပိုင်း၊ ဓာတ်ခဲနဲ့ ဆေးရည်တွေရှိနေတဲ့ အစိတ်အပိုင်း ရှိပါတယ်။ အထူးသဖြင့် ဆီးချိုဆေး အင်ဆူလင်နဲ့ ပိုးသတ်ဆေးအချို့တို့လို ထိုးဆေး၊ အကြောထဲသွင်းဆေးတွေ ဖြစ်ကြတယ်။ ဒီလို ဆေးတောင့်ကို သုံးစွဲခြင်းဖြင့် နေ့စဉ် ဆေးထိုးနေရခြင်း၊ ဆေးရုံတက်နေရခြင်းတို့မှ ရှောင်လွှဲနိုင်ပါလိမ့်မယ်။ ဒါဟာ ဆေးပညာနယ်ပယ်မှာ အပြောင်းအလဲကြီးတစ်ခုဖြစ်တယ်လို့ MIT ဇီဝဆေးပညာဆိုင်ရာ စက်မှုပညာရှင် Shriya Srinivasan က ဆိုပါတယ်။

Robo Cap ဆေးတောင့်ကို မျိုချလိုက်တဲ့အခါ အစာရေမျိုတစ်လျှောက်ဆင်းသွားပြီး အစာအိမ်ဆီရောက်ပါတယ်။ အစာအိမ်ဟာ အစာများကို ခေတ္တသိုလှောင်ပြီး အက်ဆစ်နဲ့ အစာခြေရည်အချို့ကို အသုံးပြုကာ အစာများကို ကြိတ်ခြေပေးပါတယ်။ အစာအိမ်မှာ အစာတွေကို အနည်းငယ် ကြန့်ကြာစေပြီးမှ အူသိမ်အတွင်း တဖြည်းဖြည်း ထုတ်လွှတ်ပေးလေ့ရှိပါတယ်။ အစာအိမ်ရှိ အက်ဆစ်က ဆေးတောင့်အပေါ်ယံအကာကို ပျော်ပျက်သွားစေပေမယ့် ကျန်ဆေးတောင့်ကို ဘာမျှမဖြစ်စေပါဘူး။ အူသိမ်အတွင်းမှာ ကစီဓာတ်၊ အသားဓာတ်နဲ့ အဆီဓာတ်တွေကို အပြီးသတ် ခြေချက်ပေးမယ့် အစာခြေအရည်မျိုးစုံရှိနေပါတယ်။ ဒါပေမဲ့ ဆေးတောင့်အတွင်းမှ မထွက်လာသမျှဆေးတွေကို အစာခြေရည်က မဖျက်ဆီးနိုင်ပါဘူး။

ဆေးတောင့် အူသိမ်အတွင်းရောက်တဲ့အခါ အဲဒီနေရာရှိ အက်ဆစ်သဘာဝက ဆေးတောင့်အတွင်းရှိ အမြှေးပါးကို ပျော်ပျက်စေပါတယ်။ ဒီအခါ လှုပ်ရှားစေတဲ့အပိုင်းရဲ့ လျှပ်စီးပတ်လမ်းကို ဆက်မိစေကာ ဆေးတောင့် စပြီး ပတ်ချာလည်လာစေပါတယ်။ ဆေးတောင့်အပြင်ပိုင်းရှိ ဝက်အူရစ်ပုံသဏ္ဌာန် မြောင်းလေးတွေက ဝက်အူကဲ့သို့ ရစ်ဝင်သလိုကြမ်းနေတဲ့မျက်နှာပြင်က ချွဲများကို ပွတ်တိုက်ဖယ်ရှားပေးကြတယ်။ ဒ့ါပြင် ဆေးတောင့်ရဲ့ လည်ပတ်မှုက အတွင်းရှိ ဆေးများပါတဲ့အပိုင်းကို ပွတ်စားသွားပြီး ဆေးတွေကို အူနံရံဆီ တဖြည်းဖြည်း ထွက်လာစေပါတယ်။ ဆေးတောင့်ရဲ့ အချွဲများဖယ်ရှားခြင်းဟာ တစ်ခဏသာ ဖြစ်ပါတယ်။ ဆေးတွေ အူနံရံထဲ အလွယ်တကူ ဝင်သွားစေဖို့ပါ။ လေ့လာမှုများအရ နာရီအနည်းငယ်အတွင်း အချွဲတွေ ပြန်ဖုံးလွှမ်းသွားမှာ ဖြစ်ပါတယ်။

ဝက်ရဲ့ အူအစိတ်အပိုင်းအား ဖြတ်ယူပြီး ဓာတ်ခွဲခန်းအတွင်း အူထဲရှိ အရည်မှာစိမ်ကာ Robo Cap ကို စမ်းသပ်ကြည့်ခဲ့ကြတယ်။ ဒီအခါ လည်ပတ်နေတဲ့ဆေးတောင့်က အူနံရံရှိ အချွဲမြှေးကို တူးဝင်တိုက်ချွတ် ဖယ်ရှားနိုင်တာ တွေ့ခဲ့ကြတယ်။ အချွဲတွေ ရှိမနေတော့တဲ့ အခါ အူနံရံဆီ ဆီးချိုဆေး အင်ဆူလင်နဲ့ ပိုးသတ်ဆေးတစ်မျိုး (Vancomycin) ကို ထွက်ကျစေ

ပါတယ်။ ၃၅ မိနစ်ခန့် လည်ပတ်မွှေနှောက်ပြီး အူလမ်းကြောင်းတစ်လျှောက် ဖြတ်သန်းကာ ခန္ဓာကိုယ်ပြင်ပသို့ ထွက်သွားမှာဖြစ်ပါတယ်။ သူတို့ရဲ့ စမ်းသပ်တွေ့ရှိချက်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့ထုတ် Science Robotics စာစောင်မှာ တင်ပြခဲ့ကြတယ်။

ဓာတ်ခွဲခန်းအတွင်း စမ်းသပ်ပြီးတဲ့အခါ ဝက်ခုနစ်ကောင်ကို Robo Cap ဆေးတောင့် ကျွေးပြီး စမ်းသပ်ပြန်ပါတယ်။ နှိုင်းယှဉ်လေ့လာနိုင်စေဖို့ ဝက်အချို့ရဲ့ အူထဲဆီ ပိုက်ပြွန်မှ တစ်ဆင့် အင်ဆူလင်ဆေးကို ထည့်ပေးကြည့်ကြတယ်။ ရလဒ်အနေနဲ့ ပြွန်နဲ့ထည့်ပေးတဲ့ နည်းထက် Robo Cap က ဆေးအဆ ၂၀ မှ ၄၀ ထိ အူအတွင်း စိမ့်ဝင်နိုင်တာ တွေ့ခဲ့ကြတယ်။ ဒါ့ပြင် စမ်းသပ်ထားတဲ့ ဝက်ခုနစ်ကောင်အနက် ဝက်သုံးကောင်မှာ တစ်နာရီအကြာမှာ သွေး အချိုဓာတ် လျော့ကျလာလို့ သွေးအချိုဓာတ် ပုံမှန်ပြန်ဖြစ်လာအောင် သကြားရည်တိုက် ပေးထားရတယ်လို့ ဆိုပါတယ်။ နောက်ပိုင်း လူတွေနဲ့စမ်းသပ်တဲ့အခါ အူသိမ်အတွင်း ဆေး ထုတ်လွှတ်ပေးမှုအချိန်အဆကို သင့်တင့်အောင် တိုင်းဆကြပါလိမ့်မယ်။ ဆေးတောင့်အပေါ်ယံ အဖုံးလွှာကို သတ်မှတ်တဲ့အက်ဆစ်သဘာဝအပေါ်မူတည်ပြီး ပျော်ပျက်အောင် ဖန်တီးပေးခြင်း ဖြင့် အစာအိမ် ဒါမှမဟုတ် အူမမှာ ဆေးများကို ထွက်ကျစိမ့်ဝင်အောင် ပြုလုပ်ပေးနိုင်မယ်လို့ ဆိုပါတယ်။

နောက်ပိုင်း ဆက်လက်စမ်းသပ်မှုတွေမှာ Robo Cap ဟာ ကိုယ်ခံအားစနစ် မကောင်း တဲ့လူတွေမှာ ဘယ်လိုထိရောက်စေမယ်ဆိုတာ လေ့လာကြပါလိမ့်မယ်။ အူအတွင်းနေ မိတ်ဆွေအဏုဇီဝပိုးမွှားများအပေါ် ဘယ်လိုထိခိုက်စေမလဲဆိုတာလည်း ဆန်းစစ်ကြလိမ့်မယ် လို့ လန်ဒန်တက္ကသိုလ် ဆေးဝါးဗေဒဌာန ပါမောက္ခ Abdul Basit က ဆိုပါတယ်။ စမ်းသပ်နေတဲ့ ဆေးတောင့်ဟာ သောက်ဆေးဖန်တီးရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲကို ကျော်လွှားနိုင်ဖို့ ရည်ရွယ်တဲ့ ဆန်းသစ်သော နည်းပညာပစ္စည်းတစ်ခုဖြစ်ကြောင်း ဝေဖန်သွားခဲ့ပါတယ်။

ဆီးချိုကုဆေး အင်ဆူလင်ကို စက်ပညာပါဆေးတောင့်အဖြစ် နောက်တစ်နည်းနဲ့ စမ်းသပ်နေကြပါသေးတယ်။ အဆိုပါနည်းပညာကတော့ ဆေးတွေကို အစာလမ်းကြောင်းနံရံ မှ စိမ့်ဝင်သွားစေတဲ့နည်းမဟုတ်ဘဲ ဆေးတွေကို အစာလမ်းကြောင်းနံရံထဲ ထိုးထည့်ပေးမှာပါ။ အစာလမ်းကြောင်းနံရံတွေဟာ နာကျင်မှု မခံစားရတဲ့အတွက် ဆေးထိုးခံလိုက်ရမှန်း သိမှာ မဟုတ်ပါဘူး။ စားဆေးပုံစံဖြစ်ပေမယ့် တကယ်တော့ သောက်လိုက်တဲ့ ဆေးထိုးအပ်ကလေး များလို့ ဆိုနိုင်ပါလိမ့်မယ်။ ကျော်ဂျီယာနည်းပညာတက္ကသိုလ်မှ ဓာတုဗေဒနဲ့ ဇီဝဓာတ်ပစ္စည်း ဆိုင်ရာ စက်မှုပညာဌာန လက်ထောက်ပါမောက္ခ Alex Abramson နဲ့ ပညာရှင်များက ဆန်းသစ်တဲ့ ဆေးတောင့်ကို တီထွင်ခဲ့ကြတာပါ။ ဆေးတောင့်ကို သောက်လိုက်ပြီးနောက် အဆင်ပြေတဲ့နေရာတွေမှာ ကျရောက်ကြပါလိမ့်မယ်။ ဆေးကို ဘယ်လိုထိုးကြမလဲဆိုတာ စဉ်းစားကြတဲ့အခါ ဆေးတောင့်မျက်နှာပြင်တစ်ခုလုံးမှာ အပ်ကလေးတွေတပ်ဆင်ဖို့ စဉ်းစား ခဲ့ကြတယ်။ ဒီလိုတပ်ထားရင် ဆေးတွေကို ရောက်စေချင်တဲ့ အစာလမ်းကြောင်းနံရံထဲ ထိုးထည့်မိရုံသာမက အူလမ်းကြောင်း အခေါင်းထဲကိုပါ ဆေးတွေ ပက်ဖျန်းမိလို့ အလဟာသ ဖြစ်ဖွယ်ရှိပါတယ်။ ဒါကြောင့် ပညာရှင်တွေဟာ အစာလမ်းကြောင်းနံရံနဲ့ထိတဲ့ မျက်နှာပြင် မှာသာ ဆေးထိုးမယ့်အပ်ရှိနေဖို့ ကြံဆကြရပါတယ်။ သင်္ချာပညာရှင် Gabor Domokos က လိပ်မျိုးစိတ် Leopard tortoise ရဲ့ ပုံသဏ္ဌာန်ကို သတိထားမိပြီး အတုယူကာ ဆေးထိုးပေးမယ့်

ပစ္စည်းပုံစံကို တီထွင်ခဲ့တယ်။ ဒီလိပ်ရဲ့ လိပ်ခွံဟာ မြင့်ပြီး ထိပ်ပိုင်းကျဉ်းကာ အောက်ပိုင်းလေးတဲ့ ပုံစံမျိုးမို့ ရန်သူက တွန်းလဲလှန်လိုက်သည့်တိုင် ပုံမှန်အနေအထား ဖြစ်အောင် အလွယ်တကူ ပြန်မှောက်နိုင်ပါတယ်။ လိပ်ရဲ့ ဘေးတိုက်ကန့်လန့်ဖြတ်ပုံစံအတိုင်း ပလတ်စတစ် အပေါ်ပိုင်းနဲ့ အပ်ပါတဲ့ သံမဏိအောက်ခြေပိုင်းအဖြစ် ဖန်တီးပါတယ်။ ဒါကြောင့် အစာအိမ်ရဲ့ ရေပြင်ညီ မျက်နှာပြင်တစ်နေရာကို အောက်ခြေပိုင်းက ထိကပ် မျက်နှာမူနေမှာဖြစ်ပါတယ်။

“အင်ဆူလင်အပ် အသုံးပြုတဲ့အခါ ဆေးတောင့် တစ်တောင့်လျှင် ဆေးချိန် တစ်မီလီဂရမ်ထိသာ အသုံးပြုနိုင်တာကြောင့် ဆေးရည်နဲ့ စမ်းသပ်ဖို့ ကြိုးစားကြတယ်။”

အနေအထား နေရာတကျ ဖြစ်ပြီး ရင်နောက်တစ်ဆင့်အနေနဲ့ အလိုအလျောက် ဆေးထိုးမယ့်စနစ်ကို တီထွင်ကြတယ်။ အပ်နဲ့ဆေးတွေကို တွန်းထုတ်ပေးမယ့် နည်းပညာအား စဉ်းစားကြရတယ်။ စပရင်ခွေကို မောင်းတင်ပြီး ချုပ်ထားမယ့် သကြားဓာတ်ပါ ဓာတ်ပစ္စည်းကို ဖန်တီးကြတယ်။ ဆေးတောင့်ကို မျိုချပြီး တစ်မိနစ်အတွင်း အစာအိမ်ထဲကို ရောက်ပါတယ်။ အစာအိမ်ထဲမှာ ဆေးတောင့်ပျော်သွားကာ ပဲစေ့အရွယ်ပစ္စည်းတွေ ထွက်လာမှာပါ။ သူ့ပုံစံက အောက်ခြေ ပြားပြီးလေးကာ လိပ်ခုံးအချွန်လို ဖြစ်နေတဲ့အတွက် ပစ်တိုင်းထောင်လို အောက်ခြေပြားက အစာအိမ်နံရံမှာ အခြေချမိစေပါတယ်။ ဒီနောက် စပရင်ခွေကိုချုပ်ထားတဲ့ သကြားဓာတ်ပစ္စည်းဟာ အစိုဓာတ်ကြောင့် သုံး မိနစ်မှ ငါးမိနစ်အကြာမှာ ပျော်ပျက်သွားကာ စပရင်ဟာ ချုပ်ထားမှုကနေ လွတ်သွားပါလိမ့်မယ်။ စပရင် တွန်းအားနဲ့ အပ်ကဆေးကို ထိကပ်နေတဲ့ အစာအိမ် နံရံထဲ ထိုးထည့်ပေးမှာ ဖြစ်ပါတယ်။ တီထွင်ထားတဲ့ ပဲစေ့အရွယ်ပစ္စည်းကို SOMA လို့ အမည်ပေးထားကြတယ်။ အစပိုင်း စမ်းသပ်စဉ်က အင်ဆူလင်အရည်ကို မသုံးဘဲ အမှုန့်များကို ဖိသိပ်ပြီး အပ်သဏ္ဌာန် ဖန်တီးထားတဲ့ ဆေးအပ်ကို အသုံးပြုပါတယ်။ အဆိုပါအပ် အစာအိမ်နံရံထဲဝင်သွားတဲ့အခါဆေးအဖြစ်ပျော်သွားကာ ဆေးအာနိသင် ရစေပါလိမ့်မယ်။ ပညာရှင်တွေဟာ ဝက်အစာအိမ်ထဲကို ချောင်းကြည့်ပိုက်အသုံးပြုပြီး သူတို့ တီထွင်ထားတဲ့ပစ္စည်းကို ထည့်ပေးကြည့်ကြတယ်။ အစာအိမ်ထဲရောက်တဲ့အခါ ပစ္စည်းများရှိ အပေါက်ငယ်

များမှ အရည်များ ဝင်ရောက်ပြီး သကြားဓာတ်ပျော်ကာ စပရင်က အပ်ကို တွန်းထုတ်လိုက်ပါတယ်။ အပ်ဟာ အစာအိမ်အချွဲလွှာကို ကောင်းစွာဖောက်ဝင်ပေမယ့် အစာအိမ် ကြွက်သားလွှာကို မထိခိုက်စေ တာ တွေ့ခဲ့ကြတယ်။ စစ်ဆေးကြည့်တဲ့အခါ သွေးအတွင်း အင်ဆူလင်ဓာတ်များ ရောက်ရှိပြီး အရေပြားအောက် ဆီးချိုဆေးထိုးပေးသလို သွေးအချိုဓာတ် လျော့ကျစေတာ တွေ့ခဲ့ကြတယ်။

အင်ဆူလင်အပ် အသုံးပြုတဲ့အခါ ဆေးတောင့်တစ်တောင့်လျှင် ဆေးချိန် တစ်မီလီဂရမ်ထိသာ အသုံးပြုနိုင်တာကြောင့် ဆေးရည်နဲ့စမ်းသပ်ဖို့ ကြိုးစားကြတယ်။ ဆေးရည်သုံးစွဲတဲ့အခါ ဆေးတောင့်တစ်တောင့်မှာ ဆေးချိန် လေးမီလီဂရမ်ထိ အသုံးပြုနိုင်သလို လျင်မြန်စွာ ဆေးအာနိသင် ရရှိစေပါတယ်။ ဆေးအရည်သုံးစွဲတဲ့အခါ အပ်နဲ့ ဆေးထိုးပြွန်သဖွယ် နည်းစနစ်ကို အသုံးပြုရပါတယ်။ ဒါပေမဲ့ စပရင်စနစ်ကို နှစ်ဆင့် တပ်ဆင်ထားရတယ်။ အစာအိမ်ထဲမှာ အရည်တွေကြောင့် ဆေးတောင့်ထဲရှိ သကြားဓာတ်စပရင်ထိန်းချုပ်ပစ္စည်း ပျော်သွားတဲ့အခါ စပရင်လွတ်သွားတာကြောင့် အပ်ကို အစာအိမ်နံရံထဲ တွန်းထည့်လိုက်သလို ဆေးကိုလည်း ထိုးထည့်ပေးပါတယ်။ ပထမ သကြားဓာတ်စပရင်ထိန်းချုပ်ပစ္စည်း ပျော်သွားတဲ့အခါ သူကာထားတဲ့ ဒုတိယသကြားဓာတ် စပရင်ထိန်းချုပ်ပစ္စည်းဟာ အရည်တွေနဲ့ ထိတွေ့လာလို့ ပျော်သွားကာ ဒုတိယစပရင်ကို တွန်းကန်စေပြီး အပ်ကို ပစ္စည်းအတွင်း ပြန်သွင်းပေးမှာ ဖြစ်ပါတယ်။ ဒါကလည်း ဆေးတောင့်အပြင်ဘက် အပ်ထွက်နေရင် အူလမ်းကြောင်းတစ်လျှောက် ထိခိုက်မိမှာစိုးလို့ပါ။ အဆိုပါ ဆေးရည်သုံးပစ္စည်းကိုလည်း L–SOMA လို့ မှည့်ခေါ်ထားပါတယ်။ ပညာရှင်တွေဟာ ဝက် ၃၁ ကောင်ကို ဆေးတောင့်တွေကျွေး စမ်းသပ်ရာမှာ သွေးအတွင်းဝင်ရောက်လာတဲ့ဆေးပမာဏဟာ အရေပြားအောက်ဆေးထိုးတာ၊ အသားဆေးထိုးတာနဲ့ မတိမ်းမယိမ်းဘဲလို့ဆိုပါတယ်။ ဆေးတောင့်ကြောင့် အစာအိမ်နံရံ ထိခိုက်မှုကို လေ့လာတဲ့အနေနဲ့ ဝက်တွေကို သုံးရက်ဆက်တိုက် ဆေးတောင့်ကျွေးပြီး စမ်းသပ်ပါတယ်။ ဒီနောက်တော့ ဝက်တွေကို မနာမကျင်စေဘဲသတ်ကာ အစာအိမ်နံရံကို စစ်ဆေးကြည့်ခဲ့ကြတယ်။ လတ်တလော အပ်ထိုးခံထားရတဲ့ အစာအိမ်နေရာမှာသာ သိသာတဲ့အမှတ်အသားကျန်ခဲ့တာတွေ့ရတဲ့အတွက် ဆေးတောင့်ကြောင့် အစာအိမ်နံရံမှာ အနည်းငယ်သာ ထိခိုက်မိပြီး လျင်မြန်စွာ အနာကျက်သွားတဲ့သဘောဖြစ်ပါတယ်။ ဒါပေမဲ့ ရေရှည်ဆေးတောင့်တိုက်ကျွေးတဲ့အခါ ဘယ်လိုဖြစ်မလဲဆိုတာ လေ့လာဖို့လိုပါသေးတယ်။ ဆေးကုမ္ပဏီ Novo Nordisk က ကျန်းမာတဲ့လူတွေနဲ့ ပထမအဆင့်အဖြစ် ဆေးတောင့်တစ်ကြိမ် တိုက်ကျွေးစမ်းသပ်ထားပါတယ်။ ဒီစမ်းသပ်မှုကနေ ဆေးထိရောက်မှု၊ ဆေးတောင့်ကြောင့် အူအတွင်း ပိတ်ဆို့နိုင်မှုနဲ့ ပြန်ထွက်လာတဲ့ဆေးတောင့် ပျက်စီးမှု ရှိ မရှိတို့ကို သိစေမယ်လို့ ဆိုပါတယ်။

ဒီလိုပါပဲ အခြားပညာရှင်တွေက သောက်လို့ရတဲ့ ထိုးဆေးပစ္စည်းများကို အောင်မြင်စွာ စမ်းသပ်ပြခဲ့ကြပါတယ်။ Rani Therapeutics ဇီဝနည်းပညာကုမ္ပဏီမှ သုတေသီတွေက Ranipill လို့ အမည်ပေးထားတဲ့ ဆေးတောင့်ကို တီထွင်စမ်းသပ်ပြခဲ့ကြတယ်။ အဆိုပါ ဆေးတောင့်ကို အပြင်မှ အကာဓာတ်တစ်ခုဖန်တီးကာ အစာအိမ်ရှိအက်ဆစ်ဓာတ် ခံနိုင်စေပါတယ်။ အူသိမ်ကိုရောက်တဲ့အခါ ဆေးတောင့်အပြင်ခွံပျော်ပျက်ကာ အတွင်းပိုင်းဟာ အူသိမ်အရည်များနဲ့ ထိတွေ့မိကြတယ်။ စိမ့်ဝင်သွားတဲ့ အူသိမ်အရည်တွေဟာ ဓာတ်ပစ္စည်းနှစ်မျိုး

ကို ပိုင်းခြားထားတဲ့ အစိတ်အပိုင်းအား ပျော်သွားစေကာ ဓာတ်ပစ္စည်းနှစ်မျိုးပေါင်းစပ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထွက်လာစေတယ်။ ဓာတ်ငွေ့က ဘောလုံးငယ်လေးကို လေသွင်းဖောင်းကားစေကာ သူ့မျက်နှာပြင်ရှိ အပ်ငယ်လေးများကို အူနံရံထဲ ဆေးထိုးသွင်းစေပါလိမ့်မယ်။ အပ်နဲ့ဆေးတွေဟာ အရည်မှာပျော်ပြီး အူသိမ်အသားထဲ စိမ့်ဝင်သွားကြပါလိမ့်မယ်။ အပ်တွေမရှိတော့တဲ့အခါ ဘောလုံးရှိလေများ ပြန်ထွက်သွားပြီး တဖြည်းဖြည်း အပြင်ပြန်ထွက်လာမှာဖြစ်ပါတယ်။ ဆေးတောင့်ရဲ့ အရွယ်အစားက ငါးကြီးဆီဆေးတောင့် အရွယ် ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ လူတွေနဲ့ ပထမအဆင့်စမ်းသပ်ရာ ဘာပြဿနာမှမရှိသလို ဆေးတွေကိုလည်း အူနံရံထဲ ထိုးသွင်းပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ လတ်တလော အရိုးပွရောဂါကုဆေးပါတဲ့ဆေးတောင့်ကို စမ်းသပ်နေပါတယ်။ စမ်းသပ်ခံသူ အမျိုးသမီး ၃၉ ယောက်ကို သုံးအုပ်စုခွဲပါတယ်။ တစ်အုပ်စုကို ဆေး ၂၀ မိုက်ခရိုဂရမ်ပါ ဆေးတောင့်၊ တစ်အုပ်စုကို ၈၀ မိုက်ခရိုဂရမ်ပါ ဆေးတောင့်၊ ကျန်အုပ်စုကို အရေပြားအောက်ထိုးဆေး ၂၀ မိုက်ခရိုဂရမ်နဲ့ စမ်းသပ်ခဲ့ကြတယ်။ စမ်းသပ်ခံသူတွေရဲ့ သွေးနမူနာများကို ခြောက်နာရီ အကြာမှာရယူပြီး ဆေးရှိနေမှုပမာဏကို တိုင်းတာကြတယ်။ ဆေးချိန်နည်းဆေးတောင့်နဲ့ စမ်းသပ်ထားသူတွေရဲ့ သွေးထဲရှိ ဆေးပမာဏဟာ အရေပြားအောက် ဆေးထိုးပေးထားသူထက် သုံးဆပိုရှိနေပြီး ဆေးချိန်မြင့်ဆေးတောင့်နဲ့ စမ်းသပ်ထားသူတွေမှာ လေးဆပိုရှိနေတာတွေ့ခဲ့ကြတယ်။ ဆေးတောင့် တစ်နေ့တစ်တောင့် တစ်ပတ်ကြာတိုက်ပေးပြီး စမ်းသပ်ရာမှာ စားလိုက်တဲ့အစာဟာ ဆေးတောင့်လုပ်ဆောင်ချက်အပေါ် အနှောင့်အယှက်မဖြစ်တာတွေ့ခဲ့ကြတယ်။ ဒုတိယ အန္တရာယ်ဆိုးကျိုး တစ်စုံတစ်ရာရှိတာကိုလည်း မတွေ့ခဲ့ကြပါဘူး။ အခုတိတ်ထွင်မှုဟာ ဆေးတောင့်အဖြစ် ဖန်တီးထားပေမယ့် သောက်ဆေးမက ထိုးဆေးမကျတဲ့ ပစ္စည်းလေးလို့ ဆိုရမှာပါ။ အခြားဆေးတွေကိုလည်း ဒီနည်းပညာပစ္စည်းသုံးပြီး ဖန်တီးစမ်းသပ်နေကြတာကိုလည်း တွေ့ရပါတယ်။

ဒေါက်တာမြင့်သန်း

Ref: – "This robotic pill clears mucus from the gut to deliver meds"
Science News September 29, 2022
– "Robotic pills deliver gastrointestinal injections"
Drug Discovery News. October 19, 2023
– Could novel robotic oral pill replace traditional injections?
Eropean Pharmaceutical Review 19 June 2023

*ŋyef-A [kd m&Sd uf qkd&;\ t em*wf

a t mijrwfpnfol

“ ဗဟိုအာရှနှင့် ဂျပန်နိုင်ငံတို့၏
အနာဂတ်ဆိုင်ရာ ထပ်မံဆောင်ရွက်မှုများသည်
အပြန်အလှန်ဆက်ဆံရေးများကို
တိုးမြှင့်စေနိုင်ပြီး သံတမန်ရေးရာ
အောင်မြင်မှုများကို ရရှိနိုင်သည်။ ”

ဓာတ်ပုံ–အင်တာနက်

ဗဟိုအာရှဒေသတစ်လွှား ဆိုးဝါးသောလူများဖန်တီးသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်၏ ဆိုးဝါးသောအကျိုးဆက်များကို လျော့ပါးသက်သာစေရန် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများသည် ကာဇက်စတန်နှင့် ဥဇဘက်ကစ္စတန်တို့ကို ကူညီရာတွင် ပါဝင်လာခဲ့ကြသည်။ ယင်းကြိုးပမ်းမှုများတွင် ထင်ရှားသော မိတ်ဖက်တစ်ဦးမှာ ဂျပန်နိုင်ငံ ဖြစ်သည်။ ၎င်းအရှေ့အာရှနိုင်ငံသည် ဗဟိုအာရှနှင့် ဆက်ဆံရေးတွင် ရှည်လျားသော သမိုင်း ကြောင်းရှိခဲ့သည်။ အထူးသဖြင့် Aral Sea ကုစားခြင်းဆိုင်ရာ ကဏ္ဍများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ဂျပန်နိုင်ငံ၏ အခန်းကဏ္ဍ ရှိခဲ့သည်။ အထူးသဖြင့် Astana နှင့် Tashkent တို့နှင့်ပတ်သက်၍ ဂျပန်–ဗဟိုအာရှ ဆက်ဆံရေးများ၏ အနာဂတ်အတွက် ဂျပန်နိုင်ငံ၏ အလားအလာရှိသော ပါဝင်ပတ်သက်ခြင်းများကြောင့် ဆက်လက်ဆွေးနွေးမှုပြုလုပ်ရန် အကြောင်းအရာ ခိုင်လုံစေခဲ့သည်။

ဂျပန်ဘာလုပ်နေတာလဲ

အာရယ်ပင်လယ် (The Aral Sea) သည် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးဆုံး ရေငန်အိုင် ဖြစ်ခဲ့ဖူးသည်။ သို့ရာတွင် ၁၉၆၀ ပြည့်နှစ် အလွန်တွင် စတင်ခဲ့သော ဆုံးဖြတ်ချက်လွဲမှားခဲ့သည့် ဆိုဗီယက်ဆည်မြောင်း မူဝါဒများသည် တဖြည်းဖြည်း ခြောက်သွေ့သွားခဲ့ပြီး ပင်လယ်ရေကို မူလပမာဏ၏ ၁၀ ရာခိုင်နှုန်းသာ ချန်ထားခဲ့သည်။ ၎င်းဘေးအန္တရာယ်၏ သက်ရောက်မှုများ သည် ဒေသလူမှုအသိုက်အမြုံများတွင် မြင့်မားသော ကျန်းမာရေးနှင့် ဆက်နွယ်သော ပြဿနာများကို လွှမ်းခြုံထားသည်။ ထို့ပြင် အဏ္ဏဝါမျိုးစိတ်များ၊ ဆားနှင့် ဓာတုပစ္စည်း

တည်ဆောက်ဖွဲ့စည်းမှု ဆုံးရှုံးမှုမှတစ်ဆင့် ဂေဟစနစ် ပျက်စီးမှု ဖြစ်ခဲ့သည်။ စီးပွားဖြစ်ငါးဖမ်းခြင်းနှင့် ခရီးသွားလုပ်ငန်း ထိခိုက်မှုကြောင့် စီးပွားရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးခဲ့ရသည်။

ဂျပန်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် အာရယ်ပင်လယ်နှင့် အနီးပတ်ဝန်းကျင်ကို ကုစားရန် စီမံကိန်းများစွာကို စတင်လုပ်ဆောင်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ဂျပန်အစိုးရက ကတိပေးထားသော ကုန်ကျစရိတ်ကို ဒေါ်လာနှစ်သန်း ထောက်ပံ့ပေးမည်ဟု ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (UNDP) က ကြေညာခဲ့သည်။ ၎င်းစီမံကိန်းသည် အာရယ်ပင်လယ်နှင့် ထိစပ်နေသော နယ်နိမိတ်ရှိ ဥရောက်ကစ္စတန်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသမ္မတနိုင်ငံ Karakalpakstan ရှိ လူမှုအသိုက်အမြုံများနှင့် ဆန်းသစ်ဖန်တီးသော စိုက်ပျိုးရေးနည်းပညာများ မျှဝေခြင်းကို အလေးထား ဆောင်ရွက်သည်။ ဤသည်မှာ သဲကန္တာရ ဖြစ်ထွန်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို ပိုမိုထိရောက်စွာ လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) သည် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးအလေ့အကျင့်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးတက်စေခြင်းကဲ့သို့သော အာရယ်ပင်လယ်ဒေသရှိ စီမံကိန်းများကို မကြာသေးမီက ဆက်လက်လုပ်ဆောင်ခဲ့သည်။ တိုကျိုသည် ၂၀၁၉ ခုနှစ်တွင် အာရယ်ပင်လယ် လူမှုအသိုက်အမြုံများအတွက် လူနေမှု အဆင့်အတန်းများ မြှင့်တင်ရန် ဒေါ်လာသုံးသန်းကို အစိုးရအကူအညီ ခွဲဝေပေးမှု အပါအဝင် ဥရောက်ကစ္စတန်ရှိ အခြားသော အာရယ်ပင်လယ် စီမံကိန်းများအတွက် ငွေကြေးအရင်းအမြစ်များကို ယခင်ကလည်း ထောက်ပံ့ပေးခဲ့သည်။

ဥရောက်ကစ္စတန်နှင့် နှိုင်းယှဉ်ပါက ကာဇက်စတန်သည် အကူအညီ ရရှိမှုနည်းပါးသည်။ JICA–Kazakhstan Webpage အရ အစိုးရ နှစ်ရပ်သည် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၂ ခုနှစ်တွင် ရပ်တန့်ခဲ့သော်လည်း ဘာသာစကားနှင့် ယဉ်ကျေးမှု ဖလှယ်ခြင်းများကို ဆက်လက်မြှင့်တင်ခဲ့ကြသည်။ သို့ရာတွင် အခြားသော ဂျပန်မိတ်ဖက် အဖွဲ့အစည်းများက ၎င်းနိုင်ငံ၏ အာရယ်ပင်လယ် ကုစားရေး ပြဿနာများတွင် အခန်းကဏ္ဍ တစ်ခုအဖြစ် ပါဝင်နေဆဲဖြစ်သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ကာဇက်စတန်ရှိ အာရယ်ပင်လယ်ကို ကယ်တင်ရေးအတွက် နိုင်ငံတကာရန်ပုံငွေအဖွဲ့၏ အမှုဆောင်ဘုတ်အဖွဲ့ (EB IFAS) သည် “Roots and Grasses” အစီအစဉ်၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ ၎င်းအစီအစဉ်သည် ဂျပန်သံရုံးနှင့် ဆက်စပ်သော ပဏာမအစီအစဉ်ဖြစ်သည်။ နှစ်ဖက်အဖွဲ့အစည်းများသည် ရာသီဥတုဒဏ်ခံနိုင်သော အပင်များ၊ သစ်ပင်မျိုးစိတ်များ ကြီးထွားမှုနှင့် ကာကွယ်မှုဆိုင်ရာ စီမံကိန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကာဇက်စတန်၊ ဥရောက်ကစ္စတန်နှင့် ဂျပန်နိုင်ငံတို့သည် အာရယ်ပင်လယ်ဒေသအတွက် Multi–Partner Human Security Trust Fund တွင် ပါဝင်သူများဖြစ်သည်။ ၎င်းသည် နယ်ပယ်အသီးသီးမှ သက်ဆိုင်သူအများအပြားနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာရယ်ပင်လယ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို

လှုံ့ဆော်စည်းရုံးရန် ကြိုးပမ်းနေသော ကုလသမဂ္ဂနှင့် မိတ်ဖက်ဆောင်ရွက်နေသော ၎င်းတို့၏ ပဏာမခြေလှမ်း ဖြစ်သည်။

ထို့ပြင် ဂျပန်ပညာရေးအဖွဲ့အစည်းများသည် အာရယ်ပင်လယ်ကို အကျယ်တဝင့် လေ့လာခဲ့ကြသည်။ အာရှတွင် အတွေ့အကြုံများစွာရှိသော UNDP ၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အကြံပေးဖြစ်သူ Naoki Nihei က ကျိုတိုတက္ကသိုလ် (Kyoto University)မှ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရှင်များသည် အာရယ်ပင်လယ်ကို ရှေ့ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ “ပညာရေးအဖွဲ့အစည်းများနှင့် ယှဉ်တွဲလျက် နိုင်ငံအခြေစိုက်နှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် အာရယ်ပင်လယ်ကိုကုစားခြင်းမှာ ဂျပန်နိုင်ငံ၏ ပါဝင်ပတ်သက်မှုတွင် အဓိကမောင်းနှင်သူများဖြစ်ကြောင်း” ဟု သူက သံတမန်များကို ပြောကြားခဲ့သည်။

ဂျပန်က ဘာကြောင့် ဒါကို လုပ်နေတာလဲ

အာရယ်ပင်လယ်ကို ကုစားခြင်းတွင် တိုကျို၏ စိတ်ဝင်စားမှုကို နားလည်ခြင်းသည် ဂျပန်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သော ဗဟိုအာရှမဟာဗျူဟာအကြောင်း ဆွေးနွေးခြင်း ဖြစ်သည်။ ဂျပန်နိုင်ငံသည် အာရှ၏ အထင်ရှားဆုံး နိုင်ငံတကာအကူအညီပေးသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ စံသတ်မှတ်ထားသော ပါဝါတစ်ခုအဖြစ် ဂျပန်နိုင်ငံသည် ၎င်း၏ အခန်းကဏ္ဍကို ဖြည့်ဆည်းပေးနေသည်။ ဂျပန်နိုင်ငံသည် ရုရှားနှင့် တရုတ်တို့၏ သြဇာလွှမ်းမိုးမှုကို တန်ပြန်ချေဖျက်နေစဉ် ဗဟိုအာရှတစ်ဝန်းရှိ လစ်ဘရယ်ဒီမိုကရေစီတန်ဖိုးများကို မြှင့်တင်ရန် အမေရိကန်နှင့် ဥရောပတို့နှင့်အတူ ကြိုးပမ်းဆောင်ရွက်မှုများကို ချိန်ညှိနေသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် ကြီးမားသော တရားဝင် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီ (ODA)၏ အလှူရှင် နိုင်ငံဖြစ်သည့်အပြင် ဗဟိုအာရှတစ်ခွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် အကူအညီပေးမှုကို လွယ်ကူချောမွေ့စေသောနိုင်ငံလည်း ဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် ဗဟိုအာရှနှင့် ဂျပန်နိုင်ငံရေးဆွေးနွေးပွဲ စသည့်အစီအစဉ်များနှင့် ဂျပန်-ဗဟိုအာရှ ချစ်ကြည်ရေးအသင်း (JACAFA) ပညာရေးနှင့် အတတ်ပညာဖလှယ်ရေးကွန်ရက်တို့ကို ထူထောင်ရန် ကူညီပေးခဲ့သည်။

ဗဟိုအာရှ၏ ပေါကြွယ်ဝသော သဘာဝသယံဇာတဆိုင်ရာ အခွင့်အလမ်းသည် ဒေသတွင်း၌ တိုကျိုရှိနေခြင်းကို အားပေးသော အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ သယံဇာတနည်းပါးသော ဂျပန်နိုင်ငံသည် ၎င်း၏စွမ်းအင်နှင့် စက်မှုလုပ်ငန်း လိုအပ်ချက်များအတွက် လောင်စာဆီရရှိရန် သွင်းကုန်များအပေါ် မှီခိုနေရသောကြောင့် ၎င်း၏ အရင်းအမြစ်များကို ဗဟိုအာရှနှင့် ကုန်သွယ်မှုပြုခြင်းဖြင့် အမျိုးမျိုးပြောင်းလဲ ထုတ်လုပ်ခြင်းသည် အမြော်အမြင်ရှိသော ရေရှည်ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်သည်။ ၎င်းသည် အနာဂတ် စိုးရိမ်ဖွယ်ရာများနှင့် ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်မှုများကို ကြားခံကူညီနိုင်သည့် ဆုံးဖြတ်ချက်ဖြစ်သည်။ အာရယ်ပင်လယ်ကိုကုစားရန် ဂျပန်နိုင်ငံ၏ အလားအလာကောင်းသောခြေလှမ်းများရှိသော်လည်း အားနည်းသည့်နေရာများ ရှိနေဆဲဖြစ်သည်။ ဂျပန်နိုင်ငံဟာ အာရယ်ပင်လယ်ဒေသမှာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ဖို့ စိတ်ပါဝင်စားမှုရှိပါတယ်။

ဒါပေမဲ့ သုတေသီတွေရဲ့ စိတ်ပါဝင်စားမှု ဆက်လက်ရှိနေပေမယ့် ခိုင်မာတဲ့ နိုင်ငံရေးဆန္ဒတော့ မရှိပါဘူး” ဟု Nihel က ရှင်းပြခဲ့သည်။ “ဂျပန် အစိုးရဟာ The Human Trust Fund နဲ့ UNDP က ဦးဆောင်ခဲ့တဲ့ လူမှုအသိုက်အမြုံ ထောက်ပံ့ရေးစီမံကိန်းတွေလို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းတွေအရ ခွဲဝေပေးတဲ့ ODA လုပ်ငန်းတွေကို ကူညီပံ့ပိုး ပေးပါတယ်”ဟု သူက ထပ်လောင်းပြောကြားသည်။

Carnegie Moscow Center မှ ပြုလုပ်သော ၂၀၂၂ ညီလာခံတွင် ဂျပန်-ဗဟိုအာရှဆက်ဆံရေးနှင့် ပတ်သက်၍ ပါမောက္ခ Tomohiko Uyama က စီးပွားရေးတုံ့ဆိုင်းမှုနှင့် ODA ဘတ်ဂျက်များ လျှော့ချမှုများ ရှိနေကြောင်း ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် လုပ်ရိုးလုပ်စဉ် ဆောင်ရွက်မှုများကို ဗဟိုအာရှတွင် ဆက်လက်လုပ်ဆောင်ခဲ့သော်လည်း မကြာသေးမီကမှ စီမံကိန်းအသစ်များ ဖွံ့ဖြိုးတိုးတက်မှု ရပ်ဆိုင်းခဲ့သည်။ သတင်းကောင်းအနေဖြင့် အာရယ်ပင်လယ်တစ်လျှောက်နေထိုင်သော လူမှုအသိုက်အမြုံများအတွက် အခြားနိုင်ငံတကာအလှူရှင်များ ပါဝင်နေဆဲပင် ဖြစ်သည်။ တိုကျိုသည် အာရယ်ပင်လယ်နှင့် ဆက်နွယ်သောလုပ်ငန်းများတွင် အဓိက ဦးဆောင်သော အခန်းကဏ္ဍမှ ပါဝင်နေသည်။

“တိုကျိုသည် အာရယ်ပင်လယ်နှင့် ဆက်နွယ်သော လုပ်ငန်းများတွင် အဓိက ဦးဆောင်သော အခန်းကဏ္ဍမှ ပါဝင်နေသည်။”

အာရယ်ပင်လယ်ကိုကုစားရန် ကြိုးပမ်းရာတွင် ပါဝင်ဆောင်ရွက်သူများသည် မည်မျှအထိ စွမ်းဆောင်နိုင်မည်နည်း။ ကာဇက်စတန်သည် ပင်လယ်ပြင် ပြန်လည်ထူထောင်ရေးတွင် အကြီးအကျယ် ရင်းနှီးမြှုပ်နှံထားသည်။ ဥဇဘက်ကစ္စတန်သည် ပြဿနာဖြစ်နေသော ရေအရင်းအမြစ်များကို စစ်ထုတ်အသုံးပြုရသော ဝါစိုက်ခင်းများပေါ်တွင် မှီခိုနေရသည်။ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများတွင် UNDP ၊ ကမ္ဘာ့ဘဏ်၊ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့ ပါဝင်သည်။ မော်စကိုသည် ရေနှင့်ပတ်သက်သော စီမံကိန်းများတွင်လည်း ပါဝင်ခဲ့သည်။

ဗဟိုအာရှတွင် တိုကျို၏ အနာဂတ်အခန်းကဏ္ဍ

တိုကျိုသည် ဗဟိုအာရှအတွက် အရေးပါသော မိတ်ဖက်နိုင်ငံ ဖြစ်သည်။ ယင်းဒေသတွင် ဂျပန်၏

ကုန်သွယ်မှုသည် သိသာထင်ရှားသည်။ တိုးတက်မှုအတွက် နေရာရှိသည်။ ကာဇက်စတန်နှင့် ဂျပန်နိုင်ငံတို့အကြား အပြန်အလှန် နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်တွင် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရှိပြီး ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ သုံးဘီလီယံကျော်ခဲ့သည်။ ၎င်းသည် လွန်ခဲ့သောနှစ်က ကာဇက်-ရုရှား ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ ကျော်ထက် များစွာနည်းပါးသည်။ ထိုအတောအတွင်း ဂျပန်နှင့် ဥဇဘက်ကစ္စတန် ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်တွင် ဒေါ်လာ ၂၉၂ သန်း (ဂျပန်ယန်း ၄၃ ဘီလီယံခန့်) ရှိရာ ပမာဏအားဖြင့် ပို၍နည်းပါးခဲ့သည်။ Carnegie ညီလာခံတွင် ပါမောက္ခ Timur Dadabaev က ဂျပန်-ဗဟိုအာရှဆက်ဆံရေးအကြောင်းပြောဆိုရာတွင် "ဂျပန်စီးပွားရေးလုပ်ငန်းတွေဟာ ဗဟိုအာရှ စျေးကွက်ကို လုံးဝစိတ်မဝင်စားဘူး" ဟု စောဒကတက်ခဲ့သည်။ ကာဇက်စတန်သည် ဂျပန် ကော်ပိုရိတ်အသိုင်းအဝိုင်းမှ အထင်ရှားဆုံး အာရုံစိုက်မှုကို ဆွဲဆောင်နေသော်လည်း ဂျပန် ဦးဆောင်သော ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစပျိုးမှုများသည် ရုရှားနှင့် တရုတ်စီမံကိန်းများ၏ အရေအတွက်များနှင့် မကိုက်ညီကြောင်း သူက ထပ်လောင်းပြောကြားခဲ့သည်။ သို့ရာတွင် Dadabaev က သီးခြား စက်မှုလုပ်ငန်းများတွင် စီးပွားရေး အခွင့်အလမ်း စီမံကိန်းများနှင့် သဘောတူညီချက်များသည် နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်သည်ဟု ဖော်ပြခဲ့သည်။ သူ့စကားအားဖြင့်ဆိုရလျှင် "အရေအတွက်ထက် ကျော်လွန်သော အရည်အသွေး" ဟူ၍ ဖြစ်သည်။

ပိုမိုများပြားသော ကုန်သွယ်မှုကို ကြိုးပမ်းလှုံ့ဆော်ဆောင်ရွက်ရန် ဂျပန်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလတွင် ကာဇက်စတန်သို့ သွားရောက်ခဲ့သည်။ ကာဇက် ကုမ္ဍဏီ ၂၀၀ ကျော်၊ ဂျပန်အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၏ ကိုယ်စားလှယ် ၆၀ ခန့်သည် ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းနှင့် အစိမ်းရောင်အသွင်ပြောင်းခြင်း ဆွေးနွေးရန် အတူတကွ စည်းဝေးခဲ့ကြသည်။

အနာဂတ်ကို မျှော်ကြည့်ရာတွင် ဂျပန်နှင့် ဗဟိုအာရှအကြား ပိုမိုကောင်းမွန်သော ထိတွေ့ဆက်ဆံမှုများအတွက် ပြည့်စုံလုံလောက်သော အခြားရွေးချယ်စရာများ ရှိသေးသည်။ တိုကျိုသည် ဗဟိုအာရှရှိ ရှားပါးမြေများ၊ အရေးပါသော သတ္တုများနှင့် အစိမ်းရောင်စွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုတို့ကို စိတ်ဝင်စားသည်။ ယင်းတို့သည် အနာဂတ်မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများအတွက် နယ်ပယ်များဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ကာဇက်စွမ်းအင်ဝန်ကြီး Almasadam Satkaliev နှင့် ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Saito Ken တို့သည် ကာဗွန်နည်းသော ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းအင်အသွင်ကူးပြောင်းရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး ခဲ့ကြသည်။ Saito သည် Uzbek စွမ်းအင်ဝန်ကြီး Jurabek Mirzamahmudov နှင့်လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းအင်အသွင်ကူးပြောင်းရေးများနှင့်ပတ်သက်၍ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ Diplomatic Bluebook 2023 သည် တိုကျိုအနေဖြင့် အဆင့်မြင့်ဆွေးနွေးပွဲများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို မည်မျှခိုင်ခံ့အားကောင်းရန် လိုသည်ကို မီးမောင်းထိုးပြသည်။ ထို့ပြင် တိုကျိုအနေဖြင့် "ဗဟိုအာရှနှင့် ဂျပန်" ဆွေးနွေးပွဲ

မူဘောင်ကို အသုံးပြုလျက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မည်သို့မြှင့်တင်မည်ကို မီးမောင်းထိုးပြသည်။

အာရယ်ပင်လယ် သဘာဝပတ်ဝန်းကျင် အကျပ်အတည်းတွင် ဆောင်ရွက်သူများ၏ အစပျိုးဆောင်ရွက်မှုများသည် ထူးခြားမှုရှိသည်။ လူမှုအသိုက်အမြုံများကို ကူညီရန် ပညာရပ်ဆိုင်ရာ သုတေသနနှင့် အလှူငွေများသည် မှတ်တမ်းတင်စရာ ကောင်းလောက်အောင် ဖြစ်သည်။ သို့သော် တိုကျို၏ အကန့်အသတ်ရှိသော နိုင်ငံရေးအကျိုးစီးပွားများကြောင့် ယင်းအခန်းကဏ္ဍ မြင့်တက်လာဟန် မရှိချေ။ မည်သို့ပင်ဖြစ်စေ အာရယ်ပင်လယ်နှင့် ပတ်သက်သောလုပ်ငန်းက တိုကျိုအား ဗဟိုအာရှတွင် အပြုသဘောဆောင်သော တည်ရှိနေမှုကို ဆက်လက်ထိန်းသိမ်းရန် ကူညီပေးသည်။ ယင်းအချက်က အခြားဒေသတွင်း အင်အားကြီးနိုင်ငံများ (ဥပမာ– ပေကျင်းနှင့် မော်စကို) ကို ခြိမ်းခြောက်နေပုံ မပေါ်ချေ။

ထို့ပြင် ဂျပန်–ဗဟိုအာရှ ဆက်ဆံရေး၏ အနာဂတ်အတွက် ကြီးမားသော မဟာဗျူဟာတစ်ခု ရှိမရှိ ဟူသောအချက်က အချေအတင် ဖြစ်နိုင်ဖွယ်ရှိသည်။ ကုန်သွယ်ရေး လှုပ်ရှားမှုများ ဆောင်ရွက်နေသော တိုကျိုသည် ရှားပါးမြေကြီးများနှင့် အရေးပါသော သတ္တုများ အပါအဝင် ဗဟိုအာရှ၏ အရေးပါသော စွမ်းအင်အရင်းအမြစ်များကို အခွင့်အလမ်း ရယူလိုသည်။ ဗဟိုအာရှနှင့် ဂျပန်နိုင်ငံတို့၏ အနာဂတ်ဆိုင်ရာ ထပ်မံဆောင်ရွက်မှုများသည် အပြန်အလှန် ဆက်ဆံရေးများကို တိုးမြှင့်စေနိုင်ပြီး သံတမန်ရေးရာ အောင်မြင်မှုများကို ရရှိနိုင်သည်။ ထို့ပြင် ဗဟိုအာရှတစ်ခုလုံးနှင့် ဂျပန်၏ မိတ်ဖက်ပြုမှုဆိုင်ရာ အနာဂတ်အတွက် အသေးစိတ်ပုံစံကို တိုးတက်ဖော်ဆောင်နိုင်ပြီး အထူးသဖြင့် ကာဇက်စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့နှင့်လည်း မိတ်ဖက်ဆောင်ရွက်နိုင်သည်။

အောင်မြတ်စည်သူ

Ref: Japan; Role in Healing the Arol Sea and Engaging Central Asia by Wilder Alejandro Sanchez and Marin Ekstrom.

t if&D&S&Ekdifjcm;qufqa&d&;rsm;ukdvkwmjcif;
qifZLuefoefxe&f

“ သမ္မတဂျိုကိုဝီသည်
သမ္မတယိုဒိုယိုနိုလက်ထက်တွင်
တိုးတက်လာသော နိုင်ငံရေး၊ စီးပွားရေးနှင့်
နိုင်ငံခြားဆက်ဆံရေးများကို အခြေခံပြီး
၂၀၄၅ ခုနှစ်တွင် အင်ဒိုနီးရှား ရွှေနိုင်ငံဖြစ်ရေးဟူသော
Golden Indonesia 2045 မျှော်မှန်းချက်ကို ချမှတ်သည်။ ”

ဓာတ်ပုံ-အင်တာနက်

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သော အင်ဒိုနီးရှားသမ္မတ ရွေးချယ်ပွဲတွင် ဗိုလ်ချုပ်ကြီးဟောင်း Gerindra ပါတီခေါင်းဆောင် ပရာဘိုဝိုသည် ထောက်ခံမဲ ၆၀ ရာခိုင်နှုန်းနီးပါးဖြင့် အနိုင်ရထားသည်ဟု သိရသည်။ တရားဝင်မကြေညာသေးသော်လည်း ဒုတိယအကြိမ် သမ္မတရွေးပွဲကျင်းပရန် မလိုတော့ဘဲ ပရာဘိုဝိုသည် အင်ဒိုနီးရှားသမ္မတ ဖြစ်လာတော့မည်ဖြစ်သည်။

သမ္မတ ပရာဘိုဝိုလက်ထက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးများမှာ မည်သို့ ဖြစ်လာနိုင်သနည်းဆိုသည်ကို ယခုဆောင်းပါးတွင် အကျဉ်းလေ့လာထားပါသည်။ ယင်းသို့လေ့လာရာတွင် အထောက်အကူပြုနိုင်ရေးအတွက် အင်ဒိုနီးရှား၏ နိုင်ငံခြားဆက်ဆံရေးမူဝါဒများနှင့် ဆက်ဆံရေးများအကြောင်းကို ဦးစွာဖော်ပြလိုပါသည်။

လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးဝါဒ

အင်ဒိုနီးရှားနိုင်ငံသည် လွတ်လပ်ရေးရချိန်ကတည်းက လွတ်လပ်တက်ကြွသော နိုင်ငံခြားဆက်ဆံရေးမူဝါဒကို ချမှတ်ကျင့်သုံးခဲ့သည်။ လွတ်လပ်ခါစကာလမှာ စစ်အေးတိုက်ပွဲ ကာလဖြစ်နေပြီး အမေရိကန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အင်ဒိုနီးရှားနိုင်ငံရေးကို လွှမ်းမိုးရန် ကြိုးစားနေခဲ့ကြသည်။ အင်ဒိုနီးရှားပြည်တွင်း နိုင်ငံရေးအင်အားစုများမှာလည်း အချင်းချင်းအားပြိုင်နေကြသည်။ အင်ဒိုနီးရှားပြည်နယ်ဒေသအချို့ရှိအစဉ်အလာ အကြီးအကဲများနှင့် အင်ဒိုနီးရှားစစ်တပ် အကြီးအကဲအချို့သည် အမေရိကန်စီအိုင်အေ၏ အထောက်အပံ့ကိုရယူပြီး ခွဲထွက်ရေးကြိုးပမ်းကြသည်။ ထိုစဉ် တရုတ်နိုင်ငံသည် အင်ဒိုနီးရှားကွန်မြူနစ်

ပါတီမှတစ်ဆင့် လွှမ်းမိုးနိုင်ရန် ကြိုးစားခဲ့သည်။ အင်ဒိုနီးရှားသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ရာ လက်ဝဲ၊ လက်ယာ၊ အမျိုးသားရေး၊ ဘာသာရေး ပါတီမျိုးစုံရှိပြီး အားပြိုင်နေကြသည်။ ယင်းသို့သောအခြေခံဖြင့် အင်ဒိုနီးရှားအစိုးရများသည် ညွှန့်ပေါင်းအစိုးရများသာ ဖြစ်နေပြီး နိုင်ငံရေးမတည်ငြိမ်ရုံသာမက လွတ်လပ်တက်ကြွသော နိုင်ငံခြားဆက်ဆံရေးမူဝါဒကို ကြိုးစားအကောင်အထည်ဖော်နေကြရသည်။

အင်ဒိုနီးရှား ဒုတိယသမ္မတ ဟတ်တားက ကျောက်ဆောင်နှစ်ခုကြား လှေလှော်ရသည်နှင့် တူသည်ဟု ခိုင်းနှိုင်းပြောဆိုဖူးသည်။ ထိုအချိန်တွင် မြန်မာဝန်ကြီးချုပ် ဦးနုကလည်း ဆူးကြားက ဘူးသီး ဥပမာနှင့် နှိုင်းယှဉ်ပြောဆိုခဲ့ဖူးသည်။ လွတ်လပ်တက်ကြွသော နိုင်ငံခြားဆက်ဆံရေးဝါဒကို အခြေပြုပြီး ၁၉၅၅ ခုနှစ် ဧပြီလတွင် လွတ်လပ်ခါစ အာရှအာဖရိက ၂၉ နိုင်ငံ တက်ရောက်သော ဘန်ဒေါင်းညီလာခံကို အင်ဒိုနီးရှားက အိမ်ရှင်အဖြစ် ကျင်းပနိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးဝါဒ၏ အောင်မြင်မှုဖြစ်သည်။

၁၉၅၅ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးကိုပင် အောင်မြင်စွာ မဆောင်ရွက်နိုင်ဘဲ ၁၉၅၇ ခုနှစ်တွင် သမ္မတဆူကာနိုက သမ္မတအခွင့်အာဏာဖြင့် အုပ်ချုပ်ရသည်။ တဖြည်းဖြည်း သမ္မတ၏အခွင့်အာဏာ ကြီးမားလာသည်။ အနောက်အီရိယန်ဒေသ လွတ်မြောက်ရေးကို ကြိုးပမ်းရာတွင် ဆိုဗီယက်အုပ်စုနှင့် ပိုမိုရင်းနှီးလာသည်။ သို့စေကာမူ ၁၉၆၁ ခုနှစ်တွင် ဘက်မလိုက်လှုပ်ရှားမှုကြီးကို စတင်အကောင်အထည်ဖော်ရာတွင် အင်ဒိုနီးရှားသည် အရေးကြီးသောနိုင်ငံအဖြစ် ပါဝင်ခဲ့သည်။ ၁၉၆၀ ပြည့်လွန် နှစ်ဦးပိုင်းကာလတွင် အနောက်အီရိယန်ဒေသကို သံတမန်ရေးအရ အောင်မြင်စွာ သိမ်းသွင်းနိုင်ပြီးနောက်တွင် သမ္မတဆူကာနို၏ လက်ဝဲယိမ်းဆက်ဆံရေးများမှာ ပိုမိုအားကောင်းလာသည်။ ၁၉၆၃ ခုနှစ်တွင် မလေးရှားပြည်ထောင်စုဖွဲ့စည်းတည်ထောင်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျကောင်စီဝင်အဖြစ် ရွေးချယ်ခံရခြင်းကို ဆန့်ကျင်သည့်အနေဖြင့် သမ္မတဆူကာနိုသည် မလေးရှားနိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်ဖြင့် စစ်ရေးအရပင် ဝင်ရောက်စွက်ဖက်ခဲ့သည်။ ကုလသမဂ္ဂကပင် နုတ်ထွက်ခဲ့သည်။ ထိုသို့ဖြစ်နေစဉ် အင်ဒိုနီးရှားနိုင်ငံရေးတွင် အင်ဒိုနီးရှားကွန်မြူနစ်ပါတီနှင့် အင်ဒိုနီးရှားတပ်မတော်တို့၏ အားပြိုင်မှုသည် ပိုမိုပြင်းထန်နေသည်။

၁၉၆၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် အာဏာသိမ်းရန် ကြိုးစားမှုဖြစ်ခဲ့သည်။ အင်ဒိုနီးရှား၏ ပြည်တွင်းရေးသာမက နိုင်ငံခြားဆက်ဆံရေးတွင် အပြောင်းအလဲများ ဖြစ်လာစေခဲ့သည်။ အာဏာသိမ်းရန်ကြိုးစားမှုမှာ လက်ဝဲယိမ်း တပ်မတော်ခေါင်းဆောင် အချို့၏ ကြံစည်ကြိုးစားမှုဟု ဖော်ထုတ်ပြီးနောက်တွင် ဗိုလ်ချုပ်ကြီးဆူဟာတိုသည် အင်ဒိုနီးရှားကွန်မြူနစ်ပါတီဝင်များနှင့် ထောက်ခံသူများအား ဖမ်းဆီး၊ ထောင်ချ နှိပ်ကွပ်ခြင်းဖြင့် ယင်းပါတီအား အပြီးတိုင်ဖျက်သိမ်းခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးများကို ရပ်ဆိုင်းလိုက်သည်။ ကွန်မြူနစ်အုပ်စုနိုင်ငံများနှင့်လည်း ဆက်ဆံရေးများကို လျှော့ချလိုက်ပြီး အနောက်အုပ်စုနှင့် ဆက်ဆံရေးများကို တိုးချဲ့ဆောင်ရွက်သည်။

သမ္မတဆူဟာတိုလက်ထက်

သမ္မတဆူဟာတိုအစိုးရသည် အစဉ်အလာ လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးသည်ဟု အင်ဒိုနီးရှားပညာရှင်များက ရေးသားကြသော်လည်း နိုင်ငံခြားဆက်ဆံရေးများမှာ အနောက်ယိမ်းသော နိုင်ငံခြားဆက်ဆံရေးဖြစ်သည်။ New Order စနစ်သစ် တည်ဆောက်ရေးလမ်းစဉ်ဖြင့် ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေးများကို ပြုပြင်တည်ဆောက်ရာတွင် အမေရိကန်နိုင်ငံ၊ အနောက်အုပ်စုနိုင်ငံများနှင့် ကမ္ဘာ့ဘဏ်ခေါင်းဆောင်သော Inter–Governmental Group of Indonesia–IGGI အဖွဲ့က ဦးဆောင်ပြီး အင်ဒိုနီးရှားနိုင်ငံ စီးပွားပြုပြင်ရေး၊ စီးပွားတိုးတက်ရေးအတွက် ရေတိုရေရှည် စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်သည်။

သမ္မတဆူဟာတိုလက်ထက် ပြည်တွင်းနိုင်ငံရေးတွင် ဂိုကာပါတီနှင့် သမ္မတဆူဟာတို၏ ပုဂ္ဂိုလ်ရေး တန်ခိုးအာဏာကြီးမားခဲ့သည်။ စီးပွားရေးတွင် ဈေးကွက်စီးပွားရေးစနစ်ထွန်းကားပြီး ပြည်တွင်းစားသုံးမှု ဖူလုံလာသည်။ နိုင်ငံခြား စီးပွားရေးအကူအညီများအပြင် ရေနံတွေ့ရှိထုတ်လုပ် ရောင်းချနိုင်ခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်သည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် လူမှုစီးပွားဘဝ တိုးတက်မှုများသည် သိသာထင်ရှားလာပြီး သမ္မတဆူဟာတို၏ အာဏာမှာလည်း ကြီးထွားလာခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အင်ဒိုနီးရှားနိုင်ငံသည် မလေးရှား၊ ထိုင်း၊ စင်ကာပူတို့နည်းတူ စီးပွားတိုးတက်လာသော အာရှကျားတစ်ကောင်အဖြစ် နာမည်ကြီးခဲ့သည်။

သမ္မတဆူဟာတိုလက်ထက်တွင် နိုင်ငံရေးတည်ငြိမ်ပြီး စီးပွားတိုးတက်မှု ရရှိသည်ဆိုသော်လည်း စီးပွားရေးစနစ်မှာ သမ္မတဆူဟာတို၊ ၎င်း၏မိသားစုအပါအဝင် အာဏာရအသိုင်းအဝိုင်းနှင့် နီးစပ်သော လူနည်းစုအခွင့်အရေးရ ခရိုနီစီးပွားရေးအဖြစ် ထင်ရှားသည်။ အင်ဒိုနီးရှားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ တိုးတက်လာသော်လည်း လူနည်းစု ချမ်းသာခြင်း၊ ဆင်းရဲချမ်းသာ ကွာဟချက်များပြားခြင်း၊ ဂျာဗားဒေသနှင့် အခြားနယ်ဒေသများ တိုးတက်မှုကွာဟခြင်း၊ ဥပဒေစည်းကမ်း မဖွံ့ဖြိုးခြင်း၊ လိုက်နာမှု အားနည်းခြင်း၊ အဂတိလိုက်စားမှု များပြားကျယ်ပြန့်ခြင်းများကို ရင်ဆိုင်ရသည်။ အစိုးရ ဆန့်ကျင်ရေးလှုပ်ရှားမှုများ ဖြစ်ခဲ့သော်လည်း သမ္မတဆူဟာတိုအစိုးရက နည်းမျိုးစုံဖြင့် ချိုးနှိမ်ထားခဲ့သည်။

၁၉၆၇ခုနှစ်တွင် အာဆီယံအဖွဲ့ကို ဖွဲ့စည်းရာတွင်ပါဝင်ပြီး ၁၉၇၆ ခုနှစ်တွင် အာဆီယံ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။ အာဆီယံ အတွင်းရေးမှူးရုံးကို လက်ခံတည်ဆောက်ပေးခြင်းဖြင့် အာဆီယံအဖွဲ့ကို ဦးဆောင်နိုင်ရန် ကြိုးပမ်းသည်။

၁၉၇၅ ခုနှစ် ဒီဇင်ဘာလတွင် အရှေ့တီမောဒေသကို စစ်ရေးအရဝင်ရောက်ပြီး မကြာမီ အင်ဒိုနီးရှား၏ ပြည်နယ်တစ်ခုအဖြစ် သိမ်းသွင်းလိုက်သည်။ ပေါ်တူဂီ၏ ကိုလိုနီဖြစ်သော အရှေ့တီမောဒေသက လွတ်လပ်ရေးကြိုးပမ်းရာတွင် လွတ်လပ်လာမည့် အရှေ့တီမောနိုင်ငံသစ်တွင် တရုတ်နိုင်ငံက အားပေးသော နိုင်ငံရေးပါတီ အာဏာရလာမည်ကို စိုးရိမ်ရသည်ဟု ဖွင့်ဆိုပြီး အင်ဒိုနီးရှားက အရှေ့တီမောဒေသသို့ စစ်အင်အားဖြင့် ဝင်ရောက်သည်။ အရှေ့တီမောဒေသကို အင်ဒိုနီးရှားပြည်နယ်ဒေသတစ်ခုအဖြစ် သိမ်းသွင်းသည်။ အရှေ့တီမောအရေးအခင်းသည် ဘက်မလိုက်ဟုဖွင့်ဆိုသော အင်ဒိုနီးရှားနိုင်ငံ၏

နိုင်ငံခြားဆက်ဆံရေးတွင် အမည်းစက်ကြီးအဖြစ် နှစ်ကာလရှည်ကြာစွာ ရပ်တည်နေခဲ့သည်။ လေ့လာသူအချို့က ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားဏ၏ နယ်ချဲ့စနစ်ဟုပင် ဝေဖန်ခဲ့ကြသည်။

သမ္မတဆူဟာတိုလက်ထက်တွင် တရုတ်(ကွန်မြူနစ်) ဆန့်ကျင်ရေးသဘောထားမှာ ထင်ရှားသည်။ ၁၉၇၄-၇၅ ခုနှစ်တွင် ဖိလစ်ပိုင်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သံတမန်ဆက်ဆံရေးများကို ထူထောင်နေချိန်တွင် သမ္မတဆူဟာတို အစိုးရက တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးများကို ဆက်လက်ဖြတ်တောက်ထားသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကမ္ဘောဒီးယားပြဿနာ အဖြေရှာရာတွင် ဂျာကာတာ အလွတ်သဘောဆွေးနွေးပွဲများကို ဖန်တီးဖော်ဆောင်သည်။ ထိုင်းနိုင်ငံက ဗီယက်နမ်ကွန်မြူနစ်များ၏ သြဇာအာဏာ ကြီးထွားလာမည်ကို စိုးရိမ်ပြီး တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို အင်ဒိုနီးရှားက လက်မခံနိုင် ဖြစ်နေခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံက ဗီယက်နမ်ကွန်မြူနစ်ထက် တရုတ်ကွန်မြူနစ်ရန်ကို ပိုမိုစိုးရိမ်ပြီး ဗီယက်နမ်၏ အင်အားဖြင့် တရုတ်ကွန်မြူနစ် သြဇာ အာဏာ ကြီးမားလာမည်ကို ဟန့်တားလိုခဲ့သည်။ ဂျာကာတာ အလွတ်သဘောဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပပြီး ကမ္ဘောဒီးယားပြဿနာ အဖြေရရှိရေးကို ကြိုးစားသည်။ ကမ္ဘောဒီးယားပြဿနာ အဖြေရခါနီး ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလရောက်မှသာ တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးများကို ပြန်လည်ထူထောင်ခဲ့သည်။ ထိုအချိန်တွင် တရုတ်နိုင်ငံကလည်း ပြည်ပကွန်မြူနစ်များကို အားမပေးတော့ဘဲ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ခင်ရေးကို ကြိုးစားတည်ဆောက်ချိန်ဖြစ်သည်။

စစ်အေးလွန်ကာလ ၁၉၉၀ ပြည့်လွန်နှစ်များတွင် နိုင်ငံတကာရေးရာတွင် ဒီမိုကရေစီနှင့် လူအခွင့်အရေးများကို တိုးတက်တောင်းဆိုလာကြသည့်နည်းတူ အင်ဒိုနီးရှားပြည်တွင်းရေးတွင် သမ္မတဆူဟာတို၏ အာဏာရှင်စနစ်၊ ခရိုနီစီးပွားရေးစနစ်၊ အရှေ့တီမောဒေသ အရေးအခင်းများကို ပြစ်တင်ဝေဖန်မှုများ ပိုမိုပြင်းထန်လာသည်။ အင်ဒိုနီးရှား၏ ခရိုနီစီးပွားရေးစနစ် အားနည်းချက်များကို မထိန်းသိမ်းနိုင်တော့ဘဲ ၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေးအကျပ်အတည်းကာလတွင် အင်ဒိုနီးရှား၏ စီးပွားရေးမှာ ပျက်ပြားသွားပြီး စစ်ဘက်ခေါင်းဆောင်များကပင် သမ္မတဆူဟာတိုအား နုတ်ထွက်ရန် တောင်းဆိုသောကြောင့် ၁၉၉၈ ခုနှစ် မေလတွင် ရာထူးမှ နုတ်ထွက်ပေးလိုက်ရသည်။

ကြားကာလ အင်ဒိုနီးရှားနိုင်ငံ

သမ္မတဆူဟာတို ရာထူးမှနုတ်ထွက်သော ၁၉၉၈ ခုနှစ်မှ သမ္မတယိုဒိုယိုနို အာဏာရသော ၂၀၀၄ ခုနှစ်အထိကာလကို ဒီမိုကရေစီအကူးအပြောင်းကာလ၊ ကြားကာလဟု ဆိုနိုင်သည်။ ယင်းကာလမှာ ခြောက်နှစ်ခန့်သာကြာပြီး သမ္မတဟာဘီဘီ (၁၉၉၈-၂၀၀၁)၊ သမ္မတဝါဟစ် (၂၀၀၁-၂၀၀၂)၊ သမ္မတမီဂါဝတီ (၂၀၀၂-၂၀၀၄) ဟု သမ္မတ/အစိုးရ အပြောင်းအလဲများဖြစ်သည်အထိ နိုင်ငံရေး မတည်မငြိမ်ဖြစ်ခဲ့သည်။ ထို ခြောက်နှစ်တာကာလ အတွင်း တစ်ပါတီအာဏာရှင်စနစ်မှ ပါတီစုံ နိုင်ငံရေးစနစ်၊ သမ္မတအား လွှတ်တော်မှတစ်ဆင့် ရွေးကောက်သောစနစ်မှ ပြည်သူက တိုက်ရိုက်ရွေးကောက်သောစနစ်၊ ဗဟိုဦးစီးစနစ်မှ ဖက်ဒရယ်ပြည်ထောင်စုစနစ် စသည်ဖြင့် အရေးကြီးသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစနစ် အပြောင်းအလဲများ ဖြစ်ခဲ့သည်။

အရေးကြီးသော နိုင်ငံခြားဆက်ဆံရေးအပြောင်းအလဲမှာ သမ္မတဟာဘီဘီ လက်ထက်တွင် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ပြီး အရှေ့တီမောဒေသသည် ၂၀၀၂ ခုနှစ်တွင် လွတ်လပ်သော နိုင်ငံဖြစ်လာခြင်းဖြစ်သည်။ သမ္မတဟာဘီဘီလုပ်ရပ်ကို ပြည်တွင်း၌ ကန့်ကွက်မှုများ ရှိသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းက အတိတ်ကအမှားကို ပြန်လည်ပြင်ဆင်ခြင်းအဖြစ် အသိအမှတ်ပြုကြသည်။

သမ္မတဝါဟစ် လက်ထက်တွင် အမေရိကန်နှင့် ဆက်ဆံရေးထက် တရုတ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှား သုံးပွင့်ဆိုင်ဆက်ဆံရေးများ ကောင်းမွန်ရန် ကြိုးစားသော်လည်း သိသာသော အောင်မြင်မှု မရသည်ကို တွေ့ရသည်။ သမ္မတမီဂါဝတီလက်ထက်တွင် အမေရိကန်ဦးဆောင်သော ကမ္ဘာ့အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အင်ဒိုနီးရှား–အမေရိကန် ဆက်ဆံရေးများ တိုးတက်လာခဲ့သည်။

သမ္မတယိုဒိုယိုနိုလက်ထက်

၂၀၀၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၉ ခုနှစ်တွင် တစ်ကြိမ် အများပြည်သူက တိုက်ရိုက်ရွေးချယ်သောစနစ်ဖြင့် သမ္မတဖြစ်လာသော သမ္မတယိုဒိုယိုနိုလက်ထက်တွင် အင်ဒိုနီးရှား နိုင်ငံသည် နိုင်ငံရေးအရ တည်ငြိမ်ပြီး စီးပွားရေးအရ ပုံမှန်တိုးတက်သောနိုင်ငံ ဖြစ်လာသည်။ သမ္မတယိုဒိုယိုနိုသည် Million friends and no enemy ကြွေးကြော်သံဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရေးကို အလေးထား ဆောင်ရွက်နိုင်ခဲ့သည်။

အာဆီယံပဋ္ဌိညာဉ် ရေးဆွဲအတည်ပြုခြင်း၊ အာဆီယံအဖွဲ့ ပူးပေါင်းတည်ဆောက်ရေးများကို စတင်နိုင်ခြင်း စသည်ဖြင့် အဖွဲ့ကို ဦးဆောင်သောနိုင်ငံအဖြစ် အထင်အရှား ရပ်တည်နိုင်သည်။

ပြည်တွင်း ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးများကို အကောင်အထည်ဖော်နိုင်ခြင်းဖြင့်လည်း အမေရိကန်နှင့် ဆက်ဆံရေးတွင် တိုးတက်ခဲ့သည်။ သမ္မတယိုဒိုယိုနို၏ ဒုတိယ သမ္မတသက်တမ်းကာလသည် အမေရိကန်သမ္မတ အိုဘားမားလက်ထက်နှင့် တိုက်ဆိုင်နေပြီး အမေရိကန်က အာရှဒေသ မိတ်ဟောင်းများနှင့် ချစ်ခင်မှုတိုးတက်ရေး၊ မိတ်ဆွေသစ်များ ရှာဖွေရေးလမ်းစဉ်ကို ချမှတ် အကောင်အထည်ဖော်လာသည်နှင့်အမျှ အင်ဒိုနီးရှားနိုင်ငံ၏ အရေးကြီးသော အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး ဆက်ဆံရေးများ ကောင်းမွန်လာခဲ့သည်။

သမ္မတယိုဒိုယိုနိုလက်ထက်မှာ အကြမ်းအားဖြင့် တရုတ်နိုင်ငံတွင် သမ္မတ ဟူကျင်တောင်းလက်ထက်နှင့် တိုက်ဆိုင်နေပြီး တရုတ်နိုင်ငံကလည်း ငြိမ်းချမ်းစွာ တိုးတက်ဖွံ့ဖြိုးရေးလမ်းစဉ်အရ စီးပွားတိုးတက်ရေးကို အားစိုက်ဆောင်ရွက်နေချိန်၊ နိုင်ငံအားလုံးနှင့် စီးပွားရေးကို အလေးထားဆက်ဆံနေချိန် ဖြစ်နေသည်။

သမ္မတဂျိုကိုဝီလက်ထက်

၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် သမ္မတဂျိုကိုဝီ အစိုးရတက်လာသည်။ ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံတွင် သမ္မတရှီကျင့်ဖျင် အာဏာရလာပြီး ဘီအာအိုင်စီမံကိန်းဖြင့် တရုတ်နိုင်ငံ စီးပွားရေးတိုးတက်ရန်၊ ကာကွယ်ရေးကို တိုးမြှင့်ရန် ဆောင်ရွက်လာချိန်ဖြစ်သည်။ အမေရိကန်သမ္မတ အိုဘားမားကလည်း ၎င်း၏ ဒုတိယသက်တမ်းတွင် တရုတ်နိုင်ငံ၏

ဩဇာအာဏာကြီးမားလာခြင်းကို ဟန့်တားနိုင်ရန် ဆက်ဆံရေးပုံစံသစ်များကို ချမှတ်ကျင့်သုံး နေချိန်ဖြစ်သည်။

သမ္မတကျိုကိုဝီသည် သမ္မတယိုဒိုယိုနို လက်ထက်တွင် တိုးတက်လာသော နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံခြားဆက်ဆံရေးများကို အခြေခံပြီး ၂၀၄၅ ခုနှစ်တွင် အင်ဒိုနီးရှားရွှေနိုင်ငံဖြစ်ရေး ဟူသော Golden Indonesia 2045 မျှော်မှန်းချက်ကို ချမှတ်သည်။ ယင်းမှာ ၂၀၄၅ ခုနှစ်တွင် အင်ဒိုနီးရှား၏ ဂျီဒီပီမှာ ၇ ဒသမ ၃ ထရီလီယံ ဖြစ်လာရေး၊ လူဦးရေမှာ သန်း ၃၅၀ အထိ တိုးတက်လာပြီး လူတစ်ဦးချင်းစီ၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၅,၀၀၀ ဖြစ်ရေးကို မျှော်မှန်းသည်။

“သမ္မတကျိုကိုဝီ လက်ထက်တွင် အမေရိကန်နှင့် တရုတ်တို့၏ အားပြိုင်မှုများမှာ ထင်ရှားနေပြီ ဖြစ်သောကြောင့် အင်ဒိုနီးရှားနိုင်ငံက ယင်းအားပြိုင်မှုကို အကျိုးရှိအောင် အသုံးချ ဆက်ဆံနိုင်ခဲ့သည်။”

တစ်ပြိုင်တည်းမှာပင် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့ပင်လယ်တွင်းနိုင်ငံများ၏ ဗဟိုဌာန ဖြစ်ရေးကို မျှော်မှန်းသော Global Maritime Fulcrum–GMF အယူအဆကို လည်း ဖော်ထုတ်သည်။ ယင်းမှာ အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်စပ်ပေးသောနေရာတွင် အရေးကြီးဆုံး၊ အကျယ်ဝန်းဆုံး ကျွန်းစုနိုင်ငံဖြစ်နေပြီး အဓိကရေလမ်းကြောင်းများကို ထိန်းချုပ်သည့်နေရာဖြစ်သည် နှင့်အညီ ကမ္ဘာ့ရေကြောင်းသွားလာရေးတွင် အရေးကြီးသောနိုင်ငံဖြစ်ရေးကို မျှော်မှန်းခဲ့သည်။

သမ္မတကျိုကိုဝီလက်ထက်တွင် အမေရိကန်နှင့် တရုတ်တို့၏ အားပြိုင်မှုများမှာ ထင်ရှားနေပြီ ဖြစ်သောကြောင့် အင်ဒိုနီးရှားနိုင်ငံက ယင်းအားပြိုင်မှုကို အကျိုးရှိအောင် အသုံးချ ဆက်ဆံနိုင်ခဲ့သည်။ စီးပွားရေးတွင် တရုတ်နိုင်ငံသည် အဓိကမိတ်ဖက်နိုင်ငံဖြစ်လာပြီး ကာကွယ်ရေးတွင် အမေရိကန်သည် အဓိကဖြစ်လာသည်။ ထိုစဉ်မှာပင် ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယားနှင့် အီးယူနိုင်ငံများနှင့် ဆက်ဆံရေးကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် သမ္မတကျိုကိုဝီလက်ထက်တွင် နိုင်ငံရေးအရတည်ငြိမ်ပြီး စီးပွားရေးအရတိုးတက်သော၊ နိုင်ငံခြားဆက်ဆံရေးအရ လွတ်လပ်တက်ကြွသော နိုင်ငံခြားဆက်ဆံရေးများကို အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု သုံးသပ်ကြသည်။

၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ

အင်ဒိုနီးရှား နိုင်ငံရေးစနစ်အရ သမ္မတမှာ ငါးနှစ် သက်တမ်းနှစ်ကြိမ်သာ တာဝန်ထမ်းဆောင်ခွင့်ရရှိ သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတ ရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲ၊ ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ၊ မြူနီစီပယ်ရွေးကောက်ပွဲများကို တစ်ပြိုင်တည်း ကျင်းပခဲ့သည်။ ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုသည် သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရာတွင် သမ္မတကျိုကိုဝီ၏ သားဖြစ်သူ Gibran ကို ဒုတိယ သမ္မတလောင်းအဖြစ် လျာထားရွေးချယ်ခံ ယှဉ်ပြိုင် သည်။ ပရာဘိုဝိုသည် သမ္မတဆူဟာတိုလက်ထက် အထူးတပ်ဖွဲ့တပ်မှူးချုပ်အဖြစ် ထမ်းဆောင်စဉ်က လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် နာမည်ပျက်များရှိစေကာမူ ၎င်း၏ နိုင်ငံရေး၊ စစ်ရေး၊ နိုင်ငံခြားဆက်ဆံရေး အတွေ့အကြုံများကြောင့် ပြိုင်ဘက်များကို အနိုင်ရရှိခဲ့သည်။ တရားဝင်မကြေညာရသေးသော်လည်း ၎င်းသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစပြီး ငါးနှစ်သက်တမ်းအတွက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်တော့မည်မှာ သေချာသလောက်ဖြစ်နေသည်။

သမ္မတပရာဘိုဝိုလက်ထက် ခန့်မှန်း နိုင်ငံခြားဆက်ဆံရေးများ

သမ္မတပရာဘိုဝိုလက်ထက်တွင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားဆက်ဆံရေးများတွင် အပြောင်းအလဲဖြစ်မည်လား။ ရွေးကောက်ပွဲအကြိုကာလတွင် သမ္မတလောင်း ပရာဘိုဝိုက ယခင် နိုင်ငံခြားဆက်ဆံရေးမူဝါဒအတိုင်း ဆက်လက်ကျင့်သုံးမည်ဟု ပြောဆိုခဲ့ဖူးသည်ကို ထောက်ရှုပြီး အပြောင်းအလဲကြီးများမဖြစ်နိုင်ဟု တွက်ဆကြသည်။

သမ္မတဟောင်း ကျိုကိုဝီအစိုးရသည် အမေရိကန်နှင့်တရုတ်တို့၏ အားပြိုင်မှုတွင် အင်ဒိုနီးရှားနိုင်ငံက မျှတအောင် နေထိုင်ဆက်ဆံသော အနေအထားရရှိအောင် ထိန်းသိမ်းထားကြောင်း၊ သို့သော် တရုတ်နိုင်ငံသည် အင်ဒိုနီးရှား၏ ပထမအရေးကြီးဆုံး ရင်းနှီးမြှုပ်နှံမှု ရရှိသောနိုင်ငံ၊ ဒုတိယအရေးကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ အမေရိကန်သည် ပထမအရေးကြီး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး လုံခြုံရေးတွင် အရေးကြီးဆုံးနိုင်ငံဖြစ်ကြောင်း ပြောဆိုကြသည်။

သမ္မတပရာဘိုဝိုလက်ထက်တွင် စီးပွားရေးအရ တရုတ်နိုင်ငံသည် ပိုမိုအရေးပါလာမည်ဖြစ်သော်လည်း ကာကွယ်ရေး၊ စစ်ရေးဆက်ဆံမှုများတွင် အမေရိကန်သည် ပိုမို အရေးပါလာမည်ဟု မှန်းဆကြသည်။ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်မှာပင် အမေရိကန်နှင့် ဆက်ဆံရေးများကို တိုးတက်အောင် ဆောင်ရွက်နိုင်သောကြောင့် သမ္မတဖြစ်လာချိန်တွင် အမေရိကန်နှင့် လုံခြုံရေး၊ ကာကွယ်ရေး၊ ဆက်ဆံရေးများကို ပိုမိုဆောင်ရွက်လာဖွယ်ရှိသည်ဟု ခန့်မှန်းနေကြသည်။

သမ္မတရွေးချယ်ပွဲ ကြေညာစာတမ်း Together for an Advanced Indonesia အရ သမ္မတပရာဘိုဝိုလက်ထက်၌ နိုင်ငံခြားဆက်ဆံရေးများတွင် ပိုမိုတက်ကြွလာမည်ဟု မှန်းဆနေကြသည်။ ၂၀၄၅ ခုနှစ် အင်ဒိုနီးရှားမျှော်မှန်းချက်ရရှိရန် အားတက်သရော ကြိုးပမ်းလာဖွယ်ရှိသည်ဟု မှန်းဆကြသည်။ ပရာဘိုဝိုအား ရွေးကောက်ပွဲ ကြေညာစာတမ်းတွင် နိုင်ငံခြားရေးနှင့်ပတ်သက်ပြီး အင်ဒိုနီးရှား၏ ကာကွယ်ရေးနှင့် လုံခြုံရေးကို ပိုမိုအင်အား ကောင်းလာရေးနှင့် နိုင်ငံတကာဆက်ဆံရေးတွင် အကျိုးဖြစ်ထွန်းနေသော ဆက်ဆံရေးများကို ထိန်းသိမ်းထားရန်

ဟု ပါရှိသည်။ သမ္မတဂျို့ကိုဝီလက်ထက်တွင် နိုင်ငံခြားဆက်ဆံရေးများတွင် တက်ကြွမှုမရှိဟု ဝေဖန်မှုများရှိနေသည့်ပြင် ပရာဘိုဝိုက Return to greatness ဟု ပြောဆိုဖူးသောကြောင့် တက်ကြွသော နိုင်ငံခြားဆက်ဆံရေးများ အထူးသဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်များတွင် တွေ့မြင်ရမည်ဟု မှန်းဆကြသည်။ တရုတ်၏အင်အားကို ထိန်းညှိရန် အမေရိကန်က တင်ပြသော AUKUS ပူးပေါင်းဆောင်ရွက်မှုကို ယခင်ထက် ကြိုဆိုလာလိမ့်မည်ဟု မှန်းဆကြသည်။

တောင်တရုတ်ပင်လယ်အရေးကိစ္စများတွင် အင်ဒိုနီးရှားနိုင်ငံက ရှေးယခင်ထက် ပိုမိုတက်ကြွစွာ ဆောင်ရွက်လာနိုင်မည်လား။ တောင်တရုတ်ပင်လယ်အတွင်း ကျွန်းစုများ ပိုင်ဆိုင်မှုကိစ္စများတွင် အင်ဒိုနီးရှားနိုင်ငံသည် အဓိကနိုင်ငံမဟုတ်ဟု ဆိုနိုင်ပြီး အင်ဒိုနီးရှားက လွတ်လပ်စွာ ရေကြောင်းသွားလာရေးအကြောင်းခြင်းရာကိုသာ ပိုမိုအလေးထားနေသည်ဟု ဆိုနိုင်သည်။ သို့သော် အခြေခံအားဖြင့် တရုတ်၏ သြဇာအာဏာချဲ့ထွင်လာခြင်းကို ဟန့်တားလိုသော သဘောထားရှိနေခြင်းကြောင့်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် တောင်တရုတ်ပင်လယ်ကျွန်းစုများအရေးတွင် ပါဝင်ပတ်သက်နေခြင်းကြောင့် လည်းကောင်း၊ အင်ဒိုနီးရှား၏ တက်ကြွသောအနေအထားကို မြင်တွေ့နိုင်မည်ဖြစ်သည်။

အမေရိကန်နှင့်တရုတ်တို့၏ အားပြိုင်မှုတွင် အင်ဒိုနီးရှားအနေအထားနှင့် ပတ်သက်ပြီး မေးမြန်းရာတွင် ပရာဘိုဝိုက အင်အားကြီးနိုင်ငံအားလုံးကို လေးစားကြောင်း၊ အင်ဒိုနီးရှားနှင့် နိုင်ငံကြီးများ ဆက်ဆံရေးတွင် အတက်အကျများ ရှိခဲ့ကြောင်း၊ အမေရိကန်သည် အင်ဒိုနီးရှား လွတ်လပ်ရေးတွင် ကူညီခဲ့ဖူးကြောင်း၊ အင်ဒိုနီးရှား စီးပွားတိုးတက်ရေးတွင် တရုတ်နိုင်ငံမှာ အရေးကြီးကြောင်း၊ အတိတ်ကာလတွင် ရုရှားနိုင်ငံက ကူညီခဲ့ဖူးကြောင်း၊ အင်ဒိုနီးရှား၏ ကြားနေမှု၏ အနှစ်သာရမှာ မည်သည့်နိုင်ငံကိုမျှ ခြိမ်းခြောက်မှုမပြုလုပ်ခြင်းဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ထို့ပြင် ၎င်းက အင်ဒိုနီးရှားပြည်သူများ၏ သာယာဝပြောရေးကို ဦးစားပေးမည်ဖြစ်ကြောင်း၊ ဆင်းရဲမှုလျှော့ချရေးကို အလေးထားမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုလုံလောက်ရေးကို ဦးစားပေးမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှား စက်မှုလုပ်ငန်းများသည် ကမ္ဘာ့စျေးကွက်တွင် ယှဉ်ပြိုင်စွမ်းအား တိုးတက်လာစေရန် ရည်ရွယ်ကြောင်း၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးကို မလိုလားကြောင်း၊ သို့သော် အင်ဒိုနီးရှားပြည်သူတို့၏ သာယာဝပြောရေးကို ကာကွယ်ရမည်ဖြစ်ကြောင်း၊ လွတ်လပ်စွာကုန်သွယ်ရေးထက်မျှတသော ကုန်သွယ်ရေးကို ပိုမိုလိုလားကြောင်း ပြောကြားခဲ့သည်။

အထူးသဖြင့် အာဆီယံအဖွဲ့တွင် အင်ဒိုနီးရှား၏ အခန်းကဏ္ဍကို မြှင့်တင်မည်ဟု မှန်းဆကြသည်။ အာဆီယံအဖွဲ့ကြီးက ASEAN Vision 2045 ကို ရေးဆွဲအကောင်အထည်ဖော်ရန် ကြိုးစားနေရာ ၂၀၄၅ ခုနှစ်မှာ အင်ဒိုနီးရှားလွတ်လပ်ရေး နှစ် (၁၀၀) ပြည့် ဖြစ်နေပါသည်။ အင်ဒိုနီးရှားနှစ် (၁၀၀) ပြည့် ရည်မှန်းချက်ဖြစ်မြောက်ရေးတွင် အာဆီယံအဖွဲ့ကြီးကို အားကိုးအားထားပြု ဆောင်ရွက်လာလိမ့်မည်ဟု မှန်းဆနေကြပါသည်။

သမ္မတဆူဟာတိုလက်ထက်တွင် အထူးတပ်ဖွဲ့အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် နာမည်ဆိုးခဲ့သော (ဗိုလ်ချုပ်ကြီးဟောင်း) ပရာဘိုဝိုသည် ၂၀၂၄ ခုနှစ်တွင် သမ္မတကြီး ဖြစ်လာချိန်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို

အလေးထားမည်ဟု မှန်းဆနေကြသည်။ အကြောင်းမှာ ၎င်းကိုယ်တိုင် ၂၀၁၄ခုနှစ်နှင့် ၂၀၁၉ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်းဂျိုကိုဝီနှင့် ယှဉ်ပြိုင်ခဲ့သူဖြစ်ခြင်း၊ ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲတွင် လူအများထောက်ခံမှုဖြင့် တစ်ကြိမ်တည်းဖြင့် သမ္မတအဖြစ် အရွေးချယ်ခံရခြင်း၊ နိုင်ငံတကာရေးရာများတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အားပေးနေခြင်း စသည်များကြောင့် ဖြစ်နိုင်သည်ဟု မှန်းဆနေကြခြင်းဖြစ်သည်။

သမ္မတပရာဘိုဝိုသည် ၎င်း၏ နိုင်ငံရေး၊ စစ်ရေး၊ နိုင်ငံတကာရေးရာများတွင် ကြွယ်ဝသော အတွေ့အကြုံများအရ ပိုမိုတက်ကြွသော နိုင်ငံခြားဆက်ဆံရေးများကို ဖော်ထုတ်ပြီး အရှေ့တောင်အာရှဒေသတွင်သာမက အာရှဒေသတွင် အရေးပါသောနိုင်ငံအဖြစ်သို့ ရောက်ရှိရေးကို ကြိုးပမ်းလာမည်ကို မှန်းဆထားကြသည်။ ယခင်ကာလများထက် လွတ်လပ်တက်ကြွသော နိုင်ငံခြားဆက်ဆံရေးများကို မြင်တွေ့ရမည်ဟု ဆိုကြသည်။ အစဉ်အလာအတိုင်း အာဆီယံအဖွဲ့သည် အင်ဒိုနီးရှား နိုင်ငံခြားဆက်ဆံရေးတွင် အခြေခံအင်အားအဖြစ် ရပ်တည်နေမည်ဖြစ်ပြီး အာဆီယံအဖွဲ့၏ အရေးပါမှုကို ပိုမိုမြှင့်တင်ပေးနိုင်လိမ့်မည်ဟု မှန်းဆနေကြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၄ ခုနှစ် သမ္မယိုဒိုယိုနိုလက်ထက်ကတည်းက စဉ်ဆက်မပြတ် တိုးတက်အောင်မြင်လာသောနိုင်ငံဖြစ်နေပြီး လာမည့် ၂၀၂၄ ခုနှစ်အလွန် သမ္မတပရာဘိုဝိုလက်ထက်တွင်လည်း ဆက်လက် တိုးတက်အောင်မြင်သောနိုင်ငံ၊ အရှေ့တောင်အာရှဒေသတွင်သာမက အာရှဒေသတွင် အရေးကြီး အင်အားကြီးသော နိုင်ငံအဖြစ် တက်လှမ်းလာဖွယ်ရှိပါကြောင်း နိဂုံးချုပ်ဖော်ပြလိုက်ပါသည်။

ဆင်ဖြူကျွန်းသန်းထွန်း

Ref: – The Evolution of Indonesia's Foreign Policy: An Indonesian View. Asian Survey. Vol. 35, No.3.1995 by Rizal Sukma

– Indonesia's Foreign Policy After Soeharto : International Pressure, Democratization, and Policy Change. International Relations of the Asia–Pacific.2007 by Kai He

– Aspirations with Limitations: Indonesia's Foreign Affairs Under Susilo Bambang Yudhoyono. ISEAS Yusof Ishak Institute by Ulla Fionna (Ed)

– Sovereignty and the Sea: President Joko Widodo's Foreign Policy Challenges. Contemporary Southeast Asia. 37/1.2015 by Aaron L. Connelly.

– Indonesia's Post–election Balancing Act. 19 Februar 2024. Bruegel.org by Alicia Garcia Herrero.

t ifwmeufl uefYwef ,fajr

UAC

“ လက်ရှိ ပင်လယ်ရေအောက်ကျောက်ကြိုးများ၏ နည်းပညာမှာ
Fiber Optics နည်းပညာကို အသုံးပြုပြီး
မြောက်မြားစွာသော ကမ္ဘာတစ်ဝန်းမှ Data များကို
အလင်း၏ အမြန်နှုန်း (တစ်စက္ကန့်ကို ၁၈၆,၀၀၀ မိုင်)
နီးပါးဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။”

ဓာတ်ပုံ-အင်တာနက်

ပင်လယ်နီ ပတ်ဝန်းကျင် ယီမင်နိုင်ငံနယ်နိမိတ်တွင် ဖြစ်ပွားနေသော ပဋ္ဌိပက္ခများ၏ နောက်ဆက်တွဲအနေဖြင့် ဟူသီသူပုန်များသည် ပင်လယ်နီရေအောက်မှ အင်တာနက် ကျောက်ကြိုးသုံးခုကို မတ်လ ၄ ရက်နေ့က ဖြတ်တောက်ပစ်ခဲ့သည်။

ဤသို့ဖြတ်တောက်ခဲ့ခြင်းကြောင့် အာရှနှင့်ဥရောပကြား စီးဆင်းနေသော အင်တာနက် အသွားအလာ ၂၅ ရာခိုင်နှုန်းဝန်းကျင် ထိခိုက်စေခဲ့သည်။ Data အသွားအလာကို လမ်းကြောင်း ချက်ချင်းပြောင်းခဲ့ခြင်းဖြင့် Data အသွားအလာမပြတ်အောင် လုပ်ဆောင်ခဲ့သော်လည်း အချို့သော အင်တာနက်ဝန်ဆောင်မှုများ ထိခိုက်ခဲ့သည်။

ပင်လယ်ရေအောက်ရှိ ကျောက်ကြိုးများကို သင်္ဘောများမှ ကျောက်ဆူးများဖြင့် ချိတ်ကာ ပင်လယ်ကြမ်းခင်းတစ်လျှောက် ဆွဲယူခြင်းဖြင့် ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။ ပင်လယ်နီရေအောက်တွင် အာရှနှင့်ဥရောပ Data ဆက်သွယ်ရေး၏ ၉၀ ရာခိုင်နှုန်းကို သယ်ယူနေသော ကျောက်ကြိုး ၁၄ ခုရှိသည်။ လက်ရှိ စစ်ပွဲပဋ္ဌိပက္ခများကြားတွင် ယီမင်မှ ဟူသီများ၏ ခွင့်ပြုချက်မရဘဲ ပြတ်သွားသောကျောက်ကြိုးများ ပြန်လည်အစားထိုးပြုပြင်သည့်သင်္ဘောများ ဝင်ရောက်ရန် မဖြစ်နိုင်သေးပါ။

ပင်လယ်ရေအောက် ကျောက်ကြိုးများသည်ကား အင်တာနက်အတွက် မှီခိုနေရသည့် ကန့်သတ်နယ်မြေများပင် ဖြစ်ပေတော့သည်။

ကျောက်ကြိုးများ၏ နည်းပညာ

လက်ရှိ ပင်လယ်ရေအောက်ကျောက်ကြိုးများ၏ နည်းပညာမှာ Fiber Optics

နည်းပညာကို အသုံးပြုပြီး မြောက်မြားစွာသော ကမ္ဘာတစ်ဝန်းမှ Data များကို အလင်း၏ အမြန်နှုန်း (တစ်စက္ကန့်ကို ၁၈၆,၀၀၀ မိုင်) နီးပါးဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

Optical Fiber ဟုခေါ်သော Fiber Optics မှာ လူ့ဆံပင်၏အချင်းမျှရှိသောဖန်သားချောင်းများကို ပူးတွဲစုပေါင်းထားသော ဝါယာကြိုးချောင်းများ ဖြစ်သည်။

Data များကို အမှန်တကယ်သယ်ယူသော ကြိုးချောင်း၏ အရွယ်အစားသည်ကား ပန်းခြံတွင်း အသုံးပြုသော ရေပိုက်အရွယ်သာရှိသည်။ ယင်း၏ အပေါ်တွင် Cladding ဟုခေါ်သော Plastic Cover ရှိသည်။ Cladding ခေါ် Fiber ပိုက်အစွပ်သည် Fiber Optics အတွင်းမှ အလင်းတန်းများကို အပြင်မထွက်ရန် တားဆီးသည့်အပြင် အင်မတန် ကျိုးပဲ့လွယ်သော အတွင်းဖန်ချောင်းများကိုလည်း ကာကွယ်မှုပေးထားသည်။ နည်းပညာတိုးတက်မှုအရ ၁၉၆၆ ခုနှစ်မှစ၍ အလင်းတန်းထဲတွင် Data များ သယ်ယူပေးနိုင်သည်ကို တွေ့ရှိစမ်းသပ် အသုံးစပြုနေပြီဖြစ်သည်။

Cladding ၏အပေါ်တွင် အလွှာအထပ်ထပ်ဖို့ကာ ပင်လယ်ရေအောက် အအေးချိန်နှင့် အခြားသော သဘာဝအန္တရာယ်များကို ကာကွယ်ရန် တည်ဆောက်ထားသည့်အတွက် ပိုက်လုံးအရွယ်အစားအမှန်မှာ မီးသတ်ပိုက်နှစ်ဆအရွယ်အစားနီးပါးဖြစ်သည်။

> **“ရေအောက်ကျောက်ကြိုးများသည် လက်ရှိ ကမ္ဘာ့အင်တာနက် အသွားအလာ၏ ၉၉ ရာခိုင်နှုန်းကို သယ်ဆောင်ပေးလျက်ရှိသည်။”**

မည်သူပိုင်သလဲ

ရေအောက်ကျောက်ကြိုးအများစုအားပိုင်ဆိုင်သူများ ထိပ်တန်းစာရင်းတွင် အများသိ Google၊ Meta (Facebook) နှင့် Microsoft တို့ ပါဝင်သည်။ ဆက်သွယ်ရေးကုမ္ပဏီကြီးများလည်း ရင်းနှီးမြှုပ်နှံထားကြသည်။ ဥပမာ – ဟောင်ကောင် အခြေပြု HGC Global Telecom နှင့် အိန္ဒိယအခြေစိုက် Tata Communications ကုမ္ပဏီများ ပါဝင်သော်လည်း ထူးဆန်းသည့်အချက် တစ်ခုမှာ ပိုင်ဆိုင်သူများထဲတွင် တရုတ်နိုင်ငံ မပါဝင်ခြင်း ဖြစ်သည်။ ထိုကျောက်ကြိုးများကို ထိန်းချုပ်ရန်မလိုဟု ယူဆထားဟန်တူသည်။

ဘယ်မှာချထားမလဲ

ရေအောက်ကျောက်ကြိုးများသည် အခေါ်အဝေါ် အတိုင်း ပင်လယ်ကြမ်းခင်းတွင် ချထားသည့်ကြိုးများ ဖြစ်သည်။ ကမ်းခြေအနီးတွင်မူ ကြိုးလုံခြုံရေး၊ ကာကွယ်ရေးအတွက် မြေမြှုပ်ထားရှိပြီး ရေနက်ပိုင်းကြမ်းခင်းတွင်သာ ထားရှိခဲ့သည်။ ဤသို့ ချထားရာတွင်လည်း ငလျင်ဇုန်၊ ငါးဖမ်းဇုန်၊ သင်္ဘောများ ကျောက်ချနေရာ စသည်တို့ကို ရှောင်ရှားကြရသည်။ မတော်တဆ ကျောက်ကြိုး ပျက်စီးပြတ်တောက်ခြင်းကို ရှောင်ရန်ဖြစ်သည်။

ကျောက်ကြိုးများ၏ လက်ရှိ Data သယ်ဆောင်နိုင်မှုစွမ်းရည်မှာ 224 Tbps (Tera Bits per second) One terabit = One trillion bits ဖြစ်သည်။ ကျွန်တော်တို့ လက်ရှိ သုံးစွဲနေသော Mobile Data များပင်လျှင် Cell Tower ထိသာ Wireless မှလာပြီး Tower မှတစ်ဆင့် ကုန်းတွင်းကျောက်ကြိုး၊ ပင်လယ်အောက်ကျောက်ကြိုးများသုံးကာ ဆက်သွယ်ရယူနေကြခြင်း ဖြစ်ပေသည်။

ပင်လယ်နီမှကျောက်ကြိုးအကုန်လုံး၁၄၃ခုသာဖြတ်ခဲ့သည်ရှိသော်ငွေကြေးလွှဲပြောင်းမှုများ ရပ်တန့်သွားနိုင်သည်။ Zoom ခေါ်ဆိုမှုများ၊ ဒစ်ဂျစ်တယ်စာတိုပို့ခြင်းများ နှောင့်နှေးချွတ်ယွင်းသွားနိုင်သည်။ အခြားသော ကျောက်ကြိုးများဆီသို့ လမ်းကြောင်းလွှဲနိုင်သော်လည်း အင်တာနက်အသွားအလာ နှောင့်နှေးသွားမည်မှာ မလွဲပေ။

ရေအောက်ကျောက်ကြိုးများသည် လက်ရှိ ကမ္ဘာ့အင်တာနက်အသွားအလာ၏ ၉၉ ရာခိုင်နှုန်းကို သယ်ဆောင်ပေးလျက်ရှိသည်။ သို့သော် ကြိုးအချို့ ပြတ်တောက်ခြင်းအတွက် စိတ်ပူစရာ မလိုပါ။ လက်ရှိ ကမ္ဘာတစ်ဝန်းတွင် ၁ ဒသမ ၄ သန်း ကီလိုမီတာ စုစုပေါင်း အရှည်ရှိသော ကြိုးပေါင်း ၅၅၂ ကြိုး ရှိနေပြီဖြစ်သည်။ တစ်ခုပြတ်သည်နှင့် လမ်းကြောင်းပြောင်းရန် မခက်ခဲပေ။ ထို့အပြင် ထိုအပြတ်အတောက်များကို ပြင်ဆင်ရန် အထူးသင်္ဘောအစီး ၆၀ ကမ္ဘာအနှံ့တွင် အဆင်သင့် စောင့်ဆိုင်းနေပြီဖြစ်သည်။

၂၀၂၃ ခုနှစ် နှစ်ကုန်တွင် ဗြိတိန်၊ ဖင်လန်နှင့် အစ်တိုးနီးယားတို့ ပူးပေါင်းပြီး ဘောလ်တစ်ပင်လယ်တွင် စစ်ရေးလေ့ကျင့်ခဲ့ကြသည်။ သူတို့၏ ရေတပ်များအား တိုက်ရေးထက်ရန် ကြိုးစားခြင်းမဟုတ်ဘဲ ပင်လယ်ရေအောက်ကျောက်ကြိုးများနှင့် Gas ကြိုးများကို မည်သို့ ကာကွယ်ရမည်ကို လေ့ကျင့်နေကြခြင်းပင်ဖြစ်သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဤဘောလ်တစ်ပင်လယ်အောက်ကျောက်ကြိုးများပြတ်တောက်ခဲ့သည့်အဖြစ်အပျက်ကြောင့် ပင်ဖြစ်သည်။ တရားခံအားမသိဘဲ တရုတ်ငါးဖမ်းသင်္ဘောတစ်စင်းမှ တမင်တကာလုပ်သလိုလို၊ အခြားသင်္ဘောတစ်စင်းမှ ကျောက်ဆူး အဆွဲမှားသလိုလိုသာ ထင်မြင်ချက်များပေးခဲ့သည်။

အင်တာနက်၏ ဦးငွေ့စရာအကောင်းဆုံးအရာဆိုလျှင် ရေအောက်ကျောက်ကြိုးတည်ဆောက်ထိန်းသိမ်းရသည့်အလုပ်ပင်ဖြစ်သည်။ သို့ရာတွင် ပထဝီနိုင်ငံရေးအရ အမေရိကန်နှင့် တရုတ်တို့သည်လည်း ထုံးစံအတိုင်း ရေအောက်ကျောက်ကြိုးများအပေါ် ထိန်းချုပ်နိုင်ရန် ယှဉ်ပြိုင်ရင်း ကျောက်ကြိုးများက တန်ဖိုးကြီးစီးပွားရေးနှင့် မဟာဗျူဟာကျသော ပိုင်ဆိုင်မှုများ ဖြစ်လာခဲ့သည်။

ရေအောက်ကျောက်ကြိုးများသည် လက်ရှိ အင်တာနက်အသွားအလာ၏ ၉၉ ရာခိုင်နှုန်းနီးပါးကို သယ်ယူပေးနေပြီဖြစ်သည်။ အကြမ်းအားဖြင့် ပင်လယ်ရေအောက် နှစ်မိုင်ကျော်အနက်ရှိသော ကြမ်းခင်းများပေါ်တွင် တည်ရှိလျှက်ရှိသည်။ အင်တာနက်အသုံးပြုမှု တက်လာသည်နှင့်အတူ ကျောက်ကြိုးတစ်ဝက်နီးပါးကို လွန်ခဲ့သည့် ၁၀ စုနှစ်အတွင်း တည်ဆောက်ချထားခဲ့သည်။ ဉာဏ်ရည်တု (AI) နည်းပညာသည်လည်း Bandwidth အသုံးပြုမှု အလွန်များသည့်အတွက်ကြောင့် ၂၀၂၅ ခုနှစ် မကုန်ခင်ပင် ရေအောက်ကျောက်ကြိုးသစ်များကို မီတာလေးသိန်းကျော် ထပ်ချရန် ခန့်မှန်းထားသည်။ IT နည်းပညာကုမ္ပဏီကြီးလေးခု (Amazon, Google, Meta(Facebook) နှင့် Microsoft) တို့က ရေအောက် ကျောက်ကြိုးများ၏ လေးပုံသုံးပုံကို လက်ရှိပိုင်ဆိုင်ထားသည်။

ထုံးစံအတိုင်း အမေရိကန်က တရုတ်၏လွှမ်းမိုးမှုကို ဤနေရာတွင်လည်း ကန့်သတ်ရန်ကြိုးစားနေပြန်သည်။ ကျောက်ကြိုးများကို ရေအောက်ချသည့်အလုပ်တွင်ဖြစ်သည်။ ပြင်သစ်မှ Alcatel၊ ဂျပန်မှ NEC နှင့် အမေရိကန်မှ Subcom ကုမ္ပဏီသုံးခုသည် ရေအောက်ကျောက်ကြိုးတည်ဆောက်ရေးနယ်ပယ်၏ ၈၀ ရာခိုင်နှုန်းခန့်ကို စိုးမိုးထားပြီးဖြစ်သည်။ တရုတ်နိုင်ငံမှ Huawei ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည့် HMN Tech သည် ၉ ရာခိုင်နှုန်း ရှယ်ယာရှိနေပြီဖြစ်သည်။

အမေရိကန်သည် သူ့နိုင်ငံနှင့်ချိတ်မည့် ကျောက်ကြိုးများ တည်ဆောက်ရာတွင် နိုင်ငံ့အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံရေးကို အကြောင်းပြကာ HMN Tech ကို ရှောင်ရှားခဲ့သည်။ တရုတ်နိုင်ငံကလည်း အမေရိကန်ကုမ္ပဏီများပိုင်ဆိုင်သည့် ကျောက်ကြိုးများကို ရှောင်နိုင်လျှင် ရှောင်ရှားကာ ကျောက်ကြိုးများ စတင်တည်ဆောက် ကျောက်ချနေပြီ ဖြစ်သည်။

ထိုသို့ ပထဝီနိုင်ငံရေးအားပြိုင်မှုများ ရှိနေသော်လည်း နှစ်နိုင်ငံဆက်သွယ်မှု အင်တာနက် Bandwidth မှာ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ အတွင်း နှစ်စဉ် ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အမေရိကန်သည် လိုင်စင်ပေးရာတွင် တရုတ်နိုင်ငံပိုင်ကုမ္ပဏီများကို ကန့်သတ်ခဲ့သည်။

လမ်းကြောင်းပိတ်ဆို့နိုင်ခြင်း

အချို့နေရာများတွင် နိုင်ငံရေးပဋိပက္ခ၊ ပထဝီအနေအထား၊ စီးပွားရေးတွက်ခြေကိုက်မှုများအပေါ် အကြောင်းခံ၍ ကျောက်ကြိုးများက အင်တာနက်ကို ကန့်သတ်ထားနိုင်ခဲ့သည်။ ဥပမာ–စူးအက်တူးမြောင်း၊ ပင်လယ်နီဝန်းကျင်နေရာ ကျဉ်းမြောင်းမှုပဋိပက္ခကြောင့် ကျောက်ကြိုးချနိုင်မှု အကန့်အသတ်ရှိသည်။ တောင်ပစိဖိတ် (Pacific) ကျွန်းနိုင်ငံများအတွက်လည်း စီးပွားရေးတွက်ခြေကိုက်မှုအရ ကျောက်ကြိုးတစ်ခုသာရှိသည်။ ထိုကြိုးပြတ်က အင်တာနက်ပြတ်မည်ဖြစ်သည်။

အင်တာနက် မည်မျှပင် တိုးတက်ပျံ့နှံ့စေကာမူ ပင်လယ်ရေအောက် ကျောက်ကြိုးများက ယင်းကို ထိန်းချုပ်နေကြောင်းဖော်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

UAC

t vlavsmufolkpluf;sm;EdkifiHtEdk,\ tem*wfvykdifefcGef;pkPÖ

“ ဘွဲ့ရလူငယ်များနှင့် နည်းပညာဆိုင်ရာ
အလယ်အလတ်
ကျွမ်းကျင်ပညာရှင်များသည်
AI နည်းပညာ၏ အကျိုးကျေးဇူးများ
ရရှိနိုင်သည်။ ”

ဓာတ်ပုံ-အင်တာနက်

အလိုအလျောက်သုံးစက်များသည် အလုပ်သမားပေါများသော အိန္ဒိယနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုတစ်ခုဖြစ်လာနိုင်သည်။

အိန္ဒိယနိုင်ငံသည် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ ပေါများသည့်နိုင်ငံဟု ဆိုရမည်ဖြစ်သည်။ သို့သော် အိန္ဒိယနိုင်ငံသည် ဖွဲ့စည်းပုံဆိုင်ရာ မညီမျှမှု၊ ဆင်းရဲမွဲတေမှု၊ တရားဝင်အလုပ်နှင့် ကိုယ်ပိုင်အလုပ်များ၏ လွှမ်းမိုးမှုနှင့် အလုပ်လက်မဲ့ဦးရေ မြင့်တက်လာမှုတို့ကြောင့် ကာလအတန်ကြာ ရုန်းကန်ခဲ့ရသည်။

နည်းပညာဆန်းသစ်တီထွင်မှုများသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် လုံခြုံရေးကို ခြိမ်းခြောက်နေသော်လည်း နည်းပညာ၏လွှမ်းမိုးမှုကို ခံနေရဆဲဖြစ်သည်။ ဘွဲ့ရလူငယ်များနှင့် နည်းပညာဆိုင်ရာ အလယ်အလတ် ကျွမ်းကျင်ပညာရှင်များသည် AI နည်းပညာ၏ အကျိုးကျေးဇူးများ ရရှိနိုင်သည်။

အလိုအလျောက်သုံးစက်များသည် လက်ရှိအလုပ်အကိုင်နှင့် ကြီးမားသော အပြောင်းအလဲများကို ဖြစ်လာနိုင်မည် မဟုတ်သော်လည်း ပေါ်ပေါက်လာသော နည်းပညာများကို လက်ခံကျင့်သုံးခြင်းသည်လည်း အဆင်ပြေချောမွေ့နေမည် မဟုတ်ပေ။ အလုပ်သမား အချို့အတွက် အလုပ်အကိုင် အခြေအနေ တိုးတက်ကောင်းမွန်လာနိုင်သော်လည်း ဝင်ငွေနှင့် ချမ်းသာမှုကို ထိန်းညှိနိုင်ခြင်းမရှိသောကြောင့် အများစုအတွက် အကျိုးရှိနိုင်မည် မဟုတ်ပေ။ အလိုအလျောက်သုံးစက်များသည် ကုန်ထုတ်လုပ်မှုအပေါ် များစွာသက်ရောက်မှုရှိနိုင်သော်လည်း အဆင့်မြှင့်တင်မှု ကုန်ကျစရိတ်နှင့် လုပ်သားစရိတ်မျှတမှုရှိရန် လိုအပ်ပါသည်။ နည်းပညာမြင့် ပို့ကုန်လုပ်ငန်းဖြစ်သော မော်တော်ကားနှင့် တယ်လီဖုန်း ဆက်သွယ်ရေး လုပ်ငန်းများသည် တစ်စိတ်တစ်ပိုင်းအားဖြင့် လုပ်ရိုးလုပ်စဉ် အလုပ်များ များပြားခြင်းကြောင့် အဆင့်မြင့် အလိုအလျောက်သုံးစက်များကို လက်ခံနိုင်ခြေ ပိုများပါသည်။ သို့သော် လုပ်သား

ကုန်ကျစရိတ်နည်းပါးပြီး လုပ်သားအင်အား အများအပြားဖြင့် ဆောင်ရွက်ရသော အထည်အလိပ်၊ အဝတ်အထည်၊ သားရေနှင့်ဖိနပ်စသည့် စက်မှုလုပ်ငန်းများတွင် အရင်းအနှီး ကြီးကြီးမားမား လိုအပ်ခြင်းကြောင့် မြင့်မား သော နည်းပညာများကို လက်ခံနိုင်ခြေ နည်းပါးပါ သည်။

မည်သို့ပင်ဆိုစေကာမူ ထုတ်လုပ်မှုကဏ္ဍတွင် အလိုအလျောက်သုံးစက်များကို သဘောတူ လက်ခံလာ ကြသည်။ အလုပ်သမားသမဂ္ဂမှ လုပ်ခလစာတောင်းဆိုမှု များကို ဆောင်ရွက်ပေးသော အချိန်ပြည့်လုပ်ငန်းများ တွင် တိုက်ရိုက် အလုပ်သမားများအစား စာချုပ် အလုပ်သမားများကို ငှားရမ်းအသုံးပြုလာကြပြီး ကုမ္ပဏီ များ မှ လည်း အလိုအလျောက်သုံးစက်များဖြင့် အလုပ်သမားအစားထိုးခြင်းတို့ကို ဆောင်ရွက်လာ သည်။ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သော အလုပ်ရှင် နှင့် အလုပ်သမားများ၏ အခန်းကဏ္ဍကျဆင်းသွားပြီး စာချုပ်လုပ်သားများ၏ အခန်းကဏ္ဍမြင့်တက်လာ သည်။

အလုပ်အကိုင်သစ်များ ဖန်တီးနိုင်သော်လည်း စာချုပ်ဖြင့်လုပ်ကိုင်သော လုပ်သားအရေအတွက် တိုးလာခြင်းသည် အလုပ်အကိုင်အခြေအနေများကို ပိုမိုဆိုးရွားစေပါသည်။ စာချုပ်အလုပ်သမားများသည် အလွယ်တကူ အလုပ်ထုတ်ခံရနိုင်ပြီး အမြဲတမ်း အလုပ်သမားများထက် လုပ်ခလစာနိမ့်ကာ လူမှု ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကိုလည်း ရရှိနိုင်မည် မဟုတ်ပေ။ အလုပ်သင်များနှင့် စာချုပ် အလုပ်သမားများအတွက် အချိန်ပြည့် အလုပ်သမား များနှင့် လုပ်ငန်းနယ်ပယ်တစ်ခုတည်းတွင် အလုပ်တွဲ လုပ်ခြင်းနှင့် ပုံမှန်စီးပွားရေးလုပ်ငန်းများမှ ထောက်ပံ့ ရေးကွင်းဆက်များအတွက် အရင်းအနှီးရရှိခြင်းမှာ လည်း သာမန်မျှသာဖြစ်သည်။

သို့ဖြစ်ရာ လုပ်ခစားအလုပ်သမားဘဝမှ ကိုယ်ပိုင်အလုပ် ကူးပြောင်းလုပ်ကိုင်မှုများ ရှိလာနိုင် သည်။ စွန့်ဦးတီထွင်လုပ်ငန်းများအတွက် အခွင့်အလမ်း သစ်များ ဖန်တီးနိုင်သော်လည်း အများစုအတွက်မှာမူ ကိုယ်ပိုင်လုပ်ငန်းသည် ရွေးချယ်မှုမဟုတ်ဘဲ မဖြစ်မနေ လုပ်ဆောင်ရမည့်အသက်မွေးဝမ်းကျောင်းအလုပ်မျှသာ ဖြစ်လာသည်။ ပုံမှန်စီးပွားရေး လုပ်ငန်းများမှ လုပ်သား အင်အား ၈၀ ရာခိုင်နှုန်းကျော်ကို ကိုယ်ပိုင်လုပ်သား

“အလိုအလျောက်သုံးစက်သည် ကျွမ်းကျင်မှုနည်းသော အလုပ်သမားများ လုပ်ကိုင်ခွင့်ပေးခြင်းကို ရှောင်နိုင်သော်လည်း လူမှုအဖွဲ့အစည်းအပေါ် သက်ရောက်မှုမှာ ကျယ်ပြန့်သည်။”

အဖြစ်သတ်မှတ်ပြီး အရင်းအနှီး သို့မဟုတ် လူမှုဖူလုံရေး အနည်းငယ်ဖြင့် လုပ်ငန်းဆောင်ရွက်စေနိုင်သည်။ ကိုယ်ပိုင်အလုပ်သို့ ကူးပြောင်းခြင်းသည် "စွန့်ဦးတီထွင်မှု မူဝါဒ" ကို ကိုယ်စားပြုခြင်းဖြစ်ပြီး ကိုယ်ပိုင်အလုပ်အပေါ် "လျှို့ဝှက်မှီခိုမှု" ပင်ဖြစ်သည်။

စာချုပ်ဖြင့် အလုပ်လုပ်ကိုင်ခြင်းနှင့် အလိုအလျောက်သုံးစက်အသုံးပြုမှု တိုးမြင့်လာခြင်းကြောင့် ကိုယ်ပိုင်အလုပ်သို့ ကူးပြောင်းခြင်းများ တိုးလာနိုင်သော်လည်း အများစုအတွက် ပိုမိုဆိုးရွားသော အလုပ်အကိုင်အခြေအနေများကို ဖြစ်စေသည်။

ဝန်ဆောင်မှုလုပ်ငန်းများတွင် အလိုအလျောက်သုံးစက်များ နေရာယူလာသည်။ နည်းပညာလုပ်ငန်းများ၊ ဘဏ္ဍာရေးကဏ္ဍနှင့် ဖောက်သည်ဝန်ဆောင်မှုများတွင် သက်ရောက်မှုအမြင်သာဆုံးဖြစ်သည်။ ဝန်ဆောင်မှုကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သည်ဆိုသော်လည်း ၂၀၁၆–၂၀၁၇ ခုနှစ်မှစ၍ IT ကဏ္ဍတွင် လုပ်သားအင်အားလျှော့ချသည့် အရေအတွက်တိုးလာပြီး လုပ်သားအင်အားငှားရမ်းမှု သိသိသာသာ လျော့ကျသွားသည်။

အစီရင်ခံစာတစ်ခုအရ IT ကဏ္ဍရှိ အလယ်အလတ်နှင့် ကျွမ်းကျင်မှုရှိသော ရာထူး ၁၆၀,၀၀၀ ကို IT နှင့် BPO ဝန်ဆောင်မှုကဏ္ဍများတွင် အလုပ်အကိုင် ဖန်တီးပေးနိုင်မည်ဖြစ်ရာ ကျွမ်းကျင်မှုနိမ့်သော အလုပ် ၆၄၀,၀၀၀ သည် အလိုအလျောက်သုံးစက်များဖြင့် ရင်ဆိုင်ရနိုင်သည်။ သို့ဖြစ်ရာ IT ကဏ္ဍမှ ဝန်ထမ်းများသည် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရန် လိုအပ်သည်။ IT ကဏ္ဍတွင် တရားဝင်အလုပ်ခန့်ထားမှု ကုန်ကျစရိတ်ကြောင့် အလွတ်သဘော စာချုပ်ဖြင့် ငှားရမ်းမှုများလာသည်။ ဝန်ဆောင်မှုလုပ်သားများ အထူးသဖြင့် အမျိုးသမီးများနှင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် အသေးစား စွန့်ဦးတီထွင်မှုပုံစံသစ်များနှင့် အလွတ်တန်းအလုပ်အကိုင်များကို ဖန်တီးပေးခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းသစ်များကို ပုံဖော်နိုင်သည်။

လုပ်ငန်းခွင်အခြေအနေများကို မြင့်မားသောဝင်ငွေ၊ ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေ၊ လိုက်လျောညီထွေရှိသော အလုပ်ချိန်နှင့် ငွေကြေးရရှိမှုတို့ဖြင့် မြှင့်တင်ပေးနိုင်သည်။ ထို့အတူ ကျွမ်းကျင်မှု ကန့်သတ်ချက်များရှိသောကြောင့် အခွင့်အလမ်းများကို အသုံးချလိုသော လုပ်သားများအနေဖြင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုရှိရန် လိုအပ်ပါသည်။ ယင်းမှာ လက်ရှိ ပညာရေးနှင့် အလုပ်ရှင်များလိုအပ်သော ကျွမ်းကျင်မှုကြား ချိတ်ဆက်မှု ကွာဟချက်ကို မီးမောင်းထိုးပြနေသည်။

လူအများစုသည် အလုပ်ရှင်အများအတွက် နှုန်းထားမျိုးစုံဖြင့် အလုပ်မျိုးစုံကို လုပ်ကိုင်ကြသော်လည်း လူမှုရေးအကာအကွယ်ကို လက်လှမ်းတမီ မရရှိခဲ့ကြပေ။ အလိုအလျောက်သုံးစက်များသည် လိုက်လျောညီထွေရှိသော ထိန်းချုပ်နိုင်သည့် "ဒစ်ဂျစ်တယ် အလုပ်သမား" များဖြင့် လုပ်ငန်းခွင်အခြေအနေပြောင်းလဲခြင်းထက် ပုံမှန်မဟုတ်သော လုပ်ငန်းခွင်အခြေအနေကို ပုံဖော်နေသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးသော အလုပ်အကိုင်အရင်းအမြစ်အဖြစ် ရှိနေဆဲဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းကို ကောက်ပဲသီးနှံစိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာအသုံးပြုခြင်းနှင့် ရိတ်သိမ်းခြင်းဟူ၍ ခွဲခြားနိုင်သည်။ AI နည်းပညာနှင့် ဒေတာခွဲခြမ်းစိတ်ဖြာမှုတို့သည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ လုပ်ငန်းများနှင့် လယ်ယာကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်သည့် အလားအလာရှိသည်။ သို့သော် စိုက်ပျိုးရေး လုပ်ငန်း၏ အရင်းခံ ဒိုင်းနမစ်များနှင့် သာမန်အလုပ်အကိုင်များအတွက်မူ စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေသည်။

လယ်ယာစိုက်ပျိုးရေးတွင် အခြေခံအဆောက်အအုံမည်မျှမူ၊ ဆင်းရဲမွဲတေမှု၊ အသက်မွေးဝမ်းကျောင်းပြုသည့် လယ်ယာလုပ်ငန်း၊ ကျွမ်းကျင်မှုအဆင့်နှင့် ကုန်ထုတ်စွမ်းအားတို့မှာ နိမ့်ပါးနေဆဲဖြစ်သည်။ မြေယာပိုင်ဆိုင်မှုနှင့် အရင်းအနှီးနည်းပါးသည့် ၇၅ ရာခိုင်နှုန်းသော ကျေးလက်အလုပ်သမားများသည် ပုံမှန်လုပ်ငန်းများတွင်သာ အလုပ်လုပ်ကြပြီး ၈၅ ရာခိုင်နှုန်းမှာ အလုပ်အကိုင်စာချုပ်၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေး မရှိသဖြင့် လက်အောက်ခံဘဝတွင်ပင် ရှိနေဆဲဖြစ်သည်။

မြေယာပိုင်ဆိုင်မှု အရွယ်အစား လျော့ကျလာခြင်း၊ ဖွံ့ဖြိုးမှုနိမ့်ကျခြင်းနှင့် အရင်းအနှီးနည်းသော ရင်းနှီးမြှုပ်နှံမှုများကြောင့် အဆင့်မြင့်လယ်ယာစနစ်နှင့် ဒစ်ဂျစ်တယ်နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးလာကြသည်။ ထို့အပြင် သေးငယ်သော နည်းပညာများဖြင့် တိုးတက်လာသော စက်ယန္တရားများကို ပို၍ အသုံးချလာနိုင်ခြေရှိသည်။ လုပ်ခလစာနည်းပါးမှုနှင့် ကျွမ်းကျင်မှုနိမ့်ပါးခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သော လုပ်သားများ တိုးလာသည်။ အလုပ်အကိုင်ဖန်တီးမှုမရှိခြင်းနှင့် တရားဝင်ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍဆိုင်ရာတို့တွင် တရားဝင်ခွင့်ပြုချက်တိုးမြှင့်ခြင်းသည် စိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေပါသည်။

အလိုအလျောက်သုံးစက်သည် ကျွမ်းကျင်မှုနည်းသော အလုပ်သမားများ လုပ်ကိုင်ခွင့်ပေးခြင်းကို ရှောင်နိုင်သော်လည်း လူမှုအဖွဲ့အစည်းအပေါ် သက်ရောက်မှုမှာ ကျယ်ပြန့်သည်။ ပုံမှန်စီးပွားရေးတွင် လုပ်သားစရိတ် နည်းပါးခြင်းသည် နည်းပညာဆိုင်ရာ လက်ခံကျင့်သုံးနိုင်ခြေကို လျော့နည်းစေသည်။ မြို့ပြနှင့်ကျေးလက်ဒေသရှိအမျိုးသား၊ အမျိုးသမီးနှင့် အုပ်စုများအကြား ပညာရေးနိမ့်ကျမှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုမြင့်မားလာခြင်းသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ကန့်သတ်နေမည် ဖြစ်သည်။ တစ်နည်းဆိုသော် စီးပွားရေးအခွင့်အလမ်းများကို ကန့်သတ်ခြင်းဖြစ်သည်။ နည်းပညာအသစ်များသည် မြို့ပြ–ကျေးလက်ကွာဟမှုကို ပိုမိုကြီးမားစေနိုင်သည်။

နည်းပညာအသစ်များကို လက်ခံကျင့်သုံးခြင်းဖြင့် တရားမျှတပြီး တန်းတူညီမျှသော အနာဂတ်ကို ပုံဖော်နိုင်သည်။ အလိုအလျောက်စက်ကိရိယာများကို လက်ရှိ ခေတ်ရေစီးကြောင်း အသွင်ကူးပြောင်းမှုထက် ပုံမှန်မဟုတ်သော အန္တရာယ်များသည့် အလုပ်များတွင် အစားထိုး အသုံးပြုနိုင်သည်။

စတုတ္ထစက်မှုတော်လှန်ရေး သို့မဟုတ် ဒုတိယစက်မှုခေတ်၏ တိုးတက်ပြောင်းလဲမှုများဖြစ်သည့် စက်ရုပ်များ၊ အလိုအလျောက်သုံးစက်များဖြင့် လုပ်ငန်းခွင်တွင် စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ရာ တိုးတက်ပြောင်းလဲမှုများရှိသော်လည်း အနာဂတ်လုပ်ငန်းခွင်တွင် အလုပ်လက်မဲ့ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ ယင်းအလုပ်လက်မဲ့ပြဿနာမှာလည်း ဆွေးနွေးအဖြေရှာရမည့် အကြောင်းအရာဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွန်ရက်များတွင်ဖြစ်စေ၊ ထိန်းချုပ်လုပ်ကိုင်ရသော လုပ်ငန်းခွင်များတွင်ဖြစ်စေ အလိုအလျောက်သုံးစက်များသည် အလုပ်သမားများနှင့် နည်းပညာများကြား ဆက်နွယ်မှုရှိနေမည် ဖြစ်သည်။

စုဝဏ္ဏ

Ref: – https://thediplomat.com/2024/02/how-automation-will-shape-the-future-of-work-in-india/

&mo D vkiymi;fvJ Ju kdvm;q;E kZ Y
b , fvkdqmi&G fu r v J

a&Tef far

“ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်အရ
ဤရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်
ကမ္ဘာကြီးသည် ၎င်း၏
လက်ရှိ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအဆင့်ကို
၅၀ ရာခိုင်နှုန်းခန့် လျှော့ချရန်
လိုအပ်မည်ဖြစ်သည်။ ”

ဓာတ်ပုံ-အင်တာနက်

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ကမ္ဘာကြီးတစ်ခုလုံးအတွက် ပို၍အန္တရာယ်ဖြစ်လာစေပါသည်။ ဒေသတွင်းရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲအကျိုးကျေးဇူးများသည် အခြားဒေသများသို့ပါ ပျံ့နှံ့နေသောကြောင့် ရာသီဥတုပြောင်းလဲခြင်းပြဿနာရပ်များကို နိုင်ငံအလိုက် ဖြေရှင်းရန်လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံသည် လေကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်များတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျခြင်းကို ဒေသတွင်း တားဆီးကာကွယ်နိုင်ပြီး ကမ္ဘာတစ်ဝန်းရှိ ရာသီဥတုဖောက်ပြန်မှုကို လျှော့ချနိုင်ဖွယ်ရှိသည်။ စီးပွားရေးတိုးတက်မှုအတွက် လိုအပ်ချက်များနှင့် သန့်ရှင်းသည့် စွမ်းအင်အစီအစဉ်များသည် ချမ်းသာသောနိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများကြား ကာဗွန်ထုတ်လွှတ်မှု လျော့ပါးသက်သာစေရေး ကြိုးပမ်းရာတွင် သာတူညီမျှ ဖြေရှင်းနိုင်ရန် မျှော်လင့်ပါသည်။ သို့သော်လည်း ရုပ်ကြွင်းလောင်စာစိန်ခေါ်မှု၏ ကမ္ဘာလုံးဆိုင်ရာ သဘောသဘာဝသည်လည်း အခွင့်အလမ်းများစွာကို ပေးဆောင်ပါသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ဆက်တိုက်မြင့်တက်နေခြင်းသည် ကမ္ဘာကြီးအတွက် နောက်ဆုံးတွင် အကျိုးမရှိသကဲ့သို့ ရာသီဥတုလျော့ပါးရေး ကြိုးပမ်းမှုများတွင်လည်း ထိရောက်မှု အားနည်းမည်သာ ဖြစ်သည်။ လက်ရှိတွင် ရာသီဥတုဆိုင်ရာ ရန်ပုံငွေအများစုကို ချမ်းသာသောနိုင်ငံများကဎင်းတို့၏ ပြည်တွင်းခ္ခ ရင်းနှီးမြှုပ်နှံထားလေသည်။ ဤကဲ့သို့ ဘက်လိုက်လုပ်ဆောင်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပန်းတိုင်ဆီသို့ ရောက်ရှိရန် နှေးကွေးစေသည်။

ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်ရှိသော ချမ်းသာသောနိုင်ငံများသည် နှစ်စဉ် ကမ္ဘာ့ကာဗွန်ထုတ်လွှတ်မှု၏ ၃၅ ရာခိုင်နှုန်းနှင့် ယခင်က ထုတ်လွှတ်ခဲ့သည့် လေထုအတွင်း စုပြုံနေသော ကာဗွန်ဒိုင်အောက်ဆိုဒ်များအပေါ်တွင် အပြည့်အဝ တာဝန်ရှိသည်သာဖြစ်သည်။ ထို့ကြောင့် အဆိုပါနိုင်ငံများသည် ရာသီဥတုဆိုင်ရာဘဏ္ဍာငွေများ လျော့နည်းအောင် ဆောင်ရွက်ရာတွင် တာဝန်ယူမှုအများဆုံး လုပ်ဆောင်သင့်ပါသည်။ အကြောင်းအမျိုးမျိုး ကြောင့် ဆင်းရဲသောနိုင်ငံများတွင် မြေနှင့်လုပ်အားခများသည် စျေးနှုန်းသက်သာပါသည်။ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လိုအပ်လျက်ရှိသည့် ကျယ်ပြန့်သော အခြေခံအဆောက်အဦးသစ် စီမံကိန်းများသည် အခြေခံအဆောက်အဦးဟောင်းများကို ပြန်လည်ပြင်ဆင်ခြင်းထက် ပိုစျေးသက်သာသည့်လမ်းကြောင်းဖြင့် စိမ်းလန်းသောဒေသများအဖြစ် အကောင်အထည်ဖော် တည်ဆောက်နိုင်ပါသည်။

ချမ်းသာသောနိုင်ငံများသည် ၎င်းတို့နိုင်ငံ နယ်နိမိတ်ပြင်ပတွင် ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းများကို ရရှိနိုင်သော်လည်း တီထွင်ဆန်းသစ်သည့် နည်းပညာများ အားနည်းခြင်းကြောင့် လျစ်လျူရှုထားလေ့ရှိသည်။ နိုင်ငံကြီးများအနေဖြင့် မိမိနိုင်ငံတွင်း ဖြစ်ပေါ်နေသည့် ပြဿနာကြီးများကို ဦးစွာဖြေရှင်းရန် ကြိုးစားလေ့ရှိခြင်းမှာ သဘာဝပင်ဖြစ်သည်။ သို့သော်လည်း နိုင်ငံရေးသမားများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားရသူများအတွက် အိမ်တွင်းအလုပ်အကိုင်များ ဖန်တီးပေးမည်ဟုဆိုသည့် ကတိပြုမှုများကြောင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် အခက်အခဲများကို ပေါ်ပေါက်စေပါသည်။ ချမ်းသာသောနိုင်ငံများတွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချရန် ကူညီပေးနိုင်သည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကောင်းများ ရှိနေခြင်းကြောင့် ဒေသတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြိုးပမ်းမှုများကို အခြားနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

သို့သော်လည်း ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီရန် ဝေးကွာလျက်ရှိနေပါသည်။ ၂၀၁၅ ပါရီသဘောတူညီချက်အရ ကမ္ဘာ့အပူချိန် ပျမ်းမျှ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်ကို ထိန်းထားရန် ရည်မှန်းချက်ထားရှိပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်အရ ဤရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ကမ္ဘာကြီးသည် ၎င်း၏ လက်ရှိ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအဆင့်ကို ၅၀ ရာခိုင်နှုန်းခန့် လျှော့ချရန် လိုအပ်မည်ဖြစ်သည်။ ပထဝီဝင်အနေအထားအရ လက်ရှိကြိုးပမ်းအားထုတ်မှုများသည် မျှတမှုမရှိသည်မှာ ထင်ရှားလှပါသည်။ဥပမာအားဖြင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒအစပြုမှုအရ ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးအတွက် လက်ရှိဘဏ္ဍာငွေစုစုပေါင်းသည် တောင်အာရှတွင် ဒေါ်လာ ၃၀ ဘီလီယံနှင့် နှိုင်းယှဉ်ပါက အနောက်ဥရောပတွင် စုစုပေါင်းဒေါ်လာ ၁၀၅ ဘီလီယံ ရှိနေပါသည်။ ပါရီသဘောတူညီချက်တွင် နိုင်ငံများသည် ၎င်းတို့၏ ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ ရည်မှန်းချက်များကို ပြည်ပတွင် ရန်ပုံငွေ ထောက်ပံ့ခြင်းဖြင့် ပြည့်မီစေရန် အကြံပြုထားသော ပြဋ္ဌာန်းချက်များ ပါဝင်သော်လည်း နိုင်ငံအများစုသည် ၎င်းတို့၏ကတိကဝတ်များကို ၎င်းတို့၏ နယ်နိမိတ်အတွင်း သီးသန့်သတ်မှတ်ထားသော နေရာများတွင်သာ ဆက်လက် သတ်မှတ်ထားလျက်ရှိပါသည်။

ဥပမာအားဖြင့် အမေရိကန်တွင် အစိုးရသည် ငွေကြေးဖောင်းပွမှုလျှော့ချရေး အက်ဥပဒေမှတစ်ဆင့် လာမည့် ဆယ်စုနှစ်အတွင်း ရာသီဥတု ပြောင်းလဲမှု လျော့ပါးရေးတွင် ဒေါ်လာ တစ်ထရီလီယံခန့်သုံးစွဲရန် မျှော်လင့်ထားပြီး အားလုံး နီးပါးသည် အမေရိကန်တွင် သုံးစွဲမည်ဖြစ်သည်။ သို့သော် ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးတွင် အကောင်းဆုံးနည်းလမ်းမှာ ဘဏ္ဍာ ငွေများကို အမှန်တကယ် ရာသီဥတုပြောင်းလဲမှု လျှော့ချ ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သည့် နေရာများတွင် သုံးစွဲခြင်းပင်ဖြစ်သည်။ ဝင်ငွေနည်း နိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများ တွင် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး လုပ်ဆောင်မှုများအဖြစ် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု လျော့နည်းစေရန် ပိုမိုကြိုးစားဆောင်ရွက်လျက်ရှိပါ သည်။ သစ်တောထိန်းသိမ်းခြင်းအစီအစဉ်များကဲ့သို့ သော လျော့ပါးသက်သာစေရေး အစီအစဉ်များစွာသည် မြေယာနှင့် ကျွမ်းကျင်လုပ်သား လိုအပ်သည်ဖြစ်ရာ ယင်း နှစ်ခုစလုံးသည် ချမ်းသာသောနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် များစွာစျေးသက်သာပါသည်။ ဥပမာအားဖြင့် ချမ်းသာသောနိုင်ငံများ၏ လုပ်ငန်းစု တစ်ခုမှ ငွေကြေးထောက်ပံ့သည့် အစီအစဉ်ကို သုံးသပ် ကြည့်ပါက ယူဂန်ဒါရှိ မြေပိုင်ရှင်များအား ၎င်းတို့ ပိုင်ဆိုင်သော သစ်တောများကို နဂိုအတိုင်း ထိန်းသိမ်း ထားနိုင်စေရန်အတွက် လျော်ကြေးများပေးရသည်။

သန့်ရှင်းသော စွမ်းအင်အခြေခံအဆောက် အအုံများဖြစ်သည့် ဆိုလာနှင့် လေအားလျှပ်စစ် စက်ရုံ များသည် ချမ်းသာသောနိုင်ငံများတွင် ရှားပါးလာနိုင် သည့် မြေအများအပြားကိုလည်း အသုံးပြုထားပါသည်။ တိုက်ရိုက် လေထုမှ ကာဗွန်ကို စုပ်ယူခြင်းကဲ့သို့သော လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ဖယ်ရှားရန် ရည်ရွယ်သည့် နည်းပညာအသစ်များသည် လက်တွေ့ ဆောင်ရွက်ရန် ခက်ခဲသောကြောင့် စျေးနှုန်းသင့်တော် သည့် သန့်ရှင်းသောစွမ်းအင်ကို ရရှိနိုင်မည့် အခြား နည်းလမ်းများကိုလည်း ရှာဖွေသင့်ပါသည်။ ဥပမာအား

“၂၀၂၁ ခုနှစ်တွင် ဝင်ငွေမြင့်နိုင်ငံများ၌ စွမ်းအင် အသွင် ကူးပြောင်းမှု ကောင်းစွာ လုပ်ဆောင်ခဲ့သော်လည်း ၎င်းတို့ လျှပ်စစ်ဓာတ်အား၏ ၁၉ ရာခိုင်နှုန်းသည် ကျောက်မီးသွေးမှ ရရှိသည်သာဖြစ်သည်။”

ဖြင့် သီးနှံအထွက်နှုန်းတိုးစေရန်နှင့် ကာဗွန်စုပ်ယူသည့် သဘာဝဖြစ်စဉ်ကို မြန်ဆန်စေရန် အတွက် လယ်ယာမြေတစ်ခွင်တွင် သတ္တုတွင်း အကြွင်းအကျန်များဖြစ်သည့် ကြေမွသော ကျောက်များ၊ ကျောက်တုံးများကို အသုံးပြုသည့် နည်းလမ်းများကို ဆောင်ရွက်သင့်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်သည် မြေယာ၊ လုပ်အားနှင့် သတ္တုတွင်းအကြွင်းအကျန်များကို ရရှိရန် လိုအပ်ပြီး ဘရာဇီး၊ ချီလီနှင့် ပီရူးကဲ့သို့သော သွင်းအားစုများပေါများသည့် ဝင်ငွေအလယ် အလတ်ရှိသော နိုင်ငံများတွင် ယင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါ သည်။

၂၀၂၁ ခုနှစ်တွင် ဝင်ငွေမြင့်နိုင်ငံများ၌ စွမ်းအင်အသွင်ကူးပြောင်းမှု ကောင်းစွာ လုပ်ဆောင်ခဲ့သော်လည်း ၎င်းတို့ လျှပ်စစ်ဓာတ်အား၏ ၁၉ ရာခိုင်နှုန်းသည် ကျောက်မီးသွေး မှ ရရှိသည်သာဖြစ်သည်။ ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများသည် ၎င်းတို့၏ ဓာတ်အား တစ်ဝက်နီးပါးအတွက် ကျောက်မီးသွေးကို မှီခိုနေရဆဲဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းများသည် နိုင်ငံ၏ အဓိကရုပ်ကြွင်းလောင်စာ အရင်း အမြစ်ဖြစ်ပြီး ကျောက်မီးသွေးအစား သန့်စင်သောဓာတ်ငွေ့ကို အစားထိုးပေးမည် ဖြစ်သည်။ သို့သော် အိန္ဒိယနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး စက်ရုံတစ်ရုံသည် နိုင်ငံလျှပ်စစ် ဓာတ်အား၏ ၇၄ ရာခိုင်နှုန်းကို လွှမ်းခြုံထားသည့် ညစ်ညမ်းမှု၏ စွမ်းအင်ရင်းမြစ်ဖြစ်သည့် ကျောက်မီးသွေးအစား အခြားစွမ်းအင်ကို အသုံးပြုမည့်အလားအလာ ပိုမိုများပြားလျက် ရှိသည်။ ထို့ကြောင့် အိန္ဒိယတွင်တည်ဆောက်သော နေရောင်ခြည်စွမ်းအင် သို့မဟုတ် လေအားစိုက်ခင်းသည် အမေရိကန်တွင် တည်ဆောက်ထားသည်ထက် ကမ္ဘာမြေအတွက် ပိုမိုအကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။ ဆင်းရဲသောနိုင်ငံများသည်ထိုကဲ့သို့သောလွယ်ကူသော အစီအစဉ်များကို မကြာခဏ စွန့်လွှတ်လိုက်ရလေ့ရှိခြင်းမှာ လက်လှမ်းမမီသော အရင်းအနှီး များစွာ လိုအပ်နေသောကြောင့်ဖြစ်သည်။ ချမ်းသာသောနိုင်ငံများသည် ရန်ပုံငွေ ကွာဟချက်ကို ဖြည့်ဆည်းရန် ဝင်ရောက်လာနိုင်ခြေရှိပါသည်။ ဥပမာအားဖြင့် ချမ်းသာသော နိုင်ငံများသည် ကမ္ဘာတစ်ဝန်းရှိ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု စုစုပေါင်း၏ နှစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်း ကြားရှိသည့် အမှိုက်ပုံများမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန် အရင်းအနှီးများ ပံ့ပိုးပေးနိုင်ပါသည်။ အဆိုပါ ထုတ်လွှတ်မှုများအား လျှပ်စစ်အဖြစ်သို့ ပြောင်းလဲပေးနိုင်သော မီသိန်းဖမ်းယူစနစ်များကို နိုင်ငံများတွင် တပ်ဆင်ပေးနိုင်ပါသည်။ ဝင်ငွေနည်းနှင့် အလယ် အလတ်ဝင်ငွေရှိသော နိုင်ငံများတွင် ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားသော အမှိုက်ပုံများကို ပြုပြင်ရန်အတွက် အခွင့်အလမ်းများ လိုအပ်လျက်ရှိပါသည်။ ချမ်းသာသောနိုင်ငံများသည် မီသိန်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ် သည့်နေရာများ၌ အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရာတွင် ချမ်းသာသော နိုင်ငံများက ကူညီပေးနိုင်ပါသည်။

ချမ်းသာသောနိုင်ငံများသည် အများသူငါ သယ်ယူပို့ဆောင်ရေးစနစ်များနှင့် ကြီးမား သော အဆောက်အဦများကဲ့သို့သော ၎င်းတို့၏ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ထားပြီးဖြစ်သည်။ အခြားတစ်ဖက်တွင်မူ ဝင်ငွေနည်းနှင့် အလယ်အလတ်ဝင်ငွေ

ရှိသော နိုင်ငံများသည် ၎င်းတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်မြှင့်တင်ခြင်းကြောင့် ၎င်းတို့၏ တိုးပွားလာသောလူဦးရေနှင့် ၎င်းတို့၏ တိုးချဲ့လာသည့်မြို့ကြီးများကြောင့် လာမည့် ဆယ်စုနှစ်များအတွင်း ကြီးမားသော အခြေခံအဆောက်အအုံများ ချဲ့ထွင်မှုကို တွေ့ကြုံရတော့မည်ဖြစ်သည်။ 2018 World Resources Institute ၏ အစီရင်ခံစာအရ ယခုမှ နှစ် ၃၀ အတွင်းတည်ရှိမည့် ကမ္ဘာ့မြို့ပြ အခြေခံအဆောက်အအုံ လေးပုံသုံးပုံသည် မတည်ဆောက်ရသေးပေ။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ တရုတ်၊ အိန္ဒိယနှင့် နိုင်ဂျီးရီးယား နိုင်ငံများသည်သာ ၂၀၅၀ ပြည့်နှစ်တွင် ခန့်မှန်းထားသော မြို့ပြတိုးတက်မှု၏ ၃၅ ရာခိုင်နှုန်းခန့် ရှိလာမည် ဖြစ်သည်။ အမေရိကန်ကဲ့သို့ တည်ဆောက်ထားသော ပတ်ဝန်းကျင်ရှိ နိုင်ငံများတွင် အဆောက်အဦဟောင်းများကို စွမ်းအင်သက်သာစေရန် ပြန်လည်ပြင်ဆင်ခြင်းသည် စျေးကြီးပြီး ရှုပ်ထွေးမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်တည်တံ့ခိုင်မြဲစွာ တည်ဆောက်နိုင်သော အရင်းအမြစ်များရှိစေရေးသည် ရေရှည်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးအတွက် မရှိမဖြစ်လိုအပ်သော ခြေလှမ်းတစ်ရပ် ဖြစ်သည်။

ဝင်ငွေမြင့်မားသောနိုင်ငံများအပါအဝင် ဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်မားသောနိုင်ငံများကို ပစ်မှတ်ထားသည့်အခါ လျှော့ပါးသက်သာစေရေး ကြိုးပမ်းမှုများသည် ကုန်ကျစရိတ်ပိုမို ထိရောက် ကြောင်း ဝေဖန်သူများက ထောက်ပြလျက်ရှိသည်။ ဥပမာအားဖြင့် နွေရာသီတွင် ရုံးခန်းအဆောက်အဦများကို အအေးပေးရန်အတွက် စွမ်းအင်ပမာဏများစွာကို မြှုပ်နှံထားသည့် အမေရိကန်နိုင်ငံတွင် စွမ်းအင်သက်သာသော အအေးပေးစနစ်သို့ ကူးပြောင်းခြင်းသည် စွမ်းအင်အသုံးပြုမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ (အလားတူ ကျွမ်းကျင်လုပ်သားများ လိုအပ်သည့် လျှော့ပါးသက်သာရေးစီမံကိန်းများသည် ချမ်းသာသောနိုင်ငံများတွင် ကုန်ကျစရိတ် ပိုမိုထိရောက်နိုင်သည်။) သို့တိုင် အရေးကြီးသော ကာဗွန်လျှော့ပါးရေး အမျိုးအစားများစွာအတွက် ကုန်ကျစရိတ်များသည် ဝင်ငွေနည်းနှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများတွင် နည်းပါးဖွယ်ရှိသည်။ (မချမ်းသာသည့်နိုင်ငံများသို့ ရာသီဥတုပြောင်းလဲမှု လျှော့ပါးစေရေး ကြိုးပမ်းမှုများကို ရှင်းရှင်းလင်းလင်းဖြစ်စေသည့် စီးပွားရေးကိစ္စရပ်ကြောင့် မူဝါဒချမှတ်သူများ အကောင်အထည်ဖော်ရမည့် ပထမအဆင့် အနည်းငယ်ရှိပါသည်။) နိုင်ငံအလိုက် ရာသီဥတုဆိုင်ရာရည်မှန်းချက်များထက်အသားတင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့နည်းအောင် ဆောင်ရွက်ခြင်းကဲ့သို့သော ပြည်တွင်းရည်မှန်းချက်များသည် နိုင်ငံ၏ နယ်နိမိတ်ပြင်ပတွင်လည်း ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ပါးသက်သာစေရေး ကြိုးပမ်းမှုများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ နိုင်ငံနယ်နိမိတ်အတွင်း ရည်မှန်းချက်များနှင့် အောင်မြင်မှုများကို သတ်မှတ်ခြင်းသည် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချမှု ပိုမိုရရှိလာသော်လည်း ပြည်ပအစီအစဉ်များ ဆက်လက်လုပ်ဆောင်မည့် အခြေအနေများကို လျှော့နည်းစေပါသည်။

နိုင်ငံများသည် ရာသီဥတုဆိုင်ရာ တောင်းဆိုမှုများအားလုံးကို ရည်ရွယ်ချက်နှင့်အတူ တိကျမှန်ကန်သော စိစစ်မှုပြုလုပ်ရန် လိုအပ်သဖြင့် ကြီးကြပ်မှုရှိကြောင်း သေချာစေရမည်ဖြစ်ပြီး ငွေကြေးထောက်ပံ့သူများသည်လည်း ၎င်းတို့၏ရလဒ်များကို အရှိထက်ပိုမိုပြောဆိုခြင်းများ၊ ပြုလုပ်ခြင်းများကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ချမ်းသာသောနိုင်ငံများ

သည် ဝင်ငွေနည်းသောနိုင်ငံများ၏ ရာသီဥတုလျော့ပါးသက်သာရေး ကြိုးပမ်းမှုများတွင် အကျိုးရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မူဝါဒချမှတ်သူများသည် ဆင်းရဲနွမ်းပါးမှု သို့မဟုတ် အခြားနည်းဖြင့် ၎င်းတို့ကို ထိခိုက်နစ်နာစေသော နည်းလမ်းဖြင့်မဟုတ်ဘဲ ဒေသခံ အသိုင်းအဝိုင်းများ၏ သဘောတူညီချက်နှင့်အတူ တာဝန်သိစိတ်ဖြင့် နယ်စပ်ဖြတ်ကျော် မူဝါဒများကို ရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်သည်။ ဥပမာအားဖြင့် သစ်တောထိန်းသိမ်းရေး ပရောဂျက်များကဲ့သို့သော အစီအစဉ်များတွင် အတင်းအဓမ္မ ရွှေ့ပြောင်းနေထိုင်ခြင်း မပါဝင်ဘဲ ဖြစ်နိုင်ခြေရှိသော ဝင်ငွေအရင်းအမြစ်မှ ဆုံးရှုံးနေသော ရပ်ရွာလူထုများကို လျော်ကြေး ပေးသည့် ပြဋ္ဌာန်းချက်များ ပါဝင်သင့်သည်။

မူဝါဒချမှတ်သူများသည် ရာသီဥတုလျော့ပါးသက်သာစေရေး စီမံကိန်းများ၏ မျှော်လင့်ထားသော ဒေသဆိုင်ရာ ပူးတွဲအကျိုးခံစားခွင့်များကို ချမှတ်ပြီး ချမ်းသာခြင်းမရှိသော နိုင်ငံများမှ အကျိုးခံစားခွင့်များကို မျှတစွာရရှိကြောင်း သေချာစေရန် သက်ရောက်မှုများကို တိုင်းတာရန် ကတိပြုရမည်ဖြစ်ပါသည်။ ထို့အပြင် ချမ်းသာသော နိုင်ငံများသည် အဆိုပါ ရာသီဥတုလျော့ပါးရေး စီမံကိန်းများကို ထောက်ပံ့ရန်အတွက် ထောက်ပံ့ရေးဘတ်ဂျက်မှ အရင်းအနှီးကို လွှဲပြောင်းပေးခြင်း မပြုသင့်ပါ။ နိုင်ငံခြား အကူအညီသည် ဝင်ငွေနည်းနိုင်ငံများ ကိုကူညီရန် ရည်ရွယ်သော်လည်း ရာသီဥတုဆိုင်ရာရင်းနှီးမြှုပ်နှံမှုများသည် ကမ္ဘာတစ်ခုလုံးကို ကူညီရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဘဏ္ဍာငွေသည် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ခွဲဝေချထားပေးသည့် လက်ရှိရန်ပုံငွေ သို့မဟုတ် ရန်ပုံငွေအသစ်မှ ရရှိသင့်ပါသည်။ ရာသီဥတုဘတ်ဂျက်များကို မိမိနိုင်ငံတွင်းတွင် သီးသန့်နီးပါးသုံးစွဲခြင်းသည် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချခြင်းနှင့် သန့်ရှင်းသောစွမ်းအင်သို့ ပြောင်းလဲခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုကို သိသိသာသာဟန့်တားမှု ဖြစ်စေပါသည်။ ရာသီဥတု ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် နယ်နိမိတ်ကိုကျော်ဖြတ်၍ ပူးပေါင်းဆောင်ရွက်ခြင်း သည် ရာသီဥတု ပြောင်းလဲမှု၏ ဆိုးကျိုးများကို ရှောင်ရှားရန် တစ်ခုတည်းသော နည်းလမ်းပင် ဖြစ်ပါသည်။

ရွှေနန်းမေ

Ref : How to Get More Bang for Your Climate–Change Buck By Rachel Glennerster and Seema Jayachandran အားဆီလျော်သလိုဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။

&k&S- , lu&ef;ppf&Sufpm;&Sifvrf;r sm;
jrefrma&;&mavhvma&; tzGJ

“ ရုရှား–ယူကရိန်း စစ်ပွဲနှင့်ပတ်သက်၍
၂၀၂၄ ခုနှစ် ဧနှစ်ဝါရီ ၁ ရက်နေ့မှ
ဖေဖော်ဝါရီ ၂၉ ရက်နေ့အတွင်း
ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ရက်စွဲအလိုက်
ဖော်ပြထားခြင်း ဖြစ်ပါသည်။”

ဓာတ်ပုံ-အင်တာနက်

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၁

နော်ဝေအစိုးရသည် ၎င်း၏ ပြည်တွင်းထုတ်လက်နက်များအား ယူကရိန်းနိုင်ငံသို့ တိုက်ရိုက်ရောင်းချရန် ခွင့်ပြုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၂

တူကီယဲအစိုးရသည် တူကီယဲရေလက်ကြားတွင် ဖြတ်သန်းပြီး ယူကရိန်းနိုင်ငံသို့ ဝင်ရောက်မည့် ဗြိတိန်အစိုးရက ထောက်ပံ့သည့် ရေတပ်သင်္ဘောများအား ပိတ်ဆို့ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၃

နော်ဝေအစိုးရသည် ယူကရိန်းလေယာဉ်မှူးများအား လေ့ကျင့်ရန် ဒိန်းမတ်နိုင်ငံသို့ F-16s နှစ်စင်း ပေးပို့မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၄

ယူကရိန်းတပ်ဖွဲ့ဝင်များသည် ခရိုင်းမီးယားဒေသသို့ မစ်ဆိုင်းဒုံးကျည် ၁၀ စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၅

Donetsk ဒေသခံတစ်ဦးအား ရုရှားအတွက်သူလျှို့ပြုလုပ်ပေးမှုအဖြစ် ယူကရိန်းတရားရုံးက ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၆

ခရိုင်းမီးယားဒေသအား ပစ်ခတ်ခဲ့သည့် ယူကရိန်းမစ်ဆိုင်းဒုံးကျည်လေးစင်းအား ပစ်ချခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၇

ယူကရိန်းတပ်ဖွဲ့များအနေဖြင့် ရုရှားသိမ်းပိုက်ထားသည့် ခရိုင်းမီးယားကျွန်းဆွယ်၏ အနောက်ပိုင်းရှိ Saky စစ်အခြေစိုက်စခန်းအား အောင်အောင်မြင်မြင်ဖြင့် တိုက်ခိုက်နိုင်ခဲ့ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၈

ယူကရိန်းစစ်ပွဲသည် ဥရောပအတွက် မိမိကိုယ်မိမိ တတ်နိုင်သမျှကာကွယ်ရန်နှင့် လွတ်လပ်မှုအား ကာကွယ်ရန်၊ လက်နက်ထုတ်လုပ်မှုများ ပူးပေါင်းပြုလုပ်ရန် လိုအပ်ကြောင်း သက်သေပြနေခြင်းဖြစ်သည်ဟု ယူကရိန်းသမ္မတ ဇဲလန်စကီးက ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၉

ရုရှားတပ်ဖွဲ့က မစ်ဆိုင်းဒုံးကျည်အများအပြားဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ရုရှားတပ်ဖွဲ့များ ပစ်ခတ်ခဲ့သည့် မစ်ဆိုင်းဒုံးကျည် ၅၁ စင်းအနက် ၁၈ စင်းအား ပစ်ချနိုင်ခဲ့ကြောင်း၊ မောင်းသူမဲ့ ဒရုန်းယာဉ်ရှစ်စင်းအား ဖျက်ဆီးနိုင်ခဲ့ပြီး ရုရှားတို့၏ မစ်ဆိုင်းဒုံးကျည်အချို့မှာ ပစ်မှတ်လွဲချော်ခဲ့ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် Yuri Ignat က ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၀

Belgorod မြို့အား ယူကရိန်းတို့၏တိုက်ခိုက်ခြင်းမှ ရပ်တန့်စေမည့် မည်သည့်အရာကို မဆို ဆောင်ရွက်သွားမည်ဟု ရုရှားအစိုးရ ပြောခွင့်ရပုဂ္ဂိုလ် Dmitry Peskov က ပြောဆိုခဲ့သည်။ Belgorod မြို့အားတိုက်ခိုက်ခဲ့ခြင်းကြောင့် အရပ်သား ၂၀ ကျော် သေဆုံးခဲ့ပြီးရာနှင့်ချီ၍ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၁

တူကီယဲ၊ ရိုမေးနီးယားနှင့် ဘူဂေးရီးယားတို့သည် ပင်လယ်နက်အတွင်း ဖြတ်သန်းသွားလာနေကြသည့်သင်္ဘောများအား ထိခိုက်စေနိုင်သည့် ရုရှားရေတပ်က တပ်ဆင်ထားသည့်မိုင်းများအား ရှင်းလင်းရန် မိုင်းရှင်းလင်းရေးအလုပ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၂

ဗြိတိန်ဝန်ကြီးချုပ် Rishi Sunak သည် ယူကရိန်းမြို့တော် Kyiv သို့ သွားရောက်ခဲ့ပြီး မောင်းသူမဲ့ဒရုန်းယာဉ်များ၊ ရေကြောင်းလုံခြုံရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ဝယ်ယူနိုင်ရေး ပေါင်စတာလင် ၂ ဒသမ ၅ ဘီလီယံ ပေးအပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၃

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Stephane Sejourne သည် ယူကရိန်းမြို့တော် Kyiv သို့ သွားရောက်ခဲ့ပြီး ပြင်သစ်ကာကွယ်ရေးကုမ္ပဏီများအား ယူကရိန်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အားပေးခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၄

ဆွီဒင်အစိုးရနှင့် နော်ဝေကုမ္ပဏီ Nammo တို့သည် ယူကရိန်းအား ထောက်ပံ့ရန်အတွက် ၁၅၅ မမ လက်နက်ကြီးများ တိုးမြှင့်ထုတ်လုပ်မည့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၅

ယူကရိန်း သတင်းထောက် Yuriy Nikolov က သမ္မတဇဲလန်စကီးကို မကောင်းသတင်းများအား လက်ခံရန် ဆန္ဒမရှိသူအဖြစ်ဝေဖန်ခဲ့ပြီး သီတင်းနှစ်ပတ်အကြာတွင် အမည်မသိပုဂ္ဂိုလ်တစ်ဦးက ၎င်း၏အိမ်ရှေ့တံခါးအားချိုးဖျက်ရန် ကြိုးစားခဲ့ကြောင်း၊ ၎င်းအား ယူကရိန်းစစ်တပ်ထဲဝင်ရန် တောင်းဆိုခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့ပြင် ၎င်းအား စစ်မှုထမ်းခြင်းမှ ရှောင်ရှားခဲ့သူအဖြစ်လည်း ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၆

ပြင်သစ်အစိုးရအနေဖြင့် လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း 40 SCALP မစ်ဆိုင်းဒုံးကျည်အချို့နှင့် ရာနှင့်ချီသောဗုံးများ ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ယူကရိန်းအစိုးရနှင့် နှစ်နိုင်ငံ လုံခြုံရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတမက်ခရွန်က ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၇

ဂျာမနီနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံအား မောင်းသူမဲ့ဒရုန်းယာဉ်နှင့် Leopard 1 တင့်ကားများ အပါအဝင် ယူရို ခုနစ် ဘီလီယံတန်ဖိုးရှိ စစ်ရေးအကူအညီ ပေးသွားမည်ဖြစ်ကြောင်း ဂျာမနီအစိုးရက ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၈

ရုရှားက ယူကရိန်းအား တိုက်ခိုက်ခဲ့ချိန်မှစ၍ ပထမဆုံးအဖြစ် Saint Petersburg ရှိ Vasilevsky ကျွန်းပေါ်တွင် ပျံသန်းလာသည့် မောင်းသူမဲ့ဒရုန်းယာဉ်တစ်စီးအား ပစ်ချနိုင်ခဲ့ကြောင်း ရုရှားအစိုးရ အရာရှိများက ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၉

အီရန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံအား မစ်ဆိုင်းဒုံးကျည်များ ဆက်လက်ထောက်ပံ့နေမည်ဆိုပါက အနောက်နိုင်ငံများ၏ ဒဏ်ခတ်ပိတ်ဆို့မှု အများအပြားအား ကြုံတွေ့ရမည်ဖြစ်ကြောင်း အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက သတိပေးပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၀

ယူကရိန်းတပ်ဖွဲ့များသည် ရုရှားနိုင်ငံအနောက်ပိုင်းရှိ ကုဗမီတာ ၆,၀၀၀ သိုလှောင်နိုင်သည့် ရေနံသိုလှောင်ကန်တစ်ခုအား တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းလုံခြုံရေးတပ်ဖွဲ့များက AFP သတင်းဌာနအား ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၁

Donetsk မြို့ ဆင်ခြေဖုံးရှိ ဈေးတစ်ဈေးတွင် ယူကရိန်းတို့၏ မစ်ဆိုင်းဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ချည်ထည်ရက်လုပ်သည့် အလုပ်သမား ၂၇ ဦး သေဆုံးခဲ့ပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအစိုးရက ခန့်အပ်ထားသည့် Donetsk ဒေသ

အုပ်ချုပ်ရေးအရာရှိများက ထုတ်ဖော်ပြောဆိုခဲ့သည်။ အဆိုပါတိုက်ခိုက်မှုအတွက် တာဝန်မရှိကြောင်း ယူကရိန်းစစ်တပ်က ငြင်းဆိုထားသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂

ပိုလန်ဝန်ကြီးချုပ်သည် ယူကရိန်းနိုင်ငံအား စစ်ရေးအကူအညီများ ထပ်မံပေးအပ်နိုင်ရေး အဓိကထားဆွေးနွေးရန် ယူကရိန်းနိုင်ငံသို့ သွားရောက်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၃

Ukrainian group BO Team မှ ဟက်ကာများသည် ရုရှားနိုင်ငံ အရှေ့ပိုင်းရှိ ကမ္ဘာမြေလေ့လာရေး သုတေသနဌာနအား ဆိုက်ဘာတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး ဆာဗာ ၂၈၀အား ဖျက်ဆီးကာ ရုရှားအစိုးရအေဂျင်စီများ အသုံးပြုနေသည့် ဒေတာများအား ဖျက်နိုင်ခဲ့သည်ဟု အင်တာနက်သတင်းတစ်ရပ်က ဆိုပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၄

ဆွီဒင်နိုင်ငံအနေဖြင့် နေတိုးအဖွဲ့ဝင်ဖြစ်ရန် ရှေ့ဆက်ဆောင်ရွက်နေခြင်းနှင့်ပတ်သက်၍ ဆွီဒင်နိုင်ငံသားအားလုံးအနေဖြင့် စစ်ပွဲဖြစ်လာနိုင်ခြေအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာအရ ပြင်ဆင်ထားသင့်ကြောင်း ဆွီဒင်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Micael Bydn က ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၅

ယူကရိန်းစစ်အကျဉ်းသား ၆၅၀ သယ်ဆောင်လာသည့် ရုရှားစစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စီးသည် ရုရှားနယ်စပ်ဒေသရှိ Belgorod မြို့အနီးတွင် ပျက်ကျခဲ့ကြောင်း ရုရှားအစိုးရအရာရှိများက ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၆

ပြင်သစ်နိုင်ငံသည် ယူကရိန်းနိုင်ငံအား LRU (M270 Multiple Launch Rocket System) ရော့ကက် လောင်ချာနှစ်စင်း ပေးပို့ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၇

ရုရှား၏ Ilyushin-76 လေယာဉ်တစ်စင်းမှာ ယူကရိန်းလေကြောင်းရန် ကာကွယ်ရေးစနစ်က ပစ်ချခဲ့သည့်အတွက် ယူကရိန်းနယ်စပ်အနီးတွင် ပျက်ကျခဲ့ကြောင်း သမ္မတ ဗလာဒီမာပူတင်က အတည်ပြု ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၈

ယူကရိန်းနိုင်ငံအား လေကြောင်းရန် ကာကွယ်ရေးမစ်ဆိုင်းဒုံးကျည်များနှင့် လေယာဉ်ပစ်လက်နက်များ လွှဲပြောင်းပေးရန် ဂရိအစိုးရ သဘောတူညီခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၉

ရုရှား Su-34 တိုက်လေယာဉ်တစ်စင်းအား Luhansk ဒေသတွင် ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးစနစ်က ပစ်ချနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၃၀

ယူကရိန်းတပ်ဖွဲ့များသည် ခရိုင်းမီးယားဒေသရှိ ရုရှားရေဒါစခန်းတစ်ခုအား တိုက်ခိုက်နိုင်ခဲ့ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်ဝါရီ ၃၁

ရုရှားအစိုးရနှင့် ယူကရိန်းအစိုးရတို့သည် နှစ်ဖက်စစ်အကျဉ်းသားများအား လဲလှယ်ခဲ့ကြရာ ရုရှားစစ်အကျဉ်းသား ၁၉၅ ဦးနှင့် ယူကရိန်းစစ်အကျဉ်းသား ၂၀၇ ဦးတို့ နေအိမ်များသို့ အသီးသီး ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ အဆိုပါ စစ်ဘက်ဆိုင်ရာ အကျဉ်းသားလဲလှယ်ရေးအစီအစဉ်အား ယူအေအီးနိုင်ငံက ကြားဝင်ညှိနှိုင်းပေးခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁

ယူကရိန်းနိုင်ငံတောင်ပိုင်း Kherson ဒေသရှိ Beryslav မြို့၌ မောင်းသူမဲ့ ရုရှားဒရုန်းယာဉ်တစ်စင်း၏ တိုက်ခိုက်မှုအတွင်း လူသားချင်းစာနာမှုဆိုင်ရာ စေတနာ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေသည့် ပြင်သစ်နိုင်ငံသားနှစ်ဦး သေဆုံးခဲ့ပြီး အခြားငါးဦး ဒဏ်ရာရရှိခဲ့သည်။ နိုင်ငံခြားစေတနာ့ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် သံတမန်များအား Kherson ဒေသသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းမပြုရန် ယူကရိန်းအစိုးရက မကြာခဏ ထုတ်ပြန်တားမြစ်ထားသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂

ရုရှားတပ်ဖွဲ့များ၏ မောင်းသူမဲ့ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ယူကရိန်းနိုင်ငံ အလယ်ပိုင်းရှိ အရပ်သား ၄၀,၀၀၀ မှာ ဓာတ်အားပြတ်တောက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ စွမ်းအင်အခြေခံ အဆောက်အဦများအား တိုက်ခိုက်ခဲ့သည့် မောင်းသူမဲ့ ဒရုန်းယာဉ် ၂၄ စီးအားပစ်ချနိုင်ခဲ့ပြီး ခုနစ်စီးမှာ ပစ်မှတ်သို့ရောက်ရှိခဲ့ခြင်း မရှိကြောင်း အင်တာနက်သတင်းဖော်ပြချက်များက ဆိုသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၃

ယူကရိန်းတပ်ဖွဲ့များသည် ရုရှားတို့ထိန်းချုပ်ထားသည့် Luhansk ဒေသ၊ Lysychansk မြို့ရှိ ဆိုင်တစ်ဆိုင်အား HIMARS system အသုံးပြုတိုက်ခိုက်ခဲ့ရာ ဒေသအဆင့် အရာရှိတစ်ဦးနှင့် ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း ရုရှားအစိုးရက ယူကရိန်း အစိုးရအား စွပ်စွဲပြောဆိုထားသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၄

ယူကရိန်းတပ်ဖွဲ့ဝင်များသည် ခရိုင်းမီးယားဒေသသို့ မစ်ဆိုင်းခုံးကျည်ဝဝစင်း၊ Belgorod မြို့သို့ ၁၀စင်းဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ အားလုံးကိုပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က အတည်ပြုပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၅

ယူကရိန်းအစိုးရ စစ်မှုထမ်းဟောင်းများရေးရာဝန်ကြီး Yulia Laputina သည် အကြောင်းပြချက် အတိအကျပေးခြင်းမရှိဘဲ အစိုးရအဖွဲ့ထံ နုတ်ထွက်စာတင်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၆

နယ်သာလန်နိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံထံ F-16s တိုက်လေယာဉ် ခြောက်စင်း ထပ်မံပေးပို့သွားမည်ဟု ကတိပြုပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၇

၂၀၂၂ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သည့် Nord Stream ပိုက်လိုင်းပေါက်ကွဲ ပျက်စီးမှုနှင့် ပတ်သက်၍ ဥပဒေကြောင်းအရ လက်တွေ့အရေးယူနိုင်ခြင်းမရှိသည့်အတွက် စုံစမ်း

စစ်ဆေးမှုများအား ပိတ်သိမ်းလိုက်ပြီးဖြစ်ကြောင်း ဆွီဒင်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၈

သမ္မတဇဲလန်စကီးသည် ၎င်းနှင့်ကာကွယ်ရေးဦးစီးချုပ် Valerii Zaluzhnyi ကြားသဘောထားကွဲလွဲမှုများမြင့်မားနေကြောင်းသတင်းများထွက်ပေါ်နေသည့်အချိန်တွင် ၎င်း၏နေရာတွင် Oleksandr Syrskyi အား အစားထိုးခန့်အပ်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၉

သမ္မတဇဲလန်စကီးသည် ဗိုလ်မှူးချုပ် Serhiy Shaptala နေရာတွင် အစားထိုးသည့်အနေဖြင့် ကြည်းတပ်ဦးစီးချုပ်သစ်အဖြစ် ဗိုလ်ချုပ် Anatoliy Barhylevych အား ခန့်အပ်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀

ယူကရိန်းအား ထောက်ပံ့ရန်အတွက် လက်နက်ထုတ်လုပ်မှု တိုးမြှင့်ရန်နှင့် ရုရှားနိုင်ငံနှင့် ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်နိုင်သည့် ထိပ်တိုက်တွေ့ဆုံနိုင်ခြေရှိမှုအား တားဆီးရန် လိုအပ်ကြောင်း ဂျာမနီမီဒီယာနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် နေတိုးအတွင်းရေးမှူးချုပ်က အီးယူနိုင်ငံများအား တိုက်တွန်းပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁

ရုရှားတပ်ဖွဲ့ဝင်များသည် Donetsk ဒေသတွင် ၃၀ကီလိုမီတာ ရှည်လျားသည့် ရထားလမ်းသုံးကားများဖြင့် ခံစစ်လိုင်းများတည်ဆောက်နေကြောင်းတွေ့ရှိရသည်ဟု အင်တာနက်သတင်းများတွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂

ရုရှားတပ်ဖွဲ့များသည် Avdiivka မြို့အား လူသားလှိုင်းလုံးဖြင့်တိုက်ခိုက်ခြင်းအားရပ်တန့်ပြီး လေကြောင်းပစ်ကူရယူပြီး တိုက်ခိုက်နေကြောင်း ယူကရိန်းတပ်မှူးတစ်ဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃

အမေရိကန်အထက်လွှတ်တော်သည် ယူကရိန်းအတွက် စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံပေးမည့် ဥပဒေကြမ်းတစ်ရပ် ပြဋ္ဌာန်းခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄

သမ္မတပူတင်သည် ရုရှားစစ်တပ်နှင့်ပတ်သက်၍ သတင်းမှားဖြန့်ချိသည်ဟု သံသယရှိသူ၏ ပိုင်ဆိုင်မှုများအား သိမ်းယူနိုင်သည့် ဥပဒေတစ်ရပ်ကို လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅

ယူကရိန်းတပ်ဖွဲ့ဝင်များသည် Belgorod မြို့အား မစ်ဆိုင်းဒုံးကျည်အများအပြားဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ၁၄ စင်းကိုပစ်ချနိုင်ခဲ့ကြောင်း၊ တစ်စင်းမှာ ဈေးဝယ်စင်တာအားထိမှန်ခဲ့ရာ ကလေးငယ်များအပါအဝင် ခုနစ်ဦးသေဆုံးခဲ့ပြီး အခြား ၁၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအစိုးရ အရာရှိများက ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆

သမ္မတဇဲလန်စကီးသည် ဂျာမနီအစိုးရနှင့် နှစ်နိုင်ငံလုံခြုံရေး သဘောတူညီချက် လက်မှတ်ရေးထိုးရန် ဂျာမနီနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ဂျာမနီအစိုးရကလည်း ၂၀၂၄ ခုနှစ်အတွင်း ယူကရိန်းနိုင်ငံအား စစ်ရေးအကူအညီအဖြစ် ယူရို ၇ ဒသမ ၁ ဘီလီယံပေးမည်ဟု ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇

ယူကရိန်းတပ်ဖွဲ့ဝင်များအနေဖြင့် ယူကရိန်းနိုင်ငံ အရှေ့ပိုင်းသို့ ပျံသန်းလာသည့် Su-34s နှင့် Su-35 တိုက်လေယာဉ်နှစ်စင်းအား ပစ်ချနိုင်ခဲ့ကြောင်း ယူကရိန်း လေတပ်က အတည်ပြုပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈

ရုရှားဟက်ကာများသည် ယူကရိန်းမီဒီယာအဖွဲ့အစည်းများအား ဆိုက်ဘာတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး ယူကရိန်းအွန်လိုင်းမီဒီယာတစ်ခုဖြစ်သည့် Ukrainska Pravda အမည်အား အသုံးပြုကာ ယူကရိန်းစစ်တပ်နှင့်ပတ်သက်သည့် သတင်းမှားများ ဖြန့်ချိခဲ့သည်ဟု အင်တာနက်သတင်းတချို့တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉

ကနေဒါနိုင်ငံကလည်း ယူကရိန်းနိုင်ငံအား ဘက်စုံသုံးမောင်းသူမဲ့ဒရုန်းယာဉ်အစီး ၈၀၀ ထောက်ပံ့ပေးမည်ဟု ကတိပြုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀

ရုရှားတို့သိမ်းပိုက်ထားသည့် Donetsk ဒေသရှိ Trudivske ရွာအနီး လေ့ကျင့်ရေးကွင်းအား HIMARS စနစ်ဖြင့် တိုက်ခိုက်ခဲ့ရာ ရုရှားစစ်သည် အနည်းဆုံး ၆၀နှင့် ၆၅ဦးကြား သေဆုံးခဲ့ပြီး ၃၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြု ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁

သမ္မတဇဲလန်စကီးသည် နိုင်ငံခြားသားများအား ယူကရိန်းပြည်သူ့စစ်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခွင့်ပြုသည့် ဥပဒေတစ်ရပ်ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂

ဒိန်းမတ်နိုင်ငံသည် ယူကရိန်းနိုင်ငံအား စစ်ရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၂၄၇ ဘီလီယံ ထောက်ပံ့ပေးမည်ဟု ကတိပြုခဲ့ပြီး ယူကရိန်းနိုင်ငံနှင့်လည်း ဆယ်နှစ်ကြာ လုံခြုံရေး သဘောတူညီချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃

အမေရိကန်အစိုးရနှင့် ဥရောပသမဂ္ဂတို့သည် ရုရှားနိုင်ငံရေးတက်ကြွလှုပ်ရှားသူ Alexei Navalny သေဆုံးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ယူကရိန်းအား ရုရှားတို့ တိုက်ခိုက်ခဲ့ခြင်းနှင့် ပတ်သက်၍လည်းကောင်း ဆက်နွယ်နေသည်ဆိုသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း ၆၀၀ တို့အား ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ကြောင်း ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄

ဗြိတိန်အစိုးရသည် ယူကရိန်း လက်နက်ကြီးများ ပြန်လည်ပြင်ဆင်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၁၁ သန်း ထောက်ပံ့ပေးမည်ဟု ကတိပြုပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅

ရုရှားတပ်ဖွဲ့များ ယူကရိန်းနိုင်ငံအား စတင်တိုက်ခိုက်ခဲ့ချိန်မှစ၍ ယူကရိန်းစစ်သည် ၃၁,၀၀၀ သေဆုံးခဲ့ကြောင်း သမ္မတဇဲလန်စကီးက ရှားရှားပါးပါး ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆

သမ္မတဇဲလန်စကီးသည် တပ်သားသစ်စုဆောင်းရေးနှင့်ပတ်သက်၍ ပြန်လည်ပြင်ဆင်သည့် ဥပဒေတစ်ရပ်အား လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇

ယူကရိန်းတပ်ဖွဲ့ဝင်များသည် Avdiivka မြို့အနီးရှိ Stepove နှင့် Sieverne ကျေးရွာများမှ ဆုတ်ခွာခဲ့ကြသည်။ သို့သော် အဆိုပါဒေသရှိ ခံစစ်စည်းမှာ တည်ငြိမ်မှုရှိကြောင်း ယူကရိန်းတပ်မှူး Oleksandr Tarnavskyi က ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈

ဘယ်လ်ဂျီယံအစိုးရသည် ယူကရိန်းနိုင်ငံအတွက် ၁၅၅ မမ ကျည်ဆန်များ အရေးပေါ်ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၂၁၇ သန်း ခွင့်ပြုပေးခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၉

ရုရှားတပ်ဖွဲ့ဝင်များအနေဖြင့် Zaporizhzhia ဒေသရှိ Robotyne ကျေးရွာသို့ ပြန်လည်ဝင်ရောက်ကာ ခရိုင်းမီးယားကမ်းခြေအနီး ခြုံခိုတိုက်ခိုက်ခဲ့ရာ ယူကရိန်းအထူးတပ်ဖွဲ့ဝင် ၂၀ ကျော် သေဆုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုထုတ်ပြန်ခဲ့သည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့

Ref: – en.wikipedia.org
aljazeera.com

t pöm&;- [m;rm;pfy#ydu©&ufpOD;Ovfvrf;rsm;
jrefrma&;&mavhvma&; tzUG

“ အစ္စရေး-ဟားမားစ် ပဋ္ဌိပက္ခနှင့်ပတ်သက်၍
၂၀၂၄ ခုနှစ် ဧနှစ်ဝါရီ ၁ ရက်နေ့မှ
ဖေဖော်ဝါရီ ၂၉ ရက်နေ့အတွင်း
ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ရက်စွဲအလိုက်
ဖော်ပြထားခြင်း ဖြစ်ပါသည်။”

ဓာတ်ပုံ-အင်တာနက်

၂၀၂၄ ခုနှစ်၊ ဧနီလဝါရီ ၁

၂၀၂၄ ခုနှစ် အစပိုင်းအထိ ဂါဇာမှ ဒုံးကျည် ၁၂ စင်းထက်မနည်း ပစ်လွှတ်မှုကို အစ္စရေးက ကြားဖြတ်ဟန့်တားမှုအား Tel Aviv မြို့မှ မျက်မြင်တွေ့ရှိခဲ့ကြောင်း မီဒီယာများက ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလဝါရီ ၂

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တောင်ပိုင်း၌ တိုက်ခိုက်မှုတစ်ခုအတွင်း ဟားမားစ်အဖွဲ့၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ Saleh Al-Arouri သေဆုံးခဲ့ကြောင်း ဟားမားစ် နိုင်ငံရေးခေါင်းဆောင် Ismail Haniyeh က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလဝါရီ ၃

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းလူမျိုး ၂၂,၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ဟားမားစ်ကျန်းမာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလဝါရီ ၄

အစ္စရေးမြောက်ပိုင်းရှိ အိုးမဲ့အိမ်မဲ့အစ္စရေးလူမျိုး ၈၀,၀၀၀ ကျော်ကို ၎င်းတို့၏နေရပ်သို့ ပြန်လာနိုင်စေရေး တွန်းအားပေးရန်လိုကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး Yoav Gallant က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလဝါရီ ၅

ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒအကြီးအကဲ Josep Borrell သည် အစ္စရေးနှင့်

နယ်စပ်ရှိ အခြေအနေများကို ဆွေးနွေးရန် လက်ဘန္တန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အီးယူက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၆

အစ္စရေး-ဟားမားစ်စစ်ပွဲတွင် အီရန်ကြားခံအဖွဲ့များပါဝင်လာမည်ကို စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်၍ သံတမန်ရေးရာခရီးစဉ်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်က ဆောင်ရွက်နေကြောင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၇

ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်းများကို ပြန်လည်နေရာချထားရေးတွင် အစ္စရေး၏ ရပ်တည်ချက်မဟုတ်ကြောင်းနှင့် တရားဝင်ပြတ်သားစွာ နေရာချထားပေးပြီးဖြစ်ကြောင်း အစ္စရေး သမ္မတ Isaac Herzog က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၈

ဂါဇာကမ်းမြောင်ဒေသမှ အင်အားလျှော့ချရန် သို့မဟုတ် ထွက်ခွာသွားရန်အတွက် အစ္စရေးအစိုးရအား တိတ်တဆိတ်လုပ်ဆောင်နေကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၉

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် အရပ်သားများကို ကောင်းမွန်စွာ ကာကွယ်ပေးရန်နှင့် ထိပ်တန်းအဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် အစ္စရေးသို့ ရောက်ရှိနေကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀

ယီမင်ရှိ ဟူသီသူပုန်များအား ပင်လယ်နီတွင် တိုက်ခိုက်မှုများကို ရပ်တန့်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြု ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၁

ပင်လယ်နီရှိ နိုင်ငံတကာရေကြောင်းသွားသင်္ဘောများကို ဟူသီသူပုန်များက တိုက်ခိုက်ခဲ့မှုကို လက်တုံ့ပြန်ချေမှုန်းရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်က အမိန့်ပေးခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂

အစ္စရေး-ဟားမားစ်စစ်ပွဲများ မပြန့်ပွားစေရန် ကမ္ဘာ့ခေါင်းဆောင်များက ကြိုးပမ်းနေစဉ် လက်ဘန္တန်ရှိ ဟူသီနှင့် ဟစ်ဇဘိုလာများအပါအဝင် အီရန်၏ လက်ဘန္တန် လက်နက်ကိုင်များရှိသော ဒေသ၌ တိုက်ခိုက်မှုများ ဖြစ်ပွားလာကြောင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၃

အစ္စရေးနှင့် ဟားမားစ်စစ်ပွဲ မပြီးဆုံးမီ အီဂျစ်နှင့် ဂါဇာကမ်းမြောင်ကြား နယ်နိမိတ်ကို ပိတ်ထားရမည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလ ၁၄

ဂါဇာကမ်းမြောင်ဒေသ စစ်ပွဲကာလမှာ ရက် ၁၀၀ ပြည့်လာချိန်တွင် ဟားမားစ်များအား ရှင်းလင်းခြင်းကို မည်သူမျှ တားဆီးမည်မဟုတ်ကြောင်း ဘင်ဂျမင်နေတန်ရာဟုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလ ၁၅

ဟူသီသူပုန်၏ သင်္ဘောဖျက် ပဲ့ထိန်းဒုံးကျည်သည် အမေရိကန်ကုန်တင်သင်္ဘော တစ်စင်းကို ထိမှန်ခဲ့ကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလ ၁၆

ဂါဇာဒေသတွင် ပါလက်စတိုင်းအရပ်သားများအား အကူအညီများပေးဆောင်ရာတွင် ဂါဇာရှိ အစ္စရေးဓားစာခံများထံ ဆေးဝါးများပို့ဆောင်ပေးမည့် အစ္စရေးနှင့် ဟားမားစ် တို့ကြား သဘောတူညီချက်တစ်ရပ်ကို ကြားဝင်စေ့စပ်ထားကြောင်း ကာတာနိုင်ငံက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလ ၁၇

ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများ အဆုံးသတ်သွားမည်ဆိုပါက ဒေသတွင်း တခြားသောတိုက်ခိုက်မှုများလည်း ရပ်တန့်သွားမည်ဖြစ်ကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီး Hossein Amir Abdollahian က ပြောကြားလိုက်သည်။

၂၀၂၄ ခုနှစ်၊ ဧနီလ ၁၈

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်များအပေါ် အစ္စရေး၏စစ်ဆင်ရေး ပြီးဆုံးချိန်အထိ အရှေ့အလယ်ပိုင်းရှိ အီရန်ကျောထောက်နောက်ခံပြုအဖွဲ့များ၏ တိုက်ခိုက်မှုများမှာ ရပ်တန့်သွားမည်မဟုတ်ကြောင်း အီရန်နိုင်ငံ၏ ထိပ်တန်းသံတမန်တစ်ဦးက သတိပေးပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလ ၁၉

ပါလက်စတိုင်းနိုင်ငံ ထူထောင်ရန်အတွက် အစ္စရေးအမျိုးသားလုံခြုံရေးနှင့် ထိပ်တိုက် ရင်ဆိုင်မည့် စိတ်ကူးများကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပယ်ချ လိုက်သည်။

၂၀၂၄ ခုနှစ်၊ ဧနီလ ၂၀

ဟားမားစ်စစ်ပွဲအပြီးတွင် ဂါဇာကမ်းမြောင်ဒေသလုံခြုံရေးအတွက် အစ္စရေးက ထိန်းချုပ်ထားရန်လိုအပ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်အား အစ္စရေး ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနီလ ၂၁

ဂါဇာဒေသတောင်ပိုင်းရှိ Khan Younis မြို့တစ်ဝိုက်တွင် ဓားစာခံများဖမ်းဆီးရန် ဟားမားစ်အသုံးပြုသည့် ဥမင်လိုဏ်ခေါင်းတစ်ခုကိုတွေ့ရှိခဲ့ပြီး ကလေးအကျဉ်းစခန်း များ၊ ဖောက်ခွဲရေး ပစ္စည်းများနှင့် အခြားအတားအဆီးများကို တွေ့ရှိခဲ့ကြောင်း အစ္စရေးစစ်တပ်က သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၂၂

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဟားမားစ် ထိပ်တန်းခေါင်းဆောင်များကို ဂါဇာမှ ထွက်ခွာခွင့်ပြုရန် အစ္စရေးက အဆိုပြုခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၂၃

အီရတ်ရှိအီရန်ကျောထောက်နောက်ခံပြုထားသော ပြည်သူ့စစ်များအား လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး Lloyd Austin က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၂၄

ပါလက်စတိုင်း၏ ပိုင်နက်နယ်မြေအရှေ့ယိုအစားကို လျှော့ချနိုင်မည့် ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးကို ကြားခံဇုန်အဖြစ် ဖန်တီးပေးမှာမဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၂၅

အမေရိကန် CIA မှ ဒါရိုက်တာ Bill Burns သည် အစ္စရေး၊ အီဂျစ်နှင့် ကာတာစေ့စပ်ညှိနှိုင်းရေးမှူးများနှင့်တွေ့ဆုံ၍ ဟားမားစ်တို့ထိန်းသိမ်းထားသည့် ကျန်ရှိနေသော ဓားစာခံများ လွတ်မြောက်ရေး သဘောတူညီချက် ရရှိရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အမေရိကန် National Security Council မှ ပြောရေးဆိုခွင့်ရှိသူ John Kirby က ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၂၆

ယီမင်ရှိ ဟူသီသူပုန်များသည် အေဒင်ပင်လယ်ကွေ့နှင့် Babal–Mandab ရေလက်ကြားရှိ အမေရိကန်ကူးသန်းရောင်းဝယ်ရေး သင်္ဘောနှစ်စင်းကိုကာကွယ်ရန် ကြိုးစားသည့် အမေရိကန်စစ်သင်္ဘောများကို ပ့ဲထိန်းဒုံးကျည်များဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ဟူသီပြောရေးဆိုခွင့်ရှိသူ Yahya Saree က ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၂၇

ဟားမားစ်အဖွဲ့က အစ္စရေးသို့ အောက်တိုဘာ ၇ ရက်နေ့ တိုက်ခိုက်မှုတွင်ပါဝင်ခဲ့သည့် ဂါဇာတွင်ရှိသော အေဂျင်စီဝန်ထမ်းများကို အလုပ်မှထုတ်ပယ်လိုက်ကြောင်းနှင့် အမေရိကန်နှင့် အခြားနိုင်ငံများမှ ပင်မအေဂျင်စီသို့ ရန်ပုံငွေထောက်ပံ့မှုကို ခေတ္တရပ်ဆိုင်းလိုက်ကြောင်း United Nations Relief and Works Agency (UNRWA) က ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၂၈

ဆီးရီးယားနယ်စပ်အနီးရှိ ဂျော်ဒန်အခြေစိုက်စခန်းတစ်ခုကို အစွန်းရောက် စစ်သွေးကြွအုပ်စုက ဒရုန်းဖြင့်တိုက်ခိုက်ရာ အမေရိကန်စစ်သားသုံးဦး သေဆုံး၍ ၃၄ ဦး ဒဏ်ရာရရှိခဲ့ပြီး အရှေ့အလယ်ပိုင်းတွင် အမေရိကန်စစ်သားများ၏ ပထမဆုံး သေဆုံးမှုဖြစ်ကြောင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧနှစ်လ ၂၉

ဂါဇာကမ်းမြောင်ဒေသရှိ ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီ ဝန်ထမ်းများသည်

အောက်တိုဘာလ ၇ ရက်နေ့က အစ္စရေးကို ဟားမားစ်တို့ တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲမှုများကြောင့် ရန်ပုံငွေဖြတ်တောက်ခြင်းအား ပြန်လည်စဉ်းစားရန်ကူညီထောက်ပံ့နေသည့်နိုင်ငံများသို့ ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီက တိုက်တွန်းကြောင်း ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၃၀

ဂါဇာရှိ ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီမှ ဝန်ထမ်း ၁၃ ဦးသည် ဟားမားစ်တို့၏ အောက်တိုဘာ ၇ ရက်နေ့က တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်ဟု အစ္စရေးက စွပ်စွဲထားကြောင်း မီဒီယာများက ဖော်ပြကြသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၃၁

UNRWA ဟုခေါ်သော ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီကို အခြားသော အကူအညီပေးရေးအဖွဲ့များဖြင့် အစားထိုးရမည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁

နိုင်ငံပေါင်း ၂၀ နီးပါးက ထောက်ပံ့မှုများဆက်လက်ရပ်ဆိုင်းထားပါက ဖေဖော်ဝါရီလကုန်တွင် ဒေသတွင်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ပိတ်ပစ်မည်ဟု ဂါဇာဒေသရှိ ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂

အစ္စရေး–ဟားမားစ်စစ်ပွဲ ဖြစ်ပွားရာဒေသတွင် အနည်းဆုံး ကလေး ၁၇,၀၀၀ သည် အုပ်ထိန်းသူ သို့မဟုတ် မိဘများနှင့် ကွဲကွာနေကြောင်းနှင့် ကလေးအားလုံးနီးပါးသည် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု လိုအပ်နေကြောင်း UNICEF က ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၃

ဂျော်ဒန်တွင် အမေရိကန်စစ်သားသုံးဦး သေဆုံးခဲ့သည့် ဒရုန်းတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီရတ်နှင့်ဆီးရီးယားရှိ အီရန်ကျောထောက်နောက်ခံပြုပြည်သူ့စစ်များနှင့် ဆက်နွယ်နေသည့် ပစ်မှတ် ၈၅ ခုကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး Lloyd Austin က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၄

အီရတ်နှင့် ဆီးရီးယားရှိ အီရန်ကျောထောက်နောက်ခံပြုအဖွဲ့များကို အကြီးစားတိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် အမေရိကန်သည် နောက်ထပ်အရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၅

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် အစ္စရေး–ဟားမားစ်ဝေးစာခံ သဘောတူညီချက်ကို မြှင့်တင်ရန်၊ ဂါဇာသို့ အကူအညီများ ရောက်ရှိစေရန်နှင့် စစ်ပွဲမဖြစ်ပွားစေရန် ရည်ရွယ်၍ အရှေ့အလယ်ပိုင်းခရီးစဉ်အတွက် ပထမဆုံးခရီးစဉ်အဖြစ် ဆော်ဒီအာရေဗျာသို့ ရောက်ရှိခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြကြသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၆

ဂါဇာတွင် ကျန်ရှိနေသောဓားစာခံများ လွတ်မြောက်ရေးနှင့် တိုက်ပွဲများရပ်တန့်စေရေး ရည်ရွယ်သည့်အဆိုပြုချက်ကို ဟားမားစ်က အပြုသဘောဖြင့် တုံ့ပြန်ခဲ့ကြောင်း ကာတာဝန်ကြီးချုပ် ခါလစ်ဒ်ဘင်ခါလီဖာက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၇

အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲအတွက် ဟားမားစ်အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့သည် ကိုင်ရိုမြို့သို့ရောက်ရှိပြီး အစ္စရေးရှိ ပါလက်စတိုင်းအကျဉ်းသားများကို လဲလှယ်ရန်နှင့် ထိန်းသိမ်းထားသော ဓားစာခံများကိုလွတ်ပေးရန် အဆိုပြုထားကြောင်း ဟားမားစ် အဖွဲ့က ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၈

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံလွှဲပြောင်းရေး သဘောတူညီချက် အတွက် ဟားမားစ်၏အဆိုပြုချက်များကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပယ်ချခဲ့ကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၉

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း Rafah တွင်ရှိသော နေရပ်စွန့်ခွာခဲ့သည့် ပါလက်စတိုင်းလူမျိုး ၁ ဒသမ ၃ သန်းကျော်အား ရွှေ့ပြောင်းပေးရေး စီစဉ်ဆောင်ရွက်ရန် အစ္စရေးစစ်တပ်ကို ညွှန်ကြားထားကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၊အစ္စရေးလုံခြုံရေးအေဂျင်စီ(Shin Bet)နှင့် အစ္စရေးရဲတပ်ဖွဲ့တို့၏ ပူးပေါင်းစစ်ဆင်ရေးတွင် ဂါဇာတောင်ပိုင်းရှိ Rafah မှ အစ္စရေးဓားစာခံ နှစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁

ဂါဇာရှိ Rafah အား မြေပြင်ထိုးစစ်အစီအစဉ်အပေါ် ဝေဖန်မှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး မြို့တွင်းသို့ မဝင်ရောက်ရန်ဆော်သြခြင်းသည် အစ္စရေးအား စစ်ပွဲရှုံးစေရန်ပြောနေကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂

ဂျော်ဒန်ဘုရင် Abdullah နှင့် တွေ့ဆုံပြီးနောက် ဂါဇာရှိ အရပ်သားများကို အကာအကွယ်ပေးရန်နှင့် ယုံကြည်လောက်သော အစီအစဉ်မရှိဘဲ အစ္စရေးက Rafah တွင် ထိုးစစ်ဆင်မှုကို ဆက်မလုပ်သင့်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃

အစ္စရေးစစ်တပ် (IDF) သည် Khan Younis မြို့အောက်ရှိ ဥမင်လိုဏ်ခေါင်းတစ်ခု အတွင်း၌ လုံခြုံရေးကင်မရာမှ ဟားမားစ်ခေါင်းဆောင် Yahya Sinwar ကို မြင်တွေ့ရ

သည့် ဗီဒီယိုကို ရယူခဲ့ကြောင်း အစ္စရေးလုံခြုံရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄

ကိုင်ရိုမြို့၌ကျင်းပသော ဓားစာခံများစေ့စပ်ညှိနှိုင်းရေးတွင် အကျိုးဖြစ်ထွန်းပြီး လေးနက်သော်လည်း နောက်ဆုံးသဘောတူညီချက်တစ်ခု ထွက်ပေါ်လာမည့် အောင်မြင်မှုတစ်ခုသို့ ရောက်ရှိလာခြင်းမရှိခဲ့ကြောင်း အမေရိကန်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅

ဂါဇာနှင့် နယ်နိမိတ်တစ်လျှောက်တွင် ကြီးမားလှ မိုင်ပေါင်းများစွာရှည်လျားသော ကြားခံဇုန်တွင် ငါးမီတာ (၁၆ ပေ) အမြင့်ရှိသည့် တံတိုင်းတစ်ခုကို တည်ဆောက်နေကြောင်း အီဂျစ်နိုင်ငံပိုင်ရုပ်သံမှ ဂြိုဟ်တုဓာတ်ပုံအသစ်ကို ထုတ်ဖော်ပြသခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆

အထူးတပ်ဖွဲ့ဝင်များသည် ဂါဇာရှိ အကြီးဆုံးဆေးရုံဖြစ်သည့် Nasser ဆေးရုံကို ရက်ပေါင်းများစွာပိုင်းရံထားပြီးနောက်ဝင်ရောက်စီးနင်းခဲ့ကြောင်းအစ္စရေးစစ်တပ်က ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇

ဂါဇာကမ်းမြောင်ဒေသ တောင်ဘက်စွန်းရှိ ရာဖာမြို့ (Rafah) ၌ မြေပြင်ထိုးစစ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈

မွတ်စလင်တို့၏ လမြတ်ဖြစ်သော ရမ်ဇာန်လ၏အစတွင် ဟားမားစ်တို့ ဖမ်းဆီးထားသော ဓားစာခံများကို ပြန်မလွှတ်ပေးပါက အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာတောင်ပိုင်း Rafah တွင် စစ်ဆင်ရေးများ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး Benny Gantz က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉

အစ္စရေးစစ်တပ်က ဟားမားစ်အဖွဲ့ကို စီးနင်းတိုက်ခိုက်နေသောကြောင့် Khan Younis တွင်ရှိသော Nasser ဆေးရုံတွင် လျှပ်စစ်မီးနှင့် ရေပြတ်တောက်၍ ဝန်ထမ်းများနှင့် လူနာများ ပိတ်မိနေကြောင်း WHO နှင့် ဟားမားစ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀

Nasser နှင့် al–Amal ဆေးရုံတို့မှ စစ်သွေးကြွများအား ဖမ်းဆီးရန်အတွက် အစ္စရေးကာကွယ်ရေးဝန်ကြီး Yoav Gallant ၏ ညွှန်ကြားချက်အရ အစ္စရေးတပ်ဖွဲ့ဝင်များက တိကျစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် အရပ်သားသေဆုံးမှုမရှိကြောင်း အစ္စရေးအထက်လွှတ်တော်ရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများကို လွှတ်ပေးရန် တောင်းဆို

သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာ ဖြင့် ပယ်ချခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂

ဂါဇာဒေသတွင် ဖမ်းဆီးခံထားရဆဲ ဓားစာခံများ လွတ်မြောက်ရေးအတွက် သဘောတူညီချက်ကို ဆွေးနွေးရန် အစ္စရေးကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့အား တွေ့ဆုံခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃

စစ်ပွဲပြီးဆုံးပါက ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းနယ်မြေကို စစ်ရေးအရ အကန့်အသတ်မရှိ ထိန်းချုပ်သွားမည့်အစီအစဉ်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄

ယီမင်နိုင်ငံရှိအီရန်ကျောထောက်နောက်ခံပြုဟူသီများထိန်းချုပ်ထားသည့် နယ်မြေမှ အေဒင်ပင်လယ်ကွေ့ရှိ အမေရိကန်အလံတင်ထားသော ဓာတု/ရေနံတင်သင်္ဘော MV Torm Thor သို့ပစ်လွှတ်သော သင်္ဘောဖျက်ဒုံးကျည်ကို အမေရိကန်ရေတပ်သင်္ဘော USS Mason (DDG 87)က ပစ်ချခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း US Central Command က ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅

အစ္စရေးနှင့်ဟားမားစ်တို့ကြား ရက်သတ္တပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရရှိပါက ဂါဇာ၏ တောင်ဘက်စွန်းရှိ Rafah တွင် အစ္စရေးစစ်တပ်၏ ထိုးစစ်ဆင်မှုအနေဖြင့် အနည်းငယ်နှောင့်နှေးနိုင်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆

ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းများအပေါ် ရန်စမှုများ တိုးမြင့်လာမှုကြောင့် ၎င်းတို့အစိုးရအဖွဲ့အနေဖြင့် နုတ်ထွက်ရခြင်းဖြစ်ကြောင်း ပါလက်စတိုင်းဝန်ကြီးချုပ် Mohammed Shtayyeh က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇

ဓားစာခံများပြန်လွှတ်ပေးရေး သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ပါက မတ်လ ၁၀ ရက်နေ့တွင် စတင်မည့် မွတ်စလင်လမြတ် ရမ်ဇာန်လအတွင်း၌ ဂါဇာတွင် တိုက်ပွဲများရပ်တန့်ရန် အစ္စရေးက သဘောတူခဲ့ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈

ဂါဇာကမ်းမြောင်ဒေသတွင် အောက်တိုဘာ ၇ ရက်မှစတင်၍ သေဆုံးသူဦးရေမှာ ၂၉,၈၇၈ ဦးအထိရှိလာခဲ့ပြီး ဒဏ်ရာရသူဦးရေမှာ ၇၀,၂၁၅ ဦးအထိ ရှိလာကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၉

အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများတွင် လတ်တလောအခြေအနေ တိုးတက်မှုရှိလာသော်လည်း ညှိနှိုင်းမှုများက ရှုပ်ထွေးလာစေမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်က ပြောကြားခဲ့သည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့

Ref: – cnn.com, cnbc.com, apnews.com, washingtonpost.com, reuters.com

အယ်ဒီတာ့စကား

- ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှုတွင် နယ်ပယ်ပေါင်းစုံအသုံးချနိုင်သော ဉာဏ်ရည်တု(AI) နည်းပညာ၏ အနာဂတ်အလားအလာ

အထူးဆောင်းပါး

၁။ မြန်မာနိုင်ငံနှင့် တီထွင်ဉာဏ်(AI)
၂။ ဉာဏ်ရည်တုနည်းပညာ(AI)စည်းမျဉ်းအတွက် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှု
၃။ ဉာဏ်ရည်တု(AI)နှင့် ကမ္ဘာ့နိုင်ငံရေး
၄။ ဉာဏ်ရည်တုနည်းပညာက လူသားတို့အား အမှန်တကယ်အကျိုးပြုမည်လော

နိုင်ငံရေး

၅။ စိတ်ဓာတ်ဖြင့်တိုင်းပြည်တည်ဆောက်ခြင်း
၆။ အမေရိကန်သမ္မတရွေးကောက်ပွဲဟူသည်
၇။ စံနမူနာယူသင့်သည့် အစ္စရေးနှင့် ဆွစ်ဇာလန်တို့၏ စစ်ဘက်ရေးရာနှင့် စစ်မှုထမ်းစနစ်
၈။ လုံခြုံရေးကောင်စီ ပြုပြင်ဖွဲ့စည်းရေး
၉။ ပါဝါနှစ်ခုကြားက ဖိလစ်ပိုင်နိုင်ငံခြားရေးမူဝါဒ နောက်ခံသမိုင်း
၁၀။ ဒီမိုကရေစီလား၊ နိုင်ငံရေးမင်းဆက်တစ်ခု တည်ဆောက်ခြင်းလား

စီးပွားရေး

၁၁။ ၂၀၂၄ ခုနှစ် အာဆီယံဒေသ၏ စီးပွားရေးအလားအလာ
၁၂။ နိုင်ငံတကာကုန်သွယ်မှုကို မည်သို့ ပြန်လည်အားဖြည့်နိုင်မည်နည်း
၁၃။ အာရှ-ပစိဖိတ်ဒေသနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ၏ ပစ္စုပ္ပန်၊ အနာဂတ်

စစ်ရေး

၁၄။ သတင်းစစ်နှင့် မီဒီယာ
၁၅။ နှစ်နှစ်တာ ယူကရိန်းစစ် ဘယ်သူဗျူဟာမှားခဲ့သလဲ
၁၆။ နျူကလီးယားလက်နက်များနှင့် အဏုမြူတစ္ဆခြောက်နေခြင်း
၁၇။ ရုရှား-ယူကရိန်းစစ်ပွဲနှင့် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့၏ အခန်းကဏ္ဍအား လေ့လာခြင်း
၁၈။ ဂါဇာနှင့် စည်းမျဉ်းစည်းကမ်းများကို အခြေခံသည့်အစဉ်အလာ၏ နိဂုံး

လူမှုစီးပွား

၁၉။ ဂျပန်နိုင်ငံတွင် ရေသန့်စင်ခြင်းနှင့် ရေအရည်အသွေး စီမံခန့်ခွဲခြင်း

ကျန်းမာရေး

၂၀။ ဆန်းသစ်လာမည့် စက်ပစ္စည်းပါ ဆေးတောင့်များ

နိုင်ငံတကာဆက်ဆံရေး

၂၁။ ဂျပန်-ဗဟိုအာရှဆက်ဆံရေး၏ အနာဂတ်
၂၂။ အင်ဒိုနီးရှားနိုင်ငံခြားဆက်ဆံရေးများကို လေ့လာခြင်း

နည်းပညာ

၂၃။ အင်တာနက်၏ ကန့်သတ်နယ်မြေ
၂၄။ အလိုအလျောက်သုံးစက်များနှင့် အိန္ဒိယ၏ အနာဂတ်လုပ်ငန်းခွင်

သဘာဝပတ်ဝန်းကျင်

၂၅။ ရာသီဥတုပြောင်းလဲမှုကို တားဆီးနိုင်ဖို့ ဘယ်လိုဆောင်ရွက်ကြမလဲ

ကမ္ဘာ့ဖြစ်ရပ် ရက်စွဲမှတ်တမ်းများ

၂၆။ ရုရှား-ယူကရိန်းစစ်ပွဲ ရက်စွဲမှတ်တမ်းများ
၂၇။ အစ္စရေး-ဟားမားစ် ပဋိပက္ခ ရက်စွဲမှတ်တမ်းများ